

မဟာဆွေ
ဝတ္ထုတိုပေါင်းချုပ်-၃
www.mmcybermedia.com

# မဟာဆွေ - ဝတ္ထုတိုပေါင်းချုပ်(၃)

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၇၂၀၉၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၀၃၀၉၀၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - မေလ၊ ၂၀၀၈ ခုနှစ်။

အုပ်ရေ - (၅၀၀)

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

စွယ်တော်ပုံနှိပ်တိုက်

အမှတ်(၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

ဇော်မောင်

**တန်ဖိုး - ၂၅၀၀ ကျပ်**

# မာတိကာ


၁။ ဓားပြမှုများနတ်မောင်

၂။ ပြဇာတ်မယ်

၃။ မိုးမဆုံး

၄။ စေတနာရှင်

၅။ စောဖုန်းတိုင်

၆။ ပန်းချီ့ကံ

၇။ အချစ်တစ္ဆေ

၈။ ငတ်ဖူးတယ်

၉။ တုံးမှတ်လို့ခုန်

၁၀။ မစ္စတာဒွန်ချူး

၁၁။ နှစ်စုံတွဲ

၁၂။ မယ်ယောဂီ

၁၃။ မီးအိမ်ပျံထဘီအုပ်

၁၄။ ဂျပါတီမကလေး

၁၅။ ရာဇာနှင့် ရန်နီ

၁၆။ ဝေဟင်ခရီး

၁၇။ ကိုသတိ

၁၈။ ဘယ်ဝယ်မြောက်တောင်

၁၉။ သေတွင်းထွက်

၂၀။ ကြင့်နီးပျော် အိုရှုလှည့်လေး

# ၁။ ဓားပြ မျှားနတ်မောင်

ရိုင်ဖယ်သံများ အဆက်မပြတ် ကြားရပြီးလျှင် မော်တော်ထဲသို့ တဒေါက်ဒေါက်ထိမှန်လေ၏။ ရေကူးတတ်သူများ ရေထဲသို့ ခုန်ဆင်းကြလေ၏။ မော်တော်ထဲသို့ ရေများဝင်လာပြီဖြစ်ရာ အော်သူအော်၊ ငိုသူငိုနှင့် ဆူပွက်နေလေသည်။ လုလင်ကား အပေါ်အင်္ကျီနှင့် ရှပ်အင်္ကျီကို လျှင်မြန်စွာ ချွတ်လိုက်၏။ လုံချည်ကို ခါးတောင်းကျိုက်လိုက်လေသည်။

မော်တော်သည် အိုးတည်နစ် နစ်တော့လေရာ "ကယ်တော်မူပါ၊ လုပ်ကြပါဦး" နှင့် ကုန်းအော်ကြ၊ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်နေကြနှင့် မော်တော်သည် ရေအောက်သို့ မြုပ်ဆင်းမည်ဟန်ပြုနေ၏။ ထိုအတွင်း ဓားပြများသည် မော်တော်ကို လုမ်း၍မပစ်တော့ဘဲ နောက်ပြန်ပစ်နေကြခြင်းဖြင့် ပုလိပ်နှင့် ရင်ဆိုင်တိုက်ပွဲ ဖြစ်နေကြဟန်တူ၏။

မိန်းမပျိုမှာ ရေ ခါးသာသာနှင့် ဘာမျှမလုပ်တတ်အောင် ဖြစ်နေရှာ၏။ အားကိုးလိုသောမျက်နှာနှင့် လုလင်အား ကြည့်ရှုနေ၏။ အချို့လည်း ရေထဲခုန်ချကြ၍ တစ်ခါနစ်ခါပေါ်ပြီး အဆုံးစွန်မြုပ်၍ သွားကြတော့၏။ မော်တော်လည်း တင်လာသော ကုန်ပစ္စည်းဒဏ် မခံနိုင်တော့သဖြင့် မြုပ်၍သွားတော့ရာ လုလင်လည်း မိန်းမပျိုကလေး၏ လက်ကိုဆွဲကာ မော်တော်နှင့်လွတ်ရာ ရေထဲသို့ ဆင်းလိုက်၏။ ခြေနစ်ချောင်းဖြင့် ရေကိုဖော့ထားပြီးလျှင် မိန်းမပျိုကလေး မနစ်မွန်းရန် ဖေးမထား၏။ မိန်းမပျိုမှာ ရေကူးတတ်ပုံ မရသဖြင့် ပို၍လေးနေ၏။ မိန်းမပျိုအား ချိုင်းကလျို၍ ဘယ်လက်ဖြင့် ထိမ်းပြီးလျှင် ညာလက်တစ်ဘက်၊ ခြေထောက်နစ်ဘက်ကို အားယူ၍ ကူးနေရသည်။

ဝါးသုံးရိုက်ခရီးကို လုလင်သည် တစ်ယောက်တည်းဖြစ်က ချောင်ချောင်ကလေး ကူးနိုင်သော်လည်း အသေလို လူပိုတစ်ယောက် ပါလာသဖြင့် ဝါးသုံးရိုက်ခန့်လောက်ပင် အတော်မော၍နေတော့၏။ မိန်းမပျိုကား စကားလုံးဝ မပြောနိုင်။ ကြောက်အားနှင့် ကြက်သေသေကာ လိုက်ပါလာ၏။

ဝါးနစ်ရိုက်သာသာ အရောက်တွင်ကား လုလင်မှာ လက်ပန်းကျနေ၏။ အကယ်၍ မိန်းကလေးအား စွန့်ပစ်၍ ကူးမည်ဆိုက သက်သက်သာသာ ကူးနိုင်သေး၏။ မိန်းကလေးနှင့် အတူကူးလျှင် နစ်ယောက်စလုံး နစ်မြုပ်တော့မည်ကဲ့သို့ ဖြစ်နေ၏။ စိတ်သာလျှော့လိုက်လျှင် နစ်ယောက်စလုံး နစ်တော့မည်ဖြစ်ရာ အံခဲအားတင်းလျက် ကြိုးစား၍ ကူးပြန်သဖြင့် ခြေထောက်မှီသောနေရာသို့ ရောက်၍သွား၏။

လုလင်သည် မိန်းမပျိုပါ ထောက်မိသည်အထိသွားရန် ညောင်းနေသော ဘယ်လက်မှ မိန်းမပျိုအား ညာလက်သို့ ရွှေ့လိုက်ရာ မတော်ရာ ကိုင်မိသဖြင့် မိန်းမပျိုမျက်နှာတစ်ခုလုံး ရှက်သွေးလျှမ်းသွားရှာ၏။

မိန်းမပျို ထောက်မှီသောနေရာသို့ ရောက်သောအခါ မိန်းမပျိုအား လွှတ်ပေး၏။ နစ်ယောက်တွဲ ကမ်းဘက်တက်လာရာ မိန်းမပျိုသည် ရင်ခေါင်းအပေါ်တွင် ရုတ်တရက် ထိုင်ချလိုက်ပြန်၏။

လုလင်သည် သူခါးတောင်းကျိုက်လာသော လုံချည်ကို ရေထဲချွတ်၍နေ၏။ ကျွတ်လာသော လုံချည်ကို ရေပေါ်မြှောက်ကာ ရေညှစ်ပြီးလျှင် ဆန့်ခါလိုက်၏။ ထို့နောက် မိန်းမပျို၏ခေါင်းမှ ကွင်းလိုက်စွပ်ပေးရင်း.....

"ခုတော့ ဒီလုံချည်ပဲ ရင်ရှားထားဦး၊ ကျုပ်သိတယ်၊ ရေနစ်ရင် ဒီလိုဖြစ်မယ်ဆိုတာ၊ ဒါကြောင့် မင်းအတွက် ရည်ရွယ်ပြီး ဒီလုံချည်အလေးခံခဲ့တာ"

"အထူးကျေးဇူးတင်ပါရှင်၊ ကျွန်မ အသက်သခင်ပါပဲ"

"ကဲ ဒီလိုနေလို့ မပြီးသေးဘူး၊ ဟော ဟိုမှာ ရွာနဲ့တူတယ်၊ မီးခိုးမြင်ရတယ်၊ အဲဒီသွားပြီး အဝတ်ခြောက်များ ခဏဖြစ်ဖြစ်ငှားရမယ်"

မိန်းမပျိုမှာ ခိုက်ခိုက်တုန်နေရှာ၏။ ရွာဟု ထင်ရသောနေရာမှာ မိုင်ဝက်ခန့်ဝေးသေးရာ လုလင်က "ကဲ သွားကြစို့ လမ်းလျှောက်ရင်း နွေးလာလိမ့်မယ်"

လုလင်ကရှေ့မှ မိန်းမပျိုကနောက်မှ သွားကြ၏။ တစ်ခါတစ်ရံ နှစ်ယောက်သား ယှဉ်လျက်ဖြစ်သွားကြ၏။

"သူများမေးရင် မောင်နှမလို့ပြော၊ နာမည် ဘယ့်နှယ့်ခေါ်သလဲ"

"အမြင့်လို့ ခေါ်ကြတယ်၊ အပြည့်အစုံက ခင်စိုးမြင့်တဲ့"

"ကျုပ်နာမည် ထွန်းရင်တဲ့၊ မှတ်ထား"

"ဟုတ်ကဲ့ ကိုကိုထွန်းလို့ ခေါ်ပါ့မယ်"

"အသက် ဘယ်လောက်ရှိပြီလဲ"

"၁၈-နှစ်"

"ကျုပ် ၂၃-နှစ်"

ခဏစကားပြတ်သွားပြီး လျှောက်မြဲ လျှောက်လာကြ၏။ မိန်းမပျိုသည် လုလင်ပျိုအား တစ်စုံတစ်ရာ မေးလို၏။ နှုတ်မထွက်ရဲ။ သူမေးလိုသော အကြောင်းမှာ လူပျိုလား၊ အိမ်ထောင်နဲ့လား ဟူ၍ဖြစ်၏။ သူ၏ အသက်သခင်မှာ လူဟန်၊ အဝတ်အထည်၊ ရုပ် စသည်တို့မှာ အောက်တန်းစားမဟုတ်ဟု တွေးပြီးသောကြောင့်တည်း။

"မေမေလည်း ဘယ်လိုဖြစ်နေမလဲဘဲ၊ ဘုရား ဘုရား အသက်မှချမ်းသာပါ့မလား"

လူတို့ဓမ္မတာအတိုင်း ရှေးဦးစွာ မိမိအသက်အတွက် အလွန်စိုးရိမ်ရသဖြင့် မိခင်အား သတိမရနိုင်။ မိမိအသက်ဘေး စိတ်ချရမှ မိခင်အား သတိရစွာ ပြောလိုက်ခြင်းဖြစ်၏။ လုလင်က....

"ရေကူးတတ်လား"

"ဘယ်ကူးတတ်မလဲ"

"ဓားပြရန်ကြောင့် ဘယ်သူမှ မကယ်ဝံ့ကြဘူး၊ ရေကူးတတ်တဲ့သူက လွဲရင်....." လုလင် စကားမဆက်တော့။ မဆက်သော်လည်း အဓိပ္ပာယ်ပေါ်နေသဖြင့်....

"အမယ်လေး မေမေရဲ့၊ သမီး ဘယ့်နှယ်လုပ်ပြီး နေရစ်ရမှာလဲ မေမေရဲ့" ဟု အပူတိုက် ငိုလိုက်ပြန်ရာ လုလင်က တရားချရ၏။

"အမြင့်အပူ အမြင့်သိတယ်၊ အမြင့်တို့မှာ ပထွေးနဲ့နေရတာ၊ မေမေလည်ပတ်လို့ ဘာမှမဖြစ်ပေမဲ့ မေမေမရှိရင် ခက်တယ်"

"ဒီပြင်ဆွေမျိုး မရှိဘူးလား"

"ရင်းရင်းချာချာရယ်လို့ မရှိဘူး၊ စစ်ဒဏ်ခံသွားကြရပြီ"

"ကျိုက်လတ်ကပဲလား"

"မဟုတ်ဘူး၊ ရန်ကုန်က မဂိုလမ်းမှာနေတယ်၊ ပထွေးက စိန်ပွဲစား၊ ကျိုက်လတ်က မိတ်ဆွေတစ်ဦးက သူ့စိန်ရတီ ၂၀-လောက် ထုခွဲပေးပါလို့ စာရတာနဲ့ မေမေနဲ့ လာကြတာပဲ"

"အနို့ အဲဒါလည်း အမြင့်အမေ့ဆီ ပါသွားရောပေါ့"

"မပါဘူး၊ အမြင့် ချွေးခံအင်္ကျီအိတ်ထဲမှာ(စမ်းကြည့်ရင်း) ရှိသေးတယ်၊ စိန်ရှင် သိပ်ကံကောင်းတာပဲ၊ ပြန်ပေးရင် ဘယ်လောက် ဝမ်းသာရှာမလဲ"

ထွန်းရင်သည် ခင်စိုးမြင့်၏ မြင့်မြတ်သောစိတ်ထားကို အထူးသဘောကျသွား၏။ စိန်များ အမေ့ထဲပါသွားသည်ဆိုက စိန်ရှင်သည် စွပ်စွဲနေမည်မဟုတ်။ လူတစ်ယောက်လုံး သေနေသဖြင့် ကံတူအကျိုးပေးဟု တရားနှင့်ဖြေကြမည်ဖြစ်၏။ စိန်ရတီ နှစ်ဆယ်ကား ကာလတန်ဖိုးနှင့် ငွေ ၇၀၀၀ ကျပ် ၈၀၀၀ ကျပ်ခန့် တန်၏။

"သာဓု သာဓု သာဓု အမြင့်" ဟု ကောင်းချီးပေးလိုက်လေသည်။ ထွန်းရင်၏ လက်မောင်းကိုဆွဲကာ "ကိုကိုထွန်း ခဏစောင့်ပါဦး" ဟု ပြောကာ ချုံကွယ်တစ်ခုဆီသို့ ထွက်ခွာသွား၏။ ခင်စိုးမြင့် ချုံကွယ်သွားမှ ထွန်းရင်လည်း မိမိ၏ အာဘောသွန်ကိစ္စကို သတိရလေသည်။

ခင်စိုးမြင့် ပြန်လာသောအခါ အမြင့် နေရစ်ဦး ဟု ချုံကွယ်သို့ သွားပြန်၏။ ချုံကွယ်မှ ထွက်လာသောအခါ ခင်စိုးမြင့်မှာ ဘော်လီအင်္ကျီနှင့် အပေါ်အင်္ကျီ ချွတ်ပြီးလျှင် ရေညှစ်၍ သူ့ထဘီရင်ရှားပေါ်တွင် အပေါ်ဝတ်ကို ထပ်၍ဝတ်ထားသည်ကို တွေ့ရ၏။

"ရော့ ဒါကို - ကိုကိုထွန်း ဘောင်းဘီအိတ်ထဲ ထည့်ထားစမ်းပါ"

ခင်စိုးမြင့်သည် သူ့လက်ထဲက ရေစို၍ကြေမွနေသော စက္ကူနှင့် လုံးထွေးနေသည့် စိန်ကြယ်သီး တစ်ရံ၊ စိန်နားကပ် တစ်ရံဖြစ်၏။ ကြယ်သီးတစ်လုံးလျှင် ၃ ရတီခန့်စီ ရှိ၏။ ထွန်းရင်သည် စိန်ထည်များကို သူ၏ဘောင်းဘီအိတ်ထဲသို့ ထည့်ထားလိုက်၏။

သူတို့တွေ့သောရွာကား ရွာကြီးမဟုတ်။ ၁၄-၅ အိမ်ထက်မများသော တံငါရွာကလေး ဖြစ်နေ၏။ ပိုက်ကွန်လှန်းထားခြင်း၊ ငါးညှီစော်နံခြင်းတို့က သက်သေခံနေလေသည်။ ရှေးဦးဆုံးတွေ့သော တဲတစ်တဲသို့ ဝင်ကြ၏။ တဲထဲ၌ အသက် ၄၀- နီးပါး မိန်းမတစ်ယောက်၊ အသက် ၁၆-နှစ်ခန့် တစ်ယောက်၊ ၁၃-နှစ်ခန့် တစ်ယောက်နှင့် ၅-နှစ်ရွယ်မှ ၁၀-နှစ်ရွယ်အထိ ယောက်ျားကလေး သုံးယောက်ကို မြင်ကြ၏။ မိန်းမကြီးနှင့် ၁၆-နှစ်ရွယ်မှာ ချည်ကြမ်းလုံချည် အဖာအထေးကို ရင်ရှားထား၏။ အကျီနတ္ထိ ကျန်ယောက်ျားကလေး သုံးယောက်ကား တစ်ယောက်မှ ခါးဝတ်မရှိကြချေ။ ခင်စိုးမြင့်က အင်္ဂလိပ်ဘာသာဖြင့်...

"အမြင့်ဖြင့် ဒီလိုမြင်ရတာ စိတ်ကို သိပ်ထိခိုက်တာပဲ၊ အမြင့်လက်ဆွဲအိတ်ထဲမှာ ငွေ ၃၀၀ ကျပ်ပါတယ်၊ ခုတော့ ရေထဲ ခန္ဓာကြွေရစ်ပြီ"

"ဘာကိစ္စရှိပါသလဲ၊ ပုစွန်လိုချင်လို့လား" ဟု မိန်းမကြီးက မေး၏။

"ကျွန်တော်တို့မော်တော် ဓားပြတိုက်ခံရပြီး မော်တော်နစ်လို့ လက်ပစ်ကူးလာကြတဲ့ သူတွေပါ။ ဒီမှာ မီးကလေးလှုံ၊ အဝတ်ကလေး ခြောက်အောင် လုပ်ချင်လို့ပါပဲ"

"ကိုကိုထွန်း အမြင့်ခါးက လုံချည်တော့ ခြောက်လုနီးနေပြီ"

"ကိုကိုထွန်း ဘောင်းဘီလည်း အတွင်းအိတ်တွေလောက် စိုနေတာပဲ"

တဲအတွင်း၌ အမြင့်တစ်ပေခန့် မျောတိုင်ကလေးပေါ်တွင် ဝါးကြမ်းခင်းထား၏။ အလျား ၁ ပေ၊ အနံ ၆ ပေလောက် ရှိ၏။ သင်ဖြူးမရှိ။ ဖျာကောင်းကောင်းပင် မရှိ။ ညစ်ပေသော စောင်နှင့် ခေါင်းအုံးအချို့ တစ်နေရာတွင် စုထား၏။

"ဒါဖြင့် ထိုင်ဦးလေ၊ ဟဲ့ တင်ရီ မီးတောက်အောင် လုပ်လိုက်"

၁၆-နှစ်ရွယ်သည် လက်ဘက်ရည်ကြမ်းအိုး တည်ထား၍ မီးခိုးအူနေသော မီးဖိုက ထင်းစများကို ဆွကာဆွကာ မီးပြောင်းဖြင့် မှုတ်၍နေ၏။ မိန်းမကြီးသည် ညစ်ပေသော ချည်ကြမ်းလုံချည် တစ်ထည်ယူကာ ထွန်းရင်အား လှမ်းပေးရင်း....

"အဒေါ်တို့တော့ ဒါပဲရှိတယ် မောင်ရဲ့"

"ကိစ္စမရှိပါဘူး အဒေါ်" ဟု လှမ်းယူကာ ခါးကဘောင်းဘီနှင့် အတွင်းခံ ဆပ်စပင်တာကို ချွတ်ချလိုက်၏။

"သွားလေ အမြင့်၊ လက်ကလေး ခြေဖဝါးကလေး နွေးလာအောင် ကင်လိုက်ဦး၊ ပြီးတော့ ဘော်လီ ခြောက်အောင်လုပ်"

ထွန်းရင်သည် ဘောင်းဘီကို ကောက်ယူကာ ဘောင်းဘီအိတ်ထဲက ပစ္စည်းများကို လက်ကိုင်ပုဝါထဲ ထည့်ပြီးလျှင် ....

"အိုကွယ် အမြင့်ကလည်း ကိုကိုထွန်း လုပ်မှာပေါ့" ဟု ပြောလိုက်၏။ ထွန်းရင်လည်း ခင်စိုးမြင့်ရှိရာသို့ သွားပြီးလျှင် ဘောင်းဘီအတွင်းအိတ်များကို မီးကင်နေ၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင် နီးနီးကပ်ကပ်ထိုင်၍နေကြရာ ထွန်းရင်မှာ ထိုအခါကျမှ ခင်စိုးမြင့်၏ နှာတံပေါ်ပုံ မျက်တောင်ကော့အတွင်းက ကြည်လင်သောမျက်လုံး၊ နဖူးဆံစတို့ကို ထင်ရှားစွာ မြင်ရ၏။ သွေးပူတုန်းက ဘာမျှစိတ်မဖောက်ပြားခဲ့ဘဲ သွေးအေးမှ စိတ်ရိုးတိုးရွတ ဖြစ်၍သွား၏။

ခင်စိုးမြင့်စိတ်တွင်လည်း လူကင်းသောနေရာမှ နှစ်ယောက်တည်း လာကြရာ သူသာမရိုးက အခက်ဟု တွေးမိသဖြင့် ကျေးဇူးတင်သော အမူအရာနှင့် ထွန်းရင်၏ မျက်နှာကို မကြာခဏ မော့ကြည့်မိ၏။ လူသားဖို,မတို့၏ အချစ်ကား ချစ်စကား ချစ်စာလွှာ မပြောခင်ကပင် ချစ်နှင့်ပြီးဖြစ်တတ်ရာ သူတို့နှစ်ဦးမှာလည်း အတွင်းစိတ် ယိုဖိတ်နေကြလေသည်။

ထိုအခိုက် ကမ်းနားဘက်ဆီမှ တင်ရီရေဟု အော်ခေါ်သံ ကြားရ၏။ လှေကလေးတစ်စင်း ဆိုက်နေသည်ကို မြင်ကြရ၏။ ၁၆-နှစ်ရွယ်သည် တောင်းတစ်လုံးဖြင့် ဆင်း၍သွား၏။ မကြာမီပင် အသက် ၄၅-နှစ်ခန့် ခါးတောင်းကျိုက်နှင့် လူတစ်ယောက်၊ တင်ရီမှာ တောင်းကလေးရွက်၍ ဝင်လာကြ၏။ တောင်းထဲ၌ ပုစွန်များ ငါးများပါလာ၏။

"ဟော့ မမင်း လုံကွင်းပေးစမ်းဟေ့" ဟု ပြောလိုက်ရာ၊ မိန်းမကြီးသည် လူကြီးအနားသို့သွား၍ တစ်စုံတစ်ရာ တိုးတိုးပြောလိုက်၏။ ထွန်းရင်လည်း အလိုက်သိစွာ ဆပ်စပင်တာဘောင်းဘီကို ဝတ်ပြီးလျှင် သူ့ခါးကလုံချည်ကို လူကြီးအား ပေးလိုက်လေသည်။

ခင်စိုးမြင့်လည်း ဇာဘော်လီ၊ အပေါ်ဝတ်အင်္ကျီများ ထပ်၍ဝတ်ဆင်ကာ ထွန်းရင်၏ ရွှေတောင်လုံချည်ကို အတွင်းသို့ ခေါက်သွင်း၍ ချဝတ်လိုက်၏။ လူကြီးက အကျိုးအကြောင်းမေးသဖြင့် ထွန်းရင်က အကျိုးအကြောင်းပြောရာ၊ စုတ်သပ်နေ၏။

ထွန်းရင်သည် သူ့ဘောင်းဘီအိတ်ထဲက ဝါတာပရုအိတ်ကို ထုတ်ပြပြီးလျှင် "ကဲ အမြင့်၊ ဒီမှာ ငွေ ၅၀၀ ကျပ်လောက်ပါတယ်၊ အမြင့် ကလေးတွေ အဝတ်ဝယ်ပေးချင်ရင် အတိုင်းအထွာယူခဲ့" ဟု အင်္ဂလိပ်လို ပြောလိုက်၏။

ခင်စိုးမြင့်သည် ကလေးမနှစ်ယောက်၏ ကိုယ်အတိုင်းအထွာကို လက်ဖြင့် မှတ်သား တိုင်းထွာနေ၏။ ထွန်းရင်က လူကြီးအား.....

"ဦးလေး ရေတက်မှာ ကျွန်တော်တို့ကို ကျိုက်လတ်ပို့ပေးပါ၊ ဟိုကျရင် ဦးလေးတို့ တစ်အိမ်လုံးအတွက် ဝတ်စုံတစ်စုံစီ ဝယ်ပေးမယ်"

သို့ဖြင့် ရေတက်ချိန်တွင် ထွန်းရင်က ပဲ့ကိုင်လျက်၊ လူကြီးက ရှေ့ကလှော်စေပြီးလျှင် လှေငယ်ဖြင့် ထွက်ခွာခဲ့ကြ၏။ ရေတက်လည်း ဖြစ်ပြန်၊ ထွန်းရင်၏ ခွန်အားဗလကလည်း ကောင်းသဖြင့်၊ လှေကလေးမှာ ရိပ်ကနဲ ရိပ်ကနဲ ပြေး၍နေ၏။ ခင်စိုးမြင့်ကား ထွန်းရင်ဘက် လှည့်ထိုင်ကာ ထွန်းရင်၏ ရင်အုံနှင့် လက်မောင်းကြွက်သားကြီးများကို သဘောကျနေလေသည်။

ၯင်းတို့သည် ကျိုက်လတ်သို့ ညနေ ၅-နာရီခွဲခန့်တွင် ရောက်ကြ၏။ ကုန်စုံဆိုင်တစ်ဆိုင်တွင် အကြီးမနှစ်ယောက်အဖို့ ဘော်လီနှင့် ပေါ်ပလင် အပေါ်ဝတ် နှစ်စုံစီ၊ အငယ်ကလေးတွေဖို့ လုံချည်၊ ရှပ်လက်တို တစ်စုံစီ၊ မိန်းမကြီးနှင့် ယောကျ်ားကြီးဖို့ ဝတ်စုံတစ်စုံစီ၊ ဆန်တစ်တင်း၊ ဆီနှစ်ပိဿာခွဲဝင် တစ်ပုံး၊ငါးပိ၊ငရုတ်၊ ကြက်သွန်နီ-ဖြူများပါဝယ်၍ ကူလီနှင့် လှေငယ်ပေါ်သို့ တင်ပေးလိုက်ရာ လူကြီးမှာ ဝမ်းသာ၍မဆုံး၊ ကျေးဇူးတင်၍ မဆုံး၊ တတ်သမျှ မှတ်သမျှ ဆုတောင်းသွားရာသည်။

ကျိုက်လတ်ဌာနသို့ နှစ်ယောက်သား သွားရောက် စုံစမ်းသောအခါ ခင်စိုးမြင့် ငိုပွဲတွေ့ပြန်၏။ မိခင်မှာ သေဆုံးသူစာရင်းတွင် တွေ့ရသောကြောင့်တည်း။ ထွန်းရင်ကပင် တရားပြ ချော့မော့ခေါ်ခဲ့၏။ လမ်းတွင် ....

"ကိုကိုထွန်း ကျိုက်လတ်ကပဲလား"

"မဟုတ်ဘူး ရန်ကုန်က၊ ကြည့်မြင်တိုင်မှာ နေတယ်"

"အိမ်ထောင်နဲ့လား" (မရဲတရဲ မေးသည်။)

"ဟုတ်တယ် အိမ်ထောင်နဲ့ပဲ"

ခင်စိုးမြင့် မျက်နှာ မသိမသာ ပျက်၍သွား၏။ နှစ်ယောက်သားသည် ၆-လမ်းထဲသို့ လာကြရာ ခင်စိုးမြင့်က "ဒီအိမ်ပဲ" ဆို၍ နှစ်ထပ်အိမ်ပေါ်သို့ တက်ရောက်သွားကြရာ အိမ်ရှင်များမှာ ဝမ်းသာအားရနှင့် "အမြင့် အမြင့် ကံကောင်းလိုက်တာနော်" ဟု ဖက်ရမ်းလုပ်ကြ၏။ ခင်စိုးမြင့်က ....

"ကိုကိုထွန်း ဟိုဟာ ကြီးကြီးကို ပေးလိုက်ပါ"

ထွန်းရင်သည် ဘောင်းဘီအိတ်ထဲက စိန်များကို ဆီးကြိုနှုတ်ဆက်သူ အဒေါ်ကြီးအား ပေးလိုက်ရာ ....

"ဟင် ဒါတွေ ရေထဲမပါဘူးနော်၊ ကဲ ကဲ ဟောဒါ အမြင့်ယူ" ဟု စိန်နားကပ်ကို ပေး၏။

"အို နေပါစေ ကြီးကြီးရဲ့၊ မလိုချင်ပါဘူး"

"ရေအဆုံး၊ ကုန်းတစ်ဝက်တဲ့ နည်းတောင်နည်းသေးတယ်၊ ယူပါ" ဟု အထပ်ထပ်ပေးသော်လည်း မယူသဖြင့်၊ အဒေါ်ကြီးသည် သူ့လက်သူကြွယ်က စိန်ခြယ်လက်စွပ်ကို ချွတ်ကာ အတင်းဝတ်ပေးလိုက်လေသည်။ အကျိုးအကြောင်း ပြောပြပြီးနောက် ခင်စိုးမြင့်သည် ထွန်းရင်နောက်သို့ လိုက်လာ၏။ ထွန်းရင်တည်းခိုသောအိမ်မှာ သုံးလမ်းတွင်ဖြစ်ရာ ခေါက်ဆွဲကြော်ဆိုင်တွင် ခေါက်ဆွဲကြော်များ ဝင်စားပြီးလျှင် သုံးလမ်းသို့ ဝင်ခဲ့ကြ၏။

"ဟာ .. ကိုထွန်းရင်ပါလား"

အိမ်အောက်ထပ်သို့ ဝင်မိ၍ ၂၀၀-အား ဓာတ်မီးရောင်က ထွန်းရင်၏ မျက်နှာကို အဟပ်လိုက် ထွန်းရင်နှင့် အသက်တူ လူတစ်ယောက်က ဆီး၍ ဝမ်းသာအားရ နှုတ်ဆက်လိုက်ခြင်း ဖြစ်၏။

"ကျွန်တော် အထင်သား၊ ခင်ဗျားတော့ ဓားပြကျည်ဆံ မထိရင် ရေနစ်လို့တော့ သေမဲ့လူ မဟုတ်ဘူးလို့"

နစ်ယောက်သား အကျိုးအကြောင်း ပြောဆိုနေကြသည်မှာ တစ်နာရီခန့်ကြာ၏။ ခင်စိုးမြင့်မှာ နားထောင်၍သာ မျက်နှာနစ်ခုကို တစ်လှည့်စီကြည့်နေ၏။ အိမ်ခံလူက..

"အိုင်ဆေး၊ ဒါထက် အိမ်မှာ ထမင်းတော့ မရှိဘူး၊ ဘာစားမလဲ အဝယ်ခိုင်းလိုက်မယ်"

"နေပေ့စီ ကိုသန်းမြင့်၊ ခုပဲ ခေါက်ဆွဲကြော် စားလာကြတယ်"

အချိန်ကား ၇-နာရီခွဲခန့် ရှိပြီဖြစ်၏။ ထွန်းရင်သည် အိမ်သာသို့ ထ၍သွားရာ၊ ကိုသန်းမြင့်ဆိုသူနှင့် ခင်စိုးမြင့် စားပွဲတွင် ကျန်ရစ်ကြ၏။

"ခင်ဗျားတို့တော့ ကံတူအကျိုးပေး ဖြစ်နေကြတော့တာပဲ"

"ကျွန်မ မိဘမွေးတဲ့အသက် မရှိတော့ပါဘူးရှင်၊ သူပေးတဲ့အသက်ပဲ ရှိပါတယ်"

"...... ...... ...... ............ ......... ............. .......... ........."

" .......... ........... ............ ............. ............. ......... ... "

" ........... ............ ............ ........... .......... .......... ....... "

"ဩော် ကိုထွန်းရင် ကိုထွန်းရင်၊ ဒီထိ သစ္စာကြီးတဲ့လူပဲ"

"ကျွန်မ နားမလည်ပါဘူးရှင်"

"သူနဲ့ကျွန်တော်ဟာ ကောလိပ်ကျောင်းကတည်းက အတူတူ အလွန်ခင်တဲ့ သူငယ်ချင်း၊ ဘယ်မှာ မယားရှိဦးမှာလဲ၊ သူ့စေတနာရိုးနဲ့ အသက်ကယ်တာကို ခင်ဗျားအထင်လွဲ .... "

ခြေသံကြားသဖြင့် စကားရပ်၍ တဖန် ထွန်းရင်ကိုကြည့်ကာ ....

"ဟေ့လူ ခင်ဗျား မခင်စိုးမြင့်ကို မယားရှိတယ်လို့ ပြောတယ်ဆို"

ထွန်းရင် ဘာမျှမပြော။ ရယ်၍သာနေ၏။ ခင်စိုးမြင့်ကား မျက်နှာညှိုးကြသွား၏။ ထွန်းရင်သည် သူ့အား မိတ်ဆွေလို နမအရင်းလိုသာ ခင်သည်။ အခြားနည်း ခင်ချင်ပုံမရ။ ထို့ကြောင့်သာ မယားမရှိဘဲ မယားရှိသယောင် ပြောခြင်းဟု တွေးမိသောကြောင့်တည်း။

"ကိုထွန်းရင် ကနေ့ညအိပ်ရင် အရှေ့ဘက်ခန်းက နစ်ယောက်အိပ်ခုတင်မှာ အိပ်ရမယ်နော်၊ မခင်စိုးမြင့်က သူ့အနောက်ဘက်ခန်း တစ်ယောက်အိပ်ခုတင်မှာ အိပ်ရမယ်"

"ဒါထက် လုံချည်တစ်ထည်လောက် ပေးပါဦးဗျ"

သန်းမြင့်က ပိုးလုံချည်တစ်ထည် အခန်းတစ်ခန်းထဲက ယူပေးသဖြင့် ခါးက ဘောင်းဘီတိုနှင့် လဲလိုက်လေသည်။ ည ၉-နာရီခန့်တွင် အိမ်အပေါ်ထပ်သို့ တက်ရောက်သွားကြ၏။ ခင်စိုးမြင့်နှင့် ထွန်းရင်မှာ တစ်ယောက် တစ်ခန်းစီ အိပ်ကြရန် ကိုယ့်အခန်းကိုယ် ဝင်ရောက်သည်အထိ သန်းမြင့်က လိုက်ပို့၏။

ခင်စိုးမြင့်ကား မအိပ်သေးဘဲ ပြတင်းတစ်ခုနှင့်ကာ၊ မတ်တတ်ရပ်ငေး၍ ကောင်းကင်ပြင်ကို ငေးကြည့်နေ၏။ လခြမ်းကလေးသည် ကြယ်တွေ၏ အလယ်တွင် လူကျယ်လုပ်ကာ အလင်းရောင် ပို၍ပေးနေ၏။

"အမြင့် ..... "

နောက်ခေါ်သံကြားသဖြင့် လှည့်ကြည့်လိုက်ရာ ထွန်းရင်ဖြစ်နေ၏။ အမြင့်၏ ပခုံးကလေး လှုပ်လာ၏။ ကိုယ်ကလေးပါ လှုပ်ပြီးလျှင် ငိုရှိုက်နေရှာသည်။

"ဘာလို့ငိုတာလဲ အမြင့်ရယ်"

"ကိုကိုက အမြင့်ကိုမှ မချစ်ဘဲ" ဟု ကလေးဆိုးလို လွတ်ခနဲ ပြောလိုက်ရာ၏။

"မချစ်ဘူးလို့ ဘယ်သူက ပြောသလဲ" တဖန်ဆက်ကာ " ချစ်ကြောင်း ခုပြမယ်ပေါ့" ဟု ခင်စိုးမြင့်၏ ကိုယ်ကလေးကို သူ့ရင်ခွင်ထဲတွင် ပါးပြင်ကို အထပ်ထပ်ကြူလိုက်၏။

သွေးသောက်မဂ္ဂဇင်း

၁၉၄၇-ခု၊ နိုဝင်ဘာလ

## ၂။ ပြဇာတ်မယ်

ရန်ကုန်မြို့၊ လူကြိတ်ကြိတ်တိုး စည်ကားလှသော ပြဇာတ်ကြီးသည် ဇာတ်သိမ်းခန်းပြီးသည်နှင့် တစ်ပြိုင်နက် ကတ္တီပါကားကြီး ချလိုက်၏။ ဇာတ်လိုက်မင်းသမီး ကြည်ကြည်ဝင်းနှင့် ဇာတ်ရုံမင်းသမီး မတင်နုတို့သည် တစ်ယောက်လက် တစ်ယောက်ဆွဲကြကာ ဇာတ်ခုံနောက်ဖေး အဝတ်လဲသော အခန်းသို့ ပြေးခဲ့ကြ၏။ တီးဝိုင်းမှ ဒါတို့ပြည်၊ ဒါတို့မြေအလိုက်၊ အမျိုးသားသီချင်းအလိုက် တီးမှုတ်သံကား ၎င်းတို့နှစ်ဦး၏ နားထဲသို့ တိုးဝင်နေလေသည်။

"အလွမ်းသိပ်မိတာပဲ ကြည်ကြည်ရာ၊ ပွဲကြည့်ပရိသတ် မဆိုထားနဲ့၊ ကိုယ်တောင် မျက်ရည်ကျမိတယ်၊ ရုံပိုင်ကတော့ လခကောင်းကောင်းပေးပြီး ကန်ထရိုက်စာချုပ်မှာပဲ"

"စာချုပ်ရင်တော့ ဇာတ်ထုပ်တစ်ထုပ်ချင်း ချုပ်မှာပဲ မတင်နု၊ လခစားနဲ့တော့ မချုပ်ဘူး"

ကြည်ကြည်ဝင်းသည် ခါးက ပိုးလုံချည် တစ်ပတ်နွမ်း ဘန်ကောက်လုံချည်နှင့် လဲဝတ်ရင်း ပြန်ပြောလိုက်၏။ တဖန် နောက်ဆုံးအမှုအရာ လုပ်ခဲ့ရသော မျက်ရည်ကြောင်းများကို မှန်ဝိုင်းကြီးရှေ့တွင် ကြည့်ကောင်းအောင် ပြုပြင်နေလေသည်။

"ကြည်ကြည် ပထမဇာတ်ထုပ်မှာ ဒီလောက်ကောင်းရင် နာမည်ကြီးသည်ထက် ကြီးမှာပဲ"

"ကျွန်မ ပြဇာတ်ထဲဝင်တာ ၅ နှစ်ကျော်ပါပြီ၊ ဒီစတြိတ်မြို့ဆိုတော့ ရန်ကုန်လောက် မထင်ပေါ်ဘူးပေါ့"

"သြော် ဒီလိုလား"

"ပြီးတော့ ဒီအလွမ်းကလည်း ကျွန်မကိုယ်တွေ့ အဖြစ်အပျက်နဲ့တူတော့ သာပြီးအမှုအရာကောင်း၊ မျက်ရည်ကျလို့ ကောင်းတာပေါ့ရှင်"

ကြည်ကြည်ဝင်းသည် မိတ်ကပ်ဖျက်ပြီးလျှင် ပေါဇလင်စနိုးနှင့် သူ၏မျက်နှာ၊ လည်ပင်းတို့ကို ပွတ်လိမ်းနေလေသည်။

"သြော် မှတ်မိပြီ၊ ကြည်ကြည်ရဲ့အရင်ယောက်ျားနဲ့ ဖြစ်ပျက်ပုံလား"

"ဟုတ်တာပေါ့၊ သူ့မိဘက သဘောမတူတော့ မိဘကျေနပ်ရုံ ကွာပါရစေဆိုပြီး ပြန်မပေါင်းဘူး၊ ကြည်ကြည်က ဆင်းရဲတဲ့ ပြဇာတ်မင်းသမီး၊ အခုကနေတဲ့ ဇာတ်လမ်းကလည်း ဆင်းရဲသူ ရုပ်ရှင်မင်းသမီးနဲ့ သူဌေးသားပဲကိုး၊ ဒါပေမဲ့ ခုတော့ ကျွန်မ မပူတော့ဘူး၊ မလွမ်းတော့ဘူး၊ ချစ်သူလည်းတွေ့ပြီ သူ့ကို ယူရမှာပဲ"

"ဘယ်သူလဲ၊ ကျွန်မ ရိပ်မိပြီ၊ ဟို အရပ်ထောင်ထောင်မောင်းမောင်း အသားလတ်လတ် ရုပ်ခပ်ချောချော၊ ကနေ့တောင် ၅-ကျပ်တန်း ဒုတိယကုလားထိုင်တန်းမှာ မြင်မိတယ်"

"သြော် မတင်နုလည်း မျက်စိအလျင်သား၊ သူပေါ့ရှင့် ကိုသောင်းတန်တဲ့၊ သူ့မိဘက သူဌေးပဲ"

"မိန်းမများဟာ ပထမအကြိမ်လက်ထပ်ရင် အချစ်အတွက်၊ ဒုတိယအကြိမ်လက်ထပ်ရင် ငွေအတွက် ဆိုတာမျိုးလိုပေါ့"

"မဟုတ်ဘူး၊ ရှင်ထင်တာ မှားတယ်၊ ဒုတိယအကြိမ် လက်ထပ်တယ်ဆိုတာ ချစ်ကိစ္စကို ပိုပြီး နားလည်လာလို့ပေါ့ရှင့်"

ထိုအတွင်း ဇာတ်အဖွဲ့ဝင်များ လိုက်ပို့သော ကားဟွန်းသံ ကြားကြသဖြင့် အဝတ်အထည်ထည့်သော လက်ဆွဲသားရေအိတ်ငယ် ကိုယ်စီဆွဲကာ ဘတ်စ်ကားရှိရာသို့ လာခဲ့ကြ၏။ ကားပေါ်ရောက်နှင့်နေသော ဇာတ်အဖွဲ့ဝင်များလည်း ကြည်ကြည်ဝင်းအား ဝိုင်းဝန်းချီးမွမ်း ပြောဆိုကြလေသည်။ ဘတ်စ်ကားလည်း စက်နှိုးထားရာ လူစုံသည်နှင့် တစ်ပြိုင်နက် ဆောင့်ကြီးအောင့်ကြီးနှင့် ထွက်ခွာသွားး၏။

ဘတ်စ်ကားပေါ်၌ သီချင်းဆိုသူဆို၊ တစ်ယောက် တစ်ယောက် စကားပြောသူပြောဖြင့်၊ ကျောက်မြောင်းရပ်ကွက်၊ တစ်ခုသော လမ်းထဲသို့ ချိုးဝင်ကာ တစ်ထပ်အိမ်တစ်အိမ်၏ ရှေ့တွင်ရပ်လိုက်ရာ ကြည်ကြည်ဝင်း ဆင်း၍နေရလေသည်။

အိမ်ပေါ်ရောက်၍ အဝတ်မျှ မလဲရသေးခင် အစိမ်းပုပ်ရောင် ဆလွန်းကားတစ်စီး ထိုး၍ရပ်သံကို ကြားရသဖြင့် အပေါ်မှ လှမ်းကြည့်၏။ ကားပေါ်မှ ထောင်ထောင်မောင်းမောင်း လူထွား လူချောတစ်ယောက် ဆင်း၍လာရာ...

"ဩော် ကိုကိုသောင်း ချက်ချင်း လိုက်လာသကိုး"

"ရုံပေါက်ကစောင့်ပြီး ကားနဲ့တင်ခေါ်ဦးမလို့၊ ကြည်ကြည့်ဂုဏ် ငဲ့လို့ မခေါ်တာ"

"ကြည်ကြည့်ဂုဏ် မဟုတ်ပါဘူး၊ ကိုကို့ဂုဏ်ပါ"

"သူများက ကြည်ကြည့်ကို ပိုးမဲ့အကောင် တစ်ကောင်က ကြည်ကြည့်ကို ခေါ်သွားတယ် ထင်ကြရင် ကြည်ကြည့်ဂုဏ် ထိခိုက်တာပေါ့"

ကြည်ကြည်ဝင်းသည် ဖြူဖွေးညီညာသော သွားကလေးများ ပေါ်အောင် ပြုံးလိုက်ပြီးလျှင် သောင်းတန်၏လက်မောင်းကို ဆွဲကိုင်ခဲ့ကာ ပက်လက်ကုလားထိုင်တစ်လုံးတွင် အထိုင်ခိုင်းလေသည်။

"ကဲ မယ်လှ ထမင်းပြင်ပေတော့၊ ဒေါ်ဒေါ်ကော"

"ရှိတယ် မမ၊ မီးဖိုချောင်ထဲမှာ"

"ကိုကို ခဏနော်" ဟု စားပွဲပေါ်ရှိ မဂ္ဂဇင်းတစ်အုပ်ကို ဆွဲယူပေးထားခဲ့ကာ အဝတ်များလဲပြီးလျှင် မီးဖိုထဲသို့ သွားရောက် ထမင်းစားသောက်နေ၏။ နာရီဝက်အတွင်း အဒေါ်ဆိုသူနှင့် အသက် ၁၅-နှစ်ခန့် ကလေးမမှာ အဝတ်အထည်လဲကာ ရုပ်ရှင် ၆ နာရီပွဲသို့ ထွက်ခွာသွားကြလေသည်။

"ကနေ့ညတော့ ဒေါ်ဒေါ်တို့ ပြန်လာအောင် စောင့်ရမယ်နော်၊ ကြည် တစ်ယောက်တည်းဆိုရင် ဒီပြင်လူ တက်ဂေါ်သွားမှာ စိုးရတယ်"

ကြည်ကြည်ဝင်းသည် အခြား ပက်လက်ကုလားထိုင် တစ်ခုကို ဆွဲယူခဲ့ကာ သောင်းတန်နှင့် ယှဉ်၍ထိုင်ရင်း ပြောလိုက်၏။

"အို သူတို့ကို ၆-နာရီပွဲ တစ်ပွဲထဲလား၊ ဒီပြင်ရုံတစ်ရုံမှာ ၉-နာရီပွဲ ဆက်ကြည့်ဖို့ မမှာလိုက်ဘူးလား"

"ဒါတော့ ကဲပြီ" ဟု ရင်ဘတ်ကို လှမ်း၍ ပုတ်လိုက်လေသည်။

"ကိုကိုတော့ နေ့ခင်းက ကြည်ရဲ့ အိုက်တင်ကြည့်ပြီး မျက်ရည်ကျမိတယ်၊ သိပ်ကောင်းတာပဲ၊ အရင်လူဆိုတဲ့အကောင် သတ်ပစ်ချင်စိတ် ပေါ်လာတာပဲ"

"အရင်လူအကြောင်း စိတ်ကူးရလို့ မဟုတ်ပါဘူး၊ သူ့အကြောင်း မေ့ပျောက်ပစ်လိုက်ပါပြီ၊ ကိုကိုသောင်းနဲ့များ ဒီလိုကွဲရရင်ဆိုတဲ့ စိတ်ကူးဝင်လာတော့ မျက်ရည်ထွက်ဖို့ လွယ်တာပေါ့"

သောင်းတန်သည် ချစ်သူ၏မျက်နှာကို ကြည့်၏။ ကြည်လင်သော မျက်လုံးအိမ်ထဲမှ မျက်ရည်စက်များ ထွက်ပေါ်လာသည်ကို မြင်ရရာ...

"ဟော လုပ်ပြန်ပြီ ကြည်ကလည်း ချစ်ခင်ကြတာ ၂-လ ကျော်ပြီ၊ ကိုကိုသောင်းကို မယုံသေးဘူးလား၊ လူကဲခပ် ဒီလောက်ညံ့ရသလား"

"ယုံတော့ ယုံပါတယ်၊ ဒါပေမဲ့ ခဲမှန်ဖူးတဲ့ စာကလေးလို ဒီတစ်ခါ ဒီလိုဖြစ်ကြရင်တော့ လူ့ပြည်နေဖို့ မကောင်းတော့ဘူး"

"စိတ်ချပါ အချစ်ရယ်"

"ခမည်းတော်ဘုရား တီးခေါက်ကြည့်တော့ ဘယ်လိုတဲ့လဲ"

"ကိုကိုသောင်းဟာ ကြည့်ကိုယူပြီး ဇာတ်မကရဘူး၊ တင့်တောင့်တင့်တယ်ထားမယ်လို့ စိတ်ကူးတာ၊ ကြည့်ကိုယူရင် အမွေပြတ်တဲ့"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ ကိုကိုသောင်းရယ်၊ ကြည်ဟာ ငွေမက်လို့ ယူတာမဟုတ်ဘူးဆိုတာ လက်တွေ့ပြလိုက်မယ်၊ အို နက်ဖြန် သတင်းစာတွေကြည့်၊ ကြည့်ရဲ့ဓာတ်ပုံတွေနဲ့ ချီးကျူးကြမှာတွေ၊ ပြဇာတ်ပိုင်ရှင်တွေက ဖိုးလိုချင်ဖြစ်၊ ကြည်ဝင်ငွေကောင်းတော့ လင်မယားနှစ်ယောက် စားရေး၊ ဝတ်ရေး ဘာပူစရာ ရှိသလဲ"

ကြည်ကြည်ဝင်းသည် အားပါးတရ ပြောလိုက်ရာ၊ သောင်းတန်သည် ချစ်ကျေနပ်သော အမူအရာနှင့် ချစ်သူအား ရွှန်းရွှန်းစားစား ကြည့်ရာက ကိုယ်တစ်ပိုင်း ကိုင်းလာကာ ကြည်ကြည်ဝင်း၏ ပါးပြင်ကို တအားဝင်၍ မွှေးနေလေသည်။ တဖန် ပြန်ခွာကာ ....

"ဒီလိုများဆိုတော့ အတိုင်းထက် အလွန်ပေါ့၊ ဒါပေမဲ့ မိန်းမထဘီနား ခိုကပ်စားတယ် ဆိုတာတော့ မခံချင်ဘူး"

"ဒီအတွက်လည်း ကြည် စဉ်းစားထားပါတယ်၊ မန်နေဂျာကို ငွေရေးကြေးရေးနဲ့ ရုံပိုင်က တယ်ပြီးသဘောမကျဘူး၊ ဒီတော့ အဲဒီနေရာမှာ ကိုကိုထိုင်ရအောင် လုပ်မှာပေါ့၊ ၅၀၀ ကျပ်ဆိုလည်း နည်းတာမှ မဟုတ်ဘဲ"

"အစီအစဉ်က ဒီလိုအချစ်ရဲ့၊ နက်ဖြန် ၁၁-နာရီမှာ ကိုကို ကားနဲ့လာခေါ်မယ်၊ ၁၁-နာရီခွဲမှာ တရားသူကြီး ဦးလှကျော် ရုံးမှာ လက်ထပ်၊ ပြပွဲကို တစ်ဆက်တည်းသွားပေါ့၊ ပြပွဲပြီးရင် ကိုကိုလာခေါ်မယ်၊ ခမည်းတော်တို့ကို ချွေးမပြသွားမယ်"

"လုပ်လေ၊ ပေါင်းသင်းတော့ ကိုကိုနဲ့ ပေါင်းသင်းရမှာမို့ မိဘအမွေဖြတ်တာတွေ၊ မုန်းတာတွေ၊ ချစ်တာတွေ နည်းနည်းကလေးမှ ထည့်မစဉ်းစားပါဘူး၊ ဟောဒီအချစ်က ပစ်ပစ်ခါခါ လုပ်သွားမှာကိုသာ ကြည် စိုးရိမ်တာပါပဲ"

"ကိုကို့အတွက်တော့ စိတ်ချပါ အချစ်ရယ်၊ ကြည်နဲ့ တစ်နာရီ တစ်မိနစ် မခွဲချင်ဘူး"

နှစ်ယောက်သား ချစ်ကီစွ၊ ချစ်အကြောင်း သောင်းပြောင်းထွေရာ ပြောဆိုကြရင်း အချိန်ကုန်မှန်းမသိ ကုန်ခဲ့၏။ အဒေါ်ကြီးနှင့် ကလေးမ ၉ နာရီသာသာတွင် ပြန်ရောက်လာကြရာ သောင်းတန်လည်း နှုတ်ဆက်ကာ ကားပေါ်တက်ရောက် စက်နှိုးထွက်ခွာသွားလေသည်။

***

နောက်တစ်နေ့ နံနက် ၁၁-နာရီ ထိုးကာနီးတွင် အစိမ်းပုပ်ရောင် ဆလွန်းကားတစ်စီးသည် ကျောက်မြောင်းရပ်ကွက် တစ်ထပ်အိမ်တစ်လုံးရှေ့တွင် ထိုးရပ်လိုက်၏။ ကားပေါ်မှ အသက် ၃၀-နီးပါး လူရွယ်တစ်ယောက် ဆင်းလာ၏။ ရွှေဖလားရောင် ဗန်ကောက်လုံချည်၊ အသစ်စက်စက် စတစ်ကော်လာရှပ်၊ ကျစ်ပိုးအပေါ်ဝတ်အင်္ကျီဖြင့်၊ နာတံပေါ် နားရွက်ကား ကြည်လင်သော မျက်လုံးဖြင့် တက်ရောက်လာသည်ကို ကြည်ကြည်ဝင်းသည် ရွှန်းရွှန်းစားစား ကြည့်ကာ...

"သိပ်ကျက်သရေ ရှိတာပဲ"

"မြှောက်မနေပါနဲ့၊ အခုပဲ လက်ထပ်ကြတော့မှာ"

ကြည်ကြည်ဝင်းမှာလည်း အဝါရင့်တွင် ငွေခြည်ပန်းပြောက်ထိုး လုံချည်၊ အဝါနုရောင် ကျစ်ပိုးရင်ဖုံးအင်္ကျီ၊ စိန်ကြယ်သီးတပ် ရွှေလက်ပတ်၊ စိန်လက်ကောက် ဝတ်ဆင်ထား၏။ မျက်ခုံးမွေး သေးသေးမျှင်မျှင်၊ ကြည်လင်လှပသော မျက်လုံး၊ နာတံပေါ်၊ စိန်နားပွင့်ကလေးဖြင့် ကြည့်မဝအောင် ဖြစ်၍နေလေသည်။

"ကဲ သွားကြစို့ အချစ်ရေ၊ လူကြီးတွေအရင် ကိုယ်တို့က ရောက်နှင့်မှ ကောင်းမယ်"

"ဟုတ်ကဲ့ ကိုကို၊ ခဏကလေး" ဟုဆိုကာ အိပ်ခန်းထဲသို့ ဝင်သွား၏။ သောင်းတန်က ထက်ကြပ်လိုက်သွားကာ ကြည်ကြည်ဝင်းအား ဖက်၍မွှေးပြန်ရာ...

"အို ကွာ၊ သွားကာနီး ပေါင်ဒါတွေ ပျက်ကုန်ပြီ" ဟု နှုတ်သီးကလေး စူကာ မှန်ရှေ့တွင် ပြုပြင်နေလေသည်။

"ကဲ ထွက်ကြစို့၊ သိပ်ကဲတာပဲ" ဟု သူ့လက်ထဲက လက်ကိုင်ပုဝါငယ်ကလေးနှင့် သောင်းတန်၏နှာခေါင်းကို သုတ်ပေးလိုက်၏။ နှစ်ယောက်သား အိမ်အောက်သို့ ဆင်းလာကြကာ ကားပေါ်တွင် ယှဉ်ထိုင်လျက် စက်နှိုးထွက်ခွာလာကြ၏။

ထိုကားနှင့်ပင် အရေးကြီးသော သက်သေလူကြီးနှစ်ယောက်ကို ဝင်ရောက်တင်ဆောင်ခဲ့ကြ၏။ အချို့ လူကြီးများလည်း ကိုယ့်ကားနှင့်ကိုယ် လာကြလေသည်။

တရားသူကြီးရုံး၌ လူစုံလျှင် မိဘ၊ အသက်၊ သဘောတူချက် စသည်တို့ကို ထုံးစံအတိုင်း မေးမြန်းနေရာ...

"မကြည်ကြည်ဝင်း အသက် ၁၈-နှစ် ပြည့်ပြီလား"

"၂၅-နှစ် ရှိပြီရှင့်"

"ဟင် ကျုပ်စိတ်ထဲ ၁၆-နှစ်လောက်ပဲ ထင်တယ်"

တရားသူကြီး ဦးလှကျော်သည် ရွှတ်နောက်နေခြင်း မဟုတ်။ တကယ်မေးမြန်းနေခြင်း ဖြစ်ရာ သောင်းတန်မှာ မိမိဇနီး မျက်နှာနုပျိုပုံကို အထူးကျေနပ်သွားလေသည်။

တရားရုံး လက်ထပ်ရေးထုံးစံအတိုင်း ပြုလုပ်ပြီးသော် ၁၂-နာရီခန့်တွင် ရုံးမှ လူစုခွဲမည်အပြု သောင်းတန်က တရားသူကြီးနှင့်တကွ လူကြီးများအား ကျေးဇူးတင်စကား ပြောလေသည်။

***

အချိန်ကား ညနေ ၅-နာရီခွဲခန့် အစိမ်းပုပ်ရောင်ကားသည် ရန်ကုန်မြို့ လမ်းရှည်ကြီးဘေးရှိ တစ်ခုသော ဝင်းခြံထဲသို့ ဝင်ပေါက်က ဝင်ရောက်သွားရာ နှစ်ထပ်တိုက်ကြီးတစ်လုံး၏ ဆင်ဝင်အောက်သို့ ထိုးရပ်လိုက်၏။

ရွှေဖလားရောင် ဇန်ကောက်လုံချည်နှင့် အရပ်ထောင်ထောင်မောင်းမောင်း လူရွယ်သည် ကားတံခါးဖွင့် ဆင်းနင့်ကာ သူ၏ဘေးမှ ထိုင်လိုက်ပါလာသော အသက် ၂၀-အတွင်းဟု ထင်ရသည့် မိန်းမချောအား လက်ကမ်းကာ ကားပေါ်မှ ဆင်းစေသည်။

"လာ အချစ်၊ အဘိုးကြီးက လူရွှင်ကြီး၊ သည်းခံနားထောင်ပါနော်၊ ကိုကိုတို့ ဝတ္တရားတော့ ကျေပွန်ရမှာပေါ့"

နှစ်ယောက်သား တိုက်အောက်ထပ်သို့ ဝင်လာကြ၏။ အသက် ၅၀-ကျော်ခန့် ဘူတာကြီး ဗိုလ်ကေနှင့် အရပ်ထောင်ထောင်မောင်းမောင်း သောင်းတန်၏မျက်နှာနှင့် တူသော အဘိုးကြီးတစ်ယောက် ဆင်းလာ၏။ မရှေးမနှောင်းပင် ဖြူဖြူတုတ်တုတ် မွန်မွန်ရည်ရည် မိန်းမကြီးတစ်ယောက်လည်း အပေါ်ထပ်မှ ဆင်း၍လာလေသည်။

"ဖေဖေ ဒါဟာ ကျွန်တော်ပြောတဲ့ ဖေဖေ့ချွေးမ ကြည်ကြည်ဝင်းဆိုတာပဲ၊ ကျွန်တော်တို့ ဝတ္တရားအတိုင်း မိဘကို လာကန်တော့တာပဲ၊ ကဲ ကြည်ရေ ကန်တော့ကြစို့"

နှစ်ယောက်သား ဆိုဖာပေါ်မှ တူရကီကော်ဇောပေါ်သို့ ဆင်းကာ ကန်တော့ကြလေသည်။ ဆုပေးမလားဟု လက်ယှက်စောင့်ဆိုင်း နေကြ၏။ အဘိုးကြီးသည် ကြည်ကြည်ဝင်းအား ခြေဆုံးခေါင်းဆုံး ကြည့်နေ၏။ ဘာဆုမျှမပေး။ အမယ်ကြီးလည်း ချွေးမကို ကြည့်နေလေသည်။

ကြည်ကြည်ဝင်းမှာ မနေတတ်အောင် ဖြစ်ပြီးလျှင် ခေါင်းငုံ့နေရှာ၏။ သောင်းတန်က လက်ဆွဲကာ ဆိုဖာပေါ် အထိုင်ခိုင်းလေသည်။ အလွန်သားနားခန့်ညားသော တိုက်အိမ်ကြီးနှင့် စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ရေဒီယို စသည်တို့ကို ကြည်ကြည်ဝင်း မသိမသာ အကဲခတ်ကြည့်ရာက ချစ်သူ၏မျက်နှာကို ကြည့်ပြန်လေသည်။

"အဟင်း…" ဟု အဘိုးကြီး ချောင်းတစ်ချက် ဟန့်လိုက်ပြီးလျှင်….

"သောင်းတန် မင်းဟာ ငါ့ကို အသိမပေးဘဲ ဒီကလေးမနဲ့ ဆင်ကန်းတောတိုး လက်ထပ်လာကြတယ် မဟုတ်လား"

သောင်းတန်သည် မျက်လုံးပြူးကြီးနှင့် ပြန်ကြည့်ကာ…

"ဖေဖေ့ကို ပြောဖူးသားပဲ၊ ဖေဖေ ဘယ်နည်းနဲ့မှ သဘောမတူဘူးဆိုတော့ ဖြစ်တဲ့နည်းနဲ့ လက်ထပ်ရတာပဲ"

"အေး လက်ထပ်တာတော့ ဟုတ်ပါပြီ၊ မင်းတို့ ဘယ်လိုနည်းနဲ့ စားသောက်နေထိုင်ကြမလဲ"

"ဒါတော့ မပူနဲ့ဦးကြီး၊ ကျွန်မ ပြဇာတ်နာမည်ကြီး တစ်ယောက်ပဲ၊ ကိုကိုသောင်း အတွက်တောင် လခ ၅၀၀ ကျပ်နဲ့ အလုပ်ရဦးမယ်၊ ကျွန်မဟာ ဦးကြီးသား လူကိုချစ်တာ၊ ပစ္စည်းတို့ ဂုဏ်တို့ မက်လို့ မဟုတ်ပါဘူး"

ကြည်ကြည်ဝင်းသည် စကားလေလျှောက် သွက်လက်ဖျတ်လတ်စွာ ပြန်၍ပြောလိုက်၏။ သောင်းတန်က…

"မဟုတ်ဘူး ကြည်ကြည်၊ မင်း ပြဇာတ်မတက်ရဘူး၊ လူကြီးလူကောင်း မယားပီပီ နေရမယ်၊ ဖေဖေ ဒလကစက်ကြီး ကျွန်တော့်ကို ပေးမယ်ဆို"

အဘိုးကြီးသည် ပြုံးရယ်လိုက်ကာ…

"အေး တစ်ခါက ပေးမယ်လို့ အိပ်မက် မက်ခဲ့ဘူးတယ်၊ ဒါပေမဲ့ မင့်ပြဇာတ်မယ်နဲ့ဆိုတော့ အိပ်မက်ဟာ ပျက်သွားတယ်၊ တကယ်လို့ သူနဲ့ ကွာရှင်းပြီး ဖေဖေ့ဆီ ပြန်လာခဲ့၊ အိပ်မက်အတိုင်း မင့်ကို ပေးဖို့အသင့်ပဲ"

"ဖေဖေပြောတာ မတရားပါဘူး၊ ကြည်ကြည့်ကို ကြည့်စမ်းပါ၊ ရုပ်ကိုပြောမလား၊ အလိမ္မာကို ပြောမလား၊ ကွန်ဗင့်ကျောင်းမှာ ၁၀-တန်းအထိ သင်ခဲ့တဲ့ ပညာကို ပြောမလား"

"ဒါကတော့ မင်းကျေနပ်နေတာကိုးကွ၊ ဒီတိုက်မှာ ဒီလောက်ကြာကြာ စကားပြောခွင့်ရတာဟာ သားကြောင့် သားကြောင့်"

ကြည်ကြည်ဝင်းမှာ စကားတစ်ခွန်းမျှ မပြောဘဲ မျက်ရည်ဝိုင်းကာ သားအဖနှစ်ယောက်ကို ကြည့်ရှုနေရှာသည်။

"ဖေဖေရယ် မယားဆိုတာ လင်ရဲ့ဂုဏ်ပေါ်မှာ တည်နေတာပါ၊ မဟာဝင်ကြည့် ဒုဋ္ဌဂါမဏိမင်းဟာ သူတောင်းစားမကို မိဖုရားမြှောက်တယ် မဟုတ်လား၊ ရာဇဝင်ကြည့် ကျွန်စစ်သားမင်းဟာ မထီးတူမ သမ္ဘူလဆိုတဲ့ ကျောင်းကပ်နေရတဲ့ ဟာကလေးကို မိဖုရားမြှောက်ခဲ့တယ်၊ လင်းယင်ဘောက်သောက်သူ သားသည်အမေလည်း ရှင်ဘုရင်က မိဖုရားမြှောက်ခဲ့တယ် မဟုတ်လား၊ ဖေဖေလည်း စာအတတ်သားနဲ့"

"ဟားဟား ငါ့သားက ဖေဖေ့ကို ရေကင်းပြပြီး စာချနေတာကိုး၊ ဖေဖေ ရှင်းရှင်းပြောမယ်၊ မင်းမှာ အားကိုးစရာ ပြဇာတ်မယ်တစ်ယောက်လုံး ရှိနေမင့်ဟာ၊ ဖေဖေ့ဆီ ဘာလို့ အမွေတောင်းချင်ရသလဲ၊ မင်းက ဖေဖေတို့ကို ဂရုမစိုက်လို့ မင်းလိုချင်တဲ့ မယားယူတယ်၊ ဖေဖေတို့ကလည်း နားမထောင်တဲ့သား အလကား အမွေပေးနိုင်ပါ့မလား"

"လာ ကိုကို ပြန်ကြမယ်၊ ဘာလို့ အမွေတောင်းနေရတာလဲ၊ မတောင်းပါနဲ့၊ ကြည် ရှာကျွေးပါ့မယ်"

ကြည်ကြည်ဝင်းသည် သောင်းတန်၏ လက်မောင်းကိုဆွဲကာ မတ်တတ်ရပ်၏။ သောင်းတန်လည်း နေရာမှ ရပ်ရင်း...

"ဖေဖေတို့ဟာ မတရားဘူး၊ အခု ဖေဖေတို့ ချမ်းသာတာ ကျွန်တော့်ကုသိုလ်မပါဘူးလို့ ပြောနိုင်မလား၊ ဖေဖေ ပေးမယ်လို့ ပြောပြီးပြီ၊ ကျွန်တော်ပေါင်းမဲ့ မယားကို ကျွန်တော် ရှာယူရမှာပေါ့"

"အေးလေ ၊ ဘယ်သူက ကန့်ကွက်သလဲ"

"စက်ကြီးဦးစီးလုပ်ကိုင်ဖို့ ပေးမယ်ဆို"

"လာပါ ကိုကိုရယ်၊ သွားကြပါစို့"

ကြည်ကြည်ဝင်းသည် သောင်းတန်၏ လက်မောင်းကိုဆွဲကာ တိုက်အောက်သို့ ထွက်ခွာလာလေသည်။

"ဟေး သောင်းတန်၊ အဲဒီ မော်တော်ကားကို မင်းသုံးပိုင်ခွင့် မရှိဘူးဆိုတာ နားလည်ရမယ်"

"အို သုံးပိုင်ခွင့်ရှိတယ်၊ ကားခိုးမှုနဲ့ တရားစွဲချင်စွဲ"

သောင်းတန်သည် ကားပေါ် အတင်းတက်မည်အလုပ် ကြည်ကြည်ဝင်းက အတင်းဆွဲခေါ်ကာ ခြေလျင်အထွက် အဘိုးကြီး၏ ဟားတိုက်ရယ်သံကို ကြားကြလေသည်။

နစ်ယောက်သားမှာ ဘတ်စ်ကားကိုစောင့်၍ သိမ်ကြီးဈေးသို့ လိုက်ပါလာကြ၏။ သိမ်ကြီးဈေးမှတဖန် တာမွေဘတ်စ်ကားဖြင့် ကျောက်မြောင်းသို့ ပြန်ခဲ့ကြလေသည်။

အချိန်မှာ ည ၇-နာရီခန့်ဖြစ်ရာ သောင်းတန်မှာ ပက်လက်ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်နှင့် ထိုင်ချလိုက်လေသည်။

"ကြည်ကြည် အခုမှ ပြန်ရောက်သလား၊ သူဌေး ဦးလှမောင်တိုက်ကဆိုပြီး ဒီသားရေအိတ်ကြီး လာပေးသွားတယ်"

သောင်းတန်သည် ထိုအခါကျမှ လှမ်း၍ကြည့်မိရာ မိမိသားရေအိတ်ကြီး ဖြစ်သည်ကို တွေ့ရ၏။ ထ၍ဖွင့်ကြည့်သောအခါ သူဝတ်နေကျ အဝတ်အဟောင်း အသစ်အချို့အဝက်နှင့် စာတစ်စောင် တွေ့ရလေသည်။

**သောင်းတန်**

*ပိုက်ဆံတစ်ပြားမျှ မကပ်သော ဘိုင်သမား သားဖြစ်သူအား သနားသဖြင့် အဝတ်အထည်အချို့ကို အပို့ခိုင်းလိုက်ခြင်း ဖြစ်သည်။ ငွေကြေးကိစ္စကား တစ်ပြားတစ်ချပ်မျှ မမျှော်လင့်နှင့်၊ မင်းနှင့် မဆက်ဆံရန် သန်ဘက်ခါထုတ် သတင်းစာများတွင် တွေ့လိမ့်မည်။*

**လူမောင်**

ကြည်ကြည်ဝင်းမှာ အဝတ်အထည် လဲလှယ်နေ၏။ ပြန်ထွက်လာသောအခါ သောင်းတန် အထက်ပါစာ ဖတ်ရှုနေသည်ကို မြင်ရရာ...

"မပူပါနဲ့ ကိုကိုရာ၊ ကြည် လုပ်ကိုင်ကျွေးမှာပေါ့"

"စိတ်မကောင်းဘူးကွာ၊ နည်းနည်းမှ စိတ်မကောင်းဘူး၊ ဒီအဘိုးကြီး မတရားဘူး၊ ကြည့်...တစ်နေ့ စက်ရုံကြီး မီးတိုက်ပစ်လိုက်မယ်"

"ဒီလိုလည်း မကြံကောင်းပါဘူး"

"မမ ထမင်းပြင်ပြီးပြီ"

ကလေးမကလေး လာပြောသဖြင့် စားပွဲဝိုင်းနှင့် ပြင်ထားသော ထမင်းပွဲသို့ နှစ်ယောက်သား လာခဲ့ကြကာ စားသောက်နေကြလေသည်။ ကြည်ကြည်ဝင်းမှာ ငါးဟင်းအရိုး ထွင်ပေးခြင်း၊ ဝက်သားဟင်း ခပ်ထည့်ပေးခြင်းဖြင့် အလုပ်ရှုပ်နေရှာသည်။

ကြည်ကြည်ဝင်းမှာ ပြဇာတ်တွင် ဆက်လက်ကပြနေရာ သောင်းတန်မှာလည်း ရုံမန်နေဂျာအလုပ် ရရှိသဖြင့် လင်မယားနှစ်ယောက် မပူမပင်ရ၊ အချိန်တစ်လခန့်ပင် ကြာရှိခဲ့၍ နောက်ထပ်ဇာတ်ထုပ်အတွက်ပင် စာချုပ်ရပြန်လေသည်။

တစ်နေ့သ၌ လင်မယားနှစ်ယောက် ကျောက်မြောင်းအိမ်ကလေးသို့ ပြန်လာကြရာ အိမ်စောင့်အဒေါ်ကြီးက စာတစ်အိတ် ထုတ်ပေးသဖြင့် ဖွင့်ဖောက်ဖတ်ရှုရာ...

**သောင်းတန်**

*သမီး ကြည်ကြည်ဝင်း၊ တစ်နေ့တခြား နာမည်ကြီးလာသည့်အတွက် ဝမ်းမြောက်သည်။ ဖေဖေကိုယ်တိုင်လည်း ပြဇာတ်ကို လာရောက်ကြည့်ရှုသည်။ အကယ်၍ မင့်အား ကြည်ကြည်ဝင်းနှင့် သဘောတူသည်ဆိုကာ အမွေပေးလိုက်က ကြည်ကြည်ဝင်းအား စင်ပေါ်မတင်ဘဲ ထားမှာကို ဖေဖေ မြင်၍ တမင်အရွဲ့တိုက်ခြင်း ဖြစ်သည်။ ဖေဖေတို့ မြန်မာပြည်၌ ပြဇာတ်နှင့် ရုပ်ရှင်၊ သဘင်သည်တို့အား အထင်သေးလျက် ရှိကြသည်။ အိန္ဒိယပြည်တွင် ဇာတ်လိုက်မင်းသမီးများမှာ ဘီအေ-အမ်အေဒီဂရီရများ၊ မဟာရာဇာ၏သမီးများပင် ပါဝင်ကပြကြသည်။ ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ကားများ ထွက်ပေါ်နေသည်။ မြန်မာပြည်ကလည်း ဘာကြောင့် ဤသို့ မလုပ်နိုင်ရမလဲ၊ ကြည်ကြည်ဝင်းကလည်း*

*ဇာတ်ရည်ဝသော မင်းသမီးကောင်းတစ်ယောက်၊ သားလည်း ရုံတစ်ရုံကို ဦးစီးနိုင်သူဖြစ်၍ သားနှင့်သမီးတို့ ကိုယ်တိုင်ဦးစီးကာ ပြဇာတ်ရုပ်ရှင်တို့ ထောင်နိုင်ရန် ငွေအရင်း ဖေဖေ ထုတ်ပေးမည်။ နက်ဖြန် ၁၀-နာရီ ကားလွှတ်လိုက်မည်။*

**လူမောင်**

"ဒီလိုတော့ ကိုယ့်ဖေဖေ လိမ္မာသားပဲ"

နှစ်ယောက်သားသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးပြုံးရွှင်ရွှင် ဖြစ်၍နေကြလေသတည်း။

သွေးသောက်မဂ္ဂဇင်း

၁၉၄၇-ခု။

## ၃။ မိုးမဆုံး

**ကိုကိုထွန်း**

*အရေးတကြီး တိုင်ပင်စရာ ရှိသဖြင့် ယနေ့ည ၁၁-နာရီအချိန် ဆက်ဆက်လာပါ။ ရီရဲ့ အခန်းအရှေ့ဘက်က ပြတင်းပေါက်ကို စေ့ရုံစေ့ထားမယ်၊ မာလကာပင်က ကူးပြီး တက်ရင် အလွယ်ပဲ၊ ရီ စောင့်နေမယ်။*

**သန်းရီ**

အောင်လွန်းသည် အထက်ပါ စာတိုကလေးကို သိန်းထွန်းအား ပြန်ပေးကာ...

"မင်းသွားမယ် စိတ်ကူးသလား"

"အေး... သူ့အရေးတကြီးခေါ်တာ သွားရမှာပေါ့"

"ငါ့စိတ်အထင်တော့ သမီးကို တိန်ညင်ကြက် အလုပ်ခိုင်းတာလားပဲကွာ"

"အိုကွာ ရီရီ့အကြောင်း ငါ ကောင်ကောင်း သိပါတယ်၊ သူ ၁၆-နှစ်သမီးက ချစ်လာကြတာ၊ ခု ၂-နှစ်တောင် ရှိလာပြီ၊ ငါ့အပေါ် ဖောက်မယ် မထင်ဘူး"

"တို့ ကနေ့မနက်မှ ဆုံးဖြတ်ချက်ချတာ ဒီလူကြီး သိသွားချင်သွားမှာ၊ သူကလည်း မင်းနားတစ်ထောင်ကွ"

"တို့အဖွဲ့မှာ ဉက္ကဋ္ဌရောမှ လူ ၇-ယောက်တည်း ရှိတယ်၊ ပြီးတော့ သစ္စာဆိုထားကြတာ၊ ဘယ်သူက ပြောလို့ သူတို့သိနိုင်မှာလဲ၊ တွေးပူမနေပါနဲ့ကွာ"

"မင်းကို တားမရရင် သွားပေ့ါကွာ၊ လိုလိုမယ်မယ် ငါ အဖော်လိုက်ရမလား"

"မလိုပါဘူးကွာ၊ ငါ့အပေါ် ရက်စက်မယ် မထင်ပါဘူး"

"အေး ဒါဖြင့် မင့်သဘောပေ့ါ"

၃-ပင် ၄-ပင် ခန်း ပျဉ်ကာသွပ်မိုးနှင့် အိမ်တစ်ဆောင်၏ ချောင်ကျသော တစ်နေရာ၌ အသက် ၂၀-ခန့်စီဟု ထင်ရသော လူရွယ်နှစ်ယောက်သည် အထက်ပါအတိုင်း ပြောဆိုနေခြင်းဖြစ်ရာ သိန်းထွန်း အေးအေးဆေးဆေး နိုင်သလောက် အောင်လွန်းမှာ ပူပန်သောအသွင်ကို ဆောင်၏။ အလွန်ချစ်ခင်သော သူငယ်ချင်းဖြစ်သဖြင့် သူငယ်ချင်း၏ဆန္ဒကို အတင်းကန့်ကွက်လိုဟန် မရှိချေ။ အောင်လွန်းကသာ...

"သွားတဲ့အခါသာ သတိနဲ့ သွားပေတော့ကွာ၊ လိုလိုမယ်မယ် မင့်ပစ္စတိုကို ယူသွားနော်"

"မလိုပါဘူး၊ သေနတ်ပါရင် သူ့ကို မယုံသလို ဖြစ်နေမှာပေ့ါ"

"ဒါဖြင့်လည်း မင့်သဘောပေ့ါ၊ ကဲ ပြန်လိုက်ဦးမယ်"

သိန်းထွန်းသည် အောင်လွန်းထွက်သွားမှ ဟင်းကနဲ သက်ပြင်းရှူမိလေသည်။ နံနက်ခင်းကပင် လျှို့ဝှက်စွာ စည်းဝေးပြီးလျှင် အရေးကြီးသော ဆုံးဖြတ်ချက် ချခဲ့၏။ ထိုဆုံးဖြတ်ချက်ကား ကျောင်းဒကာ ပွဲစားကြီးဦးမိုးအား သတ်ပစ်ရန်ဖြစ်၏။ သိန်းထွန်းသည် ဉက္ကဋ္ဌ၏စကားကို ကြားယောင်နေ၏။

"အဆွေတို့ ဒီ ဦးမိုးဟာ လူ့ပြည်ရှိနေသရွေ့ ကာလပတ်လုံး နောက်ဆက်လက်ပြီး လူဘယ်လောက် သတ်ပစ်ဦးမလဲ၊ ဆင်းရဲသားတွေကို ဘယ်လောက် ဒုက္ခပေးဦးမလဲ၊ ကျောင်းဒကာ ပွဲစားကြီးဆိုပြီး လူကြီးလူကောင်းဟန်ဆောင်နေပေမဲ့ သူ၏အကျင့်ယုတ်ကား ငါတို့ကဲ့သို့ တိုင်းပြည်အကျိုး တကယ်လိုလားသူများက လျစ်လျူမရှုသင့်၊ အလွန်စိတ်သဘောကောင်းသော ဖဆပလ ဉက္ကဋ္ဌဦးမြင့် သတ်ပစ်တာ သူ၊ ချောင်းနားတွင် ရဲဘော် (၂) ယောက် သတ်ပစ်တာလည်း သူ၊ ဆင်းရဲသားတွေဝေဖို့ အထည်ရာရှင်တွေ ခိုးတာလည်း သူ၊ ဒီလို သူကျူးလွန်ခဲ့တာတွေကို ရုံးတင် တရားစွဲလောက်အောင် မဟုတ်ပေမဲ့ ယုံကြည်လောက်တဲ့ အထောက်အထားတွေ ရှိတယ်။ ဒါ့ကြောင့် အဆွေတို့အထဲက ဦးမိုးအား သုတ်သင်ဖို့ လူနှစ်ယောက် မဲချပြီး တာဝန်ယူရမယ်"

ဉက္ကဋ္ဌသည် ထိုသို့ပြောပြီးလျှင် သိန်းထွန်းနှင့် အောင်လွန်း နှစ်ယောက် မဲကျသွားခဲ့၏။

သိန်းထွန်းသည် ထိုသို့ မဲကျစဉ်ကလည်း မျက်နှာမပျက်ရန် အထူးသတိထားခဲ့ရ၏။ ဦးမိုးကား တခြားသူ မဟုတ်။ သူ၏ ငယ်ရည်းစား သန်းရီ၏ ဖခင်တည်း။ ချစ်သူ၏ ဖခင်ကို သတ်ပစ်ရန် တာဝန်ယူလိုက်ရပြီ ဖြစ်၏။ ထိုကဲ့သို့သော ရန်သူအိမ်ကို ချစ်သူ၏ ချိန်းစာကြောင့် သွားသင့်မသွားသင့် စဉ်းစားပြန်လေသည်။

သန်းရီသည် သူ၏ဖခင်အကြောင်း ဘာမျှ သိရှာမည် မဟုတ်။ သို့သော် ခါတိုင်း ချိန်းဆိုနည်းမျိုး မဟုတ်ဘဲ အရေးတကြီး တိုင်ပင်စရာရှိသည် ဆိုသဖြင့် မိမိအကျိုးအတွက် ချိန်းဆိုခြင်းဖြစ်မည်။ မိမိ ဘေးဥပါဒ်ဖြစ်သည့်ကိစ္စကို သန်းရီ လုပ်ရက်မည် မဟုတ်။ "သွားမယ်လေ" ဟု ဆုံးဖြတ်လိုက်လေသည်။

လဆုတ် ၁၃-ရက်နေ့ည။ လအစား ကြယ်များ မိုတ်တုတ် မိုတ်တုတ်နှင့် တတ်အားသမျှ အလင်းရောင် ပေးနေကြရှာ၏။ တိုက်ခံအိမ်ကြီး တစ်ဆောင်၏ဘေးရှိ မာလကာပင်ပေါ်၌ မည်းမည်းသဏ္ဍာန်တစ်ခု ရောက်နေ၏။ ထိုသဏ္ဍာန်သည် အပေါ်ထပ် ပြတင်းတစ်ခုကို လှမ်းဆွဲရာ ပွင့်သွားသဖြင့် မျောက်လွှဲကျော်ပမာ ခြေတံလက်တံရှည်နှင့် ကူးဝင်သွား၏။ အရေးရှိက အသင့်ထွက်နိုင်ရန် တံခါးကို စေ့ရုံစေ့ထားခဲ့၏။

ထုပ်တွင် ဆွဲချိတ်ထားသော ကြယ်မှန်အိမ် အလင်းရောင်သည် တစ်ခန်းလုံး လင်းထိန်နေရာ ယောက်ျားပျို အတွင်းအရောက် မိန်းမပျိုလည်း အသင့်စောင့်ကာ လက်ကိုဆွဲပြီးလျှင် သူ၏အခန်းထဲသို့ ခေါ်ဆောင်သွားလေသည်။ အခန်းထဲသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လုလင်ပျိုသည် လုံမ၏ ပါးပြင်ကို အားပါးတရမွှေး။ တအားပွေ့ဖက်ထား၏။

"ဘာလဲ ရီရဲ့၊ ဘာများ အရေးကြီးလို့လဲ"

"ကြီးတာမှ အတော့်ကို အရေးကြီးတယ်"

ထိုအခိုက် အခန်းပေါက်သို့ လူရိပ်တစ်ခု ရောက်လာပြီးလျှင် ခြောက်လုံးပြူးနှင့် ချိန်ကာ "ဟေ့ ထွက်ခဲ့" ဟု ခေါ်၏။ သိန်းထွန်း မတတ်နိုင်။ သန်းရီအား "ဒါ ရီရီရဲ့ ဉာဏ်ပေါ့၊ ရက်စက်ပါပေ့ ရီရယ်" ဟု ဆိုကာ အခန်းအပြင်ဘက်သို့ လက်မြှောက်၍ ထွက်လာရ၏။ ဦးမိုးကား စစ်အောင်သော မျက်နှာကဲ့သို့ ခပ်ပြုံးပြုံးကြည့်ကာ ....

"မင်းတို့ လူငယ်တွေရဲ့ဉာဏ် ငါ အိပ်နေသလောက် ရှိသေးတယ်"

ချက်ချင်းလိုပင် သန်းရီ အပြေးထွက်လာကာ...

"ဘာလဲ ဖေဖေ မတရားဘူး၊ ဖေဖေ ဒီလိုလုပ်တာ ဘာကောင်းသလဲ"

ဟု ပြောပြောဆိုဆို တွန်း၍ပစ်လိုက်ရာ ဦးမိုး ယိုင်၍သွား၏။ အခြေပျက်သည်နှင့် တစ်ပြိုင်နက် သိန်းထွန်းသည် ဦးမိုးအား ကျားအုပ်သလို ခုန်အုပ်ကာ သေနတ်ကို လုတော့၏။ ဦးမိုးကလည်း အတင်းရုန်း၊ သေနတ်ပါ လုဆွဲဆွဲ၍ ဦးမိုးသည် သေနတ်ကို ကြမ်းပြင်ပေါ်သို့ လွှတ်ချလိုက်လေသည်။

သိန်းထွန်းသည် သေနတ်ကို ကောက်မည်အလုပ် "လက်မြှောက်လိုက်" ဟု တစ်နေရာက အသံကြား၍ ကြည့်လိုက်ရာ ရိုင်ဖယ်ကိုယ်စီနှင့် လူသုံးယောက်ကို မြင်ရသဖြင့် လက်မြှောက်လိုက်ရပြန်၏။ သန်းရီကား ဘာလုပ်ရမည် မသိ။ ယောင်ချာချာ ဖြစ်၍နေလေသည်။ ဦးမိုးကား တဟားဟားရယ်လျက် မခန့်လေးစား အမူအရာဖြင့်...

"ဘာရမလဲကွာ၊ သတိဆိုတာ အမြဲရှိရသပေါ့၊ သိုင်းတတ်တဲ့ လူတစ်ယောက်နဲ့ ခြေချော်လက်ချော်ဖြစ်ရင် အခက်ဆိုပြီး အစောင့်ထားရတာပေါ့၊ သိုင်းတတ်ပေမဲ့ ကျည်ဆံတော့ ပြီးမယ်မထင်ပါဘူး၊ ကဲ ကြိုးနဲ့တုပ်ကြဟေ့"

အသက် ၂၀-ကျော် ၃၀-တွင်းလောက် ထင်ရသော လူရွယ်သုံးဦးသည် ရှေ့သို့ တိုးလာကြကာ တစ်ယောက်က ရိုင်ဖယ်ကို အခြားတစ်ယောက်အား ပေးပြီးလျှင် သိန်းထွန်းအား ကြိုးနှင့်တုပ်ရန် ပြင်ဆင်နေ၏။ အခြားနှစ်ယောက်က ရိုင်ဖယ်နှင့် အသင့်စောင့်နေ၏။

ထိုအခိုက် သိန်းထွန်း တက်လာသော ပြတင်းပေါက်ဆီမှ "လက်မြှောက်လိုက်" ဟု အသံကြားသဖြင့် လှည့်ကြည့်ကြရာ ပြတင်းပေါက်တွင် မေးတင်ထားသော စက်သေနတ်အသေးစား ပြောင်းဝကို မြင်ကြရသဖြင့် မပြေးဝံ့ကြဘဲ လက်နက်ချကာ လက်မြှောက်လိုက်ကြရပြန်သည်။

"နေရာမရွှေ့နဲ့နော်၊ ဟေ့ကောင် သိန်းထွန်း ကုန်းပြီး ဒီကိုလာခဲ့"

သိန်းထွန်းလည်း စက်သေနတ် ရမ်းသာအောင် ကုန်း၍သွားပြီးလျှင် စက်သေနတ်ဘေးက ပြတင်းတံခါး ကျော်တက်၏။ အတွင်းရှိလူများမှာ စက်သေနတ် မရုတ်သိမ်းသေးသဖြင့် မလှုပ်ဝံ့ကြချေ။ နာရီဝက်ခန့်ကြည်သည့်တိုင်အောင်လည်း စက်သေနတ်မှာ ချိန်ထားမြဲဖြစ်၏။ ပြတင်းတံခါးတစ်ဖက် လေတိုက်၍ ပြန်အပိတ် စက်သေနတ်ပြောင်း အတွင်းဘက်သို့ ဂျောက်ခနဲကျမှ အပြေးကြည့်ကြရာ တစ်ထွာသာသာရှိသော စက်သေနတ်ပြောင်း အဖျားပိုင်းနှင့် တထေရာတည်းတူသော သစ်သားပြောင်းကို တွေ့ကြသဖြင့် ကြိတ်မနိုင် ခဲမရဖြစ်၍ နေကြလေသည်။

***

နောက်တစ်နေ့ နံနက် ၉-နာရီခန့်ကျမှ သိန်းထွန်း အိပ်ရာက နိုး၏။ တဘက်ကြီးနှင့် မျက်နှာသုတ်နေခိုက် အောင်လွှန်း ရောက်၍လာလေသည်။

"ကဲ ငါမပြောလား သိန်းထွန်း၊ မိန်းမမာယာ သဲကိုးဖြာတဲ့၊ ငါသာ လိုက်မလာရင် မင်းကို ညတွင်းချင်း ဖျောက်ဖျက်ပစ်လိုက်မှာ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရာ"

"တင်စရာ မလိုပါဘူး၊ ဒါ သူငယ်ချင်း ဝတ္တရားပဲ"

"မင်း ငယ်ငယ်က တူကလေး၊ လှံကလေးနဲ့ ကမြင်းခဲ့တာ အခု စက်သေနတ်အတု လုပ်တတ်တာပေါ့၊ အတုမှန်းသိရင်တော့"

"ဘာရမလဲ၊ ခြောက်လုံးပြူးက အသင့်ပဲဟာကွာ၊ ကဲ မင့်ငယ်ရည်းစားအကြောင်း အခု သိပြီမဟုတ်လား"

"မဟုတ်ဘူး၊ ရီရီ သိပုံမရဘူး၊ ဘာလဲ ဖေဖေ မတရားဘူး၊ ဖေဖေ ဒီလိုလုပ်တာ ဘာကောင်းသလဲဆိုပြီး သူ့အဖေကို တွန်းပစ်သေးတယ်ကွ"

ထိုအခိုက် အသက် ၁၈-နှစ်ခန့် မိန်းမပျိုတစ်ယောက် တက်လာသဖြင့် နှစ်ယောက်စလုံး လှမ်းကြည့်ကြကာ သိန်းထွန်းက "ဒီလာလေ ရီရီ" ဟု လှမ်းခေါ်လိုက်လေ၏။ သန်းရီသည် သိန်းထွန်းအနီးရှိ ကုလားထိုင် အလွတ်တစ်လုံးတွင် ထိုင်ချလိုက်၏။

"ရီရီ့ ဖေဖေကော"

"မရှိလို့ ဒီကို လာရဲတာပေါ့၊ ညက အရိုက်လည်း ခံရတယ်၊ အကြိမ်းလည်း ခံရတယ်၊ နောင် ဆက်ဆံရင် သတ်ပစ်မတဲ့၊ အခု ကိုကိုထွန်း အထင်လွဲမှာစိုးလို့ လာပြီး ရှင်းတာ"

"ကိုထွန်းတော့ နားကိုမလည်သေးပါဘူး ရီရီရယ်"

"ဒီလို… မနေ့က ညနေခင်းမှာ ကိုကျော်ခေါင်လာတယ်၊ ဖေဖေနဲ့ စကားအတော်ကြာပြောပြီး ဆင်းသွားတယ်၊ ရီရီကိုလဲ အသေအလဲ ပိုးနေတယ်ဆိုတာ ကိုကိုထွန်းကို ပြောဖူးသားပဲ၊ သူဆင်းသွားလို့ ခဏကြာတော့ ဖေဖေက ကိုကိုထွန်းနဲ့ ချစ်နေတာ အဟုတ်လား၊ တကယ်ချစ်ရင် ပေးစားမယ်တဲ့၊ ဒီသိန်းထွန်းဟာ ဖေဖေ့ကို အထင်လွဲနေတယ်တဲ့၊ အဲဒါ ဖေဖေ ရှင်းပြချင်တယ်၊ မရှင်းရရင် ရီရီတို့ အချစ်လမ်းလည်း ပိတ်သွားမယ်တဲ့"

"ဘာကို ရှင်းပြမှာတဲ့လဲ"

"ဖေဖေ့ကို အထင်မှားနေတယ်တဲ့၊ ဖေဖေဟာ ဘုရားတရားနဲ့ နေတဲ့လူတစ်ယောက်ကို သူတို့ တလွဲထင်နေသတဲ့၊ ည ဖေဖေနဲ့ တွေ့ဖို့ ခေါ်ပေးပါဆိုတော့ ရီရီကလည်း ရိုးရိုးထင်ပြီး ကိုကိုထွန်းကို ခေါ်မိတာပဲ၊ ညက ဖြစ်တာတော့ သိတဲ့အတိုင်းပဲ"

"ဟို ရိုင်ဖယ်နဲ့ သုံးယောက်ကတော့ ဘယ်သူတွေလဲ"

"ရီရီ ဘယ်သိမလဲ၊ မရေလည်ပါဘူး၊ ဖေဖေနဲ့ ကိုသိန်းထွန်းနဲ့ ဘာအထင်လွဲတာ ရှိသလဲဟင်"

အောင်လွန်းသည် သိန်းထွန်း၏ပေါင်ကို အမှတ်မဲ့ ကုတ်လိုက်ရာ…

"မရှိပါလား ရီရီရယ်၊ ရီရီနဲ့ ချစ်နေတာသိလို့ နှိပ်စက်မလို့ ခေါ်တာများလား"

"အံမာ ဘာရမလဲ၊ ကိုကိုထွန်း ခိုးချင်တဲ့အချိန်ခိုး၊ ရီရီ လိုက်မယ်၊ ညက နောက်ထပ်လိုက်လာတာ ကိုကိုလွန်း မဟုတ်လား"

"အလို ဘုရားရေ၊ ကျုပ်ကို အမှုထဲ ဆွဲမသွင်းပါနဲ့ဗျာ"

"ကိုကိုလွန်းဟုတ်လည်း ကိုကိုထွန်းကိုလိုက်ပြီး ကယ်ဆယ်တာမို့ သာပြီး ကျေးဇူးတင်ရမှာပါ"

"ရီရီ တကယ်ပြောတာနော်၊ ကိုကိုထွန်း ခိုးပြေးမယ်ဆိုရင် ဘယ်အခါမဆို လိုက်ရမယ်"

"ဒါဖြင့် အခုပြေးစို့လေ၊ ကဲ စိန်လိုက်"

"ဒါလောက် မြန်အားကြီးတော့လည်း ဘယ်ကောင်းမလဲ ရီရီရဲ့"

"ရဲလည်း မရဲဘဲနဲ့ ကျွဲစီးချင်သေး"

"ရီရီ့စကားသာ မှတ်ထားပါဗျာ"

"ဘယ်တော့မှ မမေ့ဘူး၊ ကဲ ကြာနေရင် မကောင်းဘူး၊ ရီရီ ပြန်မယ်" ဟု နေရာမှထကာ ထွက်ခွာသွားလေသည်။

***

နောက် ၅-ရက်ခန့် ကြာသောအခါ အောင်လွန်း သိန်းထွန်း၏ အိမ်သို့ ပေါ်ပေါက်လာပြီးလျှင် ရွှင်ပျသော အမူအရာနှင့်...

"ကျော်ခေါင်တော့ ... သွားမြဲလမ်း သွားပပေါ့၊ ဉက္ကဋ္ဌက မဲကြီးကို တာဝန်လွှဲလိုက်တာပဲ"

"အေး... ဒီလို သစ္စာဖောက်တွေ သွားတာပဲ ကောင်းတယ်၊ ငါ့တာဝန်လည်း ကနေ့ည လုပ်တော့မယ်"

"ဟင် .. ဟုတ်လား၊ ဘယ်လို စီစဉ်ထားသလဲ"

"ရီရီနဲ့ သန်းခေါင်ကျော် ၄-နာရီ လာခေါ်မယ်လို့၊ သူ့အဖေနဲ့ လူပိုတွေအတွက် စိတ်ချရအောင် ထမင်း မိုးချုပ်မှကျွေး၊ ဟင်းထဲ အိပ်ဆေးထည့်ဖို့ပါ စီမံပြီးပြီ"

"ငါ လိုက်ရဦးမလား"

"မလိုပါဘူးကွာ၊ ငနဲကြီးစီရင်ပြီးတော့ ရီရီနဲ့ တကယ်ထွက်ပြေးပေါ့ကွ"

သူငယ်ချင်းနှစ်ယောက် အသင်းလုပ်ငန်းများ အနည်းငယ် ပြောဆိုပြီးလျှင် အောင်လွန်း ထွက်ခွာသွားလေသည်။

သိန်းထွန်းကား နှိုးစက်နာရီကို နံနက် ၄-နာရီထိုးရန် ၁၀-မိနစ်အလိုတွင် စက်သံပတ်ပေးထား၍ စောစောအိပ်ရာဝင်၏။ ကာယဗလ လေ့ကျင့်ထားသော လူရွယ်၊ စားကောင်းသောက်ကောင်းဖြစ်သဖြင့် ခေါင်းချ၍ အိပ်ပျော်သည်က နှိုးစက်သံကြားမှ နိုးလေတော့သည်။

သိန်းထွန်းသည် ယူစရာရှိသည်တို့ကို ယူပြီးလျှင် အစ်ကိုတစ်ယောက်အား အကျိုးအကြောင်း မှာကြားကာ အတွင်းတံခါး ပိတ်စေပြီး သန်းရီတို့အိမ်ဆီသို့ ထွက်ခဲ့၏။ မာလကာပင်မှ တက်နေကျအတိုင်း တက်ရောက်သွားရာ ကြည်မှန်အိမ် အလင်းရောင်အောက်တွင် အသင့်စောင့်နေသော သန်းရီအား တွေ့ရသဖြင့် လည်ပင်းကိုဖက်ကာ အခန်းထဲသို့ ဝင်ခဲ့ကြလေသည်။

"ယူစရာ ငင်စရာလေးတွေ ပြင်ထားပြီလား ရီရီ"

"ဟင့်အင်း ဘာယူရမှန်း မသိလို့"

"အဝတ်အထည်ကလေး နည်းနည်းပါးပါးပေါ့"

"ဒါဖြင့် ပြင်လိုက်မယ်လေ" ဟု ပြောပြီးလျှင် အထုပ်အပိုး ပြင်နေစေ၏။ သူကိုယ်တိုင်မှာ အမှတ်မဲ့ ရေဒိုးစင်ရှိရာ မေးပြီး ခပ်ဖြည်းဖြည်း ထွက်ခဲ့၏။

အခန်းတစ်ခန်းဘေးသို့ ရောက်သောအခါ တံခါးကို တွန်းကြည့်ရာ အလွယ်တကူ ပွင့်သွား၏။ နှစ်ခဲထိုးဓာတ်မီးနှင့် ထိုးကြည့်သောအခါ လူတစ်ယောက် ခုတင်ပေါ်တွင် ပက်လက်လှန် အိပ်နေ၏။ ဦးမိုးပင် မဟုတ်ပါလော။ သူသည် ခါးက ဓားမြှောင်ကို ထုတ်ယူလိုက်၏။ ရှေ့သို့တိုးသွားကာ လည်မျိုကို တအားစိုက်မည်အလုပ် မျက်လုံးပြူးကာ အထူးအံ့အားသင့်သွားလေသည်။ အကြောင်းမူကား ဦးမိုးမှာ လည်ပင်းတွင် ဓားဒဏ်ရာနှင့် မျက်လုံးပြူး အသက်ပျောက်နေသောကြောင့်တည်း။

"အမယ်လေး ရက်စက်လှချည့်လား ကိုကိုထွန်းရဲ့" ဟု ပြောရင်း ခါးဖက်ဆွဲလိုက်သော သန်းရီအား တွေ့ရသဖြင့် သိန်းထွန်း တုန်လှုပ်ချောက်ချားသွား၏။ အလောင်းတွင် ဓားတန်းလန်းမရှိ။ ဓားမှာ သူ့လက်ထဲတွင် ကိုင်ထားဆဲ။

"ကိုကိုထွန်း သတ်မလို့ လာတာပဲ။ ဒါပေမဲ့ သူများ သတ်သွားတယ်"

"လက်ပူးလက်ကြပ် မိရက်နဲ့ ကိုကိုထွန်းရယ်၊ အဖေ့မုန်းဦး၊ ကိုယ့်ချစ်သူဟာ သူ့သမီးပါလားလို့ ငဲ့ကွက်ဖို့ ကောင်းပါတယ်"

"ခက်ကပြီ အထင်မှားနေပြီ"

"ကဲ ရီရီ အော်ငိုချင်လှပြီ၊ မြန်မြန် ပြတင်းက ဆင်းပြီး ထွက်တော်မူပါတော့"

သိန်းထွန်း ရှင်းလင်းသော်လည်း မရ။ ပြတင်းက ဆင်းခဲ့ရလေသည်။ အတော်ဝေးမှ သန်းရီ၏ အောင်ဟစ်ငိုသံကို ကြားရ၏။

မိုးလင်းသောအခါ မလိုသူတစ်ဦးက သတ်ဖြတ်သွားကြောင်းသာ ပြော၍ သိန်းထွန်းအား တရားခံအဖြစ် ပြောမပြသဖြင့် သန်းရီ၏မေတ္တာကို သိန်းထွန်း အံ့သြကျေနပ်သွား၏။ သို့ရာတွင် အဆက်အသွယ် မရှိသလောက် ဖြစ်သွားသဖြင့်လည်း အလွန်အခံရခက်၍ နေလေသည်။

သိန်းထွန်းက တိုးလျှိုးတောင်းပန်တိုင်း "အနာဟောင်း ဖော်သလို ဖြစ်နေပါ့မယ်၊ ဒီအကြောင်းမပြောပါနဲ့၊ လူချင်းလည်း ခွဲနေကြတာ ကောင်းပါတယ်" ဆိုသဖြင့် သန်းရီ၏ အလိုကို လိုက်ခဲ့ရ၏။

နေ့ကိုရက်စား၍ ၃-လတိုင် ရောက်ပြားသော်လည်း သန်းရီမှာ အဆွေးမပြေနိုင်အောင် ဖြစ်နေ၏။ ငယ်ချစ်ကို မမုန်းနိုင်၊ ချစ်ရမှာကလည်း ဖခင်အား ရက်စက်စွာ သတ်ခဲ့သူ ဖြစ်သဖြင့် ထိုအနာပေါ်တိုင်း အောင့်သက်သက် ဖြစ်တော့မည်ဟု တွေးမိလေသည်။

တစ်နံနက်ခင်း၌ ဂျစ်ကားတစ်စီးသည် သန်းရီ၏ အိမ်ရှေ့သို့ ထိုးရပ်လိုက်ပြီးလျှင် ရဲဘော်တစ်ယောက် သန်းရီအား အရေးကြီးသော ကိစ္စနှင့် ဆေးရုံသို့ လိုက်ပါရန် ခေါ်ဆောင်သွား၏။

ဆေးရုံရှိ တစ်ခုသော ခုတင်ဘေးပတ်လည်၌ ပရိသတ် အတော်များများ ဝိုင်းနေကြ၏။ သန်းရီလည်း ရဲဘော်ခေါ်ဆောင်ရာ ထိုခုတင်အနီးသို့ ရောက်ရှိသွားရာ အသက် ၂၀-ကျော်ခန့်ရှိ လူမမာသည် အားနည်းသော မျက်လုံးနှင့်ကြည့်ကာ...

"မသန်းရီ ရောက်ပြီလား၊ ကျွန်တော်လည်း ဟောဒီ ငှက်ဖျားရောဂါနဲ့ သေရတော့မှာပဲ။ တော်လှန်ရေးတုန်းက ခံရတဲ့ ဒဏ်ပေါ့ဗျာ။ ခင်ဗျားအဖေ ဦးမိုးသေရတာ တခြားသူ မဟုတ်ဘူး၊ ကျွန်တော် သတ်တာပဲ၊ (အသက် ၄၀-ခန့် တရားသူကြီးနှင့် တူသူသည် ရေးမှတ်နေ၏။) ဘာ့ကြောင့် သတ်သလဲဆိုရင် ကျွန်တော့်အဖေ ဦးမြိုင်ကို ခင်ဗျားအဖေက သတ်လို့၊ ကလဲ့စားချေတာပဲ။ ကျွန်တော်လည်း သေခါနီးတော့ ဒီလို မီးခိုးမဆုံး မိုးမဆုံးအလုပ်တွေ စက်ဆုပ်မိတယ်၊ အဲဒါပါပဲဗျာ"

လူမမာ အမောဆို့လာ၏။ သန်းရီမှာ လူမမာအနီး ကြာကြာမနေနိုင်။ အိမ်သို့ အမြန်ပြန်လာ၏။ တစ်ယောက်ယောက်အား သိန်းထွန်းကိုလာရန် အခေါ်ခိုင်းလိုက်၏။ သိန်းထွန်း ရောက်လာသည်နှင့် တစ်ပြိုင်နက် မျက်ရည်များဝဲကာ သိန်းထွန်းအား ပွေ့ဖက်ထားတော့၏။

"ရီရီ့ကို ခွင့်လွှတ်ပါနော် ကိုကိုထွန်း"

"ဘယ်တုန်းက ရီရီ့ကို စိတ်ဆိုးဖူးလို့လဲ"

"၃-လကျော်ကြာအောင် ဒုက္ခပေးမိလို့ပါ" ဟု ဆေးရုံက သတင်းကို ပြန်ပြောရာ "ကိုကိုထွန်းကလည်း တစ်နေ့ အရည်လည်ရမည်လို့ ထင်ပြီးသားပဲ" ဟု သန်းရီ၏ ကိုယ်ကလေးကို ပွေ့ချီကာ အခန်းထဲသို့ ခေါ်ဆောင်သွားလေသတည်း။

သွေးသောက်မဂ္ဂဇင်း

၁၉၄၇-ခု။

## ၄။ စေတနာရှင်

ညနေ ၄ နာရီခန့်တွင် အစိမ်းရင့်ရောင် ဆလွန်းကားတစ်စီးသည် ဦးဝိစာရလမ်း တစ်ခုသောခြံနှင့် နှစ်ထပ်တိုက်တစ်လုံး၏ ဆင်ဝင်အောက်သို့ ထိုး၍ရပ်လိုက်၏။

"ဟော ကိုကိုပြန်လာပြီ" ဟု အသက် ၂၃ နှစ်ခန့် မိန်းမတစ်ယောက်နှင့် အသက် ၂၅ နှစ်ခန့် မိန်းမတစ်ယောက် ပြေးထွက်လာကြကာ ကားပေါ်မှ မိုးကာအင်္ကျီ၊ ကုန်သည်ကိုင် သားရေအိတ်၊ စက္ကူထုပ် တစ်ထုပ်တို့ကို ဝေခွဲယူငင်ကြလေသည်။

လုလင်မှာ အသက် ၃၀ ခန့် မွန်မွန်ရည်ရည်၊ အဝတ်အထည် သပ်သပ်ရပ်ရပ် ဖြစ်၏။ ထွက်ကြိုသူ လုံမပျိုတစ်ဦးမှာ နုတ်ခမ်းထူ၊ နှာခေါင်းပွ၊ မျက်လုံးပြူးနှင့် ဖြစ်၍၊ အခြားတစ်ဦးမှာကား အသား မည်ို့တည်ို၊ ရုပ်ရည်သနားကမား ဖြစ်သော်လည်း လုလင်နှင့် ဆက်စပ်၍ မရချေ။

လုလင်လည်း ပြုံးပြုံးရယ်ရယ်နှင့်ပင် တိုက်အောက်ထပ်သို့ ဝင်ရောက်လာရာ၊ တံခါးမအလွန်တွင် မရဲတရဲ ရပ်နေသော အသက် ၁၅ နှစ်ခန့် ဆံအုပ်လုံးသိမ်းနှင့် ကလေးမတစ်ယောက်ကို မြင်ရသဖြင့် အံ့အားသင့်သွား၏။ လာကြိုသူ လုံမတစ်ယောက်က....

"ဟဲ့ လုညွှန့် ဒါပဲ တို့ပြောတဲ့ ကိုကိုဆိုတာ"

ကလေးမသည် လုလင်အား လေးစားရွံ့ကြောက်သော အသွင်နှင့် မော့ကြည့်၏။ လုလင်မှာ သူ့အခန်းဆီသို့သွားကာ ဘောင်းဘီရှည်၊ ရှူးဖိနပ်တို့ကို ချည်ချောလုံချည်၊ ရှေ့ထိုးဖိနပ်နှင့် လဲပြောင်းဝတ်ဆင်ကာ ထွက်၍လာ၏။

"သြော် မင်းမောင်၊ ပြန်လာပြီလား၊ ဟော တူမတစ်ယောက် တိုးပြန်ပြီ"

အသက် ၅၀ ခန့် ဖြူဖြူတုတ်တုတ် မိန်းမခန့်ကြီးတစ်ယောက်သည် သားဖြစ်သူရှိရာ ဧည့်ခန်းသို့ လာပြီးလျှင် စတင်ပြောဆိုခြင်း ဖြစ်၏။

"ဘယ်ကလဲ မေမေရဲ့"

"အေး သူပြောပြပါလိမ့်မယ်၊ စကားပြော သွက်ပါတယ်၊ ရုပ်ကိုလည်း မင်း သေသေချာချာ ကြည့်ရင် ညွှန်ဖုံးနေတဲ့ ပတ္တမြားလိုပဲ"

ကလေးမသည် လူစိမ်းဖြစ်သဖြင့် ပြတင်းတစ်ခုနားတွင် ရပ်၍နေ၏။ ကိုမင်းမောင်က....

"ဟော့ ကလေးမ လာပါဦးကွဲ့" ဆိုမှ မရဲတရဲနှင့် လျှောက်၍လာကာ ဆိုဖာဘေး ကော်ဇောပေါ်တွင် ထိုင်မည်အလုပ် "ဟဲ့ အဲဒီပေါ်ထိုင်" ဟု ဆိုသဖြင့် ဆိုဖာပေါ် ထိုင်ချလိုက်ရာ ဖင်မြုပ်သွားသဖြင့် "အကို့" ဟုဆိုကာ ယောင်၍မတ်တတ်ရပ်ရှာသည်။ နှာတံ၊ မျက်လုံး၊ မျက်နှာပေါက် အမှန်ပင် မိန်းမချောလေးတစ်ယောက်ဖြစ်သည်ကို ကိုမင်းမောင် အကဲခတ်မိလေသည်။ မိန်းကလေး၏ခါးက ဖျင်အင်္ကျီကား သူနှင့်မတော် အတော်ကြီးနေသဖြင့် အိမ်က သူငယ်မကြီးတွေ၏ အင်္ကျီ ဝတ်ဆင်ပေးထားကြောင်း တွေးမိ၏။ ထိုအခါ ၂ နာရီခွဲနှင့် ၃ နာရီခွဲအကြား ရန်ကုန်မြို့တွင် မိုးသည်းထန်စွာ ရွာချသည်ကို ကိုမင်းမောင် သတိပြုမိ၏။ မိန်းကလေးမှာ မိုးမိ၍ အဝတ်တွေ စိုသဖြင့် အိမ်ကအဝတ်နှင့် လဲပေးထားကြောင်းလည်း စုံထောက် ကိုညက်များဟန်နှင့် အတတ်တွေးလေသည်။

"ပြောပါဦးကွဲ့၊ ဘယ်လိုဖြစ်လာတာလဲ"

ကလေးမသည် ကိုမင်းမောင်၏မိခင် ဒေါ်လှအေးအား တစ်လှည့်၊ ကိုမင်းမောင် တစ်လှည့်ကြည့်ပြီးနောက် သူ့ဖြစ်ပုံကို....

"ကျွန်မတို့က တောက၊ ကျွန်မအမေက မသက်တဲ့၊ ကျွန်မအဖေက ကိုမြတ်ကျော်တဲ့"

"ဟဲ့ နင်စောစောကပြောတော့ ကိုဘိုးဟန်ဆို"

"ဟုတ်ပါတယ် မေမေကြီးရဲ့၊ ကျွန်မ ရည်လည်အောင် ပြောမလို့ပါ။ တောမှ ဓားပြပူတော့ ဓားပြလက်ချက်နဲ့ ကျွန်မအဖေအရင်း ကိုမြတ်ကျော် သေပါတယ်။ ဒီအခါမှာ ကိုဘိုးဟန်က အမေနဲ့ ကျွန်မကို သနားတယ်ဆိုပြီး စောင့်ရှောက်ပါတယ်။ ကျွန်မအသက် ၁၃ နှစ်ရှိသေးတယ်။ နောက် စောင့်ရှောက်ရင်း အမေနဲ့ ညားကြရော။ တောမှာ အလုပ်အကိုင်မရှိ၊ ငတ်တစ်လှည့် ပြတ်တစ်လှည့်မို့ အမေ့ပုလဲနားကပ် ရောင်းပြီး ရန်ကုန်လာကြတယ်။ ရန်ကုန်ကျတော့ ကျောက်တိုင်အမြင့်ကြီး အပေါ်မှာ ဘုန်းကြီးတစ်ပါး တောင်ဝှေးထောက်ထားပုံ ကြေးရုပ်ရှိတဲ့ အဲဒီအနောက်မြောက်ဘက်နားဘေးမှာ တဲထိုး ပူးသီးကြော် ရောင်းကြပါတယ်။ တစ်စတစ်စ ငွေရများတော့ တဲကြီးတစ်လုံး အသစ်ထိုးနေကြတယ်။ ပထွေးဟာ ကျွန်မအပေါ် ကောင်းပါတယ်။ သူအရင်က မသောက်တတ်ဘူး၊ ရန်ကုန်က လူတွေနဲ့ပေါင်းမှ အရက်သောက်တတ်တယ်၊ ကျွန်မအပေါ်လည်း သူ မရိုးချင်ဘူး၊ ဒါပေမဲ့ အမေကလည်း စောင့်ရှောက်၊ ကျွန်မကလည်း ရှောင်နိုင်အောင် ရှောင်ခဲ့တာပဲ။ ဒါနဲ့ ကနေ့တော့ အမေနဲ့ ပူးသီးဝယ် သွားကြတယ်။ နောက် သူတစ်ယောက်တည်း ပြန်လာတယ်။ မူးလာတယ်လို့လည်း ထင်တယ်။ ကျွန်မလည်း ခပ်လန့်လန့်၊ ပူးသီးလှီးတဲ့ ဓားဦးချွန်ကို ဖျာအောက် အမှတ်တမဲ့ ထိုးထားတယ်။ ဒီအတွင်း အိပ်ရာပေါ် တက်အိပ်ပြီး ကျွန်မကို အနှိပ်ခိုင်းတယ်။ ငယ်ငယ်ကလည်း နှိပ်ပေးခဲ့ရဖူးတော့ နှိပ်ပေးရတာပဲ။ ဒါပေမဲ့ သူ ဘာမပြော ညာမပြော အတင်းဖက်လှဲတော့ ကျွန်မက ပရိယာယ်ဆင်ပြီး " နေဦး ခဏနေဦး လုံးချည်တစ်ထပ် ချွတ်လိုက်ဦးမယ်" ဆိုတော့ သူလွှတ်ပေးတယ်၊ ကျွန်မလည်း တကယ် လုံချည်တစ်ထပ်ချွတ်၊ ဖျာအောက်သွင်းရင်း အဘရယ် ဟိုတံခါး ကြည့်ပါဦးဆိုတော့ သူလှည့်ကြည့်တယ်၊ အဲဒီအခိုက် သူ့ကျောကို ဖျာအောက်က ဓားဦးချွန်နဲ့ တအားထိုးလိုက်တာ အောင်မလေးဗျဆိုပြီး မှောက်လျက် လဲကျသွားရော၊ ဓားကို ရေမြောင်းထဲ ပစ်ချထွက်လာခဲ့တာပဲ၊ လမ်းဘေးက မြောက်ဘက်တည့်တည့် လျှောက်လာတာ မိုးတွေအုံ့မှိုင်းပြီး သိပ်ရွာချတော့လည်း ပုလိပ်ဖမ်းမှာ ကြောက်လို့ ဖွတ်တိုးလျှောက်လာတာ၊ ချမ်းအားကြီးတာနဲ့ ဝင်းခြံတစ်ခုအတွင်းက တိုက်ကြီးရဲ့ စူထွက်နေတဲ့ အောက်ဝင်အရပ်မှာ ဟိုမမတွေ့၊ ဒီမေမေကြီးရယ် တွေ့တာပဲ ဦးလေးရယ်"

"နင် ပြေးလာသလား"

"မပြေးပါဘူး ၊ ပြေးရင် လူရိပ်မိမှာပေ့ါ"

"ကြည့် မေမေ၊ စိတ်ကူးညာဏ် မခေဘူး၊ နင် ဦးလေးတို့အိမ်မှာ နေမလား"

"ကျွန်မ ဘယ်မှ အားကိုးမရှိဘူးလို့ မေမေကြီးတို့ကို ပြောပြီးပါပြီ။ ပုလိပ်ဖမ်းမှာသာ စိုးရိမ်တာပါ"

"ကိစ္စမရှိဘူး၊ ဦးလေးက မဖမ်းအောင် လုပ်ပေးမယ်"

ကလေးမမှာ အလွန်ဝမ်းသာအားရသော အမူအရာ ပြောင်းလဲသွားလေသည်။ သူ့ဘဝသစ်ကိုလည်း တိုက်တာ အခမ်းအနား မော်တော်ကားတို့ဖြင့် ဇရဲဘဝမှ နတ်ပြည် ရောက်ရတော့မည်ကိုလည်း တွေးတောမိကာ ဝမ်းသာမဆုံး ဖြစ်နေဟန်တူသည်။

ကိုမင်းမောင်မှာ အကျိုးပေးထူးသူဖြစ်၏။ တစ်ကြိမ်သောအခါက သူလည်း ဆင်းဆင်းရဲရဲ နေခဲ့ရဖူးသည်။ ဂျပန့်ခေတ်တွင် ကူးသန်းရောင်းဝယ်ရေးဖြင့် စီးပွားဖြောင့်ခဲ့သည်။ အင်္ဂလိပ် ပြန်ရောက်လာသောအခါလည်း သူမဆင်းရဲ၊ စစ်ဘက်ပစ္စည်းများနှင့် နိုင်ငံခြား ပစ္စည်းများကို သိန်းနှင့်ချီ၍ ရန်ကုန်တွင် ကုန်တိုက်ဖွင့်ကာ ရောင်းချနေသူဖြစ်သည်။ ဆင်းရဲဖူးသဖြင့် ဒုက္ခိတများကို သနားတတ်သည်။ အကူအညီ ပေးတတ်သည်။ ခရီးစရိတ် အဝတ်အထည် စသည်တို့ သူထောက်ပံ့ရသော ဆင်းရဲသားများကား မရေတွက်နိုင်ပြီ။

အိမ်တွင် သူရောက်စက "ကိုကို" ဟုခေါ်၍ ကြိုဆိုကြသော မိန်းမနှစ်ယောက်အနက် မလှကြွယ်ဆိုသူမှာ ကလေးတစ်ယောက်နှင့် လင်စွန့်ပစ်ခြင်း ခံရရှာ၏။ ကလေးငယ်နှင့် အလုပ်မလုပ်နိုင်၊ တောင်းစားရသော ဘဝရောက်ခဲ့၏။ ကလေးငယ်ဆုံး၍ ဘယ်လို သဂြိုဟ်ရမှန်းမသိ၊ ကလေးအလောင်းပိုက်ကာ ငိုယိုလှည့်လည်နေစဉ် ကိုမင်းမောင်နှင့် တွေ့၍ အိမ်တွင် ကျွေးမွေးပြုစုထားခြင်း ဖြစ်၏။

ရုပ်ရည်သနားကမား တစ်ယောက်မှာ ၁၈ နှစ်အရွယ်က အိမ်ထောင်ကျ၊ ၂၂ နှစ် လင်ဆုံး၊ ၂၄ နှစ်တွင် သူတို့တောရွာသို့ ရန်ကုန်က သူဌေးသားတစ်ယောက် ပေါ်ပေါက်လာကာ မိန်းမချော မစိန်ဥအား အပါခေါ်သွား၏။ မကောင်းသောအလုပ် သဘောမတူပဲ လုပ်နေစဉ်၊ ကိုမင်းမောင်နှင့် တွေ့၍ အကျိုးအကြောင်း ပြောပြကာ လူကောင်းဘဝသို့ ပြန်၍သွတ်သွင်းခဲ့ခြင်း ဖြစ်ရာ နှစ်ဦးစလုံး ကိုမင်းမောင်၏ အိမ်တွင် သစ္စာရှိစွာ နေထိုင်ခဲ့ကြလေသည်။

ထိုတွင်မျှမက သူ၏အလုပ်တိုက်တွင် အသက် ၂၀ ကျော်မှ ၃၀ ကျော်အထိ ယောကျ်ား ၅ယောက်ကိုလည်း အလုပ်အကိုင် ပေးထားသေး၏။

လှည္ဟန့်ကား တစ်ခါမျှ မအိပ်ရဘူးသော မွေ့ရာ၊ ခုတင်များပေါ်တွင် အပူအပင်လည်း မရှိတော့သဖြင့် ထိုညအဖို့ နှစ်ခြိုက်စွာ အိပ်ပျော်ရှာလေသည်။

နောက်တစ်နေ့နံနက် အိပ်ရာက နိုးသောအခါ လက်ဘက်ရည်ခန်းတွင် လက်ဘက်ရည်အချိုနှင့် ဘီစကစ်မုန့်များကို စားရပြန်သည်။ စားသောက်ပြီး၍ အပြင်သို့အထွက် "လှည္ဟန့်" ဟု ခေါ်သံကြားသဖြင့် ဧည့်ခန်းသို့ လျှောက်လာ၏။ ကိုမင်းမောင်သည် သူနှင့် ဖောင်းပွကြီး ဖြစ်နေသော လှည္ဟန့်အင်္ကျီကို ကြည့်ရင်း သတင်းစာတစ်စောင်မှ ကော်လံတစ်နေရာကို ထောက်ပြ၏။

ဓားနှင့် ထိုးသွားခြင်း

ယမန်နေ့က ဦးဝိစာရလမ်း၊ ဦးဝိစာရကြေးရုပ်အနီးရှိ ဖူးသီးကြော်သည် ကိုဘိုးဟန်ဆိုသူအား၊ အမည်မသိ လူတစ်ယောက်က ကျောကို ဓားနှင့်ထိုးပြီးလျှင် ငွေ ၅ ကျပ်ကို လုယူသွားကြောင်း၊ ကိုဘိုးဟန်၏ ဒဏ်ရာမှာ အတော်ကလေး ပြင်းထန်သော်လည်း အသက်ကို မစိုးရိမ်ရ၊ ကန်တော်မင်ဌာနမှ အရေးယူထားကြောင်း။

ကလေးမမှာ အကြောင်သားကြည့်နေရာက....

"ကျွန်မ စာမတတ်ဘူး ဦးလေးရဲ့" ဟု ပြောလိုက်ရာ၊ ကိုမင်းမောင် ဟင်းခနဲ သက်ပြင်းရှူမိလေသည်။ တောရွာ ပညာရေး ချို့ယွင်းပုံတွေကိုလည်း အမျှင်အတန်းကြီး ပေါ်ပေါက်လာတော့လေသည်။

ကိုမင်းမောင်သည် စာအဓိပ္ပာယ်ကို ဖတ်၍ပြောလေ၏။

"ဟင် ဦးလေး၊ ဘာဖြစ်လို့ သူ အမှန်မပြောသလဲ"

"သူလည်း လူပါးပေ့ါဟဲ့၊ အမှန်အစစ်ခံရင် သူ့အပေါ် အမှုပတ်မှာပေ့ါ၊ နင့်ကို မတရားကျင့်မယ်ကြံလို့ နင်က ခုခံတယ်ဆိုတော့ သူလည်း နာမည်ပျက်၊ နင်လည်း ဘာအပြစ်မှ ရှိမှာမဟုတ်ဘူး"

"ဒီလိုဆိုရင် အမေတစ်ယောက်တည်း နေတော့မှာပဲ"

"နင့်အမေကို ဒီခေါ်ထားချင်သေးသလား"

လှညွန့်သည် ဘာမျှ ပြန်မပြောဘဲ အကူအညီလိုသော အမူအရာနှင့် ကိုမင်းမောင်၏မျက်နှာကို ကြည့်နေသည်။

"ကဲ လာလာ ဦးလေးနဲ့ လိုက်ခဲ့"

ကိုမင်းမောင်သည် ခါးကအဝတ်နှင့်ပင် ဒရိုင်ဘာ ကားရုံထဲမှ ထုတ်ထားသော ဆင်ဝင်အောက်ရှိ ကားရပ်ထားရာသို့ ထွက်ခဲ့ရာ လှညွန့်လည်း အင်္ကျီဖားဖား၊ အပွင့်ရိုက်လုံချည်၊ ဖိနပ်ဗလာနှင့် လိုက်လာ၏။ ကားတံခါးဖွင့်ပြီးလျှင် အတက်ခိုင်း၏။ လှညွန့် ကားပေါ်တက်မှ ဖိနပ်မပါမှန်း သိသဖြင့် ...

"ဟဲ့ ဖိနပ်ကော"

"ဒီတိုင်း ပြေးလာတာ၊ ခုံဖိနပ် တဲမှာပဲ"

"ဟဲ့ လှကြွယ်၊ လာစမ်း ၊ နင်တို့စီးတဲ့ဖိနပ် လတ်လတ်တစ်ရံ ယူခဲ့" ဟု အမိန့်ပေးသဖြင့် လှကြွယ် အပြေးကလေးလာကာ၊ ဖိနပ်တစ်ရံ လှညွန့်အား ပေးလိုက်၏။ ကိုမင်းမောင်လည်း ကားကို ကိုယ်တိုင်မောင်းကာ ဦးဝိစာရလမ်းတစ်လျှောက် တောင်ဘက်ဆီသို့ ခပ်သွက်သွက်နှင်ခဲ့၏။ ဘုရားကြီး အနောက်မြောက်အလွန်တွင် လှညွန့်က...

"ဟော ဟိုမယ် ဖူးသီးကြော်နေတယ်" ဟု လမ်းအနောက်ဘက် တစ်နေရာသို့ ပြသဖြင့် ကားကိုလှည့်ကွေ့ကာ အကြော်တဲတစ်တဲရှေ့ လမ်းဘေးတွင် ရပ်လိုက်၏။

လှညွန့်သည် "အမေ" ဟု ခေါ်လိုက်ရာ အကြော်သည်လည်း သံယောင်းမ လက်က လွတ်ကျကာ...

"ဟဲ့ လှညွန့်" ဟု ခေါ်ရင်း မျက်ရည်တွေ စီးကျနေရှာသည်။ ကိုမင်းမောင်ကား ပလက်ဖောင်းဘေးတွင် ရပ်နေရာ၊ လှညွန့်က "ဦးလေး ထိုင်ပါဦးလား" ဟု တဲထဲ သင်ဖြူးဟောင်းတစ်ချပ် ခင်းပေးသဖြင့် ဝင်၍ထိုင်၏။ အသက် ၄၀ ကျော်ခန့် အခြားမိန်းမကြီးတစ်ယောက် ပေါ်ပေါက်လာရာ အကြော်ကြော်နေသူက ထိုမိန်းမအား ဒယ်အိုးကို လွှဲအပ်ပြီး တဲထဲဝင်လာ၏။ လှညွန့်သည် သူ့ဇာတ်ကြောင်းကို ပြန်၍ပြောပြရာ...

"ဟင် ငါ ဒါတွေ မသိဘူး၊ ဖူးသီးဝယ်သွားရာက ငါအိမ်ပြန်ရောက်တော့ တဲနီးနားချင်းတွေက ပြောလို့သာ သိရတယ်၊ သူ့ကို မတွေ့ဘူး၊ နင့်လည်း မတွေ့တော့ မီးတောက်နေတာပဲ"

"အခု သူဆေးရုံက မဆင်းခင်၊ ဦးလေးဆီ လိုက်နေဖို့ ကျွန်မ လာခေါ်တာ"

မသက်သည် ကိုမင်းမောင်၏မျက်နှာကို အလွန်အံ့သြ ကျေးဇူးတင်သော အမူအရာနှင့် ကြည့်ရာက...

"မနေ့ညက မစုကို အဖော်ခေါ်အိပ်တယ်" ဟု အကြော်ကြော်နေသူအား လှမ်းကြည့်ကာပြောရာ...

"အရီးစုလည်း ညတိုင်း ဘယ်စောင့်နိုင်မလဲ"

"လိုက်တာတော့ ဟုတ်ပါပြီ၊ ဒီပစ္စည်းတွေ ဘယ့်နယ်လုပ်ထားခဲ့မလဲ"

"တဲရော၊ ပစ္စည်းတွေရော တစ်ယောက်ယောက်ပေးခဲ့ပေါ့ဗျာ" ကိုမင်းမောင်က ထိုသို့ပြောသောအခါ မသက်သည် အလွန်အံ့သြသော အမူအရာနှင့် ကြည့်ပြန်၏။

"ဘာလဲ ခင်ဗျားယောက်ျား ဆေးရုံကဆင်းတော့ ဒီအလုပ် ဆက်လုပ်ချင်လို့လား"

"မဟုတ်ပါဘူးရှင်၊ အစက သူ စားထိုးခံရတာ လူဆိုးကဆိုလို့ ကရုဏာသက်မိပါတယ်၊ အခု လှညွန့်ပြောတော့ သူ့မျက်နှာ ကြည့်ချင်စိတ်ကို မရှိပါဘူး၊ ခုလို အားကိုးရမဲ့လူ ပေါ်ပေါက်တော့ သူနဲ့ ပြန်တောင် မပေါင်းချင်ပါဘူး၊ သမီးအတွက် အနှိပ်စက်ခံရပေါင်းလည်း များလှပါပြီ"

"ကဲ ဒါဖြင့် လောလောဆယ် လဲစရာ အဝတ်အထည် တချို့ယူ၊ ဟို အကူအညီရတဲ့ မစုတဲ့ ဟုတ်လား၊ သူ့ကို ပေးခဲ့ပါ"

သို့ဖြင့် မသက် တစ်သက်နှင့်တစ်ကိုယ် မမျှော်လင့်သော မော်တော်ကား အသစ်စက်စက်ပေါ် သားအမိနှစ်ယောက် ကားနောက်ပိုင်းက ထိုင်ကာ လိုက်ပါသွားကြလေသည်။

"ငါ့သားတိုက်ကို နောက်ထပ် လူဘယ်နှစ်ယောက် လူဦးရေ တိုးဦးမလဲ"

"ဟုတ်ပ့ါ မေမေကြီးရယ်၊ ကိုကို့ စေတနာမျိုးတော့ ရှားပါတယ်"

ကားဆင်ဝင်အောက် အရပ်၊ မသက်နှင့် လှညွန့်တို့ဆင်း၍ တိုက်ထဲဝင်စ၊ ဒေါ်လှအေးနှင့် လှကြွယ်တို့ အပြန်အလှန် ပြောဆိုနေကြခြင်း ဖြစ်၏။ မသက်မှာ မရဲတရဲ ဖြစ်နေရာ တစ်ညအိပ်ဖူးသော လှညွန့်က ရှေ့ဆောင် ရှေ့ရွှက်ပြုကာ နေရာချထားလေသည်။

ကိုမင်းမောင်သည် ကျောင်းဆရာမတစ်ဦးအား နံနက် ၇ နာရီမှ ၉ နာရီအထိ၊ လှညွန့်အား မြန်မာစာ သင်ပေးရန် ငှားရမ်းလာရောက်စေရာ၊ လှညွန့်အား ၃ လအတွင်း မြန်မာစာကို ကောင်းစွာ ရေးနိုင်ဖတ်နိုင်လေသည်။ လှညွန့် ဉာဏ်ထက်မြက်ပုံကို သိရသော ကိုမင်းမောင်မှာ တောရွာများတွင် လှညွန့်ကဲ့သို့အလားတူ ဉာဏ်ထက်မြက်ပါလျက် သင်ခွင့်မရ၍ စာမတတ်သူပေါင်း မည်မျှများပြားကြမည် ထပ်မံတွေးတောကာ စိတ်မကောင်းဖြစ်၍ သွားလေသည်။

လှညွန့်မှာ အကင်းလည်းပါး၏။ ဖျတ်လတ် သွက်လက်၏။ အဆီအဆိမ့် စသော စားကောင်းသောက်ဖွယ်များ စားသောက်နေထိုင်ရသဖြင့် ၃ လအတွင်းမှာပင် အသားအရည် စိုပြည်ဝဖြိုးလျက် တစ်သွေးတစ်မွေးဖြစ်၍ နေလေသည်။

ကိုမင်းမောင် အလုပ်သို့ သွားမည်ဆိုလျှင် ကိုမင်းမောင်၏ လက်ကိုဆွဲကာ ကားပေါ်တက်သည်အထိ လိုက်၍ပို့၏။ ကိုမင်းမောင် ပြန်လာလျှင် လက်တစ်ဘက်က ပစ္စည်းတွေကို လက်တစ်ဘက်က ကိုမင်းမောင်အား ကိုင်ဆွဲကာ တစ်နေ့အတွင်း အိမ်အဖြစ်အပျက်ကို တွတ်တီးတွတ်တာ ပြောရင်း လိုက်ပါလာတတ်၏။

လှကြွယ်နှင့် စိန်ဥတို့ပင် ပိုလွန်းတယ်၊ သဲလွန်းတယ်ဟု မျက်ကွယ်တွင် ရှုံ့မဲ့ အတင်းပြောစ ပြုလာ၏။ ကိုမင်းမောင် အရေးပေးထားသဖြင့် တိုက်ရိုက်မပြောဝံ့။ လှညွန့်နှင့် ဆန့်ကျင်ဘက် မလုပ်ဝံ့ကြချေ။

ကိုမင်းမောင်မှာ ရင့်ကျက်သော ဣန္ဒြေနှင့် သုန်သုန်မှုန်မှုန် နေတတ်ရာ လှညွန့် ရောက်လာကတည်းက အတော် ရွှင်ရွှင်ပျပျ ဖြစ်၍လာလေသည်။ လောကကြီး တစ်နေ့တစ်ခြား စိုပြည်လာသည်ဟု ထင်မှတ်လေသည်။ ဆင်းရဲစဉ်ဘဝက ရည်းစားသစ္စာဖောက်သွားသဖြင့် နောက်ထပ် ချစ်ကိစ္စ မစဉ်းစားဘဲ နေခဲ့ရာ လွန်ခဲ့သော တစ်နှစ်ခန့်က အရောင်းအဝယ် လည်ပတ်သော မာဂရက်ခေါ် ရင်ရင်မြင့်ဆိုသူနှင့် ချစ်ကြိုက်ခဲ့လေသည်။ ရင်ရင်မြင့်၏ စိတ်ထားကို အပြီးအပိုင် အကဲမခတ်ရသေးသည့်အတွက် တစ်ဘက်က လက်ထပ်ရန် ပူဆာသည်ကို ရက်ဆွဲလာခဲ့သူဖြစ်၏။

တိုက်တွင်ကား ကိုမင်းမောင်သည် အပေါ်ထပ်တွင် အိပ်၏။ ဒေါ်လှအေးလည်း အပေါ်ထပ်တွင် အိပ်ရာ၊ လှညွန့်အား ဒေါ်လှအေး၏ အခန်းထဲတွင် အိပ်စေ၏။ လှကြွယ်၊ စိန်ဥ၊ မသက်တို့မှာ အောက်ထပ်တွင်အိပ်ကြရသည်။

လှညွန့်သည် မနက်တိုင်း စောစောနိုးလျက် သူ့မေမေကြီးနှင့် သူ့ဦးလေးအတွက် မျက်နှာသစ်ရေ သွားတိုက်ဆပ်ပြာခွက်၊ မျက်နှာသုတ်တဘက်တို့ အသင့်ပြင်ထားလေ့ရှိ၏။ ဒေါ်လှအေးလည်း သွက်လက် ဖျတ်လတ် လိမ္မာရေးခြား ရှိလှသော လှညွန့်အား သမီးအရင်းပမာ ချစ်လေသည်။

တစ်နံနက်ခင်း၌ မျက်နှာသစ်ရေတည်ရင်း မျက်စိ မျက်နှာပျက်၍ နေသည်။ ကိုမင်းမောင်သည် မျက်နှာသစ်ရာက လှညွန့်မျက်နှာ ညှိုးသည်ကို မြင်ရလျှင်...

"ဟဲ့ လှညွန့် ဘာဖြစ်တာလဲ"

"အမေ မရှိတော့ဘူး၊ ထွက်သွားပြီး ဦးလေးရဲ့"

လှညွန့်သည် ထိုသို့ပြောရင်း စာရွက်ခေါက်တစ်ခုပေး၍ ဖတ်ရှုသောအခါ..

**သူဌေးမင်းရှင့်**

*ကျွန်မမှာ သူဌေးမင်းအားပြောဖို့ ဝတ္တရားရှိသော်လည်း မပြောဝံ့သဖြင့်၊ ဤစာရေး၍ ထားခဲ့ရပါသည်။ ကျွန်မမှာ ကိုဘိုးဟန်နှင့် ရေစက်မကုန်သေးသဖြင့် သူ့နောက်သို့ လိုက်ပါသွားပါပြီ။ သမီးလှညွန့်ကိုသာ စောင့်ရှောက်တော်မူပါရှင့်။ ကျေးမွေးပြုစုသည့်အတွက် ကျေးဇူးတင်ပါသည်။*

**မသက်**

"နင့်အမေ စာတတ်သလား"

"ဟင့်အင်း မတတ်ပါဘူး၊ သူ့ယောက်ျား ရေးမှာပေါ့၊ သူ့အိပ်ရာဝင်ကြည့်တော့ လူမတွေ့ဘဲ ဒီစာတွေ့တာဘဲ"

"နင့်အမေကိုလွမ်းလို့ မျက်နှာမကောင်း ဖြစ်နေတာကိုး"

"မဟုတ်ပါဘူး ဦးလေးရယ်၊ သူ နတ်ပြည်ရောက်နေရာက ငရဲပြည်ပြန်ဆင်းလို့ စိတ်မကောင်းနေတာပါ၊ ကျွန်မတစ်သက် ဦးလေးနဲ့ အတူနေရရင် ဘယ်သူ့မှ မလွမ်းဘူး"

လုညွှန့်မှာ ကလေးစိတ်မပျောက်၊ သူ့စိတ်ထဲ ရှိသမျှ ဘွင်းဘွင်းကြီး ပြောလိုက်သည်ကို ကိုမင်းမောင် အတော်သဘောကျသွားလေသည်။

"ကဲ အောက်ထပ်ဆင်း၊ ကော်ဖီ အပြင်ခိုင်းချည်" လုညွှန့်သည် ကိုမင်းမောင်လက်ထဲက တဘက်ကိုယူကာ ကိုမင်းမောင်၏ အခန်းထဲသို့ ဝင်ရောက် ထားခဲ့ပြီးလျှင် အောက်ထပ်သို့ ဆင်း၍သွားလေသည်။

ကိုမင်းမောင်သည် မသက် ထွက်ခွာသွားသည်ကို အပြစ်မတင်လိုချေ။ မ သည် ဖိုနှင့် ကင်း၍မနေနိုင်။ ဖိုသည် မ နှင့် ကင်း၍ မနေနိုင်။ အကြင်သူသည် ကင်း၍နေနိုင်အံ့၊ တရားအားထုတ်သူသော်လည်းကောင်း ဖြစ်ရမည်။ သို့မဟုတ် အားအင်ချည့်နဲ့သော သူသော်လည်းကောင်း ဖြစ်ရမည်။ ထို့ကြောင့် လုကြွယ်နှင့် စိန်ဥ၏ အိမ်ထောင်ရေးကို စဉ်းစားပြန်လေသည်။ စိန်ဥ၏ ဖူးစာဘက်ကား ခဲယဉ်းသည် မဟုတ်သော်လည်း၊ လုကြွယ်၏ ဖူးစာဘက်မှာ အတော်ရှာရပေမည်။ မိမိ၏ ဩဇာခံထဲက လူတစ်ယောက်ဖြစ်မှသာ ဟန်ကျနိုင်မည်ဖြစ်ရာ ထိုအခါ သူ၏လုပ်သားထဲမှ လူတစ်ယောက်ကို မြင်မိလေသည်။

ထိုသူမှာ အားခွန်ဗလကောင်းလျက် ငွတို ငင်တို နှာခေါင်းပွ၊ အသားညိုသော အသက် ၃၀ ခန့် လုပ်သားတစ်ယောက် ဖြစ်၏။ မော်တော်ကား ကိရိယာများကို တပ်ဆင်သောအလုပ်၌ ကျွမ်းကျင်၍ အလေးအပင်ကို လူ ၂ ယောက်စာလောက် ချီမ ရွှေ့ယူနိုင်သူ ဖြစ်၏။ မွေးစားနှမ နှစ်ယောက်၏ အိမ်ထောင်ရေးကို တွေးမိသောအခါ ကိုမင်းမောင် ပြုံးမိလေ၏။ ကိုမင်းမောင် တီးခေါက်ကြည့်သောအခါ လုကြွယ်၏ ခင်ပွန်းလောင်းက သူ့အဖော်များအား "ဆရာ့ကြောင့်သာ ယူရမှာပါဗျာ၊ အရုပ်က ဆိုးလိုက်တာ" ဟု ပြော၏။ လုကြွယ်ကလည်း စိန်ဥအား "ကိုကို့အမိန့် မလွန်ဆန်ဝံ့လို့သာ၊ လူက ငင်တို ငွတိုနဲ့ အရုပ်ဆိုးလိုက်တာ" ဟု ပြော၏။

များမကြာမီပင် ငွတိုနှင့် မလုကြွယ်၊ မုဆိုးဖို အသက် ၃၀ ခန့် စာရေးတစ်ယောက်နှင့် စိန်ဥတို့အား ကိုမင်းမောင် လက်ထပ်ပေးလိုက်၏။ နှစ်ယောက်စလုံး အလုပ်တိုက်တွင် အိပ်ကြသူများဖြစ်ရာ မယားရကြသောအခါ နေစရာဘုံမရှိသဖြင့် ကိုမင်းမောင်၏ တိုက်အောက်ထပ်၌ပင် နေခွင့်ပြုထားရာ နှစ်စုံတွဲလုံး ပျော်တပြုံးပြုံး၊ မော်မဆုံး ဖြစ်၍ နေကြသည်ကို ကိုမင်းမောင် ကျေနပ်နေတော့လေသည်။

ကိုမင်းမောင်၏တိုက်တွင် ရှေးဦးစွာ ကိုမင်းမောင်၊ မိခင်ဒေါ်လှအေး၊ ထမင်းချက် မိန်းမတစ်ယောက်၊ ဒရိုင်ဘာတစ်ယောက်၊ ဒရဝမ် တစ်ယောက်၊ မာလီတစ်ယောက်မှ အရင်းတည်ခဲ့ရာ ယခုလူ ၅ယောက် တိုးနေ၏။ နောက်ထပ် မည်မျှတိုးဦးမည် မသိ။ အိမ်ကြီးကား သာယာစိုပြည်လျက် စကားပြောသံ၊ သီချင်းသံ၊ စန္ဒယားသံတို့ဖြင့် ဆူညံ၍ နေလေသည်။

တစ်ညနေ၌ ကိုမင်းမောင်သည် တိုက်အပေါ်ထပ်သို့ တက်ရောက်ကာ အောက်ပါစာကို ဒေါ်ပွစွာ ရေးသားနေ၏။

**မာဂရက်**

*ကျုပ်ကို စွပ်စွဲတာ၊ ဒီအကြိမ်ပါ (၅) ကြိမ်ရှိပြီ။ ဒီအကြိမ်ဟာ အဆိုးဆုံးပဲ၊ ယခုစာရေးသည့် အချိန်အထိ ကလေးမအပေါ် ကျုပ်စိတ်မပြစ်မှားမိပေ၊ ဖက်လဲတကင်း နေနေ၊ စိတ်သာ ပဓာန၊ ယခု ကျုပ်အိမ်ရောက်တာ (၁) နှစ်နီးပါး ရှိပြီ၊ ကျုပ်လက်ထဲကရေ သွန်လိုသွန်၊ မှောက်လိုမှောက်၊ သောက်လိုသောက်၊ သို့သော် ကျုပ် မသွန်၊ မသောက်၊ မမှောက်၊ မာဂရက် စာထဲမှာ ရယ်စရာကောင်းတာကတော့ နောက်ဆုတ်ဖို့ စဉ်းစားရမယ်ဆိုတဲ့ စကားပဲ၊ မစဉ်းစားနဲ့ နောက်ဆုတ်လိုက်၊ ဒီလောက် စိတ်ထားသေးသိမ်တဲ့ မိန်းမမျိုးလည်း ကျုပ်နဲ့မဖြစ်၊ ဒါကြောင့် ဒီကလေးမကိုပဲ အပျိုရည်ဘဝနဲ့ (၂) နှစ်လောက် အရိပ်တကြည့်ကြည့်နေပြီး သူ့ကိုပဲ သိမ်းပိုက်တော့မယ်။*

**မင်းမောင်**

ကိုမင်းမောင်သည် စာရွက်ကိုခေါက်ပြီး စာအိတ်တစ်လုံးတွင် ထည့်သွင်းလိုက်စဉ် လှည္ဇွန့် တက်ရောက်လာကာ...

"ဦးလေး ထမင်းစားကြစို့၊ ဟင် မျက်နှာကြီးကလည်း ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့် ဆင်းကြစို့" ဟု လက်ကို ဆွဲခေါ်ရာ ကိုမင်းမောင်သည် ပြုံးပြုံးကြီး လိုက်ပါသွားလေသတည်း။ ။

သွေးသောက်မဂ္ဂဇင်း၊

၁၉၄၇-ခု၊ ဇူလိုင်လ

ကြီးပွားရေး မဂ္ဂဇင်း

၁၉၃၉-ခု၊ စက်တင်ဘာလ။

## ၅။ စောဖုန်းတိုင်

"ဒုန့်ပူးလ်မိုင်ဟဲယား" (ငါ့ဆံပင် မဆွဲနဲ့)

ဘောင်းဘီဝတ် ကျောင်းသားတွေအလယ်တွင် (၁၆) နှစ်ရွယ် မြန်မာကျောင်းသားငယ်တစ်ဦးက အင်္ဂလိပ်လို ပြောလိုက်ခြင်း ဖြစ်၏။ ရန်ကုန်မြို့၌ မျက်နှာဖြူကျောင်းသားများနှင့် အင်ဂလိုအင်ဒီးယန်းကပြားများ အများဆုံးရှိသော ကျောင်းတွင် မြန်မာကျောင်းသားတစ်ယောက်အား ပိုင်းနောက်ပြောင် စနေကြခြင်းဖြစ်၏။ မြန်မာကျောင်းသားကလေးသည် ဖွတ်ဆွဲ၊ ဖွတ်ပြောင်နေသော မျက်နှာဖြူကျောင်းသားတစ်ဦးအား မျက်နှာကို လက်သီးနှင့်ထိုးလိုက်၏။ နှစ်ယောက်သား ထွေးလုံးသတ်ပုတ်နေကြရာ မျက်နှာဖြူ ဘရာသာတစ်ဦး အပြေးလာကာ ဖြင်မှ အသတ်အပုတ် ရပ်စဲသွားကြသည်။ သတ်ပုတ်သော ကျောင်းသားနှစ်ဦးအား စစ်ဆေးသောအခါ မြန်မာကျောင်းသားက သူ့အား ဆံပင်ကို နာကျင်အောင်ဆွဲ၍နေသဖြင့် ထိုးမိကြောင်းနှင့် အင်္ဂလိပ်ဘာသာဖြင့် ရေလည်စွာ အစစ်ခံ၏။ မျက်နှာဖြူဘရာသာသည် မျက်နှာဖြူကျောင်းသားအား သတိပေးရုံသာ ပေး၍ မြန်မာကျောင်းသားကလေးကိုမူ ရန်ဖြစ်ရမလားဟု ကြိမ်ဒဏ် ၃-ချက် အပြစ်ပေးလိုက်သည်။

ထိုကျောင်းတွင် မြန်မာကျောင်းသားဆို၍ ဂုဏ်ကြီးရှင် မွန်မြန်မာ လူကြီးလူကောင်းများ၏ သားများသာ ရှိ၏။ ဆံပင်အဆွဲခံရသော ကျောင်းသားမှာလည်း ကျောင်းအုပ်ကြီးနှင့် ရင်းနှီးသော မြန်မာလူကြီးလူကောင်း တစ်ယောက်က ထားပေးသဖြင့် ထိုကျောင်းတွင် ပညာသင်ကြားရခြင်း ဖြစ်၏။

အင်္ဂလိပ်စကားပြော၍ အင်္ဂလိပ်နှင့် ကပြားများနေသော ကျောင်းဖြစ်သဖြင့် ယခုခေတ်အဖြစ်အပျက်ဟု အချို့ထင်မှတ်ကြပေလိမ့်မည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်က အဖြစ်အပျက်ကို ပြန်လှန်ရေးသားနေခြင်း ဖြစ်သည်။

ဤသို့ရေးသားရာ၌ စိန်ပေါကျောင်း(St.Paul School) ရာဇဝင်ကို အကျဉ်းချုပ်ဖော်ပြရန် လိုသည်။ ဖရေဇာလမ်းထိပ်မှ အရှေ့ဘက်တစ်ဆက်တည်း ဖြစ်သောလမ်းကို ဘီဂန်ဒတ်လမ်းခေါ်ကြောင်း နှောင်းလူများ သိကြ၏။ ဘစ်ရှော့ဘီဂန်ဒတ်(Bishop Bigan de) နာမည်ကိုစွဲ၍ မှည့်ခေါ်ထားခြင်း ဖြစ်သည်။ လွန်သည့် (၁၈၉၄) ခုနှစ်အထိ နေထိုင်သွားသော ပုဂ္ဂိုလ်ဖြစ်၏။ ထိုပုဂ္ဂိုလ်ကြီးက သူနေထိုင်ရာအနီးတွင် စိန်ပေါကျောင်းကို (၁၈၅၉) ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်လိုက်၏။ ကာလကတ္တားမှ ဘရာသာ(Brother) သုံးယောက်နှင့် အဆောက်အဦ ငယ်ငယ်ကလေးတွင် စာသင်ကြားပေးနေ၏။ နောက်ကျောင်းကို ထိုထက်ကောင်းအောင် အဆောက်အဦငယ်တစ်ခုနှင့် (၁၈၆၀) ခုနှစ်တွင် (၃၅)လမ်း ဘားလမ်းအကြားတွင် ပြောင်းရွှေ့သင်ကြား၏။ နောက်တဖန် သက်ဆိုင်ရာ အာဏာပိုင်များထံမှ ငွေ(၂၀၀၀၀) နှစ်သောင်း၏ အထောက်အပံ့ရပြန်သဖြင့် (၁၈၆၈) ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် ဆူးလေဘုရားအနီး (ယခု မြို့တော်ခန်းမနေရာ) တွင် အဆောက်အဦအသစ်ဆောက်ကာ ရွှေ့ပြောင်းကြပြန်သည်။ တတိယမြောက် စိန်ပေါ၌ (၁၈၇၂) ခုနှစ်၊ နေ့စဉ်ပျမ်းမျှ ကျောင်းတက်ဦးရေမှာ (၂၄၅) ယောက်ဖြစ်သည်။ (ယနေ့ စိန်ပေါကျောင်းကြီးကိုကား အများသိပြီးဖြစ်၍ ဖော်ပြရန် မလိုဟု ထင်သည်။)

ရန်ဖြစ်သော ကျောင်းသားကလေးသည် ထိုဆူးလေဘုရားအနီးရှိ စိန်ပေါကျောင်းသို့ ခရစ်(၁၈၇၅) ခုနှစ်တွင် ရောက်ရှိလာခြင်း ဖြစ်၏။ အစပထမက ကြည့်မြင်တိုင် စိန်မိုက်ကယ်ကျောင်း(St.Michael's School) တွင် သင်ကြားခဲ့ရ၏။

ကျောင်းသားကလေး၏အမည်မှာ စောဖုန်းတိုင်ဖြစ်၍ ကျောင်းတွင် မောင်ဖုန်းဟု အမည်ပေးထား၏။ ထိုသို့ မြန်မာအမည်၊ မြန်မာအဝတ်အစားနှင့် သင်ကြားခွင့်ပြုခြင်းမှာ ကျောင်းပြုစုပျိုးထောင်ခါစ ဖြစ်သည်တစ်ကြောင်း၊ အထက်မြန်မာပြည်သိမ်းရန် ရည်ရွယ်သဖြင့် အင်္ဂလိပ်တို့၏ သဘောထားကြီးမှုကို ပြလိုသည်တစ်ကြောင်းကြောင့် ဖြစ်သည်။

ဘောင်းဘီဝတ်ကျောင်းသားကလေးများအဖို့ ပုဆိုးတောင်ရှည်၊ လက်ကျပ် ကိုယ်ကျပ်အင်္ကျီ၊ ဆံပင်ရှည် သျှောင်တစောင်းနှင့် ဖြစ်နေသော မောင်ဖုန်းအား နောက်ပြောင်စရာကဲ့သို့ ဖြစ်နေ၏။ ကျောင်းတက်ရာ၌လည်း မြင်းရထားဒေါက်ကပ်၊ စသည်တို့နှင့် မဟုတ်၊ မြင်းစီး၍တက်၏။ ကျောင်းတက်စဉ် မြင်းကို ကျောင်းအရှေ့ဘက် အရိပ်ရှိရာ၌ မြက်ကျွေး၊ ရေအသင့် လုပ်ထားရသည်။ ကြည့်မြင်တိုင်မှ ရန်ကုန်သို့ ကျောင်းတက်လာရသော ကျောင်းသားအဖို့ မြင်းသည် အကောင်းဆုံး ဖြစ်၏။

မောင်ဖုန်းသည် ထိုနေ့ ဘရာသာ၏ အပြစ်စီရင်ပုံမှာ တစ်ဖက်သတ်ကျသည်ဟု ထင်မှတ်ကာ ညနေကျောင်းဆင်း၍ မြင်းနှင့်အိမ်ပြန်ရောက်သောအခါ မျက်နှာသုန်မှုန်နေ၏။ အသက် ၃၄ နှစ်ခန့် များစွာကျန်းမာပုံမရသော မိန်းမတစ်ဦးက...

"သား လူလေး..ပြန်လာပြီလား၊ မျက်နှာကလည်း အိုလို့၊ ဘာအလိုမကျသလဲ ကွယ်...."

"ကျောင်းမှာ ကုလားဖြူတစ်ကောင်နဲ့ ရန်ဖြစ်လို့ ဆွဲထိုးခဲ့တယ် မေမေ.."

"အို ... ဘာလို့ ရန်ဖြစ်ရတာလဲ သားရဲ့"

"ကျွန်တော့်ဆံပင်ကို ဆွဲတယ်၊ မဆွဲပါနဲ့ ဆိုတာလည်း မရဘူး၊ ဒါနဲ့ ကျွန်တော်ကစထိုးပြီး ရန်ဖြစ်ကြတာပဲ၊ အဲဒါ ဘရာသာက မျက်နှာဖြူကောင်တော့ မရိုက်ဘူး၊ ကျွန်တော့်ကို ကြိမ်လုံးနဲ့ သုံးချက်ရိုက်တယ်ခင်ဗျ"

"သူတို့နိုင်ငံပဲ သားရယ်၊ သည်းခံနိုင်သလောက် သည်းခံမှပေါ့"

"အတော်အောင့်ခံပါတယ်၊ မခံနိုင်လို့ ဖြစ်ကြတာပဲ"

"ဟော... မင့်ဘိုးဘိုး ကြွလာပြီ၊ ဘာကိစ္စများ အရေးကြီးလို့ပါလိမ့်"

အိမ်ရှေ့တွင် ဒေါက်ကပ်ရထားတစ်စီး ရပ်လိုက်သည်ကို မြင်သဖြင့် မိခင်ဖြစ်သူက ပြောလိုက်ခြင်း ဖြစ်၏။ မောင်ဖုန်းသည် လှမ်း၍ကြည့်လိုက်ကာ

"ဟော ဘိုးဘိုး" ဟု ဝမ်းသာအားရ ခေါ်လိုက်သည်။

ဒေါက်ကပ်ရထားပေါ်မှ အသက် (၆၅) နှစ်ခန့် ပုဆိုးတောင်ရှည်၊ သက္ကလပ်နက်ပြာရောင် ရင်ဖုံးအင်္ကျီ၊ ပဝါ ဆံပင်အုပ်ပေါင်းထားကာ လက်တွင် ၁၀ ရတီခန့် စိန်လက်စွပ်ကြီး တဝင်းဝင်းနှင့် အသားဖြူဖြူ မွန်မွန်ရည်ရည် လူကြီးတစ်ယောက် ဆင်းလိုက်ပြီးလျှင် တစ်ထပ်အိမ်ကလေးပေါ်သို့ တက်ခဲ့၏။ ရထားပေါ်ကဆင်းစတွင် လူကြီးမှာ

မျက်နှာသုန်မှုန်နေသော်လည်း သားအမိနှစ်ယောက်ကို မြင်သောအခါ ဣန္ဒြေရစွာ ပြုံးလိုက်သည်။ မိန်းမရွယ်က သင်ဖြူးချောတစ်ချပ် ခင်းပေးရင်း...

"ကိစ္စအထူးများ ရှိပါသလား ဦးကြီးရယ်"

"ရှိတယ်..ရှိတယ်.. ခင်လေးရဲ့ သားတော်မောင် ကိစ္စပေါ့"

"ဘယ်လိုကိစ္စများပါလဲ ဦးကြီး"

မောင်ဖုန်းကား ဘာမျှမပြောသေးဘဲ အဘိုးကြီးတစ်လှည့်၊ မိခင်အား တစ်လှည့်ကြည့်ရှုရင်း နားထောင်နေ၏။ ခပ်လှမ်းလှမ်းရှိ အသက် ၅၀ ခန့် မိန်းမကြီးလည်း စိုးရိမ်ဟန်နှင့် ကြည့်နေသည်။

"ရော့ မောင်ဖုန်း၊ ဒီစာဖတ်ကြည့်စမ်းပါဦးကွဲ၊ လူလေးရဲ့"

အဘိုးကြီးသည် စာရွက်ခေါက်တစ်ခုကို လက်ကချလိုက်၏။ မောင်ဖုန်း လှမ်းယူကာ ဖြန့်စန့်ဖတ်ရှုသောအခါ အင်္ဂလိပ်ဘာသာနှင့် ရေးထားသည်ကို တွေ့ရ၏။ မြန်မာလိုကား...

**လူကြီးမင်းခင်ဗျား...**

*လူကြီးမင်း၏မြေး မောင်ဖုန်းသည် ယနေ့ အခြားကျောင်းသားတစ်ယောက်နှင့် ရန်ဖြစ်ခဲ့သည်။ ထိုကျောင်းသားမှာ အင်ဂျင်နီယာချုပ်ကြီး၏ သားလတ်ဖြစ်ပါသည်။ ဂုဏ်သရေရှိ လူကြီးမင်း၏ မျက်နှာကြောင့် မြန်မာကျောင်းသားတစ်ယောက်ကို လက်ခံထားရာ မျက်နှာဖြူကျောင်းသားများအား စော်ကားစေရန် လက်ခံထားသလို ဖြစ်သဖြင့်၊ ဝမ်းနည်းဖွယ်ရာ ဖြစ်နေပါသည်။ လူကြီးမင်း သတိပြုစေချင်သည်မှာ မောင်ဖုန်းသည် မျက်နှာဖြူကျောင်းသားများနှင့် ရန်မဖြစ်ရန် ဖြစ်ပါသည်။ နောက်တစ်ကြိမ် ရန်ဖြစ်ခဲ့သော် ကျောင်းက ထုတ်ပယ် သင့်-မသင့် စဉ်းစားရပါလိမ့်မည်။*

**ဘစ်ရှော့ဘီဂန်ဒတ်**

**ကျောင်းအုပ်ကြီး**

"ဘာတဲ့လဲ လူလေးရဲ့၊ ဘယ်သူ့ဆီက စာလဲ"

မိခင်က ပြာပြာသလဲ မေးသဖြင့်၊ မောင်ဖုန်းက အထက်ပါအတိုင်း မြန်မာလိုပြန်၍ ပြောလိုက်သည်။ အဘိုးကြီးက...

"ဘယ်လိုဖြစ်တာလဲ မြေးရဲ့၊ ဘိုးဘိုးကို ပြောပါဦး"

မောင်ဖုန်းက ဖြစ်ပျက်ပုံကို အဘိုးကြီးအား ပြောပြ၏။

"အိမ်း.... အာဇာနည် ဇာတိသွေးပါလာတဲ့ လူငယ်တစ်ယောက်ဟာ ဒီလို စော်ကားရန်စတာ ဘယ်ခံနိုင်ပါ့မလဲ၊ မဟုတ်ဘူးလား ခင်လေးရဲ့"

"ဒါပေမဲ့ .. ဒါပေမဲ့ သူတို့ ကြီးစိုးတဲ့နိုင်ငံ ဖြစ်နေတယ်၊ ဦးကြီးရဲ့"

"အိမ်း... ဒါပြောပြမလို့ဘဲ၊ ငါ့မြေးက စိတ်ချုပ်တည်းပေါ့ကွယ်၊ မောင့်ခမည်းတော် လိုအင်အတိုင်း ပညာတတ်အောင်သာ အဓိကထားပေါ့"

"ကျွန်တော် ကြိုးစားပါ့မယ် ဘိုးဘိုး"

"မျက်နှာဖြူ အင်္ဂလိပ်နီယာချုပ်နဲ့ မင်းတို့ကျောင်းအုပ် ဘစ်ရှော့နဲ့က အလွန်ပလဲနံပ သင့်တယ်ကွဲ့၊ ပြီးတော့ လွန်ခဲ့တဲ့ ၅ နှစ်လောက်က ငွေနှစ်သောင်း တို့ရယ်၊ ကျောင်းသစ်ကြီး အဆောက်အဦနေရာတို့တွေကို အင်္ဂလိပ်နီယာချုပ်က ဘစ်ရှော့ကို ကူညီခဲ့တယ် လူလေးရဲ့"

"သားလူလေး ဘိုးဘိုးပြောတာ နားထောင်နော်"

"ဟုတ်ကဲ့မေမေ ကျွန်တော် နားထောင်ပါ့မယ်"

"ကဲ ခင်လေး၊ ဦးကြီး သွားမယ်၊ မြလက်စွပ်ကလေး ရောင်းထားတဲ့ငွေ ရှိသေးလား"

"ရှိပါသေးတယ် ဦးကြီး"

"သြော်...ခင်လေးက သားလူပျိုပေါက်အရွယ် ရနေပြီ၊ ခင်လေး ၁၅ နှစ်အရွယ်လောက်တုန်းက နောက်ဆုံး ဦးကြီး နေပြည်တော် ရောက်တဲ့အခါ ခင်လေးရဲ့ ဖခင် သူကြွယ်မင်း ပြုစုလိုက်တာတွေ ခုထက်ထိ ကျေးဇူးမမေ့ဘူးကွယ် အကူအညီလိုရင် အားမနာနဲ့ ပြောနော်"

အဘိုးကြီးသည် နေရာမှ လက်ထောက်ထကာ ဆင်း၍သွား၏။ အိမ်ရှေ့တွင် ခြေတစ်ဘက်ကြွလိုက်၊ လည်တခါခါ လုပ်လိုက် ဖြစ်နေသော ဖောင်းဝတ်ရောင် မြင်းကြီးသည် အဘိုးကြီး ရထားပေါ်တက်၍ ထိုင်မိလျှင် ကုလား ကြာပွတ်နှင့် အသာတို့သည်နှင့်တစ်ပြိုင်နက် ခွာသံတဖြောက်ဖြောက် မြည်ကာ ပြေးထွက်သွားလေသည်။

ခင်လေးသည် သားတော်မောင်ကို ထမင်းခူးပေးရန် မိန်းမကြီးအား ခိုင်းပြီးလျှင် မီးအုံးတစ်ခုနှင့် သူ၏နောက်ကြောင်းဖြစ်စဉ်ကို ပြန်လှန်တွေးတောနေသည်။

***

မြန်မာသက္ကရာစ် ၁၂၂၃- ခုနှစ်တုန်းက....။

"ဘယ်လိုလုပ်တော်မူလိုက်ရတာလဲ သားတော်မောင်၊ ရာဇဝတ်အိုး ဒုတ်နဲ့ ထိုးသလို ဖြစ်နေပါပကောလားဟင်"

ရတနာပုံ နေပြည်တော် မှန်နန်းတော်ကြီးအတွင်း၌ စကြာဒေဝီ မိဖုရားခေါင်ကြီးက သားအငယ်အား တိုးတိုးကြိတ်၍ မေးတော်မူနေခြင်း ဖြစ်၏။

"ခမည်းတော်မှာလည်း မောင်းမမိသံတွေ အများကြီး ရှိသားပဲ။ ခင်လေးကို သားတော်မောင်အား ပေးသနားတော်မူပါဆိုရင် မရနိုင်ဘူးလား မယ်တော်ဖျာ့"

"မဖြစ်ဘူး သားတော်၊ အခု ဘယ်မှ ဖွက်ထားခဲ့သလဲ"

"တောင်မြို့ (အမရပူရ) မှာပါ"

"ဖြစ်မိမှတော့ သားတော်မောင် သိမ်းပိုက်မှန်း ခမည်းတော် မသိစေနဲ့၊ မယ်တော်လည်း ခင်လေး စိတ်ညစ်လို့ တော်ရာတစ်ကိုယ်တည်း တိမ်းပုန်းနေသလို သံတော်ဦး တင်ပေးမယ်"

၅ နှစ်ခန့်အကြာ ၁၂၂၈ ခုနှစ်....။

"ဒေါ်သူဇာရယ် မောင်တော်ဘုရား ကြွလာတော်မမူတာ ၂ လတောင် ကြာပါပေါ့လား" အသက် ၂၂ နှစ်ခန့် မိန်းမချောတစ်ယောက်က အသက် ၄၀ နီးပါးခန့်အား မေးလိုက်ခြင်း ဖြစ်သည်။

"မှန်လှပါ၊ ကိုယ်တော်ကလေး အရေးကြီးတဲ့ နိုင်ငံရေးကိစ္စကြောင့် မကြွ လာတာနဲ့ တူပါတယ်။ သခင်မလေးကို အလွန်မြတ်နိုး ချစ်ခင်တော်မူတယ်ဆိုတာ ဖျာ့ကျွန်မ အသိဆုံးပါ"

အချိန်ကား ညသူငယ် တိတ်ဆိတ်ချိန်သာသာ ဖြစ်၏။ သူငယ်တိတ်ဆိတ်ဆိုသည့်အတိုင်း ၅ နှစ်ရွယ် ယောကျာ်းကလေးမှာ သန့်ပြန့်သော အိပ်ရာပေါ်တွင် အိပ်ပျော်နေရှာသည်။ ထိုအတွင်း အိမ်အောက်ဆီမှ မြင်းခွာသံများ ကြားပြီးနောက်၊ အိမ်တံခါးကို တစ်စုံတစ်ဦးက အသာအယာပုတ်လျက် လေသံဖြင့် "ခင်လေး" ဟု ခေါ်သံကြားရ၏။

"ဟော ပြောရင်းဆိုရင်း ကြွလာတော် မူနေပြီ"

ခင်လေးသည် ခြေဖျားထောက်သွားကာ တံခါးဖွင့်ပေးလိုက်၏။ အချိတ်ပုဆိုး၊ အောက်ပိုးကျိုက်လျက်၊ ဓားရှည်လွယ်ထားကာ သျှောင်တစောင်းနှင့် လူခန့်ချောကြီးကို မြင်သည်နှင့် တစ်ပြိုင်နက် လည်ပင်းကိုဖက်ကာ၊ "နေနိုင်တော်မူအားပါပေ့ မောင်တော်ဖျာ့" ဟု တရှုံ့ရှုံ့ ငိုနေရှာသည်။

"မောင်တော်ဖျား အရေးကြီးတဲ့ ကိစ္စရှိလို့ မလာရတာ၊ ခင်လေး မျက်ရည်သိမ်းပါတော့"

မင်းသားသည် ခင်လေးအား အခန်းထဲသို့ ခေါ်ဆောင်သွားသည်။

***

"ခင်လေး နက်ဖြန် အချိန်ကောင်းမှာ မောင်ဘုရားရယ်၊ နောင်တော်ကြီးရယ် ညီနောင်နှစ်ပါး ခမည်းတော်ကို ခြားနားကြတော့မယ်၊ အောင်မြင်ရင် ခင်လေးလည်း မိဖုရားပေါ့၊ မတော်တဆ မအောင်မြင်ခဲ့သော် မီးခိုးကြွက်လျှောက် လိုက်ကြမှာမို့၊ သတင်းဆိုး ကြားရင်ကြားချင်း အောက်ပြည်ရန်ကုန်ကို အထိန်းတော် မသူဇာနဲ့ သားကလေးပါ

ပြေးကြပေတော့၊ ရော့.. ပတ္တမြားလက်စွပ်၊ သားတော်မောင် အရွယ်ရောက်ရင် ပေးအပ်၊ ဒီကျောက်သံပတ္တမြားတစ်ချို့က ခင်လေး ထုခွဲရောင်းချသုံးဖို့"

ခင်လေးသည် မျက်ရည်မပိုင်းမိစေရန် မနည်းသတိချုပ်ရသည်။ မင်းသား (မြင်းခုံတိုင်မြို့စား) သည် အိပ်ပျော်နေရှာသော သားကလေးအာ ခြေဖော့နင်းသွားကာ ကုန်း၍ နမ်းရှုံ့တော်မူ၏။ တစ်ဖန် ပြန်ထလာကာ...

"မတော်တဆ ရန်ကုန်ရောက်ရင် သားကလေးကို ကုလားဖြူစာတတ်အောင် သင်ပေးပါ၊ လောကဓာတ်ပညာနဲ့ ခေတ်လက်နက် လုပ်တတ်ဖို့ ကုလားဖြူစာတတ်မှ ဖြစ်မယ်"

မင်းသားသည် ခင်လေးအား ပွေ့ဖက်ယုယပြီးနောက်၊ အိမ်ကြီးပေါ်မှ ဆင်း၍သွား၏။ ခင်လေးကား မြင်းခွာသံများကို သဲ့သဲ့ကြားရသည်အထိ နားစွင့်ရင်း ကျန်ရစ်ခဲ့သည်။

နောက်တစ်နေ့ ညနေပိုင်းတွင် လူအများ ပြေးကြ၊ လွှားကြ၊ ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။ ခင်လေးသည် အိမ်ပြတင်းမှ ကြည့်ရှုနေစဉ်...

"မြင်ကွန်းနဲ့ မြင်းခုံတိုင် ညီနောင်နှစ်ပါး မင်းတရားကြီး ပုန်ကန်ကြသတဲ့ဗျို့၊ အိမ်ရှေ့ဘုရားလည်း နတ်ရွာလားပတဲ့၊ နို့ပေမဲ့ တပ်မတော်က ပြန်စီးမိလို့ ညီနောင်နှစ်ပါး ဆုတ်ပြေးကြပတဲ့"

"မင်းတရားကြီးကော ဘယ်လိုဖြစ်တော်မူသေးသလဲ"

"ပိုက်ကြီးက ထမ်းပြေးလို့ အသက်လွတ်ပါသတဲ့"

ခင်လေးသည် ထိုသတင်းကြားလျှင် ဒေါ်သုဇာနှင့် တိုင်ပင်ကြကာ ညတွင်းချင်း လှေကြုံနှင့် ရန်ကုန်သို့ စုန်ဆင်းပြေးခဲ့ကြရသည်။

ကြည့်မြင်တိုင်သို့ ရောက်လျှင်...

ခင်လေး၊ ဒေါ်သုဇာ၊ သားကလေး မောင်ဖုန်းတို့ ထွက်လာသည်မှာ ၁၀ ရက်ခန့်အကြာ၌ ကြည့်မြင်တိုင်သို့ ရောက်ရှိလာကြ၏။ ဆင်းရဲသူအသွင်နှင့် ခင်လေး၏ ဖခင် သူကြွယ်မင်းနှင့် ရင်းနှီးသော ပွဲစားကြီး ဦးကြွယ်ဟိုးအား လိုက်၍ရှာကြ၏။ ဦးကြွယ်ဟိုးနှင့် တွေ့လျှင် အကျိုးအကြောင်းပြောပြကာ အကူအညီတောင်းရာ၊ မောင်ဖုန်း ၁၆ နှစ်သားအရွယ်ထိ ဖြစ်လာသည်။

***

မောင်ဖုန်းသည် ပွဲစားကြီး ဦးကြွယ်ဟိုး(သူ့ဘိုးဘိုး) ဆုံးမသည့်အတိုင်း ကျောင်းသားများနှင့် သင့်တင့်အောင်ပေါင်း၏။ ရန်စသော်လည်း သည်းခံလေသည်။ ထိုသို့သည်းခံသည်ကို အချို့က ကြောက်လို့ဟု ထင်ကြသည်။ သို့နှင့်ပင် ၁၇ နှစ်အရွယ်သို့ ရောက်လာသည်။ ကျောင်းဆက်နေမြဲ နေရ၏။

ကျောင်းတွင် ပညာသင်ကြားနေရသော်လည်း စိတ်တထင့်ထင့် ဖြစ်နေ၏။ မိခင်မှာ လွန်ခဲ့သည့် ၆ လကတည်းက အဆုတ်ရောဂါကြောင့် အခြေအနေဆိုးခဲ့ရာ အိပ်ရာပေါ် လဲလျောင်းနေရရှာသည်မှာ ၂ လခန့် ကြာခဲ့ပြီဖြစ်၏။

တစ်နေ့ကျောင်းက ပြန်လာသောအခါ မြင်းကို မြင်းဇောင်းတွင် ထားခဲ့ပြီးလျှင် အိမ်ရှေ့သို့ လာခဲ့သည်။ မိခင်ကြီးအား ကုသသော မျက်နှာဖြူဆရာဝန်နှင့် ရင်ဆိုင်တိုးနေ၏။ အင်္ဂလိပ်ဘာသာဖြင့် "ကျွန်တော် မျှော်လင့်စရာ ရှိပါသေးသလားခင်ဗျာ" ဟု မေးလိုက်ရာ ဆရာဝန်က "ဟုပ်ပလက်စ်" (မျှော်လင့်စရာ မရှိ) ဟု တစ်ခွန်းသာပြောပြီး ထွက်၍သွားသည်။

မိခင်ကြီး မျှော်လင့်စရာမရှိဟု ဆိုသဖြင့် တံခါးတွင်ရပ်ကာ ကြိတ်၍ ငိုနေသည်။ မိခင်ကြီးက အခန်းထဲသို့ ဝင်ရောက်သွားသောအခါ အလွန်ပိန်ချုံးအားအင် နည်းနေသော မိခင်ကြီးအား စိတ်အားငယ်ဖွယ် တွေ့နေရသည်။

၃ ရက်ခန့်ကြာသောအခါ ခင်ခင်လေးသည် သားနှင့် အထိန်းတော် ဒေါ်သူဇာကိုပါ စွန့်ပစ်ခဲ့ကာ မရဏမင်းနောက်သို့ လိုက်ပါသွားတော့သည်။ မောင်ဖုန်းသည် မိခင်၏အလောင်းကိုဖက်ကာ အားရအောင်ငိုပြီးမှ ပွဲစားဦးကြွယ်ဟိုးအိမ်သို့ အပြေးသွား၍ အကြောင်းကြား၏။ ဦးကြွယ်ဟိုး၏ အကူအညီဖြင့် မိခင်၏အလောင်းကို ဗားကရာသင်္ချိုင်းတွင် မြှုပ်နှံလိုက်ရ၏။

ရက်လည်ဆွမ်းကျွေးပြီးနောက် ကျောင်းပြန်တက်သောအခါ ဦးကြွယ်ဟိုးကလည်း အဘိုးအရင်းသဖွယ် ဆုံးမ၍ လိုလေသေးမရှိ ကူညီနေသည်။ တစ်နေ့တွင်ကား အင်ဂျင်နီယာချုပ်သား ညီအစ်ကိုနှစ်ယောက်နှင့် ထမင်းစားနားချိန် တွေ့ကြပြန်၏။ အင်္ဂလိပ်ဘာသာဖြင့် ပြောသောအဓိပ္ပာယ်ကား ...

"ဟေ့ တောသား ဒီဆံပင်ဖြတ်ပြီး တို့လို ဗိုလ်ကေထားပါလား"

"ဆံပင်မဖြတ်ရဘူး၊ တို့ဗမာမှာ ဦးစွန်းဆိုတာ အထွဋ်အမြတ် ဖြစ်တယ်"

"ဒါက အယူသီးတာတွေပဲ၊ ပေး မဖြတ်ဝံ့ရင် ငါ ဖြတ်ပေးမယ်"

ပြောပြောဆိုဆို လက်ထဲက အသင့်ဆောင်လာသော ကတ်ကျေးဖြင့် နောက်ထုံးကို ညှပ်လိုက်ရာ ...မောင်ဖုန်းက ရုတ်တရက် ခေါင်းငုံ့တိမ်းလိုက်သဖြင့် မထိချေ။ မောင်ဖုန်းလည်း ဒေါသဖြစ်လှသဖြင့် ကတ်ကျေးဆွဲလုပြီးလျှင် ခပ်ဝေးဝေးသို့ လွှင့်ပစ်လိုက်၏။ မျက်နှာဖြူကျောင်းသားကလည်း သူ့ကတ်ကျေးလွှင့်ပစ်ရမလားဟု ဒေါပွကာ စတင်ထိုးတော့သည်။ မောင်ဖုန်းသည် ညီအစ်ကိုနှစ်ယောက်နှင့် ထိုးကြိတ်နေရရာ မြန်မာဓလေ့အတိုင်း ဒူး၊ ခြေထောက်ပါ အသုံးချသဖြင့် မျက်နှာဖြူနှစ်ယောက် အတော်ခံနေရ၏။ ဘရာသာတစ်ယောက်က လာ၍ဖျင်ပြီးလျှင် ကျောင်းအုပ်ကြီးထံသို့ ခေါ်သွား၏။ ဘစ်ရှော့ပ်က စစ်ဆေးမေးမြန်းပြီးလျှင် မောင်ဖုန်းအား မျက်မှောင်ကြုတ်၍ ကြည့်ကာ...

"မောင်ဖုန်း မနစ်က မင်းဒီလိုဖြစ်ရင် ကျောင်းကထုတ်ပစ်မယ်လို့ ကျွန်ုပ် သတိပေးထားတယ်၊ အခု ဖြစ်ပြန်ပြီ၊ မင်းကို ကနေ့ကစပြီး ကျောင်းက ထုတ်ပယ်လိုက်တယ်"

မျက်နှာဖြူကလေးနှစ်ယောက်ကိုမူ သတိပေးရုံသာ ပေး၏။ မောင်ဖုန်းသည် အိတ်ထဲက တစ်စုံတစ်ရာကို စမ်း၏။ အသွား ၃ လက်မခန့်ရှိ ခဲတံချွန်သော မောင်းချစားကလေး ဖြစ်၏။ ညီအစ်ကိုနှစ်ယောက်နောက်သို့ လိုက်သွားကာ အကြီး၏ရင်အုံကို တအားစိုက်လိုက်၏။ တစ်ဖန် အငယ်ကို ထိုးပြန်ရာ လက်ကိုထိပြီး ထွက်ပြေးသွား၏။ ကျောင်းသားများ ဝိုင်းပြေးလာကြကာ ... လဲကျသွေးအိုင်ထွန်းနေသော မျက်နှာဖြူကလေးအား ကြည့်ပြီး "ဒိုက်(သေပြီ)" ဟူသော အသံကြားသည်နှင့်တစ်ပြိုင်နက် မြင်းထားရာသို့ အပြေးသွားကာ မြင်းနှင့် ကြည့်မြင်တိုင်အရောက် ပြေးခဲ့သည်။

ကြည့်မြင်တိုင်သို့ရောက်လျှင် ဒေါ်သူဇာအား အကျိုးအကြောင်း ရေးကြီးသုတ်ပျာနှင့် ပြောပြ၏။ ကျောက်သံပတ္တမြား အထုပ်ကလေး တစ်ထုပ်သာ ယူလျက် မြင်းနှင့်ပင် ဗားကရာလမ်းအတိုင်း ရန်ကုန်အရှေ့ပိုင်းသို့ ပြေးရပြန်၏။ သိမ်းဖြူကျောင်းတိုက်အနီးသို့ရောက်လျှင် မြင်းပေါ်မှဆင်းလျက် မြင်းကြီး၏ကျောကို အသာအယာ ပုတ်ကာ...

"ကဲ သွေးသောက်၊ မင်းလည်း သွားချင်ရာ သွားတော့၊ မင်းနဲ့ငါ ကနေ့ကစလို့ ခွဲကြစို့ကွယ်" ဟု ပြောကာ ကျောင်းထဲသို့ ဝင်ခဲ့၏။ မြင်းကြီးလည်း မောင်ဖုန်းဝင်သွားရာသို့ ဝမ်းနည်းဟန်နှင့် ဇက်မော့ကြည့်နေပြီးနောက် ကြည့်မြင်တိုင်ဘက်ဆီသို့ ပြေးသွားရာသည်။

မောင်ဖုန်းသည် သိမ်ဖြူကျောင်းတိုက်ထဲတွင် ၃ ရက်ခန့် ခိုအောင်းပြီးလျှင် မော်လမြိုင်သို့သွားသော ရွက်လှေကြီးဖြင့် လိုက်ပါသွား၏။ မော်လမြိုင်မှ တစ်ဖန် ကော့ကရိတ်ကြောင်းလမ်းဖြင့် ယိုးဒယားနယ်ထဲသို့ ဝင်ရောက်ခိုအောင်းနေရ၏။

ကံအားလျော်စွာ မြန်မာပြည်နှင့် ကုန်းကြောင်းကုန်ကူးနေသော ယိုးဒယားလူမျိုးတစ်ဦးနှင့် တွေ့သဖြင့် စကားပြောဆိုရာ၌ အခက်အခဲ မတွေ့ဘဲ၊ ထိုအိမ်မှာပင် နေခွင့်ရ၏။ ထိုယိုးဒယားလူမျိုးထံမှ ယိုးဒယားစာနှင့် ယိုးဒယားစကားကို သင်ကြားနေရာ၊ ခြောက်လလောက်ကြာလျှင် ကောင်းစွာ ရေးတတ်၊ ပြောတတ်နေ၏။

"ဦးလေးရယ်၊ ကျွန်တော် အယုဒ္ဓယမြို့ကို သွားချင်တယ်"

"ယော ဒီမှာ မပျော်ဘူးလားကွဲ့၊ ဘာလို့သွားမှာလဲ"

မောင်ဖုန်းက အိမ်ရှင်အား ခွင့်ပန်သဖြင့် အိမ်ရှင် အသက်၄၀ ခန့် ယိုးဒယားက မြန်မာလို ပြန်၍ပြောနေခြင်း ဖြစ်၏။

"ကျွန်တော့် ဆွေမျိုးတစ်ယောက် သွားပြီးရှာချင်လို့ပါ"

မောင်ဖုန်းသည် တောရွာတွင် တာရှည်မနေချင်။ အယုဒ္ဓယသွားပြီး အလုပ်အကိုင် အကြံအစည် တစ်ခုခုလုပ်က တောရွာထက် ပိုမိုကောင်းမည်ဟု လှည့်ဖျားပြောလိုက်သည်။

"အား ဒီလိုဆိုလည်း သွားတာပေါ့ကွယ်"

"ကျွန်တော် မြင်းတစ်ကောင် လိုချင်တယ်"

"ဘတ်တစ်ရာပေးထားရတဲ့ မြင်းတစ်ကောင်ရှိတယ်၊ ဘတ်တစ်ရာ့ငါးဆယ်လောက် ပေးရင် ရမှာပဲ" မောင်ဖုန်းမှာ လက်စွပ်တစ်ခုကို ထုခွဲရောင်းချသဖြင့် ယိုးဒယားဘတ်ငွေ ၁၀၀၀ ခန့် ရှိနေ၏။ တဲအိမ်ရှင်က မောင်ဖုန်း လိုချင်သော မြင်းတစ်ကောင်ကို ဝယ်ယူလာသည်။ မြင်းနီမန်ကျည်းစေ့ရောင်။ မောင်ဖုန်းမှာ မြင်းအကြောင်း အတော်ကြီးခေါက်မိသဖြင့် ...

"မြင်းအမျိုးကောင်းဘဲ ဦးလေး"

"အိမ်း... ဒါကြောင့် ဒီလောက်ပေးရတာပေါ့၊ ရထားဆွဲတဲ့ မြင်းဆိုရင် ငါးဆယ်လောက် ပေးရတယ်" မောင်ဖုန်းသည် ထိုမြင်းကြီးဖြင့် အယုဒ္ဓယမြို့သို့ သွားရန် ပြင်ဆင်နေ၏။ ဘုရင့်နောင်လက်ထက် တစ်ကြိမ်၊ အလောင်းဘုရားလက်ထက် တစ်ကြိမ်၊ ဆင်ဖြူရှင်လက်ထက် တစ်ကြိမ် ကြည်းကြောင်းချီတက်သော လမ်းမကြီးသည် စစ်မတိုက်ဘဲနေသော အခါသမယတွင် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် ခြေကျင်တစ်ဖုံ၊ လှည်းနှင့်တစ်မျိုး၊ မြင်းနှင့်တစ်သွယ် သွားနိုင်သောလမ်းမ ဖြစ်နေသည်။

မောင်ဖုန်းသည် ထိုလမ်းခရီးစဉ်ကို သွားဖူးသူများထံမှ စုံစမ်း၍ မြင်းကြီးကို တစ်နာရီ ၁၀ မိုင်နှုန်းလောက်ဖြင့် သုံးညအိပ်နှင့် အယုဒ္ဓယမြို့တော်သို့ ရောက်ရှိခဲ့၏။ ရှေးဦးစွာ ဗုဒ္ဓဘာသာ ယိုးဒယားလူမျိုး ဘုန်းကြီးကျောင်းတွင် ဝင်ရောက်တည်းခိုနေရသည်။

ယိုးဒယားစကားကို ရေလည်စွာပြောတတ်ပြီ ဖြစ်သဖြင့် သူသည် တောရွာတစ်ရွာမှ ယိုဒယားလူမျိုး တောသားကလေးဖြစ်ကြောင်း၊ အယုဒ္ဓယမြို့တော်သို့ အလုပ်တစ်ခုခု လုပ်ကိုင်လို၍ လာရောက်ကြောင်းများကို ပြောပြ၏။ ယိုးဒယားစာနှင့် အတွက်အချက်လည်း ကောင်းစွာတတ်မြောက်ကြောင်းပါ ကိုယ်ရည်သွေးသဖြင့်၊ ယိုးဒယားဘုန်းကြီးက စစ်ဆေးမေးမြန်းကြည့်ရာ တကယ်တော်သဖြင့် များစွာချီးမွမ်းတော်မူ၏။

တစ်နေ့တွင် ယိုးဒယားဆရာတော်သည် အလှူလေးပါး ဒါယကာဖြစ်သော အိမ်တွင် စကားစပ်မိ၍ အသက် ၁၇ နှစ် ၁၈ နှစ်ခန့် တောသားကလေးတစ်ယောက် အတွက်အချက်တော်ကြောင်း၊ ယိုးဒယားစာလည်း တတ်ကြောင်း ပြောပြမိ၏။ ဒါယကာဖြစ်သူက သူ့တွင် ငွေစာရင်းကိုင်မည့်သူတစ်ယောက် အလိုရှိ၍ တွေ့မြင်လိုကြောင်းနှင့် လျှောက်ထားလိုက်သည်။ မောင်ဖုန်းလည်း ယိုးဒယားဆရာတော် ညွှန်ကြားချက်အရ ဝင်းခြံနှင့် အဆောက်အဦကြီး တစ်ခုသို့ ရောက်ရှိသွားသည်။

ယိုးဒယားနန်းကျ မင်းဆွေမင်းမျိုး အနွယ်ဝင်ဖြစ်ကြောင်း လယ်ယာအမြောက်အများနှင့် အသက်မွေးနေ၍ ပစ္စည်းကုံလုံ ကြွယ်ဝကြောင်းပါ ဆရာတော်က ပြောပြသဖြင့်၊ အခါအခွင့် မသင့်ခင် နိဝါတသဘောထားမှဟု ရှိသေစွာ ပြောဆိုဆက်ဆံရ၏။

"စပါးတောင်းတစ်ရာ ၂၄ ဘတ်၊ ၃၇၅ တောင်း ဘယ်လောက်သင့်သလဲ"

"ဘတ် ၉၀"

တော်ဘုရားကြီးက အမေးတွင် မောင်ဖုန်းကချည်း အဖြေမှန်ပေးလိုက်သဖြင့် အထူးအံ့ဩသွားပုံရ၏။ မောင်ဖုန်းကား အထက်တန်း ဂဏန်းသင်္ချာသင်ကြားလာသူ ဖြစ်၏။ ယခုမေးသော ပုစ္ဆာမှာ သူ ၃-၄ တန်းတုန်းက နည်းတိုနှင့် စိတ်တွက်တွက်ခဲ့ရသော ပုစ္ဆာ ဖြစ်သည်။

နောက် ယိုးဒယားစာများကို အရေးအဖတ် ကြည့်သောအခါ အချွန်း၊ အမျှောင့်၊ လေးထောင့်စသော အင်္ဂလိပ်စာ၊ အဝန်းအဝိုင်း မြန်မာစာကို သွက်လက်စွာ နှစ်ပေါင်းများစွာ အလေ့အကျင့်ရခဲ့သူ ဖြစ်သဖြင့် ယိုးဒယားစာ လှလှကလေးများကို ကောင်းစွာရေးနိုင်သည်။ ထိုနေ့ကစ၍ တော်ဘုရားကြီးအိမ်တွင် စာရေးအဖြစ် အမှုထမ်းနေရသည်။

***

အသက် ၁၈ နှစ်ရွယ် မောင်ဖုန်းသည် တသွေးတမွေး ကျက်သရေတိုးလျက် ရှိ၏။ လူက ထွားထွားကျိုင်းကျိုင်း၊ ရုပ်ရည်က သန့်သန့်၊ မြင်တွေ့သော ယိုးဒယားအပျိုတိုင်း မျက်စေ့ကျသည်။ မင်းသားကြီးမှာ အသက်..... ခန့်ရှိ၍ သားတော် သမီးတော်ကြီးများ အိမ်ထောင်ခွဲသွားကြပြီ ဖြစ်၏။ ၁၅ နှစ်ရွယ် သမီးတော်ကလေးတစ်ယောက်သာ အိမ်တော်တွင် ရှိ၏။ မောင်ဖုန်းအား တစ်လခန့် အစမ်းခန့်ပြီးလျှင် အိမ်တော်တွင် အဆောင်ငယ်တစ်ဆောင်ဖြင့် နေထိုင်စေကာ သမီးတော်ကလေးအား ညဥ့်ဦး အားလပ်ချိန်တွင် ဂဏန်းအတွက်နှင့် ယိုးဒယားစာကို ကူညီခိုင်းထား၏။

မောင်ဖုန်းမှာ မျက်နှာပိုးသေ၍ ခပ်တည်တည် နေတတ်၏။ မင်းသမီးကလေးအား စာပြရာ၌လည်း မောင်ကြီးက နမငယ်အား ပြသလို ရိုးသားစွာ သင်ပြနေသည်။ မောင်ဖုန်း၏ ဆက်ဆံပုံ ရိုးသားမှုကို မြင်ကြသောအခါ မင်းသားကြီး(တော်ဘုရားကြီး) နှင့် ကြင်ယာတော်တို့ စိတ်ချယုံကြည်ကြ၏။

တောရွာတွင် နေစဉ်က ယိုးဒယား မင်းဆက်များအကြောင်း၊ ယိုးဒယားပုံပြင်များ အကြောင်း ဦးလေးဆိုသူက ပြောပြမှတ်သားထားခဲ့ရသဖြင့် ထိုအကြောင်းများကို ယိုးဒယားလို မင်းသမီးကလေးအား ပြောပြသောအခါ တရှိုက်မက်မက် နားထောင်ရင်း သဘောကျနေသည်။

၃-၄ လကြာလျှင် မင်းသမီးကလေးနှင့် ခင်သည်ထက် ပိုမို၍ ခင်မင်လာ၏။ မောင်ဖုန်းမှာ ကျက်သရေရှိရာ မင်းသမီးကလေး၏ အကြည့်မှာ တစ်ခါတစ်ခါ ဘာလိုလို ဖြစ်နေသည်ဟု ထင်မိ၏။

မင်းသမီးကလေးမှာ ၁၅ နှစ် တင်းတင်းပြည့်၍ ၁၆ နှစ်ထဲသို့ ရောက်၍လာသောအခါ၊ ခါးသေးရင်ချီလျက် အပျိုဒင်ပြည့် အနေအထားသို့ ရောက်ရှိနေသည်။ သူ၏မယ်တော်နှင့် တစ်ခါတစ်ရံ ယှဉ်၍ကြည့်သောအခါ မယ်တော်ထက် အရပ်လက်နှစ်လုံးမြင့်၍ အဆက်အပေါက် ကိုယ်ခန္ဓာကလည်း မယ်တော်ထက် ဖွံ့ဖြိုးနေသည်ကို မောင်ဖုန်း သတိထားမိသည်။

မောင်ဖုန်းကိုယ်တိုင်လည်း မင်းသမီးကလေးအား ၁၅နှစ်သမီးအရွယ်က လက်ကိုင်လိုက်၊ ပခုံးကိုင်လိုက်နှင့် လက်ပွန်းတတီး နေလေရာမှ ၁၆ နှစ်အရွယ်တွင် ဖောက်ပြားချင်စိတ် ပေါ်၍နေ၏။

မြန်မာ၊ ကုလား၊ ယိုးဒယား စသည့် မင်းဆွေမင်းမျိုးများသည် ဘဝင်မြင့်၍ မိမိကိုယ်မိမိ အထင်ကြီးတတ်သည်။ မိမိကိုယ်မိမိ အထင်ကြီးသလောက် သာမန်သူများအားလည်း အထင်သေးတတ်ကြ၏။ မောင်ဖုန်းအား မင်းသားကြီး နားလည်ထားသည်မှာ ယိုးဒယားတောရွာတစ်ရွာက တောသားကလေးတစ်ယောက်ဟု ဖြစ်သည်။ ဤကဲ့သို့ တောသားတစ်ယောက်က သမီးတော်ကလေးအား မအပ်မရာ မကြံစည်ဝံ့ဟု ထင်ရ၏။

ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက်ကျ၍ နာတံပေါ်ပေါ်၊ မျက်ခုံးမွေးစိမ်းစိမ်း၊ မျက်တောင်ကော့အတွင်းမှ ကြည်လင်လှပသော မျက်လုံး၊ ဝါဝင်းသော အသားနှင့် နထွားရုပ်ချော မိန်းမပျိုအား ရဟန္တာမဟုတ်သော မောင်ဖုန်းသည် ၆ လကျော်တိုင် လက်ပွန်းတတီး နီးကပ်စွာနေထိုင်ရသဖြင့် အဘယ်မှာ စိတ်မပြစ်မှားဘဲ နေပါမည်နည်း။

"မောင်ကြီး ကြည့်ရတာ နမလေးကို မေတ္တာရှိနေပုံရတယ်၊ ဟုတ်ကဲ့လား"

တစ်ညတွင် စာသင်ကြားနေခိုက် မင်းသမီးကလေးက စစ်မေးမြန်းလိုက်ခြင်း ဖြစ်၏။ မင်းသမီးကလေး၏စိတ်၌ မောင်ဖုန်းက မုချမေတ္တာရှိနေပြီ၊ ဂုဏ်အဆင့်အတန်း မတူသဖြင့် မပြောဝံ့လို့သာ မျိုသိပ်အောင့်အည်းနေသည်ဟု ထင်မှတ်နေသည်။

"နမလေးရဲ့ စိတ်ထဲကော ဘယ်လိုနေသလဲ၊ နမလေးရဲ့ စိတ်ထဲမှာ ရှိသလို မောင်ကြီးရဲ့ စိတ်ထဲမှာ ရှိမှာပေါ့"

"နမလေးကတော့ မောင်ကြီးကို ချစ်နေတာပဲ"

"ဘယ်လို ချစ်ပုံမျိုးလဲ"

"ဘယ်လိုချစ်တယ်လို့ မပြောတတ်ဘူး၊ တစ်မျိုးကြီးပဲ"

ရိုးသားငယ်ရွယ်သူ ဖြစ်သည့်အတိုင်း ပရိယာယ်မပါ ပွင့်ပွင့်လင်းလင်း ပြောလိုက်ရှာသည်။

"မောင်ကြီးစိတ်ထဲလည်း တစ်မျိုးပဲ၊ ဒါပေမဲ့ ဂုဏ်အဆင့်အတန်း မတူတော့ မစရဲဘူး"

မင်းသမီးကလေးက နီထွေးသောနှုတ်ခမ်းကလေး လှုပ်၍နေ၏။ အသံကား မထွက်လာချေ။

"မောင်ကြီးက မေတ္တာမျှကြပါစို့လို့ ဆိုရင် နမလေး စိတ်ဆိုးတော့မယ်လား"

မင်းသမီးကလေးသည် ဘာမျှပြန်မပြောဘဲ မောင်ဖုန်းအား စိုက်၍ကြည့်နေသည်။ မောင်ဖုန်းကလည်း ရွှန်းရွှန်းစားစား ကြည့်၍နေ၏။ မောင်ဖုန်းက ဒူးတုပ်ထိုင်နေ၍ ပေါင်ပေါ်တင်ထားသော မင်းသမီးကလေး၏ လက်ကို အသာအယာ ဆွဲကိုင်လိုက်သည်။ အချစ်စကားပြောကြပြီး ကိုင်လိုက်ခြင်း ဖြစ်သဖြင့် နှစ်ဦးစလုံး ရင်ဖိုနေကြသည်။

"မောင်ကြီးမေးတာကို ပြောပါဦး နမလေးရဲ့"

"အဲဒါကို စဉ်းစားနေတာပဲ၊ ခမည်းတော်၊ မယ်တော် ဆွေမျိုးသားချင်း ဒါတွေနဲ့ ဘယ့်နယ်လုပ်ရပ့ါမလဲလို့..."

ကျွန်းတိုင်းလုံးကြီး၏ဘေးတွင် ထွန်းညှိထားသော ဆီမီးခွက်ကြီးသည် ဆီနည်းလာသဖြင့် အရောင်တဖြည်းဖြည်း လျော့၍လာ၏။ ထိုညတွင် မင်းသားကြီးသည် ထီးနန်းအတွက် ကျွန်ယုံများနှင့် အခြားအဆောင်တွင် တီးတိုးတိုင်ပင်နေကြသည်။

ဆီမီးတောက်သည် ရုတ်တရက်ငြိမ်းသွားရာ မောင်ဖုန်းသည် မင်းသမီးကလေးအား သူ၏ရင်ခွင်ထဲသို့ ဆွဲယူလိုက်ကာ ပါးနချောပြင်နှစ်ဘက်ကို မွှေးပြီးမှ လွှတ်ပေးလိုက်၏။

ထိုညကစ၍ မောင်ဖုန်းနှင့် မင်းသမီးကလေးမှာ အခိုင်းအစေများလစ်တိုင်း ချစ်စကားပြော ချစ်တင်းနှောကြသည်။ စကားပရိယာယ်နှင့် အပြုအမူများ မောင်ဖုန်းက မြန်မာပီပီ ကြွယ်၍နေရာ၊ ငယ်ရွယ်သူ မင်းသမီးကလေးမှာ မောင်ဖုန်းအား တစ်နေ့မမြင်ရ မနေနိုင်အောင် ဖြစ်နေရှာ၏။

တစ်ခါတစ်ရံ မောင်ဖုန်းအား စပါးပေးငွေများကို တစ်နေ့ခရီးလောက် သွားရောက် အတောင်းခိုင်းရာ၊ မင်းသမီးကလေးမှာ တမျှော်မျှော် ဖြစ်နေသည်။

"ကြာလိုက်တာ မောင်ကြီးရယ်၊ နမလေးဖြင့် တမျှော်မျှော်နဲ့"

"ဒါတောင် မောင်ကြီးရဲ့မြင်းကြီးက အပြေးကောင်းလို့၊ ဒီလောက်စောစောရောက်တာ၊ မောင်ကြီးလဲ နမလေးနဲ့ ခုလိုခွဲခွာရမှ ဘယ်လောက်ချစ်ခင်စွဲလမ်းတယ်ဆိုတာ သိရတာပဲ"

မြင်းကြီးမှာ မောင်ဖုန်း တောရွာကစီးလာသော သူပိုင်မြင်းဖြစ်၏။ အရေးရှိက အသုံးချရန်ဟု မည်သူ့မျှ မရောင်းဘဲ၊ ကျွေးမွေးထားခြင်းဖြစ်၏။ ထိုစဉ်က တစ်ပြည်နှင့်တစ်ပြည် သံတမန်အလဲအလှယ်၊ အကူးအသန်း အသွားအလာ ပိပိရိရိ မရှိလှသဖြင့် မောင်ဖုန်းမှာ ရာဇဝတ်ဘေးအတွက် အေးနေရသော်လည်း သူများနိုင်ငံတွင် ဘယ်လိုဖြစ်မည် မသိဟု တွေးတောထားသည်။

"ကဲ မောင်ကြီး၊ ဘာများအရေးတကြီး ပြောစရာ ရှိလို့လဲ"

မင်းသမီးကလေးသည် မွန်းလွဲသာသာအချိန်တွင် မောင်ဖုန်းက ချိန်းဆိုထားသည့်အတိုင်း မောင်ဖုန်း၏အဆောင်ထဲသို့ ဝင်ရောက်လာကာ မေးမြန်းလိုက်ခြင်း ဖြစ်၏။ မောင်ဖုန်းသည် ဘာမျှပြန်မပြောသေးဘဲ ရွှန်းရွှန်းစားစား ကြည့်နေသည်။

"ဩော်... ရှုလို့ပဲ မဝနိုင်တော့ဘူးလား မောင်ကြီးရယ်၊ နမကလေးတော့ ခေါင်းကိုက်လို့ဆိုပြီး ညဏ်ဆင်နေခဲ့ရတာ"

နှစ်ယောက်သား ကုတင်ပေါ်တွင် ယှဉ်တွဲထိုင်မိဖြစ်၏။ ခမည်းတော် မယ်တော် ဘုရားကျောင်းသွား မလိုက်ဘဲ နေရစ်သည်။ အခန်းဆောင်ကူးမည်ပင် တစ်စုံတစ်ဦး မြင်မည်စိုး၍ တံခါးမပေါက်ကို အတွင်းဘက်က တံခါးကျင်ရှို ပိတ်ခဲ့မိသည်။ မင်းသမီးကလေးကို မောင်ဖုန်းက ပွေ့ဖက်ကာ ကြူကြူမွှေးနေ၏။

မောင်ဖုန်းမှာ ယိုးဒယားမင်းဆွေမင်းမျိုး၏ သမီးတော်တစ်ပါးကို ချစ်အားပိုမိသဖြင့် သတိအမြဲထားသည်။ မတော်တဆ ရိပ်မိသိရှိက အသက်ဘေးလွတ်မည်မဟုတ်။ သူ့တွင် ငွေကြေးပြည့်စုံသဖြင့် မတ်စကတ် သေနတ်တစ်လက်ကို ဘတ်ငွေ ၂၀၀ ပေး၍ ဝယ်ယူထားကာ၊ လျှို့ဝှက်သိမ်းဆည်းထား၏။ တစ်ခါတစ်ရံ တောထဲထွက်၍ သေနတ်ပစ် လေ့ကျင့်၏။

အလွန်အကြူး ချစ်ခင်မိပြီ ဆိုရင်ဖြင့် ငယ်ရွယ်သူ မိန်းမပျိုကလေးများက အစွဲအမြဲ ကြီးတတ်သည့်အတိုင်း၊ တစ်ည နှစ်ယောက်ချင်းအတွေ့...

(ချစ်သူနှစ်ဦး အပြန်အလှန် ပြောကြသော စကားများမှာ ဖော်ပြပြီးရော ယခုပြောလတ္တံ့ရော ယိုးဒယားဘာသာနှင့်ချည်း ဖြစ်သည်။ ။ ဆွေ)

"မောင်ကြီးရေ၊ ဒီတစ်ခါမှ အခက်ကြုံကြပေါ့၊ နမလေး ပျို့အန်တာ မယ်ဘုရားသိသွားတော့ မောင်ကြီးနဲ့ အချစ်ပလူးနေလားလို့ စစ်မေးတယ်၊ နမလေးက အောက်တန်းစား တောသားတစ်ယောက် ဘောက်မဲ့ မေတ္တာမျှရမလဲ နန္ဒင်းမကင်းစားတုန်း ယင်ကောင်ပါးစပ်ထဲဝင်လို့ အန်နေတာပါလို့ လိမ်ပြောထားရတယ်"

"ဖွင့်ပြောကြရင် မကောင်းဘူးလား"

"မပြောနဲ့ မပြောနဲ့၊ ဘယ်နည်းနဲ့မှ သဘောတူကြမှာ မဟုတ်ဘူး"

"မောင်ကြီးဟာ ဗမာလူမျိုး၊ မင်းမျိုးမင်းနွယ် ဖြစ်တဲ့အကြောင်း ဖွင့်ပြောရင် ဂုဏ်ရည်တူမို့ သဘောတူကြမယ် မဟုတ်လား"

"အံမာလေး မပြောလိုက်ပါလေနဲ့ မောင်ကြီးရယ်၊ ဘယ်လိုအကြောင်းနဲ့မှ သဘောတူနိုင်စရာ ရှိမယ်မထင်ပါဘူး"

"နမလေးက ဘယ်လိုကြံစေချင်သလဲ"

"နမလေးကို ခိုးယူပြေးပါတော့၊ နမလေးစိတ်မှာတော့ ကမ္ဘာပေါ်မှာ မောင်ကြီးတစ်ယောက်တည်းပဲ အဖော်ရှိတယ်"

"ဒါဖြင့်ရင် မောင်ကြီး ကြံစည်ပုံ့မယ်၊ စိတ်ချလို့နေတော်မူပါ နမရယ်"

"မောင်ကြီးခေါ်ရာကို ငရဲပြည်ပဲရောက်ရောက် နောက်က ဖဝါးခြေထပ် အမြဲကပ်ပြီး လိုက်ခဲ့ပုံ့မယ်"

"ကဲ ကဲ နမလေး၊ အဆောင်ကူးပေတော့၊ အထူးသတိထားနော်"

ဇာနည်သွေးတို့မည်သည် အကြံအစည်ကို ဘယ်အခါမျှ လျှော့ရိုးထုံးစံမရှိ။ တိုင်းပြည်ကြီးတစ်ပြည်လုံး သိမ်းကျုံးအုပ်စိုးမည်ဟု ပုန်ကန်ခြားနားခဲ့သည့် သတ္တိခဲဖခင်၏ သွေးပါသော မောင်ဖုန်းမှာ နောက်ဆုံးတွင် မင်းသမီးကလေးအား ခေါ်ဆောင်ပြေးရန် စီစဉ်တော့သည်။

ညဘက်ပြေးမှ ဟန်ကျမည်ကြောင့် လသာရက်ကို ရွေးလိုက်၏။ ချိန်းထားသော ညဥ့်သန်းခေါင်ယံအချိန်တွင် မင်းသမီးကလေးမှာ အဝတ်တစ်ထည် ကိုယ်တစ်ခု၊ မောင်ဖုန်းမှာလည်း အပိုပစ္စည်းမယူ၊ ကျောက်သံပတ္တမြား အထုပ်ကလေးနှင့် ဘတ်ငွေအနည်းငယ်၊ ဓားမြှောင်တစ်လက်၊ မတ်စကတ်သေနတ်တို့သာ ဖြစ်၏။

မြင်းနီမန်ကျည်းစေ့ရောင် မြင်းကြီးကား ...၊ လူနှစ်ယောက်ကို တင်ပြေးနိုင်သော အင်အားရှိ၏။ လိမ်လည်း လိမ္မာသည်။ မင်းသမီးကလေးအား ပထမတင်လိုက်စဉ် မိန်းမတက်သဖြင့် မြင်းထီးကြီး မကြိုက်လို့လား၊ နိမိတ်ပြလေသလား မသိ၊ မဟီစဖူး ဟီလိုက်၏။ မောင်ဖုန်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ လွှားခနဲခုန်တက်ပြီးလျှင် ဒုန်းစိုင်းထွက်ခဲ့သည်။ လက်တစ်ဖက်က မင်းသမီးကလေးအား ပွေ့ဖက်ထိန်းထား၍၊ တစ်ဘက်က မြင်းဇက်ကြိုးကိုင်ကာ တရိပ်ရိပ်နှင့် သစ်ပင်ချုံပုတ်များ ချာလပတ်လည်ပြီး ကျန်ရစ်သည်။

အတော်ထွက်မိသောအခါ၊ နောက်မှ မြင်းခွာသံများ ကြားရ၏။ နောက်ထပ်ဆက်လက်၍ တစ်မိုင်ခန့် ပြေးမိသောအခါ၊ နောက်ကလိုက်သော မြင်းများမှာ နီးသည်ထက်နီး၍ လာကြသည်။ မောင်ဖုန်းလည်း လည်ပြန်ကြည့်သောအခါ လရောင်တွင် မြင်းသုံးစီး အပြင်းစိုင်းလိုက်လာကြသည်ကို မြင်ရ၏။ သူ၏မြင်းကြီးမှာ လူနှစ်ယောက်ကို ထမ်းဆောင်ပြေးရသည့်အတွက် နောက်မြင်းများလောက် ခြေမသွက်ရှာချေ။ "ဒိုင်း" ကခနဲ သေနတ်သံတစ်ချက်ကြား၍ ကျည်ဆံများ မောင်ဖုန်း၏နားထင်နားမှ ရွှီခနဲ ဖြတ်ပြေးသွားသည်။ မောင်ဖုန်းသည် ဇက်ကြိုးနှင့် မင်းသမီးကလေးကို လက်တစ်ဘက်နှင့်ထိန်း၍ ခါးက မတ်စကတ်သေနတ်ကို ဖြုတ်ကာ၊ နောက်ပြန် ဒိုင်းခနဲတစ်ချက် ပြန်ပစ်လိုက်၏။ နောက်ကလိုက်လာသူများမှာ ရှေ့က သေနတ်ပါမှန်း သိသဖြင့် အနည်းငယ် မြင်းဇက်ကို သတ်လိုက်ကြ၏။

မောင်ဖုန်း၏ စိတ်ကူးတွင် နောက်ကလိုက်လာကြသူများမှာ မင်းသားကြီးနှင့် အရင်းအချာ မင်းသမီးကလေး၏ အသက်ကို ငဲ့ညှာမည့်သူများ ဖြစ်ရမည်။ ရင်ဆိုင်တိုက်ခိုက်လျှင် မင်းသမီးကလေးက သူ့ရှေ့မှာကွယ်နေ၍ တစ်ဘက်ရန်သူ၏ ပစ်ခင်းမှာ သူ့ရင်ဘတ်နှင့် ဦးခေါင်းသာရှိသဖြင့် ပစ်ခင်းနယ်ကျဉ်းသည်။ သူ၏လက်ဖြောင့်ခြင်းကို အားကိုးလိုက်ကာ မြင်းကြီးကို နောက်ပြန်လှည့်ပြီးလျှင် တိုက်လေတော့၏။ ပထမတစ်ချက်ဖြင့် နောက်က လူတစ်ယောက် မြင်းပေါ်မှ ထိုးကျသွားသည်။ လျှပ်ပြက်သလို ပစ်ခတ်နေကြခြင်းဖြစ်ရာ "အမယ်လေး မောင်ကြီးရဲ့" ဟု သူ့ရင်ခွင်ထဲက မင်းသမီးကလေး အော်သံကြားရ၏။ နောက် မြင်းပေါ်မှ လူတစ်ယောက်လည်း ထိုးကျသွားပြန်သည်။ ကျန်တစ်ယောက်မှာ မြင်းလှည့်ပြီး ထွက်ပြေးသွားလေသည်။

"နမလေး နမလေး ဘယ်ထိသွားသဲ၊ အံမယ်လေး မောင်ကြီးကို စကားတောင်မှ မပြောနိုင်တော့ပါပဲလား နမလေးရဲ့"

မင်းသမီးကလေးကား အသက်ပျောက်သွားရှာပြီ ဖြစ်၏။ မင်းသမီးကလေးပွေ့လျက် မြင်းပေါ်က ဆင်းလိုက်ပြီးလျှင် လရောင်တွင် ငုံ့၍ကြည့်၏။ လရောင်ဟပ်၍ ပြတ်သားချောမွေ့သည့် မျက်နှာကလေး၊ ရင်ဝမှာ သွေးတွေအိုင်လို့....

"အို အလှရဲ့၊ အချစ်ရဲ့၊ မောင်ကြီး ဘယ်လိုဖြေရပါ့မလဲကွယ်၊ မောင်ကြီးကို ပစ်ခွာသွားပါပေါ့လား အလှရဲ့"

အာဇာနည် ယောက်ျားရင့်မာကြီး မျက်ရည်ကြီးငယ်ဆင်းကာ ငိုကြွေးနေရှာ၏။ ရန်သူဘေးကလည်း မလွတ်သေးသဖြင့် လမ်းဘေးတစ်နေရာတွင် ဓားမြှောင်နှင့် မြေကြီးကိုတူးဆွနေရာ မြေပွသဖြင့် နာရီဝက်အတွင်း တစ်ပေခန့် နက်လာ၏။ မင်းသမီးကလေး၏ အလောင်းကို မြေမြှုပ်ကာ မြေကြီးများ ဖုံးပေးနေ၏။

"မောင့်အသည်းတွေ ကျွမ်းပေါ့ နမရဲ့၊ နမရေ မောင်ခေါ်လို့ မထူးတာမို့ မောင်ရူးရတော့မယ်"

မောင်ဖုန်းသည် ကြာကြာငိုချိန် မရချေ။ မြင်းခွာသံများ ကြားရသဖြင့် ရပ်စောင့်နေသော မြင်းကြီးပေါ် လွှားခနဲ ခုန်တက်လိုက်ကာ စိုင်းနှင်ပြေးရပြန်သည်။ ထိုအခါ၌မူ လူတစ်ယောက်တည်း ထမ်းဆောင်ပြေးရသော မြင်းကြီးမှာ နောက်မြင်းများကို အပြတ်အသတ် ချန်၍ထားခဲ့လေသတည်း။

(ဤဝတ္ထုမှာ သွေးသောက်မှ ထုတ်ဝေသည့် မောင်နေမျိုး ဝတ္ထုရှည်ကြီးမှ အခန်းတစ်ခန်း ဖြစ်သည်။ ဝတ္ထုရှည်ကြီးတွင် ဤအခန်းမှာ မူလမှတ်တမ်းကို မပိုမလျော့အောင် ထိန်း၍ရေးရသည့်အတွက်

လျှောက်လွှာတစ်မျက်နှာခန့်သာ ရှိ၏။ ထိုတစ်မျက်နှာကို ချဲ့ထွင်၍ ရေးသားရခြင်း ဖြစ်၏။ မောင်နေမျိုး (ဘီအက်စီ)၏ဖခင်အကြောင်း နောက်ကြောင်းထားသော ခေတ်ဝတ္ထုရှည်ကြီး ဖြစ်ပါသည်။)

သွေးသောက် မဂ္ဂဇင်း

၁၉၅၂ ခု၊ ဇန်နဝါရီလ။

## ၆။ ပန်းချီ့ကံ

စာရေးသူ၏ အမှာစာ

သွေးသောက်မဂ္ဂဇင်းတွင် ပါဝင်ခဲ့သော ဝတ္ထုတိုရှည်များနှင့် ပတ်သက်၍ ဤစာရေးသူထံသို့ တိုက်ရိုက်စာရေးကြသည်ဟု ကြားသိရ၏။ အမှာစာ စ၍ရေးကတည်းကပင် စာဖတ်ပရိသတ်အချို့ နားရှင်းချင်မှ ရှင်းကြမည်။ "တိုက်ရိုက်" လည်း ဆိုသေးရဲ့ "ကြားသိရ၏" လည်း ဆိုသေးသည်။ ဘယ့်နှာပါလိမ့်ဟု စောဒကတက်စရာပေ။ စာရေးသူမှာ လွန်ခဲ့သည့် ၁၇ နှစ်လောက်ကပင် မိမိ၏နာမည်ရင်း၊ သို့မဟုတ် ကလောင်အမည်နှင့် လာသော စာများကို ကိုယ်တိုင်မဖတ်ရှုခဲ့တော့။ ဇနီးဖြစ်သူကသာ ဖွင့်ဖောက်ဖတ်ရှုခဲ့သည်။ ထိုစာများအနက် အလွန်ရင်းနှီးသော မိတ်ဆွေများထံကစာနှင့် အရေးကြီးသောစာများသာ စာရေးသူက ထပ်မံဖတ်ရှုရ၏။ တစ်ခါတစ်ရံ စာဆယ်စောင် ရောက်သည့်အနက် တစ်စောင်လောက်သာ ဖတ်ရှုရပေသည်။ ဤကဲ့သို့ ဇနီးဖြစ်သူအား တာဝန်လွှဲ၍ထားသည်မှာ မြောက်များလှစွာသော စာများကို ဖတ်ရှုချိန်မရသည်ကတစ်ကြောင်း၊ ပင်ကိုယ်စိတ်က အေးချမ်းစွာ နေလိုသဖြင့် စိတ်အနှောင့်အယှက်ဖြစ်မည့်စာများကို မဖတ်ရှုလိုသည်က တစ်ကြောင်းများကြောင့် ဖြစ်သည်။

ဝတ္ထုတိုရှည်နှင့် ပတ်သက်၍ ရေးသားကြသော စာများအနက် နှစ်ခြိုက်ချီးကျူးစာများနှင့် ပြစ်တင်ဝေဖန်စာများလည်း ပါ၏။ ဆဲစာများလည်း ပါ၏။ ချီးကျူးစာရေးသူနှင့် ဆဲစာရေးသူများကို နှိုင်းယှဉ်ပြရမည်ဆိုလျှင် မဟာဆွေ၏ ပရိသတ်ထဲမှ ရာနှုန်းပြည့်ချီးကျူး၍ အကျိုးလိုလားပြီး အကြံဉာဏ်ပေးကြသည်က များ၏။ ထိုပုဂ္ဂိုလ်များကိုကား လေးစားစွာ နာယူခဲ့၏။ မဟာဆွေ၏ ပရိသတ်မဟုတ်သည့်အထဲက တစ်ခါတစ်ရံ ဖတ်ရှုမိပြီးလျှင် မိမိနှင့်သက်ဆိုင်သူ တစ်ဦးဦးအား ဇာတ်လမ်း ဇာတ်ကွက်တွင် မတော်တဆ ထိခိုက်နေပါက ဆဲစာရေးတော့သည်ဟု သိရ၏။

မိမိကွယ်လွန်ပြီးနောက် နာမည်ကောင်း ကျန်ရစ်အောင် ကြိုးစားနေကြသော မည်သည့်စာရေးဆရာမဆို စိတ်ယုတ်မာနှင့် သူတထူးနစ်နာအောင် ရေးသားလေ့ မရှိကြပေ။ သို့ရာတွင် လူ့ဘုံလောက လူ့သဘာဝကို

ရေးသားကြရာ၌ ဘဝဖြစ်စဉ်သာ အဓိကထားကြရသည်။ ဥပမာ- မဘုမအမည်ရှိသော သူငယ်မတစ်ယောက် ပတ်ဝန်းကျင်နှင့် ဘဝဖန်တီးမှုကြောင့် ဖိမ်မယ်ဘဝ ရောက်သွားရရှာကြောင်း ရေးမိ၏။ အခြား ရိုးရိုးသားသားနေသော မဘုမတစ်ယောက်ကသော်လည်းကောင်း၊ ထိုမိန်းမကောင်း မဘုမနှင့် သက်ဆိုင်သူတို့ကသော်လည်းကောင်း၊ နာကျည်းစရာ မဟုတ်ချေ။ ဇာတ်လမ်း ဇာတ်ကွက်ဆင်ရာ၌ နာမည်သော်လည်း တူသွားတတ်သည်။ ဖြစ်စဉ်သော်လည်း တူသွားတတ်သည်။ စာရေးဆရာ၏ စိတ်ကူးနှင့် မတော်တဆ တူသွားခြင်းပါကလားဟု စိတ်သဘောထားဖို့ လိုသည်။ ကိုယ်နှုတ်အမှုအရာ ယုတ်မာခြင်းသည် ယုတ်မာသူကိုသာ အကျိုးယုတ်စေတတ်ကြောင်း၊ ဤအမှာစာဖြင့် သတိပေးအပ်ပါသည်။

***

"ဟေ့ကောင် ဖုန်းခင်ရ၊ အံမာလေး ဖြစ်နေလိုက်တာ အများနဲ့ ဆက်ဆံတဲ့လူဆိုတာ အရေထူရတယ်ကွ"

အရပ် ၅ ပေ ၇ လက်မခန့် အသားလတ်လတ်၊ အသက် ၂၆ နှစ်ခန့်ရှိ ရုပ်ရည်အတော်မွန်ရည်သော လူရွယ်တစ်ယောက်က ကုလားထိုင်တစ်လုံးပေါ်တွင် လင်းတမှိုင် မှိုင်နေသည့် အသက် ၂၇ နှစ်ခန့်၊ အသားမည်းတည်း၊ နာတံပေါ်ပေါ်၊ မျက်နှာသွယ် စူးရကြည်လင်သော မျက်လုံးအစုံနှင့် လူရွယ်အား ပြောလိုက်ခြင်း ဖြစ်သည်။

"ငါက ညစ်ပတ်ရင်၊ ကန်ကျောက်၊ ပါးလာချလှည့် ခံနိုင်ပါတယ်ကွာ။ ခုတော့ ငါ တကယ်မသိ၊ မတော်တဆ တူသွားတာနဲ့ ဒီလောက်ကြီး ရေးတာတော့ အခံရခက်လွန်းလို့ပါကွာ"

ထိုနှစ်ယောက်အနက် တစ်ယောက်မှာ ဝင်းဇမ္ဗူဟု အမည်ခံ စာရေးဆရာ ဝင်းဆွေဖြစ်၍၊ မှိုင်နေသူမှာ ပန်းချီဆရာ ဖုန်းခင်ဖြစ်၏။ ဖုန်းခင်၏ ရှေ့၌ သက္ကလတ်အစိမ်းခံ၊ မှန်ထူကြီးအုပ်ထားသော စားပွဲလတ်တစ်လုံး ရှိ၏။ အရောင်တောက်နေသော မှန်ပေါ်တွင် ဖွင့်ဆုပ်ချထားသော စာအိတ်ခွံတစ်ခု။

ရန်ကုန်မြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ်။ ရဝိန္ဒာပုံနှိပ်တိုက်မှတဆင့် ပန်းချီဖုန်းခင်ဟု လိပ်စာတတ်ထားပုံကပင် ဆောင့်ကြွား မော်မော်မောက်မောက်နိုင်လှသည်။ မည်သည့်ယဉ်ကျေးသော ပုဂ္ဂိုလ်မဆို ပန်းချီဆရာတစ်ယောက်အား ဆရာဟူသော ဂုဏ်ပုဒ်ကို ဖြုတ်ပြီးလျှင် ပန်းချီဖုန်းခင်ဟု ရေးရဲပါမည်နည်း။ ထိုစာအိတ်ခွံအတွင်းကစာမှာ အဘယ်မျှ အပေါက်ဆိုးစွာ နက်ထားမည်ကို လိပ်စာကြည့်ရုံနှင့် သိနိုင်၏။ စာကို ဖတ်ရှုပြီးသော ဖုန်းခင်မှာ ပန်းချီဆရာ အနုပညာသည်ပီပီ စိတ်ငယ်နေခြင်းဖြင့်လည်း သိနိုင်တော့သည်။

စိတ်ညစ်ခြင်းကို တာရှည်မခံလိုသူ ဖုန်းခင်သည် သူ့လက်ထဲတွင် ကိုင်ထားသော စာရွက်ကို လက်နှစ်ဘက်နှင့် ဆုပ်ဖြဲပစ်မည်အလုပ် ဝင်းဆွေက အတင်းဆွဲလုထားရ၏။

"ဒါဟာ ကာယကံရှင်နဲ့ တွေ့တဲ့အခါ အသုံးချရဦးမယ်။ မင်းစိတ်ညစ်ရင် ဒီစာကို မဖတ်နဲ့ကွာ၊ ငါ သိမ်းထားမယ်၊ ခံရတာက မင်းတစ်ယောက်တည်းမှ မဟုတ်ဘဲ၊ ငါ့ဆီလည်း စာတစ်စောင် ရထားပါတယ်ကွ။ ဘယ်လောက် ယဉ်ကျေးသလဲ မင်း ဖတ်ကြည့်စမ်းပါဦး"

ဝင်းဆွေသည် သူ၏အင်္ကျီအိတ်ထဲက စာတစ်စောင်ကို ထုတ်၍ပြရာ ဖုန်းခင်က ဆွဲယူဖတ်ရှုနေ၏။

"ခွေး ဝင်းဇမ္ဗူ နွားဝင်းဆွေ"

..............................................................................................................................................................

...................................................................................

ဖုန်းခင်သည် စာကိုဆုံးအောင် မဖတ်ရှုတော့ဘဲ ဝင်းဆွေအား ပြန်၍ ပေးလိုက်၏။ သူ့အားလည်း အဝတ်ဘိန်းစား စာရေးဆရာ၊ သူများအိမ်ကပ်နေတဲ့အကောင်၊ .................... စသည်ဖြင့် အယုတ်မာ အညစ်ညမ်းဆုံး ရေးသားသည်ကို ဖတ်ရှုပြီးကတည်းက စိတ်ကယောင်ကချောက် ဖြစ်၍နေရှာသည်။ ဝင်းဆွေက ပြုံးလျက်...။

"သူရေးတဲ့အတိုင်း ငါ့မှာဟုတ်ကဲ့လား ဖုန်းခင်"

"ဟာ.. ဘယ်ကဟုတ်ရမှာလဲကွာ၊ မင်းကလည်း "

"အနို့ မင့်ကို ရေးလိုက်တာရော ဟုတ်နေသလား"

"မဟုတ်လို့ အခံရခက်တာပေါ့ ဝင်းဆွေရ၊ အေး တစ်ခုတော့ရှိရဲ့၊ မင့်ဆီ ငါကပ်နေမိတာတော့ မှန်တယ်"

"အို မဆိုင်လိုက်တာကွာ"

တစ်ကြိမ်သောအခါက အငြိမ်းစား စက်ရှင်တရားသူကြီးသား ဝင်းဆွေသည် စာရေးဝါသနာပါသဖြင့် မိဘစွန့်ပစ်ခြင်းကို ခံရ၏။ ထို့အတူ လူကုံထံသားဖြစ်သော ဖုန်းခင်မှာလည်း ပန်းချီဝါသနာကြောင့် မိဘနှင့် ခွဲခဲ့၏။ ထိုလူဆင်းရဲ သူငယ်ချင်းနှစ်ယောက် ရန်ကုန်အရှေ့ပိုင်း ရေကျော်ရပ်ကွက်တွင် ဝတ်တစ်လှည့်ပြတ်တစ်ခါနှင့် နေထိုင်ခဲ့ကြရဖူးသည်။ ဝင်းဆွေသည် စာရေးဝါသနာပါသော သူဌေးသမီး တင်တင်စိန်ဆိုသူနှင့် အကြောင်းပါသဖြင့် ကုက္ကိုင်းလမ်းရှိ ယောက္ခမ၏ ဝင်းခြံကြီးထဲတွင် တစ်ထပ်တိုက်တစ်လုံး အသစ်ဆောက်ကာ ဝင်းဆွေနှင့် ဇနီးတင်တင်စိန်၊ သူငယ်ချင်း ပန်းချီဆရာ ဖုန်းခင်တို့ ပျော်ရွှင်စွာ နေထိုင်ကြသည်။

အမှန်အားဖြင့် ဖုန်းခင်သည် ကပ်ရပ်နေခြင်း မဟုတ်။ သူငယ်ချင်းအား ချစ်၍ အတူတူနေခြင်း ဖြစ်သည်။ ဝင်းဆွေကလည်း သူ့ဇနီး တင်တင်စိန်ကလွဲလျှင် ကောင်းတူဆိုးဖက် ဘဝတူသူငယ်ချင်း ဖုန်းခင်အား အချစ်ဆုံး ဖြစ်သည်။ သူတို့ဘဝလမ်းတာကား ပျော်ရွှင်စရာ အကောင်းဆုံး၊ အမြင့်ဆုံး ဒီဂရီသို့ တက်နေကြဆဲ ဖြစ်၏။ ထိုအတွင်း စိတ်အနှောင့်အယှက်ဖြစ်သော စာများ ရရှိသည့် အကြောင်းရင်းကား - ရဝိန္ဒာမဂ္ဂဇင်းတွင် ဝင်းဇမ္ဗူရေးသားသော "အတွင်းအုု" ဝတ္ထုနှင့် ပတ်သက်၍ ဖြစ်၏။ သို့ရာတွင် ဘယ်ပုံဘယ်နည်း တစ်ဘက်က မကျေနပ်သည်ကိုကား နှစ်ယောက်စလုံး တွေးမရ။

ဝတ္ထုဇာတ်လမ်း အချုပ်မှာ အထက်တန်းလွှာပိုင်းက မိန်းမကြီးတစ်ယောက်သည် သမီးပျိုကလေးအား ဘန်းပြကာ ဖြတ်စားရပ်စား လုပ်နေရာက၊ တစ်စတစ်စနှင့် တိတ်တိတ်ပုန်း ပြည့်တန်ဆာဘဝ ရောက်သွားပုံဖြစ်၏။ ဆဲစာရေးသူ၏ စာထဲတွင် ခင်လှမျိုး- ဒေါ်ခင်ဖြူဝင်းဟု ပါလာ၏။ ဝင်းဆွေ၏ ဝတ္ထုဇာတ်လမ်းထဲက ဇာတ်ကောင်နာမည်များမှာလည်း မိခင်က ဒေါ်ခင်ဖြူဝင်း၊ သမီးက ခင်လှမျိုးဟု သူစိတ်ကူးရရာကို နာမည်ပေးလိုက်မိသည်။ တကယ့်မူလ ကာယကံရှင်နှင့် ဇာတ်ကောင်နာမည် တူ၍နေခြင်းလား၊ သို့မဟုတ် ဖြစ်စဉ်က တူနေသလောဟုလည်း စဉ်းစားမရကြချေ။

တစ်ဖန် ပန်းချီဖုန်းခင်ကိုပါ ဆဲထားပြန်သဖြင့် ဖုန်းခင်က ကကြီး ခခွေးစာ ပန်းချီမဟုတ်။ ထိုဝတ္ထုဇာတ်လမ်းတွင် ယောက်ျားပျိုတစ်ယောက်၊ အသက် (၂၀)ခန့် မိန်းမချော မိန်းမပျိုတစ်ယောက်၊ ခပ်ဝဝ မွန်မွန်ရည်ရည် မိန်းမကြီးတစ်ယောက်၊ လူရုပ် သုံးရုပ်ကိုသာ ရေးဆွဲပေးရသော အရုပ်ပန်းချီဆရာ ဖြစ်၏။ ဆဲစာရေးသူမှာ အောက်က လက်မှတ်ထိုးရာ၌ သတ္တိရှိစွာနှင့် "ငါကွ" ဟု ဤမျှသာ ရေးထားသဖြင့် မည်သူမည်ဝါဟု မသိကြရ။

ထို "ငါကွ" ဟူသော သတ္တိခဲက စာရေးဆရာနှင့် ပန်းချီဆရာအား ဆဲရေးထားခြင်း ဖြစ်သည်။ ဝင်းဆွေကတော့ သူ့စာထဲတွင် ဇနီးချစ်နှင့် ယောက္ခမသူကြီးပါ ထည့်ဆော်ထားသဖြင့် သူ့ဝတ္ထုဇာတ်လမ်းအတွက် လုံးဝမကျေနပ်ကြောင်း နားလည်ပြီး ဖြစ်၏။ အဆစ်ပါနေသော ဖုန်းခင်အတွက်သာ စဉ်းစားမရဖြစ်နေသည်။ သူတို့နှစ်ယောက်စလုံးမှာ ရဝိန္ဒာပုံနှိပ်တိုက်ပိုင်ရှင်နှင့် ရင်းနှီးသောသူများ ဖြစ်၏။ ဆင်းရဲသားဘဝကပင် ထိုပုံနှိပ်တိုက်ရှင်က အစစကူညီခဲ့၏။ ရဝိန္ဒာမဂ္ဂဇင်းအတွက် ဝတ္ထုရေးသောအခါ ဝင်းဆွေနှင့် ဖုန်းခင်မှာ အတူတူနေသဖြင့် ဝင်းဆွေက ဝတ္ထုရေးပြီးလျှင် ဖုန်းခင်က ဝတ္ထုလက်ရေးမူကို ဖတ်ရှုကာ ထည့်သင့်သောပုံများကို ရေးဆွဲလျက် ဝတ္ထုနှင့် ပန်းချီပုံပါ ရဝိန္ဒာမဂ္ဂဇင်းသို့ အပ်လေ့ရှိ၏။

"မင်းက စိတ်ညစ်စရာ၊ ရှက်စရာ မရှိပါဘူး၊ ဖုန်းခင်ရာ ရေးတဲ့သူကသာ ရှက်စရာကောင်းတာပါ"

ဖုန်းခင်အား ဝင်းဆွေက အားပေးစကား ပြောသည်။

"အံ့မယ်လေး သူငယ်ချင်းနှစ်ယောက် စကားကောင်းနေလိုက်ကြတာ၊ ထမင်းပြင်ပြီးပြီ" အသက် ၂၁ နှစ်ခန့် မိန်းမချောတစ်ယောက် ထွက်ပေါ်လာကာ ပြောလိုက်ခြင်းဖြစ်ရာ ဝင်းဆွေက ဖုန်းခင်အား ကြည့်တဲ့ပြီးလျှင် ....

"ဖုန်းခင် ထမင်းစားနိုင်ပါဦးမလား"

"ဘာလို့ မစားနိုင်ရမှာလဲကွ၊ ..................."

ဝင်းဆွေက ပါးစပ်ကို လှမ်းပိတ်လိုက်သဖြင့် ရှေ့မဆက်နိုင်ဘဲ .. ဝလုံးတွေ ဖြစ်သွား၏။ ဝင်းဆွေက...

"ဆဲတယ်ဆိုတာ မစင်ကို ပါးစပ်နဲ့ ငုံထွေးတာနဲ့ တူပါသတဲ့၊ မင်းက ဘောက်မဲ့ သူများလိုက်တူပြီး ငုံထွေးရပြန်တာလဲ"

"ကန်တော့ အစ်ိန်ရယ်၊ ဒေါသဖြစ်လွန်းလို့ဗျာ"

တင်တင်စိန်မှာ နားမလည်သလို သူငယ်ချင်းနှစ်ယောက်၏ မျက်နှာကို တစ်လှည့်စီ ကြည့်နေရာက....

"ကိုဖုန်းခင် ဒီလိုဆဲတာ၊ ဒီလောက် ဒေါသဖြစ်တာ ၊ အစိန် တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဖြစ်ပုံက ဒီလို အစိန်ရေ့၊ စောစောက ဒီကောင် ရဝိန္ဒာတိုက်ကို ကော်ပီသွားပို့တယ် မဟုတ်လား၊ အဲဒီ ရဝိန္ဒာတိုက်ကတစ်ဆင့် ကိုကို့စာတစ်စောင် သူ့ဆီ စာတစ်စောင် ရောက်လာတယ်၊ အဲဒီစာရကတည်းက ဒီကောင် ဒေါပွနေတာပဲ"

"ဘာတွေ ရေးလိုက်လို့လဲ"

"ထမင်းစားကြပါဦးစို့ အစိန်ရာ၊ ပြီးမှ ကိုကို ပြောပြပါ့မယ်"

အချိန်ကား နံနက်(၁၁) နာရီခန့် ရှိပြီဖြစ်၏။ ဝင်းဆွေမှာ အချိန်ကို လေးစားသူဖြစ်သည့်အတိုင်း နံနက်စာထမင်းကို (၁၁) နာရီတိတိတွင် စားလေ့ရှိ၏။ အထူးအထွေ မှာမထားက ထမင်းပြင်ရတော့မလားဟု မေးဖို့မလို။ အချိန်စေ့လျှင် ပြင်ထားရစမြဲဖြစ်သည်။

သုံးယောက်သား ထမင်းစားခန်းထဲသို့ ဝင်လာကြသောအခါ အဝတ်အဆင် သန့်သန့်ပြန့်ပြန့် ဝတ်၍ထားသော အသက်(၁၈) နှစ်ခန့် ရုပ်ရည်သနားကမား အိမ်ဖော်မကလေး တစ်ယောက်သည် မှောက်ထားသည့် ပန်းကန်ပြားဖြူပက်ကြီးများကို လှန်၍ ထမင်းဖြူဖွေး၊ ပူပူနွေးနွေးများကို တဖြည်းဖြည်း ထည့်၍နေသည်။

"ဒီလိုကွ အစိန်ရ၊ ဖုန်းခင် ရတဲ့စာထဲမှာ သူဌေးသမီးတစ်ယောက်က သူ့ပန်းချီလက်ရာ ကြိုက်လွန်းလို့ ချစ်ပါရစေ အသနားခံတဲ့စာကွ"

"ဟော့ကောင် ဝင်းဆွေ၊ ငါ ထမင်းဖြောင့်အောင် စားစမ်းပါရစေကွာ"

ဖုန်းခင် မှုန်ကုတ်ကုတ်နှင့် ဖြစ်နေသဖြင့် ဝင်းဆွေက ဖောက်လိုက်ခြင်း ဖြစ်၏။ ဖြူစင်သန့်ရှင်းသော စားပွဲခင်းနှင့် စားပွဲကြီးတွင် ဝင်းဆွေ၏ဇနီး တင်တင်စိန်က တစ်ဘက်၊ ဖုန်းခင်က တစ်ဘက်၊ ဖွန်းခက်ရင်းနှင့် စားသောက်နေကြ၏။ ဝက်ပေါင်သားရှိုစ်၊ ချစ်ကင်းချော့(ကြက်သားချက်)၊ ငါးမြင်းရင်သားချက်၊ မြူစွမ်မှိုခြောက် ငါးဖယ်ဆုပ်ဟင်းချို၊ ရှာလကာရည် ဆမ်းထားသော သခွားသီးစိမ်း ကြက်သွန်ဥကြီး ငရုတ်သီးစိမ်း ပန်းကန်၊ ဗလချောင်ကြော်တို့ဖြင့် ဆင်းရဲသား စာရေးဆရာတို့ ဝမ်းပါးလောက်အောင် စားသောက်နေကြ၏။

"ဟုတ်သားပဲ ကိုကိုကလည်းကွယ်၊ သူဌေးသမီးရော ဘာအရေးလဲ၊ ရုပ်ချောသလား၊ လိမ္မာသလား၊ အပျိုစစ်လား၊ ဒါတွေ မသိဘဲ ကိုဖုန်းခင်က အလကား ချစ်နိုင်ပါ့မလား"

တင်တင်စိန်က ဝင်းဆွေစကားကို အဟုတ်မှတ်ပြီးလျှင် ဖုန်းခင်ဘက်က ရှေ့နေလိုက်၍ ပြောနေသည်။ ဖုန်းခင်က ပါးစပ်နှုတ်ခမ်းတွင် တွဲလောင်းခိုနေသော မြူစွမ်ဖတ်အချို့ကို ခက်ရင်းနှင့် ထိုးသွင်းလိုက်ရင်း...

"မဟုတ်ဘူး အစိန်၊ ဒီကောင် နောက်နေတာ။ ကျွန်တော်ရထားတာက ဆဲစာ..."

"ငါကွ ဆိုတဲ့အကောင်က ဆဲတဲ့စာဗျ"

" ငါကွ.. ဆိုတာ ဘယ်သူလဲ ကိုဖုန်းခင်"

အစိန်က နားမလည်သလို မေးပြန်သဖြင့် ဝင်းဆွေက သူ့ဒူးကြီးရမ်းကာ တင်တင်စိန်၏ ပေါင်ကိုတိုက်လိုက်ရင်း...

"သြော်...ငါကွ လို့ ပြောနေရက်နဲ့ ဘယ်သူလဲ မေးနေပြန်ပါပြီ၊ ငါကွ ဆိုတာ စာရေးတဲ့လူရဲ့ နာမည်ခင်ဗျာရဲ့"

"အစိန် နားလည်ပါပြီ၊ အသုံးမကျတဲ့ လူတစ်ယောက်က ဆဲစာရေးပို့တာ မဟုတ်လား၊ အလကား ဂရုစိုက်လို့၊ ဂရုစိုက်ရင် သူ့ဝမ်းသာသွားမှာပေ့ါ"

"ဟုတ်တယ် အစိန်၊ ကိုကိုတောင် ဂရုမစိုက်လို့၊ ကိုကိုရဲ့ စာထဲမှာ အစိန် အပျိုဘဝတုန်းက 'ပရော်စတီကျူ' (ဇိမ်မယ်) လုပ်ခဲ့တယ်လို့ ရေးတာတောင် ပြောမပြပါဘူး"

"ဟင်...ဟင်......... အစိန့်ကို ဒီလိုရေးသလား၊ အံမာ လူပါးဝလို့......"

တင်တင်စိန်သည် ဖင်တကြွကြွ ဖြစ်သွားရာ၊ ဝင်းဆွေက ညာလက်က ဖွန်းချထားပြီး၊ တင်တင်စိန်၏ ပခုံးကို အသာဖိထားကာ...

"ဟေး အစ်မကြီးရဲ့၊ ဒေါနချည့်ပဲ၊ ကိုကို အလကားနောက်နေတာပါ၊ ကဲ.. ဒီစကား ဒီအချိန်ကစပြီး မပြောကြစို့နဲ့"

***

ထမင်းစားသောက်ပြီးကြသောအခါ ဝင်းဆွေမှာ စိတ်ညစ်စရာကို ဆက်လက်တွေးတောနေတတ်သူ မဟုတ်သဖြင့် တစ်ရေးတစ်မော ထမင်းလုံးစီဦးမည်ဟု နာရီဝက် မိနစ်(၄၀) ခန့် အိပ်တတ်သည့်အတိုင်း အိပ်ခန်း ခုတင်ကြီးပေါ်တွင် မစောင်းတစောင်း အိပ်နေ၏။ သူတို့တိုက်တွင် ထုပ်ဆွဲပန်ကာကြီးနှင့် စားပွဲတင်ပန်ကာငယ် ရှိသော်လည်း ပန်ကာလေက ဇိမ်မရှိဟု ချစ်ဇနီး တင်တင်စိန်က ထန်းရွက်ယပ် အလတ်စားဖြင့် ကလေးငယ် သိပ်သလို ခတ်ပေးနေရသည်။

ဖုန်းခင်ကမူ ထမင်းစားပြီးလျှင် မအိပ်တတ်။ ပေ့ါတိုတစ်လိပ်ကို မီးညှိရှူဖွာကာ ပက်လက်ကုလားထိုင်တစ်လုံးနှင့် ပန်းချီရုပ်ပုံတွေကို စိတ်ကူးနေတတ်သည်။ တိုက်၏ပြတင်းကျယ်မှ ပိန္နဲပင်၊ ဒူးရင်းပင်၊ ဒညင်းပင်၊ အုန်းပင်ရှည်ရှည် သစ်ပင်များပေါ်မှ မိုးသားတိမ်လိပ်တို့ တရိပ်ရိပ်ပြေးနေသည်ကို အတွေးနှင့် ပန်းချီရုပ်ဖမ်းတတ်၏။

စာရေးဆရာလောက၊ ပန်းချီဆရာလောကထဲတွင် တစ်စုံတစ်ဦးအား ပြောပြက၊ ဒဏ္ဍာရီတစ်ခု ပြောပြသည်ဟု ယုံကြည်ကြမည် မဟုတ်။ အမှန်အားဖြင့်လည်း သူတို့၏ ပကတိအစွမ်းကြောင့် ဤမျှစည်းစိမ်တိုး၍ နေကြခြင်းကား မဟုတ်ပါ။ ဝင်းဆွေနှင့် တင်တင်စိန်တို့၏ နှစ်ဘက်မိဘများ ချမ်းသာကြွယ်ဝကြသဖြင့် တင့်တင့်တယ်တယ် နေထိုင်နိုင်ကြခြင်း ဖြစ်သည်။

အလျားပေ(၈၀)၊ အနံပေ(၅၀) ခန့်ကျယ်သော တစ်ထပ်တိုက်ဟု ဆိုရစေကာမူ စစ်ပြီးဤဘက်တွင် အကောင်းစား အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်ထားသဖြင့် သေသပ်၊ ကျစ်လစ်၊ ခိုင်မာသော အဆောက်အဦတစ်ခု ဖြစ်သည်။ တိုက်ရှေ့တွင် ဆင်ဝင်ဆောင် အမိုးစွန်းထွက်နေ၏။ တိုက်ထဲသို့ ဝင်လိုက်လျှင် ပြောင်လက်နေသော အီတာလျံကျောက်ပြားချောများ ခင်းထားသဖြင့် သတိမထားဘဲလျှောက်က ချော်၍လဲမည် ဖြစ်၏။ ဧည့်ခန်းတွင် နှစ်ယောက်ထိုင် ဆိုဖာတစ်လုံး၊ တစ်ယောက်ထိုင် ဆိုဖာ လေးလုံး၊ မှန်စားပွဲဝိုင်းပုကို ဝိုင်းရံထား၏။ ကတ္တီပါ စိမ်းအုပ် ဆိုဖာကြီးများနှင့် စားပွဲအောက်တွင် အမွှေးပွ တူရကီကော်ဇောကြီး ခင်းထားသည်။

အိပ်ခန်း၊ စာကြည့်ခန်း၊ ထမင်းစားခန်း၊ စတိုခန်းတို့မှာလည်း သူဌေးတစ်ဦးအိမ်ကဲ့သို့ သူ့နေရာနှင့်သူ၊ ခမ်းနားသပ်ရပ်စွာ ပြင်ဆင်ထား၏။ ဝင်းဆွေ၏ စာရေးသောအခန်း၊ ဖုန်းခင်၏ ပန်းချီဆွဲသောအခန်းမှာလည်း

သူ့အခန်းနှင့်သူ သီးခြားရှိ၏။ ဓာတ်မသိသော တစ်စုံတစ်ဦးသည် ဤဝင်းခြံကြီးနှင့် တိုက်ခန်းအတွင်းသို့ ရောက်ရှိပါမူ၊ မြန်မာပြည်၏ လက်ရှိစာရေးဆရာ၊ ပန်းချီဆရာတို့ အခြေအနေအရ စာရေးဆရာနှင့် ပန်းချီဆရာတို့ နေသောတိုက်ဟု ထင်ကြမည် မဟုတ်ပေ။

တစ်ထပ်တိုက်ဟု ဆိုရစေကာ အဆင်အပြင် မည်ကဲ့သို့ဟု ဖော်ပြခဲ့ပြီ ဖြစ်၏။ ထိုတစ်ထပ်တိုက်နှင့် ပက်ကပ်ဆလွန်းကား တစ်စီးပါ ဝင်းဆွေ၏မိဘက တစ်ဝက်၊ တင်တင်စိန်၏မိဘက တစ်ဝက် ဆောက်လုပ်ပေးထားခြင်း ဖြစ်၏။ စားဝတ်နေရေးမှာမူ သူတို့ဝင်ငွေနှင့် သူတို့ ထိန်းကျောင်းသွားနိုင်သည်။

ရဝိန္ဒာတိုက်ပိုင်ရှင် ကိုနေစိုးဆိုသူမှာ အသက် ၃၀-ကျော်ကလေးမျှ ရှိသေး၍ ထုတ်ဝေသူတို့အထဲတွင် အလွန် တရားမျှတသောသူဟု စာရေးဆရာ၊ ပန်းချီဆရာတို့က ပြောဆိုကြ၏။ တိုးတက်မည့် ကလောင်ရှင်များအား အထူးအားပေး၍ ဝါရင့်သော စာရေးဆရာကြီးများအား လေးစားသူဖြစ်သည်။ ဝင်းဆွေ၏ ကော်ပီများကို သူသာလျှင် ဒိုင်ခံ၍ ရိုက်နှိပ် ဖြန့်ချိခဲ့သူ ဖြစ်၏။

ဝင်းဆွေမှာ ယခုအခါ၌ အခြားသူများနှင့် လုံးဝမဆက်ဆံဘဲ ကိုနေစိုးနှင့်သာ ဆက်ဆံ၏။ ရဝိန္ဒာမဂ္ဂဇင်း စောင်ရေသုံးသောင်းအထိ တိုးတက်တွင်ကျယ်လာသဖြင့် ဝင်းဆွေ၏ မဂ္ဂဇင်းဝတ္ထုတစ်ပုဒ်ကို အစပထမ ၅၀ ကျပ်အထိ ပေးရာမှ တစ်ပုဒ် ၂၀၀ ကျပ်အထိ ပေး၏။ တင်တင်စိန်၏ ဆောင်းပါးတစ်ပုဒ်ကို ၃၄ ကျပ်ပေးခဲ့ရာမှ ၁၀၀ကျပ်အထိ ပေးကမ်း၏။ ဖုန်းခင်၏ ပန်းချီပုံကို အတွင်းတစ်ပုံ ၁၀ကျပ်၊ အဖုံးတစ်ပုံ ၄၀ကျပ်မျှ ပေးကမ်းခဲ့ရာမှ အဖုံးပုံ ၁၅၀ ကျပ်၊ အတွင်းပုံ(၄)ပုံကို တစ်ပုံ ၅၀ကျပ်ကျစီ တိုးတက်ပေးလာ၏။ ထို့ကြောင့် တိုက်ပိုင်ရှင် အိမ်သားတစ်စုတို့မှာ ရဝိန္ဒာမဂ္ဂဇင်း တစ်စောင်မှပင် ဝင်းဆွေ ၂၀၀ကျပ်၊ တင်တင်စိန် ၁၀၀ကျပ်၊ ဖုန်းခင် ၃၅၀ကျပ်၊ စုစုပေါင်း ၆၅၀ ကျပ်ရကြ၏။

တစ်ဖန် ဝင်းဆွေမှာ ငွေအားလည်းရှိသဖြင့် သူရေးနေသော ဝတ္ထုများကို (၂)လ တစ်အုပ်ကျ ထုတ်ဝေ၏။ ထုတ်ဝေပေးသူမှာ ကိုနေစိုးဖြစ်ရာ စရိတ်စကသာနုတ်၍ အသားတင်အမြတ်ငွေကို ဝင်းဆွေအား ပေး၏။ ဝင်းဆွေကလည်း ကုန်ကျစရိတ် အားလုံးကို တင်ကူးထုတ်ပေးထားသည့်အပြင် အမြတ်ထဲမှ တစ်အုပ်လျှင် ၃၀၀ကျပ်မျှ ခွဲဝေ၍ပေးသည်။ ၂ကျပ်တန် လုံးချင်းတစ်အုပ်မှာ ၃၀၀၀ ကျပ် ကုန်လျှင် စာရေးဆရာအတွက် အလွတ်ပျမ်းမျှ ၁၆၀၀ ကျပ်ခန့် မြတ်၏။ ထို့ကြောင့် ဝင်းဆွေမှာ လုံးချင်းအတွက်ကပင် တစ်လပျမ်းမျှ ၆၅၀ ကျပ်ခန့် ဝင်နေသည်။

အခြားအပိုဖြုန်း မရှိသဖြင့် စားဝတ်နေရေးကို အထက်တန်းအလွှာထဲတွင် ရောနှောနေနိုင်သော အဆင့်အတန်းသို့ ရောက်၍နေကြသည်။

"ကလင်...ကလင်....ကလင်........."

တင်တင်စိန်သည် ချစ်လင်၏နံဘေးတွင် ယပ်လေအေးရအောင် တဖြည်းဖြည်း လွှဲခတ်ပေးနေစဉ် တယ်လီဖုန်းသံ ကြားရ၏။ ဖုန်းခင် နားထောင်လိမ့်မည်ဟု မသွား။ မောင်တော် လေးအေးပြတ်ပြီး ပူစပ်စပ် ဖြစ်မည်စိုး၍ မထနိုင်သေး။

"မ...မမ၊ အစ်ကိုကြီးနဲ့ စကားပြောချင်လို့တဲ့"

အိမ်ဖော်မကလေးက မရဲတရဲနှင့် အခန်းပေါက်ဝက လာ၍ပြောလာတော့မှ တင်တင်စိန်သည် ထိုင်၍ယပ်ခတ်နေရာက မတ်တတ်ရပ်လိုက်၏။ ယပ်တောင်ကိုကား လွှဲနေမြဲ။

"ဟဲ့ တင်မေ၊ ဒီမှာ ညည်းအစ်ကိုကြီး ယပ်ခတ်နေရစ်စမ်း"

အိမ်ဖော်မကလေးအား ယပ်ကြီးကို လွှဲထားခဲ့ပြီးမှ တယ်လီဖုန်းရှိရာသို့ ထွက်ခွာသွား၏။ ချက်ချင်းလိုပင် ပြန်၍လာလျက် အိမ်ဖော်မကလေး တင်မေအား အပြင်သို့ ထွက်ခွာစေကာ...

"ကိုကို...ကိုကို..." ဟု ပါးပြင်နှင့် ချစ်လင်၏ နှာခေါင်းကိုလှုပ်ကာ နှိုးနေသည်။

"ဟင်...အစိန်၊ ကိုယ် အိပ်ကောင်းတုန်းကွာ"

"ကိုနေစိုးက စကားပြောချင်လို့တဲ့ စောင့်နေတယ်"

ဝင်းဆွေသည် အိပ်ရာမှ လူးလဲထပြီး တယ်လီဖုန်းရှိရာသို့ သွားပြန်၏။ (၂)မိနစ်ခန့်ကြာလျှင် ပြန်၍လာကာ ပန်းချီဆွဲခန်းထဲရှိ ဖုန်းခင်အား ....

"ဟော့ကောင် မင့်အချစ်တော်တွေနဲ့ အခုပဲ တွေ့ရတော့မယ်"

ပေါ့တိုမှိန်းနေသော ဖုန်းခင်သည် မျက်လုံးကြီး လှန်မော့ကြည့်ကာ...

"ဘယ်က အချစ်တော်လဲ ကွ"

"အခုပဲ ကိုနေစိုးက ဖုန်းဆက်ပြောလိုက်တယ်။ ဒေါ်မြမြကြီးဆိုတဲ့ မိန်းမကြီးတစ်ယောက်ရယ်၊ တင်မြမေဆိုတဲ့ သမီးပျိုရယ်က မင်းနဲ့ငါ့ကို တွေ့ချင်သတဲ့။ ငါက တွေ့နိုင်ပါတယ်၊ လာခဲ့ပါလို့ ပြောလိုက်တယ်"

"သူတို့ကို ငါမသိပါလားကွ"

"အွန်...ငါကတော့ သိသမို့လား၊ ဒါပေမယ့် ငါ့ "အတွင်းအူ" ဝတ္ထုထဲမှာ ခင်လှမျိုး၊ ဒေါ်ခင်ဖြူဝင်းတို့ ပါတယ်မဟုတ်လား၊ သူတို့နှစ်ယောက် ဖြစ်မှာပေါ့"

"ရှုပ်လိုက်တာကွာ"

"မင်းဆွဲထားတဲ့ ပန်းချီရုပ်က အဲဒီ ဒေါ်မြမြကြီးနဲ့၊ တင်မြမေရဲ့ ပုံပဲ၊ ချွတ်စွပ်တူနေတယ်လို့ ကိုနေစိုး ပြောတယ်"

"ဟာကွာ၊ ငါ့စိတ်ကူးနဲ့ ငါဆွဲတာ မင်းလည်း အသိသားပဲ"

"အေးလေ လူတူမရှားပဲဟာ၊ ပန်းချီရုပ် တူချင်တာနဲ့ တူမှာပေါ့ကွာ"

"သူတို့လာကြတဲ့အခါ ငါ အဆင်ပြေအောင် လက်ခံစကားပြောမယ်၊ မင်းက ငါ့စကားရိပ် စကားကဲ ကြည့်ပြော"

"အံမာ မင်းကလား၊ ငါ့ကို စကားမပြောတတ်ဘူး ထင်လို့လား"

"ပြောတတ်ပါတယ်၊ နို့ပေမယ့် မင်းက တဖောက်ကန်း ဒေါသကြီးတတ်လို့ ပြောတာ"

"ကိုကိုတို့နှစ်ယောက်စလုံး မပြောရဘူး၊ အစိန် အကိုလို့ခေါ်မှ ထွက်ခဲ့၊ အစိန် အဆင်ပြေအောင် ပြောမယ်"

"ဟောဗျ၊ ဟေး အစိန် မင်းချောင်းနားထောင်နေသလား"

"မချောင်းရပါဘူး၊ အပေါက်ကရပ်ပြီး နားထောင်နေတာပဲ မမြင်ဘူးလား"

ဖုန်းခင်က ဝင်းဆွေနှင့် အစိန့်အား ကြည့်ကာ...

"ကဲ ဟုတ်တယ်၊ အစိန့်ကို လွှဲလိုက်ကြစို့"

ဧည့်သည်များလာလျှင် တင်တင်စိန်က ရှေးဦးစွာ ဧည့်ခံစကားပြောဖို့ ဆုံးဖြတ်ကြသည်။

***

"ကြွကြပါရှင်၊ ကြွကြပါ"

သုံးဦးသားတိုင်ပင်ကြပြီးနောက် (၁၅) မိနစ်ခန့်အကြာတွင် စတူဒီဘေကာ ကားကြီးတစ်စီး တိုက်ဆင်ဝင်သို့ ရပ်လိုက်ကာ ကားထဲမှ အသက် (၅၀) ခန့် မွန်မွန်ရည်ရည် မိန်းမကြီးတစ်ယောက်၊ အသက်(၂၀) ခန့် မိန်းမပျိုချော တစ်ယောက်၊ အသက်(၂၅) နှစ်ခန့် လုလင်တစ်ယောက် ဆင်းလာသဖြင့် တင်တင်စိန်က ဖော်ရွေပြုံးချိုစွာ ဖိတ်ခေါ်လိုက်ခြင်း ဖြစ်သည်။

တင်တင်စိန်၏စိတ်၌ မိန်းမပျိုနှင့် မိန်းမကြီးအား မြင်ဖူးသလို အောက်မေ့နေ၏။ နောက်မှ ချစ်လင်ရေးသည့် "အတွင်းအူ" ဝတ္ထုမှ ဖုန်းခင် ဆွဲသည့်ပန်းချီရုပ်ကို သတိရ၍လာ၏။ ပန်းချီရုပ်နှင့် ချွတ်စွပ် တူနေ၏။

"စာရေးဆရာနဲ့ ပန်းချီဆရာ တွေ့ချင်လို့ လာခဲ့ကြတာပဲဗျာ"

အရပ် ၅ ပေ ၄ လက်မခန့် ကိုယ်လုံးကိုယ်ပေါက် အနေတော် မိုးကြိုးရောင် ဖန်ကောက်လုံချည်၊ ရုပ်ဖြူအတွင်းခံ ပိုးအင်္ကျီအပေါ်ဝတ်နှင့် ဗျောက်တိုထည့်ထားသော သားရေအိတ်အချွန်းကလေး အင်္ကျီစအောက်က စွန်းထွက်နေသည်။ ပစ္စည်းဂုဏ်နှင့် အတော်မာနထောင်လွှားသော ငနဲဟု တင်တင်စိန်၏ စိတ်ထဲတွင် မှတ်ချက်ချလိုက်၏။

"ကျွန်မက စာရေးဆရာ ဝင်းဇမ္ဗူရဲ့ ဇနီးပါပဲ၊ ဝင်းဇမ္ဗူနဲ့ ပန်းချီကိုဖုန်းခင်ရဲ့ အတွင်းရေးမှူးဆိုလည်း မမှားပါဘူး၊ သူတို့နဲ့ တွေ့ဖို့ မတွေ့ဖို့က ကျွန်မရဲ့ အဆုံးအဖြတ်အပေါ်မှာ တည်နေပါတယ်၊ တွေ့ဖို့ကိစ္စ တဆိတ်...."

"ဒီလိုဗျ၊ ကျွန်တော်က ဗမာဝတ္ထု မဂ္ဂဇင်းတွေ ဖတ်တဲ့ကောင် မဟုတ်ဘူး၊ ဘာပြုလို့လဲဆိုတော့ ဝတ္ထုတွေကဆိုရင် အင်္ဂလိပ်ဝတ္ထုတွေ၊ ရုပ်ရှင်တွေက ခိုးချကြတာပဲ။ ပန်းချီဆိုလည်း အင်္ဂလိပ်ထီးမရဲ့ အရုပ်ကို ဗမာအဝတ် ဆင်ပေးတာပဲ။ ဒါကြောင့် မဖတ်ဘူး"

"လိုရင်း ကိစ္စလေး တဆိတ်.."

"ဟုတ်ပဲ့ မောင်သူကျော်ကလည်း လိုရင်းကိစ္စ ပြောရောပေ့ါ"

အဒေါ်ကြီးက ထောက်လိုက်၏။ အခန်းတွင်းရှိ ဝင်းဆွေအား ဖုန်းခင်က မနည်းဆွဲထားရသည်ကိုကား အပြင်လူများ သိကြမည် မဟုတ်ချေ။ သူကျော်ဆိုသူက...

"မိတ်ဆွေတစ်ယောက်က ဝင်းဇမ္ဗူရေးတဲ့ "အတွင်းအု" ဝတ္ထုထဲက ရုပ်ပုံတွေဟာ ဟောဒီ ဒေါ်ဒေါ်နဲ့ နမလေးပုံအတိုင်းဆိုလို့ ကြည့်တော့ချွတ်စွပ်၊ ဝတ္ထုဇာတ်လမ်း ဖတ်ကြည့်တော့လည်း အို မကောင်းလိုက်တဲ့ ဖြစ်ခြင်း၊ အသိမိတ်ဆွေတွေကို မျက်နှာမပြဝံ့အောင် ဖြစ်နေတာပဲ"

"အခု ကျွန်မရှေ့မယ် ရှိနေတဲ့ ဒေါ်ဒေါ်နဲ့ ညီမကို ကြည့်ရတာဖြင့် အပွေးမြင် အပင်သိ ဆိုသလို ရိုးရိုးသားသား လူကြီးလူကောင်းရဲ့ ဇနီးနဲ့ သမီးပျိုလို့ ယုံကြည်ပါတယ်"

"အဲဒါကြောင့် ခက်တာပေါ့ဗျာ။ ရုပ်ပုံကတူနေတော့ ဝတ္ထုဇာတ်လမ်းအတိုင်း ဇာတ်မသိတဲ့ လူတွေက ဘယ်လိုထင်ကြမလဲ"

"ပန်းချီဆရာ ကိုဖုန်းခင်ဟာ ဒီပုံဆွဲတုန်းက သူ့စိတ်ကူးနဲ့သူဆွဲတာပါ၊ ဘယ်သူ့ပုံမှ ကူးချတာ ကျွန်မ မတွေ့ရပါဘူး"

"ပန်းချီပုံ သက်သက်ဆိုရင်လည်း ကိစ္စမရှိပါဘူး၊ ဝတ္ထုဇာတ်လမ်းနဲ့တွဲလို့ သူတစ်ထူး နည်းယူလောက်တဲ့ ဇာတ်လမ်းမျိုးဆိုလည်း ကိစ္စမရှိဘူး၊ အခုတော့ ဇာတ်လမ်းနဲ့ ရုပ်ပုံနဲ့ တွဲတာက ဒေါ်ဒေါ်တို့ပဲ ကံဆိုးချင်သလား မသိပါဘူးတူမရယ်"

မိန်းမကြီး၏အသံမှာ ညင်သာလှ၏။ စိတ်ဆိုးဒေါသ ဖြစ်နေပုံမရ။ ဝမ်းနည်းသောအသွင်ကား ဆောင်နေ၏။ မိန်းမပျိုမှာ တစ်ခွန်းတစ်ပါဒမျှ ဝင်ရောက် မပြောဘဲ ပြောသူများ၏ မျက်နှာကို မသိမသာ ကြည့်ရှုနေသည်။

"ငါ့မယုံ ငါမယားမေး ဆိုသလို ကျွန်မခင်ပွန်းရဲ့အကြောင်း ကျွန်မက အကောင်းပြောရမှာတော့ အခက်သား၊ နို့ပေမယ့် ကျွန်မခင်ပွန်းဟာ သူတစ်ထူး နစ်နာအောင် ဘယ်တော့မှ ရေးသားလေ့ မရှိပါဘူး"

"ဒါကိုလည်း ဒေါ်ဒေါ်တို့ ယုံကြည်ပါတယ်၊ နို့ပေမယ့် ခုနကပြောသလို ဇာတ်လမ်းချည်းဆို ကိစ္စမရှိပါဘူး၊ ဇာတ်လမ်းထဲ ဒေါ်ဒေါ်တို့သားအမိ ပုံတူပါနေတာကြောင့် ဒေါ်ဒေါ်တို့အဖြစ် ကံဆိုးလှလေခြင်းလို့ ပြောနေတာပါ"

"ကဲ ကဲ အချိန်ကြာတယ်၊ ကျုပ် ရှင်းရှင်းပဲ ပြောမယ်၊ ဒီကိစ္စ ဒေါ်ဒေါ်တို့ ကျေနပ်လောက်အောင် မဂ္ဂဇင်းထဲမှာ တောင်းပန်ဝန်ချမလား၊ ဒါမှမဟုတ်ရင် ဒဖမ်မေးရှင်း(အသရေပျက်မှု) နဲ့ တရားစွဲခံမလား"

"ဒုန်း ဒုန်း ဟေ့ကောင် နေပါဦးကွ"

"ကိုကို အစိန့်စကား နားထောင်စမ်းပါ"

အခန်းပေါက်တစ်ခုတွင် ဝင်းဆွေအား ဖုန်းခင်က မနိုင့်တနိုင် ဆွဲနေစဉ် တင်တင်စိန်က နေရာမှ ခပ်သွက်သွက်ထသွားကာ၊ သူ့ချစ်လင်အား ချော့မော့လျက် အခန်းအောင်းပြန်စေ၏။ ဧည့်ခန်းက လုလင်ကလည်း ခါးက ပြောက်တိုကိုစမ်းကာ မကြောက်ကြနဲ့ ဆော်ထည့်လိုက်မည်ဟူသော အမူအရာ ပြနေသည်။

"ဒီက မောင်ကြီးနဲ့ ဒေါ်ဒေါ်နဲ့ တူတော်ပါသလားရှင်"

"ဘာမှတော့ မတော်ပါဘူး၊ တူလိုခင်တဲ့ မိတ်ဆွေတစ်ယောက်ပါ၊ မိန်းမသားချည်းမို့ အဖော်ခေါ်လာတာပါ"

မိန်းမကြီးက ညင်သာစွာပင် ပြော၏။ မိန်းမပျိုကမူ စာရေးဆရာနှင့် ပန်းချီဆရာအား မြင်ချင်ကြည့်ချင်နေဟန် တူ၏။

"ဒါဖြင့်ရင် ကာယကံရှင်ဖြစ်တဲ့ ဒေါ်ဒေါ်နဲ့ ကျွန်မနဲ့ ဆွေးနွေးရရင် မကောင်းဘူးလားရှင်"

"ကောင်းပါတယ် တူမ၊ ကောင်းပါတယ်၊ မောင်သူကျော် ဒေါ်ဒေါ်တို့ ပြောကြတာကို နားထောင်စေချင်တယ်"

"ဟုတ်တယ် ကိုသူကျော်၊ ရှေ့လောမကြီးစေချင်ဘူး"

မိန်းမပျိုက ရှေးဦးစွာ ဝင်ရောက်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ မိန်မပျို၏ အမူအရာမှာလည်း မိခင်ကဲ့သို့ပင် သိမ်မွေ့နူးညံ့ပုံ ရသည်။

"ဒီကိစ္စဟာ မဂ္ဂဇင်းထဲမှာသာ ရှိသေးတာ၊ မဂ္ဂဇင်းထဲမှာလည်း ဒီပြင်လူတွေက ဘာမှသိကြတာ မဟုတ်ဘူး၊ ဒေါ်ဒေါ်တို့နဲ့ သိတဲ့လူတွေကသာ ဟင်လို့ ဆိုကြမှာဘဲ၊ နို့ပေမယ့် ဒေါ်ဒေါ်တို့က မှုမှန်နေပြန်တော့ စာရေးဆရာနဲ့ ပန်းချီဆရာကိုသာ ထိခိုက်နေပါတယ်"

"ဆိုပါဦး တူမရယ်"

"ဒေါ်ဒေါ်တို့က အမျိုးကောင်းသမီးတွေ၊ ဝတ္ထုဇာတ်လမ်းနဲ့ ရုပ်ပုံဖက်စပ်တော့ ပစ်ရရော၊ တကယ် ဓာတ်သိတွေက ဟယ်.... ဒီစာရေးဆရာနဲ့ ပန်းချီဆရာ တယ်ပြီးယုတ်မာကြပါလားလို့ မထင်ကြပေဘူးလား"

"ဟုတ်တယ် နားလည်ပြီ၊ ဒေါ်ဒေါ်ကိုယ်တိုင် အပြစ်တင်မိတယ်"

"ပြီးတော့ အသရေပျက်မှုနဲ့ တရားစွဲပါရော ဆိုပါတော့၊ ဒီတော့ အမှုအခင်းအကြောင်း သတင်းစာတွေထဲ ပါလာရော၊ တစ်တိုင်းပြည်လုံးက ဘယ်လိုထင်မလဲ၊ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ ဆိုသလို ဖြစ်မနေပေဘူးလား"

"ဟုတ်တယ်ရှင့်၊ အဲဒါ ကျွန်မ သဘောပေါက်တယ်၊ စာရေးဆရာနဲ့ ပန်းချီဆရာက မှန်တဲ့အတိုင်း ရေးတာ မခံနိုင်လို့ စွပ်စွဲကြမှာပဲ"

မိန်းမပျိုက ဝင်၍ပြောပြန်၏။ လုလင်က မိန်းမပျိုအား မျက်စောင်းတစ်ချက်ခဲ၍ ကြည့်လိုက်သည်။

"ပြီးတော့ အသရေပျက်မှု စွဲဖို့ဆိုတာကလည်း သက်သေအထောက်အထား အများကြီး လိုသေးတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ နီးပါးလောက်က အမေရိကန်ပြည်မယ် ကြော်ငြာတစ်ခုမှာ ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးပုံနဲ့ ပန်းချီဆရာဆွဲတဲ့ပုံ တူနေပါရော၊ ဒီတော့ အမျိုးသမီးက သူ့ပုံနဲ့တူတာဟာ ဓါတ်ပုံခိုးရိုက်လို့ သို့မဟုတ် တစ်နေရာက သူ့ရုပ်ပုံ ဖမ်းရေးဆွဲလို့ ဖြစ်ရမယ်လို့ အသရေပျက်မှုနဲ့ လျော်ကြေး ဒေါ်လာ (၅) သောင်းလား၊ တစ်သိန်းလား မမှတ်မိဘူး၊

အဲ လျော်ကြေး အများကြီး တောင်းသတဲ့၊ အဲဒါကို တရားသူကြီးက ပန်းချီဆရာတစ်ဦးရဲ့ လက်ရာဟာ တူချင်တဲ့သူ တစ်ဦးဦးနဲ့ တူနိုင်တာပဲ၊ ဒါမျိုးသာ အပြစ်ပေးနေရရင် သုခုမပညာသည်တွေ နိမ်ရာကျမှာပဲဆိုပြီး အမှုကို လွှတ်ပစ်လိုက်သတဲ့ရှင့်"

သုံးယောက်သားသည် တင်တင်စိန်၏ လျှောက်လဲချက်ကို ငြိမ်၍နားထောင်နေကြသည်။ ဒါမှ ငါ့မယားကွ ဟု ဒေါ်သကြီးရာက ပြုံးရွှင်လာသော ဝင်းဆွေ၏အမူအရာကို ဖုန်းခင်သာလျှင် မြင်တွေ့နေရ၏။

"ဒါပေမယ့် ဒေါ်ဒေါ်တို့ ကျေနပ်လောက်အောင် ကျွန်မ စိတ်ကူးရထားပါတယ်"

"ပြောပါဦး တူမရယ်၊ ဒေါ်ဒေါ်ကတော့ အခုပြောပြတာနဲ့ကို သဘောအတော်ပေါက်နေပါတယ်"

"ရဝိန္ဒာမဂ္ဂဇင်းမှာပေါ့ ဒေါ်ဒေါ်ရယ်၊ အတွင်းအူဝတ္ထုမှာ စာရေးဆရာက သူ့စိတ်ကူးနဲ့သူ ပန်းချီဆရာကလည်း သူ့စိတ်ကူးနဲ့သူ သဘောရိုးသားကြတာ အမှန်ဖြစ်လျက် ဂုဏ်သရေရှိ အမျိုးသမီးများနှင့် မတော်တဆ တူ၍သွားသဖြင့် အထူးဝမ်းနည်းလှပါကြောင်းကို စာရေးဆရာနဲ့ ပန်းချီဆရာရယ်၊ ပုံနှိပ်ထုတ်ဝေသူရယ်က တောင်းပန်စာထည့်ပေးဖို့....."

"သာဓု၊ သာဓု၊ သာဓု ကောင်းပါလေရဲ့ တူမရယ်၊ ဒေါ်ဒေါ်ဟာ အငြိမ်းစားအရေးပိုင် ဦးဘကြီးရဲ့ ဇနီးဒေါ်မြမြကြီးတဲ့၊ ဒီသမီးကလည်း ကောလိပ်ပညာသင်နေဆဲပါ၊ ဆိုရှယ်တွေ၊ ပွတ်သဘင်တွေ၊ ဝါသနာမပါကြပါဘူး၊ ဒါကတော့ လူ့သတင်း လူချင်းဆောင် ဆိုသလို တူမတို့ စုံစမ်းကြည့်ကြသေးတာပေါ့"

ထိုင်နေသော လုလင်မှာ အဒေါ်ကြီးနှင့်သမီးကပါ တင်တင်စိန်၏ ပြောစကားကို စိတ်ပါဝင်စားစွာ နားထောင်ရင်း ကျေနပ်ပုံရသဖြင့် .....

"ကျုပ်ကလဲ ဒီလိုလုပ်ပေးဖို့ ပြောနေတာပါပဲ"

တင်တင်စိန်က စစ်အောင်သော မိန်းမစစ်သူကြီးကဲ့သို့ လုလင်အား ဂရုမစိုက်ဘဲ၊ ဝင်းဆွေအား အခန်းအောင်းခိုင်းစဉ်က ဆွဲယူလာသော စာရွက် (၂) ရွက်ကို အဒေါ်ကြီးသို့ လက်လှမ်းကာ....

"ဒေါ်ဒေါ့်ကို ကျွန်မ ဒီလိုပြရတာ ရှက်လဲရှက်၊ အားလဲ နာပါတယ်၊ နို့ပေမဲ့ ဒေါ်ဒေါ်တို့အတွက် စိတ်ဆိုးပြီးရေးတဲ့စာမို့ သိသင့်တယ်ထင်လို့ ပြရတာကို ခွင့်လွှတ်တော်မူပါ ဒေါ်ဒေါ်"

"ခွေး ဝင်းဇမ္ဗူ နွားဝင်းဆွေ"

အဒေါ်ကြီးသည် ဝင်းဆွေထံ ပေးသောစာကို ဖတ်ရှုရင်း နဖူးကြောများ ရှုံ့သွားရှာသည်။ ဖုန်းခင်၏စာကို ဖတ်ရှုပြီးလျှင် သမီးဖြစ်သူအား လှမ်းလိုက်၏။ သမီးဖြစ်သူလည်း စာကိုဖတ်ရှုရင်း မျက်နှာတစ်ခုလုံး ရှက်သွေးလျှမ်းနေပါသည်။

"ဒီစာနှစ်စောင်စလုံး ကျွန်မကို တစ်ဖက်သတ်ပိုးနေတဲ့ လူတစ်ယောက်က ရေးတာပါ၊ ဒီလူက ကျွန်မတို့အတွက် မျက်နှာလိုမျက်နှာရ ရေးတာပါ၊ ဒီလောက်ယုတ်မာ ရိုင်းစိုင်းတဲ့လူမျိုးကို ဘယ်တော့မှ မဆက်ဆံတော့မယ့်အပြင် ကျွန်မတို့နဲ့ ပတ်သက်နေတော့ ကျွန်မက ဦးချကန်တော့ပါရစေရှင်"

မိန်းမပျိုသည် လိုက်လှဲဝမ်းနည်းသံနှင့် ပြောလိုက်၏။ အနားက လုလင်မှာ မျက်နှာပျက်သွားသဖြင့် ဆဲစာ "ငါကွ" ဘယ်သူဟု တင်တင်စိန် နားလည်ပြီး ဖြစ်သည်။

"ဒီကမောင်ကြီးလို ဂုဏ်သရေရှိ မိကောင်းဖခင် သားမျိုးနဲ့ သာ မိတ်ဆွေဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းတယ်"

"ကဲ မမရယ်၊ ကာယကံရှင်ကို ခေါ်ပေးပါ၊ ကျွန်မ ရင်လေးလွန်းလို့ပါ၊ ကျွန်မ ကန်တော့ပါရစေလားရှင်"

မိန်းမပျိုသည် ပြောရင်း မျက်ရည်ဝိုင်းလာသဖြင့် တင်တင်စိန်က "ကိုကိုနဲ့ ကိုဖုန်းခင် ထွက်ခဲ့ကြပါဦး" ဟု ထိုင်ရာမထ ပင့်ဖိတ်လိုက်ရ၏။ ဝင်းဆွေနှင့် ဖုန်းခင် ဆိုဖာလွတ်နှစ်ခုတွင် ထိုင်မိလျှင် မိန်းမပျိုသည် ဆိုဖာမှ ကော်ဇောပေါ်သို့ ဆင်းကာ ပုဆစ်ဒူးချနှင့် ဦးသုံးကြိမ် ကန်တော့နေရာ သူငယ်ချင်းနှစ်ယောက်ပင် စိတ်မကောင်း ဖြစ်သွားကြသည်။

"ကဲ တင်တင် ကိစ္စပြီးပြီ၊ ပြန်ကြစို့လား"

"ဟင့်အင်း…တင်တင်တို့ဘာသာ ပြန်မယ်၊ လမ်းမထွက်ပြီး ဆင်တံဆိပ်ဘတ်စ်ကားနဲ့ ပြန်မယ်"

မိန်းမပျိုကား စိတ်ကို အတော်ထိခိုက်နေပုံ ရနေ၏။ အခြားကွယ်ရာကျမှ မဟုတ်တော့ဘဲ လူစိမ်းတွေ၏ရှေ့တွင် ပြောင်ပြောင်ပြင်းနေတော့သည်။ အဒေါ်ကြီးကမူ စကားတစ်ခွန်းမျှ မစွက်ဘဲ တုဏှိဘော နေလိုက်သည်။

အဒေါ်ကြီး၏ အကူအညီ မရသဖြင့် လုလင် ပြောက်ကြီးနှင့် စတူဒီဘေကာရှင် "ငါကွ" ဘွဲ့ခံသည် သူ့ကားကြီးနှင့် လုံးချင်း ပြန်သွားရရှာသည်။

"ဒီက မောင်ကြီးကို ဂုဏ်အသရေရှိလို့ ခုနက မမခနဲ့လိုက်တာ ကျွန်မ အသည်းနိုက်အောင် နာပြီး ရှက်သွားပါတယ်၊ ဒါဟာ ကျွန်မတို့ရဲ့ အပြစ်ပါပဲ၊ ကဲ ..မေမေ ပြန်ကြစို့"

"မတင်မေ ဒီလာစမ်း၊ မောင်ရွှေကိုပြောလိုက်၊ ကားထုတ်ခဲ့လို့"

တင်တင်စိန်က သူတို့၏ ပက်ကက်ကားကြီးကို ကားရုံမှ ထုတ်ခဲ့စေကာ သားအမိနှစ်ယောက်အား အပို့ခိုင်းလိုက်သည်။

***

"ဖိုးကော်ကွ ဖိုးကော်ကွ"

ဝင်းဆွေသည် မွန်းလွဲတစ်နာရီခန့်တွင် အပြင်မှ ပြန်ရောက်လာကာ ဖုန်းခင်၏ အခန်းထဲသို့ ဝင်ပြီးလျှင် ပြောလိုက်ခြင်း ဖြစ်၏။ ဖုန်းခင်က လှည့်ပြန်ကြည့်ကာ.....

"ဟော့ကောင် ဘာများ အူမြူးလာရတာလဲ"

"မင့်အတွက် - မင့်အတွက် - မင့်အတွက် ငါ့ထက် ဝမ်းသာတဲ့သူ ဘယ်သူရှိသေးသလဲ၊ အခု သေချာသွားပြီကွ၊ ဖုန်းခင်ဖိုးကော်ကြီးရဲ့"

သို့တိုင်အောင် ဖုန်းခင်မှာ မျက်လုံး ပေကလပ် ပေကလပ်နှင့် ပန်းချီကျော် ဦးငွေကိုင် ခပ်သလို မျက်တောင်ခပ်ကြည့်နေသည်။

"အတင်ကရော (ဝါ) မင့်အချစ် တင်မြမေကရော၊ သူ့မားသား ဒေါ်မြမြကြီးကပါ မောင်ဝင်းဆွေ ကောင်းတယ်ထင်သလို စီမံပါတော့တဲ့"

အခင်းဖြစ်ပွားပြီးနောက် အိမ်ထောင်သည်ဝင်းဆွေနှင့် ဒေါ်မြမြကြီး၊ တင်တင်စိန်တို့မှာ အတော်ရင်းနှီးသွားကြ၏။ ဝင်းဆွေက ဖုန်းခင်အား သူ၏မတော်တဆ ပုံတူမိသည့်အတွက်ဟု တင်မြမေနှင့် ဒေါ်မြမြကြီး၏ ပုံတူကို ဆီဆေးနှင့် ဆွဲရေးစေ၏။ ဖုန်းခင်မှာ နေ့ညကြိုးစားလျှင် ဆီဆေး လူလောက်ကြီးသောပုံတူကို ၁၀-ရက်နှင့် ပြီးအောင် ဆွဲနိုင်၏။ ထိုသို့ ပုံဆွဲနေစဉ်အတွင်း ဖုန်းခင်နှင့်လည်း ရင်းနှီးစေသည်။ အရက်(၂၀) ကြာသောအခါ ပုံကြီးနှစ်ပုံကို ပေးအပ်စဉ် သားအမိနှစ်ဦးက အထူးကျေးဇူးတင်ကြောင်း ပြောကြသည်။

ထိုအတွင်း ဝင်းဆွေက တင်တင်စိန်၏ အကူအညီဖြင့် တင်မြမေနှင့် ဖုန်းခင်၏ ချစ်ကိစ္စကို ဖန်တီးခဲ့ကြရာ နောက်ဆုံးသတင်းကို ဝင်းဆွေက ပြောလာခြင်း ဖြစ်၏။

"တင်မြမေကို ငါက ယူပွဲမယ်လို့ မင်းကို ဘယ်သူပြောသလဲ"

"သေဟဲ့ နန္ဒိယ၊ နင်ပဲ ငါ့ကို တင်မြမေဟာ ချစ်စရာကောင်းတယ်၊ ချောတယ်၊ လှတယ်၊ လိမ္မာတယ်ဆို"

"အေးလေ အဲဒီလိုပြောမိတာနဲ့ ယူတာနဲ့ ဘာဆိုင်လို့လဲ"

"တယ်.... ငါ ဒူးနဲ့ ဆွဲတိုက်ပြန်တော့မယ်၊ ဟိုမှာ စကားလွန်ကုန်ပြီကွ ဖုန်းခင်ရ"

"မင်းမသိပါဘူး ဝင်းဆွေရာ၊ မင်း မသိပါဘူး"

"ဘာမသိရမှာလဲဟင်၊ နင်ပဲ ချစ်စရာကောင်းတယ်ပြောပြီး၊ မင့်မေဂလိန်း၊ ငါ အရှုံးအဖြစ်မခံနိုင်ဘူး"

"ငါ့မှာ ချစ်သူရှိနေတယ်ကွ"

"ဟယ်... မဟုတ်တရုတ်၊ မင်း ဘယ်သူနဲ့ ချစ်နေသလဲ"

"သူ.... သူ....."

ဝင်းဆွေသည် မျက်လုံးပြူးသွားကာ ဖုန်းခင်၏စကားကို နားမလည်နိုင်အောင် ဖြစ်နေသည်။

"ဘယ်သူနဲ့ကွ"

"သြော်.... ငါစကားပီအောင် ပြောတတ်ပါတယ်၊ တင်မေနဲ့ကွ"

"လွှန်လွှန်ကျူးကျူး ဖြစ်နေကြပြီလား"

"မဖြစ်ပါဘူး၊ ပါးနမ်းရုံလောက်ပဲ ရှိပါသေးတယ်၊ ဒါပေမဲ့ ငါ သူ့ကို ယူမယ်လို့ ကတိပေးမိပြီ"

"မင်းနယ်ကွာ ဘာပြုလို့ ငါနဲ့ မတိုင်ပင်ဘဲ နေတာလဲ"

"ရှက်လို့ပေါ့၊ ပြီးတော့ မင်းကဖျက်မှာလည်း စိုးလို့၊ တို့ တိတ်တိတ်ပုန်း ချစ်လာကြတာ (၆) လလောက်ရှိပြီ၊ မင်းပဲပြောတယ် မဟုတ်လား၊ ကိုယ့်အိမ်နိုင်းတာကို မစော်ကားရဘူးလို့၊ ဝတ္ထုထဲလည်း မင်း ခဏခဏ ရေးခဲ့တာပဲ၊ ငါမယူရင် အိမ်ဖော်မလေးကို စော်ကားရာ မကျပေဘူးလား"

ဝင်းဆွေ မကြံတတ်တော့ပေ။ ခေတ်ပျက်တွင် ကြီးပွားလာသော လူကြီးလူကောင်းသား သူကျော်က သူတော်ကောင်း ဟန်ဆောင်လျက် ပိုးပန်းလာရာမှ၊ သူယုတ်မာဇာတိ ပေါ်သဖြင့် တင်မြမေမုန်းသွားခိုက် တက်သုတ်ရိုက်ကာ သူငယ်ချင်းချစ်အတွက် လှော်ခဲ့ခြင်းဖြစ်ရာ၊ ထိမ်းမြားလက်ထပ်ရတော့မည်အထိ သေချာတော့မှ ငြင်းဆန်နေသဖြင့် ဆွဲဆောင့်လည်း နာရုံသာရှိမည်ဟု ဟင်းကနဲ သက်ပြင်းရှူလိုက်သည်။

"ကိုကိုရေ ... ကိုဖုန်းခင်တစ်ယောက်တော့ ဝမ်းသာလုံးဆို့လို့ ထမင်းမှ စားနိုင်ပါဦးမလား မောင်ရယ်၊ မိန်းမထီပေါက်တယ်ဆိုတာ ဒီလိုလူမျိုးပေါ့"

တင်တင်စိန်သည် အနောက်ဘက်ရှိ မိဘနှစ်ပါးတို့ နှစ်ထပ်အိမ်ကြီးမှ သူတို့တိုက်သို့ ပြန်၍ကူးလာကာ အခန်းပေါက်အရောက်တွင် ဝမ်းသာအားရနှင့် ပြောလိုက်ခြင်း ဖြစ်၏။ ဝင်းဆွေမှာ ဘာမျှပြန်မပြောဘဲ ပုစွန်ဆီရောင် ခါးကဗန်ကောက်လုံချည်ကို ဘောင်းဘီဖြူတို ပေါ်အောင်ခေါက်လှန်၍ စည်းလိုက်ပြီးလျှင် ကြမ်းပြင်ချောတွင် လေးဘက်ထောက် ကုန်းကုန်းကြီး လုပ်နေသည်။

"ဒါက ဘာလုပ်ရတာလဲ ဟင်"

"ဒီအကောင် အနေကျပ်လို့ ဟိုဒင်းတူနဲ့ထုပြီး သေအောင်သာ သတ်လိုက်ပါတော့ အစိန်လေး"

"အို...နောက်ရန်ကော" ဟု ဆွဲ၍ထုလိုက်၏။ ဝင်းဆွေမှာ နောက်ပြောင်နေခြင်း မဟုတ်ဘဲ သူငယ်ချင်းအတွက် စိတ်မကောင်းလွန်းသဖြင့် လုပ်မိလုပ်ရာ လုပ်နေခြင်း ဖြစ်သည်။ ဖုန်းခင်မှာကား ကုလားထိုင်ပေါ်တွင် ခြေနှစ်ဖက်ပါ သိမ်းကျုံးတင်၍ ထိုင်ကာ၊ ဒူးနှစ်ဘက်ကို လက်နှစ်ဘက်နှင့် ပိုက်နေ၏။

"တင်မြမေကို မယူနိုင်ဘူး၊ တင်မေကို ယူတော့မတဲ့"

"အို မဟုတ်တာပဲ ကိုဖုန်းရာ၊ တင်မေကို ကျွန်မ မေးမယ်"

"ဟေး...ဟေး...မင်းမသွားနဲ့၊ တင်မေကို ဉာဏ်ဆင်ပြီး ခြိမ်းခြောက်တယ် ထင်နေဦးမယ်၊ သူ့ရှေ့ခေါ်ပြီး ပြောင်သာမေး"

"မတင်မေ အေး မတင်မေ ဒီအခန်းထဲ လာစမ်းပော့"

တင်မေသည် ရှက်ကိုးရှက်ကန်း အမူအရာနှင့် ဝင်လာ၏။

"ညည်း ကိုဖုန်းခင်နဲ့ ယူတော့မယ်ဆို၊ ကိုဖုန်းခင်ကလည်း ညည်းကို ယူမှာပါ၊ တို့ကိုကြောက်လို့ ကွယ်ဝှက်မပြောနဲ့"

"ဟင့်အင်း ကျွန်မ မယူချင်တော့ဘူး၊ ကိုရွှေနဲ့ ယူတော့မယ်၊ ကိုရွှေနဲ့ အလွန်အကျူး ဖြစ်နေတာ မမကို ပြောမလို့၊ ကိုရွှေက နေပါဦးဆိုလို့"

"ဟယ် ငါ လက်သွက်လို့သာ"

ဖုန်းခင်သည် ကုလားထိုင်ပေါ်တွင် ၎တ်စိကလေး ထိုင်နေရာမှ တင်မေ၏စကားကို ကြားသည်နှင့် တစ်ပြိုင်နက် ရှေ့သို့ထိုးကျသွားရာ ဝင်းဆွေက လျှင်မြန်စွာ ပွေ့ဖမ်းလိုက်ပြီး ပြောလိုက်၏။

"ကဲ အေပေး၊ နင် ပန်းချီဆရာဖြစ်လျက်နဲ့ သဘာဝ နားမလည်တဲ့ကောင်၊ ငါ ကိုင်ပေါက်ရ မကောင်းတော့ဘူး"

"ငါ မှားပါပြီ သူငယ်ချင်းရာ"

ဝင်းဆွေက လွှတ်ပေးသောအခါ ဖုန်းခင်က ဝန်ခံပြောသံ ဖြစ်သတည်း။ ။

သွေးသောက်မဂ္ဂဇင်း၊

၁၉၅၂-ခု၊ ဇွန်လ ။

## ၇။ အချစ်တစ္ဆေ

"ကိုယ်တော့ ကမ္ဘာလောကကြီးမှာ ကိုယ့်ထက်ပျော်တဲ့သူ ရှိမယ်တောင် မထင်ပါဘူးနော်... နော်... မြင့်ရာ"

ခင်မောင်သည် ပြုံးရွှင်ကျေနပ်သော အမူအရာနှင့် ချစ်သူမြင့်မြင့်ကြည်၏ မျက်နှာကိုကြည့်ကာ ပြောလိုက်ရာ ဆံပင်ကို ပြင်၍ထုံးနေသော မြင့်မြင့်ကြည်သည်....

"ပျော်တာက ကိစ္စမရှိဘူး၊ ခမည်းတော်ကြီး အစွဲကို ဘယ်လိုချွတ်ရမလဲ"

"မေမေတစ်ယောက်လည်း ကိုကို လာကတည်းက ဟိုဘက်တဲဆီဆိုပြီး ထွက်သွားလိုက်တာ ခုထက်ထိ ပေါ်မလာသေးဘူး"

"မားသားကြီးကတော့ ကိုယ့်ဘက်ကဆရာ၊ ဒီတော့ လူထုဆန္ဒအတိုင်း များရာသဘောတူရမယ်ဆိုရင်၊ ကိုယ်က တစ်မဲ၊ မားသားကြီးက တစ်မဲ၊ မြင့်က တစ်မဲ၊ သုံးမဲရနေပြီ၊ အုံးအင်ကြီး တစ်မဲတည်းဆိုတော့ ကိုယ်တို့နိုင်ပြီး သူရှုံးတော့မှာ အမှန်ပဲ"

"ဆိုရှယ်ဒီမိုကရက်တစ် အိုင်ဒီယာနဲ့ ဖားသားကြီးကို ရမှာလည်း မဟုတ်ဘူး၊ သူ ကျေနပ်တဲ့ဟာ၊ သူနှစ်သက်တာ တစ်ခုခု လုပ်ပြရလိမ့်မယ်"

"စစ်ဗိုလ်လူထွက်ကြီးဆိုတော့ လူသတ်ပြရမှာလား"

"အို...ဒီလိုလဲ ဘယ်ဟုတ်မလဲ ကိုကိုရဲ့၊ သူ ကျေနပ်မှု တစ်ခုခုပေါ့"

"သူတစ်သက်လုံး မြင့်ကို အပျိုကြီးဘဝနဲ့ ထားမယ်မထင်ပါဘူး"

"ဒါတော့ ဒါပေါ့လေ၊ နို့ပေမယ့် စစ်ဗိုလ်အစ၊ စစ်သားအဆုံး အဲသလို ရဲဘော်တစ်ဦးဦးနဲ့မှ သဘောတူမှာပဲ၊ လေသံလည်း ခဏခဏ ပစ်တယ်"

"ဒါဖြင့် ကိုယ်တို့ လုပ်ခဲ့တာတွေကိုပဲ သတင်းစာထဲက ကြော်ငြာပြတော့မှ မိန်းမတစ်ယောက် ရရတော့မလို ဖြစ်နေပါပကော မြင့်ရယ်"

ထိုအခါ၌ မြင့်မြင့်ကြည်သည် အတော် စိတ်မကောင်း ဖြစ်ရာ၏။ ခင်မောင်သည် တော်လှန်ရေးအတွက် အတွင်းကနေ၍ သက်စွန့်ကြိုးပမ်းဆောင်ရွက်လာခဲ့သည်ကို မြင့်သိ၏။ သတင်းထောက်လှမ်းရာ၌ လက်နက် တစ်စုံတစ်ရာ မပါရ။ လက်နက် အပြည့်အစုံနှင့် ရှိသော ရန်သူအနီးသို့ ချဉ်းကပ်သွားရ၏။ တစ်ခါတစ်ရံ ရန်သူ၏မိတ်ဆွေကဲ့သို့ ရောနှောပေါင်းရ၏။ အကယ်၍ ရန်သူအထင်မှားက အသက်လွတ်မည်မဟုတ်။ ထို့အတူ ရန်သူနှင့် ဟန်ဆောင်ရောနှောခိုက် မဟာမိတ်စစ်ဘက်က မယုံလျှင်လည်း အသက်ရှည်ဖွယ်ရာ မရှိ။ တစ်ခါတစ်ရံ ရန်သူ ၂-စခန်း၊ ၃-စခန်းနှင့် ကင်းလွတ်အောင် ကွေ့ရှောင်လာရသည်မှာလည်း ထမင်းမွတ်၊ ရေသိပ်နှင့် သက်သာသော အလုပ်မဟုတ်။ ခြေဖဝါးသွေးခြည်ဥသည်အထိ ခံစားရ၏။ သို့စဉ်မျှ ချစ်သူသည် သူ့တိုင်းပြည်အတွက် တာဝန်ကျေပွန်ခဲ့လျက် ဖခင်ကြီးအတွက် အခက်ကြုံရလေခြင်းဟု မျက်နှာကလေး ညှိုးနွမ်းသွားရာ၏။

"မြင့် ဘာဖြစ်သွားတာလဲဟင်၊ မျက်နှာကလေး ညှိုလို့"

"ကိုကို ဘယ်လိုဆောင်ရွက်ခဲ့တာ သိတော့ မြင့်စိတ်မကောင်းတာပေါ့၊ မြင့်လည်း စွန့်ရဲပါတယ်၊ ဒါပေမဲ့ ဖေဖေက တဖောက်ကန်းမို့ ငါ့စကား နားမထောင်ရင် ဒင်းတို့ကို အကုန်သတ်၊ ငါ့ကိုယ်လည်း ငါသတ်သေမယ်ဆိုတဲ့ လူစား ကိုကိုရဲ့"

"ဟယ်.... ဟဲ့ ဟဲ့ တော်ပါပေ့ဗျ"

အသံသြကြီးတစ်ခု (၄) တောင်ခွာမှ ကြားလိုက်ရခြင်းသည် ချစ်သူနှစ်ဦး၏ ချစ်အရသာကို ပျက်ပြားစေတော့၏။ အသက်(၄၀) ကျော်ခန့် ကာကီဘောင်းဘီရှည်၊ ကာကီရှပ်၊ ရှူးဖိနပ်-ဖော့ဦးထုပ်နှင့် လူကြီးတစ်ယောက်သည် ပြောရင်းဆိုရင်း ရှေ့သို့တိုးလာကာ လူငယ်၏ လည်ကုပ်ကို ဖမ်းဆွဲလေ၏။ လူငယ်က ခေါင်းပုရှောင်လိုက်သဖြင့် လက်ချော်သွားစဉ် မြင့်မြင့်ကြည်က…

"အို…ဖေဖေကလဲ လက်လွန်ကုန်ပါ့မယ်၊ မြင့် ရှင်းပြပါ့မယ်"

"အံမာ ဘာလက်လွန်ရမှာလဲ၊ အရပ် (၅)ပေ (၄) လက်မ၊ ရင်လက်မ (၃၀) လောက်ရှိတဲ့ ကောင်လေးနဲ့ ဖက်ရန်ဖြစ်ရင် ဖေဖေ အရှုံးဖြစ်မှာပေါ့"

"ခင်ဗျား ကျွန်တော့် မစော်ကားနဲ့၊ ဒီလိုပုသေးတာဟာ ကျွန်တော့်အပြစ်မဟုတ်ဘူး၊ ကျွန်တော်မိဘရဲ့ အပြစ်ဗျ"

ခင်မောင်မောင်သည် အေးအေးဆေးဆေး သူငယ်ချင်း ပြောသလို ပြောလိုက်ရာ လူကြီးသည် ဒေါသထွက်လာဟန်နှင့် ….

"တော်ပါကွာ၊ ဟေ့ ခင်မောင်မောင် ငါ့ယာခင်းမှာ အစစကူညီတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကနေ့ကစပြီး နောက်ထပ်မလာဖို့ ပြောလိုတယ်"

"ကျွန်တော်တတ်တဲ့ လောကဓာတ်ပညာ ကျေးဇူး ဆိုပါတော့ ဟုတ်လားဦး၊ ဘဲ ကြက်မွေးမြူရေး လုပ်ငန်း၊ သစ်ပင် ပန်းပင် လောကဓာတ်နည်းနဲ့ ဖြစ်ထွန်းအောင် ကြိုးစားခဲ့တာတွေဟာ အမှန်ကတော့ ဦးကြောင့် မဟုတ်ဘူး၊ ဦးသမီးချစ်လို့ အပင်ပန်းခံ လုပ်ပေးခဲ့တာ"

"အေး ဒါဖြင့် ငါနဲ့မှ မဆိုင်ဘဲ ငါ့အိမ်ထွက်၊ ငါ ဘာမဆို လုပ်ရဲတဲ့ အကောင် သိလား၊ စစ်မြေပြင်မှာ နာမည်ရတယ်ဆိုတာ ဘာကြောင့်လဲ"

"ကိုယ်သတ္တိရှိတာတွေ ခင်မောင်မောင်သိပါတယ်၊ စဉ်းစဉ်းစားစား လုပ်ပါ"

"ဖေဖေ့သတ္တိထဲမှာ တစ္ဆေကြောက်တတ်တာ တစ်ခု ခြွင်းချက်ထားပါ"

မြင့်မြင့်ကြည်သည် ဝင်၍စွက်လိုက်ရာ စကားပြောမိလျှင် မှားမှားမှန်မှန် နောက်ဆုတ်လေ့မရှိသော ဦးဖေကြည်သည် အလျှော့မပေးလိုသော အမူအရာနှင့်….

"ဘာတစ္ဆေလဲ၊ စစ်မြေပြင် ရင်ဆိုင်တိုက်လာတဲ့လူက တစ္ဆေကြောက်ရမလား"

"ဒါဖြင့် ဦးဆိုလိုတဲ့ အဓိပ္ပာယ်က ဦးသမီးကို စစ်သားနဲ့မှ သဘောတူတယ်ဆိုတာ စစ်သားမှ သတ္တိရှိတယ် ထင်လို့လား"

"အပွက အားဖြင့် မဆိုလိုဘူး၊ ယေဘူယျအားဖြင့် စစ်သားမှ သတ္တိရှိတာ"

"ကျွန်တော်ဟာ ဦးရဲ့အမိန့်အတိုင်း ဦးရဲ့အိမ်က အခုပဲ သွားပါတော့မယ်၊ သို့သော် ဦးရဲ့စကားအတိုင်း အနည်းငယ် အစီရင်ခံပါရစေ၊ ဒီတဲကသွားမယ်ဆိုရင် တစ်မိုင်လောက် သွားရမယ့် ပြည်လမ်းက ဝင်းခြံနဲ့ တိုက်ကြီးကို ဦးသိမှာပေါ့"

"အေး သိတာပေါ့၊ တစ္ဆေအလွန်ခြောက်တယ်လို့ ကျော်နေတဲ့ဟာပဲ"

"ဒီတော့ ဦးလည်း သတ္တိရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးပဲ၊ နို့ပေမယ့် တစ်ခုတော့ ရှိတယ်၊ ကျွန်တော့်အသက် (၂၅) နှစ်အတွင်း တွေ့ဖူးတာကတော့ တစ္ဆေခြောက်တတ်တဲ့သူဟာ လူတော့ သတ်ရဲတယ်၊ တစ္ဆေမခြောက်တတ်တဲ့သူဟာ လူတော့ မသတ်ရဲဘူး၊ နှစ်မျိုးစလုံး ရဲတဲ့လူလည်း ရှိသပေါ့"

"ကျုပ် စကားပို သိပ်မပြောဘူး"

"ဒီလိုဆိုရင် နက်ဖြန် ဗုဒ္ဓဟူးနေ့ မဟုတ်လား၊ ည (၁၂) နာရီက (၃) နာရီအတွင်း ဦးနဲ့ ကျွန်တော် အတူတူ သွားနေကြည့်ရအောင်၊ ကြောက်တဲ့သူဟာ အရှုံးပေါ့"

"စိန်လိုက်၊ ဦးက ဒီလိုသတ္တိခဲကို ရှာတာ၊ မလာရဲလို့ ပျက်ကွက်ရင် ဘယ့်နယ်လဲ"

"ကျွန်တော် မလာရဲရင် ဦးက သတ်ပေါ့၊ ဦးက မလာရဲရင် ကျွန်တော် ဘယ်လိုမှ မလုပ်ပါဘူး၊ သူရဲဘောကြောင်တဲ့ တစ္ဆေကြောက်ကြီးလို့ မှတ်ရမှာပဲ၊ ဒီအပြိုင်အဆိုင်လုပ်လို့ ကျွန်တော်နိုင်တောင် ဦးရဲ့သမီးနဲ့ သဘောတူဖို့ ဆိုတဲ့ အခွင့်အရေး မဆိုပါဘူး"

"စိန်လိုက်ဆိုကွယ်၊ စစ်မြေပြင် အပွဲပွဲနွှဲလာတဲ့ သူပဲဟာ"

"ကိုဖေကြည် ဟုတ်မှလည်း လုပ်ပါနော်" (ဓာတ်သိ ဒေါ်မြင့်ရွှေက ထောက်ပြောသည်။ )

"မင်းက ငါ့ကို အရင်ကလို တစ္ဆေကြောက်တတ်တဲ့ ဖေကြည်မှတ်လား အလောင်းတွေနင်းပြီး စစ်တိုက်လာတာကွ"

"အဲဒီတိုက်ကြီးကို ကျွန်တော် တစ်ည သွားကြည့်ပြီးပြီ၊ ကျွန်တော်ကတော့ မတိုက်ဆိုင်လို့လား မပြောတတ်၊ ဘာတစ္ဆေမှ မတွေ့ခဲ့ပါဘူး၊ လမ်းဘက်က လှည့်ဝင်တော့ ဆင်ဝင်အောက်ရောက် လှေကားက အတွင်းဘက်မှာ အခန်းကျယ် (၂) ခန်းရှိတယ်၊ ကျွန်တော် အတွင်းခန်းကနေမယ်၊ ဦးအပြင်ခန်းကနေ ခွေးရိုက်ဖို့ ကြိမ်လုံးလောက်ကိုင်၊ ဒီပြင်လက်နက် မကိုင်စတမ်း၊ ဒါမှ ပကတိ သတ္တိကို သိကြမယ်"

"အေး စိန်လိုက်" (ဦးဖေကြည်၏အသံ အနည်းငယ် ပျော့သွားသည်။)

"ဒီကိစ္စမှာ စွန့်စားမှု(၂) ခုရှိတယ်၊ တစ်ခုက တစ္ဆေနဲ့တွေ့ဖို့၊ ဒိပြင်တစ်ခုက ကားဖြူး(နေဝင်မီးငြိမ်း) အော်ဒါသမားတွေနဲ့ လွတ်ဖို့"

"လုပ်ရင် အကုန်လုပ်ရဲရမှာပေါ့ကွယ်"

ဦးဖေကြည်သည် ခင်မောင်မောင်အား ပညာဗဟုသုတနှင့် ပတ်သက်၍မူ၊ အထင်မသေးချေ။ ထို့ကြောင့် သူကတိ ထားလိုက်သည့်အတိုင်း မလုပ်ရဲလျှင်၊ ထိုလူရွယ်၏ လက်ရာဖြင့် စာနယ်ဇင်းများတွင် မည်မျှ အကလိခံရမည်ကို တွေးရှက်နေ၏။ နောက်တစ်နေ့ညတွင် အရက်ပိုသောက်၍ စောစောအိပ်၏။ ည (၁)နာရီမတ်တင်းတွင် အိပ်ရာက နိုးသောအခါ လူးလဲထ၏။ သူသည် ရှေးကကျောင်းဆရာစိတ် မပျောက်။ အရက်သောက်၏။ စားချင်သော ခြံဖြစ် ဘဲကြက်ကိုလည်း တပည့်တွေ အစီရင်ခိုင်း၍ ချက်စား၏။ ထိုညမူ ငါးပါးသီလပင် ရှိခိုး၏။ ဒေါ်မြင့်ရွှေကား သူတော်ကောင်းမကြီး ဖြစ်၏။ ညဘုရား ဝတ်မပျက်။ ဒေါ်မြင့်ရွှေ ဘုရားဝတ်ပြုစဉ် ပခုံးတင်လေ့ရှိသော ကတ္တီပါတဘက်ကို လည်ပင်းတွင် ပတ်လိုက်၏။ ထိုတဘက်သည် တန်ခိုးရှိမည်ဟု ယုံကြည်ဟန်တူ၏။ ခရီးထွက်ခါနီး ရဲဆေးတင်ရန် အရက်သောက်ရ ကောင်းမလားဟု စဉ်းစားပြန်၏။ စောစောက ငါးပါးသီလနှင့် တဘက်ကို သတိရ၍ မသောက်ရဲ။ ထို့နောက် လက်ဆွဲမှန်အိမ် အသေးစားကို မီးမှိန်ထွန်းပြီးလျှင် စက္ကူညို ပတ်ကာ တဲကြီးမှ ထွက်ခွာခဲ့လေ၏။

ထိုညကား လဆုတ် (၁၂) ရက်နေ့ညဖြစ်၏။ လွင်တီးခေါင်တွင်မူ ထိုမျှ မှောင်မည်း မဟုတ်သော်လည်း သစ်ပင်အုပ်ဆိုင်း၊ ချုံပုတ်ထူထပ်သော နေရာဖြစ်သဖြင့် အချို့နေရာ၌ လမ်းကိုပင် မမြင်ရအောင် ဖြစ်၍နေ၏။ တိုက်တာဝင်းခြံ ကျိုးတိုးကျဲတဲ ရှိသော်လည်း မီးရောင်ဟူ၍ ဘယ်ပြတင်းကမှ မထွက်။ ပရစ်အော်သံသည် ဆိတ်ငြိမ်ခြင်းကို တိုးတက် သက်သေခံသကဲ့သို့ ဖြစ်နေ၏။

ဆိတ်ငြိမ်ခြင်းနှင့် မှောင်မဲ၍ အဖော်ကင်းမဲ့ကာ ကိုယ်တည်းနေရခြင်းသည် လူ၏ကြောက်စိတ်ကို ဖြစ်စေတတ်၏။ ငယ်ငယ်ကပင် ကလေးအငိုတိတ်အောင် တစ္ဆေကြီး၊ သူရဲကြီးနှင့် အခြောက်ခံခဲ့ရသော ဦးဖေကြည်သည် အသက်(၄၀) တိုင်အောင် အမြဲကြောက်ရွံ့နေသည်မှာ အံ့သြဖွယ်ရာ မဟုတ်။ ထိုကဲ့သို့ ကြောက်စိတ်ဝင်ခိုက် သူဖတ်ဖူးသော တစ္ဆေပုံပြင်၊ စုန်းကဝေမှတ်တမ်း၊ မှော်ဆရာမှတ်တမ်း စသည်တို့ထဲမှ ကြောက်မက်ဖွယ်ရာများ ပေါ်လာသောအခါ ဟယ် မသွားတော့ပါဘူးဟု ခြေလှမ်းတုံ့မိ၏။ လုပ်မည်ဆို လုပ်ရမည်ဟူသော စစ်ဝါဒသည် သူ့တွင် ကိန်းအောင်းနေ၏။ သမီးလိုချင်သူကလေး၏ လှောင်ပြုံးပြောဆိုမည့် အမူအရာ စကားသံကို ကြားယောင်နေ၏။

ထို့ကြောင့် ကြောက်ကြောက်နှင့် ခပ်သွက်သွက် ဖွတ်တိုးသွား၏။ တစ်မိုင်ခရီးကို (၁၅) မိနစ် မပြည့်ခင်ပင် ချိန်းဆိုသော ခြံတံခါးသို့ ရောက်ရှိသွား၏။ သူသည် အတွင်းဘက်သို့ လှမ်းကြည့်၏။ ခြုံပိတ်ပေါင်း ထူထပ်လျက် ပုံးဆံအချို့ ထိထားသော တိုက်ကြီးမှုဖြစ်ရာ တိုက်ကြီးကပင် သူ့အား ဖြစားတော့မည်ကဲ့သို့ ထင်မှတ်နေ၏။ အလွန်ရှည်လျားသော လက်တံကြီးတစ်ခုသည် တိုက်ထဲက ထွက်ပေါ်လာကာ သူ့အား ဆွဲခေါ်လေမည်လားဟု တွေးရွံ့နေ၏။ သူပင်လျှင် ဤမျှကြောက်ရွံ့နေလျှင် ဤကောင်လေး ချိန်းဆိုထားသည့်အတိုင်း မုချလာဝံ့မည်မဟုတ်ဟု ထင်မှတ်နေ၏။

သို့ရာတွင် ချိန်းဆိုသည့်အတိုင်း လုပ်ရမည်မှာ သူ့ဝတ္တရားပင် ဖြစ်ရကား တဖြည်းဖြည်း ခြံထဲသို့ ဝင်ခဲ့၏။ ဆင်ဝင်အောက်သို့ ရောက်လျှင် မီးမှိန်ထားသော မှန်အိမ်ကလေး၏ မီးစာကို မြှင့်တင်လိုက်၏။ အလင်း၏တန်ဖိုးသည် အမှောင်တွင် ပိုမိုသိရသည့်အတိုင်း စက္ကူညိုကားထားလျက်ပင် (၄-၅) တောင်ပတ်လည်ကို ကောင်းစွာမြင်ရ၏။ သူသည် အရဲစွန့်ကာ လှေကားဆီသို့ တိုးလာ၏။ ထိုအခိုက် တစ်စုံတစ်ခုသည် သူ၏ဖက်ပိုးကို ဖြတ်ခနဲမြည်အောင် ရိုက်လိုက်ရာ "အမယ်လေးဗျ" ဟု အော်ပြီး လန့်ခုန်လိုက်၏။ ထိုအတွင်း မီးရောင်တွင် လင်းနို့များ ပျံနေကြသည်ကိုမြင်မှ၊ မိမိ သူရဲဘောကြောင်မိသည်ကို သတိရကာ "............" ဟု အသံထွက်သွား၏။

ဦးဖေကြည်သည် တိုက်အပေါ်ထပ်သို့ ရောက်လျှင် သူ့အဖို့ သတ်မှတ်ထားသော အခန်းထဲသို့ ရောက်သွား၏။ ငါမလန့်ဘူး၊ တစ်ခုခု အသံကြားလျှင် လင်းနို့ဖြစ်မှာဘဲ ဟု စိတ်တင်းနေ၏။ နာရီဝက်ခန့် နေသော်လည်း ထူးခြားချက် တစ်ခုမျှ မတွေ့။ သို့ရာတွင် သူ့ခေါင်းပေါ်မှ ကျစ်ကျစ်ဟု အသံကြားနေပြီ ဖြစ်၏။ သူမော့မကြည့်ဘဲ မနေနိုင်။ မော့ကြည့်၏။ မီးရောင်သည် အပေါ်သို့ မထွက်သဖြင့် ဘာမျှမမြင်ရ။ ကျိကျိအသံသာ ကြားရဆဲ။ ထို့နောက် တစ်စုံတစ်ခု သူ့ခေါင်းပေါ်က ဝဲပြီးပျံသွားသည်ကို သိလိုက်၏။ ကြက်သီးဖျန်းခနဲ ထသွား၏။ တစ်ဖန် သူ၏ကျောဘက်မှ တကျိကျိ အသံကြားရသဖြင့် လှည့်ကြည့်ရာ၊ ပကတိလူ၏ လေးဆလောက်ရှိ၍ မျောက်ဟုလည်း မပြောနိုင်၊ အမွေးအမျှင်ထူထူနှင့် သဏ္ဍာန်တစ်ခု မြင်ရ၏။

"ခင်မောင်မောင်.... ခင်မောင်မောင်.......... ခင်မောင်မောင်..."

ဦးဖေကြည်သည် အသံကုန် ဟစ်အော်လိုက်၏။ တစ်ဘက်က ဘာသံမျှ မကြားရ။ လူ့သဘောကား ကြောက်သောအရာမှ ထပ်ကြည့်လိုသည့်အတိုင်း ကြည့်ပြန်ရာ ထိုအရာသည် လက်ချထားရာမှ လက်မြှောက်ပြီး သူ့ဆီသို့ တိုးလာရာ၊ ဦးဖေကြည် ဟန်မဆောင်နိုင်တော့၊ မီးအိမ်ကလေးဆွဲကာ ဆင်းပြေးတော့လေ၏။ မည်မျှ အပြေးမြန်သနည်းဟူမူ (၁၀)မိနစ်ခန့်နှင့် တဲခြံပေါက်သို့ ရောက်ရှိလာလေ၏။

တဲပေါက်ရောက်မှ သူ အမောတကော ပြေးလာရသည်ကို သမီးနှင့် မယား ရိပ်မိမည်စိုး၍ ခဏအနားဖြေပြီး တဲဆီသို့ ရောက်လာ၏။ သားအမိနှစ်ဦးမှာလည်း ထွက်သွားကတည်းက စိုးရိမ်စွာ စောင့်မျှော်နေရာ ပြန်လာသည်ကို တွေ့ရမှ စိတ်အေးသွားကြ၏။

"အလကား ကောင်ကလေးပါ၊ သတ္တိမရှိပါဘူး၊ သက်သက် ငါ့တစ်ပတ်ရိုက်တာ"

"ကိုကိုခင်မောင် သတ္တိမသေးဘူးနော် ဖေဖေ၊ သူ ညာမယ် မထင်ဘူး"

ထိုအခိုက် ဖိနပ်သံ ကြားသဖြင့် စောင့်နေကြရာ ခင်မောင်မောင်ရောက်ရှိလာ၏။ ထွန်းထားသော ကြည့်မှန်အိမ်အကြီးစားမှာ အတော်လင်း၏။ ခင်မောင်မောင်၏ လည်ပင်းတွင် ဒေါ်မြင့်ရွှေ၏ ကတ္တီပါတဘက် ပတ်ထား၏။ ထိုတဘက်မြင်သည်နှင့် တစ်ပြိုင်နက် ဦးဖေကြည် မျက်နာပျက်သွား၏။ ထိုတဘက်မှာ တိုက်အပေါ်ထပ်သို့ ရောက်စဉ်က လင်းနို့ရိုက်ရန် သူ့ရှေ့မှန်အိမ်အနီး ချထား၏။ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆင်းပြေးခဲ့သောအခါ တဘက်ကို သတိမရခဲ့။ သို့ဖြစ်လျှင် ခင်မောင်မောင်သည် အပေါ်တွင် ရှိရမည်။ လင်းနို့တိုး၍ လန့်အော်မိပုံ။ ခင်မောင်မောင်ဟု သုံးကြိမ်အော်ခေါ်မိပုံတို့ပါ သူသိမည်ဟု။

"ပြောစရာ မနက်မှ ပြောကြစို့" ဟု ဆိုကာ အိပ်ခန်းသို့ ဝင်သွားလေ၏။ ဒေါ်မြင့်ရွှေလည်း ခင်ပွန်းသည်၏ မျက်နှာ အတော်ကလေး ကျလာသည်ဟု ထင်သဖြင့် ထက်ကြပ်လိုက်သွား၏။ မြင့်မြင့်ကြည်က ခင်မောင်မောင်ကို ကြည့်ကာ....

"တစ္ဆေခြောက်တယ်ဆိုတာ အဟုတ်ပဲလား ကိုကိုရဲ့"

"မဟုတ်တာ မြင့်ရယ်၊ တစ္ဆေဆိုတာမှ မရှိဘဲ။ ဘယ်က တစ္ဆေခြောက်တယ်ဆိုတာ ရှိမလဲ၊ ဒီတိုက်ကြီးက ဒီလို၊ ပထမ ဖဲသမားတွေက ပုလိပ်ရန်ကလွတ်အောင် ညညကျရင် အဲဒီတိုက် ဖဲလာရိုက်ရော၊ အရက်သမားကလည်း ပုလိပ်အလာနည်းတဲ့ နေရာရှာနေတာ၊ ဒီတိုက်တွေတော့ အရုပ်ကြီးတစ်ခု အမြင်မကောင်းအောင်လုပ်၊ တစ်ယောက်က

မီးဝင်မှုတ်၊ ဆင်းအပြေး ဒီအရုပ်ကြီးနဲ့ လိုက်ခြောက်နဲ့ တကယ် တစ္ဆေခြောက်သလို ဖြစ်နေတာပေါ့၊ မိတ်ဆွေတစ်ယောက်ဆီက ဒီအကြောင်းသိတာနဲ့ ကိုကို ကြံလိုက်တာပဲ။ အဘိုးကြီးတော့ သနားပါတယ်၊ အတော်ကို ကြောက်သွားရှာတယ်၊ ကဲ ကိုယ်တို့လည်း သေချာလောက်ရောပေါ့"

"ဟင်း....ဒီလိုစမ်းတာဟာ နိုင်တောင် သမီးပေးရမယ်လို့ မဆိုပါဘူး"

သွေးသောက်မဂ္ဂဇင်း

၁၉၄၅-ခု၊ ဒီဇင်ဘာလ။

## ၈။ ငတ်ဖူးတယ်

ကျယ်ဝန်းသော ဝန်းခြံကြီးတစ်ခုအတွင်း၌ ကျီကျဂိုဒေါင်နှင့် အိမ်ငယ်တစ်ဆောင်ရှိ၏။ ကြီးထွားသော မန်းကျည်းပင်ကြီး ၃-၄ ပင်သည် ခြံဘေးနှင့် ခြံလယ်တွင် မားမားမတ်မတ်နှင့် အရိပ်အာဝါသကို ပေးကြ၏။ အသက် ၁၆-နှစ်ခန့် မိန်းကလေးတစ်ယောက်သည် ဝါးလုံးရှည်တစ်ချောင်းဖြင့် မန်ကျည်းကိုင်းအခြောက်များကို ထိုးကာထိုးကာ ချိုးယူ၍နေလေ၏။ တစ်နာရီကျော်ကြာမှ ထမင်းအိုး တစ်လုံးချက်စာမျှ ရရှာ၏။ ထိုသို့ ရှားပါးသည်မှာ အခြားကြောင့် မဟုတ်။ ၁၄-၅ ရက်ခန့် ထင်းအလို့ငှာ မန်းကျည်းပင်များမှ ချိုးယူခဲ့သောကြောင့် ဖြစ်လေ၏။

မိန်းကလေးသည် မန်ကျည်းပင် ကိုင်းအခြောက်များကို မီးဖိုဆောင်အပေါက်တွင် ချထားခိုက် အသက် ၃၀-ခန့် လူရွယ်တစ်ယောက်သည် လှမ်း၍ ကြည့်လေ၏။ ပင့်သက်တစ်ခါလောက် ရှူပြီးနောက် အခြေမပျက် ပြုံးကာ....

"မြသီရေ...တော်တော်များများ ရရဲ့လား ဟေ့"

"ဟုတ်ကဲ့.... ချက်လောက်ပါပြီ" ဟု ပြန်လှန်ပြောဆိုရင်း ဆန်အိုးကို သွား၍နှိုက်လေ၏။ ဆန်မှာ တစ်ခွက်လောက်သာ ရှိတော့ရာ မြသီသည် စိုးရိမ်သောမျက်နှာနှင့် "ကိုဌေးရေ... ဆန်တစ်ခွက်လောက် ရှိတော့တယ်" ဟု ပြောလေ၏။ မောင်ဌေးသည် မျက်နှာအခြေမပျက်ရန် အထူးဂရုစိုက်လျက်...

"အို... ဒါဖြင့်.. ဒီလို လုပ်ကြစို့ကွယ်၊ ဒီဆန်ကို ထမင်းချက်စားရင် နှစ်နပ်နဲ့ ကုန်သွားမယ်၊ ဒီတော့ လက်ဖက်ရည်ပန်းကန်နဲ့ တစ်လုံးလောက် ရမန်းကျိုပါလား၊ အစာလည်း ကြေလွယ်သေးရဲ့၊ အကုန်လည်း သက်သာသေးရဲ့" ဟု ပြောရာ မြသီသည် ခေါင်းမော့လိုက်လျှင် မျက်ရည်စို့သည်ကို မြင်မည်စိုးသောကြောင့် "ဟုတ်ကဲ့... ကောင်းသားပဲ" ဟု ခေါင်းငုံ့ပြောဆိုကာ ဆန်တစ်ဆုပ်သာသာကို သတ္တုအိုးငယ်တွင်ထည့်ကာ မီးမွှေးပြီး ကျို၍နေလေ၏။

မောင်ဌေးကား မိမိအဖြစ်ကို မစဉ်းစားချေ။ စဉ်းစားမိက ကိုယ်တိုင်လည်း စိတ်ညစ်မည်။ ဇနီးသည် သည်လည်း စိတ်ကောင်းရှာမည် မဟုတ်ဟု ရဖူးသော သီချင်းကြီးများကို အသံတိုးထွက်အောင် သီဆို၍ နေလေ၏။

မောင်ဌေးသည် မြသီနှင့် လက်ထပ်ခဲ့သည်မှာ ၃ လခန့်မျှ ရှိသေး၏။ မြသီနှင့် လက်ထပ်စဉ်က အလုပ်လက်ရှိ ဖြစ်သောကြောင့် ကိုယ်ပိုင်ငွေများအပြင် သူတစ်ထူးထံက ချေးငှား၍ပင် ထည်ထည်ဝါဝါ ပြုလုပ်ခဲ့၏။ မြသီ၏ မြို့ရွာမှ ဇနီးသည်အား ခေါ်ဆောင်၍ အလုပ်ပြန်လည်လုပ်ကိုင်စဉ် ၂-လခန့် အကြာ၌ အလုပ်ပြုတ်ခဲ့လေ၏။ အလုပ်ရှိစဉ်ကလည်း ရသောငွေကို လက်ထပ်ကြွေးဆပ်၍မလောက်သဖြင့် မြသီ၏မိဘများ ဝတ်ကြေဝတ်ကုန် အနည်းငယ်မျှ ထည့်ပေးလိုက်သော မြသီ၏ လက်ဝတ်လက်စားများကို ပေါင်နှံရောင်းချ သုံးစွဲရ၏။ အဖိုးတန်ပစ္စည်းများလည်း တစ်စတစ်စ ကုန်လေတော့သည်။

နောက်ဆုံး၌ အဝတ်အစားအချို့သာ ကျန်တော့၏။ မောင်ဌေးသည် ထိုမြို့တွင် ရှေးက ထည်ထည်ဝါဝါနှင့် လူပျိုကိုယ်အဖြစ် ထင်သလို သုံးစွဲနေခဲ့သူ ဖြစ်သည်။ သူတစ်ထူးကို မှီခိုကပ်ရင်း တောင်းရမ်းလေ့မရှိ။ မာနကြီးသူဖြစ်ခဲ့ရာ မြသီမှာလည်း ဝန်ထောက်သမီးဟု မာနတစ်လုံးနှင့် နေခဲ့သူဖြစ်လေ၏။ မောင်ဌေး ဤမျှဆိုးဝါးသော အခြေအနေသို့ ရောက်ရှိနေသည်ဟု မိတ်ဆွေသင်္ဂဟများ သိရှိက မည်သူမျှ ဥပေက္ခာထားမည် မဟုတ်။ မောင်ဌေးကား မိတ်ဆွေကို မဆိုထားဘိ၊ မိဘဆွေမျိုးသော်မျှ အသိမပေးချေ။ ဘယ်ထိအောင် ငတ်နိုင်မလဲ။ အဘယ်မျှ အငတ်ခံနိုင်ဖွဲ ရှိသနည်းဟု စုံစမ်းသည့်အလား ဝင်းကျယ်အတွင်း အိမ်ငယ်တွင် ဖွတ်ကျောပြာစု၍ ခရုအဆံကျွတ်သည်ကိုပင် အောင့်အည်းနေရသူ ဖြစ်လေ၏။

၎င်းတို့ ဇနီးမောင်နှံနှစ်ဦးမှာ အပြင်သို့ ထွက်လျှင် အင်္ကျီဒိုဘီကျ ပိုးလုံချည်လတ်လတ်ကို ဝတ်နိုင်ကြသေးသဖြင့် အခြားသူများမှ ရိပ်မိကြခြင်း မရှိချေ။ သို့ရာတွင် ရမန်းကျိုသောက်ရသောအခြေ၌ ပိုက်ဆံ ကြေးနီပြားတစ်ပြားမှ မကပ်တော့ချေ။ တခြားလည်း တစ်ပြားလောက် အဖိုးတန်သည်ကို သိလာ၏။ ရှေးက တစ်ထိုင်တည်း အနမြောမရှိ (၅၀-၁၀၀) ကျပ် သုံးစွဲခဲ့ဖူးသော မောင်ဌေး၏စိတ်ကို ကွက်ကွက်ကွင်းကွင်း ဆုံးမသကဲ့သို့ နေလေ၏။

ငတ်စ ၌ စိတ်ဆင်းရဲကြ၏။ ရက်ကြာခဲ့သော် စိတ်ခေါင်းမာ၍ တင်းနိုင်ကြသူများ ဖြစ်သည့်အတိုင်း တစ်ဦးနှင့်တစ်ဦး အချစ်နလံထ၍ နေကြလေ၏။ ၎င်းတို့အိမ်ဘေးမှ နားထောင်လျှင် တခိခိနှင့် ရယ်မောသံများကို ကြားရမည်ဖြစ်ပေ၏။ ၎င်းတို့နေသောအိမ်မှာ ဦးကြီးတစ်ယောက်က အခမဲ့နေထိုင်ခွင့်ပြုသဖြင့် ပဲစပါးဂိုဒေါင်ကို စောင့်ရင်းဆိုသလို နေထိုင်ရ၍ အိမ်လခအတွက် မပူပင်ရချေ။ အကယ်၍ ထိုအိမ်သာ မရှိပါက ဇရပ်သို့ ပြေးရချေ၊ ချွေးသေသို့ သေရပြား ဖြစ်မလား မသိနိုင်ချေ။

ထိုနေ့ညနေ မြသီကျိုပေးသော ဆန်တစ်ပန်းကန်သည် ဟင်းချိုသောက်ပန်းကန်နှင့် တစ်လုံးခန့် ရရှိလေ၏။ နေ့ခင်းက လက်ဖက်ရည်ချို မုန့်ပဲသရေစာ အလျဉ်းမစားရသော မောင်ဌေးမှာ ပူပူလောင်လောင်နှင့် မှုတ်သောက်ရင်း တက်တက်ပြောင်တော့၏။ မြသီက နောက်ထပ်ထည့်မည်ဟု ပန်းကန်ကိုဆွဲယူရာ မောင်ဌေးက "တော်ပြီကွယ်... ဝပြီ" ဟု ပြောလိုက်လေ၏။ မောင်ဌေးက အကယ်ဝသည်မဟုတ်၊ မြသီအတွက် ငဲ့ကွက်ပြောဆိုလိုက်ခြင်းဖြစ်ရာ မြသီမှာ မီးဖိုချောင်တွင် ပန်းကန်တစ်ဝက်ခန့်မျှရှိသော ရမန်းရည်များကို သောက်၍ နေရရှာ၏။ မောင်ဌေးမှာ ဟင်းခွက် (၉) ခွက် (၁၀) ခွက်နှင့် အခံ့သား စားသောက်နေထိုင်ခဲ့သော မြသီအတွက် သက်မကြီး ရှူမိရှာလေ၏။ တစ်ဖန် ဟယ်... ဘာလို့ စိတ်ညစ်အောင် တွေးရသလဲဟု ရှေးက ရွှေထီးဆောင်းခဲ့ဖူးသည်ကို ဖျောက်ဖျက်၍ ပစ်လိုက်ရလေ၏။

ထိုနေ့ညတွင် လင်မယားနှစ်ယောက်သည် ရယ်စရာမောစရာ ပြောဆိုရင်း အိပ်ပျော်သွားကြရာ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ထင်းအတွက် အခက်ကြုံ၍နေလေ၏။ ထိုမြို့၌ ထင်လှည်းတစ်စီးလျှင် သုံးမတ် တစ်ကျပ်ပေးဝယ်က တစ်လခန့် မီးဆိုက်ရ၏။ သို့ရာတွင် ထင်းမဝယ်နိုင်ကြ။ မောင်ဌေးသည် ထိုအကြောင်းကို သိသဖြင့်

နံနက်စောစော အိပ်ရာထကာ သတင်းစာအဟောင်းများမှ အရေးကြီးသော သတင်းနှင့် ဆောင်းပါးများကို ဖြတ်ယူပြီးလျှင်...

"ရော့ဟေ့.. ဒီစက္ကူတွေ ဆိုက်ရင်လည်း ရမန်းတစ်အိုးတော့ ကျက်မှာပါပဲကွယ်" ဟု သတင်းစာအဟောင်းများကို ချပေးလေ၏။ မြသီသည် သတင်းစာများဖြင့် ရမန်းအိုးကို ကျက်စေပြီးလျှင် နံနက် ၈ နာရီခန့်တွင် မောင်ဌေးအား ပန်းကန်နှင့် ပေးလာလေ၏။ မောင်ဌေးသည် မြိန်ရေရှက်ရေ သောက်၍နေခိုက်...

"ဗျို့.. ဆရာတို့... ဆရာတို့.." ဟူသော အသံကို ကြားရာ မျက်စပစ်လျက် ပန်းကန်ကို အသိမ်းခိုင်းလေ၏။ သို့ရာတွင် အသံရှင်မှာ မြသီမသိမ်းခင် ရောက်လာသဖြင့် မိ၍သွားလေ၏။

"ခင်ဗျား တယ်ဝကျတဲ့လူ၊ ဇောတိကနဲ့ ဂုဏ်ပြိုင်နေတုန်း ရောက်လာတယ်" ဟု မောင်ဌေးက ရယ်မောပြောဆိုရာ တက်လာသူမှာ ၎င်းတို့၏ အခြေပျက်သောမျက်နှာကို တစ်မျိုးပြင်လျက် ပြုံးရယ်ပြီးလျှင်..

"မမြသီရေ... ဘယ်မလဲ ရမန်းရည် ဆင်းဆင်းရဲရဲ တော်နေကြတာ သနားလှတယ်၊ တို့များပေးစမ်းပါ" ဟု အကယ်ပင် ၃-၄ ဇွန်း ကုန်အောင် သောက်လေ၏။

"ဘယ့်နှယ့် ကိုမောင်စိန်း၊ ကျွန်တော်တို့ အဖြစ်ဟာ ပျော်စရာမကောင်းဘူးလား၊ အလွန်တွေကြုံခဲ့တဲ့ ဝတ်မွတ်ခြင်း အရသာကို ခုမှခံစားရတယ်။ ကြာတော့ သိပ်ပျော်ပြီး သိပ်ရယ်ချင်တာပဲဗျာ"

မောင်စိန်းကား ပြုံးပြုံးကြီး ကြည့်၍နေလေ၏။ ၎င်းမှာ မောင်ဌေး၏ ရင်းနှီးသော မိတ်ဆွေဖြစ်ရာ မောင်ဌေးနှင့် မြသီတို့၏။ ရှေးကအခြေအနေကိုလည်း သိခဲ့သူဖြစ်လေ၏။ ၎င်းကိုယ်တိုင်မှာ ကုန်သည်တစ်ဦးဖြစ်သဖြင့် မောင်ဌေးတို့အား ထောက်ပံ့နိုင်၏။ သို့ရာတွင် မောင်ဌေးသည် သူတစ်ပါး၏ အကူအညီကို ဘယ်နည်းမှယူမည် မဟုတ်သဖြင့် အမှတ်တမဲ့နေခဲ့ရာ ရမန်းရည်သောက်ရသော အခြေ၌မူ မချိအောင် ဝမ်းနည်း၍သွားဟန် ရှိလေ၏။

"ခက်လိုက်တာ ကိုမောင်စိန်းရယ်၊ ဒီအကောင် အလုပ်လည်းပြုတ်ရော ဒီမြို့ကလည်း ပြေးရရောလို့ သူများပြော မခံချင်လို့သာပါ။ ဒိပြင်နေရာသွားရရင် အလုပ်တော့ မရှားပါဘူးဗျာ"။ ထိုအခိုက် မြသီသည် ထင်းခက်ခြောက်ရနိုးနိုးနှင့် မန်ကျည်းပင်များကို သွားရောက် မော်ကြည့်နေလေ၏။

"ခင်ဗျားက ယောက်ျားမို့ တင်းနိုင်ဦးမယ်၊ ဟိုက ဘယ်လောက် ဆင်းရဲရှာမလဲဗျာ"

"အို ... လင်မယား ချစ်သလားမေးရင် သရော ဘယ်နှစ်ခါ ခိုင်းဖူးသလဲလို့ လူကြီးတွေ ပြောကြတယ် မဟုတ်လားဗျ။ သူ စိတ်မညစ်ပါဘူး၊ ပျော်ပျော်ပါးပါးပဲ နေနိုင်ပါတယ်"

"မူလက ထည်ထည်ဝါဝါနေလာပြီး အသက်ကလည်းငယ်တော့ သနားစရာပဲ"

"ဟာ...ဒီလိုငယ်ငယ်ရွယ်ရွယ် ဒုက္ခကြီးတွေ့ဖူးမှ နောက်သာမည ဒုက္ခတွေအတွက် ခံနိုင်ရည်ရှိတော့မပေါ့"

ထိုအတွင်း မြသီသည် အိမ်ပေါ်သို့ ခပ်မြန်မြန် တက်၍လာပြီး မောင်ဌေးအား ပြုံးရယ်ကြည့်ရှုနေလေ၏။ မေးမည်အလုပ်....

"သူဌေးမင်းတို့ သူဌေးကတော်တို့ရှင်၊ ဆန်ကလေးတစ်ဆုပ် ပိုက်ဆံကလေး တစ်ပြားလောက် ပေးသနားတော်မူကြပါရှင်" ဟု ဝင်းပေါက်မှ သူတောင်းစားမလေး တစ်ယောက်၏အသံကို ကြားကြလေ၏။ မောင်ဌေးမှာ ဟက်ဟက်ပက်ပက် ရယ်မောနေရာ ကိုမောင်စိန်းမှာလည်း မောင်ဌေးနှင့်အတူ ရောယောင် ရယ်မော၍နေရလေ၏။

ထို့နောက် မောင်ဌေးသည် အိမ်ပေါ်မှဆင်းကာ ဝင်းပေါက်သို့ သွားပြီးလျှင် "ဟဲ့ကောင်မကလေး၊ နင်ရတဲ့ ဆန်နဲ့ပိုက်ဆံထဲက တို့ကို ပေးခဲ့ပါဦးဟယ်" ဟု ရယ်မောကာ တောင်းဆိုရာ သူတောင်းစားမကလေးသည်လည်း နှုတ်သီးစူလျက် ထွက်ခွာသွားလေ၏။ ကိုမောင်စိန်းလည်း စိတ်ပြေလက်ပျောက် ရယ်စရာမောစရာ ပြောဆိုပြီးလျှင် ထွက်ခွာ၍သွားလေ၏။

၎င်းတို့၏ ဆန်တစ်ခွက်ကား ရမန်း ၃-ရက်စာမျှရှိရာ ထို ၃-ရက်ကကျော်လျှင် ရေသောက်၍ နေမည်ကဲ့သို့ ဖြစ်ရှိနေလေ၏။ တစ်စုံတစ်ဦးမျှ ထောက်ပံ့မည့်သူ မပေါ်လာ။ ပေါ်လာပြန်ကလည်း လက်ခံမည် မဟုတ်သောကြောင့် အကြံအိုက်၍ နေကြလေ၏။

"ဟေ့ ...မြသီရေ ဒီဆန်ကုန်ရင် စားဖို့လိုလိမ့်မည်။ ဒီတော့ မင့်သားမွေးအင်္ကျီကို ပေါင်ရအောင်လား၊ ရှေးက တစ်ရာ့လေးငါးဆယ်တန်ပဲဟာ။ (၁၀) (၁၅) ကျပ်တော့ ရကောင်းပါရဲ့ကွယ်"

"ကိုဌေး သဘောပေ့ါ၊ ဘယ်သူ့ကို ခိုင်းမလဲ"

"ကိစ္စမရှိဘူး..အေးမောင်ကို ခိုင်းမယ်" ဟု မိမိတို့ ရှေးက ခိုင်းနေကျ အသက် ၂၀-ခန့် သူငယ်တစ်ယောက်ကို သွားရောက်ခေါ်ငင်ပြီးလျှင် အပေါင်ဆိုင်သို့ လွှတ်လေ၏။ အပေါင်ဆိုင်ရှင်များမှာ မောင်ဌေးပြောလျှင် အော်ဒီမန်မပါဘဲ ငွေတစ်ရာနှစ်ရာကို ထုတ်၍ချေးမည့်သူများ ဖြစ်လေ၏။ သို့သော် မကြာခင် အေးမောင်သည် အထုပ်ကိုပိုက်၍ ပြန်လာခဲ့၏။

"ဘယ့်နှယ်လဲဟေ့... အေးမောင်"

"သူတို့မှာ သိမ်းဖို့တာဝန်ကြီးလို့ မခံပါရစေနဲ့တဲ့"

"အေး... တို့လည်း အိမ်မှာတာဝန်ကြီးလွန်းလို့ ခိုင်းတာပဲ၊ မရရင် ဘယ်မှာ တတ်နိုင်ပဲ့မလဲ" ဟု ရယ်မောပြောဆိုရင်း အထုပ်ကို လှမ်း၍ယူလေ၏။ အေးမောင်လည်း ၎င်း၏အိမ်သို့ ပြန်သွားလေတော့၏။

၃-ရက်မြောက်သော နံနက်၌ကား လင်မယားနှစ်ယောက်မှာ ဝမ်းဟောင်းလောင်း အူတကြုတ်ကြုတ်နှင့် ဖြစ်၍နေကြလေ၏။ ၎င်းတို့မှာ အစားအသောက်အချိန်မမှန်လျက် မဝရေစာ စားသောက်ကြရသောကြောင့် စားသမျှ ကျေလွယ်ကျက်လွယ်လှသဖြင့် အချိန်မရွေး ဆာလောင်မွတ်သိပ်နေကြရာ ထိုနေ့နံနက်တွင် ဆန်တစ်စေ့မျှမရှိ ရမန်းတစ်ဖွန်းမျှ မသောက်ရသောကြောင့်တည်း။ မောင်ဌေးသည် ဆာမွတ်တိုင်း ရေကို ခဏခဏသောက်၍နေရာ မြသီမှာ မောင်ဌေးမမြင်အောင် မန်ကျည်းသီးများကို ကောက်ယူလျက် ဆားနှင့်တို့ကာ စား၍နေလေ၏။

အချိန်ကား မွန်းလွဲတစ်နာရီခန့် တိုင်လေ၏။ မုန့်ဟင်းခါးသည် အကြော်သည်တို့သည် မောင်ဌေးတို့အား ပြောင်လှောင်သည့်အလား အိမ်ရှေ့က အော်ဟစ်၍သွားကြလေ၏။ ထိုအခိုက် မြသီသည် ပြုံးရယ်လျက် လက်ထဲက

တစ်စုံတစ်ရာကို ကိုင်ကာ "ကိုငွေး... ကိုငွေး " ဟု ခေါ်လေ၏။ မောင်ငွေးသည် မြသီလက်ထဲမှ အရာကိုမြင်လေရာ မျက်လုံးပြူး၍ သွားလေ၏။

"မြသီ....ဒါ ဘယ်ကလဲ" ဟု မေး၏။ မြသီလည်း ငါးကျပ်တန် စက္ကူကလေးကို ဖျာပေါ်သို့ ပစ်ချကာ...

"ငွေးလာပေးတာ၊ ကျွန်မတို့အိမ်အောက်က ကောက်ရတာတဲ့"

မောင်ငွေးသည် စဉ်းစားနေလေ၏။

"ဟုတ်မှာပါ၊ ရှင်က အရင်တုန်းက ငွေထားရင် ပစ္စလက္ခတ်ပဲ၊ ခေါင်းအုံးအောက်ထားလိုထား၊ စာအုပ်ကြား ညှပ်လိုညှပ်နဲ့"

မောင်ငွေးသည် မကျေမနပ်သေး၊ မိတ်ဆွေ တစ်စုံတစ်ဦးက ပစ်၍ထားလာသည်ဟု တွေးတောနေမိလေ၏။ ပစ်လာသူအား စုံစမ်းပြီး ပြန်၍ပေးမည်ဟုလည်း အောက်မေ့လေ၏။ ထိုအခိုက် မျက်နှာထားတင်းသော ကုလားတစ်ယောက်သည် အိမ်ဝင်းထဲသို့ ရောက်ရှိလာရာ...

"ဟေ့.. ဆီဗား၊ မင့်ရေဖိုး (၄) ကျပ်မဟုတ်လား၊ ပေး အမ်း ငါ့ကို ငွေ(၁) ကျပ်" ဟု ယခင် မသုံးဘဲထားမည်ဟု စိတ်ကူးသော (၅) ကျပ်တန်စက္ကူကို ပစ်ပေးလိုက်ရလေ၏။

၎င်းတို့မှာ နံနက်စာတစ်နပ်လုံး လုံးဝမစားကြရချေ။ ကုလားအမ်းခဲ့သော ငွေ(၁) ကျပ်ဖြင့် ခေါက်ဆွဲဝယ်စားကာ (၁)ကျပ်ဖိုးလုံးကုန်မှ ဝမည်ဖြစ်ပေ၏။ မောင်ငွေးသည် ကျပ်ပြားကိုကိုင်ကာ ဈေးနားသို့ ထွက်၍သွားလေ၏။ မကြာမီ လူချည်းပြန်လာပြီးနောက် ကလေးတစ်ယောက်သည် စက္ကူကတော့ကြီးတစ်ခုကို ပွေ့လျက် လိုက်ပါလာလေ၏။

"ကိုငွေး ဘာတွေဝယ်လာတာလဲ" ဟု မြသီက လှမ်းမေးလိုက်ရာ...

"အိမ်ထဲရောက်မှကြည့်" ဟု ပြောရင်း ကလေးလက်ထဲက အထုပ်ကို ဆီး၍ယူလေ၏။ မြသီလည်း အထုပ်ကို ကပျာကယာ ထိပ်ကဖွင့်ကြည့်ရာ ဂျုံကြိမ်းမှုန့်များကို တွေ့ရလေ၏။ မောင်ငွေးက...

ဂျုံသည် ဆန်ထက် အားရှိပုံ ဂျုံမှုန့်တွင်ပါသော အာဟာရဓာတ်များကို ခွဲ၍ပြောလေ၏။ မကြာမီပင် မောင်ငွေးကိုယ်တိုင် ချာပါတီလုပ်ပြ၍ မီးဖိုပေါ်မှ ပူပူနွေးနွေး ချယူပြီးလျှင် ဖွဲ့၍စားလေ၏။ ချာပါတီနှင့် စားရန် အာလူးဟင်း စသည်တို့ လိုနေ၏။ မြသီလည်း ကော်ဖီမဖျော်နိုင်တော့စဉ်က ကျန်ရှိနေသော သကြား(၅)ကျပ်သားခန့်ကို ထုတ်ယူခဲ့ရာ ဂျုံမှုန့် (၅၀)သားလုပ် ချာပါတီများမှာ ခဏချင်း ကုန်၍သွားလေတော့၏။

"ကိုင်း...မြသီ၊ ဂျုံ ၁-ပိဿာ နောက်(၂)ရက်အတွက် စားနိုင်သေးတယ်။ ဘာလောက်ဟန်ကျသလဲ" ဟု ရယ်မောပြောဆိုလေ၏။ ၎င်းတို့နှစ်ဦးကား ထိုနည်းအတိုင်း ချာပါတီ စားသည့်အခါစား၊ ရမန်းရည် သောက်သည့်အခါ သောက်၊ ရေသောက်ပြီး ဝမ်းဟောင်းလောင်းနေသည့်အခါ နေနှင့် (၄)လတိုင် ကြာခဲ့လေ၏။ လူများမှာကား ဝဖြိုးကြည်လင်လျက် ရှိကြလေ၏။ ထိုအတွင်း မြသီမှာ ပဋိသန္ဓေ ၃-လခန့် ရရှိပြီးဖြစ်လေရာ မောင်ငွေးမှာ မျက်လုံးပြူးလျက် အတော်ငိုင်၍ သွားရာလေ၏။

ထိုသို့ ပူပင်တွေးတောနေရာမှ နံနက်(၈)နာရီခန့်တွင် စာပို့သူသည် လက်မှတ်ထိုးယူရသော စာတစ်စောင်ကို ပေး၍သွားသဖြင့် ဖွင့်ဖောက်ဖတ်ရှုရာ မောင်ငွေးမှာ ကခုန်တော့မလောက် ဝမ်းမြောက်သွားလေ၏။

“ဘာလဲ ကိုငွေး…ဘယ်ကစာလဲ” ဟု မြသီက မေး၏။

“အယူခံနိုင်တယ်၊ အလုပ်ပြန်ဝင်ရတော့မယ်၊ အလုပ်ဖြုတ်ထားတဲ့ လခတွေအတွက်လည်း ရရှိမယ်” ဟု တစ်လုံးစီ စီ၍ပြောလေ၏။

***

နောက်(၁၀)ရက်ခန့် ကြာသောအခါ မောင်ငွေးသည် လခစားအလုပ်ကို ပြန်၍ရရှိလေ၏။ ရသမျှငွေကြေးကို စုဆောင်းကာ ၂-နှစ်ခန့်အကြာတွင် ငွေ (၁၅၀၀) ခန့်ကို ပိုက်မိလေ၏။

ထိုအခါ အလုပ်မှ နှုတ်ထွက်ပြီးလျှင် ရန်ကုန်ကြည့်မြင်တိုင်သို့ ပြောင်းရွှေ့လျက် ဆေးပြင်းလိပ်ရုံ တစ်ရုံကို စတင်ထောင်လေ၏။ ထိုအလုပ်မှာ အလုပ်မထွက်ခင် တစ်နှစ်အတွင်းကပင် လေ့လာခဲ့ရာ အလုပ်စသည်နှင့် တစ်ပြိုင်နက် ဆေးရွက်ဖောက်သည် မရှာရ။ လိပ်သူ(၁၀) ယောက် အရန်သင့်ရှိလေ၏။ ဆေးလိပ်ခုံမှ ကုန်ကျသော စရိတ်စကကို နှုတ်ပြီးလျှင် ထမင်းနပ်မှန် စားရရုံမျှ ချွေတာကြလေ၏။ ပိုသောအမြတ်ဟူသမျှကို ကြော်ငြာဘက်တွင် အသုံးချလေ၏။ အိန္ဒိယ၊ ပီနန်၊ စင်္ကာပူ စသည်တို့မှ ထွက်သော သတင်းစာများတွင် မောင်ငွေး၏ ဆေးလိပ်ကြော်ငြာကို တစ်လက်မခန့်စီ အမြဲတွေ့ရလေ၏။ မြန်မာသတင်းစာ ဂျာနယ်များ၌လည်း ထိုနည်းအတိုင်းပင်တည်း။

ရန်ကုန်၊ ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ဟိုတယ်များတွင် ရွှေပြည်စိုး ငှက်တံဆိပ် ဆေးလိပ်များကို လူတိုင်း ခဏခဏ လာရောက်မေးမြန်းကြသဖြင့် ဆေးလိပ်ရောင်းသော ဆိုင်များ ‘ရွှေပြည်စိုး’ တံဆိပ် ဆေးပြင်းလိပ်ကို ထားကြလေ၏။ ထိုသို့ မေးမြန်းခြင်းကား မောင်ငွေး ဉာဏ်ကစားခြင်းမျှပင်တည်း။ ၎င်း၏မိတ်ဆွေများနှင့် စီစဉ်ခြင်းလည်း ဖြစ်လေ၏။ မည်သည့်ဆိုင်မဆို လူကြိုက်များ၊ လူအမေးများသော ပစ္စည်းများကို လက်ကိုင်ထား၍ ရောင်းချမြဲဖြစ်သဖြင့် မိတ်ဆွေတို့က မိမိတို့သည် ရွှေပြည်စိုး ကို အမြဲသောက်ရှုကြောင်းပြောကာ လှည့်လည်မေးမြန်းကြခြင်း ဖြစ်လေ၏။

နိုင်ငံခြား အထက်တန်းစားများသည် တစ်ရာလျှင် (၅) ကျပ် (၁၀) မျှပေးရသော ဆေးပြင်းလိပ်များကို သောက်ရှုကြကြောင်း မောင်ငွေးသိ၏။ ထို့ကြောင့် မောင်ငွေးသည် ငွေအားရှိသမျှ စုဆောင်းကာ ကြိတ်၍ကြံစည်ခဲ့ရာ (၅)နှစ်ကြာအတွင်း ပီနန်၊ စင်္ကာပူ၊ အိန္ဒိယမြို့ကြီးများသို့ တင်ပို့ရောင်းချနိုင်လောက်အောင် ထမြောက်လာခဲ့လေ၏။ ရွှေပြည်စိုး ငှက်ရုပ်နှင့် စားလုံးများပါသော ကုန်တင်မော်တော် လော်ရီနှစ်စင်းသည် မီးရထားကုန်ရုံအနီးအနား မြို့ရွာများနှင့် သင်္ဘောဆိပ်ကြီးများသို့ မကြာခဏ ပြေးလွှားလျက်ရှိသည်ကို မြင်ကြရလေသတည်း။

“အဲသလိုပဲ ဦးဘဆွေရဲ့၊ လူဆိုတာ ငတ်ဖူးမှ ကိုယ်ရေးလုံပြီး အစွမ်းကုန် ကြိုးစားချင်ကြတာပဲ။ အခုတော့ ငတ်ဖူးတာကိုပဲ ကျေးဇူးတင်ရဦးမယ်။

ကြီးပွားရေးမဂ္ဂဇင်း၊ ၁၉၃၆-ခု

စက်တင်ဘာလနှင့် အောက်တိုဘာလ

## ၉။ တုံးမှတ်လို့ခုန်

ဝတ္ထုကောင်းကြိုက်သူများအဖို့

ငွေစန္ဒာဟူသော ကလောင်နာမည်ကား မောင်ဝင်းထိန်၏ နာမည်ပင် ဖြစ်ပေ၏။ မောင်ဝင်းထိန်သည် ဝတ္ထုကလေးများထည့်သွင်းကာ ကုန်ပစ္စည်းများကြော်ငြာသော မဂ္ဂဇင်းတစ်စောင်တွင် ဝတ္ထု ၃ ပုဒ်တိတိ ပါဖူးသဖြင့် သွေးကြွဝမ်းမြောက်နေသူ ဖြစ်၏။ မောင်ဝင်းထိန်မှာ ပန်းချီအကြွေး ပုံနှိပ်ခလက်ငင်း မဟုတ်။ စက္ကူဖိုး ခေတ္တလှည့်၍ နောက်ဘယ်အခါမျှ ပြန်ပေးလေ့မရှိသော ဇမ္ဗူဒီပါ ဝတ္ထုထုတ်ဝေသောတိုက်မှ နိုင်ငံကျော် စာရေးဆရာ ငွေစန္ဒာရေးသော တုံးမှတ်လို့ခုန် ဝတ္ထုဟု စာခေါင်းစဉ်တပ်လျက် ပုံနှိပ်ပြီး ဝတ္ထုတစ်ပုဒ် ထွက်လာသဖြင့် ငွေကြေးတစ်ပြားမှ မရသော်လည်း အထူးကျေနပ်၍ နေလေ၏။ မောင်ဝင်းထိန်သည် ပုံနှိပ်ပြီး မိမိ၏ဝတ္ထုကို မိမိ ပက်လက်ကုလားထိုင်ပေါ်တွင် ဇိမ်ယူ၍ ပြန်လှန်ဖတ်ရှုရာ...။

ပဥ္စကိုးကွယ်ရာ၊ အဟံဝန္ဒာမိ

နိဒါန်း

အကျွန်ုပ် ငွေစန္ဒာသည် အသက် ၂၁ နှစ်မျှရှိသေးသော စာရေးဆရာဖြစ်၏။ အကျွန်ုပ်ကိုယ်တိုင်မှာ ရည်းစားတစ်ခါမျှ မထားဖူးသော လူပျိုစင်စစ်လည်း ဖြစ်၏။ အချို့ပုဂ္ဂိုလ်များက ချစ်ခန်းကြိုက်ခန်းများတွင် ကိုယ်တိုင်မတွေ့ကြုံဖူးက ပိုင်ပိုင်နိုင်နိုင် မရေးတတ်ဟု ပြောကြ၏။ ကျွန်ုပ်ကား ထိုစကားကို ဝန်မခံလို။ မည်သူမဆို သူများဘယ်လိုဖြစ်တယ်ဟု ကြားဖူးက ရေးနိုင်ရမည်ပင်။ ကျွန်ုပ်လည်း မတွေ့ကြုံဖူးသော အောက်ပါအဖြစ်အပျက်ကို သဘာဝယုတ္တိပါအောင် ရေးသားပြတော့အံ့။ စာရှုသူ မိတ်ဆွေအများတို့ကသာ ကျွန်ုပ်တော်၏ အရည်အချင်းကို ဆုံးဖြတ်ရန် ဖြစ်ပါ၏။ ဤစာအုပ် ထွက်ပေါ်လာသည်ကို ထောက်သဖြင့် ကောင်းမကောင်းကိုလည်း အကဲခတ်နိုင်မည်ဟု ယုံကြည်ပါ၏။

**ငွေစန္ဒာ**

တစ်ပါးခင်မေ အသားညက် ပွေ့ရက်နဲ့ လွမ်းတယ်။ ခွေလျက်နွမ်းသူမှာ ကျွမ်းပါပြီအသည်း။ ကမ္ဘာမီးလောင်တဲ့သူလို မောင်နဲ့အတူ ဖြစ်ရလေပြား၊ ဘယ်တော့အခါ တူစုံပေါင်းရမယ်လို့ ပူပုံကောင်း မေးလိုက်ချင်တယ်။ သည်မောင်ဖြင့် ရတက်ဖြာသည် မသက်သာတော့ဘူး ခင့်လေး။

ဩော်...ခင်လှ ခင်လှ ချစ်ပါတယ် ကြိုက်ပါတယ်နဲ့၊ ခုတော့ မောင့်ကို မေ့ပြီလား ခင်ရယ်။ မီးဖိုချောင်ထဲမှာ မောင်နဲ့ စကားပြောတာတွေ သတိမရတော့ဘူးလား။ ပန်းခြံထဲမှာ နှင်းဆီပန်းခူးတော့ နှင်းဆီပန်းကလေး မောင်ကိုင်လို့ နမ်းတာများ သိသေးရဲ့လား။ မောင့်မှာ နမအတွက် စားရမှန်း အိပ်ရမှန်း မသိတော့ဘူး ခင်ရဲ့.... လှရဲ့...။ မောင့်ဖြစ်အင်ကို မြင်လှည့်ပါဦး။ အထက်ပါအတိုင်း ညည်းတွားနေသူကလေးကား မောင်သန်းမောင်ကလေးပင် ဖြစ်ပေ၏။ မောင်သန်းမောင်သည် ရွှေကူမြို့ သစ်ကုန်သည် ဦးဘိုးထိ၊ ဒေါ်သီလှတို့၏ တစ်ဦးတည်းသော

ချစ်သားကလေးဖြစ်၍ အသက်မှာ (၁၈) နှစ်မျှ ရှိသေးပေ၏။ မောင်သန်းမောင်မှာ ကသာမြို့ ဂန်းဇန်းမင့် ဟိုက်စကူးတွင် သတ္တမတန်းအောင်၍ အဋ္ဌမတန်းတွင် သင်ကြားရမည်ဖြစ်၏။ သို့ရာတွင် ဆမ်းမားဟောလီးဒေးခေါ် နွေရာသီကျောင်းပိတ်ရက်နှင့် ကြုံသဖြင့် မိဘရပ်ဌာနသို့ ပြန်လည်ရောက်ရှိနေခြင်း ဖြစ်၏။

မောင်သန်းမောင်ကား ခုံးမျက်စ သုံးရက်လပမာ မျက်လုံးအိမ်ကလေးမှာ အခါလယ် နွားကလေး၏ မျက်လုံးကဲ့သို့ ကြည်လင်သန့်ရှင်း လှပပါပေ၏။ အသားအရောင်မှာ နနွင်းတက်ကို ချိုးထားသည့်ပမာ ဝါဝင်းစိုပြည်လျက် သိပ်ပြီးလှသူ ယောက်ျားထူး ယောက်ျားမြတ်တစ်ယောက် ဖြစ်ပါပေ၏။ နှာတံနှုတ်ခမ်း သွားဒန္တာ စသည်တို့မှာ စာဆိုနှင့်အညီ လှပသူဖြစ်ပေ၏။ မြင်ရသူမိန်းကလေးတိုင်း မောင်သန်းမောင်အား ပိုးချင်ပန်းချင်လောက်အောင် လှပသူဖြစ်ပေ၏။ မောင်သန်းမောင်၏ မျက်နှာမှာ ပေါင်ဒါ၊ ကတ္တီပါရည် မလိမ်းကျံပဲ နဂိုချော ဖြစ်ပေ၏။ သူ့မိဘသည် သားတစ်ယောက် ဆိုသလောက် လူချောလူလှကလေးတစ်ယောက်ကို ရပါပေ၏။

အတွင်းကား ရွှေ၊ အပကား ဖန်ရည်အတိပြီးလျက်ရှိသော ရောင်ခြည်တစ်ထောင်ကို အလင်းဆောင်သော ဘာဏုရာဇာမည်သော ဒေါင်းစကြာရဝိန် နေမင်းကြီးသည် အရှေ့ဂေါ်ယာ ဝိဒေဟာမှ ထွန်းပေါ်ပြူထွက် လာခဲ့လေ၏။ သို့သော်ငြားလည်း အညာနယ်တွင် ကဆုန်မိုးသားတိမ်တိုက်တို့ ကျူးကျော်စော်ကား၍ မော်ကြွားပိတ်ဖုံးသောကြောင့် ဒေါင်းစကြာ နေမင်းကြီးမှာ အလင်းကို မပေးနိုင်၊ တိမ်ထဲတွင် ဒိုင်ဗင်ထိုးသည့်အလား ငုတ်ချည်ပေါ်ချည်နှင့် ဖြစ်၍နေပေ၏။ တိမ်ရောင်အောက်မှ နေခြည်သမ်း၍ နေလေရာ အလွမ်းအဆွေးအခံရှိသော မောင်သန်းမောင်ကလေးမှာ အိမ်ပြတင်းမှာ နေမင်းကြီးကို ကြည့်ရှုရင်း ဖော်ပြရာပါ တေးထပ်ကို သီဆိုကာ ရေးဖြစ်ဟောင်းကို အောက်မေ့နေခြင်း ဖြစ်လေ၏။

၎င်းတို့ အကြောင်းကို ပြန်ပြောင်းရေးသားရသော် ဤသို့ဟူသတတ်။ ခင်လှအမည်ရှိ သမီးကလေးတစ်ယောက် ရှိလေ၏။ မခင်လှမှာ အသက်(၁၆) နှစ်မျှရှိသေး၍ အမရာ ကိန္နရီ မဒ္ဒီ သုဇာ ပမာ များစွာချောမော လှပသူကလေး ဖြစ်ပေ၏။ ဆယ်နှစ်သားကလေးကအစ အသက်(၈၀) အရွယ် အဘိုးကြီးအထိ မခင်လှအကြောင်းကို ပြောကြားလျှင် နားစွင့်ကြ၏။ မခင်လှကိုမြင်လျှင် ငေးစိုက်ကြည့်ရှုကြ၏။ ဤကဲ့သို့ အလှဘုရင်ကလေးကို ပိုးပန်းချင်သူတို့မှာ လခ (၄၀) စားအလုပ်ကို လျှောက်လွှာတင်ကြသော လူဦးရေထက်များပေရာ၊ မခင်လှကလေးမှာ ငယ်လည်းငယ်သေး၊ မိဘမျိုးရိုးကလည်း ကောင်းသောကြောင့် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ ဘာသိဘာသာ နေခဲ့လေ၏။ မခင်လှ၏ မိဘများမှာလည်း ကျောက်ကောင်းတစ်စေ့ ဆိုသည့်ပမာ ကိုင်းကျွန်းမှီ ကျွန်ကိုင်းမှီ ဟူသကဲ့သို့ သမီးကလေးကို မျက်စိအောက်က အပျောက်မခံ၊ များစွာယုယ ချစ်ခင်ကြပါပေ၏။ အရေးပိုင်သား၊ ဝန်ထောက်သား၊ သူဌေးသား စသည်တို့မှာ မခင်လှကလေးအား ကြိုက်လွန်းလှသဖြင့် မိဘများနှင့် ကပ်ရပ်ကာ ပူဆာကြသော်လည်း မခင်လှ၏မိဘများမှာ သမီးချစ်ကလေး ငယ်လှသေးသည်ဟု မည်သူမျှ သဘောမတူကြသေးပဲ ပိုနေမြဲ ကျားနေမြဲ ဗုံလုံတစ်လှည့် ငါးပုံတစ်လှည့် ဆိုသလို နေခဲ့ကြပေ၏။

မခင်လှကလေးကား ပိုင်းကောင်းကျောက်တင် ဟူသကဲ့သို့ မိန်းမပီသလှ၍ များစွာက္ကန္ဒြေရှင်ကလေး ဖြစ်ပါပေ၏။ လမ်းသွားလမ်းလာ၌ တစ်ပိုးတစ်လံ ဟူသကဲ့သို့ ဓာတ်မသိသူတို့မူ ဇက်ကြောသေနေ၍ဟု မှတ်ထင်လောက်အောင် အောက်သို့စိုက်၍ သွားလေ့ရှိ၏။ လုံချည်ကလေးမှာ ခြေမျက်စိဖုံးအောင် ဝတ်၍ထားရာ မြေကြီးနှင့် ဒရွတ်တိုက်ဆွဲနေသဖြင့် လမ်းတစ်ခါထွက်လျှင် အဝတ်တစ်ခါ လဲရပေ၏။ အသားအရေတို့မှာ လပိုင်ဆီ သုတ်ထားသည့်အလား များစွာပျော့ပျောင်းလှပပေ၏။

အစိန္တိတံပိဘာဝတိ စိန္တိတံပိ ဝိနဿတိ ကျမ်းဂန်ပါဋ္ဌိလာ ရှိသည်နှင့်အညီ ကြံသော်လည်း မဖြစ်၊ မကြံသော်လည်း ဖြစ်ချင်ဖြစ်တတ် ဟူသည့်အတိုင်း တစ်နေ့သ၌ကား ဘော်ဒါခေါ် ညကျောင်းအိပ်၊ နေ့ကျောင်းစား မောင်သန်းမောင်ကလေးသည် ကျောင်းဝင်းအပြင်သို့ ထွက်လေ့မရှိဘဲ ဒိုဘီကုလား အဝတ်လာမပေးသဖြင့် ထိုနေ့က အရဲစွန့်၍ မြို့ထဲသို့ ထွက်ခဲ့လေ၏။ မောင်သန်းမောင် သွားသောလမ်းမှာ သူဌေးဦးဘိုးမြတ်၏ တိုက်ကြီးနှင့် ဝင်းခြံရှေ့ကဖြစ်ရာ ထိုအချိန်၌ အလှဘုရင်မလေး မခင်လှမှာ တိုက်ပြတင်းပေါက်တွင် ပဲလှော်စား၍နေခိုက် ဖြစ်လေ၏။ မောင်သန်းမောင်မှာ ခပ်လှမ်းလှမ်းမှပင် မခင်လှအား မြင်ရာ အစပထမသော် မခင်လှဟု မထင်မိ။ လမင်းကြီးတစ်ဆူ ပြတင်းမှ ထွက်ပေါ်နေပြီဟု အောက်မေ့ရာမှ သေသေချာချာ ကြည့်သောအခါ နတ်သမီးတမျှ လှပသူကလေး ဖြစ်သည်ကို သိရသဖြင့် အောက်ပါ ရှစ်လုံးဘွဲ့ကဗျာကလေးကို သီဆိုမိလေ၏။

*ရွှေလမင်းကြီး ပြတင်းကထွက်လာ*

*အစတုန်းက၊ အပုတ်ပဲထင်တာ*

*သေချာကြည့်တော့ နတ်သမီးထင်တာ*

*သူဌေးသမီး သွေးကြီးနေလိုက်တာ။*

မောင်သန်းမောင်သည် မခင်လှ၏ တိုက်ရှေ့သို့ နီးသည်နှင့် တစ်ပြိုင်နက် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ စက္ခုရူပေသန သံဝါသာရာဂပိုတ္တ ဝိဇာနေယ ဟူသည်နှင့်အညီ မြင်လျှင်မြင်ချင်း ပမာအားဖြင့် မြောက်ပြင်သူဌေးသမီးသည် ယောသကာသတို့သားကို မြင်လျှင်မြင်ချင်း ကြိုက်ချင်စိတ်ပေါ်သကဲ့သို့ မောင်သန်းမောင်မှာ မခင်လှကလေးကို ချစ်ကြိုက်စိတ်များ တဖွားဖွား ပေါ်ထွက်ရကား အရဲစွန့်ကာ လျှာကလေးကို ထုတ်၍ပြလိုက်မိလေ၏။

ဝတ္ထုရေးဆရာ၏ ရှင်းလင်းချက်။ ။

မောင်သန်းမောင်သည် လျှာထုတ်ပြသည် ဆိုရာ၌ အချို့က အလွန်သေးသိမ်သည်ဟု ထင်ကြပေမည်။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူသော ဒေသနာမြတ်တွင် ပေမံအတ္တံ- အကျိုးအကြောင်း အဆိုးအကောင်းကို ၊ ပဇာနာတိ-မသိမမြင်ဘူးတဲ့။ ထို့ကြောင့် ဘုရားလောင်း ကုသမင်းလျှင် သီချင်းဆိုပြလိုပြ၊ ဖျာရက်လိုရက်၊ အိုးဖုတ်လိုဖုတ်၊ ပပဝတီအား လက်ကိုးရိုးကိုးယား လုပ်ပြလိုပြနှင့် ပြုမူခဲ့သေးရာ ဘာလောင်းမှန်း မသိရသော မောင်သန်းမောင်အတွက်မှာမူ လော်မာဖောက်ပြားသည်ဟု အပြစ်လုံးဝ မဆိုသင့်ပေ။

ငွေစန္ဒာ

မခင်လှကလေးမှာလည်း အဝေးက လမ်းလျှောက်၍လာသော မောင်သန်းမောင်ကလေးအား မြင်၍ထားလေရာ လူငယ်တစ်ယောက်ဟု မထင်ပေ။ နတ်သားကလေးတစ်ပါး လမ်းလျှောက်လာသည်ဟု ထင်မှတ်ကာ သေချာစွာ ကြည့်ရှုမှ လူသားမှန်း သိရသဖြင့် အောက်ပါဒွေးချိုးကလေးကို တိုးတိုးသီဆို၍ နေမိရာလေ၏။

**ဝေလွင်လွင် တမေခင်၊ သည်ပြတင်းဆီက မျှော်နေမိဆဲ**

**အို..နတ်သားပေထင့်၊ လျှောက်သွားတာ တမေကြည့်တယ်**

**ဘုန်းမောင့်မောင်လား ။**

မခင်လှကလေးမှာ ဤသို့တွေးတောနေခိုက် မောင်သန်းမောင်က မော့ကြည့်ပြီး လျှာကလေးထုတ်ပြသည်ကို မြင်လိုက်ရာ မိန်းမတို့ဣန္ဒြေကို သတိထားခြင်းငှာ မစွမ်းတော့ဘဲ နီထွေးသော လျှာကလေးကို ခပ်ကွေးကွေး ပြန်လှန်ထုတ်၍ ပြလိုက်လေ၏။ မောင်သန်းမောင်မှာကား မခင်လှ၏ အမူအရာကို မြင်ရသဖြင့် အထူးကျေနပ်ကာ ဒိုဘီဆိုင်သို့ ခပ်မြန်မြန် ပြေး၍သွားပြီးလျှင် ပြန်လာရာ မခင်လှမှာ ပြတင်းမှ မထသေးဘဲ ပြုံးပြုံးကလေး လှမ်းကြည့်နေသည်ကို မြင်ပြန်သဖြင့် စာပေးပါရစေဟူသော အဓိပ္ပာယ်နှင့် ပထဝီနတ်(note) မှတ်ထားသော စာရွက်ခေါက်ကလေးကို ထောင်၍ပြလေ၏။ မခင်လှကလေးမှာလည်း ပေးသာပေးပါဟူသော သဘောဖြင့် လက်ဖြန့်၍ ခံယူဟန် ပြလိုက်လေ၏။ မောင်သန်းမောင်ကား စိန်လယ်ဂျာဒါထီ၊ ယိုဒယားထီ၊ အိုင်ရာလန်ထီ၊ ရိမ်းဂျားထီ ရှိသမျှထီတွေ အကုန်လုံးပထမချည်း ပေါက်ခဲ့သူပမာ သိပ်ပြီး ဝမ်းသာလှသဖြင့် မြေကြီးတွင် ခြေချရမှန်း မသိ၊ ရှေ့ကသွားသော မော်တော်ကားကို လွန်အောင် အပြေးစိုင်းရာလေ၏။

ကျောင်းသို့ရောက်သောအခါ သူငယ်ချင်းများ မမြင်အောင်ပုန်း၍ အကောင်းဆုံး မေတ္တာစာပုဒ်ကို ရေးသားနေလေ၏။ စာကား အောက်ပါအတိုင်း ဖြစ်လေ၏။ ရည်းစားထားလိုသူများ နည်းလမ်းကောင်းရရှိရန် မောင်သန်းမောင်၏စာမူအတိုင်း ထည့်လိုက်ပါပေအံ့။

***အဆန်းအလှ၊ မန်းနဝတွင် ပန်းသကလို မောင်ချစ်စရာ အလွန်ကောင်းပါတဲ့ ချစ်နမကလေးထံ ငွေမင်လွှာ ရေးသား၍ ပေးပြားတင်ဆက်တော် မူလိုက်ရပါသည်။ မောင့်မှာ ပရုံပရ ဘဝရေစက်ကြောင့် နမ ငွေသော်တာလမင်းပမာ မျက်နှာကလေးကို မြင်ရကတည်းက မစားနိုင် အိပ်မရ ဒုက္ခအလွန်များ၍ စိန်စားသေရတော့မလောက် စိတ်ညစ်သွားပါသည်။ နောက်မှ နမ၏ မျက်နှာကလေးကို မြင်ရရာ တစ်ဦးမေတ္တာ တစ်ဦးမှာ ဟူသကဲ့သို့ မောင်ကဲ့သို့ မေတ္တာတော် ချစ်လိမ့်မည်ဟု ယုံကြည်ကာ ဤစာကို ပေးသနားရခြင်း ဖြစ်ပါသည်။ မောင်ကဲ့သို့ ချစ်ကြိုက်တော်မူပါက စာကလေးတစ်စောင်လောက် ပြန်၍သနားပါမည့်အကြောင်း။***

***တေးထပ်***

***ခင့်မျက်နှာ မြင်ကတည်းရယ်က ဘဝင်စွဲနေပြီ၊ မစားနိုင် မအိပ်နိုင်တယ်။ မှိုင်လို့သာ နေရ။ လောင်းဇနက စွန့်စားတာလို မောင့်မေတ္တာကြီးလှတာပဲ။ ခင်ကသာ သွေဖည်လွဲရင်ဖြင့် သေမယ်လို့ဖြစ်အင် သနားလို့ စာပြန်ပါလျှင် သက်ခန္ဓာ မြဲမည်ခင်လေး။***

မောင်သန်းမောင်သည် လက်ရေးတိုင်း စာလုံးလှလှလေးနှင့် တရိုတသေ ရေးသားပြီးလျှင် ပန်းရောင်စာအိတ်လှလှကလေးတွင်ထည့်ကာ ဒိုဘီဆိုင်သို့ အဝတ်ပေးဦးမည်ဟု ဆရာအားတိုင်လျက် ထွက်၍သွားပြန်လေ၏။ မခင်လှကလေးကား တိုက်ဘေးပန်းခြံထဲတွင် လမ်းလျှောက်၍နေရာ မောင်သန်းမောင်သည် "အဟမ်း..အဟမ်း.." ဟု ချောင်းသံပေးလျက် မခင်လှ လှည့်ကြည့်သောအခါ မရဲတရဲနှင့် စာအိတ်ကလေးကို

ဝင်းထရံကြားတွင် ညှပ်လိုက်လေ၏။ မခင်လှသည် မသိသလိုနေရာမှ မောင်သန်းမောင် လွန်သွားသောအခါ စာအိတ်ကလေးကိုယူ၍ (၃-၄) ခေါက်ဖတ်ပြီးလျှင် စာရွက်ကလေးကို အကြိမ်ကြိမ်နမ်း၍ နေရှာလေ၏။

မောင်သန်းမောင်ကား ခပ်လှမ်းလှမ်းမှ အကဲခတ်နေရာ စာအိတ်ကလေး ထရံကြားက ပျောက်၍သွားသောအခါ မခင်လှယူသွားပြီဟု ဝမ်းမြောက်ဝမ်းသာစွာ ကျောင်းသို့ ပြန်သွားလေ၏။ နောက်တစ်နေ့၌ မခင်လှဆီမှ စာကလေးတစ်စောင် ပြန်၍ရလေ၏။ ထိုစာကား မောင်သန်းမောင်မှာ ရည်းစားများ ရှိနေသလား။ မောင်သန်းမောင်မိဘက သဘောမတူလျှင် ဘယ့်နှယ်လုပ်မလဲ စသည်တို့ ပါလာလေ၏။ ထိုကဲ့သို့ စာပေးစာယူ (၂) ကြိမ် ပြုလုပ်ကြပြီးနောက် မောင်သန်းမောင်မှာ တစ်မနက်ခင်းတွင် အရဲစွန့်ကာ မခင်လှကလေးနှင့် တွေ့ရန် ထွက်ခဲ့လေ၏။ မခင်လှမှာ မီးဖိုချောင်တွင် ထမင်းအိုးတည်၍ နေရာ ထိုအချိန်တွင် တွေ့ရန် အကောင်းဆုံးဟု ဝင်းထရံများကို ကျော်တက်ရန် အကောင်းဆုံးဟု ကြံစည်ရာ ဝင်းထရံထိပ်တွင် သံချောင်းများရိုက်ထားသဖြင့် အောက်ကတိုးရန် အပေါက်ရှာလေ၏။ မတွေ့သေးချေ။ ချစ်ကြိုက်စိတ်ကြောင့် ခွေးယက်သလို ယက်၍ကြည့်ရာ လက်သည်းများ နာလှသဖြင့် လက်လျှော့နေရလေ၏။ ထို့နောက်မှ အကြံရ၍ ဝင်းထရံထောင့်တွင်ရှိသော အိမ်သာမှ မစင်ပုံးကို ဖယ်လိုက်လျှင် ငုံ့ဝင်၍ဖြစ်ကြောင်း သိရှိကာ ပေမံအတွက် နဇာနာတိ ဟူသကဲ့သို့ ခွေးဝင်သလို ဝင်၍သွားရှာလေ၏။

မခင်လှကလေးကား မီးဖိုချောင်တွင် ရေ့သို့အာရုံစူးစိုက်နေရာ မောင်သန်းမောင်က "ခင် ဘာလုပ်နေသလဲ" ဟု ခါးကိုဖက်လိုက်မှ "အမယ်လေး လန့်လိုက်တာ ကိုကိုပါလား" ဟု ပြုံးပြုံးကလေး မော့၍ကြည့်လိုက်သော မခင်လှကို မြင်ရရာ မောင်သန်းမောင်မှာ များစွာကျေနပ်သွားကာ "ခင် လန့်သွားသလား" ဟု မေးလိုက်သည်တွင် "အသံမပေး ဘာမပေးဘဲ လာတာကိုး... လန့်သွားတာပေါ့ ကိုကိုရဲ့" ဟု ပြောလိုက်မှ မောင်သန်းမောင်မှာ များစွာသဘောကျပြီးလျှင် "မောင် ဘယ်လောက် စွန့်စားလာရတယ် မှတ်သလဲခင်ရဲ့" ဟု မေးတော့မှ...

"အို.... ဟင်.." ဟူသောအသံကိုသာ ကြားရလေသတည်း။

ချစ်သူနှစ်ဦးမှာ ချစ်တင်းနှောပြီးလျှင် လူကြီးများ မရှိသဖြင့် ပန်းခြံထဲသို့ထွက်ကာ နှင်းဆီ၊ ဇလပ်၊ ဂန္ဓမာ၊ သော်က၊ မုန်လာထုပ် စသော ပန်းပင်များကို ကြည့်ရှုရင်း စကားပြော၍ နေကြလေ၏။ မောင်သန်းမောင်မှာ "ခင် မောင် နမ်းချင်တယ်၊ မနမ်းရဘူးလား" ဟု မေးရာ မခင်လှမှာ ပြုံးပြုံးကလေးလုပ်လျက် "နမ်းချင် နမ်းပါလား" ဟု ပြောလိုက်သဖြင့် အားပါးတရ နမ်းလိုက်လေ၏။ ထိုကဲ့သို့ ကျေနပ်နေကြသည့်အတွင်း မခင်လှ၏ ဖခင်ကြီးသည် "ဟဲ့ ခင်လှကော" ဟု ခေါ်လိုက်သဖြင့် "ကိုကို... မြန်မြန်ပြေး" ဟု ပြောလိုက်သဖြင့် အလျင်ကဝင်ခဲ့သော ခွေးတိုးပေါက်မှ တိုး၍ ထွက်ပြေးရလေ၏။

မောင်သန်းမောင်မှာ ဤကဲ့သို့ ချစ်ခင်နေရာမှ နွေကျောင်းပိတ်နီးသဖြင့် မခင်လှကလေးအား နှုတ်ဆက်ရင်း သွား၍တွေ့ပြန်လေ၏။

"မောင်..." .. "ခင်ရယ်.. မောင်တော့ ရွှေကူကို ပြန်ရဦးမယ်" ဟု တရှုံ့ရှုံ့ငိုရင်း ပြောရာ..

"မောင်ငိုတော့ နမ ဘယ့်နှယ်လုပ်နေရစ်ရမှာလဲ မောင်ရဲ့.." ဟု မခင်လှသည် ငိုပြန်ရာ မောင်သန်းမောင်သည် "မငိုနဲ့ ခင်..မငိုနဲ့ခင်" ဟု ချော့သဖြင့် တိတ်၍သွားလေ၏။

"တကယ်လို့ ခင့်မိဘတွေက သဘောမတူရင် ဘယ့်နယ်လုပ်မလဲ"

"ရွှေမြင့်မိုရ်တစ်တောင်လုံး တုံးမှတ်လို့ခုန်ဆိုတာလို မယ်ပဒ္မာ ကိုဒါသတို့လို အထုပ်အပိုးနဲ့ ခိုးရာလိုက်မှာပေါ့ ကိုကိုရဲ့"

မောင်သန်းမောင်သည် ချစ်သူကလေး၏ ပြောစကားကို အားရလှသဖြင့် ပြုံးပြုံးကြီး ရယ်လိုက်လေ၏။

***

ဝတ္ထုကား ၄ ပုံ ၃ ပုံမျှသာ ရောက်သေးရာ စာရေးဆရာ ကိုဝင်းထိန်မှာ မိမိဝတ္ထု ကောင်း၍လား မသိ ဝတ္ထုစာအုပ်ကို လက်ကကိုင်ရင်း အိပ်ပျော်၍သွားလေသတည်း။

ကြီးပွားရေးမဂ္ဂဇင်း၊

၁၉၃၇-ခု၊ ဇွန်လ ။

## ၁၀။ မစွတာဒွန်ချူး

*ဆွေဆွေရေ... ဘယ့်နယ်လုပ်သွားတာလဲ။ အပုရဲ့ အသည်းနှလုံးကို ထုတ်ယူသွားတော့တာလား ဆွေဆွေရဲ့။ အပုဖြင့် မနေတတ်တော့ဘူး၊ ကြည့်စမ်းပါတော့ ဆွေဆွေရယ်။ အပုဟာ ရှေးက ကလေးဘာဝနေထိုင်တော့ အလွန်ပျော်ခဲ့တယ်။ ဆွေဆွေ လက်ထပ်သင်ပြခဲ့တဲ့ အတတ်ကောင်းကို နားလည်မိလို့ အပုဖြင့် အရူးတစ်ပိုင်း ဖြစ်ပေ့ါ။ ဆွေဆွေလာလို့ ကယ်နိုင်သေးရဲ့လား....။ မြင်နိုင်သေးရဲ့လား။ ဝေဿန္တရာဇာတ်တော်မှာ တပေါင်းတန်ခူး၊ ညွန့်ဖူးပေါ်စ ချိန်ရောက်ကလျှင် ပိတောက်အင်ကြင်း နံ့သင်းစွယ်တော် ကံ့ကော်စကား ခရားပုန်းညက် နွယ်မြက်ရှင်လန်း ပန်းသစ်ပင်တို့ကို မြင်ရလျှင် မရွှင်စိတ်ပျောက်ကာ ဝမ်းမြောက်ပျော်ရွှင်နိုင်သတဲ့။ အပုမှာတော့ ရွက်ခြောက်ကလေးများ လေလှဲ၍ စင်ပြီးလျှင် မြင်ရတဲ့ ရွက်နအညွန့်အကိုင်းတို့ တစ်သိုက်တစ်အုံ ကျေးငှက်ကလေးတွေ မောင်နှံစုံနှင့် ရဂုံသေလာ ပေမာနှင့်မခြား မြင်ရတဲ့အခါများမှာ ကျောင်းတော်သား ဆွေဆွေရဲ့ အပြုအမူတွေ အာရုံတမ်းမှန်းပြီး လွမ်းဆွတ်မျက်ရည်လည်မိတာများ ဆွေဆွေ ယုံပါရဲ့လား။ ဟိုနှစ် နွေရာသီ ကျောင်းပိတ်တုန်းကတော့ အပုမှာ မန်းစကျော်ရာ၊ ရွှေသာလျောင်း၊ ရွှေစာရံ စတဲ့ ဘုရားပွဲတော်များသို့ လူကြီးတွေနှင့် လိုက်သွားခါ များစွာပျော်ခဲ့တယ်။ အပုရဲ့ စိတ်ကလေးဟာကလည်း မှဲ့တစ်ပြောက် မစွန်း၊ အလွမ်းဆိုတာ နားမလည်၊ ချစ်တယ်ဆိုတာ သိပ်မသိလို့ စိတ်ရှိတိုင်း ပျော်ခဲ့တယ်။*

*ဟော .. ဆွေဆွေဆိုတဲ့ လူပလီကြီးက တီတီတာတာ ခရာညျုတနှင့် ယုယုယယ အပုမရဲ့ မေတ္တာအိုးကို အမျိုးမျိုး နှိုက်ယူခဲ့လို့ အပုတစ်ရေး အဆွေးတဖြာ လွမ်းနာထပ်လောင်းပြီး စိတ်ထောင်းကိုယ်ကြေ ဖြစ်လို့ပဲ နေတာကို*

*ဆွေဆွေ မသနားတော့ဘူးလား။ အပုမှာ ညနေကျောင်းဆင်းချိန်ကျရင် အပုတို့အိမ်ရှေ့က ဆွေဆွေ လမ်းလျှောက်သွားနေကျမို့ ဆွေဆွေပြန်သွားမှန်း သိရက်နဲ့ လမ်းလျှောက်လာတာ မြင်ရနိုးနဲ့ မျှော်ကိုးကြည့်ရှုမိတယ်။ ဆွေဆွေရဲ့ တစ်နေ့က ကျောင်းနားရောက်သွားတော့လည်း ကျောင်းကြီးဟာ တံခါးပိတ်လို့ တိတ်ဆိတ်နေပေမယ့် ဩော်...ဒီအချိန်ဖြင့် နံနက်ပိုင်း ကျောင်းမတက်ခင် ဆွေဆွေဟာ အဖော်တွေနဲ့ ကစားနေတယ်။ ကစားရာက အပု စာအုပ်ကလေးများ ပိုက်လာတာ မြင်ရင် လည်ပင်းကလေးရှည်လို့ မျှော်ငေးပြီးအပြေးလာခါ နောက်က တကောက်ကောက်နဲ့ ပန်းပွင့်နဲ့ ပေါက်လိုပေါက်၊ ကျောက်ခဲကလေးနဲ့ ပစ်လိုပစ်၊ အချစ်ဒီဂရီတိုးတိုင်း အပုကို ကျီစယ်ကာ ရီတလိုက် မောတလိုက် ပြောလိုက်ဆိုလိုက် နေခဲ့တာတွေ တွေးမိမှဖြင့် အဆွေးထပ်ထပ် ပွားမိတော့တာပါပဲ။*

*တစ်ခါတစ်လေ အပုက ဆွေဆွေကို မချစ်တော့ပါဘူး.. မခင်တော့ပါဘူး လို့ ပြောလိုက်တဲ့အခါများ ဆွေဆွေရဲ့ မျက်နှာကလေးဟာ တကတည်း ညှိုးညှိုးပြီး စိတ်ဆိုးတော်မူဖူးတာတွေကို မမေ့နိုင်ပါဘူး ဆွေဆွေရဲ့။ အဲသည်အခါတုန်းကများ ဆွေဆွေရဲ့စိတ်မယ် အပုက အဟုတ်ပြောတယ်လို့ ထင်မိပါသလား။ အပုကတော့ ဆွေဆွေကို ဒီဘဝမက ဘဝဆက်တိုင်း ချစ်ခင်ပါတယ်။ ဒါပေမဲ့ ကျောင်းနေတုန်းကတော့ ဆွေဆွေစိတ်ကို စမ်းကြည့်တာပါ။ ခုတော့ အဲသည်လို ပြောနိုင်ကြသေးရဲ့လား။ ဩော် အပုကသာ လွမ်းရဆွေးရချစ်ခင်ရနဲ့ ဆွေဆွေမှာတော့ ကိုယ့်မြို့ ကိုယ့်ဒေသရောက်လို့ ငယ်ချစ်နဲ့တွေ့ပြီး အပုကိုမေ့နေပြီ ထင်ပါရဲ့။ အလကား ရေးတာပါ။ ဆွေဆွေကို အပု အားကြီးယုံကြည်ပါတယ်။ ဒါထက် ဆွေဆွေ မေးတာကလေးကို ဖြေပါရစေဦး။ အပုဟာ နတ်သိကြားမကလို့ ပြဟ္မာကြီးကိုယ်တိုင် ဆင်းလို့ အတင်းဖျက်ပေမယ့် ဆွေဆွေအပေါ် မေတ္တာမပျက်ပါဘူး။ ဒါပေမဲ့ အပုမှာ ခုမှ အသက်(၁၆) နှစ်မျှ ရှိသေးသည် တစ်ကြောင်း၊ မိဘကို လုပ်ကျွေးပြုစုချင်သေးသည်က တစ်ကြောင်း၊ ကျောင်းတုန်းက ကတိထားလိုက်သည့်အတိုင်း (၃) နှစ်မျှ ဆိုင်းငံ့စေချင်ပါသည်။ အမှန်အားဖြင့် အပုမှာ စစ်ကဲ၏သမီးဟု ဆိုရသော်လည်း ဘဘ၏ ပင်စင်လခနှင့် အိမ်က အခိုင်းအစေတွေ လူ့အဆင့်အတန်း နေထိုင်မှုကြောင့် သိပ်ကြီးမချောင်လည်ကြဘူး ဆွေဆွေရဲ့။*

*ကိုကိုကြီးကိုလည်း ထောက်ပံ့နေရတုန်းမို့ အပုလည်း ကိုယ်တတ်နိုင်သလောက် မိဘကျေးဇူးဆပ်မယ်လို့ တွေးတွေးပြီး ရှေ့ရေးငဲ့နေရတာပါ။ ဘယ်မှာ မလွမ်းဘဲ ရှိပ့ါမလဲ။ အပုမှာ ဆွေဆွေကလွဲရင် တစ်သက် အိမ်ထောင်မပြုတော့ပါဘူး။ ကိုင်း စာတွေများသွားပြီ။ ဆွေဆွေ အပုဆီ စာထည့်တဲ့အခါ စာအိတ်ထောင့်က ဆွေဆွေနာမည် မထည့်ပါနှင့်။ ပြီးတော့စာကိုလည်း ခဏခဏ မထည့်ပါနဲ့။ တစ်လ လေးခါလောက် ထည့်ပါ။ တစ်ခါထည့်ရင် စာ(၈) မျက်နှာထက် မနည်းပါစေနှင့်။ အပုဆီကလည်း မကြာမကြာ ထည့်ပါမည်။ ဆွေဆွေရဲ့ စိတ်ထဲမှာ အပုကို ဘယ်တော့မှ အထင်မလွဲစေချင်ဘူး။ မိန်းကလေးဆိုတာ တစ်ဦးတစ်ယောက်ကို ချစ်မိပြီ ဆိုမှဖြင့် လွှဲပြောင်းသင့်တဲ့ကိစ္စမျိုး မဟုတ်ဘူး။ ဆွေဆွေမှာလည်း အလုပ်အကိုင် များများလုပ်ပြီး မိဘကျေးဇူးကို ဆပ်ပါဦး။ ဒီလောက် ချစ်ခင်စွဲလမ်းတဲ့ အချစ်သည်နှစ်ဦးဟာ မလွဲနိုင်တော့ပါဘူး ဆွေဆွေရဲ့။ အပုဟာ ဆွေဆွေနေတဲ့ အရပ်ဆီသို့ မျှော်မှန်းပြီး ဘုရားရှိခိုးတိုင်း မေတ္တာပို့လျက် နေမိပါတယ် ဆွေဆွေရဲ့။*

*ဆွေဆွေရဲ့ သတိရသေးသလား။*

**ဆွေဆွေ့ အချစ်ဦး - အပု ။**

အထက်ပါစာကို လူကြီးများနှင့် ဝါသနာမပါသူတို့က ပျင်းရိကြမည် ဖြစ်သော်လည်း ချစ်ဆွေအတွက်မှာ ဖတ်၍မပြီး၊ ဖတ်ပြီးရင်း ဖတ်ချင်ရင်း ဖြစ်၍နေသော စာအဖိုးတန် ဖြစ်လေ၏။ အစိမ်းတွေ လူငယ် လူရွယ်များ၌ မချင့်မရဲ ချစ်ခင်နေရာမှ ပူပူနွေးနွေး ခွဲခွာရသော အချိန်ကလေးသည် အဆွေးအလွမ်းဇာတ်ခင်း၍ အကောင်းဆုံးဖြစ်ပါ၏။

ချစ်ဆွေသည် ပို့စ်မင်းလာတိုင်း စာကိုမျှော်ရ၏။ မိမိလိုလားသော စာတစ်စောင်ပါလာလျှင် ထီပေါက်စဉ်တွင် မိမိနာမည်ပါသကဲ့သို့ ဝမ်းသာအားရ ကြည့်ရှုလေ၏။ အင်းဝ တံတားဦးစာတိုက်၊ ဈေးချိုရပ် တိုက်ဆရာကြီး ဦးသိုက်၊ ဒေါ်သင်၏သား မောင်ချစ်ဆွေဟု မကြာခဏလိပ်တပ်လျက် ရောက်လာသောစာများမှာ တစ်လတွင် အစောင်(၈၀-၉၀)မျှ ရှိလေ၏။ ထိုစာအိတ်များအနက် သေသေသပ်သပ် တရုတ်မင်နှင့် ရေးလေ့ရှိသော စာအိတ်မှာ (၄-၅) စောင်မျှ ပါလေရာ ထိုစာအိတ်ကလေးများကို မြင်ရလျှင်ပင် ဘဝင်တစ်မျိုး ခိုက်၍သွားတော့၏။ ချစ်ဆွေမှာ အခြားကျောင်းနေဖက် မိတ်ဆွေသင်္ဂဟများထံသို့ စာအစောင်(၆၀) ကျော် ထည့်လေ့ရှိရာ မန္တလေးမြို့ ညောင်ပင်ဈေးအရပ် အငြိမ်းစားစစ်ကဲကြီး ဦးထွန်းဝင်း၏သမီး မခင်ပုသို့ ဟူသော စာအိတ်ကိုမူ သေသပ်လှပစွာ ရေးသားလေ့ရှိပေ၏။

ထိုအချိန်၌ကား ချစ်ဆွေ၏ အမွန်မြတ်ဆုံးပစ္စည်းကား ခင်ပုကိုယ်တိုင်ချုပ်လုပ်၍ ပေးလိုက်သော ပိုးလက်ကိုင်ပဝါ(၆) ထည်၊ ခင်ပု၏ (၄) လက်မဓာတ်ပုံနှင့် ခေါင်းပုံကြယ်သီး၊ ရေမွှေးပုလင်း၊ လည်စီးမာဖလာတို့ ဖြစ်ပေ၏။ တစ်စုံတစ်ဦးက ထိုပစ္စည်းများကို ငွေထောင်ကိုးရာပေး၍ ဝယ်သော်လည်း ရောင်းချမည် မဟုတ်ချေ။ ၎င်းတို့ ပညာသင်ကြသော မန္တလေးအစိုးရ နော်မန်ကျောင်းကြီးတွင် မတ်လအတွင်း ဆရာဖြစ်စာမေးပွဲ ကျင်းပမည်ဖြစ်ရာ ဆရာဖြစ်သင်ကျောင်းသားများမှအပ အခြားကျောင်းသားများမှာ စာမေးပွဲ ကျင်းပပြီးစီးသဖြင့် အားလပ်နေကြ၍ နွေကျောင်းပိတ်ချိန်ကို စောင့်စားနေရ၏။ အင်္ဂလိပ် အလယ်တန်း ဆရာဖြစ်သင် ကျောင်းသားတို့မှာ စာမေးပွဲအတွက် ကုပ်၍ကြိုးစားနေကြစဉ် ချစ်ဆွေနှင့် ခင်ပုမှာ ဆရာဖြစ်ပညာထက် အရေးကြီးသော အချစ်သင်ခန်းစာကို လေ့ကျက်ခဲ့ကြလေ၏။ ဆရာကြီး လစ်သည်နှင့်တစ်ပြိုင်နက် နေမှုထိုင်တင်း ချစ်တင်းဆိုကာ ပျော်ရွှင်စွာနေကြလေ၏။ ချစ်ဆွေသည် ခင်ပု၏စာကို ဖတ်ပြီးနောက် ကျောင်းမပိတ်ခင်ကလေးက အဖြစ်အပျက်ကို စဉ်းစားမိသောအခါ မျက်စိမျက်နှာ ညှိုးငယ်လျက် ငေးမောတွေဝေကာ အပု အပုဟု တိုးတိုး ကမ္ဘာ့ဌာန်း စီးဖြန်းမိလေ၏။

ကျွန်ုပ်၏ ရေးလိုရင်းကား အချစ်ဇာတ်လမ်းသည် အဓိကအချက် မဟုတ်ချေ။ ခင်ပုသည် မန္တလေး အောဘီအင် မိန်းကလေးကျောင်းမှ ဆယ်တန်းအောင်၍ မန္တလေးနော်မန်တွင် ဆရာဖြစ်သင်သူ ဖြစ်လေရာ ချစ်ဆွေမှာ စစ်ကိုင်းအစိုးရကျောင်းက ဆယ်တန်းအောင်၍ မန္တလေးနော်မန်တွင် သင်ကြားသူ ဖြစ်၏။ မန္တလေးကျောင်းတွင် ရောက်ခါစက ကျောင်းသားကျောင်းသူ အတန်းသူအချင်းချင်း မိတ်ဆွေဖြစ်ကြရာ ခင်ပုမှာ အရွယ်ရောက်သော လူတိုင်း၏ အပိုးအပန်း အခံရဆုံး မိန်းကလေးဖြစ်၏။ ဤသည်လျှင် ခင်ပု၏ ရုပ်ရည် မည်ကဲ့သို့ရှိမည်ကို ထင်ရှားသောအချက် ဖြစ်လေ၏။

ချစ်ဆွေကား ရုပ်ရည်ရူပကာယ သူများထက်ညံ့၍ ရွက်ကြမ်းရေကျိုရော့ရော့ ရှိ၏။ သို့ရာတွင် ၎င်းတွင် စိတ်ခေါင်းမာ၏။ ရိုးသား၏။ ထက်မြက်၏။ မဟုတ်မခံတတ်။ ပြတ်တောင်းသော စိတ်ရှိသဖြင့် အခါခပ်သိမ်း ကိုယ့်ဒူးကိုယ်ချွန် စကားကို ပြောပြလေ့ရှိသောကြောင့် သူငယ်ချင်းများက "မစ္စတာဒွန်ချူး" ဟု ပြောင်၍ ခေါ်ကြလေ၏။ ခင်ပုအား ပိုးပန်းချင်ကြောင်း သူငယ်ချင်း တစ်ဦးနှစ်ဦးအား ပြောပြသောအခါ ရယ်မောလှောင်ပြောင်ကြ၏။ ချစ်ဆွေမှာ ရုပ်ရည်ညံ့၏။ အခြားကျောင်းသားများလောက် အဝတ်အစား မပြောင်။ ခင်ပုမှာ တကယ့်အဓိပတိ ရုပ်ချော၊ ဥစ္စာပေါ ကျောင်းသားများပင် အနားသို့မကပ်နိုင် ဖြစ်ကြသောကြောင့် ဤကဲ့သို့ လှောင်ပြောင်သည်မှာ အံ့ဩဖွယ်ရာ မဟုတ်ချေ။ သို့ရာတွင် ချစ်ဆွေသည် ခင်ပုအား စာတစ်စောင်ကို ရဲတင်းစွာ ပေးလေ၏။ ခင်ပုထံမှ...

"အပုက ကိုချစ်ဆွေအား မိတ်ဆွေအဖြစ် ပေါင်းသင်းသော်လည်း ကိုချစ်ဆွေက မိတ်ဆွေသဘောမထားသဖြင့် ယနေ့ကစ၍ မိတ်ဖျက်လိုက်ပြီ" ဟု ပြန်စာရလျှင် အစပထမ ဒေါသထမိလေ၏။ ထို့နောက် ခင်ပုအား စကားလည်းမပြော၊ ခေါ်လည်းမခေါ်။ ခပ်တည်တည်ပင် ကွန္နေ့ရရ နေလေ၏။ ခင်ပု၏ စားပွဲစောင်းနှင့် ချစ်ဆွေ၏ စားပွဲစောင်းမှာ

ရှေ့နောက်ဖြစ်နေ၍ နီးစပ်သော်လည်း ချစ်ဆွေသည် လှည့်၍မျှ မကြည့်ချေ။ သို့ရာတွင် ပြင်းထန်သော မေတ္တာဓာတ်ကား ခင်ပုအပေါ်သို့ လွှမ်းမိုးလျက် ရှိလေ၏။ စင်စစ်အားဖြင့် ချစ်ဆွေသည် စိတ်နှင့်ဆိုင်သော ဆိုင်ကိုလော်ဂျီကို ကျင့်မိလျက် ၎င်းကိုယ်တိုင် မသိချေ။ ခင်ပုမှာကား ချစ်ဆွေ၏ စိတ်အာရုံဝင်စားစ ပြုရာမှ ဓာတ်ပြန်သဘော ဖြစ်ခဲ့ဟန် ရှိလေ၏။ နောက်ဆုံး၌ကား တစ်ဖက်က ပြင်းထန်စွာ လွှတ်ထားသော မေတ္တာဓာတ်သည် အားပျော့သော မိန်းကလေး၏စိတ်တွင် ကိန်းအောင်းသည့် မေတ္တာဓာတ်ကို ဖိဖိစီးစီး သိမ်းယူရရှိသွားခြင်း ဖြစ်ခဲ့လေ၏။

သို့ရာတွင် ထိုသို့ ပညာသင်ကြားစဉ်၌ သူတစ်ထူးကို ခံပြင်း၍ ပြင်းထန်သောအချစ်ဓာတ် မွေးမြူခြင်းသည် စာပေဘက်၌ ယုတ်လျော့သည်ကို ချစ်ဆွေသည် နောက်မှသိရှိရလေ၏။ မေလသို့တိုင်ရောက်သောအခါ အရပ်ရပ် ဂေဇက်များ ပေါ်ထွက်လာစမြဲ ဖြစ်သဖြင့် အင်္ဂလိပ် မြန်မာဆရာဖြစ် စာမေးပွဲ ဂေဇက်အောင်စာရင်းတွင် မိမိ၏နာမည်မပါဘဲ ခင်ပုအမည်ကား ပါလာလေ၏။ မိမိ၌ ကြီးစွာသော ဆုံးရှုံးခြင်းဖြစ်သည်ဟု ရက်စိတ်ဆင်းရဲကြီး ဖြစ်၍သွားလေ၏။

တစ်နေ့သ၌ကား အိမ်အောက်ထပ် ပက်လက်ကုလားထိုင်တွင် စာကြည့်နေခိုက် ဘထွေးအရင်း တော်စပ်သူသည် ပေါ်ပေါက်လာသဖြင့် အခြားကုလားထိုင်တစ်ခုကို ထိုး၍ပေးလေ၏။

"ချစ်ဆွေ.. မင်း စာမေးပွဲ ရှုံးတယ်ဆို"

"ဟုတ်ကဲ့" ဟု တစ်ခွန်းသာ ပြောပြီးလျှင် ကြောင်တက်တက်နှင့် ငေး၍နေမိလေ၏။ "မင်း ဉာဏ်ကောင်းသားနဲ့ ဘာလို့ရှုံးရသလဲ၊ မင်း တစ်ခုခု မှားနေပြီထင်တယ်၊ အစ်ကိုတို့မှာ မင်း စစ်ကိုင်းကျောင်းနေကတည်းက ပစ္စည်းမချောင်လည်ကြဘူး၊ မရီးကလည်း မင်းကို ငါ့သားကလေး စိတ်မချမ်းမသာ မဖြစ်ပါစေနဲ့၊ မရှိစကား မကြားပါစေနဲ့လို့ လူလာတိုင်း စကားပိတ်ပြီး ထောက်ပံ့လာခဲ့ကြတယ်။ မန္တလေးကျောင်းနေတော့လည်း တစ်လ(၄၀-၅၀) အမြဲထောက်ပံ့ခဲ့ကြတယ်။ မင်းမှာတော့ ရှေးကောင်းစားတုန်းကလို အချိုးအစားအတိုင်း သုံးဖြုန်းနေထိုင်ပြီး ဘာမှမသိဘူး။ ကိုင်း ခုတော့ စာမေးပွဲလည်း ရှုံးပြီ ဘယ့်နှယ်လုပ်မလဲ၊ ဒါပေမဲ့လေ ငါ့တူ အားမငယ်နဲ့ စစ်ကိုင်းရုံးမှာ အကူစာရေး..."

"မလုပ်ချင်ဘူး ဘထွေးရဲ့၊ ဘယ်နှစ်နှစ်ကူရမှန်းမသိ၊ ပြီးတော့ ကိုယ့်အထက်က သခင်တွေက များပါဘိသနဲ့ ကျွန်တော် ဆရာဖြစ်သင်တာတောင် နေရှင်နယ် ကျောင်းဆရာလုပ်မလို့၊ ခုတော့...ခုတော့... " ဟု စကားမဆက်နိုင်ဘဲ တံတွေးသီးသလို တစ်ဆို့ကြီး ဖြစ်၍နေလေ၏။

ချစ်ဆွေ၏ဘထွေးကား ငယ်စဉ်က ချစ်ဆွေလိမ္မာသည်ကို သိ၏။ တူအရင်းလည်း ဖြစ်သောကြောင့် များစွာမာန်မဲခြင်း မပြုဘဲ ကရုဏာသက်သော မျက်လုံးဖြင့်...

"ဒါဖြင့်ရင် ဦးလေးရဲ့ အရောင်းအဝယ်ကို ကူညီပြီး လုပ်လှည့်ပေတော့။ အမြတ်ကို ဦးလေးခွဲပေးမယ်။ လခနဲ့ကြိုက်ရင်လည်း (၄၀) ပေးမယ်"

"ဟာ ဒီလိုလဲ မလုပ်ချင်ပါဘူး၊ ဘာပြုလို့လဲ ဆိုတော့ ဦးလေးအလုပ်ဟာ ဦးလေးတစ်ယောက်တည်း နိုင်နင်းသားနဲ့ ကျွန်တော့်ကိုငဲ့ပြီး ခွဲဝေပေးရမယ့်ဟာပဲ"

"ညာတကာနဲ့ သင်္ဂဟော ဆိုသလို ဦးလေး ခွဲဝေနိုင်လို့ ပေးတဲ့ဟာပဲကွယ်၊ ကိစ္စမရှိပါဘူး"

"တော်ပြီး ဦးလေး၊ ကျွန်တော် ကျန်းမာပါတယ်၊ လူကျန်းမာရင် အသက်မွေးမှုအတွက် ဘာမှမကြောက်ပါဘူး"

"အေး စဉ်းစားဦး ဟုတ်လား၊ မိဘအပေါ်သာ မင်းညာတာဖို့ သိရှိအောင် ပြောရတာပဲ" ဟု ပြောကာ ထွက်ခွာသွားလေ၏။ မကြာမီပင် မိခင်ဒေါ်သင်သည် တံတားဦးသွားရာက ပြန်ရောက်လာ၍ ငွေ (၅) ကျပ်ကို ချစ်ဆွေကြီး၏ ကုလားထိုင်စွန်းပေါ်တွင် တင်ထားပြီးလျှင်....

"လူကလေး မင်း စစ်ကိုင်းဘက် ရုပ်ရှင်သွားကြည့်မယ်ဆို၊ အဲဒီငွေ (၅) ကျပ် သုံးပေတော့ ဟုတ်လား" ဟု ရယ်မောပြောဆိုလေ၏။

"မေမေ မသွားတော့ဘူး၊ ကျွန်တော် မသွားတော့ဘူး"

"အို ဘာဖြစ်လို့လဲ၊ ဒီလောက်တော့ သုံးနိုင်ပါသေးတယ်ကွဲ့"

"မဟုတ်ဘူး မေမေ၊ စာတွေကူးစရာရှိလို့ ဒါကြောင့်..."

"အို... ဒီစာစကား ပြောမနေပါနဲ့၊ စာမေးပွဲဆိုတာ ကံမကောင်းရင် ဘယ်လိုတော်ပေမယ့် ရှုံးချင်ရှုံးတာပဲ" ဟု သား စိတ်မညစ်ရန် အားပေးစကား ပြောကြားလေ၏။

ထိုကဲ့သို့ မိခင်၏ ငဲ့ညာသော အပြုအမူသည် ချစ်ဆွေအား သက်သာရာ ရစေသည်မဟုတ်ဘဲ ငါမှားတယ်၊ ငါမိုက်တယ်၊ ပညာသင်သွားတာ အဓိက ရည်ရွယ်ချက်ဖြစ်တဲ့ ပညာကိုဆုံးရှုံးအောင် ငါလုပ်ခဲ့တယ်ဟု ယူကြုံးမရ ဖြစ်မိလေ၏။ ထိုအခိုက်၌ပင် ချစ်ဆွေ၏စိတ်ကို ထိုးဆွသော စာတစ်စောင် ရောက်ရှိလာ၏။

**ဆွေဆွေ...**

*ဆွေဆွေ ပေးလိုက်သောစာကို အပုရဲ့ ကိုကိုကြီး တွေ့ရှိသွားသဖြင့် မေမေအား တိုင်ကြား၍ မေမေက အကျိုးအကြောင်း မေးမြန်းပါသည်။ အပုကလည်း ရှက်သဖြင့် သူပေးချင်လို့ပေးတာ ဘာမှမဖြစ်စေရပါဘူး ဟု ပြောမိပါသည်။ မေမေက ငါ့သမီး ရုပ်ရည် ပညာ မိဘဂုဏ်နှင့် အထက်တန်း ရောက်နိုင်တယ်။ ဒီတော့ ခုဖြစ်ပျက်တာမျိုး နောင်ကို မဖြစ်ရန် ပြောဆိုသဖြင့် မိခင်စိတ်ချမ်းသာအောင် တာဝန်ခံလိုက်ပါသည်။ သို့ရာတွင် အပုသည် ဆွေဆွေအပေါ်တွင် မည်သည့်အခါမျှ မေတ္တာပျက်မည် မဟုတ်ပါ။ ထားပြီးကတိကိုလည်း ဖျက်မည်မဟုတ်ပါ။ ဆွေဆွေ သိရှိရန် ရေးရခြင်းဖြစ်ပါသည်။ သို့ရာတွင် အပုထံသို့ စာကို ဘယ်အခါမျှ မရေးပါနှင့်ဦး။ အပုဆီကတော့ လူကြီးလစ်လျှင် ရေးထည့်ပါမည်။ ဆွေဆွေ အပုကို စိတ်မပျက်ပါနှင့်။ အပုဟာ ကိုယ့်စကားကို အသက်နှင့်အတူ စောင့်ရှောက်ပါ့မည်။ မမုန်းလိုက်ပါနှင့် ဆွေဆွေရဲ့ ...။*

**"အပု"**

ချစ်ဆွေသည် ခင်ပု၏စာကို ဖတ်ရှုပြီးနောက် မှိုင်တွေ၍ သွားလေ၏။ အပု ငါ့ကိုချစ်ရင် မင့်မိဘကို မဆက်ဆံပါဘူးလို့ ဘာကြောင့် ကတိပေးထားရသလဲ၊ ငါ့မှာ မိဘကဆင်းရဲ၊ စာမေးပွဲကရှုံးလို့ စိတ်ပျက်သွားတာလား။ အို.... အပု ဒီလောက်ရိုင်းမယ် မဟုတ်ပါဘူး ထင်ပါရဲ့လေနှင့် အမျိုးမျိုး စဉ်းစားပြီးလျှင် စာရွက်ကို သိမ်းဆည်းထားလိုက်လေ၏။

ခင်ပု၏စာသည် ချစ်ဆွေတွင် အားဆေးကဲ့သို့ ဖြစ်သွားလေ၏။ ငါ ယောက်ျားပဲ၊ ငါကြိုးစားမည်၊ ကြိုးစားက ဘုရားဖြစ်နိုင်သည်။ သေသေကြေကြေ ကြိုးစားက ဘာကြောင့် မကြီးပွားရမလဲ။ အပုရေ.. ဆွေဆွေကို လူစွမ်းလူစ တုံးတဲ့ လူတစ်ယောက်များ ထင်နေသလားဟု ညည်းတွားရင်း အကြံယူလေ၏။ ချစ်ဆွေမှာ ထိုစဉ်အခါက အိမ်သုံးပစ္စည်း၊ အလှအပပြုပြင်နည်း စာအုပ်များကို ဖတ်ရှုဖူးလေ၏။ မြန်မာလူမျိုးများမှာ နိုင်ငံခြားပစ္စည်းများကို မုန်းသွေးပူဆဲ ဖြစ်သဖြင့် မိမိသည် ထိုပစ္စည်းများကို ပြုလုပ်ရောင်းချက တွင်ကျယ်ကြီးပွားမည်ကို သိရှိလေ၏။ သို့ရာတွင် အရင်းအနှီး ငွေတစ်ရာ ကိုးဆယ် လိုနေသဖြင့် ဝါးကပ်ထောင်ဆရာကြီး ဦးမိုးထံ မိမိသည် ကပ်ထရံ အငှားရက်လိုကြောင်းနှင့် ပြောဆိုရာ...

ဦးမိုးမှာ ရယ်စရာပြောသည်ထင်၍....

"မင်းများ အဟုတ်ရက်ရင် သူများထက်ပိုပြီး အခပေးမယ်" ဟု ပြောဆိုလေ၏။

"အဟုတ်ပြောတာ ဦးရဲ့၊ ယောက်ျားပဲ ဘာရှက်စရာ ရှိသလဲ။ တရားသဖြင့် ငွေရတဲ့အလုပ်ဆိုရင် ဘာမဆို လုပ်မှပေါ့" ဟု အတည်ပြောသောအခါ ဦးမိုးမှာ အံ့အားသင့်၍ နေလေ၏။ ထိုစကားသည် ဦးမိုးမှတစ်ဆင့် ချစ်ဆွေ၏ မိဘနှင့် ဘထွေးများ ကြားသိသွားသဖြင့် ဦးသိုက်နှင့် ဒေါ်သင်မှာ မျက်ရည်ကျ ကြလေ၏။

သို့ရာတွင် ဘထွေး၏အစီအစဉ်ဖြင့် ဈေးချိုရပ်က လူငယ်ဆယ့်ငါးယောက်အား တစ်လ(၃) ကျပ်စီနှင့် အင်္ဂလိပ်အလွတ် ပညာသင်ပေးရသော အလုပ်ကို ရရှိသောကြောင့် ချစ်ဆွေမှာ ကပ်သမား မဖြစ်၊ အလွတ်ပညာသင်ကျောင်းဆရာကလေး အလုပ်ကို တစ်နှစ်ခန့် လုပ်ကိုင်ရလေ၏။ ထိုအလုပ် လုပ်ကိုင်ရင်းပင် အိမ်သုံး စားပွဲသုံးပစ္စည်း လုပ်ကိုင်နည်း စာအုပ်များကို ဝယ်ယူဖတ်ရှုလျက် အနည်းငယ်အကုန်ခံ၍ လက်တွေ့စမ်းသပ်လေ၏။ တစ်နှစ်ခန့် ကြာသောအခါမှုကား...

| | | |
|---|---|---|
| ဂမ်းထရာဂါကန့်သ်(GUMTRAGACANTH)- | တစ်ဆ | |
| မီးထွန်းမဟုတ်သောအရက်ပျံ(ALCOHOL)- | နှစ်ဆ | |
| ဂလစ်ဆရင်အလှဆီ(GLYCERINE) | - | လေးဆ |
| နှင်းရည် | - | ဆယ့်သုံးဆ |

ဂမ်းထရာဂါကန့် တစ်ဆတွင် အရက်ပျံ(၂) ဆနှင့် ကြေအောင်ရောစပ်ပြီးမှ ဂလစ်ဆရင် (၄) ဆထည့်ကာ နှင်းရည် (၁၃) ဆကို လောင်းလျက် အကုန်ကြေအောင် မွှေနောက်၍ တပည့်များအား ပြုလုပ်ပေးခဲ့ဖူးသော ကတ္တီပါရည်ကို ခပ်များများ ချဲ့ထွင်စမ်းသပ်လေ၏။ အခြား ကိုးလ်ကရင်း ရေမွှေးစသည်တို့ကိုလည်း စမ်းသပ်ပြီးနောက် တစ်ဦးတည်းကိုယ်စားလှယ် ချစ်ဆွေကုမ္ပဏီဟု စစ်ကိုင်းဈေးလမ်းတွင် အစမ်းဖွင့်လေ၏။ အလုပ်မရှိသော

လူငယ်များအား ကော်မရှင်ပေး၍ လှည့်လည် ရောင်းချစေသောကြောင့် မြန်မာဖြစ်ပစ္စည်းကို အားပေးရန် တိုင်းပြည်က သွေးဆူနေကြသည် တစ်ကြောင်း၊ အတုအပြိုင်များ နည်းပါးသည် တစ်ကြောင်းကြောင့် တစ်နှစ်၊ နှစ်နှစ်အတွင်းမှာပင် ကြီးပွား၍လာလေ၏။

တစ်နေ့သ၌ကား သားနားသော အငှားတိုက်ခန်းတွင် မှန်ဘီရိုဆိုင်းဘုတ်ကြီးများဖြင့် ဆွဲကပ်ထားသည့် ချစ်ဆွေကုမ္ပဏီတိုက်ရှေ့၌ သူငယ်တစ်ဦးသည် ကတ္တီပါအလှရည်၊ ဆပ်ပြာမွှေးခဲ၊ ပေါင်ဒါဘူး၊ နိုင်ငံခြားနှင့် မခြား ဘယ်လောက်များကောင်းတယ်ဆိုတာ ကြည့်ရှုတော်မူပါ။ အားပေးတော်မူကြပါဟု ဟစ်အော်နေခိုက် မြင်းရထားတစ်စီးသည် အဆိုပါတိုက်ရှေ့၌ရပ်ကာ မိန်းမကြီးနှစ်ယောက်နှင့် မိန်းမပျိုနှစ်ယောက် ဆင်း၍လာကြလေ၏။

ချစ်ဆွေမှာ အဝေးအမှာစာများကို စားပွဲတစ်ချပ်တွင် လုပ်ကိုင်နေရာမှ ခေါင်းမော့ကြည့်ရှုရာ၊ ဝမ်းနည်းဝမ်းသာသော မျက်နှာနှင့် ကြည့်ရှုနေသော ခင်ပုကို မြင်ရသဖြင့် အူယားဖားယား နှုတ်ဆက်ဆွဲငင်မည်လုပ်ပြီးမှ ဣန္ဒြေတစ်မျိုးပြင်လျက် မသိဘူးလေဟန်နှင့် "အားလုံး ကြည့်ရှုတော်မူကြပါ ခင်ဗျား၊ ဒါဟာ တိုင်းရင်းသား မြန်မာများလုပ်တဲ့ တိုင်းရင်းဖြစ်ပစ္စည်းတွေပါ ခင်ဗျ"

"မဟုတ်ဘူး မောင်ရင်၊ ကျုပ်က ရန်ကုန်က။ အမိန့်တော်ရ ဦးချစ်ဆွေဆိုတာကို စစ်ကိုင်းမြို့မယ် လိုက်ရှာလိုက်တာ၊ နာမည်တူတောင် မတွေ့လို့ မောင့်ကို မေးမလို့"

"ဒေါ်ဒေါ်က ဘယ်ကပါလဲ ခင်ဗျာ"

"ဦးဘိုးခင် ကုမ္ပဏီကပဲ၊ အဲဒီ ဦးချစ်ဆွေက အထက်မြန်မာပြည်အတွက် ပေးတင်းဆေးတွေ တစ်ဦးတည်း လိုချင်ပါတယ်လို့ အကြောင်းကြားထားတော့ အဒေါ်လည်း ဘုရားဖူးလာရင်း မောင့်ဦးက ဝင်ရောက်စုံစမ်းခဲ့ပါဆိုလို့"

"ကျွန်တော်ပါပဲ၊ ဒါပေမဲ့ အရောင်းအဝယ်နဲ့ မဆိုင်တဲ့ စာရွက်ပုံစံနှင့် စာရေးမိလို့ပါ။ ကျွန်တော် ရှေ့နေလိုင်စင် ယူထားပေတဲ့ အမြဲလိုက်မစားပါဘူး၊ ကျွန်တော့်အလုပ်က အခုမြင်တော်မူတဲ့အတိုင်း..."

ထို့နောက် အရောင်းအဝယ်နှင့် ပတ်သက်သော ကိစ္စများကို ပြောဆိုကြပြီးလျှင် မိန်းမကြီးများလည်း ထွက်ခွာသွားလေ၏။

ချစ်ဆွေသည် မိမိ၏ ကြီးပွားမှုအလုပ်တွင် စိတ်ဝင်စားသောကြောင့် ခင်ပုကို မေ့ပျောက်သကဲ့သို့ ဖြစ်နေရာ တစ်နေ့က တွေ့ဆုံသောအခါလည်း မသိသလို နေလိုက်မိလေသည်။ သို့ရာတွင် ကျောင်းနေဘက် ငယ်ချစ်ဖြစ်သဖြင့် မိမိ ဤသို့ပြုမိသည့်အတွက် ယူကျုံးမရ ဖြစ်မိလေ၏။

နှစ်ရက်ခန့်ကြာလျှင်...

*ဆွေဆွေ.... လူစိမ်းကားကြီးရှင့်၊ အဖော်တွေပါလို့ မနည်းမျိုသိပ်ထားရသည်။ တအားဖက်လို့ ငိုချင်ပါသည်။ အပုရဲ့မျက်နှာကို ဆွေဆွေမြင်တယ်မဟုတ်လား။ ဘယ်လောက် ပိန်ချုံးနေသလဲ။ ဆွေဆွေ့ဆီ စာတွေ တစ်လ(၂) စောင် အနည်းဆုံးပေးတာ ဆွေဆွေသိသင့်ပါတယ်။ ခုတော့ လူစိမ်းကြီးလိုလုပ်လို့ အပုအိမ်မှာ ရောက်ရောက်ချင်း ချုံးချ ငိုကြွေးမိပါသည်။ ယခုအခါ ဆွေဆွေမှာ အလုပ်အကိုင်က စီးပွားလမ်းဖြောင့်လို့ ရှေ့နေကြီးကြားလိုက်တာကလည်း နာမည်ကောင်း မိတ်ကောင်းလို့ တစ်လ (၃-၄၀၀) စီတယ်လို့ ကြားသိရပါတယ်။ အပုကို ဂရုမစိုက် နေမယ်ဆိုရင်*

*နေနိုင်ပါပြီ။ သို့ရာတွင် အပုမှာ တစ်လ စာ(၂) စောင်ထည့်ပါလျက် အပု စစ်ကိုင်းရောက်တုန်းက အသိအမှတ်မပြုတာကို ဝမ်းနည်း၍မဆုံးပါရှင့်။ အပုမှာ ယခု ဝက်စလီ ယန်ကျောင်းတွင် အလုပ်လုပ်နေပါသည်။ များစွာ စိတ်မပျော်ပါရှင့်။ ယခု အပုမှာ ဆွေဆွေ့ဆီက ဘာသတင်းမျှ မကြားရသောကြောင့် မိဘာသဘော.... အပု ဆက်ပြီး မရေးလိုပါ။ အပု၏သတင်းကို မကြာခင် ကြားသိရပါလိမ့်မည်။*

**အချစ်ဦး အပု**

ချစ်ဆွေလည်း စာကိုဖတ်ပြီးနောက် ပတူအံ့ တုတ်နှင့်ထိုးသည့်အလား တိမ်မြုပ်နေသော မေတ္တာဓာတ်အိုး လှုပ်ရှားလာကာ အဝတ်အစားများ ထ၍လဲလေ၏။ မကြာမီပင် မြင်းရထားတစ်စီးခေါ်လျက် သင်္ဘောဆိပ်သို့ ဆင်းပြီးလျှင် မန္တလေးဘက်သို့ လိုက်ပါသွားလေ၏။ မန္တလေးမြေကို မနင်းမိသည်မှာ (၃) နှစ်ကျော်ကြာသဖြင့် ဝမ်းသာလျက် တုန်တုန်ယင်ယင်ဖြစ်၍ သွားလေ၏။ သူငယ်ချင်းအချို့နှင့် တွေ့သောအခါ "ဟေ့ မစွတာချိုဒူး၊ မစွတာ ဒွန်ချူး... ဘယ်ပျောက်နေသလဲ၊ ခုမှ တွေ့ရတယ်ကွယ်" ဟု ရယ်မောနှုတ်ဆက်ကြသော်လည်း စကားကောင်းစွာမပြောနိုင်ပဲ ညောင်ပင်ဈေးဘက်သို့ သွားမည်လုပ်ပြီးမှ အချိန်မှာ ညနေ(၃) နာရီခန့်ဖြစ်သဖြင့် ဝက်စလီယန်ကျောင်းဆီသို့ ထွက်ခွာသွားလေ၏။

ကျောင်းဆင်းခေါင်းလောင်း တီးပြီးနောက် ကျောင်းသားကလေးများ ကျောင်းဝင်းအပြင်သို့ ထွက်ခွာလာကြလေ၏။ ဖဲအပြာရင့်လုံချည်၊ ပိတ်အင်္ကျီ၊ ဆံထုံးကြီးဖြင့် ပုသိမ်ထီးဆောင်းလျက်ရှိသော ဆရာမတစ်ဦးသည်လည်း ကျောင်းသားများနောက်က ထွက်၍လာရာ ချစ်ဆွေမှာ ရင်ဖိုလျက် စောင့်စားနေလေ၏။ ခင်ပုသည် ကျုံးဘေးမှ အနောက်သို့ ခပ်ဖြည်းဖြည်းသွားစဉ် နောက်ကလိုက်၍ အပုဟု ခေါ်လိုက်ရာ ခင်ပုသည် လှည့်ကြည့်ပြီးနောက် ခေတ္တရပ်၍ နေလေ၏။ နှစ်ယောက်နီးကပ်သောအခါ အပု၏ မျက်လုံးအိမ်မှ မျည်ရည်ပေါက်များ ယိုစီးလျက် ဆွေဆွေဟု ခေါ်ငင်လေ၏။

"အပု မိဘက ဘယ်သူနဲ့ စေ့စပ်သလဲ၊ ဒါသိချင်လို့ မနေ့က ပေးတဲ့စာ ကနေ့ရရချင်း လိုက်လာတာ"

"အို... မဖြစ်နိုင်ပါဘူး၊ သူတို့ အပုစိတ်ကို သိပါတယ်"

"နို့ .. အပု ဆွေဆွေ့အပေါ် စိတ်မကုန်သေးဘူးနော်"

အပုသည် လှပသော မျက်လုံးဖြင့် တစ်ချက်မျှ မော့ကြည့်လျက် ခေါင်းအောက်ချသွားပြီးလျှင်...

"ဆွေဆွေကသာ..."

"ဘာလဲ.. ဆွေဆွေ ဘာဖြစ်တာလဲ..." ဟု ရေငတ်သလို မေးလေ၏။ ထို့နောက် နှစ်ယောက်သား အချစ်ဇာတ်ခင်းရင်း မြင်းရထားတစ်စီးကို ခေါ်၍ အာလဝီလမ်း ပုလဲငွေရောင် လမ်းခွအထိ လိုက်ပါသွားကြပြီးနောက် ချစ်ဆွေ မြင်းရထားပေါ်က ဆင်း၍နေရစ်လေ၏။

(၆) လခန့် ကြာသောအခါ ချစ်ဆွေနှင့် ခင်ပုတို့ မင်္ဂလာအခမ်းအနား ပြုလုပ်သံကိုကြားရပြီးနောက် ခင်ပုမှာ ကျောင်းဆရာမ မလုပ်တော့ပဲ ချစ်ဆွေကုမ္ပဏီ၏ မန်နေဂျာဖြစ်၍ နေလေ၏။ ချစ်ဆွေ၏ အလုပ်အကိုင်များမှာလည်း စစ်ကိုင်းနှင့် မဆံ့အောင် ကြီးပွားသဖြင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့ကာ အလုပ်ချဲ့ထွင်၍ နေကြလေသတည်း။

"အဲဒါကြောင့် ကျုပ်က ခင်ဗျားကို မြင်ဖူးတယ်လို့ အောက်မေ့တာကိုး ကိုချစ်ဆွေရဲ့"

"ကျွန်တော်လည်း ဘယ်က ဦးဘဆွေပါလိမ့်မလဲ၊ လူကို မြင်ဖူးပါတယ်လို့ အောက်မေ့နေတာ၊ အစသတ်တော့ စစ်ကိုင်းနေဖူးတဲ့လူနဲ့ စစ်ကိုင်းသား ဖြစ်နေတာကိုး။ ကောင်းပါ့ခင်ဗျား။ ဦးဘဆွေလည်း ရန်ကုန်ပြောင်းတော့မယ်ဆို" ဟု စကားစပ်မိရာ မစွတာဒွန်ချူးခေါ် ကိုချစ်ဆွေ၏ ပြောပြချက်ကို တစ်ဇာတ်ထုပ် ခင်းလိုက်ရပါကြောင်း။

ကြီးပွားရေးမဂ္ဂဇင်း၊

၁၉၃၅-ခု၊ ဧပြီလ ။

## ၁၁။ နှစ်စုံတွဲ

"မရင်ရွှေ၊ ရှင်ဖြင့် လမ်းလွဲလိုက်နေပြီ ထင်တယ်။ ရှင့်လူဟာ ဘယ်နည်းနဲ့မှ ဟန်ကျမယ့်လူစား မဟုတ်ဘူးရှင့်၊ ကျွန်မ ကြားရသလောက် ရှင်သိရရင်တော့..."

"နမ်းမားက မလှမိုးနဲ့ဆိုတာလား မနင်းမေ"

"မလှမိုးနဲ့တွင် ဘာကမလဲ၊ အလံဗိုလ်က တစ်ယောက်တောင် ပါသေးတယ်။ အခု သူ့ခမျာများ မျက်ရည်နဲ့မျက်ခွက် ကျန်ရစ်ရှာတယ်။ အောက်သားတွေဆိုတာ ဒီလိုပဲရှင့်။ လူရုပ်၊ အဝတ်အစား၊ ဟန်ပန် ဂိုက်ကျပြီး အပြောအဆိုလိမ္မာတော့ ကျွန်မတို့ အညာသူတွေ အဟုတ်ယုံကြည်ကြတာပဲ။ တော်တော်ကြာ အောက်က မယားကြီး ပေါ်လိုပေါ်။ မတော်တရော် ပစ်ထားလိုထားနှင့် များခဲ့ပြီကောရှင်"ဟု နင်းမေသည် ရင်ရွှေနှင့် သူငယ်ချင်းဖြစ်သည့် အလျောက် သတိပေးစကား ပြောကြား၍နေလေ၏။

ရင်ရွှေမှာကား မိုးညှင်းမြို့၊ နန်းခမ်းရပ်၊ ပွဲကတော် ဒေါ်တင်၏ တစ်ဦးတည်းသောသမီးဖြစ်၍ ၎င်း၏ဖခင်မှာ ငယ်စဉ်က ကွယ်လွန်သွားသဖြင့် ကြီးတော်ဒေါ်ရင်နှင့် မိခင်ဒေါ်တင်တို့ အုပ်ထိန်းကြီးပြင်းလာသော မိန်းကလေးဖြစ်လေ၏။ မိုးညှင်းမြို့ ဘူတာအရှေ့ဘက် စျေးဟောင်းအနီးတွင် ဦးဘိုးထူး၏ အိမ်၌ မောင်ညွန့်တင်ခေါ် အသက်(၂၀) ခန့် တူတစ်ယောက် ရောက်ရှိလာရာ ခြောက်လခန့်ကြာလျှင် ရင်ရွှေအိမ်သို့ အဝင်အထွက်များ၍ သနားဖွယ်ကောင်းသော ရင်ရွှေ၏ရုပ်ရည်နှင့် ဥစ္စာပစ္စည်းကို သိုက်တူးရန် ချိန်ရွယ်ခြင်းခံနေရသောကြောင့် အထက်ပါအတိုင်း သူငယ်ချင်းနှစ်ယောက် အကျိုးအကြောင်း တိုင်ပင်၍နေကြခြင်း ဖြစ်လေ၏။

ဒေါ်တင်မှာကား ဒေါ်ဒေါ်ချင်းထွေး၍နေအောင် ပြောတတ်ဆိုတတ်သော ညွန့်တင်၏ အမူအရာ ဦးဘိုးထူး၏ အလိုင်းတကြီးပြောဆိုသော စကားတို့ကြောင့် များစွာစိတ်ဝင်စား၍ သမီးကို နားချနေသူ ဖြစ်လေ၏။ ရင်ရွှေကား အသက်(၁၆) နှစ်သာသာ၊ (၁၇)နှစ်အရွယ် ရိုးရိုးစိုက်စိုက် မိန်းကလေးဖြစ်သဖြင့် မိခင်ကိုယ်တိုင်

အောင်သွယ်ပေးနေသည်ကို စိတ်ဝေလျက်ရှိလေ၏။ သို့ရာတွင် နှစ်သက်သဘောကျသော အရိပ်အမြွက်ကို တစ်ကွက်မျှ ဖော်ပြခဲ့ခြင်း မရှိခဲ့ချေ။ လူတို့သဘောကား မိန်းမပျိုတစ်ဦးအိမ်သို့ ယောကျ်ားပျိုတစ်ဦး အိမ်အဝင်အထွက်များလျှင် အလကားယိုးစွပ် ပြောဆိုကြစမြဲအတိုင်း ညွှန့်တင်နှင့် ရင်ရွှေမှာ အတော်ချစ်ခင်နေကြသည့် အနေမျိုးအထိ ပြောဆိုခြင်းကို ခံရလေ၏။

"ဒေါ်တင်ရဲ့၊ ကာလပညာတတ်ပေါ။ အလုပ်အကိုင်မရှိ။ အစိုးရရာထူးလည်း အသုံးမကျ။ ရလည်းမရနိုင်လို့ ဒီအကောင်ကို အိုင်အေဆိုတဲ့ (၁၂) တန်းကထုတ်ပြီး ကုန်သည်အလုပ်ကို သင်စေတာပဲ" ဟူသော ဦးဘိုးထူး၏စကားမှာ တစ်ဖက်သားစိတ်ကို များစွာယိုဖိတ်စေလေ၏။ စင်စစ်ကား ညွှန့်တင်မှာ အင်္ဂလိပ်ပညာ (၇) တန်းအထိမျှသာ သင်ဖူး၍ မိဘအိမ်တွင် ပေတေလွန်းသောကြောင့် နှင်ထုတ်လိုက်သဖြင့် မိုးညှင်းမြို့ ဦးလေးတော်သူ၏ထံ လာရောက်ကပ်ရပ်နေထိုင်ခြင်း ဖြစ်လေ၏။ အင်္ဂလိပ်စာတတ်နည်းသော အရပ်ဒေသ၌ "ဝံဒရင်းချင်းနီးလယ်ဒူးနယ်ဒံ" ဟူသော စကားများကိုပင် အင်္ဂလိပ်စကား ထင်မှတ်ကောင်း ထင်မှတ်ပေမည်။ "မာ့ရပိုး ဒိုးတီ" ဆိုလျှင် သိပ်ပြီးတတ်တာပဲဟု ချီးမွမ်းမည်မလွဲ။ ဒွတ်-ဒက်-ရွတ်-ရက်၊ ရက်ဆား လေပုတ်ထုတ်မျှ တတ်ကျွမ်းသော ညွှန့်တင်အတွက် (၁၂) တန်းမဟုတ်၊ (၂၄) တန်း အောင်ခဲ့သည်ဟု ဆိုစေကာမူ ယုံကြည်ကြမည်ကား မလွဲပေ။ ယစ်မျိုးအင်စပိတ်တော် မီးရထား လက်မှတ်စစ်တို့နှင့် တရွတ်ရွတ်ပြောသည်ကို မြင်ရလျှင် အဟုတ်ထင်မှတ်တတ်ကြသောကြောင့်တည်း။

"မရင်ရွှေ.... စဉ်းစားပါ၊ ရှင်လည်း စာပေအတတ်သားပဲ။ တစ်သက်လုံး မှောက်မှဖြင့် ပြီးရော"

"ခက်တယ် မနှင်းမေရဲ့။ ကျွန်မစိတ်လည်း ဇဝေဇဝါ ဖြစ်နေတယ်"

"ကျွန်မသဘောဖြင့် ရှင်စိတ်ဆိုးရင်လည်း ခံရတော့မယ်။ ကိုထွေးမောင်နဲ့ သဘောအတူဆုံးပဲ။ ဒါဟာ အောင်သွယ်လုပ်တာ မဟုတ်ဘူး။ ကျွန်မတို့ ဦးသာဝန်ကျောင်းမှာ နေတုန်းကတည်းက တစ်ယောက်အကြောင်း တစ်ယောက် သိလာကြတာ။ ရိုးလည်းရိုးတယ်၊ မိဘပစ္စည်းအင်အားလည်း မနည်းဘူးရှင့်။ ပစ္စည်းဆိုတာ သခါရ ထားဦး။ ရွံ့ဖွက်ထဲဆင်း တောင်သူလုပ်ကျွေးနိုင်တာက ကိုထွေးမောင်လို လူမှရှင့်။ အောက်သားတွေဆိုတာက ပျားများလို ပန်းဝတ်ရည်အနံ့ကုန်လျှင် စွန့်ပစ်ပုံပြေးစမြဲမို့ တလွဲမဖြစ်စေချင်ဘူး"

"ကျွန်မလည်း စဉ်းစားရက်ပါပဲရှင်" ဟု ညည်းညည်းညူညူ ပြောဆိုကြပြီးနောက် နှင်းမေသည် ထွက်၍သွားလေ၏။ ရင်ရွှေကား နှင်းမေထွက်သွားကတည်းက သက်ပြင်းချ၍ အမျိုးမျိုး စဉ်းစားလျက် ဝေခွဲမရအောင် ဖြစ်၍နေလေ၏။ သို့ရာတွင် ညွှန့်တင်ကိုကား ရှေးက စကားတစ်ခွန်းစ နှစ်ခွန်းစ ပြန်လှန်ပြောမိသော်လည်း မျက်နှာအောက်သိုးသိုးချလျက် အရေးမလုပ်သလို နေလိုက်လေ၏။ ညွှန့်တင်ကား စိတ်မပျက်ချေ။ ရှေးကထက်ပင် ဖော်ရွေလျက် အဝင်အထွက်များ၍ နေလေ၏။

"ကိုထွေးမောင်၊ ရှင့် မရင်ရွှေကလေးကို မချစ်ဘူးလား" ဟု နှင်းမေက မေးလိုက်သံကို ကြားရသော ထွေးမောင်သည် ငွေစက္ကူရာတန် အထပ်လိုက် ကောက်ရသော မျက်နှာမျိုးဖြင့် "ငါချစ်ပေမယ့် သူက ချစ်ဦးမှကိုးဟ" ဟု ပြောလိုက်လေ၏။

"ဟုတ်ကဲ့၊ သူက ချစ်ပါတယ်လို့ ရှင့်ကို အလကား စ ပြောပါ့မလား"

"ငါက ပြောတော့လည်း သူက ဖိနပ်နဲ့ချမှာပေါ့ နင်းမေရယ်၊ ငါ့လိုလူ.... ငါ့လိုလူ..."

"ကိုင်း စာတစ်စောင်ရေး၊ ကျွန်မ ပေးချည်မယ်"

"ဘယ်လို ရေးရမလဲ"

"သြော် ခက်ပဲခက်ချည်ရဲ့။ ရှင် သတ္တမတန်းအောင်အောင် သင်ခဲ့သားနဲ့ မရေးတတ်ဘူးလား"

"ကိုင်း ရေးပါ့မယ်ဟာ" ဟု စာရွက်နှင့် ခဲတံကိုယူ၍ 'စာအားဖြင့် အစီရင်တော်ခံပါသည် မရင်ရွှေ။ မနင်းမေနှင့် စကားစပ်မိသဖြင့် မရင်ရွှေအား မေတ္တာရှိကြောင်းပြော၍ ယခုစာကို အရေးခိုင်းသဖြင့် ...

"အို ရေးကတည်းက အနောင့်မလွတ် အသွားမလွတ်၊ ဆုတ်ပစ်လိုက်ပါ"

"နို့ ဘယ့်နယ်ရေးရမှာလဲ" "ကိုင်းလေ...."

*မရင်ရွှေကို ကျောင်းအတူနေကတည်းက ချစ်ပါသည်။ ကြီးတော့လည်း မေတ္တာမပျက်ပါ။ သို့သော်လည်း မရင်ရွှေ စိတ်ဆိုးမည်စိုး၍ စာလည်းမပေးဝံ့။ စကားလည်း မပြောဝံ့ဘဲနှင့် ယခုအချိန်ထိ ကြာရှိခဲ့ပါသည်။ မေတ္တာစိတ်ကား အိမ်တွင်းပုန်းလုပ်ရလွန်း၍ ရင့်သည်ထက်ရင့်ကာ မနေနိုင်သည်၏အဆုံး၌ ယခုစာကို ရေးရပါသည်။ မရင်ရွှေသဘောကို သိပါရစေ။ စာဖွဲ့နွဲ့မရေးတတ်၍ လိုရင်းသိလျှင် တော်ပြီဟု ... ဤတွင် အဆုံးသတ်ပါမည်။*

**"ထွေးမောင်"**

"အဲ့ဒီလောက်ဆိုရင် တော်ရောပေါ့ရှင်။ တော်တော်ကြာ ရှင်က တလွဲမဖြစ်စေနဲ့နော်၊ ဒါပဲ။ အကုန် ကျွန်မခေါင်းပေါ် တာဝန်ကျနေမှာ သိရဲ့လား"

"မဖြစ်ပါဘူးဟာ။ ငါ့မဆဲရင် ကျေးဇူးတင်တာပါပဲ" ဟု ဆိုပြီးနောက် နင်းမေသည် ထွေးမောင်၏အိမ်မှ ထွက်၍သွားလေ၏။ ထွေးမောင်ကား မိမိကိုယ်မိမိ မယုံကြည်သကဲ့သို့ ဝမ်းအမြောက်ကြီးမြောက်၍ နေလေ၏။

***

နောက်တစ်နေ့၌ နင်းမေသည် ရင်ရွှေ၏အိမ်သို့ ပေါ်ပေါက်၍လာလေ၏။ သူငယ်ချင်းနှစ်ယောက်တို့မှာ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်လျက် ရင်ရွှေ၏ အိပ်ခန်းကုတင်ကြီးပေါ်တွင် အတူယှဉ်၍ ထိုင်ကြလေ၏။ နင်းမေက စတင်၍ "ဒါထက် မရင်ရွှေရယ်၊ ကိုထွေးမောင် တစ်ယောက်ဖြင့် သိပ်သနားစရာ ကောင်းနေတာပဲ" ဟု စလိုက်လျှင်....

"အို ဖြစ်မှဖြစ်ရပလေ၊ ဘာပြုလို့တုန်း မနင်းမေ၊ သိပ်ပြီး ဖျားနေရှာသလား"

"ဟုတ်တယ်၊ ဖျားတာကမှ ဆေးကုရဦးမယ်။ အခုဟာက ဆေးကုအတော်ခက်တယ်" ဟု ပြောမှ မရင်ရွှေသည် နင်းမေပြောလိုသော အဓိပ္ပာယ်ကို ရိပ်စားမိလေ၏။

"သွယ်ဝိုက်ပြောနေစရာ ကျွန်မ အောင်သွယ်မလုပ်တတ်ဘူး မရင်ရွှေ။ ကိုထွေးမောင်က ရိုးရိုးစိုက်စိုက် စွဲလမ်းချစ်ခင်နေတာ အမှန်ပဲ။ ရှင့်အောက်သားနဲ့စာရင် သူက တော်သေးတယ်။ ရော့ ဒီမယ် စာ" ဟု ပေးလေ၏။

မရင်ရွှေသည် စာကိုဖတ်ပြီးလျှင် ငယ်ငယ်က ထွေးမောင်နှင့် ကျောင်းတောင်ဘက် သစ်ပင်ကြီးအောက် ကစားကြပုံ၊ ကြိုးတံတားပေါ် လမ်းလျှောက်ကြစဉ်က ရင်ရွှေက ရှေ့ကရောက်နေ၍ နောက်က ထွေးမောင်ကြီးက တံတားပေါ် ခုန်၍လှုပ်သောအခါ ယိမ်းထိုးသွားသဖြင့် ဆဲခဲ့ပုံ၊ နန့်ရင်းချောင်းထဲ၌ ရေကစားကြပုံတို့ပါ ပေါ်ပေါက်၍လာလေ၏။ ငယ်ငယ်က ပေါင်းသင်းဆက်ဆံခဲ့ကြခြင်းကား တစ်ယောက်စိတ်ကို တစ်ယောက်သိ၍ တစ်ယောက်၏ အခြေအနေကိုလည်း တစ်ယောက်သိကြ၏။ ယုတ်စွအဆုံး ကိုယ်၌ သမင်ယက်စသော အနာဆိုးတို့ ပါမပါကိုပင် တွေ့မြင်ခဲ့နိုင်ကြ၏။ ထိုကဲ့သို့ ရှေးဟောင်းနှောင်းဖြစ်ကို တွေးမိသောအခါ မရင်ရွှေ၏စိတ်၌ ထွေးမောင်ကို သနား၍လာလေ၏။ တစ်မြို့သားတို့က မိမိစိတ်ကို လှည့်စားထားခြင်းကို ခံရပါကလားဟု စဉ်းစားမိလျှင် ညွှန့်တင်အား စိတ်နာ၍ လာလေ၏။ သင်း အလကားလူပဲဟုလည်း အောက်မေ့လေ၏။

"ဟုတ်တော့ ဟုတ်တယ်နော် မနင်းမေ၊ ကိုထွေးမောင်ဟာ အလွန် စိတ်ကောင်းရှိတဲ့လူ။ ရိုးလည်း ရိုးရှာတယ်။ ကျောင်းတုန်းကဆို ကျွန်မတို့ ရိုက်ဖက်ပေါ့။ နို့ပေမယ့် သတ္တိလည်း မနည်းဘူးရှင့်။ ကျွန်မတော့လေ ဒါတွေကို စဉ်းစားမိရင်....."

"စဉ်းစားနေဖို့မလိုဘူး မရင်ရွှေ။ ကိုထွေးမောင်လိုလူဟာ... ကိုင်းလေ အကြောင်းသိကြပြီးပဲ စာတစ်စောင်သာ ပြန်ရေးပါ"

"အို ချက်ချင်းဆိုတော့ အညှာလွယ်ရာ မကျဘူးလား မနင်းမေရဲ့"

"ဟင်.... မူနေရမယ့်လူမှ မဟုတ်ဘဲ။ သူကလည်း ဒီလိုတွေးတတ်မှာ မဟုတ်ပါဘူး"

"ကျွန်မ စာမရေးပါရစေနဲ့။ ရှင်ပဲ ကြည့်ပြောပါတော့။ တစ်ခုတော့ သတိပြုပါ။ ဟိုအကောင် ရိပ်မိရင် မြန်မြန်တောင်းရမ်းဖို့ မယ်တော်ကြီး ကပ်ရပ်နေမှဖြင့်....."

"စိတ်ချ စိတ်ချ" ဟု ပြောကာ လူချင်း ခွဲကြပြန်လေ၏။

နင်းမေ ထွက်သွားသောအခါ "သမီးရေ" ဟု ဒေါ်တင်က ခေါ်လိုက်သောအသံကို ကြားရလေ၏။ ရင်ရွှေသည် ဆံပင်ကို ကပိုကရိုပတ်ကာ ထွက်ခဲ့ရာ အသားလတ်လတ် ဗိုလ်ကေ ကျကျနနဖြီးထားသော လူရွယ်တစ်ယောက်နှင့် မျက်နှာချင်းဆိုင်မိလေလျှင် ရင်ထဲမှာ ထိတ်ခနဲ ဖြစ်၍သွားလေ၏။

"ဟောဒီက မောင်ညွှန့်တင်ပါ သောက်ရအောင် ကာဖီဖျော်လိုက်ပါ သမီးရယ်" ဟု ပြောပြန်သဖြင့် မငြင်းသာသောကြောင့် ကာဖီများဖျော်ကာ မိခင်၏ဘေးတွင် ယွန်းလင်ပန်းနှင့် ထည့်၍ချလာလေ၏။

"ကိုင်း မောင်ညွှန့်တင် ကာဖီပူပူလေး သောက်လိုက်ပါဦး"

"ဒုက္ခရှာလို့ ဒေါ်ဒေါ်ရယ်။ ကျွန်တော် ဈေးကမုန့်တွေတောင် စားလာသေးတယ်"

"ဒါထက် မောင်ညွန့်တင်တို့ စပါး တော်တော်ဝယ်မိပလား"

"ဟုတ်ကဲ့ (၃၀၀၀) လောက်တော့ ဝယ်မိပြီ။ အောက်က အဒေါ်ကြီးဆီကလည်း စပါး(၄-၅) သောင်းရအောင်ဝယ်။ ဆန်ကြိတ်ပြီး ပို့လိုက်လို့ မနေ့ကပဲ စာရသေးတယ်"

"မောင်တို့ကတော့ အောက်မှာလူခံရှိလို့ တော်သေးတယ်။ စရိတ်ပိုမကုန်ဘူး"

"တော်တော့ တော်ပါရဲ့ခင်ဗျာ။ နို့ပေမယ့် ဘူလင်ဂျာပူဆိုတဲ့ မျက်နှာဖြူအသင်းကြီးက လက်ဝါးစီးအုပ်နေလို့ အတော်ပဲ အတိုက်အခံလုပ်ရတယ်" ဟု ကုန်သွေးရစ္စာ ကြွားနိုင်သမျှ ကြွားပြီးလျှင် "စကားတော့ ကောင်းပါရဲ့ ဒေါ်ဒေါ်။ စာပြန်စရာကိစ္စတွေက များသေးလို့ ခွင့်ပြုပါဦး" ဟု မတ်တတ်ရပ်လေ၏။

"ကိစ္စရှိလဲ ပြန်ပေဦးတော့လေ။ သိပ်ဝေးတာမှ မဟုတ်ဘဲ။ ဒေါ်ဒေါ်တို့ အားနာစရာ မရှိပါဘူး" ဟု ပြန်လှန်နှုတ်ဆက်စဉ် ညွန့်တင်သည် လက်ကိုင်ပဝါကိုနှုတ်၍ မျက်နှာကိုသုတ်လေ၏။ ထိုသို့ လက်ကိုင်ပဝါ နှုတ်ရာ၌ ညွန့်တင်၏အိတ်ထဲမှ ဖြူဖြူအရာတစ်ခုသည် ကျ၍ကျန်ရစ်သည်ကို မျက်စိလျင်သော ရင်ရွှေတစ်ယောက်သာ မြင်လိုက်လေ၏။ ရင်ရွှေသည် လက်ဖက်ရည် ကာဖီများကို သိမ်းပြီးနောက် မယောင်မလည်နှင့် ညွန့်တင် ကျရစ်သောအရာကို ကောက်ယူ၍ ၎င်း၏အခန်းတွင်းသွားကာ ကြည့်ရှုရာ...

*ချစ်နမ...မနင်းမေ၊ မင်းကို မောင်သည် ကြောရရှိသဘောနှင့် ချစ်ခင်ခဲ့သည် မဟုတ်ပါ။ မောင့်စိတ်ရင်းအတိုင်း ချစ်ခင်ခဲ့ရိုး မှန်ပါသည်။ ယခု မရင်ရွှေအိမ်သို့ အလည်အပတ်သွားရာ၌ မောင်သည် မရင်ရွှေကို ဘယ်လိုမှ သဘောမထားပါ။ မင့်သဘောကသာ မယုံသင်္ကာဖြစ်ပြီး မောင့်ကို မနေ့ကစာမျိုး ရေးသည်ဟု ထင်ပါသည်။ နမ္မားတို့ အလံပိုလ်တို့အကြောင်းကို မင်းဘယ်လုပ်ကြံပြောသော်လည်း ဒေါ်ဒေါ်တင်တို့က မယုံကြပါ။ မောင့်စိတ်မှာ မရင်ရွှေကလေးကို နမကလေးလို သဘောထားကြောင်း မရင်ရွှေ သိပါလိမ့်မည်။ နမ မနင်းမေကသာ မနေနိုင်မထိုင်နိုင်ဖြစ်ပြီး မရင်ရွှေကလည်း တစ်မျိုးတစ်မည် ဖြစ်အောင် ကြံဖန်သည့်အတွက် မောင် အထူးဝမ်းနည်းပါသည်။ ယခုဖြင့် မောင့်စိတ်မှာ မိန်းမတို့ဓာတ်သဘောကို မချိန်ဆတတ်အောင် ဖြစ်ပါသည်။ သို့ရာတွင် မောင့်စိတ်တွင် မနင်းမေအပေါ်၌ ရှေးကမေတ္တာအတိုင်း မပျက်သော်လည်း ပေါင်းသင်းဆက်ဆံရေးကား အထူးစဉ်းစားရ ကြပ်လျက်ရှိပါသည် ချစ်နမ။*

ရင်ရွှေသည် ညွန့်တင်ကျရစ်သော အထက်ပါစာကို ဖတ်ရှုပြီးနောက် မျက်ရည်များလည်လျက် မနင်းမေ...ငယ်ပေါင်းချင်း ကြံရက်ပါပေရဲ့။ ရှင့်လူကို ကျွန်မ မလုပါဘူးရှင်။ ရှင် ဘယ့်နှယ်ကြောင့် ဒီစိတ်တွေ ထားရတာလဲဟု တွေးတောကာ ဒေါမနဿ စေတသိက်ကလေးများ တဖွားဖွား ထွက်ပေါ်၍ လာလေ၏။ တစ်ဖန် ငယ်စဉ်ကတည်းက ပေါင်းသင်းလာသော နင်းမေမှာ ကွေ့လိမ်ဉာဏ်မရှိကြောင်း တွေးတောမိသောအခါ များစွာ အစဉ်းစားရကြပ်၍ နေလေ၏။ မိန်းမတို့စိတ်သဘော မည်သည်မှာ မည်မျှပင် နလုံးကောင်းစေကာမူ အချစ်နှင့် ပတ်သက်လျှင် ဝန်တိုတတ်စမြဲ ဖြစ်သောကြောင့် ဧကန္တ နင်းမေသည် မိမိနှင့် ညွန့်တင် ချစ်ခင်မည်ကို မနာလိုသဖြင့် ထွေးမောင်နှင့် ဆက်သွယ်သည်ဟု စဉ်းစားပြန်လေ၏။ ဟယ် ရှေ့တွင် ပြောင်မေးတာ အရှင်းဆုံးပါပဲဟု စာရွက်ကလေးကို သိမ်း၍ထားလိုက်လေ၏။

***

နင်းမေနှင့် ရင်ရွှေတို့အိမ်မှာ (၄-၅) အိမ်မျှ ခြားသဖြင့် ညနေ ထမင်းချက်ချိန်၌ နင်းမေသည် ရင်ရွှေရှိရာ မီးဖိုခန်းသို့ ဝင်ခဲ့လေ၏။ ရင်ရွှေသည် ပါးစပ်ကို အနိုင်နိုင်လှုပ်လျက် လာလေဟု ခေါ်ပြီးနောက် အိမ်ပေါ်သို့ တက်သွားပြီး စာကလေးကို ယူခဲ့ကာ "ကောင်းပါလေ့ မနင်းမေ၊ ဒီမယ်ကြည့်ပါဦး" ငိုမဲ့မဲ့ မျက်ရည်လည်လျက် ပြလေ၏။ နင်းမေသည် စာကို ဆုံးအောင်ဖတ်ပြီးနောက် မျက်ရည်ပေါက်များဖြင့် စာရွက်ကိုရွဲစေလျက် "ဒီမအေ၊ တယ်လေ.... ဆဲရ မကောင်းပါဘူး၊ မရင်ရွှေ ကျွန်မသဘော ရင်သိသားပါလား၊ ဒါ သူလုပ်ကြံရေးထားတာ၊ ကျွန်မနဲ့ ဘာမှမဖြစ်ဘူး၊ ဒါ... အမှန်။ ရှင့် ခြေရည်လက်ရည် သောက်ရစေရဲ့။ အဝီစိ ကျရစေရဲ့။ သေချင်းဆိုးနဲ့...."

"အို မကျိန်ပါနဲ့ မနင်းမေ။ အကြောင်းသိရရင် တော်ရောပေါ့"

"အို.... မတော်နိုင်ဘူး။ ဒီစာနဲ့ပြပြီး ဖိနပ်နဲ့ချရမှ ကျေနပ်မယ် ပေး ပေး...." ဟု ဆိုစဉ် ရင်ရွှေသည် စာရွက်ကို မီးထဲသို့ ထည့်လိုက်လေ၏။ "မတော်ဘူး မနင်းမေ၊ လူကြားရင် ရှက်စရာကြီး ၊ ကျွန်မယုံရင် ပြီးရောပေါ့။ မယုံရင် ဒီစာကို ပြနေပါ့မလား"

"ဒီလိုနဲ့ ကျွန်မ မကျေနပ်သေးဘူး။ ဒါဟာ ထင်ယောင်ထင်မှား ဖြစ်အောင် လုပ်တာ။ ဒီတော့ ကျွန်မနဲ့ သမီးရည်းစား ဖြစ်ရိုးမှန်ရင် သူ့ကို ကျွန်မ အရက်တကွဲ မလုပ်ရက်ပေဘူးနော်၊ ပြီးတော့ ကျွန်မချိန်းဆိုရာ သူလည်း လာရမှာပေါ့ ဟုတ်လား။ ဒီတော့ ကျွန်မလက်ရေးနဲ့ နက်ဖြန်ည (၆) နာရီကို ကျွန်မတို့ အိမ်နောက်ဖေး တွေ့ဆုံစကားပြောဖို့ ချိန်းလိုက်မယ်။ သူဟာ မှုမမှန်ရင် မလာဝံ့ပေဘူး။ တကယ်လို့ ငါယောက်ျားဟဲ့ဆိုပြီး လာချင်လာမယ်။ လာရင် ကျွန်မဖိနပ်နဲ့ ချလွှတ်မယ်"

"ရှင့်စာအရ လာတယ်ဆိုရင် မခက်ပေဘူးလား။ ဒီတော့ ရင်ကပဲ ချစ်ကြိုက်နေသလို ဖြစ်မှာပေါ့။ ယောက်ျားဆိုတာ ရှက်ရှက်နဲ့ ရမ်းချင် ရမ်းမှာ..."

"ဒါဖြင့်ရင် (လက်ဝတ်လက်စားတွေ ချွတ်လျက်) ဟောဒါတွေ ရင်ယူထား။ ကျွန်မလက်ရေးနဲ့စာကို သူပြနိုင်ရင် ဒီလက်ဝတ်လက်စား ရင်လုပ်ချင်ရာ လုပ်။ ရင်မလုပ်ရင် ကျွန်မ နန့်ရင်းချောင်းထဲ သွားပစ်မယ်။ အလွန်ယုတ်မာတဲ့ သူ" ဟု ငိုယိုပြန်သဖြင့် ရင်ရွှေကပင် ဖျောင်းဖျချော့မော့ ရလေ၏။

"ကိုင်းပါ မနင်းမေ။ ကျွန်မ ယုံတယ်ဆိုရင် ပြီးရောပေါ့။ ယူပါ ရှင့်လက်ကောက်တွေ နားကပ်တွေ"

ထို့နောက် ဒေါ်ရင် ဝင်ရောက်လာသဖြင့် နင်းမေ ပြန်၍သွားလေ၏။

***

တစ်လခန့်ကြာသောအခါ ရင်ရွှေသည် ရင်းနှီးသူများနှင့် အမျိုးမျိုး စုံစမ်းကြည့်လေရာ နင်းမေနှင့် ညွှန့်တင် လုံးဝ အဆက်အသွယ် မရှိကြောင်း သိရှိရသည့်အပြင် ညွှန့်တင်၏ဦးလေးက မိခင်ဖြစ်သူအား နူးနပ်ပြောဆိုသဖြင့် အကြပ်ကျလျက် ညွှန့်တင်၏ ရန်နှင့်ဝေးအောင် နင်းမေကိုပင် လူရင်းပြုလုပ် တိုင်ပင်ရလေ၏။ ညွှန့်တင်မှာကား ရင်ရွှေအား ရတော့မည်မလွဲဟု ပျော်ပွဲဆင်ဖို့ရာ အချိန်တွေကိုသာ မျှော်မှန်း၍ နေလေ၏။ မိုးညှင်းမြို့ တစ်မြို့လုံး၌လည်း ညွှန့်တင်နှင့် ရင်ရွှေ မကြာမီ တောင်းရမ်းလက်ထပ်တော့မည် ဟူသောသတင်းများ ပျံ့နှံ့၍နေလေ၏။

တစ်နေ့သ၌ကား ညွန့်တင်သည် ဈေးမြောက်ဘက် တရုတ်ခေါက်ဆွဲဆိုင်၌ ဦးရည်တစ်ပုလင်းနှင့် ခေါက်ဆွဲများ မှာယူစားသောက်ကာ နေလေ၏။ ထိုအတွင်း အရပ်ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ဝင်လာသဖြင့် ....

"ဩော်... ကိုစိုးရပါလား။ လာလေ လုပ်ပါဦး" ဟု ဦးရည်တစ်ခွက်ကို ပေးလေ၏။ စိုးရဆိုသူလည်း ဦးရည်တစ်ခွက်ကို သောက်ချရင်း ညွန့်တင်၏ နားနားသို့ကပ်၍ တစ်စုံတစ်ရာကို ပြောလိုက်ရာ ညွန့်တင်မှာ မျက်လုံးပြူးလျက် "အဟုတ်လား ကိုစိုးရရဲ့" "အဟုတ်ပါ ကိုညွန့်တင်၊ ဒီကနေ့ သန်းခေါင်ကျော် နံနက်(၄) နာရီ အထွက်ပဲ။ ထွေးမောင်က စောင့်နေပြီး ရင်ရွှေနောက်ဘေးက လှည့်လာတော့ ဘီလူးမြို့ ပြေးကြမှာပဲ"

"ကိုင်း ...ကျေးဇူးတင်တယ် ကိုစိုးရ" ဟု ခေါက်ဆွဲကုန်အောင် မစားနိုင်ဘဲ ညွန့်တင် ပြန်၍သွားလေ၏။ ၎င်း၏အကြံမှာ ထွေးမောင်အစား ဟန်ဆောင်လျက် ရင်ရွှေကို ခိုးယူပြေးရန် ဖြစ်လေ၏။

ပြာသိုလဆန်း(၁၀) ရက် လကလေးကား သန်းခေါင်ကျော်လျှင် မိုးညှင်းမြို့ အနောက်ဘက် ခပ်လှမ်းလှမ်းရှိ တောင်များအပေါ်မှ ပျောက်ကွယ်သွားလေ၏။ တစ်နာရီကျော်ကျော်ကြာလျှင် နန်းခမ်းရပ် အိမ်ကြီးတစ်ဆောင်ဘေး၌ လူတစ်ယောက်သည် တစ်စုံတစ်ဦးကို စောင့်စား၍နေလေ၏။ ထိုသူကား ညွန့်တင်ပင် ဖြစ်လေ၏။ မကြာမီ ထိုအိမ်ကြီးနောက်ဖေးမှ တဘက်ခြုံထားသော လူတစ်ယောက်သည် ပေါင်ဒါနှင့် ရေမွှေးနံ့တို့ဖြင့် ကြိုင်စေလျက် ထွက်ပေါ်လာလေ၏။ နင်းခဲတို့သည် ထိုသူနှစ်ဦးအား ဖုံးကွယ်ထားသည် တစ်ကြောင်း၊ ညွန့်တင်မှာ ထွေးမောင် ဟန်ဆောင်ထားသည် တစ်ကြောင်းများကြောင့် လက်ပြခြေပြဖြင့် ဈေးဆီသို့ တဘက်ခြုံထားသူက ရှေ့မှ ညွန့်တင်က နောက်မှ လာကြလေ၏။ ဈေးမှ ဘူတာသို့ ရောက်သောအခါ မိုးကောင်းသွားရန် အသင့်ထိုးထားသော လိုကယ်ရထားကိုကျော်လွန်ပြီး ဘီလူးမြို့သွားသော လမ်းအတိုင်း သွားကြလေ၏။ တစ်နာရီခန့် သွားမိသောအခါ (၅) နာရီထိုး၍ ခရီးနှစ်မိုင်ခန့် ရောက်ရှိကြလေ၏။ ရင်ရွှေသည်ကား ခြေလှမ်းသွက်သည်ထက်သွက်ကာ နောက်ဆုံး၌ အတင်းပြေးရာ ညွန့်တင်လည်း အတင်းပြေး၍ လိုက်လေ၏။ ဝါးတစ်ရိုက်ခန့်အကွာ၌ ရင်ရွှေမှာ လုံချည်ကိုမ၍ ပြေးရာ ဘောင်းဘီတိုကလေးကို မြင်ရလေ၏။ ထိုအခါမှ ညွန့်တင်မှာ အလိမ်မိပြီဟု ဒေါသဖြစ်လျက် အတင်းလိုက်သော်လည်း နင်းထူသောကြောင့် မျက်ခြေပြတ်၍ သွားလေ၏။

မိုးညှင်းဘူတာ၌ ဂျမဒါကုလား သံချောင်းရိုက်ပြီး (၁၅)မိနစ်ခန့်ကြာသောအခါ ရထားထွက်စပြုစဉ် လူတစ်ယောက်သည် ဒုတိယတွဲပေါ်သို့ အပြေးတက်၍ ဝင်ခဲ့လေ၏။ တွဲထဲ၌ကား နင်းမေ စိုးရက တစ်စုံတွဲ၊ ရင်ရွှေက တစ်ယောက်တည်း ထိုင်လျက်နေသည်ကို တွေ့ရလေရာ နင်းမေက "ကိုင်း.... မောတုန်းပဲလား ကိုထွေးမောင်၊ ကိုယ့်နေရာ ကြည့်ထိုင်လေ" ဟု ဆိုသဖြင့် ရင်ရွှေ၏အနားသို့ ကပ်၍ထိုင်လေ၏။ "အို...သိပ်မကပ်ပါနဲ့၊ နင်းတွေရွှဲလို့" ဟု ရင်ရွှေက ထွေးမောင်ကို တွန်းလိုက်သောအခါ နင်းမေနှင့် စိုးရတို့က ရယ်ကြလေ၏။

"ထွေးမောင်ကြီး အရပ်နည်းနည်းပုတာ ဒီနေရာ ဟန်ကျတာပဲ။ ငါ့ ယုတ္တိယုတ္တာနဲ့ ညကပြောလိုက်ရတာ" ဟု စိုးရကပြောရာ "ရှင့် ဉာဏ်ချည်းပဲ မဟုတ်ပါဘူး၊ မနင်းမေရဲ့ ဉာဏ်တွေ အများကြီးပါတာပါ" ဟု ရင်ရွှေက ထောက်ခံလေ၏။ ထွေးမောင်မှာ အမောပြေလာသဖြင့် "ခွေးမသား၊ ကျုပ် ဇိအစ်သတ်ခဲ့ဦးမလို့။ ဟောဒီ မမီမှာစိုးတာနဲ့ ပြေးခဲ့ရတယ်။ ဒါထက် ကာမိုင်း ကြေးနန်းရိုက်လိုက်ပလား၊ နမ္မားကျရင် ပုန်းကြဦးနော်" ဟု ရယ်မောပြောဆိုရင်း ပါသွားကြလေသတည်း။

ကြီးပွားရေးမဂ္ဂဇင်း၊ ၁၉၃၄-ခု၊ ဖေဖော်ဝါရီလ။

# ၁၂။ မယ်ယောဂီ

မယ်ယောဂီ (အမယ်မင်း... မယ်ယောဂီရဲ့) .. ဘယ်တောဘယ်ဆီသို့ မယ်မဒ္ဒီထုံး ပုံမှီးပါလို့ ရိပ်ကြီးရာ ဝနာကြွတော့လေ သာသနာ့ညစ်ကြေး....။

"ဟေ့ ...တော်ကွာ...။ မင်း အလွန်ရှော်တဲ့ အကောင်၊ မင်းပြောင်စရာ မှတ်သလား...။ ဒါ သူငယ်ချင်း ခင်တဲ့လူလား..၊ သွားကွာ ပြန်တော့ လူမှာ အပူတွေရတဲ့အထဲ.."

"ဟဲ ဟဲ... အပူမတွေ့လို့ သူငယ်ချင်း...၊ အပူတွေ့ရင် မင်း ဒီလိုမဆွေးပါဘူး"

"တယ်... စကားအကျ ကောက်နေပြန်ပါပြီ။ မင့် ငိုချင်း အဓိပ္ပာယ် စဉ်းစားစမ်းပါ"

"သွေးထွက်တာထက် မှန်တဲ့ ငိုချင်းပေါ့ကွာ"

"မင်းက ကဗျာကလေး တောက်တီးတောက်တဲ့ စပ်တတ်ရင် အဟုတ်မှတ်ပြီး မယ်မဒ္ဒီဆိုရင် မင်းဘိုးအေက ဝေဿန္တရာ ဖြစ်ရမှာလား"

"ငါ့ဘိုးအေများဖြစ်ရင်... ဟဲဟဲ...နှုတ်ခမ်းမွေးဖြူကြီးနဲ့"

"အိုး... လာပြန်ပြီ။ ပြီးတော့ သာသနာ့ညစ်ကြေး ဘာလဲ... အဓိပ္ပာယ်က..."

"ဟ ..လူရ မိန်းမတွေ၊ မိန်းမတွေဆိုတာ သာသနာ့ အညစ်အကြေးချည်းပေါ့ကွ။ မင်းကသာ မိန်းကလေးတစ်ယောက်၊ ထီပေါက်သလို ချစ်ခင်ထားပြီး သမီးရည်းစားဖြစ်နေလို့ ဒီမိန်းကလေး ယောဂီမ လုပ်တာနဲ့ မစားနိုင် တပိန်ပိန် မသောက်နိုင် တပိန်ပိန် ကိုကလိန် ကျွမ်းထိုးမှောက်ရက် ဂိန် ဆိုတာလို ဖြစ်နေတာ"

"နို့ သူငယ်ချင်းရယ်၊ တို့နှစ်ကိုယ် ဘယ်လောက်ခင်ကြတယ်ဆိုတာ မင်းလည်း အသိသားနဲ့"

"အခုလည်း မခင်ဘူးလို့ ဆိုနိုင်သလား။ ယောဂီမက တစ်စတစ်စ တောထွက်မယ်ဆိုတာများ မင်းက ယုံနေတယ် ထင်ပါရဲ့။ ငါပြောမယ်... နားထောင်။ မင့်ဟာကလေး သူ့ခေါင်းကဆံပင်တွေ စွန့်နိုင်မှာလား၊ ယောဂီဖက်ရှင်ဆိုတဲ့ ယောဂီမများက လှပအောင် သစ်ခေါက်ဆိုးဆေးတစ်မျိုး ထွက်ကြတာနဲ့ မင်း စိတ်ပျက်ရသလားကွ"

"တကယ့်ကို အကျွတ်တရား ရနေတာကွ။ ငါ့ကို သူသိပ်ချစ်တာပဲ"

"သူခြစ်တာ အုန်းသီးနဲ့အုန်းခြစ် ထင်ပါရဲ့ကွာ။ မင့်ချစ်ရီး အမှန်ဖြင့် ..."

"ဟာ ...ရှော်ပြောပြန်ပြီ၊ တကယ့်ကို အသေအလဲ...."

“တော် တော်.. ငါပြောတာ နားထောင်ဦး မင့်လိုလူအ၊ လူပိန်း၊ လူလျှော်၊ လူ့ဗလချာကို နားလည်အောင် ပြောပြဦးမယ်။ ပညာရှိများက မိန်းမအလို မိမိကိုယ်၌ ထိုထိုတန်ဆာ ဆင်ယင်ကာလျှင် နံ့သာနပ်ခါး၊ ရေးသားတင်ထ တပပဖြင့်၊ ဆံစ-ဆံထုံး မျက်ခုံးမင်သတ်၊ ဆံပတ်ဖြီးပုံ၊ ပန်းမျိုးစုံနှင့် အာရုံနစ်သိမ့်၊ ဘဝင်ငြိမ့်၍ ညွတ်စိမ့်မြင်သူ၊ ယောက်ျားဟူက တူရှုတစ်စောင်း ကြည့်ချောင်းမဝ အတွင်းရွလျက် မိန်းမတို့စိတ် ရေဖိတ်သော့သွင် တရှင်ရှင်တည့်... တဲ့၊ ကိုင်း... သူတို့ကိုယ်သူတို့ ဘယ်လောက် အလှအပ ကြိုက်သလဲ။ နားထောင်အမောင်... တစ်ပုဒ် ဆိုပြအုံးမယ်..၊ ‘မိန်းမဘာဝ တုပလူတွင် ဝတ်ဆင်တန်ဆာ လျှပ်ပေါ်စွာကား ရာတန်ထောင်တန်၊ သိန်းတန်မက ရွှေငွေစာသား၊ မြမြစိန်စိန် ထိန်ထိန်လက်လက်၊ နစ်သက်လိုလား၊ ဝတ်စားကိစ္စ၊ အားမရဘူး၊ နေ့ညမခြား၊ လင်ယောက်ျားတို့ ကြိုးစားဥစ္စာ စီးပွားရှာလျက် ရေမှာနစ်နစ်၊ မြစ်မှာမွန်းမွန်း တစ်ကျွန်း၌သော၊ စစ်မြေ၌ရှုံး၊ အသက်ဆုံးလည်း၊ ဆံထုံးပန်းဝေ၊ မချေချရှင့်’ တဲ့၊ ကိုင်း ...ငါအခုရွတ်ပြတာ သူတို့သဘာဝနဲ့ မကိုက်ဘူးလား၊ နားထောင်ဦး နောက်ထပ် ‘မိန်းမဟူသော လောကီငါးဖြာ၊ ဝါသနာနှင့် ပညာရှိပြတ် ပရိသတ်ခွင် ထွက်ဝင်ကင်းဘိ၊ လေ့မရှိသား၊ ဇာတိမွေ့၊ သဘာဝကြောင့်၊ သုတမြင်ကြား၊ အသိရှား၍၊ တရားလက်မဲ့၊ ဉာဏ်ချို့တဲ့လျက်၊ လွမ်းဘွဲ့ပျော်မြူးစားအိပ်ကြူး၏၊ မျက်ရှုးမာန်မူ၊ ပြုစုမနော၊ အတင်းပြောနှင့်၊ အသောအသွမ်း၊ ဖုံးလွှမ်းနှေးညှ၊ လိုမဝတည့်’ တဲ့။ ဟယ်...ဟယ်... သောက်ကျိုးနည်းပါရော၊ ငါဆိုတာ မဟုတ်ဘူး ပညာရှိများ ဆိုတာ၊ ဒါကိုပဲ မင်းက အဟုတ်ထင်ပြီး တောထွက်ချင်တယ်ဆိုတာ နဲ့ စိတ်ညစ်တော့သကိုး”

“သူက မင်းရွတ်ပြတဲ့အစားထဲက မဟုတ်ဘူးကွ”

“အလို... လာပြန်သေးငဲ့.. အမောင် အဲဒီလို မိန်းမဓာတ်သဘော ဘုရားဟောကျမ်းဂန် အထင်အရှားရှိပြန်လို့ နိဗ္ဗာန်နဲ့ မနီးတောင် အစွဲကြီးတဲ့ တဏှာလောဘဇောကို ပြောဟောဖြတ်တောက်တော် မူချင်လို့ ဟို...ဆရာတော်ကြီးက ယောဂီအဝတ် ဝတ်ဖို့ရယ်၊ စိန်၊ ရွှေ ရှောင်ဖို့ရယ် အသေးအဖွဲကလေးတွေကို အလှူခံတော်မူတာ...ကိုင်း ကောင်းပြီ၊ မယောဂီတို့ကို ကြည့်ကြဦးစို့..။ ထုံးထားလိုက်တဲ့ ယောဂီဆံထုံး၊ ပိတုန်းရောင်ပမာ နက်ပြောင်စွာ ပနာရပြီး အာဂအပျိုတွေလို့ ဆိုလောက်တဲ့ ဆံထုံးတွေကိုက လူကြည့်ချင်စရာ၊ ဟော... ယောဂီအဝတ်တဲ့၊ သူ့အရောင်က ကောင်းတယ်၊ ငါ့အရောင်က ကောင်းတယ်နဲ့ တချို့များ ယောဂီဝတ်အတွင်းက ဇာနားတပ် ပိတ်လုံချည်များခံဝတ်တာ ငါ့ရွှေကိုယ် ဒိဗ္ဗစက္ခုနဲ့ မြင်ဖူးသပေါ့၊ စိန်ရွှေလှူပြန်တော့ နာမည်တံဆိပ်ကလေးတွေနဲ့ ငွေလက်စွပ်၊ ဆင်မြီးလက်ကောက် ဝတ်ကြတယ်။ ရသေ့ရောင် ကြယ်သီး၊ အို..ဆရာတော်ကြီးများ ဒီအဖြစ်တွေ ကြားသိရရင် ယခု မဓာတော်မူရာမှာ ပိုပြီး စိတ်မချမ်းမသာ ဖြစ်မှာတောင် စိုးရိမ်ရတယ်။ ငါရွတ်ပြတဲ့ လင်္ကာနဲ့ ကိုက်မကိုက် စဉ်းစားတော့၊ ပြီးတော့ ယောဂီအဖြူဝတ်နဲ့ သစ်ခေါက်ဆိုးဝတ်တွေ ဘယ်သူက တရားကျတယ်လို့ ဂုဏ်ပြိုင်ကြသေး။ တရားကျင့်တာ ဂုဏ်ပြိုင်စရာလား။ လူတိုင်းတော့ မဟုတ်ဘူးပေါ့ကွယ်။ ပြီးတော့လေ ကုန်းပြီး လော်စပီကာနဲ့ အသံကုန်အော်ပြီး ရယ်လိုက်ချင်တာ ရှိသေး။ အမယ်လေးဟ လူတွေ ကော့စမစ်တစ်နဲ့ ဗိုလ်ကေ ကျကျနန ခွဲပြီး ယောဂီညိုသွေးဝတ်၊ စိပ်ပုတီးနဲ့ ယောဂီမတွေနားက ရစ်ဝဲရစ်ဝဲနဲ့ နေတဲ့ ဂျပိုးတွေ( ဘွာ...ဘွာ...သူငယ်ချင်းတော့ အလွတ်ကွယ့်။ ဘာဖြစ်လို့လဲ ဆိုတော့ မင်းက ဗိုလ်ကေပေမယ့် ဝတ်လုံဆိုတဲ့ နာမည်ကြောင့် ပဝါဖြူအုပ်ပေါင်း၊ ပဝါစကောင်းကောင်းကလေးနဲ့ ပေါင်းပြီး နေသေးသကိုး) ၊ အဲဒါကြောင့်သူငယ်ချင်းရဲ့ ဘိက္ခုနီမ ခေတ်ကုန်ကတည်းက မမည်းတို့၊ မဖြူတို့၊ မသူ၊ မခင်၊ တင်တင်၊ စုစု၊ ပုပု၊ ထွေးထွေး ၊ အသေး၊ အကြီး၊ မယ်မင်းကြီးမ ဘယ်သူ့ကိုမှ ရှာန်မပျံသ၍ ဆံထုံးအဆုံးမခံသ၍ ဤရွှေကိုယ်သည် လုံးဝ စိတ်ချရပြီဟု ဘယ်အခါမှ မယုံနိုင်သေးပါကြောင်း။

“မင်းဟာ... ကောလိပ်မှာ အင်္ဂလိပ်စာပြ ဆရာကလေးဖြစ်တာနဲ့ ဘာသာရေး ကန့်ကွက်တဲ့သဘောတွေ ပြောဝံ့တာလား၊ မင်းစကားကို ပညာရှိတွေကြားရင် သိပ်ပြီးအထင်သေးမယ်”

"ဆိုစမ်း ၊ ဘာဖြစ်လို့လဲ။ ငါပြောတာ နည်းလမ်းမကျလို့လား။ ငါက ဗုဒ္ဓဘာသာကို စွန့်ပစ်ဖို့ ပြောသလား။ ငါလည်း ဗုဒ္ဓဘာသာပါပဲကွ"

"အနို့ကွာ၊ ယောဂီတွေ အပြစ်တင်လိုတင်၊ ဘာဖြင့် မကြိုက်ဘူးနဲ့"

"မဟုတ်ဘူး၊ မူလတရားဟောပုဂ္ဂိုလ်ရဲ့ ရည်ရွယ်ချက်နဲ့ အချို့ပြုမူပုံ မကိုက်လို့ ပြောတာကွ၊ ကိုယ်တော်ကြီးမှာဖြင့် ကြားကြရဲ့လားဟရို့၊ လိုက်ဆိုကြဟရို့ နဲ့ ဟောတော်မူလိုက်ရတာ မောလို့၊ ဟော ... မချောတို့ကတော့ ရင်ဘတ်ထဲမှာ... ထီ ဆိုတဲ့ တံဆိပ်ကလေးတွေဆွဲပြီး စိတ်ထဲကတော့ အလှအပ ပြုပြင်၊ သူ့လင်သူချစ်ပြီး လူအဖြစ် လူ့ဇာတ်မှ မစွန့်လွှတ်နိုင်ကြပဲဟာ ဘယ်မှာ ဟန်ကျနိုင်မှာလဲ"

"ရှေးက အပြုအမူတွေထက်တော့ တော်မသွားဘူးလား"

"မင်းက ဒါကိုမြင်တာကိုး။ ရှေ့ကို တစ်မျှော်တစ်ခေါ်ကြီး ကြည့်ရသေးတယ်။ ငါကြိုက်တာပြောရရင် တို့နိုင်ငံဟာ ကျွန်တွင်းနက်တဲ့ နိုင်ငံဖြစ်လို့ မိန်းမတွေဘက်က လူဦးရေတိုးပွားရေး၊ ကလေးပြုပြင်ရေးတွေ အများကြီးလိုသေးတယ်။ မိန်းမပျိုတွေ မြန်မြန်အိမ်ထောင်ပြုကြ၊ မွေးတဲ့ကလေးတွေကို မြန်မာပြည်ရဲ့ သားကောင်းသမီးကောင်းဖြစ်အောင်သွန်သင်၊ အလားအလာမရှိတဲ့ မိန်းမကြီးတွေတော့ ယောဂီလုပ်လုပ်၊ နတ်ပြည်သွားသွား အရေးမကြီးဘူး။ ပြီးတော့ ယောဂီတွေကို နည်းပေးလမ်းပြ၊ ကမ္မဋ္ဌာန်းရဖို့ အလုပ်ကိုလည်း တတ်ကျွမ်းတဲ့ သီလရှင်ကြီးများ၊ မိန်းမယောဂီကြီးများသာ ရှေ့ဆောင်စေချင်တယ်"

"ကိုင်း ... မောင်ဘသော်ရဲ့၊ သူငယ်ချင်းရဲ့၊ မင်းနဲ့ လေရှည်နေလို့ မဖြစ်ဘူး။ ဒီမှာကြည့်စမ်း..." ဟု သတင်းစာတစ်စောင်မှ စာပိုဒ်ကို ထောက်ပြရာ "ရန်ကုန်မြို့၊ ကင်းဘဲလမ်း၊ ဝတ်လုံတော်ရကြီး ဦးဘရွှန်း၏သမီး ခင်ခင်သန်းမှာ စိန်ရွှေလှူရုံတင်မဟုတ်။ ယောဂီအဝတ်နှင့်လည်း အားမရသဖြင့် ဆံထုံးများပင် ရိတ်ချလိုကြောင်းနှင့် မိဘများအား ခွင့်ပန်နေကြောင်း၊ ခင်ခင်သန်းမှာ ရုပ်ရည်ရူပကာရ ချောမွေ့လှ၍ အသက် (၁၉) နှစ်မျှရှိသေးကြောင်း၊ အခြားမိန်းကလေးများ အားကျသင့်ကြောင်း..."

"ဒါဘာဖြစ်သလဲ။ အလကား သတင်းစာတွေက ပေါ်ပင်လိုက်ပြီး ခေတ်ကြိုက်ရေးနေတာပဲ။ သတင်းစာ အရောင်းရတွင်ကျယ်မယ့် လာဘ်မြင်တော့ ယောဂီတွေကို မြှောက်ပေးနေတာပဲ။ ဟောဒီမယ် မင့်ကိုပဲ ကြည့်စမ်းပါဦး၊ 'ဘားလမ်း၊ ဝတ်လုံတော်ရမင်း ဦးဖေလှမှာ အသက် (၂၃) နှစ်မျှ ရှိသေးသော်လည်း ယောဂီအဝတ်ဝတ်လျက် ယောဂီမများအား အမြဲကူညီစောင့်ရှောက်ကြောင်း' တဲ့။ ကိုင်းမဟုတ်လား၊ အမှန်ကတော့ မင်းဟာ ဟဝါဒရဝမ်လုပ်နေတာ ငါအသိပေါ့၊ အခုဆို ခင်ခင်သန်းအတွက် အသက်ထွက်တော့မလို တရားရနေလိုက်တဲ့ဖြစ်ခြင်း"

"အမှန်ပြောရရင်တော့ သူငယ်ချင်းရဲ့ ငါလည်း တရားကျလို့ ရယ်လို့ ဘယ်ဟုတ်မလဲ၊ ကိုယ့်ရည်းစားက ယောဂီမ အဝတ်နဲ့ပါနေတော့ သူ့မျက်နှာလေး မြင်ရရင်ပြီးရောလို့ စိပ်ပုတီးနဲ့ ဟန်ပန်ထုတ်နေရတာပဲကွ"

"တယ် ငါ လော်စပီကာနဲ့ ရယ်လိုက်ရ။ ဒါတွေကြောင့် ငါပြောတာဟာ သွေးထွက်တာထက် မှန်သေးတယ်လို့ ပြောတာ။ မိန်းမစိတ် အမြဲတည်တယ်ဆိုတာ မင်းကယုံနေသေးတယ်။ ဒီတော့ မင်း အဟုတ်လိုချင်ရင် ပြန်ပြီးနှူးဦး၊ ပါလာမှာပါ။ ကိုင်းကွာ ငါလည်း အလုပ်ရှိသေးတယ်။ သွားဦးမယ်" ဟု ဘသော် ထွက်၍သွားလေ၏။

***

ဝတ်လုံ မောင်ဖေလှကား တစ်ယောက်တည်း ပင့်သက်ရှူလျက် ကျန်ရစ်လေ၏။ ထို့နောက် တစ်ဖန် သတိရပြန်သဖြင့် အဝတ်အစားများလဲကာ ကင်းဘဲလမ်းသို့ ကားနှင့်ထွက်ခဲ့လေ၏။ ဦးဘရွှန်း၏ တိုက်ပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အဖတ်ကလာပ်၊ အရည်ကလာပ်သံများကို ကြားရလေရာ မောင်ဖေလှမှာ ခေါင်းကြီးငုံ့၍ သွားလေ၏။ ဣန္ဒြေမပျက် ညှေ့ခန်းသို့ ဝင်သွားရာ ခင်ခင်သန်းသည် ဝိသုဒ္ဓိ ကျင့်စဉ်ကျမ်းကိုကိုင်လျက် ယောဂီဝတ်များဖြင့် ဣန္ဒြေရရလာလျက် မျက်နှာထားတည်တည်နှင့်…"သြော် ..ကိုဖေလှပါလား.. ဘယ်ကများလာရင်း ဝင်လာသလဲ"

မောင်ဖေလှမှာ စကား တော်တော်နှင့် မပြောနိုင်ချေ။ မနည်းဟန်လုပ်လျက် အတန်ကြာမှ "ဒီကိုလာတာပဲ" ဟု ပြောလေ၏။ (ဘာကိစ္စလဲ) ဖေလှ စကားမပြောနိုင်ပြန်၊ တွေဝေလျက် ရှေးဟောင်းနှောင်းဖြစ်ကို....

***

လှပသပ်ရပ်သော နယူးဖို့ဒ် ကားကလေးတစ်စီးသည် ကင်းဘဲလမ်း၊ ခမ်းနားသော တိုက်တစ်တိုက်ရှေ့သို့ ရပ်မိသည်နှင့် တစ်ပြိုင်နက် ကားပေါ်မှ သပိတ်ရောင်ထသော ဗိုလ်ကေနှင့် အသက် (၂၀) အရွယ် လူငယ်တစ်ယောက် ဆင်း၍လာကာ တိုက်ထဲသို့ ခပ်မြန်မြန်ဝင်ခဲ့လေ၏။ ၎င်း၏ ပြုံးရွှင်သော နှုတ်ခမ်းမှ...

"ခင်ရေ... ခင်ရေ... ဦးတို့ ကြီးကြီးတို့ကော"

"ရှင်.... ဘဘရော မေမေနဲ့ ဂျူဗလီ သွားကြတယ်လေ။ ကိုကို ဘိလပ်သွားရတော့မယ်ဆို... ဟုတ်လား" ဟု အပြန်အလှန် ပြောကြရင်း ဆိုဖာပေါ်တွင် နှစ်ဦးသား ယှဉ်၍ ထိုင်မိကြလေ၏။ မိန်းကလေးမှာ မျက်တောင်ကော့ကော့၊ အသားဝါပျော့ပျော့နှင့် အတော့်ကို လှပသူကလေး ဖြစ်သည့်အပြင် ဆံတောက်စကလေး မဝင့်တဝင်နှင့် ခင်မင်သူ၏ စိတ်ကို ယိုဖိတ်အောင် ဆွဲငင်နိုင်စွမ်းရှိသော (၁၆) နှစ်အရွယ် ဖြစ်လေ၏။

"ဟုတ်တယ်။ ကိုကို သွားဖြစ်မယ်"

"ခင်ကြားဖူးတယ်၊ ဘိလပ်သွားတဲ့လူများဟာ ဟိုကျရင် ဘိလပ်သူတွေနဲ့ အကြောင်းပါပြီး အို...ခင် ကိုကိုနဲ့ မပေါင်းရသေးပေမယ့် ရန်ကုန်တစ်မြို့ထဲမှာ နေရတော့ ခင် အားရှိတယ်၊ ခုတော့...ခုတော့..."

"ဟင်...ခင်ရယ်၊ ဘာလို့ ငိုရတာတုန်း၊ ကိုကိုနဲ့ခင် တစ်သက်လုံး လူလုပ်ဖို့ သွားရတာပါကလား..။ ကိုကို ခင့်ဖို့ ပညာသင်သွားရမှာ"

"သိတော့သိတယ်။ ဒါပေမဲ့ ကိုကိုနဲ့ မခွဲချင်ဘူး.." ဟု ကန့်ကယ ဖြစ်နေသဖြင့် ယောက်ျားကလေးမှာ ပွေ့ပိုက်မျက်ရည်သုတ်ပေးကာ ချော့မော့ရပြန်လေ၏။

## ၃ နှစ်ခန့်ကြာသောအခါ

တစ်ပတ်ရစ်သာသာ ဖို့ဒ်ကားကလေးသည် ယခင် တိုက်ပေါက်သို့ ရပ်ကာ တိုက်ရှိလူကြီးများနှင့် အကျိုးအကြောင်း နှုတ်ဆက်ပြောဆိုပြီးနောက် သမီးဖြစ်သူနှင့် သမက်လောင်း ဘိလပ်ပြန် ဝတ်လုံတော်ရကလေးနှင့် မျက်နှာလွှဲခဲ့ကြလေ၏။

"ကိုကို...ခင်ပေးတဲ့စာကို ရရဲ့လား။ ခင်ဖြင့်လေ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ စာမေးပွဲ အောင်မြင်ပါစေနဲ့ အမြဲဆုတောင်းနေတာပဲ။ ကိုကို့ ဘီလပ်သူကလေးကော"

"ဘာလဲ၊ ရန်စတာလား၊ ကိုကို့မှာ ခင့်ကိုလွမ်းရတာနဲ့ သူများပိုးဖို့ စိတ်ကူးတောင်မရဘူး၊ ဟောသည့်ခင်ကလေးမှ ကိုကို့ကြင်ယာတော်အစစ်(အို ကိုကိုရဲ့၊ အရမ်းချည်း ဟိုမယ် ချာပရာစီ) ခွဲရတာကြာလို့ အားမရနိုင်ဘူး၊ ဒါထက် ခင် နည်းနည်းပိန်သွားတယ်နော်"

"သိတဲ့အတိုင်းပဲ၊ ကိုကို (၃) နှစ်ကြာရင် ပြန်လာမှန်း တွေးမိပေမယ့် ခင့်စိတ်ဟာ တစ်နေ့မှ မအေးဘူး၊ နေရာ မြန်မြန်ကျအောင်သာ ကိုကိုရယ်"

"စိတ်ချ စိတ်ချ၊ ကိုကို ပြောပြီးစကား ဘယ်တော့မှ မဖျက်ဘူး"

## ၆ လခန့်ကြာသောအခါ

ရန်ကုန်မြို့သည် ပေါ်ပင်တစ်ခေတ်ကို တစ်ပုံတစ်ခေါင်းကြီး ပြုမူလိုက်နာတတ်ကြသည့်အတိုင်း ယောဂီခေတ်ကြီး ထွန်းကားလိုက်သည် ဟူသတတ်။ ယခင်ယောက်ျားပျိုသည် မိမိတို့ မင်္ဂလာအခမ်းအနားအတွက် စီစဉ်လိုသဖြင့် ရည်းစားသည်ထံ သွားရောက်အကျိုးအကြောင်း ပြောဆိုရာ ရည်းစားသည်၏ အမူအရာမှာ ရှေးကလို မဟုတ်။ တစ်မျိုးတစ်ဖုံ ပြောင်းလဲလျက် တရားကျနေသဖြင့် ယောဂီမအဖြစ်က ခေါင်းတုံးရိတ်ပြီး ဘိက္ခုနီမ လုပ်ချင်ကြောင်းများနှင့် တကွ အဖတ်ကလာပ်၊ အရည်ကလာပ် သဘောကို စီးယိုအာပေါ စသည်တို့နှင့် ပြောပြရာ...

"အို ခင်ရယ်..၊ အစက ကတိထားပြီးတော့ ခုမှ"

"အို အိမ်ထောင်ရေး ကတိပျက်လို့ ငရဲကြီးမယ် မထင်ပါဘူး"

"ဒါဖြင့်လည်း ခင့်သဘောပေါ့လေ" ဟု နှုတ်ဆက်ကာ ထခဲ့လေသတည်း။

***

မောင်ဖေလှသည် အထက်ပါအတိုင်း စဉ်းစားနေရာမှ ခင်ခင်သန်း၏ မျက်နှာကိုကြည့်ရှုရာ ခင်ခင်သန်းမှာ သတ္တဝါအနန္တပုထုဇဉ် ကလေးတစ်ဦးအား သနားသောစိတ်နှင့် ကြည့်ရှုသည့် လက္ခဏာဖြင့် ...

"ကိုဖေလှ စဉ်းစားနော်၊ ခင်တို့နေရတာ ရေပွက်ပမာ ခဏတာ..."

"ခင် ကျုပ် အကုန်သိတယ်။ ခင်နဲ့ ရင်းနှီးဖူး ကတိထားဖူးတော့ မစွန့်နိုင် မပစ်နိုင်၊ ခင်ဗျား ယောဂီမလုပ်လျှင် ကျုပ်တော့..."

"ဩော် ...ဘုရားရေ၊ တယ်လည်း အစွဲသန်ပါကလား၊ ဒါကြောင့် ဆရာတော်ဘုရားကြီး..."

"တော်တော်... ခင့်ဆီ တရားနာလာတာ မဟုတ်ဘူး၊ ခင့်သဘော ဘယ်လိုဆိုတာ..."

"ဒါတော့ ပြောပြီးပြီ။ ကိုဖေလှ သဘောကျရာနဲ့သာ..."

"ကိုင်း...ခင် ပြန်တော့မယ်၊ မကြာခင် သတင်းကောင်း ကြားရမယ်" ဟု ဖိနပ်သံ ခပ်ပြင်းပြင်းနှင်း၍ ထွက်ခဲ့လေ၏။

ဖေလှသည် တိုက်သို့ရောက်လျှင် အင်္ကျီအဝတ်အစားတို့ကို တစ်ယောက်တည်း ရန်ဖြစ်လျက် ဆောင့်အောင့်ကာ ချွတ်ပစ်နေစဉ်...

"ဟား ဟား...မိန်းမက မချစ်ဘူး ဆိုတာနဲ့များကွာ"

"ဟော့အကောင် မင်း အလုပ်မသွားဘူးလား"

"ငါ မင့်အကြောင်း သိချင်လို့ ကနေ့ အလုပ်မသွားဘူး၊ မင်းကို သူ စွန့်လိုက်တယ် မဟုတ်လား။ မင်း သူ့ကို အဟုတ်လိုချင်တာလား"

"တယ်ကွာ... မင်း ငါ့ကို မေးစရာ မလိုဘူး၊ မနက်ဖြန် သတင်းကောင်း ကြား..."

"ဟားဟား...တယ် ငါ လော်စပီကာနဲ့ ရယ်လိုက်ရ။ ကိုင်း...မင်း ငါ့စကားနားထောင်၊ ငါ အတည်ပြောတာ" ဟု အကျိုးအကြောင်း တိုင်ပင်ပြီးနောက် "မဟုတ်ဘူးလားကွ၊ မိန်းမရှားသမို့လား တကတည်း..." ဟု ပြောဆိုရင်း ဘသော် ထွက်၍သွားလေ၏။

## ၁၀ ရက်ခန့်ကြာလျှင်

ရန်ကုန်မြို့၊ ဘားလမ်း ဝတ်လုံတော်ရ မောင်ဖေလှနှင့် မော်လမြိုင်မြို့ စက်ပိုင်ဆန်ပွဲစားကြီး ဦးဘထွန်း၏သမီး မကြင်မေတို့ကို ၁၂၉၆- ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်နေ့၌ ဂျူဗလီတွင် လက်ထပ်မည်ဖြစ်ကြောင်း ဟူ၍ တွေ့ရှိကြရလေ၏။ (၂) ရက်မျှ ကြာသောအခါ ကင်းဘဲလမ်း ခင်ခင်သန်း၏တိုက်သို့ ဘသော်သည် ရေးကြီးသုတ်ပျာနှင့် ရောက်၍လာပြီးလျှင်....

"ရ မရ မပြောတတ်ဘူး။ တိုက်မှာ ဆရာဝန်နဲ့ ကြိတ်ပြီး ကုနေရတယ်၊ သူသောက်တာ တကယ်ပြင်းထန်တဲ့အဆိပ်မို့ ခက်တာပေါ့" ဟု မျက်နှာညှိုးငယ်စွာနှင့် ပြောလေရာ ခင်ခင်သန်းသည် ရှောတဘက်ကလေးကို ခြုံကာ "ကိုင်း ကိုင်း ကျွန်မ လိုက်ခဲ့မယ်" ဟု ဘသော်၏ကားနှင့် လိုက်၍လာလေ၏။

ခင်ခင်သန်းကား ဖေလှ အခြားမိန်းမတစ်ဦးနှင့် လက်ထပ်မည်ဆိုကတည်းက စိတ်နလုံး တုန်လှုပ်ခြောက်ချားနေရာ မိမိအတွက် ဖေလှများ သေသွားရင်ဟု မစဉ်းစားဝံ့အောင် ဖြစ်၍နေလေ၏။

ဘားလမ်း ဖေလှ၏တိုက်သို့ရောက်လျှင် ဘသော်ထက် ခြေလှမ်းသွက်ကာ လူမမာခန်းသို့ ဝင်ရောက်သွားရာ လူမမာမှာ သတိရတစ်ချက် မရတစ်ချက်နှင့် ဖြစ်၍နေသဖြင့် အရှက်အကြောက် ပမာမထားနိုင်တော့ဘဲ "ကိုကို ခင်လေ မျက်လုံးဖွင့်ပါဦး" ဟု ပွေ့ဖက်မည်အလုပ် ဆရာဝန်က "ကျုပ်တို့ တစ်ညလုံး စောင့်ကုရတယ်။ သူ ခုမှ နည်းနည်းအိပ်ရမယ်၊ တစ်ဆိတ်လောက် သည်းခံပြီး မနှိုးပါနဲ့၊ လူကိုချစ်ရင် နာရီဝက်လောက် အချိန်စောင့်ပေးပါ။ ကံကောင်းရင် ပြန်ရှင်မှာပဲ" ဟု ပြောစဉ် ဘသော်က " အလကား ခွေးမသား ။ မိန်းမတစ်ယောက် မရတာနဲ့ ငါလေ...

မင်းလား ယောက်ျားစေ့ ဖျက်တဲ့အကောင်” ဟု ကြိမ်းဝါးရင်း ဆရာဝန်အား ဆွဲခေါ်ကာ အပြင်သို့ ထွက်ခွာသွားကြလေ၏။

**တစ်နာရီခန့် ကြာသောအခါ**

ဆရာဝန်နှင့် မောင်ဘသော်သည် ပိုသံကြားရမလား၊ ရယ်သံကြားရမလားဟု ဖိနပ်သံမပေးဘဲ အသာအယာ ခန်းဆီးကို မ၍ကြည့်လိုက်ရာ ဆရာဝန်နှင် ခေါင်းချင်းတိုက်မိသဖြင့် အတော်နာကျင်၍ သွားကြလေ၏။ အခန်းထဲမှာလည်း လူမမာနှင့် ပြောကြသော အသံများကား...

“ကိုကိုတို့ ယောက်ျားတွေဟာ အလွန်ဉာဏ်များတယ်၊ သတင်းစာတိုက်မှာလိမ်ပြီး ကြော်ငြာတယ်၊ အဆိပ်သောက် မိချင်ယောင်ဆောင်တယ်။ လူကို ထိပ်သွေးရောက်လို့ ဖယ်ပါ၊ ခုမှ ချွဲမနေပါနဲ့”

“နို့ ခင်က အဟုတ် ယောဂီမ လုပ်မယ်ဆိုလို့၊ ခင် လုပ်တော့မှာလား”

“ဟုတ်တယ်။ ကိုကိုက နောက်အသစ်တစ်ယောက် ယူချင်သေးလို့ ခဏခဏ မေးနေရတာပေါ့။ ဖယ်ပါ။ ကိုဘသော်တို့ လာမှဖြင့် ရှက်စရာကြီး”

ဘသော်နှင့် ဆရာဝန်သည် တိုက်ပေါက်မှ နောက်သို့လာလေဟန်ဆောင်လျက် ဖိနပ်သံပေး၍ လာကြစဉ် “မယ်ယောဂီ...ဘယ်တော ဘယ်ဆီသို့” စသဖြင့် သီးချင်းဆိုလိုက်ရာ ခင်ခင်သန်းမှာ မျက်နှာမထားတတ်အောင် ဖြစ်လျက် ဘသော်ကို ရန်တွေ့၍ နေလေသတည်း။ ။

ကြီးပွားရေးမဂ္ဂဇင်း၊

၁၉၃၄ - ခု၊ ဒီဇင်ဘာလ ။

## ၁၃။ မီးအိမ်ပျံ ထဘီအုပ်

စစ်ကိုင်းမြို့ ဆိပ်ခံသမ္ဗန်ကြီးတွင် ရက်မှန်သင်္ဘောဆိုက်ကပ်၍ ကုန်များ တင်ချနေလေ၏။ ဆိပ်ခံသမ္ဗန်၏ အပြင်ဘက်က တွဲသမ္ဗန်။ ထို့အပြင်ဘက်က ရက်မှန်သင်္ဘောဖြစ်၍ မီးရထားကူးတို့သင်္ဘောမှာ အပြင်ဘက်ဆုံးက ကပ်၍ထားရလေ၏။ နံနက် (၈) နာရီခန့်အချိန်တွင် မြင်းခြံကူးတို့သင်္ဘောသည် ဥဩသံ ဆူညံစွာနှင့် စုန်ဆင်းလာရာ မီးရထားသင်္ဘောက လာမကပ်နဲ့။ ငါ အခုထွက်မှာ ဟူသောအဓိပ္ပာယ်ဖြင့် ဥဩပြန်၍ မှုတ်လေ၏။

ရက်မှန်သင်္ဘောကလည်း ဒီအကောင်ထွက်ရင် ငါလည်းထွက်တော့မှာဟု ဥဩပေးပြန်လေ၏။ သို့နှင့် မြင်းခြံသင်္ဘောမှာ ဆိပ်ခံသမ္ဗန်ကြီးတွင် ဆိုက်ကပ်ခွင့် မရတော့ချေ။ ငါမကပ်နိုင်တော့ဘူးဟု ခေါ်သည့်အလား မြင်းခြံသင်္ဘောမှာ ဆိပ်ခံသမ္ဗန်ကြီး၏ အောက်ဘက်ကမ်းခြေနှင့် မလှမ်းမကမ်းတွင် စက်ဖုံးတစ်ပတ်နှစ်ပတ်လည်လျက် ရပ်နားနေပြီးလျှင်

သင်္ဘောကုလားများက ဆန်မန် ဆန်မန်ဟု အော်လေ၏။ ထိုအခါ၌ အချက်ကောင်းကို စောင့်၍နေသော ငှက်သမားများနှင့် ကူလီတို့ ပါတနာလုပ်ခါ ငှက်ဆယ်စင်းခန့် မြင်းခြံသင်္ဘောသို့ ကပ်လေ၏။ တောင်လေကလေးမှာ မပြင်းတပြင်း တိုက်ခတ်လျက်ရှိရာ သင်္ဘောလှိုင်းများလည်း ထလျက်ရှိသောကြောင့် အလွန်ကျွမ်းကျင်သော ငှက်သမားတို့သည် မြင်းခြံသင်္ဘော၏ အနောက်ဘက်ကကပ်၍ ငှက်ဦးရှိကြိုးဖြင့် ချည်ထားကြလေ၏။

စစ်ကိုင်းတွင် ဆင်းကြမည်ဖြစ်သော ခရီးသည်တို့မှာ သင်္ဘောပေါ်မှ ငှက်ပေါ်သို့ ပစ္စည်းများသယ်ချကာ ခုန်ဆင်းကြလေ၏။ ငှက် ၄-၅ စင်းကား ခရီးသည်များရ၍ ကြိုးများဖြုတ်ကာ ကမ်းဘက်သို့ခွာကြရာ အုန်းခနဲ ဝါးခနဲ ဖြစ်၍နေကြလေ၏။ အကြောင်းမူကား အချို့သူတို့မှာ သင်္ဘောကုန်းပတ်ပေါ်မှ ငှက်ပေါ်သို့ (၃) ပေခန့်အနိမ့်ကို ခုန်ဆင်းကြရာ လေကအပင့်လိုက်၊ လုံချည်က အထက်သို့ပျံတက်၊ ဘောင်းဘီအတိုလေးမျှကပ်၍ ကျန်လိုကျန်၊ ဇာနားတပ် ပိတ်လုံကွင်းပါ ပေါင်လယ်ရောက်နှင့် ဖြစ်ချင်သလိုဖြစ်၍ နေကြသောကြောင့်တည်း။

လူကုန်လောက်ပြီ ထင်သောအခါ ဂူခနဲ သင်္ဘောဥသြမှုတ်လိုက်ရာ ငှက်တစ်စင်းတွင် အသက်(၄၀)ခန့် မိန်းမကြီးသည် ရောက်နှင့်၍ အသက်(၁၆) နှစ်ခန့် သမီးပျိုကလေးမှာ မဆင်းဝံ့သဖြင့် ချီတုံချတုံ ဖြစ်၍နေလေ၏။ "ခုန်ချ သမီးရဲ့၊ ခုန်ချပါ၊ ဘာမှမဖြစ်ပါဘူး။ သင်္ဘောထွက်တော့မယ်" ဟု ပြောသော်လည်း ခုန်ချမည်လုပ်လိုက် အရှုံ့ပါပြန်သည်နှင့် နောက်သို့တွန့်လိုက် ဖြစ်၍နေလေ၏။ အသက် (၂၀)ခန့်ရှိ ငှက်သမားမှာလည်း "ဆင်းပါဗျ၊ ဆင်းပါဗျ" ဟု ပြောလျက်ရှိလေ၏။ "ကိုင်း မောင်ရင်၊ အဒေါ့်သမီးပဲ၊ ကိစ္စမရှိပါဘူး၊ တစ်ဆိတ်လောက် သူ့လက်ကိုဖမ်းကိုင်ပြီး ချပေးပါ" ဟု ပြောလေ၏။ ရိုးအသော ငှက်သမားသည် ငှက်ဦးအနားသို့ သွားလျက် လက်နှင့်ကိုင်မချဝံ့ပြန်သဖြင့် "ခုန်သာချပါ၊ မကျိုးနိုင်ပါဘူး" ဟု ပြောစဉ် သင်္ဘောသည် ဂူခနဲ ဥသြပေးလျက် စက်ပုံးသုံးပတ်လောက်လည်လိုက်ရာ ငှက်မှာ လှိုင်းကြောင့် နိမ့်ချည်မြင့်ချည်ဖြစ်နေခိုက် မိန်းကလေးမှာ သင်္ဘောပေါ်သို့ မိခင်နှင့်ကွဲ၍ ပါသွားမည်စိုးသောကြောင့် မျက်စိမှိတ်၍ ခုန်ချလိုက်လေ၏။

ထိုအခါ၌ မြစ်ကမ်းရှိလူများနှင့် သင်္ဘောပေါ်တွင် ပါသွားသော လူတစ်စုတို့မှာ ဟယ်ခနဲဖြစ်ပြီးလျှင် ဝါးခနဲ ဟားခနဲ ရယ်မောလျက် ရှိကြလေ၏။ အချို့ကလည်း "မြန်မြန်ထ... မြန်မြန်ထ... ကြိုးဖြုတ်" ဟု အော်ကြရာ မိန်းမကြီးသည် ကြိုးကို အတင်းသွား၍ ဖြုတ်ရလေ၏။ မိန်းကလေးမှာ ကြောက်အားနှင့်ခုန်လိုက်ရာ လုံးကွင်းမှာ မီးအိမ်ပျံလို ဖောင်းပြီးလျှင် ငှက်သမားခေါင်းကို စွပ်ကျပြီး လုံကွင်းတစ်ကွင်း နှစ်ယောက်ဝတ်လျက် ဖြစ်၍နေသောကြောင့် ရယ်မောကြခြင်း ဖြစ်လေ၏။

မိန်းကလေးမှာ အသံတွေတုန်ကာ မျက်နှာညိုမည်းလျက်ရှိရာ ယောက်ျားကလေးမှာလည်း လုံကွင်းကို ခေါင်းကချွတ်ရအခက်၊ အောက်နိမ့်ချွတ်ပြန်လျှင် မိန်းကလေး အမြင်မတော်မည်စိုးနှင့် (၅)မိနစ်ခန့်ကြာအောင် မကြံတတ်၊ မစည်တတ် ဖြစ်ကာ လှိုင်းလုံးတစ်လုံးက ငှက်ကိုပုတ်လိုက်သဖြင့် နှစ်ယောက်စလုံး လဲကျသွားမှ ငှက်သမားသည် လုံကွင်းထဲက ထွက်၍ ခတ်ကွင်းနှင့် တက်ကိုကိုင်လေ၏။ ထိုအခါ၌ ငှက်သည် တဂေါင်းရပ်ဆိပ်ဆီသို့ မျောပါသွားရာ ခတ်တက်တစ်ချောင်းလည်း ရေထဲမျောသွားသဖြင့် ငှက်ကိုမခတ်နိုင်တော့ဘဲ လှေလှော်သကဲ့သို့ ငှက်ဦးကနေ၍ လှော်ရလေ၏။ "မေမေ...သမီးကို ဆင်းပါ ဆင်းပါလို့ အပြောသားနဲ့၊ ငိုမနေပါနဲ့အေ၊ ရှက်စရာကြီး" ဟု မိခင်ကပြောသော်လည်း မိန်းကလေးမှာ ဒူးနှစ်လုံးကြား မျက်နှာလျှိုကာ ကြုံကြုံပါအောင် ငိုကျွေးရှာလေ၏။ ငှက်သမားမှာလည်း ရှက်အားနာဖြစ်ပြီး ငှက်ကိုသာ အတွင်လှော်လျက် စက်ဝန်ထောက် အိမ်ရှေ့ကမ်းနားတွင် ဆိုက်ကပ်လေ၏။

အထူးအဆန်းကိုမှ ကြည့်လိုသည့် အလိုက်မသိသော လူတစ်စုသည် ကမ်းနားသို့ ပြေးလာကြပြန်သဖြင့် မိန်းကလေးမှာ မျက်နှာမှ မဖော်ဝံ့အောင် ဖြစ်ရာလေ၏။

"ကိုင်း ငှက်ဆရာ၊ မောင်ရင် ဘယ်လောက်ပေးရမလဲ။ ခတ်တက်တစ်ချောင်းလဲ ဒေါ်ဒေါ်တို့ကြောင့် မျောသွားပြီ" ဟု အဖိုးစားနား မေးမြန်းရာ.." ဟာ..ကိစ္စမရှိပါဘူး၊ အဒေါ်တို့ ကြည့်ပေးပါ" ဟု ပြောသဖြင့် မိန်းမကြီးက ငွေ (၂) ကျပ် ခတ်တက်ဖိုးပါ ထုတ်ပေး၍ မုံရွာရထားနှင့် လိုက်ပါသွားလေ၏။

ထိုသတင်းမှာ ငှက်သမား၊ ကူလီမှစ၍ မြင်းရထားသမား၊ ကားသမား မြို့ထဲကလူများပါ ပျံ့နှံ့သွားလေ၏။ "အင်း...ဒီ ဘိုးသိန်းတွေ့မှဖြင့် ဒီလိုချည်းပဲ" ဟု ပြောကြလေ၏။ ငှက်သမားဘိုးသိန်းကား ဝါဆိုဦးတုန်းကလည်း မိန်းမကြီးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက်ကို တင်ဆောင်လျက် စစ်ကိုင်းချောင်သို့ ဆန်တက်ရာ လေငြိမ်သဖြင့် ခတ်၍သွားရလေ၏။ ရေကလည်း အတော်ကြီးနေသဖြင့် ရွှေတောင်ဦးမော်ဝဲကို ဆန်တက်ရာ များစွာအားစိုက်ခတ်နိုင်မှ အနည်းငယ်သာ အထက်ဘက်သို့ ရွေ့လျားနိုင်လေ၏။

တစ်ကြိမ်၌ ဤသို့ အားစိုက်ခတ်လိုက်ရာ ခတ်ကွင်းပြတ်ပြီးလျှင် ရေ့ကနေသော မိန်းကလေးကို သိမ်းကျုံးဖက်မိသဖြင့် "အမယ်လေး မောင်ရင်၊ ခတ်ကွင်းပြတ်တာကလည်း ကျပ်တော့ မခိုက်မိဘဲ သမီးမှ ဖက်မိပလေတယ်" ဟု ရန်တွေ့သောကြောင့် "မတော်လို့ပါခင်ဗျာ၊ ကျွန်တော် ဘယ်လိုမှ အောက်မေ့လို့ မဟုတ်ပါဘူးခင်ဗျာ" ဟု မနည်း တောင်းပန်ခဲ့ရဖူးလေ၏။

တစ်ခါတစ်ရံ ငှက်သမားသည် လုံကွင်းဝတ်လျက် ငှက်ခတ်လှေ့ရှိရာ လေကအပင့် လုံကွင်းဖောင်းပွဖြစ်ပြီး ပဲ့ကထိုင်လိုက်သူခေါင်းကို စွပ်မိတတ်သောအကြောင်းများပါ အကြောင်းတစ်ခုပေါ်ပေါက်က အလားတူအကြောင်းများ ဖြစ်ပေါ်ခဲ့ဖူးပုံကို ဆက်လက်ပြောဆိုကြမြဲအတိုင်း ပြောဆိုကြလေ၏။ ဘိုးသိန်းကား အတော်ရှက်နေသဖြင့် ထိုနေ့ အလုပ်သိမ်းကာ ရွှေကြက်ယက် ကိုးသင်းရပ်နေအိမ်တွင် ခွေခွေကလေး အိပ်၍ နေပြန်သောအခါ ဘိုးသိန်း၏ ရိုးသားပုံကို ဓာတ်သိဖြစ်ကြသော ရပ်သူရွာသားတို့သည် အကျိုးအကြောင်းမေးမြန်းကာ "မိန်းကလေးက မင့်ထက် ရှက်စရာကောင်းပါသေးတယ်ကွယ်" ဟုပင် အရှက်ပြေရန် ဖျောင်းဖျပြောဆိုရလေ၏။

နောက်တစ်နေ့၌ ဆံပင်ရှည်ဖြစ်သော ဘိုးသိန်း၏ခေါင်းမှာ ကတုံးပြောင်ဖြစ်၍ နေလေ၏။ မိန်းမထဘီ အုပ်မိသဖြင့် သနသည်ဟု အကုန်ရိတ်ချလိုက်သောကြောင့်တည်း။ ဘိုးသိန်းမှာ (၁၆) နှစ်သားအရွယ်က ငှက်ခတ်ခဲ့ရာ ထိုစဉ်အခါက စစ်ကိုင်းတံတားကြီး ဆောက်လုပ်ဖို့ စိတ်ကူးမျှ မရကြသေးသော အခါကောင်းကိုမီသဖြင့် ပျမ်းမျှတစ်နေ့လျှင် တစ်ကျပ်ခွဲ နှစ်ကျပ်စီလေ၏။ ဘိုးသိန်းသည် မိမိ ပင်ပန်းသည်ကိုသိသဖြင့် ချွေးနည်းစာကို သောက်စား၊ လောင်းကစား စသော ဟော့ရမ်းဖို့ဝေးစွ၊ ဆေးလိပ် မုန့်ပဲသရေစာမျှ မစားရက်။ မိခင်အိုကြီးကို ခြစ်ခြစ်ခြုတ်ခြုတ် လုပ်ကိုင်ကျွေးမွေး စုဆောင်းလာသူ ဖြစ်သောကြောင့် တစ်နှစ်လျှင် အသားတင်(၂၀၀-၂၅၀) ခန့် အမြဲစုဆောင်းမိလေ၏။ ၎င်း၌ ကိုဘိုးဟိန်းခေါ် အိမ်ထောင်သည် အစ်ကိုတစ်ယောက်ရှိရာ ဘိုးဟိန်းမှာ ဘိုးသိန်းလောက် ဖွဲ့သတ္တိမရှိသော်လည်း ကံအားလျော်စွာ ပိုက်ဆံရှိမိန်းမတစ်ယောက်နှင့် အကြောင်းပါ၍ ငွေတစ်သောင်းခန့် ချမ်းသာနေသူ ဖြစ်လေ၏။ သို့ရာတွင် ညီဖြစ်သူအား ကြည့်ရှုစောင်မလေ့ မရှိသဖြင့် ငါကော သူ့လို ဘာလို့မချမ်းသာရမှာလဲ ဟူသော ဖွဲ့နှင့် ကြိုးစားရှာဖွေသော ဘိုးသိန်းမှာ (၄) နှစ်တွင် ငွေတစ်ထောင်ကျော် စုဆောင်းမိလေ၏။

၎င်း၏ စီးပွားရှာဖွေမှုကို ရွှေကြက်ယက်သားတို့ နမူနာ ထားရလေ၏။ နေ့အချိန် ငှက်ခတ်၍ နံနက်ခင်း ညနေခင်းတွင် (၂) ဧကခန့်ရှိသော နန်းမြေ၌ ဘူးသီး၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ဆေးပင် စသည်တို့ နေ့စား မိန်းမနှစ်ယောက်လောက်နှင့်

စိုက်ပျိုးသေးလေ၏။ ညအချိန်၌ (၇) နာရီမှ သန်းခေါင် (၁၂) နာရီအထိ ကိုယ်ပိုင် ရက်ကန်းတစ်စင်တွင် တချွင်ချွင် မြည်အောင် ရက်လုပ်သေးသဖြင့် စတုတ္ထမြောက်နှစ်၌ ဘိုးသိန်း၏ဝင်ငွေမှာ တစ်နေ့ပျမ်းမျှ ငါးကျပ် ခြောက်ကျပ် ဖြစ်လေ၏။ ဉာဏ်၊ ဝီရိယ ရှိသူကို ကံက ထောက်ပံ့တတ်သည့်အတိုင်း ဤဝတ္ထုအစ ဖော်ပြခဲ့သော အချိန်မှ (၆) လခန့်ကြာသောအခါ အစ်ကိုနှင့် မရီးမှာ ဝမ်းရောဂါဖြင့် မပြန်လမ်းသို့ မြန်းကြသောကြောင့် အစ်ကို၏ ပစ္စည်းများကို လက်ဝါးကြီး အုပ်လိုက်ရလေ၏။

ထိုအခါ၌ ငှက်ခတ်ခြင်းအလုပ်ကို ဖြတ်၍ ရက်ကန်းစင်ပေါင်း (၂၀) ခန့်၊ ရက်လုပ်သူ မိန်းကလေး (၂၀) ခန့်နှင့် ဘိုးသိန်း ရက်ကန်းအလုပ်ရုံဟု ဆိုင်းဘုတ်တပ်ကာ များစွာအခြေကျ၍ နေလေ၏။ စစ်ကိုင်း၊ မန္တလေး၊ အမရပူရ မြို့များမှ ပင်ရင်းအထည်ကောက်လိုသူတို့သည် ဘိုးသိန်းနှင့် ဆက်သွယ်သည်က များလေ၏။ ဘိုးသိန်းမှာ ရိုး၏။ စကားတည်၏။ အထည်များကို ပိုးစစ်ပိုးမှန် ကိုယ်တိုင်ကလည်း ရက်ကန်းတတ်သောကြောင့် အခြားသူ မညာနိုင်အောင် ကျကျနန ရက်လုပ်ရောင်းချလေ့ ရှိသဖြင့် ဘိုးသိန်းအား ပိုးထည်ဆိုင်ကြီးများက အထူးအားထား ယုံကြည်ကြလေ၏။

မောင်ဘိုးသိန်း၊ ကိုဘိုးသိန်း၊ ဦးဘိုးသိန်း ဟူသောနာမည်မှာ တစ်နှစ်အတွင်း ကျော်ကြားသွားလေ၏။ အချို့ကုန်သည်ကြီးများမှာ လူကိုယ်တိုင်မလာ၊ စာနှင့်စေလွှတ်ခိုင်းသော်လည်း အမှားအယွင်း မရှိရ။ နှုန်းမများရ။ ဂရုတစိုက် ဆောင်ရွက်သောကြောင့် အခြားရက်ကန်းထောင်များ လာဘ်ပိတ်မည်ကဲ့သို့ ဖြစ်၍နေလေ၏။ ဘိုးသိန်းမှာ မည်သို့ပင် အခြေအနေတက်စေကာမူ ဟန်အမူအရာ၊ စိတ်နေစိတ်ထား ရှေးကထက် နိမ့်ကျဖော်ရွေ၍ အပေါင်းအသင်းတို့လည်း အထူးကျေနပ်ကြလေ၏။ ရက်ကန်းရက်ကြသော မိန်းကလေးများအပေါ်၌လည်း တည်တည်ကြည်ကြည် ဆုံးမသွန်သင် ဆက်ဆံသောကြောင့် မိန်းကလေးတိုင်း မောင်အရင်းသဖွယ် ခင်မင်ကြကာ ဆရာ ဆရာဟု ခေါ်ငင်ကြလေ၏။ ဘိုးသိန်း၏ ရက်ကန်းအလုပ်ရုံကား နေ့ညမစဲ လက်ခတ်သံတို့ဖြင့် ဆူညံလျက်ရှိလေ၏။

***

(၂) ထပ်အိမ်ကြီးဖြစ်၍ ရက်ကန်းဆယ်စင်စီရှိ ရက်ကန်းရုံ(၂) ရုံမှာ အိမ်ဘေးပတ်လည်တွင် ရှိလေ၏။ အိမ်အောက်ထပ်၌ ပိုးထည်များ ထားသော မှန်ဗီရိုနှင့် ပိုးရက်ကန်းထောင် ကိုဘိုးသိန်း၏ အိမ်ကြီးကား (၄) ခန်း၊ (၅) ခန်း၊ အုတ်သမံတလင်းခံနှင့် ဧည့်ခန်းအလုပ်ခန်းတို့ကို သပ်ရပ်စွာ ပြင်ဆင်ထားလေ၏။ ရက်ကန်းရက်သူ မိန်းကလေးတစ်ယောက်သည် အိမ်ပေါက်မှ "ဆရာ ဆရာ.. ဧည့်သည်က တွေ့ချင်လို့" ဟု ပြောလာသဖြင့် "ဒီခေါ်ခဲ့" ဟု အမိန့်ပေးလိုက်လေ၏။ အသက် (၄၀) ကျော် မိန်းမကြီးနှင့် (၁၇) နှစ်ခန့် မိန်းမပျိုတစ်ယောက်တို့မှာ ကိုဘိုးသိန်း ဧည့်ခန်းဆီသို့ ရောက်လာရာ အထူးအံ့အားအသင့်ကြီးသင့်လျက် ..

"အလို... မနစ်က လုံကွင်းပြာနဲ့ ကျုပ်ခေါင်းစွပ်ချတဲ့ မဟိုဒင်းတို့ပါလား" ဟု မပြောမိရန် အထူးသတိထားကာ..." ကြွကြပါ ခင်ဗျာ..၊ ထိုင်ကြပါ ခင်ဗျာ" ဟု လောကွတ်ပျူငှာ နေရာထိုင်ခင်း ပေးလေ၏။ မိန်းမကြီးနှင့် မိန်းမပျိုတို့မှာ ဗိုလ်ကေပေါက်စ၊ ပိုးနှစ်ထပ် ရှပ်လက်မာ၊ လေးပင်လိန် ကျစ်ပိုးတို့ဖြင့် သားနားစွာဖြစ်နေသော ဘိုးသိန်းအား မိမိတို့နှင့်တွေ့ဆုံဖူးသူဟု မမှတ်မိကြချေ။ မိန်းမကြီးက စတင်လျက်...

"မောင်ရင့်ဆီမှာ မဟာဖလာ ကေနံတစ်အုပ် ဘယ်ဈေးပေးနိုင်ပါသလဲ"

"(၁၆) ကျပ်ဈေးပါပဲ ခင်ဗျာ။ ဘယ်နှစ်အုပ်လောက် အလိုရှိတော်မူပါသလဲ"

"အုပ် (၂၀) လောက် ယူမှာပဲ။ ငါးမူးစီလောက်တော့ လျှော့ဦးမှပေါ့။ မောင်ရင်ရဲ့"

"ဒါ ပိုပြောတာ မဟုတ်ပါခင်ဗျာ။ အနည်းဆုံးဈေးကို ပြောထားရတာပါ"

"ကိုင်းလေ၊ တစ်မတ်လောက်တော့...(မရပါဘူးခင်ဗျာ)"

"မောင်ရင့်သတင်း ကြားရတဲ့အတိုင်း သိပ်မှန်တာကိုး၊ တစ်ခွန်းဆို တစ်ခွန်းပဲ။ ဒေါ်ဒေါ်တို့ မန္တလေးများ ဒီလို တင်းတင်းကြီးရောင်းရင် ထမင်းတော်ဖို့ပဲ မောင်"

"သြော်..ဒါလည်း ဟုတ်ပါလိမ့်မယ်။ နို့ပေမယ့် ဒီလို စည်းကမ်းပျက်နေကြတာ ဝယ်သူရဲ့အပြစ် မဟုတ်ပါ။ ရောင်းသူများရဲ့ အပြစ်ဖြစ်ပါတယ်။ ကုန်သည်တိုင်း မိမိတို့ ရောင်းလိုတဲ့ပစ္စည်းနဲ့ အဖိုးနှုန်းကို တစ်ခွန်းတည်းပြောကြလျှင် အချိန်ကုန်လည်း သက်သာမယ်။ တစ်ယောက်တော့ အဖိုးကြီး၊ တစ်ယောက်တော့ အဖိုးနည်းဆိုသလို မဖြစ်ရနဲ့။ ဘယ်လောက် ဟန်ကျပါသလဲ ခင်ဗျ။ အခုတော့ (၃) ကျပ်ရောင်းမယ့်ဟာ (၆) ကျပ်ဆိုလိုဆို၊ မသိတဲ့လူများတော့ (၄) (၅) ကျပ်ပေးသွားလို သွားရနဲ့ ဘယ်မှာ ညီမျှခြင်း ဖြစ်ပါသလဲ၊ လူမျိုးခြားကုန်တိုက်ကြီးတွေမှာ တစ်ခွန်းတည်းပဲ ရောင်းကြတာ ဒေါ်ဒေါ်တို့အသိ ဖြစ်ပါလိမ့်မယ်။ အခုလို လူမျိုးခြား စံတင်ရတာလည်း ဝမ်းနည်းပါရဲ့။ ကျွန်တော်များမြန်မာကုန်သည်တို့ လူတိုင်းလိုက်နာဖို့ အချိန်အခါကျပြီလို့ သဘောရတာနဲ့ ကျွန်တော်ဖြင့် တစ်ခွန်းတည်း ပြောဆိုရောင်းချနေတာပါပဲ" ဟု တော်တော်လေ များလိုက်လေ၏။

ထိုအခါကား ရက်ကန်းဈေး ကောင်းသောအခါတည်း။ မိန်းမကြီးလည်း မဟာဖလာအုပ်ရေ (၂၀) ကို (၁၆) ကျပ် ဈေးနှင့်ပင် ဝယ်ယူလျက် "နောက် ဒေါ်ဒေါ်တို့ မျက်စိမျက်နှာကို မှတ်ထားပါ၊ ဒေါ်ဒေါ့်နာမည်က ဒေါ်ငြိမ်းခင်တဲ့၊ သမီးက မတင်အေးတဲ့၊ မန္တလေးဈေးချို အက်ဖ်ရုံထဲမှာ ဒေါ်ငြိမ်းခင်နှင့် သမီးမတင်အေး ပိုးထည်ဆိုင်လို့ ရွှေစာလုံးနဲ့ သုံးခန်း ဆိုင်းဘုတ်တပ်ထားတာ တွေ့ဖူးပါလိမ့်မယ်"

"ဟုတ်ကဲ့ ကောင်းကောင်း မသိကြလို့သာပါ။ မြင်ဖူးသလိုလိုတော့ ရှိသားပဲ" ဟု အသင့်ပြင်လာသော လက်ဖက်ရည်များဖြင့် ဧည့်ခံကာ ဒေါ်ငြိမ်းခင် သားအမိလည်း ကူလီငှားလျက် နှုတ်ဆက်ပြန်သွားကြလေ၏။

***

မိန်းမကြီး ထွက်သွားလျှင် ကိုဘိုးသိန်းသည် အသံများထွက်အောင် ဟက်ဟက်ပက်ပက် ရယ်မောမိလေ၏။ ထိုအခိုက် သူငယ်ချင်း မောင်ဖြိုး ရောက်လာသဖြင့် "ဘာလဲဟေ့ မောင်သိန်း၊ ငွေထုပ်ပျောက်လို့ ရယ်တာလား" ၊ "အို ငွေပျောက်တာ ရယ်ရမှာလားကွယ့်" ၊ "မင့်လိုလူတော့ ရူးသွားမှာမို့ ရယ်စရာအချက်၊ ငိုစရာအချက် ခွဲခြားနိုင်မှာ မဟုတ်ဘူး၊ ဒါထက် ခုနင်က ကောင်မလေး အက်ဖ်ရုံက မဟုတ်လား၊ သိပ်ပိုးချင်စရာကောင်းတာပဲ"

"ဒါ ဘာဖြစ်သလဲကွယ့်၊ အလကားဟာတွေ ပြောမနေပါနဲ့ကွာ၊ ကောင်မလေးတွေကြားရင် တစ်မျိုးထင်နေပါ့မယ်" ဟု အခြား ရယ်စရာစကားများ ပြောဆိုပြီးလျှင် မောင်ဖြိုး ထွက်သွားလေ၏။ ကိုဘိုးသိန်းကား ထိုနေ့ကစ၍ ဒေါ်ငြိမ်းခင်နှင့် မိတ်ဆက်ဖြစ်ကာ တစ်ခါတစ်ရံ ပိုးထည်များကို မိမိကိုယ်တိုင် သွားရောက်ပေးပို့ရလေ၏။ အခြားပိုးဆိုင် ကုမ္ပဏီများသို့ အပို့သွားခြင်း၊ ငွေတောင်းသွားခြင်း ကြုံသောအကြိမ်တိုင်း မတင်အေး၏ပိုးဆိုင်သို့ ဝင်ရန် အခွင့်ကောင်းကို လက်မလွှတ်ခဲ့ချေ။ မြို့ကြီးဓလေ့အတိုင်း ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ့်ထမင်းကိုယ်စားဆိုသည့် သဘောကဲ့သို့ ဘိုးသိန်းနှင့် တင်အေး၏ အခြေအနေကို မည်သူမျှ ဂရုထားကြဟန် မတူချေ။ သို့ရာတွင် ဘိုးသိန်းမှာ

အရောင်းအဝယ်ဘက်က အပြောလည်သလောက် ချစ်ကြိုက်စကားပြောရာ၌ မလည်ပတ်သဖြင့် အခြားစကားနှင့်သာ အချိန်ကုန်လေ၏။ ၎င်း၏ အခြေအနေမှာ (၂) သောင်း (၃) သောင်းခင်းမျှ ချမ်းသာသော်လည်း ကြီးကျယ်သော အရောင်းအဝယ်ကြောင့် မန္တလေးက တစ်သိန်းကျော်ကျော် ချမ်းသာသည်ဟု ထင်မှတ်ကြလေ၏။ နပ်ပြီးပါးပြီးဖြစ်သော ဒေါ်ငြိမ်းခင်သည် "ညည်း ကိုကိုသိန်းနဲ့ စကားပြောရစ်ဦး" ဟု အချိန်ပေးခဲ့သည်ကို ထောက်သဖြင့် ဒေါ်ငြိမ်းခင်၏ သဘောကို သိသာနိုင်လေ၏။

ဘိုးသိန်းမှာကား (၁၆) နှစ်သား အရွယ်ကတည်းက ငွေရှာဖို့ကလွဲ၍ အခြား ဘာစိတ်မှ မကူးခဲ့၊ ရည်းစားဆို၍ မူးလို့မှ ရှူစရာ မရှိခဲ့ဖူးသောကြောင့် နှစ်ကိုယ်တွေ့ မျက်နှာချင်းဆိုင် ထိုင်ရသော်လည်း သမီးရည်းစားစကား အစရှာမတွေ့ချေ။ တင်အေး၏ အမူအရာမှာ ဇာတ်သမရှုံးတော့မည့်အလား လက်ဝတ်လက်စား၊ စိန်နားကပ်၊ ရွှေခြေကျင်း၊ ပန်ချာပီ ဆံထုံး၊ မျက်ခုံးမွေးစင်းစင်း၊ မျက်ကွင်းကျယ်ကျယ်၊ သနားဖွယ်အမူအရာတွင် ပေါင်ဒါရေမွှေးတို့ဖြင့် တကြိုင်ကြိုင် မခို့တရို့အမူအရာ ဖြစ်၍နေလေ ဘိုးသိန်းမှာ ကိုယ့်ပေါင်ကိုယ်လိမ်လျက် အလယ်လယ်ဟု အော်မိမည်စိုးသဖြင့် နေရာပြင်ထိုင်လိုက်၊ မှန်ဗီရိုအတွင်းက ပိုးထည်တွေအကြောင်း မေးလိုက်နှင့် အချည်းနှီး အချိန်ဖြုန်း၍ နေလေ၏။

"သြော်...ဒါကြောင့် ပွဲထဲမျှား မင့်အိမ် ခွေးဘယ်နကောင် မွေးသလဲ၊ (၃-၄)ကောင်၊ ငါပါနဲ့ ဆန်(၂) ပြည်ချက်လိုက်ပါလို့ ပြက်လုံးထိုးလိုထိုး၊ စကားမစပ် မနစ်ကသေတဲ့ နွားနက်ကြီး ရှိသေးလားလို့ အကျိုးမရှိ၊ ယုတ္တိမပါ ပြောလိုပြော ဖြစ်ကြတာ ထင်ပါရဲ့၊ ဖျောက်ဆိပ်ကြယ် လက်ညှိုးညွှန်ပြီး ဒီဟာဘာကြယ်လဲ မောင်ရဲ့ ဆိုလျှင် မပြောတတ်လို့ သူငယ်ချင်း မေးထားပါ၊ နောက်တစ်ခါတွေ့လို့ ဒါဟာဘာကြယ်လဲမောင်ရဲ့အမေး သူငယ်ချင်းက တင်ပါးအသာကုတ်ပြတော့ အယားဖျောက်တာ သတိရလျှင် ဖျောက်ဆိပ်လို့ သတိရကောင်းဖို့ဟာ ကုတ်ဆိပ်လို့ ဆိုမိတော့ သူငယ်ချင်းက ခြေနဲ့ကန်ပါရော၊ အဲ အဲ ကန်ဆိပ်ကြယ်လို့ အယောင်ယောင် အမှားမှား ပြောမိတာ ငါ့လိုလူစား ထင်ပါရဲ့၊ ဟယ် တတ်နိုင်ဘူး၊ လ ကလေးကလည်း သာလိုက်တာနော်၊ လ သာတော့ ဘာပြုသလဲမောင်ရဲ့ လသာတော့ နင့်ကို ငါကြိုက်တာပေါ့ ဆိုတဲ့ အပြောမျိုးပြောရမှာ ထင်ပါရဲ့" ဟု အမျိုးမျိုး တွေးတောနေစဉ် တင်အေးက...

"ကိုကိုသိန်း၊ ကော်ဖီတွေ အေးကုန်ပြီ" ဟု ပြောလိုက်မှ တင်အေးသည် ကော်ဖီနှင့် မုန့်များ ချထား၍ မိမိအား အသောက်ခိုင်းထားသည်မှာ ကြာပြီဖြစ်ကြောင်းကို သိရလေ၏။ သို့ရာတွင် အရှုံးမပေးလိုသဖြင့် "ကိုသိန်းက အေးအေးမှကြိုက်လို့ ဆိုင်းနေတာပါ" ဟု ပြောလိုက်လေ၏။ ထိုသို့ပြောရာ၌ ဘိုးသိန်းမှာ ဘယ်လိုမှ ဉာဏ်ဆင်၍ ပြောခြင်းလည်း မဟုတ်။ စိတ်ကူး၍ လည်း မဟုတ်။ ရိုးရိုးမှ ပြောခြင်းသော်လည်း ကြက်ကန်းဆန်အိုး နိုက်မိသကဲ့သို့ စကားအလွမ်းသင့်၍ ဆီလျော်သွားသဖြင့် ရွှေမန်းသူတင်အေးမှာ အေးအေးမှကြိုက်လို့ ဟူသော အဓိပ္ပာယ်ကို ပြုံးစိစိလေးတွေးလျက် "ကိုကိုသိန်း၊ လူအ-လူအနဲ့ အတော်လာတဲ့လူပါလား" ဟု စဉ်းစားမိဟန် တူလေ၏။

ဘိုးသိန်းကြီးကား သမီးရည်းစားစကား အစရှာတုန်းပင် ဖြစ်လေ၏။ "စိန္တိ-ကြံတုန်းရှိသေး၊ ပုစ္ဆိ-မေးပြန်ပြီ" ဟူသော ဘိုးသူတော်နှစ်ဦး စကားထာဝှက်သကဲ့သို့ ဘိုးသိန်းမှာ ကြံတုန်းပင် ဖြစ်လေ၏။ ကြံရာမရသဖြင့် တင်အေး၏ ငွေသေတ္တာဘေးက မဂ္ဂဇင်းတစ်အုပ်ကို လှန်လှော၍နေလေ၏။ တင်အေးက "ကိုကိုသိန်း အေးအေးကြိုက်တယ်ဆို သောက်လေ၊ တော်တော်ကြာ ပုရွက်ဆိတ် တက်ကုန်မယ်"၊ "ပုရွက်ဆိတ်တက်လည်း ပုရွက်ဆိတ်ဖယ်ပြီး သောက်မှာပါကွယ်" ဟု ကော်ဖီအေးအေးကြီးကို နှစ်ခြိုက်စွာ သောက်လေ၏။ တင်အေးကလည်း သူ့စကားအဓိပ္ပာယ်ကို ဘိုးသိန်း နားလည်သွားလေပြီဟု ရှက်ကြောက်သောအမူအရာကလေးများ ပေါ်၍နေလေ၏။ ဘိုးသိန်းကား အကြံတစ်ခုရသဖြင့် "မအေး၊ ဒီမှာကြည့်စမ်း" ဟု မဂ္ဂဇင်းထဲက စာတစ်ပိုဒ်ကို ပြရာ...

"မောင် မေတ္တာရှိပုံကို အထူးပြောဖို့မလို၊ ခြေတိုလုမတတ် နမတို့ဆီ လာတာထောက်ပြီး ဘယ်လောက်စွဲလမ်းတယ်ဆိုတာ သိသင့်ပါတယ်" ဟူသော အပိုဒ်ကို မင်သားလျက် တွေ့ရှိသဖြင့် တင်အေး တစ်ဖန် " ဒါကော ကြည့်ပါဦးလား" ဟု ခဲနှင့် သားပြရာ...

"ကျွန်မသဘောတော့ အထူးမေးဖို့ မလိုပါ။ မေမေ သဘောတူလျှင် ကိစ္စပြီးပြီမို့ မေမေ့ကိုသာ နားချပါတော့" ဟူသော အပိုဒ်ကို ဖတ်ရပြန်လေ၏။ မဂ္ဂဇင်း၊ ဝတ္ထု - သမီးရည်းစား စကားပြောခန်းသည် ၎င်းတို့ ဖူးစာရေးနတ်ကဲ့သို့ ဖြစ်ကာ ဘိုးသိန်း၏စိတ်မှာ သမီးရည်းစားစကား ပြောရသည်မှာ အညာသိလျှင် ငှက်ပျောသီးအခွံနွှာပြီး စားရသည်ထက် လွယ်ပါသေးကလားဟု အောက်မေ့သွားဟန် တူလေ၏။

***

နောက်တစ်လလောက် ကြာသောအခါ ရွှေကြက်ယက် ကိုးသင်းရပ် ကိုဘိုးသိန်း၏ ရက်ကန်းအလုပ်ရုံ၌ ဇနီးသည် မတင်အေးနှင့်အတူ စီမံခန့်ခွဲနေကြသည်ကို မြင်ရလေ၏။ တင်အေးကား နောက်က အကြောင်းကို လုံးဝမမှတ်မိချေ။ တစ်နေ့သ၌ ဘိုးသိန်းသည် ခဲတံဖြင့် မြင်းခြံသဘော်ပေါ်က မီးအိမ်ပျံကဲ့သို့ လုံချည်ဖောင်းပွနေသော မိန်းကလေးတစ်ဦးက ခုန်ချ၍ ငှက်သမားခေါင်းစွပ်နေပုံကို တင်အေးအား ရေးပြလေ၏။ ထိုအခါမှ တင်အေးသည် ရက်သွေးမွှန်လျက် "ကိုကို ဘယ်သူက ပြောသလဲ" ဟု ငိုမလိုမျက်နှာနှင့် မေးလေ၏။ "အဲဒီတုန်းက ငှက်သမားဟာ ကိုကိုပေါ့" ဟု သူ့ရင်ဘတ်ကို ပုတ်၍ပြရာ တင်အေးသည် ဘိုးသိန်း၏ကျောကို ထုလေ၏။

ထို့နောက် ကျီစယ်သည့်အခါတိုင်း ဘိုးသိန်းက "မီးအိမ်ပျံ" ဟု ခေါ်ရာ တင်အေးကလည်း မခံနိုင်လွန်းသောအခါ "ထဘီအုပ်" ဟု ပြန်၍ခေါ်လေ၏။ "ကိုင်း... ဘယ်သင်းမှ မကောင်းဘူး၊ တစ်ယောက်မကြိုက်တာ တစ်ယောက် မခေါ်စတမ်းနော် မိန်းမရာ" " အို...ဒီလူကြီးက၊ ဒီလူကလေးက .." စသဖြင့် ပြည်ဖုံးချ၍ သွားလေသတည်း။ ။

ကြီးပွားရေးမဂ္ဂဇင်း၊

၁၉၃၄-ခု၊ ဇွန်လ ။

## ၁၄။ ဂျပါတီမကလေး

အသက်(၃၀) ကျော်ခန့်ရှိ ဦးဘရွှေသည် နံနက်ခင်း လမ်းလျှောက်ရာမှ လမ်းတစ်လမ်းရှိ ၎င်း၏တိုက်ခန်းသို့ ပြန်လည်ရောက်ရှိလာရာ တံခါးကို အပြင်မှ ခေါက်၍နေလေ၏။ မကြာမီ တံခါးဖွင့်ပြီးနောက် ဝင်မိသည်နှင့်တစ်ပြိုင်နက် (၄)နှစ်အရွယ် မိန်းကလေးတစ်ယောက်နှင့် (၂)နှစ်အရွယ် မိန်းကလေးတစ်ယောက် အပြေးလာကာ "ဟော ဟော ဖေဖေ ကျန်လာပြီ" ဟု ဝမ်းသာအားရ ဆီးကြိုကပ်ရပ်ကြလေ၏။ ဦးဘရွှေသည် သမီးနှစ်ယောက်ကို လက်ဝဲလက်ယာ ပွေ့ချီပြီးမှ

ပြန်၍ချထားလိုက်၏။ အသက်(၅၀)ကျော် အဒေါ်ကြီးတစ်ယောက်သည် ဦးဘရွှေ၏ မျက်နှာကို ဝမ်းနည်းသလို ကြည့်လေ၏။ ဦးဘရွှေ၏ဇနီး မြရီသည် အဒေါ်ကြီးစကားမစခင် ပြုံးရယ်လျက် .....

"ဟောဒီမယ်၊ ကိုယ့်အဒေါ်က ကိုယ့်ကို ခရစ်ယာန်တဲ့" ဟု ပြောလိုက်လေ၏။ အဒေါ်ကြီးသည် မပြုံးချင့်ပြုံးချင့်နှင့်....

"ဟုတ်သားပဲ၊ နင်တို့ဟာ ခရစ်ယာန်တွေပဲ၊ ကြည့်စမ်းပါဦး၊ သမီးအငယ် နှစ်ခါလည်က ပိုးဟပ်ကလေးကို သူ့ရှူးဖိနပ်နဲ့ နင်းသတ်တယ်၊ အကြီးက ကြွက်ကလေးကို အမြီးကကိုင်ပြီး ရိုက်သတ်တယ်၊ ဟဲ့ မလုပ်နဲ့ ငရဲကြီးမယ်ဆိုတော့ မင့်မိန်းမက အဒေါ် ကလေးတွေကို ငရဲစကားမပြောပါနဲ့၊ သူတို့ဟာ ငရဲကို နားမလည်ဘူးတဲ့"

ဦးဘရွှေသည် ပြုံး၍နေ၏။ မိမိအဒေါ် စိတ်မချမ်းမသာဖြစ်၍ သွားရှာသည်ကို စဉ်းစား၍နေ၏။

"ဒါဟာ မင့်သမီးတွေ ငရဲမကြီးဘူးလို့ ထင်သလား"

"ကြီးချင်လည်း ကြီးမှာပေါ့ အဒေါ်၊ ဒါပေမယ့် ငရဲကြီးမှာထက် ကလေးတွေ ကြောက်စိတ်ဝင်မှာက ပိုပြီးအရေးကြီးတယ်၊ သူတို့ဟာ ဘာမဆို ငယ်ငယ်ကတည်းက မကြောက်ရဘူး၊ သတ်ရဲ၊ ဖြတ်ရဲ၊ သွေးသံရဲရဲကို မြင်ဝံ့ရမယ်၊ ဒါ ကျွန်တော့် ရည်ရွယ်ချက်ပဲ"

"ဒီပြင် ဘာကိုပဲ ရဲအောင်လုပ်လုပ်၊ အကောင်ပလောင်တွေသတ်တာတော့ ကြည့်နေဖို့ မကောင်းပါဘူးကွယ်၊ ငါ့မြေးကလေးတွေ ရုပ်ရည်ကချောသနဲ့၊ ကြမ်းတမ်းလိုက်ကြတာ"

ထိုအခိုက် သမီးအကြီးသည် ဓားမြှောင်ကို မီးဖိုချောင်က ယူပြေးလာပြီးလျှင်....

"မေမေ ကြက်ပေးပါ၊ ကြက်တစ်ကောင် ပေးပါ"

"ဟဲ့ ဘာလုပ်ဖို့လဲ"

"တလာမရှီးလို လုပ်ချင်တယ်" ဟုပြောရာ မြရီသည်ရယ်လျက် "ဟော အဒေါ်၊ လာပြန်ပြီ၊ နောက်ဖေးလမ်းကြားထဲမှာ ကုလားမ ကြက်သတ်တာမြင်လို့ သူလည်း သတ်ချင်သတဲ့"

"ဒါဖြင့် တစ်ကောင်လောက် ဝယ်ပေးပါလား" ဟု ငေါ့လေ၏။ မြရီကား ဘာမှပြန်မပြော။ ဦးဘရွှေကိုကြည့်၍ ပြုံးလေ၏။

အဒေါ်ကြီးကား ဦးဘရွှေ၏ အဖေ့နှမအရင်း ဖြစ်၏။ ရန်ကုန်တွင် တူဖြစ်သူထံ ခေတ္တအလည်လာခိုက် ဖြစ်၏။ ဦးဘရွှေသည် သမီးငယ်များအား မည်သို့သော ရည်ရွယ်ချက်ဖြင့် မွေးမြူပြုပြင်ထားသည်ကို နားလည်ဟန်မရှိချေ။ ဦးဘရွှေကား အဒေါ်ကြီး၏ လက်ပေါ်တွင် ကြီးပြင်းလာရသူဖြစ်၍ ဘာသာရေးနှင့် ပတ်သက်လျှင် ပုရွက်ဆိတ်ထက်ငယ်သော ပိုးမွှားကိုမျှ မသတ်ဖူးသည်ကို အဒေါ်ကြီးအသိ ဖြစ်ခဲ့၏။ ဦးဘရွှေမှာ သမီးကလေးများအား မိုက်သွေးဝင်အောင် လွှတ်ထားသည်ကို မြင်ရသောအခါ စိတ်မကောင်းဖြစ်ဟန်တူ၏။

"မဟုတ်ဘူး အဒေါ်ရဲ့၊ ကလေးဆိုတော့ အကျိုးအပြစ် စိစစ်နားလည်တာ မဟုတ်ဘူး၊ သူတို့ကို ငရဲတွေဘာတွေ ပြောနေဖို့မလိုဘူး၊ သတ္တိရှိရမယ်၊ မကြောက်ရဘူး၊ ကိုင်းကိုင်း အဒေါ့်မြေးကို ကြောက်ကဲ့လားလို့ မေးကြည့်စမ်း" ဟုဆိုရာ အဒေါ်ကြီးသည် သမီးအကြီးကိုခေါ်လျက် မျက်နှာထိမျက်နှာထားနှင့် "နင် ကြောက်ကဲ့လား" ဟု မေးလေ၏။ ကလေးမသည် "ကြောက်ဘူး" ဟု ဆိုပြီးလျှင် အဒေါ်ကြီးကို "ဟောဒီကြည့်" ဟု လက်သီးမြှောက်၍ ပြလေသည်။ အဒေါ်ကြီး စိတ်မကောင်းရှာချေ။ ထိုအတွင်းမှာပင် နှစ်ခါလည်သမီးသည် အရုပ်ကလေးကို ပွေ့ကာ အခန်းတွင်းကထွက်လာရာ ဒိုင်းခနဲပစ်၍ လဲရှာလေ၏။ အဒေါ်ကြီးလည်း စိုးရိမ်ကြီးစွာနှင့် "ဟဲ့.. ဟဲ့ ကြွက်ထိုးတာ ထ ထ လာခဲ့ အမေကြီးဆီ" ဟု ခေါ်ရာ ကလေးမှာ အတော်နာကျင်ရှာသဖြင့် ရှုံ့မဲ့ငိုမည့်ဟန်ပြု၏။ ဦးဘရွှေသည် လက်ခုပ်တီးလျက် "ထ ထ သတ္တိရှိတယ်၊ ဒါမှ ဖေဖေ့သမီး" ဟု မြှောက်၍ပေးရာ ကလေးငယ်မှာ "သတ္တိရှိတယ်၊ ဖေဖေ သတ္တိရှိတယ်" ဟု ရယ်မောကာ ထ၍လာလေ၏။

"ဒီလိုပဲ အဒေါ်ရဲ့၊ ကလေး အတော်အသင့် လဲကွဲတာလည်း မမြင်ယောင်ဆောင်နေရတယ်၊ ကျွန်တော့်သမီးတွေဟာ သူ့ဘာသာလဲလို့ ဘယ်တော့မှ မငိုရဘူး"

သမီးအကြီးကား စာမတတ်သေးသော်လည်း မြန်မာနိုင်ငံက ထင်ရှားသော ပုဂ္ဂိုလ်များ၏ ဘလောက်ရုပ်ပုံများကိုမြင်လျှင် မည်သူမည်ဝါဟု ပြောနိုင်၏။ ၎င်းတို့အသိဆုံးကား ဇော်ဝိတ်ကြီးဖြစ်ရာ မဂ္ဂဇင်းအဟောင်းတစ်အုပ်မှ "ဒီမယ်ဖေဖေ ဇော်ဝိတ်၊ ဇော်ဝိတ်" ဟု ပြလာ၏။ တစ်ဖန် စာအုပ်ကိုချပြီး လက်မောင်း အထက်သို့ကွေးကာ ရင်ကလေးကို လှုပ်၍ပြလေ၏။ လက်မောင်းကြွက်သားကလေးများကိုလည်း လှုပ်ဟန်ပြုရာ ဦးဘရွှေမှာ ရယ်၍ လက်ခုပ်တီးလိုက်၏။

"အေး အေး၊ မင့်သမီးတွေနဲ့ မင်းတော့ ဟန်ကျပါတယ်၊ ကြီးရင် ဘာလုပ်စားစေမှာလဲ၊ ဆပ်ကပ်ထဲ သွင်းမလို့လား"

"သူ ဝါသနာပါရာ ဖြစ်စေရမပေါ့၊ ရုပ်ရှင်ထဲ ဝါသနာပါရင် ရုပ်ရှင်ဘက်၊ စက်ဘက် ဝါသနာပါရင် စက်ဘက်၊ စာပေ ဝါသနာပါရင် စာပေ၊ ဘာမဆို သူတို့ လုပ်ချင်သလို လွှတ်ပေးထားမှာဘဲ"

"သူတို့ လိုချင်တဲ့လူယူရင်ကော မင်း ကြည့်နေမလား"

"ဘာမဆို သူတို့ကို လွတ်လပ်ခွင့်ပေးထားတာပဲ။ ကြည့်နေမှာပေါ့၊ ဒါပေမယ့် သူတို့ကို စဉ်းစားချိန်ဆဉာဏ်ရှိအောင်တော့ သင်ပေးရတာပေါ့"

ဦးဘရွှေသည် ရှေ့သို့ဆက်၍ စကားမပြောချေ။ အဒေါ်ကြီးသည် ရှေးခေတ် အဒေါ်ကြီးဖြစ်၏။ "မိန်းကလေး စာတတ်လျှင် ရည်းစားစာပေးဖို့ ဖြစ်မှာပေါ့" ဟူသော မင်းတုန်းမင်းလက်ထက်က မိဘမှပေါက်ဖွားလာသူလည်း ဖြစ်၏။ ဦးဘရွှေ စကားဆက်၍ မပြောဘဲ သတင်းစာကို ကြည့်နေသောအခါ အဒေါ်ကြီးသည် တူမ မမြရီနှင့် စကားစမြည်ဆို၍ နေလေသတည်း။

***

**မိတ်ဆွေကြီး ကိုဘဆွေခင်များ**

*မိတ်ဆွေကြီး၏စာအရ လခစားတွင် စိတ်ပျက်၍ ကိုယ်စွမ်းကိုယ်စနှင့် အသက်မွေးချင်ကြောင်း သိရသဖြင့် ဝမ်းသာပါသည်။ အကယ်၍ စိတ်ကို ပိုင်းဖြတ်ပြီး ဖြစ်ပါက မိတ်ဆွေကြီး၏ ရရှိနေသော လခလောက်ပင် ကြံစည်မပေးနိုင်သော်လည်း တစ်လမှာ (၇၀)ကျပ်၊ (၈၀)ကျပ်လောက် ဝင်ငွေရအောင် ဆောင်ရွက်ပေးနိုင်ပါသည်။ သဘောကျပါက စာရေးပါ။*

**မောင်မောင်သိန်း-သတင်းစာတိုက်**

ကိုဘဆွေသည် အထက်ပါစာကို ဖတ်ပြီးလျှင် ကျေနပ်သော အမူအရာနှင့် ပြုံးလေ၏။ ဇနီးသည်မြရီအား လှမ်း၍ခေါ်လိုက်ပြီးလျှင် မောင်မောင်သိန်း၏ စာကိုပြသကာ....

"မင်း နည်းနည်း အဆင်းရဲခံရလိမ့်မယ်၊ ငါ အလုပ်ထွက်လိုက်မယ်၊ မောင်မောင်သိန်းစာအရ အရင်ကလည်း တိုင်ပင်ထားတဲ့အတိုင်း ဟိုမြို့ကို ပြောင်းပြီး သတင်းထောက်လုပ်ရမယ်"

"ရှင့်သဘောပေါ့၊ ကျွန်မကို မေးဖို့မလိုပါဘူး"

"အိမ်လခ (၁၀) ကျပ်လောက် ပေးရမယ်၊ တို့သုံးစွဲဖို့ (၅၀)ကျပ်၊ (၆၀)ကျပ်လောက် ပိုမှာပဲ၊ အစေခံမကလေးလည်း ဖြုတ်ရလိမ့်မယ်"

"ကိစ္စမရှိပါဘူး၊ ကလေးတစ်ယောက်တည်းပဲဟာ ကျွန်မ နိုင်ပါတယ်၊ ကိုယ်စိတ်ရှိသလိုသာ ကြံပါ"

"အေး.... ဒါဖြင့် ထွက်လိုက်မယ်"

ထိုကဲ့သို့ တိုင်ပင်ပြီးနောက် တစ်လလောက်ကြာသောအခါ ကိုဘဆွေနှင့် ဇနီး၊ သမီးကလေး တင်တင်အေးတို့သည် မင်းကြီးရုံးစိုက် မြို့တစ်မြို့သို့ ပြောင်းလာကြလေ၏။ ကျေးဇူးရှင် မောင်မောင်သိန်း ချထားသောအလုပ်ကို ပျော်ပိုက်စွာ လုပ်ကိုင်နေကြလေတော့၏။

ကိုဘဆွေကား ကျောင်းသားဘဝကတည်းက နိုင်ငံရေးကို ဝါသနာပါခဲ့၏။ ကစားခုန်ပြေး နေရာတကာတွင် ဝါသနာပါသည့်အပြင် အသင်းအပင်းကျောင်းကိစ္စ၌လည်း ခေါင်းဆောင်ဖြစ်ခဲ့၏။ အသက်(၂၀)အထိ ခေတ်မမီသော မိဘလက်မှ ရုန်းထွက်လာကာ လခစားအလုပ်ဖြင့် အသက်မွေးခဲ့၏။ မြန်မာပြည်အနှံ့ နေရာတကာသို့ လှည့်လည်ခဲ့၏။ လခစားလုပ်သောအခါ အထက်လူကြီး၏ ချုပ်ချယ်ခြင်းကိုခံရသဖြင့် ထိုချုပ်ချယ်ခြင်းမှ အဘယ်နည်းနှင့် လွတ်အောင်လုပ်ရမည်ကို အမြဲတွေးတောလျက်ရှိရာ နောက်ဆုံးတွင် အထက်ပါအတိုင်း မိမိကိုယ်အဖို့ ပထမ လွတ်လပ်ခွင့်ရခဲ့ခြင်း ဖြစ်လေ၏။

၎င်းမှာ အိမ်ထောင်ရေးကို အလွန်တွေးသောသူဖြစ်လေရာ အသက်(၃၀)အထိ လူပျိုကြီးအဖြစ်နှင့် နေထိုင်ခဲ့လေ၏။ အညာဒေသတွင် ရောက်သောအခါ မြရီ၏ဖခင် ဝန်ထောက်ကြီးနှင့် မိတ်ဆွေဖြစ်ကြ၏။ မြရီကို အကဲခတ်၏။ စိတ်နှလုံးဖြောင့်ခြင်း၊ ဗဟုသုတ လိုလားခြင်း၊ လိမ္မာရေးခြားရှိခြင်းတို့ကို သိရသဖြင့် မြရီကို စတင်ကြံစည်၏။ မြရီသည် သဘောကောင်းသည့်အလျောက် မိမိတရားသဖြင့် စီမံသည်ကို အကွေ့အကောက်မရှိ

လိုက်နာလိမ့်မည်ဟု ယုံကြည်ခဲ့သည့်အတိုင်း မြရီ၏ အသက်(၁၅)နှစ်သာသာကလေးတွင် အကြောင်းပါခဲ့ကြခြင်း ဖြစ်လေ၏။

မြရီနှင့် အကြောင်းပါပြီးနောက် မြို့တစ်မြို့သို့ ရွှေ့ပြောင်းရရာ အထက်လူနှင့် မတည့်သဖြင့် အလုပ်ပြုတ်သောကြောင့် တင်တင်အေး ပဋိသန္ဓေအရတွင် ဂျုံကြမ်းမှုန့်ဖြင့်လုပ်သော 'ဂျပါတီ' များပင် စားခဲ့ရ၏။ ကိုဘရွှေနှင့် ရင်းနှီးသူများသည် သမီးကလေး တင်တင်အေးအား 'ဂျပါတီမလေး' ဟု ခေါ်ကြ၏။ နောက်တစ်ဖန် ကိုဘရွှေ၏ ကြိုးစားချက်ကြောင့် လခစားအလုပ် ပြန်လည်ရရှိသော်လည်း စိတ်၌ မပျော်ပိုက်လှတော့ဘဲ ရန်ကုန် မိတ်ဆွေတစ်ဦးနှင့် တိုင်ပင်ကာ လွတ်လွတ်လပ်လပ် အသက်မွေးခြင်း ဖြစ်၏။ အခြားသူများ၏ သားသမီးကိုကား မိမိ ပြုပြင်၍ရမည်မဟုတ်။ မိမိ၏သားသမီးဖြင့် တိုင်းပြည်နမူနာရစေမည် ဟူသောအချက်မှာ ကိုဘရွှေ၏ အဓိကအလုပ်ဖြစ်၏။ ကလေးတွေကြီးပြင်းလာသောအခါ မည်ကဲ့သို့ ဖြစ်ပျက်မည်ကို စောင့်စားကြည့်ဖို့လိုတော့၏။

သမီးဦး မွေးချိန်၌ပင် ကိုဘရွှေမှာ မိဘနှင့် အတိုက်အခံ ဖြစ်ရ၏။ ကလေးမွေးလျှင် မနဲလေးစသော နတ်မိစ္ဆာတွေ ပူဇော်ရမည့်ကိစ္စကို အတိုက်အခံ ပယ်ဖျက်ခဲ့ရ၏။ စုန်း၊ အမှောင့်၊ ပယောဂ၊ ခေါစာချခြင်းတို့ကိုလည်း ထိုနည်းအတိုင်းပင်။ ပုခက်တင် ကင်ပွန်းတပ် ၄က်ပျောအုန်းကိစ္စ၌လည်း 'ပုခက်ဝယ်ပြီး ကလေးသိပ်ထားလိုက် ပြီးတာပဲ' ဆိုသောကြောင့် မိခင်ကြိမ်းဝါးခြင်းကို ခံရ၏။

သမီးကလေးကား ကံဆိုးခြင်းလော၊ ငယ်စဉ်ကတည်းက တာရှည်စွာ မဝိုရ။ ကျန်းမာလျက်ပိုသော် ပါးစပ်ကို အဝတ်နှင့်ဆို၏။ ခွေးကြောင်တို့ကို ကြောက်ရွံ့သောအခါ အတင်းအကိုင်ခိုင်း၏။ နို့တိုက်ခြင်း၊ အစာကျွေးခြင်းကို အချိန်နှင့် ပြုစု၏။ နှစ်ခါလည် မတ်တတ်ပြေးသောအခါ ကလေးမမှာ အကြောက်အရွံ့မရှိ။ ကုလားကြီး၊ ကြောင်ကြီး၊ တစ္ဆေကြီး စသည်တို့မှာ ကလေးမကလေးတွင် ကြောက်စရာကဲ့သို့ မဟုတ်။ အပျော်အပါး ကစားစရာကဲ့သို့ ထင်မှတ်၏။

သို့နှင့် ကြီးပြင်းလာခဲ့ရာ ကလေးမတစ်ယောက် ထပ်မံမွေးပြန်၏။ အကြီးနှင့် နာမည်လိုက်အောင် ခင်ခင်ထွေးဟု နာမည်ပေးပြီးလျှင် အကြီးကဲ့သို့ ပြုပြင်ခဲ့လေ၏။ မြရီကား အခိုင်းအစေမရှိ၊ နို့စို့အရွယ် တစ်ယောက်၊ နှစ်ခါလည်တစ်ယောက်ဖြင့် ချက်ပြုတ်လုပ်ကိုင်ရခြင်း၊ အဝတ်လျှော်ရခြင်း စသည်တို့ကို လုပ်ကိုင်ရ၏။ တစ်ခါတစ်ရံ နှစ်ခါလည်ရွယ် နို့စို့ရွယ်ကို ချီပွေ့ထားရာ မနိုင်သဖြင့် လဲကျနဖူးပေါက်ခဲ့၏။ တစ်ကြိမ်၌ သံချွန်ရှိသောတုံးပေါ်တွင် ညီအစ်မနှစ်ယောက်လဲကျရာ အငယ်ကလေးမှာ နောက်ဆက်တွင် သံချွန်စူးသဖြင့် ဆေးရုံသို့ ပို့ခဲ့ရလေ၏။

ကလေးမကလေးများမှာ ပေပေတေတေနှင့်ပင် ကြီးပြင်းခဲ့ကြရရှာ၏။ အကြီး(၃)နှစ်၊ အငယ် တစ်နှစ်အရွယ် ရှိသောအခါ မိတ်ဆွေ မောင်မောင်သိန်းနှင့်ပင် တိုင်ပင်၍ ရန်ကုန်သို့ ပြောင်းကြရပြန်လေ၏။ ဝင်ငွေမှာလည်း တစ်ရာကျော်မျှရရှိရာ ဦးဘရွှေမှာ မိတ်ဆွေသင်္ဂဟပေါသဖြင့် ညှော့ဝတ်ဆောင်ဝတ် အပြင်ကိစ္စ ငွေကုန်များသောကြောင့် တစ်ခါတစ်ရံ ဝတ်မွတ်သောဘေးနှင့်ပင် တွေ့ကြုံ၍ နေရလေ၏။ ရန်ကုန်တွင် တစ်နှစ်ကျော်မျှ ကြာသောအခါ ဝတ္ထုအစ၌ ဖော်ပြခဲ့သည့်အတိုင်း ကလေးမနှစ်ယောက်နှင့် ဦးဘရွှေ၏အဒေါ်တို့ တွေ့ဆုံကြခြင်း ဖြစ်လေ၏။ ဦးဘရွှေကား အဒေါ်ဖြစ်သူကို များစွာ အတိုက်အခံ မပြော၊ အလိုက်အထိုက်နေလျက် မိမိသမီးများကိုသာ သူတစ်ထူးနှင့် မတူအောင် ဂရုစိုက်ပြုပြင်နေလေ၏။

အကြီးမကလေး (၅)နှစ်ကျော်သောအခါ ဦးဘရွှေသည် ကျောင်းထားဖို့ကိစ္စကို စဉ်းစားလေ၏။ များသောအားဖြင့် မြန်မာကျောင်းဆရာမများသည် ကလေး၏သဘာဝကို နားမလည်၊ တုတ်ကြိမ်လုံး အော်ငေါက်ခြင်းတို့ဖြင့် သင်ကြားလေ့ရှိရာ ထိုသဘောကို မကြိုက်။ ကလေးများကို ချုပ်ချယ်ခြင်းလည်း

ပြုတတ်သောကြောင့် ဇနီးသည် မြရီအားသာလျှင် ဆရာမလုပ်စေလျက် က-ခ-ဂ-စသော မြန်မာစာကို သင်ကြားစေလေ၏။ (၂)နှစ်ခန့် ကြိုးစားသင်သောအခါ မြန်မာစာ (၄) တန်းလောက်နှင့်ညီမျှအောင်တတ်လေရာ အင်္ဂလိပ်စာ ဆက်သင်ကြားဖို့ စိတ်ကူးရလေ၏။ (၅) နှစ်သမီးငယ်ကိုကား အိမ်တွင်သင်စေပြန်၏။ မိတ်ဆွေများကလည်း အမျိုးသမီးကျောင်းတွင်ထားရန် တိုက်တွန်းသောကြောင့် ဦးဘရွှေကိုယ်တိုင် ဆရာမလုပ်မည့်သူထံ သွားရောက်အပ်နှံရလေ၏။

"ဆရာမရယ်၊ စိတ်တော့ မရှိပါနဲ့၊ ကျွန်တော့်သမီးကို အစစ ဆုံးမသွန်သင်ပါ၊ သို့သော် ကလေးကို ရိုက်စရာရှိလို့ ရိုက်တဲ့အခါ အပြစ်ကို နားလည်အောင်ပြောပြီး ရိုက်ပါ။ ကြောက်ပြီလားလို့ မမေးပါနဲ့၊ ပွန်းရုံပဲ့ရုံ ဆော့နေရင်လည်း ခွင့်လွှတ်ပါ၊ သူတစ်ထူးနဲ့ ရန်ဖြစ်ရင်လည်း ဖြစ်ပါစေ၊ မဖြစ်ရဘူးလို့ မဆုံးမပါနဲ့၊ သူ့အခွင့်အရေးကို နားလည်စေချင်ပါတယ်" ဟု ဦးဘရွှေ ပြောသောအခါ ဆရာမသည် ငေး၍နေလေ၏။

"မဟုတ်ဘူး ဆရာမရဲ့၊ ကလေးဟာ လွတ်လပ်ရမယ်၊ ကြောက်စိတ်မရှိရဘူး၊ မတရား-သူတစ်ထူး စော်ကားရင် ပြန်ပြီးလုပ်ဝံ့ရမယ်၊ ကျွန်တော့်သမီးဟာ (၇)နှစ်အရွယ်ဆိုရ၊ (၇)နှစ်လုံးလုံး အရိပ်တကြည့်ကြည့်နဲ့ ပြင်ခဲ့ရတာမို့ မူလငယ်စိတ်ကလေးတွေ ပျက်မသွားစေချင်လို့ပါ"

ဆရာမလည်း "ကောင်ပါပြီရှင်၊ ကြည့်ပြီး ဆုံးမပါ့မယ်" ဟု ဝန်ခံရသော်လည်း ဦးဘရွှေ၏ဆိုလိုရင်းကို နားလည်ဟန် မတူချေ။ ဦးဘရွှေသည် ပြုံးလျက်....

"ကျွန်တော့်သမီးဟာ ဉာဏ်လည်းကောင်းပါတယ်၊ သူ့တာဝန်လည်း သိတတ်ပါတယ်၊ ဆရာမသင်တဲ့စာကို ယနေ့ရဆိုလျှင် ရအောင်ကြိုးစားတတ်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်တို့မိဘကိုတောင် သူမကြောက်စေရပါဘူး၊ ဆရာမကိုလည်း သူ ကြောက်မှာမဟုတ်ဘူး၊ အတင်းကြောက်အောင် ကြိမ်နဲ့ခြောက်ရင်တော့ ကြောက်မှာပေါ့၊ ကျွန်တော့်ရဲ့ အဓိကရည်ရွယ်ချက်က သူတို့ကို လုံးဝကြောက်စိတ်မရှိဖို့ဘဲ" ဟု သားသမီးရှင် မိဘထဲတွင် လူဆန်းတစ်ယောက်ကဲ့သို့ မှာကြားအပ်နှံခြင်း ဖြစ်လေ၏။

အမျိုးသမီးကျောင်းတွင် (၂) နှစ်ကျော်သောအခါ တင်တင်အေးမှာ လေးဆင့်သို့ရောက်၍ နေလေ၏။ အငယ် ခင်ခင်ထွေးကိုလည်း ထိုနည်းအတိုင်း အပ်နှံထားရာ ကလေးမနှစ်ယောက်မှာ ကျောင်းတွင် နာမည်ရဖြစ်၍ နေကြလေ၏။ ဦးဘရွှေသည် ကျောင်းစာများကို အိမ်မှနေ၍ ကူညီပြသရာ ကျန်းမာရေးကို ပိုမိုဂရုစိုက်လျက် ရှိလေ၏။ မွေးကတည်းက အစားအစာကို ဂရုစိုက်၍ မတ်ရပ်ပြေးသည်နှင့် တစ်ပြိုင်နက် လမ်းလျှောက်ခြင်း၊ ခုန်ပေါက်ခြင်း၊ လက်မြှောက်၊ လက်ကွေး စသည်တို့ကို ကျင့်ပေးရာ ကလေးမများမှာ ယောက်ျားလေးများကဲ့သို့ပင် သန်မာ၍နေကြလေ၏။

ညီအစ်မနှစ်ယောက် ကျောင်းတက်သွားသောအခါ တစ်နံပါတ် ဘောလုံးတစ်လုံးကို လေထိုးပြီးပေးလေ့ရှိသဖြင့် ကျောင်းမတက်ခင် ကျောင်းအားချိန်များတွင် ယောက်ျားကလေးများနှင့် အတူ ဘောကစား၍ နေကြလေ၏။ ဦးဘရွှေ၏ ရည်ရွယ်ချက်ကို နားမလည်သူတို့မှာ ကဲ့ရဲ့ပြစ်တင် ပြောဆိုလျက်ရှိကြလေ၏။ ကလေးမများကား ဂွင်းဘား၊ နှစ်တန်းဘား စသည်တို့တွင်လည်း ပါဝင်ကစားလေ့ရှိရာ တစ်ခါတစ်ရံ ဦးဘရွှေကိုယ်တိုင် ကျောင်းသို့လိုက်လာပြီး မိန်းကလေးများအဖို့ ဝါသနာပါသူကလေးများ လိုက်စားရန် ယောက်ျားလေးများနည်းတူ ကိရိယာတန်ဆာပလာထားဖို့ ပြောသော်လည်း မအောင်မြင်ခဲ့ချေ။

အကြီးမ (၇) ဆင့်သို့ရောက်သောအခါ အငယ်မမှာ (၅) ဆင့်သို့ရောက်၍ နေလေ၏။ အသက်မှာလည်း (၁၁) နှစ်နှင့် (၉) နှစ်ဖြစ်ရာ အကြီးမှာ (၁၂) နှစ် (၁၃) နှစ်ရွယ် ကလေးများထက် အရပ်အမောင်း၊ ကိုယ်လုံးကိုယ်ပေါက်၊ ထွားကျိုင်းနေလေ၏။ ဦးဘရွှေကား မိမိ၏ရည်ရွယ်ချက် အထမြောက်ပြီဟု အထူးကျေနပ်၍ နေလေ၏။ ကလေးမများမှာ ဘာမဆို ရဲရဲတင်းတင်း ပြောဝံ့လုပ်ဝံ့၊ ရုပ်ကလေးတွေကလည်း ချောသောကြောင့် အတန်းပြ ဆရာမများသာမဟုတ်၊ အခြား ဆရာမများပါ ခင်မင်ကြလေ၏။ အကြီးမသည် အသက် (၁၃) နှစ်တွင် (၁၁) ဆင့်သို့ ရောက်ရှိနေရာ အငယ်မှာလည်း ဉာဏ်ကောင်းသည့်အတိုင်း (၉) ဆင့်သို့ သင်ကြားလျက်ရှိလေ၏။ ဘောလုံးကန်၊ စက်ဘီးစီးများလည်း ယောက်ျားကလေးလို သန်မာလျက် ကိုယ်လုံးကိုယ်ပေါက်မှာ (၁၅) နှစ် (၁၆) နှစ်ရွယ်ဟု ထင်မှတ်ရလေ၏။ တင်တင်အေး၏စိတ်ကား ကလေးစိတ်ကဲ့သို့ပင်၊ ၎င်းမှာ ဖခင်ဦးဘရွှေကြည့်သော အင်္ဂလိပ်သတင်းစာ၊ မြန်မာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည်တို့ကို မုန့်ပဲသရေစာစွဲသကဲ့သို့ အမြဲကြည့်ရှုဖော်ရလေ၏။

အမျိုးသမီးကျောင်းမှ ဆယ်တစ်ဆင့်သည် အစိုးရ အင်္ဂလိပ်မြန်မာဆယ်တန်းတွင် ဝင်နိုင်ခွင့်ရှိသဖြင့် ဦးဘရွှေသည် သမီးကြီးကို အိမ်ကကူညီပြသလျက် ရှိလေ၏။ "ဖေဖေ့သမီး ဆယ်တန်းအောင်ရင် ကောလိပ်ကိုပို့ရမယ်၊ သမီး အိုင်အက်စီ သင်မယ်မဟုတ်လား၊ အိုင်အက်စီ အင်ဂျင်နီယာတန်းကို ပို့မယ်" ဟု အားပေး၍နေလေ၏။

ကျောင်းမှာကား နောက်ဆုံးအစမ်းစာမေးပွဲသို့ တိုင်ခဲ့ရာ တင်တင်အေးမှာ အမှတ်တစ်ရာလျှင် (၇၀) ခန့် အမြဲရ၍ အောင်မြင်ခဲ့လေ၏။ အစိုးရစစ်ဆေးသော စာမေးပွဲတွင်လည်း အထူးမျှော်လင့်၍နေလေ၏။ ဦးဘရွှေကား ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်း၍ ပညာဖက်တွင် ချွန်ထွက်သော သမီးကို အရိပ်တကြည့်ကြည့်နှင့် ဖြစ်၍နေလေ၏။

တစ်နေ့သ၌ကား ဦးဘရွှေသည် ကျောင်းဆင်းချိန်မဟုတ်ဘဲ သမီးနှစ်ယောက် အိမ်သို့ပြန်လာသဖြင့် ထိတ်ခနဲ ဖြစ်၍သွားလေ၏။ စိုးရိမ်သော အမူအရာနှင့် ....

"သမီး ကျောင်းပိတ်သလား၊ ဘာလို့ အစောကြီး ပြန်လာသလဲ" ဟု မေးရာ တင်တင်အေးမှာ မိန်းကလေး၏သဘာဝအတိုင်း မျက်လုံးအိမ်စိုလျက် ငိုမလိုဖြစ်ရာက အားတစ်ဖန်တင်းပြီးလျှင်...

"ကျွန်မ အကောင်တစ်ကောင် ရိုက်ပစ်ခဲ့ပြီ"

"ဟင် ဘာဖြစ်လို့လဲ၊ ဟေ့ မြရီရေ၊ လာစမ်းပါဦး၊ မင့်သမီးတွေ ဘာဖြစ်လာသလဲ" ဟု ဒေါ်မြရီသည် အိမ်ခန်းထဲတွင် အလုပ်လုပ်နေရာမှ အေးအေးဆေးဆေး ထွက်လာကာ....

"သမီး ဘယ်သူ့ကို ရိုက်ခဲ့သလဲ"

"ချစ်စိန်ဆိုတဲ့ အကောင် .. ဒီအကောင်က ကျွန်မကို စာပေးတယ်၊ ကျွန်မက ဒါတွေ ငါနားမလည်ဘူး၊ နောက်မပေးနဲ့လို့ ပြောတယ် မရဘူး၊ တစ်ခါထပ်ပေးတယ်၊ ကျွန်မက ငါငယ်သေးတယ်၊ ဒါတွေနားမလည်ဘူး၊ နောင်တစ်ခါပေးရင် သိကြလိမ့်မယ်လို့ ပြောလိုက်တယ်၊ (၅) ရက်လောက်ကြာတော့ ပေးပြန်တယ်၊ အဲဒီနေ့က ကျွန်မ ဘာမှမပြောခဲ့ဘူး၊ ဒီနေ့ကျတော့ အိမ်က- ဖေဖေ့ မကျည်းနှစ်မျဉ်းလုံးကို ယူသွားတယ်၊ ကျွန်မကို သူအမြဲချောင်းနေတယ်၊ ကျွန်မက ခဏခဏလို့ခေါ်တော့ ပြေးလာတယ်၊ အနားရောက်တော့ ငါ့ကိုစာပေးဦးဆိုပြီး မျဉ်းလုံးနဲ့ သုံးချက်ရိုက်ပစ်ခဲ့တယ်၊ သွေးတွေထွက်ပြီး လဲနေရစ်တယ်၊ ကျွန်မလည်း ခင်ခင်ထွေးခေါ်ပြီး ဆရာမ ခွင့်တိုင်ပြန်လာတယ်"

"နို့ ဆရာမတွေ မသိဘူးလား"

"ကျောင်းနဲ့ ခပ်ဝေးဝေးမှာ ဖြစ်တာ မသိကြသေးဘူး"

"ဒီကလေးက ဘယ်ကလဲ"

"မသိဘူး၊ ချစ်စိန်လို့ သူ့အဖော်တွေခေါ်တာ ကြားဖူးတာပဲ"

"အတော်နာနေရစ်သလား"

"လဲနေရစ်တယ်၊ ကယ်တော်မူပါဦးလို့လည်း အော်တယ်"

"ဒါမှ ဖေဖေ့သမီး၊ ဒါဟာ ဒီလိုလုပ်ရမှာပဲ၊ ဒီအကောင် စော်ကားတာပဲ၊ သမီးက တစ်ခါနှစ်ခါ သည်းခံတာတောင် သူ မစဉ်းစားဘူး"

"ဟုတ်တယ် ဖေဖေရဲ့၊ ဒါကြောင့် နက်ပစ်ခဲ့တာပဲ"

"ခင်ခင်ထွေးကကော ကူပြီး မရိုက်ဘူးလား"

"မမက နိုင်နေတာကိုး ဖေဖေ၊ မနိုင်ရင် ဓားနဲ့ကူထိုးမှာပေါ့"

"အဲဒါမှ ဖေဖေ့သမီး၊ ဘာမှ ကြောက်စရာမရှိဘူး၊ သေတစ်နေ့ မွေးတစ်နေ့ပဲ၊ ဘယ်သူ့အစော်ကားမှ မခံနဲ့"

ထိုကဲ့သို့ ပြောဆိုနေကြခိုက် ဦးဘရွှေ၏ တိုက်အောက်ထပ်မှ မော်တော်ကားဟွန်းနှိပ်သံကို ကြားရလေ၏။ ခင်ခင်ထွေးသည် အပေါ်ကငုံ့ကြည့်ပြီးလျှင် "ဖေဖေ ဆရာမကြီး လာနေတယ်" ဟု ပြောဆိုစဉ်မှာပင် လူ (၃-၄) ဦး တက်ရောက်လာကြလေ၏။ ဦးဘရွှေလည်း နေရာထိုင်ခင်းပေးလျက်...

"ဘယ့်နှယ့် ဘာကိစ္စပါလဲ ဆရာမကြီး"

"ဦးဘရွှေရဲ့ သမီးကြီးက လူတစ်ယောက် ရိုက်ခဲ့ပါပကော"

"ဟုတ်ကဲ့၊ အခုပဲ ဒီအကြောင်း ပြောနေကြပါတယ်"

"သူငယ်ကလေးမှာ ခေါင်း လက် (၂) လုံးလောက် ပေါက်သွားပြီး (၂) နေရာက ဖူးဖူးရောင်နေတယ်"

"ဟုတ်ကဲ့၊ သုံးချက်တိတိ တွယ်ခဲ့တယ်လို့ ပြောကြပါတယ်"

"ဟောဒါ သူငယ်ကလေး မောင်ချစ်စိန်ရဲ့ ဖခင်ပါပဲ"

"ဩော် .. ဩော်"

"ဒီတော့ ဂါတ်တို့၊ ရုံးတို့ မရောက်ကြရင် ကောင်းမှာပဲ ဦးဘရွှေရဲ့၊ သားရှင်မိဘဆိုတော့ သွေးပူနေကြတုန်းပေါ့လေ၊ ကျွန်မကပဲ တောင်းပန်ပြီး ဦးဘရွှေဆီ ခေါ်ခဲ့ရပါတယ်"

"ဘာလုပ်ဖို့လဲ"

"သြော် .. တင်တင်အေးက လွန်နေတာ၊ တစ်ဦးနဲ့တစ်ဦး ကျေနပ်အောင် တောင်းပန်ကြ၊ ရှင်းလင်းကြဖို့ပါပဲ"

"သူငယ်ကလေးက ဘယ်နှစ်နှစ်ရှိပြီလဲ"

"(၁၇) နှစ်"

"ကျွန်တော့်သမီးက တမင်သက်သက် စော်ကားပြီးရိုက်တာလား၊ ရိုက်စရာအကြောင်းရှိလို့ ရိုက်တာလား"

"ဘာပဲဖြစ်ဖြစ် ဦးဘရွှေ၊ ရှင့်သမီးက လက်လွန်နေပြီကောရင်၊ ဒီပြင်စကားတွေ ပြောနေဖို့ မလိုပါဘူး"

"ကျုပ်သမီးကို စော်ကားတာကော"

"ဒါကတော့ လူငယ်သဘာဝ၊ စာကလေး ဘာကလေး ပေးမိမှာပဲ၊ ဦးဘရွှေ သမီးက လက်လွန်နေတာ ခက်တယ်"

"လက်နှစ်လုံးလောက် ပြတယ်ဆိုတာတော့ ဆရာဝန်က အများဆုံးပုဒ်မ (၃၂၄) လောက် တပ်ပေးလိုက်မှာပေါ့ဗျာ"

အသက်(၄၀) ကျော် ချစ်စိန်၏ဖခင်သည် ဆရာမနှင့် ဦးဘရွှေ ပြောနေသည်ကို အောင့်အည်း နားထောင်နေရာက မျက်နှာထား ခပ်တည်တည်နှင့်...

"ဦးဘရွှေ၊ ယစ်မျိုးဝန် ဦးဘတူဆိုတာ ကြားဖူးမှာပါပဲ"

"ခင်ဗျားလား"

"ဟုတ်တယ်"

"သြော်"

"ဒီတော့ ကျုပ်က လူကြီးပီပီ ခင်ဗျားသမီးလွန်လို့ ကျုပ်သား ဆေးရုံရောက်နေတယ်၊ ဆရာမကြီးကလည်း ခင်ဗျားဟာ လူကြီးလူကောင်း တစ်ယောက်ပဲ၊ မရိုင်းပါဘူးဆိုလို့ လာခဲ့ရခြင်း ဖြစ်ပါတယ်"

"နို့ ခုတွေ့နေတော့ ခင်ဗျား ဘယ်လိုထင်သလဲ"

"ပြောစရာ မလိုပါဘူး၊ ကျွန်တော်တို့ ပြန်ရုံပါပဲ"

ဦးဘရွှေသည် ပြုံးရယ်လျက် နေရာမှထပြီးလျှင် အိမ်ထဲသို့ ဝင်သွားလေ၏။ ချက်ချင်းပင် လက်ထဲမှ ပြောင်လက်သော အရာတစ်ခုကို ယူလာရာ ဦးဘရွှေ၏အကြောင်းကို ရှေးကပင်ကြားဖူးသော ဆရာမကြီးမှာ မျက်လုံးပြူးလျက် ထပြေးတော့မလို လုပ်ရာက....

"ဦးဘရွှေ သတိထားပါ၊ သတိထားပါ၊ ကျွန်မတို့ အကောင်းလာတာပါ"

"သတိမလစ်ပါဘူး ဆရာမကြီး၊ အကျိုးအကြောင်း ပြောမလို့ပါ" ဟု ယခင်ယူလာသော ခြောက်လုံးပြူးကို စားပွဲတွင်တင်ထားကာ ဦးဘတူအား ကြည့်လျက်...

"ကျုပ်သမီးကို စော်ကားရင် တုတ်နဲ့ရိုက်ရုံတင် မဟုတ်ဘူး၊ ဟောဒီသေနတ်နဲ့ ပစ်ဝံ့အောင် သင်ထားတာ၊ ကျုပ်သမီးမှားတယ်ဆိုရင် ခင်ဗျားတို့ရှေ့မှာ သွေးအန်အောင် ရိုက်ပြမယ်၊ ကျုပ်သမီးမှန်ရင် ဝန်ချတောင်းပန်ဖို့ ကြေရာကြေကြောင်းပြောဖို့ အလိုမရှိဘူး၊ (ခြောက်လုံးပြူးကို ကိုင်ပြန်လျက်) ကျုပ်ဟာ ငယ်ငယ်က သေနတ်ဝါသနာပါလွန်းလို့ မကောင်းဘူးဆိုပြီး လိုင်စင်ပြန်သွင်းခဲ့တယ်၊ အခု (၆) လလောက် ရှိသေးတယ်၊ သင်းတို့ သေနတ်ပစ်တတ်အောင် လိုင်စင်ပြန်ထုတ်ထားတာ"

ဦးဘတူသည် တာရှည်နေလျှင် ပိုမို၍ စကားများရမည်ကို မြင်ရသဖြင့်

"ဆရာမကြီး သွားကြစို့" ဟု မတ်တတ်ရပ်ရာ ဆရာမကြီးသည် ဦးဘရွှေအား "ဝမ်းနည်းပါတယ်" ဟု အင်္ဂလိပ်လို နှုတ်ဆက်ကာ ဆင်း၍သွားကြလေ၏။

ညီအစ်မနှစ်ယောက်ကား ဝင်ရောက်စွက်ဖက် ပြောဆိုခြင်း မရှိ၊ နားထောင်၍ လာနေကြလေ၏။ ဒေါ်မြရီကား ယစ်မျိုးဘက်မှာ ပုလိပ်ဘက်နှင့် ညီအစ်ကိုဖြစ်သဖြင့် သမီးကလေးအား ဖမ်းလားဆီးလားလုပ်မည်ကို စိုးရိမ်ဟန် တူလေ၏။ ထင်သည့်အတိုင်းပင် ထိုညနေခင်း၌ ပုလိပ်ဌာနာအုပ်သည် ဦးဘရွှေ၏တိုက်သို့ ရောက်ရှိလာလေ၏။

"ဦး... တင်တင်အေးတစ်ယောက် ရှိပါသလား ခင်ဗျာ"

"ရှိပါတယ်မောင်၊ ဟိုက ပုဒ်မ(၃၂၄) တင်တယ် မဟုတ်လား"

"ဟုတ်ကဲ့၊ ဦးဘတူက တိုင်ကြားလာတော့ ဝတ္တရားအတိုင်း လာရခြင်း ဖြစ်ပါတယ်"

ဦးဘရွှေသည် ခေါင်းကို တစ်ချက်ဆတ်ပြီးလျှင်...

"တင်တင်အေးရေ...သမီးထွက်ခဲ့ဟေ့၊ နင့်ကို ရဲဖမ်းတော့မယ်" ဟု ပြောလိုက်ရာ ဌာနာအုပ်မှာ အံ့အားသင့်၍ သွားလေ၏။ ဒေါ်မြရီမှာ မျက်နှာပျက်၍ သွားသော်လည်း လျှင်မြန်စွာ ဣန္ဒြေဆည်ကာ ပြုံးလိုက်လေ၏။ တင်တင်အေးသည် ခပ်အေးအေးပင် ထွက်လာလျက်...

"ဖေဖေ လက်ထိပ်ဆိုတာ သံကိုလုပ်ထားတာနော်" ဟု အပြုံးမပျက် ခပ်တည်တည် မလေးမစား ပြောဆိုနေရာ ဦးဘရွှေမှာ သမီးအား ပြုံးပြုံးကြီး ကြည့်ရှုနေလိုက်လေ၏။ ဌာနာအုပ်က ....

"ဟော့ သူငယ်မရဲ့... လက်ထိပ်ခတ်ဖမ်းဖို့ မဟုတ်ပါဘူး၊ အကျိုးအကြောင်းမေး၊ ဌာနခေါ်၊ အာမခံပေး၊ ပြန်လွှတ်ရုံပါပဲကွဲ့"

"ရှင် ဘာမေးချင်လဲ"

"ချစ်စိန်ကို မင်းကရိုက်ခဲ့တဲ့ အကြောင်းပါပဲ"

"မန်ကျည်းနစ်မျဉ်းလုံးနဲ့ သုံးချက်ရိုက်ခဲ့တယ်၊ သက်သေခံပစ္စည်း ယူဦးမလား" ဟု မျဉ်းလုံးကို ထုတ်၍ပေးလေ၏။ ဌာနာအုပ်မှာကား အလွန်အပေါက်ဆိုးမှုတ်သော သားအဖနှင့် တွေ့ကြုံနေရသော်လည်း ဦးဘရွှေမှာ သာမညလူမဟုတ်၊ နိုင်ငံကျော် ခေါင်းဆောင်တစ်ယောက်ဖြစ်သဖြင့် မတင်းမာဝံ့ဘဲ ခပ်ပြုံးပြုံး ကြည့်ကာ...

"ဦး... ဦးရယ်၊ တင်တင်အေးရယ် လိုက်ခဲ့ပါဦး၊ ဟိုကျတော့ ဦးကိုယ်တိုင် အာမခံပြီး ပြန်ခေါ်သွားတာပေါ့"

"ကောင်းပါပြီ မောင်၊ ကျုပ် ဥပဒေကို ရိုသေပါတယ်၊ လိုက်ရတာပေါ့" ဟု ခေါင်းပေါင်းထပေါင်းပြီးလျှင် " လာသမီး သွားစို့၊ ခင်ထွေးကော အချုပ်ထောင်ဆိုတာ ဘာလဲလို့ သိရအောင် လိုက်ခဲ့" ဟု သားအဖသုံးယောက် ဌာနာအုပ်နှင့် ပါသွားလေ၏။ ဦးဘရွှေသည် ဌာနာအုပ်ကို တီးတိုးပြောထားရာ ဂါတ်တဲသို့ရောက်လျှင် တင်တင်အေးအား လက်ထိပ်ခတ်လိုက်လေ၏။ ဦးဘရွှေသည် တင်တင်အေး၏မျက်နှာကို မသိမသာ အကဲခတ်လေ၏။ တင်တင်အေးကား ဣန္ဒြေမပျက် မျက်နှာမပျက် ခပ်ပြုံးပြုံးပင် မြင်ရသောအခါ အထူးကျေနပ်၍ သွားလေ၏။ ထို့နောက် အာမခံထုံးစံအတိုင်း ပြုလုပ်ပြီးနောက် တင်တင်အေးအား လက်ထိပ်ချွတ်ပြီး ခေါ်ဆောင်ခဲ့ပြန်လေ၏။ ထိုသတင်းမှာ နောက်တစ်နေ့၌ ပိုမို ပျံ့နှံ့သွားရာ ဦးဘရွှေထံသို့ တစ်ဦးဝင်တစ်ဦးထွက် လာရောက် မေးမြန်းလျက်ရှိကြလေ၏။ ဦးဘရွှေမှာ အမှုအတွင်း သမီးကလေး ပညာသင်မပျက်စေရန် ဆရာမကြီးအား အတော်ပြောဆိုရလေ၏။ ဆရာမကြီးမှာ သူ့စကားနားမထောင်သဖြင့် လူရိုက်မှုကျူးလွန်သော မိန်းကလေးတစ်ယောက်ဟု ကျောင်းမှ ပယ်ဖျက်လိုက်ရာ ဤသို့ပယ်ဖျက်က ဦးဘရွှေသည် ကျောင်းကော်မတီလူကြီးများနှင့် ဝင်ဆံ့သောကြောင့် လက်ခံလိုက်ရခြင်း ဖြစ်လေ၏။

အမှုမှာ ပုလိပ်ရုံးကြီးတွင် ဆိုင်ရမည်ဖြစ်ရာ ဆေးရုံတွင် ရက်ပေါင်း (၂၀)ကျော် တက်ရောက်ရသဖြင့် ပုဒ်မ(၃၂၄) ထက် မလျော့သည်ကို ဦးဘရွှေ သိရှိလေ၏။ စီရင်ရမည့် တရားသူကြီးသည်လည်း ဦးဘရွှေအား ကြည်ညိုသူဖြစ်သဖြင့် ညဉ့်အချိန် အမှတ်တမဲ့ ဦးဘရွှေ၏အိမ်သို့ လာရောက်လေ၏။

"အို .. မောင်ခင်မောင်ပါလား၊ လာပါ လာပါ" ဟု ခေါ်ကာ နေရာထိုင်ခင်း ပေးလေ၏။

"တင်တင်အေးအမှု .. ကျွန်တော့် ရုံးမှာ ကျတယ် ဦးရဲ့"

"ဟုတ်ကဲ့မောင်.. ကြားရပါပြီ"

"ခက်တာက.. ဦးဘတူက ဒဏ်ခပ်များများ၊ ဆရာဝန်နဲ့ ပင်းပြီး ရက်(၂၀)ကျော်အောင် ဆွဲပြီး ကုသတယ်ခင်ဗျာ့"

"ဒီတော့ ကျွန်တော့်မှာ သိပ်ပြီး ခက်တာပဲ၊ ဦးသမီးမို့ မစီရင်ချင်ဘူး၊ ဘယ်နယ့်လုပ်ရမှန်း မသိဘူး"

"ဥပဒေအတိုင်း လုပ်တာပေါ့ မောင်"

"သိပ်ခက်တာပဲ ဦးရယ်၊ ဦးသမီးကို ဥပဒေအတိုင်း လုပ်ချင်ရင် ကျွန်တော် ဒီကို မလာပါဘူး၊ ကျွန်တော် စိတ်ကူးရတာက အသက်သာဆုံး ဒဏ်ငွေ (၅၀) ကျပ်လောက်တပ်၊ တရားလိုကို လျော်ကြေး (၂၅) ကျပ်ပေး၊ ဦးသမီးကို တရားသူကြီးက ဆုံးမလွှတ်"

"ဘယ့်နှယ့်.. မောင် သက်ညှာတာကို ကျေးဇူးတင်ပါတယ်၊ နို့ပေမယ့် ကျုပ်သမီးက မှားတဲ့အနေမျိုးနဲ့ ဆုံးမတာတော့ သဘောမတူနိုင်ဘူး"

"ကိုင်း ဒါဖြင့် ဒဏ်တပ်၊ ရုံးတက်၊ ရုံးဆင်း ၊ ထောင်ဒဏ်ပေး"

"ကောင်းသားပဲ၊ ကျုပ်မျက်နှာကြည့်ပြီး ဘာမှမလုပ်ပါနဲ့၊ ဥပဒေရှိသလိုသာ လုပ်ပါ" ဟု ပြောဆိုရာ တရားသူကြီး ဦးခင်မောင်မှာ ခေါင်းကုတ်လျက် ...

"ဦးကလည်း သိပ်ခက်တာပဲ" ဟု ညည်းညူရင်း နှုတ်ဆက်ကာ ဆင်း၍သွားလေ၏။

နောက်ရက်များ မကြာမီပင် အမှုဆိုင်သောနေ့သို့ ရောက်လာရာ နာမည်ကြီး၏ သမီးဖြစ်သည့်အတိုင်း ပုလိပ်ရုံးကြီးတွင် ပရိသတ်စည်ကား၍ နေလေ၏။ ထိုနေ့တွင်ကား တရားလိုနှင့် တရားလိုပြသက်သေများကို စစ်ဆေးခြင်းဖြင့် အချိန်ကုန်လေ၏။ ဦးဘရွှေမှာ အကြံဉာဏ်လည်းကောင်း၊ ဗဟုသုတလည်း များသူဖြစ်ရာ တရားလိုဘက်မှ အထူးကြိုးစား၍ နေကြ၏။ အမှုမှာ နောက်တစ်ကြိမ် စစ်ဆေးဖို့ (၇) ရက်ခန့်ခွာ၍ ချိန်းဆိုလိုက်ရာ ဦးဘရွှေမှာ သမီးဖြစ်သူအား စိတ်အေးလက်အေးနှင့် စာကြိုးစားရန် တိုက်တွန်းထားလေ၏။

ပထမအမှု စစ်ဆေးပြီးနောက် (၃) ရက်ကြာသောအခါ ဦးဘရွှေနှင့် ရင်းနှီးသော ခေါင်းဆောင်တစ်ဦးရောက်ရှိလာရာ ဦးဘရွှေနှင့် ရယ်မောစကား ပြောဆိုနေကြလေ၏။ ခေါင်းဆောင်လူကြီးက စကားစလျက်...

"အိုင်ဆေး ကိုဘရွှေ၊ ခင်ဗျားသမီးအမှု ဘယ့်နှယ့်ထင်သလဲ"

"မောင်ခင်မောင်က ရုံးတက်ရုံးဆင်း ထောင်ဒဏ်နဲ့ ငွေဒဏ် (၅၀) ကျပ် စိတ်ကူးသတဲ့"

"ခင်ဗျားလည်း အတော်ကြိတ်ပြီး ကြံတဲ့လူဗျာ"

"ဘာလဲဗျာ၊ သမီး အမှုဖြစ်နေပါတယ် ဆိုတာ"

"ကိုင်း ဖြီးမနေနဲ့ ဆရာ၊ ကျွန်တော့်စကား ဒီတစ်ကြိမ် နားထောင်ရလိမ့်မယ်၊ ခင်ဗျားအကြံလည်း ကျွန်တော်သိရပြီ၊ ဟိုက သူ့အမှုသူ ကျေအေးပြီး နှုတ်ရင်သာ ခင်ဗျား ကျေနပ်တော့"

"ဟာ ဒီသမီး မိုက်လို့ပဲဟာ၊ အပြစ်ဒဏ် ခံပါစေ"

"တယ်ခက်တဲ့လူကိုဗျ၊ ခင်ဗျားကြံတာ သိပါတယ်ဆိုမှ၊ ခု ခင်ဗျားက မူလကရတဲ့ဒဏ်ရာနဲ့ ဆရာဝန် အရက်(၂၀) ကျော် ကုတာကို တွယ်မလို့မဟုတ်လား၊ တစ်ကမ္ဘာလုံးဆိုင်ရာ ဆရာဝန်အဖွဲ့နဲ့ အလုပ်လုပ်မယ်ဆိုတာ ကြားလို့ ဆရာဝန် အတော်လန့်နေတယ်၊ လန့်နေတာထက် အရေးကြီးတာက မြူနီစပယ်မှာ ကိစ္စတစ်ခု ဆုံးဖြတ်ဖို့ဟာ ကုလားမဲရဖို့ လိုနေတယ်၊ ဟို ဆရာဝန်ကလည်း ကုလားလူကြီးတွေ လာပြီး ကပ်နေတော့ ကျွန်တော့်ကို နားပူနားဆာလုပ်နေကြတယ်"

"ခင်ဗျား ဘယ့်နယ့်သိသလဲ"

"မူလ ဒဏ်ရာ-အကျယ်-အလျား -အနံ- စောက်အနက်ကို ခင်ဗျား ရေးကူးမှတ်သွားတယ် ကြားကတည်းက အင်း သူတော့ ဒါကို တွယ်တော့မယ်လို့ နားလည်ကြတာပေါ့ဗျာ"

"မဟုတ်ဘူးဗျာ၊ မြန်မာပြည်မှာ ဆရာဝန်အဖွဲ့နဲ့ စောဒကတက်ရတဲ့အကြောင်း တိုင်းပြည်သိစေချင်တယ်"

"နောက်မှ လုပ်ပါ၊ ဒီတစ်ကြိမ်တော့ သည်းခံပါ၊ နောင်ကြီးရာ" ဟု တောင်းပန်လေလျှင် ဦးဘရွှေသည် ပြုံး၍နေလေ၏။

နောက် အမှုဆိုင်မည့်နေ့သို့ တိုင်သောအခါ နှစ်ဦးနှစ်ဖက် ကျေအေးလျက် တရားလိုက အမှုကို နုတ်သိမ်းသွားသောကြောင့် ကိစ္စပြီး၍ သွားတော့လေ၏။

***

တင်တင်အေးကား (၁၁)ဆင့်တွင် ပညာများကို ကြိုးစားသင်ကြားရာ စာမေးပွဲသို့ တိုင်လေ၏။ ဉာဏ်လည်းကောင်း၊ ဝီရိယလည်း ရှိသောကြောင့် အောင်ဂေဇက်တွင် (က) တန်းက ပါ၍လာလေ၏။ ထိုအချိန်၌ တင်တင်အေး၏အသက်မှာ (၁၃) နှစ် သာသာကလေးမျှဖြစ်ရာ တက္ကသိုလ်သွားရန် အသက်မမီသဖြင့် စောင့်ဆိုင်း၍နေရလေ၏။ ထိုကဲ့သို့ စောင့်ဆိုင်းနေရသော အချိန်၌ ဦးဘရွှေသည် ကမ္ဘာ့ပညာရှင်များရေးသည့် နိုင်ငံရေး၊ စီးပွားရေးစာအုပ် စသည်တို့ကို များစွာဖတ်ရှုစေလေ၏။ ကိုယ်တိုင် နှစ်ပေါင်း(၃၀)ခန့် လက်တွေ့လုပ်ခဲ့သော မြန်မာပြည်၏ နိုင်ငံရေးသဘောကိုလည်း သင်ကြားပေးလေ၏။

သမီးနှစ်ယောက်မှာ ရှေ့နောက်အလွန်ညီလျက် နံနက်အိပ်ရာမှ (၅) နာရီတွင်ထစေ၍ ဘုရားရှိခိုးစေခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းတစ်ခုခုကို နာရီဝက်သာသာ ယူစေခြင်း စသော ငယ်စဉ်ကအချိန်စာရင်းကိုလည်း မပျက်မယွင်းအောင် လုပ်ကိုင်စေလေ၏။ အချိန်ကား တစ်စတစ်စ ရွေ့လျောပြောင်းကွယ်ခဲ့ရာ တင်တင်အေး(၁၄) နှစ်ကျော် (၁၅) နှစ်အဝင်တွင် အသက်ကိုလိမ်လျက် ကောလိပ်သို့ပို့လေ၏။ ထိုအချိန်၌မူ တင်တင်အေးမှာ သိုင်းပညာများကိုလည်း သင်ကြားပြီး ကျန်းမာရေးလည်း ဆက်လက်လိုက်စားဆဲဖြစ်သောကြောင့် အရပ်အမြင့်၊ ကိုယ်လုံးကိုယ်ပေါက်မှာ (၁၈) နှစ်၊ (၂၀) ရွယ်တွေထက် သန်မာထွားကျိုင်း၍နေလေ၏။ ဦးဘရွှေသည် တူးဆီးတာ ကားကလေးတစ်စီးထုတ်လျက် သမီးဖြစ်သူအား ကိုယ်တိုင်မောင်း၍ ကျောင်းတက်စေလေ၏။ ကျောင်းတွင် အပြေး၊ ရေကူးမှစ၍ ကစားခုန်ပြေးပွဲများတွင်လည်း နာမည်ရဖြစ်လေ၏။ သတင်းစာများမှ တင်တင်အေး၏ နာမည်ဆိုလျှင် သိ၍နေကြ၏။ အသားကပ်ဘောင်းဘီ၊ ရေကူးအင်္ကျီကိုဝတ်လျက် သတင်းစာများတွင် တင်တင်အေး၏ဓာတ်ပုံ ပါလာသောအခါ အချို့က "မြန်မာမိန်းကလေးပဲ၊ အနောက်နိုင်ငံ အတု-တုရမလား" ဟု ကဲ့ရဲ့ကြလေ၏။ ဦးဘရွှေကား

မည်သူ့ကိုမျှ ဂရုမစိုက်၊ တစ်ကြိမ်ကြိမ်တွင် အိုလံပစ်ပြိုင်ပွဲသို့လွှတ်မည်ဟု မှန်းထားခဲ့လေ၏။ ရုပ်ကလေးချောသဖြင့် တက္ကသိုလ်ဂျပိုးကလေးများ ပိုးချင်ပန်းချင်ကြသော်လည်း နောက်နောက်ကအကြောင်း ကြားဖူးကြသဖြင့် မစဝံ့ကြချေ။

တင်တင်အေးကား ထူးချွန်သောမိန်းကလေး ဖြစ်သည့်အတိုင်း အိုင်အက်စီအောက်တန်း၊ အထက်တန်းကို တစ်နှစ်တည်း အောင်ပန်းဆွတ်ခူးခဲ့နိုင်လေ၏။ (၁၆) နှစ်ရွယ်ဟု ဆိုရသော်လည်း တတ်ထားသော စာပေ၊ ကျောင်းစာများပါ ပညာဗဟုသုတ အတော်ပြည့်ဝ၍နေလေ၏။ ဦးဘရွှေမှာ သမီးများအား နိုင်ငံရေးနှင့် စွန့်စားရေးကို မကြာခဏ ဩဝါဒပေးလေ့ရှိရာ အဖေတူသမီးကလေးများမှာ အသည်းစွဲ မှတ်သား၍ထားကြလေ၏။

တင်တင်အေးသည် ဘီအက်စီအောက်တန်းတွင် ပညာသင်ခိုက် မြန်မာပြည်၏နိုင်ငံရေးသည် များစွာရှုပ်ထွေး၍ လာလေ၏။

တစ်နေ့သ၌ကား တက္ကသိုလ်သမဂ္ဂတွင် လူယုတ်မာ စကားတတ်ခေါင်းဆောင်နှင့် အခြားခေါင်းဆောင်တစ်ဦး စကားရည်လုပွဲကျင်းပရန် စီမံလေ၏။ စကားရည်လုပွဲ၊ တရားပွဲများကို ဦးဘရွှေကိုယ်တိုင် ဝါသနာပါသည့်အပြင် သမီးများအား အငြိမ့်ဇာတ်ပွဲထက် ပိုမိုဂရုစိုက် ပို့လေ့ရှိသောကြောင့် ထိုနေ့က သမီးနှစ်ယောက်နှင့်အတူ ကောလိပ်သို့ ထွက်ခဲ့ကြလေ၏။

ဦးဘရွှေတို့ သားအဖသုံးယောက်မှာ ရှေ့ပိုင်းတွင် နေရာရလေရာ ၎င်းတို့ရှေ့မှ ကုလားထိုင် (၃) တန်းလောက်သာ ရှိတော့လေ၏။ ပထမ၌ အခြားခေါင်းဆောင်တစ်ဦးက နိုင်ငံရေးအကြောင်းကို ပြောဆိုသွားရာ လူညာခေါင်းဆောင်သည် ပြန်လည်ချေပရန် မတ်တတ်ရပ်လေ၏။ ထို့နောက် ကရားရေလွှတ်သလို တတွတ်တွတ်ပြောဆိုရာ ဦးဘရွှေမှာ "အလကားကောင် ညာတာ၊ ခွေးမသား" နှင့် ကြိမ်းဝါးနေလေ၏။ ထိုကဲ့သို့ ကြိမ်းဝါးရာမှ သမီးကြီးအား အကဲခတ်ရာ တင်တင်အေးမှာ သူ၏လက်ဆွဲသားရေအိတ်ကို ကိုင်တုံချတုံ ပြုလုပ်နေလေ၏။ ခဏကြာလျှင် သားရေအိတ်ကို ဖွင့်လေ၏။ ဦးဘရွှေလည်း သမီးကို အကဲခတ်နေသူဖြစ်ရာ သားရေအိတ်ကို ဖွင့်စဉ်၌ မျက်လုံးပြူး၍ သွားလေ၏။ "တင်တင်အေး - သမီး " ဟု တစ်ခွန်းသာ ခေါ်ပြီးလျှင် သမီး၏လက်ထဲက သားရေအိတ်ကို ဆွဲယူလိုက်လေ၏။

"လာ သမီး - ဒီအကောင် ပြောတာ နားမထောင်နဲ့ ပြန်ကြစို့" ဟု ထွက်ခဲ့ကြကာ ကားကို ခပ်မြန်မြန် မောင်းစေလေ၏။

"သမီးရဲ့ အသက်ကို ဒီလိုနေရာ အသုံးမချစေချင်သေးဘူး"

"ကျွန်မ သိပ်အမြင်ကတ်တာပဲ၊ ဒါကြောင့် ဖေဖေ့သေနတ်မှာ ယမ်းတောင့် (၆) တောင့်စလုံး အပြည့်ထည့်ခဲ့တယ်"

"သမီးအသက်ကို ဒီအကောင်နဲ့ မလဲပါနဲ့၊ သူ့ထိုက်နဲ့သူ့ကံပေါ့၊ ဖေဖေလိုချင်တာက သမီး ဘီအက်စီအောင်အောင် ကြိုးစား၊ အင်္ဂလိပ်နဲ့ ဂျာမန်တွဲထားတဲ့အဘိဓာန်ကို နာနာဖတ်၊ နောက် ဘိလပ် ပညာသင်သွားရအောင် ဖေဖေကြိုးစားမယ်၊ ဘိလပ် ကျောင်းရက်အားမှာ ဂျာမနီသွားပြီး အဆိပ်ငွေ့လုပ်နည်း၊ လက်ပစ်ဗုံးလုပ်နည်း၊ သေနတ်သံတွေ စပ်တဲ့နည်းတွေကို စုဆောင်းရမယ်၊ သမီး ဘိလပ်က ပြန်လာတဲ့အခါ တိုင်းပြည်မှာ အခု ဒီအကောင်သတ်လိုက်တာထက် အကျိုးရှိမှာပေါ့"

"ကိုယ့်နိုင်ငံ ကိုယ်ကာကွယ်ဖို့ လက်နက်၊ စစ်အတတ် အရေးကြီးမှန်း ကျွန်မသိပါတယ်၊ ဒါပေမဲ့ ဒီလူကြီးမြင်ရင် ဘယ့်နယ့်ဖြစ်သွားမှန်း မသိဘူး ဖေဖေရဲ့"

"စိတ်ကို ချုပ်တည်းမှပေါ့ သမီး၊ အလကားနေရာမှာ ဒေါသရှေ့မထားရဘူး၊ ဖေဖေ ပြောသလို အောင်မြင်ရင် ဘယ်လောက်ဟန်ကျမလဲ"

"ကျွန်မ ဖေဖေ့စကား နားထောင်ပါ့မယ်"

"အေးအေး ဖေဖေကလည်း မဟုတ်တာမှ မပြောပဲ" ဟု စကားပြောစဉ် ကားသည် တိုက်ဘေးသို့ ရပ်လေ၏။ ဂျပါတီမကလေးကား တိုက်ပေါ်သို့ လေ့ကားနှစ်ထစ်ကျော် သုံးထစ်ကျော် ခုန်တက်ပြေးရာ ဒေါ်မြရီသည် "ပြန်လာကြပြီလားဟေ့" ဟု တံခါးကို ဖွင့်ပေးလိုက်လေသတည်း။

သူရိယမဂ္ဂဇင်း၊

၁၉၄၇-ခုနှစ်၊ ဒီဇင်ဘာလ။

## ၁၅။ ရာဇာနှင့် ရန်နီ

"ဆိုးတယ်သာဆိုတာ၊ သူတို့က ဆိုးအောင် ဘယ်လိုထားမှန်းမှ မသိဘဲ"

"အေးဗျာ ခုတော့ ပစ်သတ်ဖို့ ဆုံးဖြတ်လိုက်ပြီတဲ့"

"ဟာ- ကောင်မလေးလည်း ကိစ္စချောပါပကောဗျို့"

ကမ္ဘာ့သတင်းများကို ဂရုတစိုက် ဖတ်ရှုသူတိုင်း ထိုကဲ့သို့ စုတ်တသတ်သတ်နှင့် ပြောမိကြမည်ဖြစ်၏။ မြန်မာပြည်၌ ဝတ္ထုရေးဆရာတို့၏ စိတ်ကူးဖြင့် လူ့ဖြစ်ရပ်များကို ဝတ္ထုတို-ရှည်များနှင့် ထောင်သောင်းမက ရေးသားဖော်ပြခဲ့ကြလေပြီ။ ထိုအကြောင်းအရာများအနက် တစ်ခုတလေသော်မျှ ကမ္ဘာကျော်သွားခဲ့သည် မဖြစ်ဘူးချေ။ မြန်မာပြည်အတွင်း၌ တကယ့်လူ့ဖြစ်စဉ်များလည်း အချစ်နှင့်ပတ်သက်၍ ကမ္ဘာက သတင်းယူလောက်အောင် မကျော်ကြားခဲ့ဖူးချေ။

ယခုဖော်ပြလတ္တံ့သော ဝတ္ထုကား စကော့တလန်၌ စုံထောက်အဖွဲ့ကြီးပင် မနေသာတော့ဘဲ တစ်သက်တစ်ခါ မကြုံစဖူး အထူးစုံစမ်းပေးခဲ့ရသော ချစ်ဇာတ်လမ်းဖြစ်ပေသည်။

***

"ပါပါက မင်းတို့ကို မခွဲချင်ပါဘူးကွယ်၊ နို့ပေမယ့် မင်းတို့ ဟိုကိုရောက်ရင် ကောင်းကောင်းစားရမယ်၊ ကောင်းကောင်း နေရမယ်"

(၃) နှစ်ကျော် (၄) နှစ်ထဲ ရောက်နေသော ကောင်လေးနှင့် (၅) နှစ်အရွယ် ကောင်မလေးတစ်ဦးအား ကုလားကြီးက ဟိန္ဒူစတန်နီဘာသာနှင့် အထက်ပါအတိုင်း ပြောဆိုလိုက်ခြင်း ဖြစ်သည်။ သူတို့ကို ပြောပြသော စကားများကို ကောင်းစွာ နားလည်ကြပါသည်။ သူတို့ကတော့ ပြန်၍ မပြောတတ်ပါ။

"မမ .. ဘယ်လိုသဘောရသလဲ"

အငယ်ကောင်က သူတို့ဘာသာနှင့် အကြီးမကို မေးလိုက်ခြင်း ဖြစ်သည်။

"တို့ကို ရောင်းလိုက်မင့်ဟာ၊ မလိုက်လို့ကော ဘယ်ဖြစ်မလဲ မောင်လေးရယ်၊ အခု ချော့ပြောပေမယ့် တို့မလိုက်ရင် ရိုက်နက်ပြီး အတင်းထည့်လိုက်ကြမှာကွဲ့"

သူတို့သည် မောင်နှမအရင်း မဟုတ်သော်လည်း တစ်ဦးကိုတစ်ဦး မောင်နှမအရင်းလို အထူးခင်မင်ကြသည်။ သွားအတူ၊ စားအတူ၊ ကစားအတူ ပျော်ပါးစွာ နေခဲ့ကြသည်။

သူတို့သည် လူသားများ မဟုတ်ကြပါ။ ဆင်မောင်နှံ ဖြစ်ကြ၏။ ဆင်တိရိစ္ဆာန် ဖြစ်သည့်အတွက်လည်း လူခိုင်းသမျှလုပ်၊ လူကျွေးသမျှစား၊ လူက မလိုလားဘူးဆိုလျှင် ဒုက္ခရောက်ကြရတော့သည်။ အထီးကလေး၏ နာမည်မှာ ရာဇာဖြစ်၍ အမကလေး၏ နာမည်မှာ ရန်နီဖြစ်၏။ (၁၉၄၉) ခုနှစ်က ဘီလပ်ရွှေမြို့တော်၊ လန်ဒန်တိရိစ္ဆာန်ရုံကြီးတွင် ထားရန်အတွက် အိန္ဒိယပြည်မှ သူတို့နှစ်ကောင်နှင့် အခြားတစ်ကောင်၊ ပေါင်း ဆင်ငယ်သုံးကောင်ကို ပို့မည်ရှိစဉ် အထက်ပါအတိုင်း မာဂဓဘာသာနှင့် တိုင်ပင်နေကြခြင်း ဖြစ်သည်။

သူတို့လည်း ဇာတိဌာနသဘာဝနှင့် မူလနေမြေဒေသကို ခင်မင်တွယ်တာကြမည် ဖြစ်သည်။ ကလေးတို့ဘာဝ၊ ဆင်ကြီးတွေကြားထဲက ပြေးလွှားလိုက်ပါသွားပြီးလျှင် အကြီးတွေက ညောင်ရွက်ကိုင်းများ ချိုးပေး၍ ရွက်ဖျားကလေးတွေ နာမောင်းနှင့်ဖြတ်၊ ပါးစပ်ထဲ ခေါက်ထိုးသွင်းကာ၊ တမြှင်းမြှင်း ဝါးစားနေရသည်ကို သဘောကျကြသည်။

ယခုတော့ သူတို့ပါ လူသားက သနားမညှာတာတော့လို့ တခြားတစ်ရွာကို အသော့ပို့ချိမ့်မည်။

"ရာဇာ၊ မင်း ဟိုကျရင် မမိုက်နဲ့နော်၊ မင်းက စိတ်ဆတ်တဲ့ကောင်၊ မင်းကြီးပြင်းလာလို့ စိတ်ဆတ်ရင်တော့ မင်း ဒုက္ခတွေ့လိမ့်မယ်"

သူ့ပါပါက ရာဇာ၏နာရောင်ကို လက်နှင့်လျှောက်သပ်ကာ ဆုံးမနေသည်။ ရာဇာဟာ သူ့ကိုယ်လုံးလေး သေးသေးနှင့် သူစိတ်မထင်လျှင် ဆင်ကြီးတွေကို ကိုယ်နှင့်တိုက်လိုက်၊ ခေါင်းနှင့်ဝှေ့လိုက်၊ ခြေနှင့်ကန်လိုက် လုပ်တတ်သည်။ ဆင်ကြီးတွေကတော့ ဆင်ဆင်ချင်း ကလေးဆိုပြီး သည်းခံကြသည်။ တစ်ခါတစ်ရံလည်း နာမောင်းနှင့် ပွေ့ပြီး ရေထဲ ဝုန်းခနဲ ကျသွားအောင် ပစ်ကစားကြသည်။ လူသားတွေကတော့ သည်လိုသည်းခံကြမည်မဟုတ်။

"ရန်နီ ငါ့သမီးက လိမ္မာပါတယ်ကွယ်၊ အစစ မောင်လေးကို သွန်သင်ကွဲ၊ သူစိတ်ဆိုးရင် မဆိုးအောင် နင်က ဖျောင်းဖျပေး"

သူတို့ပါပါသည် ငွေကြေးကြောင့် ရောင်းလိုက်ရသော်လည်း သူတို့နှစ်ကောင်၏ သံယောဇဉ်က မကင်းရှာပေ။ အိန္ဒိယနှင့် အင်္ဂလန်၊ ရာသီဘာဝ မတူသဖြင့် အနေရအထိုင်ရ ခက်ခဲမည်ကိုလည်း လူသားတို့ တွေးမိသည်။

ကာလကတ္တားမြို့၊ ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်သော ဘောတံတားများ၌ ကလေးလူကြီးများ ရှုပ်ရှက်ခတ် ဖြစ်နေသည်။ သတင်းစာများ၌ ရာဇာနှင့် ရန်နီအပြင် အခြားဆင်တစ်ကောင်ပါ၊ ဆင်ကလေးသုံးကောင်ကို အင်္ဂလန်သို့ ပို့မည့်သတင်းများ ပါသောကြောင့် ဖြစ်၏။ ရာဇာတို့မှာ ကာလကတ္တားမြို့က မဟုတ်ပါ။ အဝေးမှ မီးရထားတွဲကြီးနှင့် တင်ဆောင်လာခြင်း ဖြစ်၏။

"တို့အမျိုး ကြီးလှပြီအောက်မေ့တာ၊ ဒီကောင်တွေက တို့ထက် အများကြီး ကြီးနေပါလား မမရေ"

ရာဇာသည် မီးရထားတွဲကြီးများကို မမြင်ဘူးသည့်အလျောက် သတ္တဝါအနေနဲ့ ရန်နီအား ပြောခြင်းဖြစ်၏။

"အေးဟဲ့... သူ့ဝမ်းခေါင်းကြီးကလည်း တို့သုံးကောင်ကို သာသာကလေး ထည့်နိုင်မှာပဲ"

"တို့ကိုများ စားပစ်လိုက်မှဖြင့်ကွာ၊ ရော... ငါကြောက်တယ်"

မီးရထားတွဲပေါ် တင်စက၊ ရာဇာ ကြောက်ရွံ့စွာ ဆုတ်ကန် ဆုတ်ကန် လုပ်နေသဖြင့် "မင်းကလေး ကပ်သီးကပ်သပ် လုပ်ရမလား" ဟု ချွန်နှင့် နားထင်တလျှောက် အပေါက်ခံရရှာသေး၏။ ရာဇာ၏ အတွေးကိုတော့ လူသားများ မသိကြ။

ကာလကတ္တား ဘူတာရောက်၍ ဆင်းကြသောအခါ ရှေ့လက်နှစ်ဖက်နှင့် နောက်ခြေနှစ်ဖက်ကို တုပ်တာခံကြရသည်။ တရွေ့ရွေ့ လှမ်းသွားနိုင်ရုံသာ ရှိ၏။ လူတွေကလည်း ဝိုင်းဝန်းကြည့်နေကြသည်။

"မမရေ- လူတွေ ရှုပ်လိုက်တာကွာ၊ ဒီလောက်များတဲ့ လူအုပ်ကို ငါတစ်ခါမှ မမြင်ဖူးပါဘူး"

"အေးကွဲ၊ လူပုံပန်းကတော့ တို့ဆီက လူတွေနဲ့ အတူသားဟ၊ အေး သူတို့က နည်းနည်း သပ်သပ်ရပ်ရပ် ရှိတယ်"

မောင်နမနှစ်ယောက် ကိုယ်ချင်းယှဉ်ကာ လာခဲ့ကြရာမှ မာဂဓဘာသာဖြင့် အပြန်အလှန် ပြောနေကြခြင်း ဖြစ်သည်။

"တယ်... ..၊ ငါ နာမောင်းနဲ့ ရိုက်လိုက်ပြန်ရော့မယ်"

"ဟဲ့... မောင်လေး မလုပ်လိုက်နဲ့ ၊ သူတို့မှာ တို့ကို နာအောင် လုပ်တဲ့ဟာတွေ ရှိတယ်"

ကလေးတစ်ယောက်က ရာဇာ၏အနားကို ကပ်ကာ နားရွက်ကိုဆွဲလိုက်သဖြင့် ခဏမျှရပ်၍ သုန်မှုန်ကြည့်ကာ ပြောလိုက်၏။ ရန်နီက မလုပ်ရန် တားမြစ်နေစဉ်၊ အစောင့်ဆင်ထိန်းများကလည်း ကလေးများ ဆင်နားမကပ်ရန် အော်ဟစ်နေသည်။

"ကဲ… ကြားရဲ့မဟုတ်လား၊ လူကြီးတွေက ပြောနေကြပြီကွဲ"

"သူတို့ ကစားစရာအရုပ်များ မှတ်နေသလားပဲ"

ဆင်ကလေး သုံးကောင်သည် ကလေး၊ လူကြီးများ ဝဲယာပြည့်ညှပ်ကြည့်ရှု လိုက်ပါလာကြသည့် အကြားထဲကပင်၊ ကာလကတ္တား သဘော်ဆိပ်သို့ ရောက်ရှိလာကြသည်။

"ဒီကောင့်ကို အရင်တင်မှဖျို့၊ ကျန်တဲ့နှစ်ကောင်က အေးပါတယ်"

ဟိန္ဒူစတန်နီဘာသာနှင့် ပြောလိုက်သော စကားကို ရာဇာ ကောင်းစွာနားလည်သည်။

"မမရေ- ဒါက ဘာလုပ်ကြဦးမှာလဲကွာ"

"သူတို့စကားထဲမှာ သဘော်လို့ ပါတယ်ကွ၊ သဘော်ဆိုတာ ဘယ်ဟာပါလိမ့်၊ ဟို ရေပြင်ကြီးကလည်း ကျယ်လိုက်တာကွယ်"

"ငါ ဆင်းပြီး ရေကူးချင်လိုက်တာ၊ လက်ခြေတွေ တုပ်ထားလို့ပေါ့"

ထိုအတွင်း ရာဇာအား ဆင်ထိန်းတစ်ယောက်က ရန်နီနှင့် ခွဲကာ ဆွဲခေါ်သွားရာ ရာဇာမှာ ဆုတ်ကန်ဆုတ်ကန် လုပ်နေသဖြင့် ချွန်နှင့် တစ်ချက်အဆော်ခံရပြန်သည်။

"မောင်လေးရေ၊ ကောင်းကောင်းလိုက်သွားကွယ်၊ ငါလည်း လိုက်လာခဲ့မယ်"

ရာဇာအား အလွန်ခိုင်ခန့်သော သားရည်ပတ် ကြိုးကြီးများဖြင့် ဝမ်းဗိုက်၊ ရင်ခေါင်း စသည်တို့ကို ချည်တုပ်ကြပြန်သည်။ ရာဇာသည် ရုန်းကန်လိုသော်လည်း နားထင်က ဒဏ်ချက်က နာလှသဖြင့်၊ အောင့်၍ ခံနေရသည်။ သူ့ကျောပေါ်မှလည်း တချွင်ချွင် မြည်နေသော အသံ ကြားရသည်။ ထို့နောက် ရာဇာမှာ ကြွက်ကလေးတစ်ကောင်အား၊ လက်နှင့်ဆုပ်ကိုင် မြှောက်လိုက်သလို မြောက်ခနဲ ပါသွားသဖြင့် အသည်းအေးသွားရာကာ အူးဟူးဝူးဟု အသံကုန်ဟစ်အော်မိရှာသည်။ ခြေလေးဘက် ယက်ကန်ယက်ကန်နှင့် ဘာမှမလှုပ်နိုင်၊ မယုက်နိုင် မြေကြီးမှ တစ်စတစ်စ မြင့်တက်လာရုံသာမက၊ ချာရပတ်လည်လာပြန်သည်။ အောက်က မော့ကြည့်နေသော လူတွေ လက်ခုပ်လက်ဝါးပင် တီးနေကြသေး၏။ အစ်မရန်နီကတော့ ဝမ်းနည်းဟန်နှင့် နာမောင်းအထက်မြှောက်ကာ ပြနေသည်။

ရာဇာ၏ ကိုယ်ခန္ဓာမှာ တစ်စတစ်စ စိုက်ဆင်းလာပြန်သည်။ သူ့အောက်တည့်တည့်မှာ ရေသတ္တဝါတစ်ကောင် ဝမ်းဗိုက်ကြီးဟလျက် စောင့်နေသည်ကို မြင်ရသည်။ ရာဇာ၏စိတ်တွင် ဒီကောင်ကြီးက ကုန်းပေါ်က အကောင်ကြီးထက်

ကြီးပါကလားဟု၊ ထိုအကောင်ကြီးနှင့် နီးကပ်လာသောအခါ အူးဟူးဝူး - အူးဟူးဝူးနှင့် ငယ်သံပါအောင် အော်မိရှာပြန်သည်။

ရာဇာမှာ အော်ရင်းပင် ရေသတ္တဝါကြီးဝမ်းဗိုက်ထဲ ရောက်ရှိသွားရာ၊ သူ့အားချည်ထားသော သားရေဝမ်းပတ်ကြိုး သံကြိုးတွေ ဖြုတ်ပေးပြီးလျှင် ထိုအရာများသည် ကောင်းကင်သို့ မြောက်တက်သွားပြန်သည်။

"မမရန်နီရေ၊ ငါတစ်ကောင်တည်း သွားရမှာလား၊ ငါ အခု ဘယ်လိုသတ္တဝါကြီးရဲ့ ဝမ်းဗိုက်ထဲ ရောက်နေမှန်း မသိဘူး၊ မမရဲ့"

ရာဇာသည် တစ်ကောင်တည်း ဝမ်းနည်းအားငယ်ကာ ညည်းတွားနေရှာသည်။

မကြာမီပင်၊ အပေါ်ဆီမှ တဂျစ်ဂျစ်နှင့် အသံများ ကြားရသဖြင့် မော့ကြည့်လိုက်ရာ၊ ခြေကားယား လက်ကားယားနှင့် သူ့အစ်မ ရန်နီ၏ ဝမ်းဗိုက်ကို မြင်ရသည်။ ရာဇာ ဝမ်းသာသွားကာ ဝူး ဟူးဟူး ဟု အသံပေးလိုက်သည်။ ရန်နီကလည်း အပေါ်မှ ဟူးဟူးဟူး ဟု အသံပြန်ပေးရှာသည်။

ဆင်ထိန်းသည် ရာဇာအား ဘေးသို့ အဖယ်ခိုင်းလိုက်သည်။ ရာဇာဘေးသို့ ဖယ်ပေးစဉ်၊ သူ့အစ်မရန်နီ ကောင်းကင်က စက်ကြိုးနှင့် ကျလာသည်။ ဝမ်းပတ်သံကြိုးများ၊ ဖြုတ်ပေးပြီးလျှင် ထိုပစ္စည်းများ ကောင်းကင်သို့ မြောက်တက်သွားစဉ်၊ ရာဇာသည် ရန်နီ၏ အနီးသို့ ကပ်ကာ၊ ရန်နီ၏လည်ပင်းကို နှာမောင်းနှင့် လှမ်းဖက်လိုက်သည်။

"မမ ပါမလာရင်တော့ ငါ ခက်တော့တာပဲလို့ အောက်မေ့နေတာ"

"ငါလည်း မင့်တစ်ကောင်တည်း ခေါ်သွားပြီး ငါ့ကို ထားခဲ့ရင် ဒုက္ခပါပဲလို့ အောက်မေ့နေတာ၊ သူတို့ဟာ ဘာကြီးတွေမှန်းလည်း မသိဘူး၊ တို့ခန္ဓာကိုယ်ကြီးတွေကို ကြွက်ကလေးတွေလို မြောက်ချီသွားတာပဲ"

"ဒါကြောင့် ငါ့ကိုမြှောက်တုန်းက အော်မိတာပေါ့၊ ဒီ လူသားတွေက ရယ်ကြတယ်၊ သူတို့က ရယ်စရာမှတ်နေသလားပဲ"

"မမ စဉ်းစားမိတယ်၊ လူသားတွေဟာ တို့ထက်ဉာဏ်ရှိတယ်၊ အခုကြည့် တို့ကို မြှောက်ကိုင်ပစ်လိုက်နိုင်ကြတယ်၊ ဒီတော့ မောင်လေးဟာ လူသားတွေနဲ့ ဘယ်တော့မှ အန်မတုပါလေနဲ့နော်"

"ဟော မမ ဟိုကောင်ကြီး ကျလာပြန်ပြီ"

အခြား ဆင်တစ်ကောင် ကရိန်းနှင့် သင်္ဘောဝမ်းထဲ ချပေးနေသည်ကို ရာဇာ မော့ကြည့်ကာ၊ ပြောလိုက်ခြင်း ဖြစ်သည်။ သုံးကောင်ပေါင်းမိလျှင်၊ တစ်ကောင်နှင့် တစ်ကောင် ငိုင်ကြည့်နေကြသည်။ ဆင်ထိန်းသည် ညောင်ရွက်များကို တစ်ပုံကြီး ချပေးလာသောအခါ ဆာဆာနှင့် တကြွပ်ကြွပ်မြည်အောင် ဝါးစားနေကြသည်။

သင်္ဘောကြီးသည် ထွက်ခါနီးသဖြင့် စက်ခေါင်းနှိုးကာ သင်္ဘောကြီး တစ်စီးလုံး တုန်တခိုက် ဖြစ်လာသောအခါ ရာဇာသည် သူတို့အား ဝါးစားတော့မလို့ ဝမ်းရေကြို့လာသည်ဟု ထင်မှတ်ကာ အူးဟူးဝူးဟု တစ်ချီအော်လိုက်ပြန်သည်။

"တို့ကို စားမှာမဟုတ်ပါဘူး မောင်လေးရယ်၊ ပါပါက အဝေးကြီးလို့ ပြောဖူးတော့၊ ဒီအကောင်ကြီးက ရေထဲကနေပြီး၊ တို့ကို အဝေးကြီး ခေါ်သွားမှာထင်ပါရဲ့"

ရန်နီ၏စကားကို ကြားရသောအခါ၊ ရာဇာသည် ဘာမျှပြန်မပြောဘဲ၊ မျက်ရည်တွေတွေ စီးကျနေသည်။ သင်္ဘောကြီးကလည်း ဆိပ်ကမ်းကခွာကာ၊ ဟူဂလီမြစ်ကြောင်းတစ်လျှောက် ပင်လယ်ဝသို့ ထွက်၍နေသည်။

ရာဇာ၏ မျက်စိထဲတွင်၊ သူ့ပါပါ၏ သားကလေး စွတ်ပယားကို မြင်နေသည်။ (၁၀)သားအရွယ်ဖြစ်၍၊ သူ့ထက် (၆) နှစ်မျှ ကြီးသော်လည်း၊ အရုပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်မှာ သူ့ထက် အလွန်သေးသည်။ "ရာဇာရေ... ငါ့ကို ကုန်းပိုးကွာ" ဆိုလျှင်၊ ရာဇာက ဝပ်ပေးမှ ရာဇာ၏ကျောပေါ် တက်နိုင်သည်။ စွတ်ပယားကလည်း ရာဇာ့အား ချစ်သည်။ သူစုတ်သည့်ကြံကို ရာဇာ့အား ပေး၏။ စွတ်ပယား၏အဖေဆီမှ ငှက်ပျောခွံတွေ အဖီးလိုက်ရလာလျှင်၊ ရာဇာ့အား အပြေးလာကျွေးသည်။ ရာဇာနှင့် ခွဲရမည်ရှိသောအခါ စွတ်ပယား ရှိုက်ကြီးတငင် ငိုရစ်နေရှာသည်။

ပြီးတော့ သူ့အပေါင်းအဖော်နှင့်၊ ဆင်ကြီးမိဘဆွေမျိုးတွေ၊ လူကြီးတွေကြားထဲက အပြေးလိုက်သွားပြီး ညောင်ရွက်နုနုတွေ လုစားခဲ့ပုံ၊ ငှက်ပျောအူတွေ လစ်ပြေးခဲ့ပုံ၊ ရေအိုင်ထဲတွင် သူ့အား ဆင်ကြီးတစ်ကောင်က နာမောင်းနှင့် မြှောက်ကာမြှောက်ကာ ရေထဲပစ်ချပုံများကို ထင်မြင်လာသောအခါ ပိုမို၍ ဝမ်းနည်းလာသည်။

"ငိုမနေပါနဲ့ မောင်လေးရယ်၊ တို့ဘဝကို ကလူသားတွေလုပ်တာ ခံရမယ့်ဘဝမျိုး ရောက်နေမင့်ဟာ"

"ငါ့သာပြောတယ်၊ မမကကော ဘာပြုလို့ မျက်ရည်ဝိုင်းနေတာလဲ"

"သြော်...မောင်လေးရယ်၊ ကိုယ့်မွေးဖွားတဲ့ဒေသ၊ ကိုယ့်အပေါင်းအသင်းတွေကိုတော့ လွမ်းတာပေါ့ကွယ်"

"တော်ကြစမ်းပါဟာ၊ နင်တို့မောင်နမက ဒီလိုဖြစ်နေတော့ ငါက အော်ငိုပစ်လိုက်မယ်"

မောင်နမဘေးတွင် ရပ်နေသော အကောင်ကြီးက ဝင်ရောက်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

"ဟော မမရေ၊ ငါ့ခေါင်းထဲ ဘယ်လိုဖြစ်လဲ မသိဘူး"

"အေး ဟ၊ ငါလဲ ဒီလိုဘဲ၊ ဟာ ဒီအကောင်ကြီးက သိပ်လှုပ်နေတာပဲ၊ ဒါကြောင့်များလားပဲကွယ်"

သင်္ဘောကြီးသည် ပင်လယ်ထဲသို့ ရောက်နေပြီဖြစ်၍ ရေးကထက် ပိုမိုလှုပ်ရှားလာသဖြင့် သင်္ဘောတစ်ခါမျှ မစီးဖူးရှာသော ဆင်မောင်နမမှာ မူးနောက်နောက် ဖြစ်နေကြရှာသည်။ သည်လိုဖြစ်နေကြရှာကြောင်း မည်သူက သိမည်နည်း။ သိတော့ကော မည်သူက နာကလေးရှူလိုက်ဦး၊ မှိန်းပြီးနေလိုက်ဦးဟု ယုယကြင်နာစွာ ပြောလာမည်နည်း။

သို့နှင့်ပင် အိန္ဒိယသမုဒ္ဒရာမှ ပင်လယ်နီ၊ ထိုမှ မြေထဲပင်လယ်၊ ဂျီဘရော်လတာ ထွက်ပေါက်မှ၊ အတ္တလန်တိတ် သမုဒ္ဒရာ၊ စသော ပင်လယ်သမုဒ္ဒရာများကို ကျော်ဖြတ်ကာ အင်္ဂလန်သို့ ရောက်ရှိလာကြသည်။

***

"အူးဝူးဟူး- အူးဝူးဟူး"

ရာဇာ၏ စူးရှသော အော်ဟစ်သံဖြစ်၏။ ၎င်းတို့သုံးကောင် လန်ဒန် တိရိစ္ဆာန်ရုံကြီးတွင်းသို့ ရောက်ခဲ့ကြသည်မှာ၊ တစ်နွေကုန်၍၊ တစ်မိုးပြောင်းပြီးလျှင် တစ်ဆောင်းသို့ပင် ကူးခဲ့ပြီဖြစ်၏။ လန်ဒန်၏ ဆောင်းဒဏ်ကို အလူးအလဲ ခံနေရရှာခြင်း ဖြစ်သည်။ ကိုယ်ရေမှာ ထူလွန်း၍ အသင့်အတင့် ကြိတ်ခံနိုင်သော်လည်း၊ နားရွက်၊နှုတ်ခမ်း၊ နှာဖျားတို့မှာ အေးအားကြီးပြန်တော့ မီးပူနှင့် တို့သလို ဖြစ်သောကြောင့်၊ အော်မိရှာခြင်း ဖြစ်သည်။

"မမလည်း အေးတာပဲကွယ်၊ ကြိတ်ခံပေါ့ မောင်လေးရဲ့"

"ငါ့နားထင် ချွန်းနဲ့အပေါက်ခံရသလို အခံရခက်နေတာကွ"

ထိုအတွင်း ဆင်ထိန်းရောက်ရှိလာကာ၊ သူတို့အား ကြည့်ပြီးလျှင်...

"ဟာ- ဘာမှဖြစ်တာ မဟုတ်ဘူး၊ အလကား အော်နေတာပဲ"

ဆင်ထိန်းက အင်္ဂလိပ်လို ပြောလိုက်ခြင်းဖြစ်ရာ သူတို့ နားလည်နေကြပြီ ဖြစ်၏။

"ဗျို့.... ဆရာရဲ့၊ ကိုယ်ချင်းမစာမနာ မပြောစမ်းနဲ့၊ ချမ်းလွန်းလို့ သေလုပြီဗျ..."

ရာဇာက ထိုသို့ ပြောလိုက်သော်လည်း သူ၏ မာဂဓဘာသာကို ဆင်ထိန်း နားမလည်ချေ။ သို့ရာတွင် နာဖျားက အရည်တွေကျ၊ အောက်နှုတ်ခမ်းက တလှုပ်လှုပ်ဖြစ်နေသဖြင့် နားလည်သွားဟန်နှင့် မီးဖိုလုပ်ပေးသည်။

အစပထမ၌ စားနေကျအစာ မဟုတ်သဖြင့် အစားအသောက် ဆင်းရဲသော်လည်း၊ စားနေကျလာသောအခါ တစ်နေ့တစ်ခြား ဝဖြိုးလာကြသည်။ ရွံ့အိုင်ထဲ မကူးရ၊ ညောင်ရွက်ချူးမစားရ၊ ဆင်ကြီးတွေကြား ပြေးလွှားမမြူးရ၍ ကိုယ့်ရွာဇာတိ လွမ်းဆွတ်သော စိတ်များလည်း တစ်စတစ်စ လျော့ပါးလာကြသည်။

တစ်နေ့တွင် ဆင်ထိန်းသည် ရာဇာ့အား တစ်နေရာသို့ ခေါ်ဆောင်သွားသည်။ လေးဘီးတပ် ရထားကြီးသည် ရာဇာ့အား စောင့်မျှော်သကဲ့သို့ ထင်ရ၏။ ဆင်ထိန်းက

"မင်းက ဒီဟာကြီးဆွဲလို့၊ ဒီ ရထားထဲမှာ ကလေးတွေက စီးလိုက်ကြရင် ဘယ်လောက် ပျော်ကြမလဲကွယ်..."

ထိုအချိန်၌ ရာဇာမှာ အင်္ဂလိပ်စကားကို ကောင်းစွာ နားလည်နေပြီဖြစ်သဖြင့် ရထားကြီးကို တွေတွေကြီး စိုက်ကြည့်နေသည်။ ဆင်ထိန်းက ရထားနှင့် ဆက်သွယ်ထားသော ကြိုးစကြီးများကို ဆွဲယူကာ၊ ရာဇာ၏ ရှေ့လက်ပခုံးကိုယ်ပေါ်သို့ တင်၍ပတ်ပေး၏။ ဆင်ထိန်း၏နှုတ်မှ ဂိုးအွန် (သွား) ဟု ဆိုလိုက်ရာ ရှေးဦးဆုံး အကြိမ်ဖြစ်သဖြင့် ကြောင်နေသေး၏။ နားထင်တွင် မျက်ခနဲဖြစ်သွားမှ စိတ်ပေါက်ပေါက်နှင့် ခြေလှမ်းကြဲကြဲကြီး ဆွဲပြေးရာ မြင်းပြေးသည်ထက်ပင် မြန်နေသည်။ ကလေးတွေ ဘယ်က ပေါ်ပေါက်လာသည်မသိ၊ တပြုံတခေါင်းကြီး ကြည့်ကြပြီး လက်ခုပ်လက်ဝါး တီးကြကာ၊ သြဘာပေးနေကြသည်။

ကလေးများက ရထားတွင် သူတို့စီးပါရစေဟု ပြောရာ ပထမအကြိမ်စမ်းသပ်ခြင်း ဖြစ်၍ စီးခွင့်မပြုနိုင်ဟု ပြောထား၏။ ထိုနည်းတူ ရန်နီနှင့် အခြားတစ်ကောင်ကိုလည်း ရထားဆွဲ လေ့ကျင့်ပေးသည်။

ဤသည်ကား သူတို့အား အိန္ဒိယမှ ငွေပေး၍ ဝယ်ယူလာရသည့်အတွက်၊ ဝင်ငွေပြန်ရအောင် ခိုင်းစေခြင်းဖြစ်သည်ဟု နားလည်ကြသည်။ သူတို့ကလည်း သူ့အစာစားလျှင်၊ သူခိုင်းတာကို လုပ်ပေးရမည်ဟု သိရှိကြသည်။ ရန်နီနှင့် အခြားတစ်ကောင်မှာ ရထားကို လေးလေးမှန်မှန်နှင့် ဆွဲတတ်၍၊ ရာဇာမှာ စိတ်လိုက်မာန်ပါ ခပ်မြန်မြန် ဆွဲတတ်သဖြင့်၊ ကလေးများ ပိုမိုသဘောကျကြ၏။

ကလေးများတွင်သာမက ကလေး၏ မိဘများပင် ရာဇာကို သိကြသည်။ လန်ဒန်တိရိစ္ဆာန်ရုံကြီးတွင် ရာဇာသည် ပေါ်ပြူလာဖြစ်နေ၏။ ကလေးများ၏ နှုတ်ဖျားမှ ရာဂျာ-ရာဂျာ ဟုပင် ခေါ်တတ်ကြ၏။ အချို့ လက်ဆော့သော ကလေးများက နားရွက်ကိုင်၊ နှာမောင်းကိုင် လုပ်ချင်ကြရာ၊ ဆင်ထိန်းက တားမြစ်ရ၏။ ထိုအထဲမှပင် အလစ်တွင် ကိုင်တတ်ကြသေးသည်။

"မမရာ၊ မျက်လုံးနဲ့ နှာခေါင်းကတော့ တို့ရွာက ကောင်လေးတွေနဲ့ တူသားပဲ၊ သူတို့က အသားဖြူတယ်နော်"

"အေးကွဲ့၊ ကြည့်ရတာ သပ်သပ်ရပ်ရပ်ပဲ"

"ဒါပေမဲ့ ဆော့တယ်ကွယ်၊ ငါ တစ်ခါတစ်လေ စိတ်မရှည်ဘူး၊ ကန်ပစ်လိုက်ချင်တယ်"

"အံမယ်လေး မလုပ်လိုက်နဲ့ မောင်လေး၊ လူဆိုတာ သူတို့အသားများ နာရင် အလွန်နိုပ်စက်တတ်တယ်ကွဲ့"

မောင်နမ နှစ်ကောင်သည် သူတို့အား ပေးထားသော နေရာတွင် ဘိလပ်သား ဘိလပ်သူကလေးများကို ဝေဖန်နေကြခြင်း ဖြစ်သည်။

"ကောင်လေးတစ်ယောက်က ရာဂျာဆိုတာ ကင်းတဲ့၊ ရှင်ဘုရင်တဲ့၊ ဒီရှင်ဘုရင်ကတော့ ရထားဆွဲရတယ်၊ ကျောပေါ်တက်စီးတာ ခံနေရတယ်တဲ့"

"မင်းကို ပြောင်တာပေါ့ကွယ်၊ တစ်ခါက ဒီခြံကြီးထဲက လူကြီးတွေ ဆလံပေးပြီး၊ လိုက်လံပြသနေတာ မင်းမှတ်မိသေးလား၊ အဲဒါက သူတို့လူဖြူဘုရင်တဲ့ကွဲ့၊ ဘယ်လောက် ခမ်းနားကြီးကျယ်သလဲ"

"ဒါထက် မမရယ်၊ ဟိုကောင်ကြီးက တစ်ခါတစ်ခါ ဝင်ဝင်စွာတယ်၊ မျက်နှာထားဆိုးဆိုး အရပ်မြင့်မြင့်နဲ့ လူကြီးလေ"

"အံမယ်လေး တို့ကို ထိန်းတဲ့အထဲမှာ သူ အကြီးဆုံးကွဲ့၊ သွားများ နှာမောင်းနဲ့ရိုက်လား၊ ခြေနဲ့ကန်လား မလုပ်နဲ့နော်"

"မလုပ်တော့ မလုပ်ပါဘူးဗျာ၊ တစ်ခါတစ်ခါတော့ စိတ်ဆိုးချင်တယ်"

ရာဇာနှင့် ရန်နီသည် လန်ဒန်တိရိစ္ဆာန်ရုံသို့ (၁၉၄၅) ခုနှစ်က ရောက်ရှိလာကြရာ၊ ရက်ကိုလစား၊ လကိုနှစ်စားခြင်းဖြင့် (၁၉၅၁) ခုသို့ ရောက်၍ (၆)နှစ်မျှ ကြာခဲ့ကြပြီ။ ရာဇာမှာ (၉) နှစ်သားအရွယ် ရောက်၍၊ ရန်နီမှာ (၁၀)နှစ်သမီးအရွယ် ဖြစ်နေပြီး၊ အင်္ဂလိပ်စကားများကို သူတို့က မပြောတတ်သော်လည်း လူသားများ ပြောကြသည်ကို ကောင်းစွာ နားလည်နေကြ၏။ ကိုယ်လုံးကိုယ်ပေါက်များကလည်း အတော်ကြီး ဖွံ့ဖြိုးလာကြသည်။

(၁၉၅၁) ခု မေလ (၇) ရက်နေ့ ရာဇာအား ရန်နီနှင့်ခွဲပြီးလျှင် ခေါ်၍သွားကြသည်။ ရန်နီမှာ မောင်ကလေး ပြန်မလာသဖြင့် တမျှော်မျှော် ဖြစ်နေ၏။ နှစ်နာရီခန့်ကြာသောအခါ အူးဟူးဝူးဟု ရာဇာ၏ နာကျင်လွန်းသော အော်လိုက်သော အသံနှင့် ဆင်ထိန်း၏ ဆဲဆိုသံကို ရန်နီကြားလိုက်ရာ ရင်ဖိုပြီးလျှင် အလိုလို မျက်ရည်ဝဲနေရှာသည်။ ရာဇာနှင့် ဆင်ထိန်း သူ့ရှေ့သို့ရောက်သောအခါ ဆင်ထိန်းသည် ဆဲဆိုပြီးလျှင် ချွန်းနှင့် တစ်ချက် ပေါက်လိုက်သေးသည်။ ပြီးမှ ထူးခတ်ကာ ချည်တုပ်ထားခဲ့၏။ ရာဇာ၏ နားထင်၊ နဖူး၊ မျက်စတွင် အပေါက်တွေနှင့် သွေးသံရဲရဲ ဖြစ်နေသည်။ မျက်လုံးအိမ်မှလည်း မျက်ရည်တွေ စီးဆင်းနေရှာသည်။

"မမ မကြည့်ရက်ပါလား မောင်လေးရယ်၊ ဘာဖြစ်လာတာလဲကွယ်… ဟင်"

ရန်နီသည် မျက်ရည်တဖြိုင်ဖြိုင်စီးကျကာ သူ၏နှာမောင်းများဖြင့် ရာဇာ၏ မျက်နှာက သွေးစသွေးနများကို အသာအယာသုတ်၍ ပေးနေရှာသည်။

"ဟိုကောင်ကြီးပေ့ါ မမရဲ့၊ အလကား၊ ကျွန်တော့်နားရွက်ကို ချွန်းနဲ့ချိတ်ဆွဲနေတယ်။ ကျွန်တော်က သူ့ကို ရထားနဲ့ညှပ်ပြီး ခေါင်းနဲ့ တိုက်လိုက်တာပေ့ါ၊ အသာကလေး လုပ်လိုက်တာပါ"

"ဟဲ့ နင့်အားကြီးက နည်းတာမှ မဟုတ်ဘဲ"

"အဲဒီငနဲကြီး ကျသွားပြီး၊ နံရိုးကျိုးသွားတယ် ထင်တယ်လို့ ပြောကြတာပဲ"

"အမယ်လေး..မောင်လေးရယ်၊ ဒီလိုဖြစ်ရင် မင့်ကို ဒီလောက်ဆုံးမရုံနဲ့ ပြီးပါစေတော့လို့ မမ ဆုတောင်းရမှာပဲ"

တိရိစ္ဆာန်ရုံ အရာရှိများသည် ရာဇာ့အား တစ်ရက်နှစ်ရက် အကဲခတ်ပြီးလျှင် ရထားဆွဲခိုင်းကြည့်သည်။ ကောင်းကောင်းမွန်မွန်ပင် ဆွဲသည်။ သူ့မမ အထပ်ထပ် သတိပေးလိုက်သဖြင့် စိတ်ကောက်ခြင်း၊ စိတ်ဆိုးခြင်း မရှိ၊ လျှင်မြန်ဖျတ်လတ်စွာ သူ့တာဝန်ကို ကျေပွန်စွာရွက်ဆောင်နေသည်။ ထိုအခါ၌မှ ရာဇာ စိတ်ကောင်းဝင်လာပြီ၊ စိတ်ချရပြီဟု ဆင်ထိန်းနှင့်တကွ၊ တိရိစ္ဆာန် အုပ်ချုပ်ရေးမှူးများနှင့် အရာရှိများပါ ကျေနပ်နေကြသည်။

(၁၉၅၁) ခု၊ ဇူလိုင်လ (၈) ရက်နေ့။ ရာဇာသည် ရထားဆွဲသော အလုပ်ကို ကောင်းမွန်စွာ လုပ်ကိုင်နေသည်။ သာယာပျံ့ပျူးသော လမ်းတစ်လျှောက်တွင် ကလေးတွေက ဝူးဝါးနှင့် အော်ဟစ်လက်ခုပ်တီးကြကာ ပျော်မြူးနေကြသည်။ ရာဇာသည် ကလေးတွေ ကျေနပ်အောင် တစ်သုတ်ဆွဲပေးပြီးနောက် ခေတ္တနားနေစဉ် အကောင်ကြီးတစ်ကောင် သူ့အနီးသို့ရောက်လာကာ ရပ်နေသည်။ (ထိုအကောင်ကြီးကား ဘီဘီစီမှ ရုပ်ပေါ်အသံလွှင့်ကားကြီး(B.B.C Television van) ဖြစ်သည်။) ရာဇာဆွဲသော ရထားမှာလည်း ဘီးလေးခု၊ ထိုသတ္တဝါကြီးကလည်း ဘီးလေးခု။ သို့ရာတွင် ထိုအကောင်ကြီးက ပို၍ကြီးမားနေသည်။ ကလေးစိတ်က မပျောက်သေးသဖြင့် ဒီဟာကြီး ငါ့ဆီလာမလားဟု ကိုယ်နှင့် သာသာပွတ်ကြည့်၏။ တုတ်တုတ်မလှုပ်။ ခြေထောက်နှင့် ခပ်ဆတ်ဆတ် တွန်းကြည့်လျှင် သွားမှာပဲဟု နွာဖျားနှင့် တွန်းလိုက်ရာ အသံလွှင့်ကားကြီး တိမ်းစောင်းပြီးလျှင် အထဲက

ကိရိယာများ ပျက်စီးကုန်၏။ ထိုအခါ ဆင်ထိန်းသည် ရာဇာ၏ နားထင်ကို ချွန်းဖြင့် ပြင်းပြင်းနံလိုက်ရာ အူးဟူးဝူးဟု အော်မိရှာသည်။

ရန်နီကား ရာဇာ၏အော်သံကို ကြားလျှင် တစ်ခုခုဖြစ်ပြန်ပြီဟု စိတ်တထင့်ထင့်နှင့် ဖြစ်နေရှာသည်။ သူထင်သည့်အတိုင်းပင် ရာဇာ၏ ဦးခေါင်းတစ်ခုလုံး ဒဏ်ရာတွေနှင့် ပြန်ရောက်လာ၏။

"ဘာဖြစ်လာပြန်တာလဲ မောင်လေးရယ်။ မမကို ပြောစမ်းပါဦး"

"ဘာကောင်ကြီးမှန်း မသိပါဘူး၊ ကျွန်တော်ဆွဲတဲ့ ရထားလို ဘီးလေးခုနဲ့ အကောင်ကြီး၊ ကိုယ်နဲ့တွန်းကြည့်လို့ မရတာနဲ့၊ ခြေဖျားနဲ့ တွန်းကြည့်မိတာ ပျက်စီးကုန်ပါပြီဆိုပြီး ငါ့ကို ဆော်ကြတော့တာပါပဲ"

"မောင်လေး... သတိထားပါကွယ်၊ မင်း မရှိတုန်း ကြားမိတယ်၊ သူတို့ပါးစပ်က ရာဂျာ- ရာဂျာနဲ့ မင်းနာမည်လည်း ပါရဲ့၊ တစ်ယောက်က သတ်ပစ်ဖို့ ပြောတယ်။ တစ်ယောက်က ပေါင်တစ်ထောင်လောက် တန်နေပြီ၊ နမျောစရာကြီးတဲ့၊ ပေါင်တစ်ထောင်ဆိုတာ ဘာမှန်းတော့ မမ မသိဘူးကွယ်"

"ကျွန်တော် သတိထားပါ့မယ် မမရယ်"

ရန်နီသည် ရာဇာ၏ဦးခေါင်းက ဒဏ်ရာများကို နာမောင်ဖျားနှင့် အသာအယာ ပွတ်သပ်ပေးနေသည်။

ရာဇာသည် ဘီဘီစီ အသံလွှင့်ကားကြီးကို ကန်ကျောက်ပြီး နောက်တစ်နေ့တွင်မှ သူ့ဝတ္တရားများကို ကောင်းစွာ လုပ်ဆောင်နေ၏။ သို့ရာတွင် အသံလွှင့်ကားနှင့် အခြားကားများကိုမူ ရာဇာ၏အနီးတွင် မထားရဲသာမဟုတ်၊ ရာဇာ၏ နာမောင်းတစ်ကမ်းမှာပင် ထားလာခြင်း မပြုကြချေ။

(၁၉၅၁) ခု ဇူလိုင်လ (၅) ရက်နေ့။ ရန်နီသည် သူ့အဆောင် အခန်းလေးထဲတွင် စိတ်တထင့်ထင့် ဖြစ်နေသည်။ ရာဇာအား ဆင်ထိန်းက ကိုယ်လက်သုတ်သင်ရန် ခေါ်ဆောင်သွားခိုက် ဖြစ်၏။ လူသားများသည် သူတို့ဆန္ဒနှင့် သူတို့အဖို့သာ သိသည်။ တိရိစ္ဆာန်၏ သဘာဝနှင့် ဆန္ဒကို ကောင်းစွာ မသိကြ။ သူတို့က လက်နက်ရှင်ဖြစ်ပြန်တော့၊ သဘောကျသည်ဖြစ်စေ၊ မကျသည်ဖြစ်စေ လိုက်နာလုပ်ကိုင်ရသည်။ မလိုက်နာလျှင် ချွန်းနှင့်ပေါက် လှံနှင့်ထိုး နှိပ်စက်ကြသည်။

အထူးသဖြင့် ဆင်သည် လူနှင့်နီးစပ်သည်။ လူစကားကို နားလည်လွယ်၍ ချော့မော့ခိုင်းလျှင် ပေါ့ပါးလျှင်မြန်စွာ လုပ်ပေးတတ်သည်။ အရှေ့တိုင်းက ဆင်များသဘောကို အရှေ့တိုင်းသားများသာ ပိုမိုနားလည်ကြသည်။ လူကလည်း ဆင်ကိုယုံ၍၊ ဆင်ကလည်း လူ့စကား နားထောင်သည်။ တလိုင်းဘုရင် ရာဇာဓိရာဇ်နှင့် အင်းဝမင်းခေါင်ကြီး စစ်မပြတ်တိုက်နေကြရာ၊ တိုက်ပွဲတစ်ခုတွင် တလိုင်းများ အရေးရှုံးနိမ့်၍၊ ပကမတ်အမည်ရှိသော ဆင်တစ်ကောင်ကို မြန်မာတို့ ရရှိသွားသည်။ ပကမတ်မှာ စစ်တိုက်ကောင်းသောဆင်ဖြစ်၍၊ သူ၏ဦးစီး ငပြန်ဆိုသူအား မြန်မာစစ်တပ်ရှိရာသို့ တိတ်တဆိတ်သွားပြီးလျှင် ပကမတ်၏ ခွာကို မယ်နနှင့် ရှို့ရိုက်ဖျက်ဆီးရန် ခိုင်းလိုက်၏။ ငပြန်လည်း ညဥ့်အချိန် မြန်မာစစ်တပ်ထဲသို့ တိတ်တိတ်ပုန်း ဝင်သွားပြီးလျှင်၊ ပကမတ်ထားသော ဆင်တင်းကုတ်နားသို့ ကပ်လာ၏။ သူချစ်သောဆင်ကို မသတ်ရက်အောင် ဖြစ်နေသည်။ ပကမတ်လည်း သူ့သခင် ငပြန့်ကိုမြင်လျှင်၊ ဝမ်းနည်းဝမ်းသာ ဖြစ်နေ၏။ "ပကမတ်၊ ငါလာတဲ့ကိစ္စဟာ မင်းရဲ့ခွာကို မယ်နနဲ့ ဖျက်ဆီးဖို့ပဲ၊ ဒါပေမဲ့ ငါ မင်းကို မလုပ်ရက်ဘူး၊ ဒီတော့ နက်ဖြန် စစ်ပွဲကျရင် မြန်မာဘက်က ဆင်တွေကို မင်းက ရှေ့မတက်နိုင်အောင် နောက်ပြန်ဝှေ့ရမ်း တိုက်ခိုက်ပေတော့၊

မင်းကမှ ဒီလိုမလုပ်ရင် ငါ့အသက်တော့ သေပြီလို့သာ အောက်မေ့ပေတော့” ငပြန်သည် ထိုသို့ ပြောပြီးလျှင်၊ ပါလာသော ကြံများကို ကျွေးကာ၊ ပကမတ်၏ ဦးကင်းကို လက်နှင့်အသာပွတ်ချော့ပြီး ပြန်ခဲ့၏။ တလိုင်းတပ်သို့ ပြန်ရောက်သောအခါ ငပြန်က အကျိုးအကြောင်း လျှောက်ထားလိုက်၏။ ခိုင်းသည့်အတိုင်း မလုပ်ကောင်းလားဟု အကျဉ်းချထားသည်။ ငပြန်ပြောတိုင်း ပကမတ်က နက်ဖြန်စစ်ပွဲတွင် မလုပ်သော် ငပြန်အား သတ်စေဟု အမိန့်ပေးထား၏။ နောက်တစ်နေ့ တိုက်ပွဲတွင် မြန်မာဆင်တပ်ကို ပကမတ် ပြန်၍တိုက်ခိုက်နေသဖြင့်၊ ဆင်တပ် ဖရိုဖရဲ ဖြစ်ကာ တိုက်ပွဲတွင် တလိုင်းများ နိုင်လိုက်၏။ ပကမတ်လည်း တလိုင်းဘက်သို့ ပြေးဝင်လာသည်။ ငပြန်မှာ ထိုအခါကျမှ အသက်ချမ်းသာရာ ရတော့သည်။ ဆင်သည် အသက်အထိ စိတ်ချရသော သတ္တဝါများ ဖြစ်သည်။

ရန်နီသည် ထိုနေ့အဖို့ ခါတိုင်းနေ့ထက် ရာဇာ့အတွက် စိတ်ပူနေသည်။ ရာဇာသည် ကလေးစိတ်ရှိသေးသည်။ သူမကြိုက်တာလုပ်လျှင်၊ သည်းမခံတတ်ချေ။ အစ်မဖြစ်သူက ချော့မော့ဖျောင်းဖျ၍သာ အောင့်ခံခဲ့ရခြင်း ဖြစ်သည်။ သို့ရာတွင် ရာဇာ ကြီးပြင်းလာသောအခါမူ၊ အဘိုးတန်ကလေး ဖြစ်လာမည်ကို ရန်နီသိ၏။

“အူးဟူးဝူး- အူးဟူးဝူး”

ရာဇာ၏ စူးရှစွာ နာကျင်လှ၍ အော်လိုက်သောအသံကို ရန်နီကြားရပြန်ပြီ။ နာမောင်လှုပ်မိ၊ ခြေလေးဘက် ကြွချည်မချည် လုပ်မိဖြင့် ရန်နီပြာလောင်ခတ်နေရှာသည်။ ရာဇာ့အား ခေါ်သွားသော ဆင်ထိန်းမဟုတ်။ အခြား ဆင်ထိန်းတစ်ယောက်က ရာဇာအား ခေါ်ဆောင်လာသည်။ မျက်နှာဦးကင်းတစ်ခုလုံး သွေးသံတွေခြဲနေသည်။

“မမ မကြည့်ရက်ပါလားကွယ် မောင်လေးရယ်၊ လူသားတွေက မင့်သဘောကို မသိဘူးကွဲ့ မောင်လေးရဲ့”

ရာဇာကား ဘာမျှပြန်မပြော၊ နာလွန်းရှာလှသဖြင့် တဟီးဟီးနှင့် ညည်းနေရှာသည်။ ဆင်ထိန်းကလည်း ရာဇာအား ထူးနှင့် သံကြိုး ဆက်ချည်ပြီးလျှင် ထားခဲ့၏။

“ဘာဖြစ်လို့တုန်း၊ မောင်လေးရဲ့”

“ကျွန်တော့်ကို ရေချိုးပေးနေရာက ပြောရမှာ ရှက်စရာကြီးဗျာ။ မတော်တာ ကိုင်ကြည့်တယ် မမရဲ့”

(မှတ်ချက်... ဆင်များသည် အရွယ်ရောက်လျှင် သုံးနှစ်မှ တစ်ကြိမ်သာ မိတ်လိုက်သည်။ မိတ်မလိုက်ဘဲနေစဉ် မတော်တာ ကိုင်က အလွန်စိတ်ဆိုးတတ်သည်။)

“အဲဒါ မင့်သဘောကို သူတို့ မသိလို့ပါကွယ်”

“ကျွန်တော် မကြိုက်တဲ့ အမူအရာ ပြသေးတယ်ဗျ။ မရတာနဲ့ ကိုယ်လုံးနဲ့ သူ့ရင်ပတ်ကို အသာတိုက်မိတာ၊ တစ်ခါထဲ လဲကျသွားတာပါပဲ”

“မင်း ဒီတစ်ခါလုပ်လိုက်တာတော့ မမ စိတ်လေးလှတယ်၊ မောင်လေးရယ်”

ရန်နီသည် ရာဇာ၏ ဦးကင်းနှင့် နားထင်က သွေးစများကို ယုယုယယနှင့် အသာအယာ သုတ်ပေးနေသည်။ နာဖျားပေါက်မှ လေအေးကလေးများ မှုတ်ပေးရှာသေးသည်။

"သတ်ပစ်လိုက်ရင် ကျွန်တော်တို့ မဆုံးရှုံးဘူးလားဗျာ။ ခုနေခါမှာဆိုရင် ဒီကောင်ဟာ ပေါင်တစ်ထောင်လောက် တန်နေပြီဗျာ့"

ရာဇာက ဆင်ထိန်းအား ကိုယ်လုံးနှင့် တိုက်သောနေ့က၊ တိရစ္ဆာန်ရုံအတွင်း ရုံးခန်းတစ်ခု၌ အရာရှိများနှင့် အုပ်ချုပ်ရေးမှူးများပါ ဆွေးနွေးနေကြခြင်း ဖြစ်သည်။

"ပေါင်တစ်ထောင် နမျောနေရင် ဒီ့ထက်ပိုဆုံးရှုံးနိုင်တယ်၊ ဒီကောင် တောစိတ်ဝင်ဝင်လာပြီး ရထားကို မှောက်ပစ်လိုက်ရင်၊ ထိခိုက်သေဆုံးတဲ့ ကလေးတွေအတွက် လျော်ကြေး ဘယ်လောက်ပေးရမလဲ"

"ဒီလို ဆိုတော့လည်း ဟုတ်တာပဲဗျ၊ နို့ပေမယ့် သူ့ကို အနားပေး၊ တစ်စတစ်စ ယဉ်ပါးလာအောင်လုပ်၊ မကောင်းဘူးလား"

"ကျွန်တော်တို့ တိရိစ္ဆာန်ရုံထဲက ဆင်ထိန်းနဲ့ အမှုထမ်း၊ တစ်ယောက်ယောက်ကို သတ်ပစ်လိုက်ရင် မခက်ပေဘူးလား၊ အခုဆိုရင် ဆင်ထိန်းအုပ် နံရိုးကျိုးသွားတာက လျော်ရမယ်၊ ဘီဘီစီ ကားကြီးအတွက် ပျက်စီးတဲ့ပစ္စည်းတန်ဖိုး လာနေပြီ၊ ဆင်ထိန်းရင်ဘတ်က ဒဏ်ရာလည်း မသေးဘူး"

နောက်ဆုံးတွင် တိရိစ္ဆာန်ရုံ အရာရှိများသည် ရာဇာအား သတ်ပစ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုသို့ သတ်ပစ်မည့်အကြောင်း အမိန့်စာတစ်ရွက် ရေးကြသည်။ ထိုအမိန့်စာရွက်ကို အရာရှိတစ်ဦးက ကိုင်ကာ ရာဇာ၊ ရန်နီတို့ရှိရာ အိမ်ခန်းဆောင်ဆီသို့ လာနေကြသည်။

ဆင်မောင်နှမမှာ ထိုသို့ အရာရှိတစ်သိုက် လာနေသည်ကိုမြင်လျှင် မျက်စိမျက်နှာမကောင်း ဖြစ်နေကြသည်။

"ရာဇာ .. အမိန့်နာခံရမည်"

ဆင်မောင်နှမရှေ့သို့ ရောက်သောအခါ အရာရှိတစ်ဦးက ရာဇာ့အား ကြည့်ရှုပြီးလျှင် အမိန့်စာကို စတင်ဖတ်ရှုလိုက်ခြင်း ဖြစ်၏။ မောင်နှမ နှစ်ကောင်စလုံး အင်္ဂလိပ်စကားကို နားလည်ကြသည်။ နားရွက်မလှုပ်၊ အမြီးမလှုပ်၊ နာမောင်းတန်းလန်းနှင့် နားစွင့်နေသည်။

"မင်းသည် ဆင်ထိန်းအုပ်ကို နံရိုးကျိုးအောင် တိုက်ခိုက်ခြင်း၊ ဘီဘီစီအသံလွှင့်ကားကြီးကို ကန်ကျောက်ပစ်ခြင်း၊ နောက်ဆုံး ဆင်ထိန်းအား ဒဏ်ရာအကြီးအကျယ်ရအောင် ပြုလုပ်ခြင်းများကြောင့် မင်းဟာ အလွန်ဘေးရန်များသော တိရိစ္ဆာန်ဟု ယူဆကြကာ မင့်အားသတ်ပစ်ရန် အမိန့်ချလိုက်သည်"

လူသားများကတော့ လူသားပီပီ အမိန့်ဖတ်ပြီးလျှင် ထွက်ခွာသွားကြသည်။ ရာဇာနှင့် ရန်နီဖြစ်ပုံကို ပြန်စောင်း၍မျှ ကြည့်ကြမည် မဟုတ်ပေ။

"ကဲ.... မောင်လေးရေ.. မမတို့က ဘယ်လိုလုပ်နိုင်ဦးမှာတုန်း၊ အသက်ငယ်ငယ်နဲ့ မောင်လေးဆုံးတော့မှာကို မမ ကြည့်ရက်နိုင်ပါ့မလားကွယ်"

"ဒီလောက် အရိုက်အနှက် ခံနေရတာထက် သေတာကပဲ ကောင်းပါသေးတယ် မမရာ"

ရာဇာသည် ထိုသို့ပြောရသော်လည်း၊ သေရမှာ မကြောက်သောသတ္တဝါ မရှိသည့်အတိုင်း၊ အစာကျွေးသောအခါ အစာပင် မစားနိုင်ရှာတော့ချေ။

နောက်တစ်နေ့တွင် လန်ဒန် တိရိစ္ဆာန်ရုံတွင် လူများ ပိုမိုစည်ကားနေသည်။ အထူးသဖြင့် ရာဇာနှင့် ရန်နီတို့ထားရာသို့ ကြိတ်ကြိတ်တိုး ကြည့်လာကြ၏။ အချို့က "ဒီလောက်မိုက်တဲ့ကောင်၊ သတ်ပစ်တာပဲ ကောင်းတယ်" ဟု ပြောကြ၏။ အချို့ကမူ သနားစရာကွယ်ဟု ကရုဏာသံနှင့် ပြောကြ၏။ လူရွယ်တစ်ယောက်ကမူ ရာဇာနှင့် ဆိုင်သော သတင်းများကို ဖတ်ရှုနေသည်။ နောက်တစ်နေ့ထွက် သတင်းစာများတွင် ရာဇာအား သတ်ပစ်ရန် ဆုံးဖြတ်ကြောင်း သတင်းပါလာသဖြင့် ဤကဲ့သို့ စည်ကားနေခြင်း ဖြစ်သည်။

လန်ဒန်တိရိစ္ဆာန်ရုံ အရာရှိများက အိန္ဒိယပေါက် (၉) နှစ်သားအရွယ် ဆင်ကလေး ရာဇာအား ပစ်သတ်လိုက်ရန် ယနေ့အမိန့်ချလိုက်ကြောင်း၊

ရာဇာသည် လွန်ခဲ့သည့် နှစ်လလောက်က ဆင်ထိန်းအုပ်အား တိုက်ခိုက်ရာ နံရိုးကျိုးသွားကြောင်း၊ တစ်လလောက်တုန်းကလည်း ဘီဘီစီ ရုပ်ပေါ်အသံလွှင့်ကားကြီးကို ကန်ကျောက်ပစ်သေးသည်။ ၎င်းအား ယနေ့ သေမိန့်ပေးသောနေ့မှာပင်၊ ဆင်ထိန်းအား သူ့ကိုယ်လုံးနှင့် တိုက်သဖြင့်၊ ဆင်ထိန်းမှာ ရင်ပတ်ကို ထိခိုက်ပြီးလျှင်၊ ဆေးရုံတွင် တင်ထားရကြောင်း။

ဒုတိယကမ္ဘာစစ်ပြီးနောက်၊ အိန္ဒိယမှ ဆင်သုံးကောင် ယူလာသည့်အနက်၊ ရာဇာသည် တစ်ကောင်အပါအဝင်ဖြစ်သည်။ ရာဇာမှာ လွန်ခဲ့သည့်လအနည်းငယ်ကပင်၊ လန်ဒန်တိရိစ္ဆာန်ရုံရှိ တိရိစ္ဆာန်များအနက် နာမည်အကျော်ဆုံး ဖြစ်ကြောင်း။

တိရိစ္ဆာန်ရုံ အုပ်ချုပ်ရေးမှူးက ပြောသည်မှာ စီးကောင်းသော ဆင်ကောင်တစ်ကောင်ဆိုလျှင်၊ ပေါင်(၇၀၀)နှင့် (၁၅၀၀)အကြား တန်ဖိုးရှိကြောင်း၊ ရာဇာအား ထောင်ပေါင်းများစွာသော ကလေးများ ပျော်ရွှင်မြူးထူးစွာ စီးခဲ့ဖူးကြောင်း၊ သို့ရာတွင် တောစိတ်ဝင်က ဘေးရန်များသဖြင့် ကြောက်ရွံ့ကြောင်း။

မြန်မာလိုမှာ ဖော်ပြရာ အဓိပ္ပာယ်ဖြစ်ရာ၊ နားစွင့်နေကြသော ရာဇာနှင့် ရန်နီသည် ကောင်းစွာ နားလည်ကြသည်။ သူတို့အဖို့မှာ လူသားတွေလို အထက်ရုံးသို့ အယူခံခွင့် မရှိ။ တစ်ခုတော့ သူတို့ မျှော်လင့်ကြသည်။ သူတို့ရှာက သူ့ပါပါများသိလျှင် ကျွန်တော့်သား ကျွန်တော် ယဉ်ကျေးအောင် ဆုံးမပေးပါမည်။ သို့မဟုတ် ကျွန်တော့်သားကို ကျွန်တော်ခေါ်သွားမည်ဟု လာရောက်ပြောလေမလားဟူ၍ ဖြစ်သည်။ လူတွေက ဆင်အကြောင်းမသိတာတော့ မစဉ်းစား။ ဆင်က မခံမရပ်နိုင်၍ လုပ်မိတော့... သေစေတဲ့...။

"အူးဟူးဝူး.... အူးဟူးဟူး... အူး.......... အူး........."

တိရိစ္ဆာန်ရုံတစ်ခုလုံး ဆူညံနေတော့သည်။ ရာဇာအား ပစ်သတ်ရန် ဆွဲအထုတ်တွင် မလိုက်ဘဲ ပေကပ်နေသဖြင့်၊ ချွန်းနှင့်ပေါက် ကြိုးနှင့်ငင်ဖြင့် ဆွဲနေကြသည်။ တိရိစ္ဆာန် မဆိုထားနှင့်၊ လူသားပင် ကြိုးမိန့်ကျ၍ ကြိုးစင်တင်မည်ရှိသောအခါ အကြောက်အကန် ရုန်းကြသေးသည်။

"အို အရေးထဲ၊ ဒီ ဆင်မကလည်း ကပ်နေပြန်ပြီ၊ ကဲ....ကပ်ဦးဟာ"

ထောက်ခံနဲ ချွန်းချက်ကျကာ၊ သွေးများဆင်းလာသည်။ ရန်နီကတော့ အလျှော့မပေး...။

"ကျွန်မမောင်လေးကိုသတ်ရင် ကျွန်မပါ အတူတူသတ်ပါ၊ ကျွန်မလိုက်ခဲ့မယ်၊ မောင်လေးရေ... မင်းနဲ့အတူ လိုက်သေမယ်ကွဲ့"

သူ့စကားကို လူသားတွေက နားမလည်။ နားလည်သော ရာဇာကလေးသာ မျက်ရည်ဖြာဖြာ ကျနေရှာသည်။ ရန်နီသည် သူ့အားရိုက်နှက် ထိုးခုတ်သော်လည်း ဂရုမစိုက်။ ကြီးခိုင်သော သံကြိုးနှင့် ထူးကြီးဆက်စပ်ထားသဖြင့်သာ အားမတန်၍ မာန်လျှော့လိုက်ရခြင်း ဖြစ်သည်။

"မောင်လေးရေ... မမ မင့်နောက်ကို လိုက်ခဲ့မယ်ကွဲ့"

နာလွန်း၍ မနေသာသဖြင့် လိုက်ပါသွားရှာသော ရာဇာ့အား မှာကြားလိုက်သေးသည်။ ရန်နီသည် အာဏာပါးကွက်သားတို့ ရက်ရက်စက်စက် ခေါ်ဆောင်သွားသော ရာဇာ့အား မျက်စိတစ်ဆုံးကြည့်ကာ စီးကျမျက်ရည် ဖြာနေသည်။

"ဒိုင်း.... အိုင်း.... အိုင်း......"

သေနတ်သံနှင့် လိုက်ဖက်သံပါ ရန်နီကြားရရာ၊ မိုက်ခနဲ ဖြစ်သွားရှာသည်။ "မောင်ကလေးရေ မင်း မမကို ခွဲသွားပါပေါ့လားကွယ်။ မမ တစ်ကောင်တည်း ဘယ်လိုနေတတ်နိုင်ပါ့မလဲ မောင်လေးရဲ့၊ တို့မောင်နမတွေ မွေးကတည်းက မကွဲမကွာ ကစားအတူ၊ စားအတူနဲ့ ဒီဒေသရပ်ခြား ရောက်လာပြန်တော့လည်း တတွဲတွဲနဲ့၊ မကွဲမကွာ တစ်ယောက်အစာ တစ်ယောက် ဝေမျှစားကြလို့၊ ခုတော့ ခုတော့ မမ ရင်ကွဲရချည်ရဲ့ မောင်လေးရဲ့"

အကယ်၍ ရန်နီ၏ငိုသံကို အကြင်လူသား တစ်စုံတစ်ဦး နားလည်ပါက များစွာ ယူကြုံးမရ ဖြစ်ကြမည်ကား မလွဲပေ။ သူတို့မောင်နမ ဘယ်တော့မှ မခွဲ။ ဟာသ်ဖို-မလို၊ မကွဲမကွာ နေခဲ့ကြရာ ဖို-မ တစ်ကောင်ကောင် သေလျှင်၊ ကျန်တစ်ကောင်က လိုက်ပြီးသေသလို၊ ရန်နီလည်း ချစ်မောင်ကလေး စိတ္တဇကြောင့် လိုက်၍သေချင်ရှာသည်။

ရာဇာအား ပစ်သတ်ပြီးနောက် တစ်ပတ်ခန့်ကြာသော (၁၉၅၁) ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့ထုတ် သတင်းစာများတွင်၊ သတင်းထူးတစ်ခု ပါလာပြန်ရာ၊ လန်ဒန်သူ လန်ဒန်သားတိုင်း လန်ဒန်တိရိစ္ဆာန်ရုံကြီးကို အာရုံစူးစိုက်လာကြပြန်သည်။ ထိုသတင်းကား...

ရန်နီ လန်ဒန်တိရိစ္ဆာန်ရုံရှိ (၁၀) နှစ်အရွယ် အိန္ဒိယပြည်ပေါက် ဆင်မလေး၊ လွန်ခဲ့သည့် သတင်းပတ်က တောစိတ်ပေါက်၍ ပစ်သတ်လိုက်ရသော ရာဇာ၏ အချစ်သဲမှာ၊ သူ့အခန်းထဲတွင် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း။

ရန်နီသည် ယမန်နေ့က အကောင်းပကတိဖြစ်၏။ ရန်နီ သေဆုံးခြင်းကို စစ်ဆေးနေကြောင်း၊ တိရိစ္ဆာန်ရုံအရာရှိများမှာ ရန်နီသေဆုံးခြင်းကို အလွန်အံ့သြပြီးလျှင်၊ သူ့အချစ် ရာဇာသေသည့်အတွက်၊ နလုံးကွဲပြီး သေတာလေလား၊ သို့တည်းမဟုတ်၊ အဆိပ်မိပြီး သေတာလေလားဟု စဉ်းစားမရအောင် ဖြစ်နေကြသည်ဟူ၍ ဖြစ်၏။

(၁၉၅၁) ခု၊ ဇူလိုင်လ (၃၀) ရက်နေ့တွင်၊ စကော့တလန်ယာဒ် စုံထောက်အဖွဲ့က ပေါင် (၁၅၀၀) တန် ရန်နီ၏ အလောင်းကို စစ်ဆေးကြည့်ရှုကြသည်။ ရန်နီ၏ကိုယ်ထဲမှ ခဲဆိပ်များ တွေ့သည် ဆို၏။ ဘုရင့်ရာဇဝတ်

စုံထောက်ရေးသမားများ၊ ဆင်အား စစ်ဆေးစုံစမ်းခြင်းမှာ၊ ရာဇဝင်တွင် ပထမအကြိမ် ဖြစ်သည်။ ခဲဆိပ်တစ်ပေါင်သည် ဆင်တစ်ကောင်ကို သေစေနိုင်သည်ဟု ဓာတုဗေဒကျွမ်းကျင်သူများက ပြောကြ၏။

တိရိစ္ဆာန်များအကြောင်း ကောင်းစွာ ကျွမ်းကျင်နားလည်သူ (Zoo Experts) များကမူ၊ ရာဇာသေသည့်အတွက်၊ ရန်နီ သေဆုံးရသည်ဟု ယုံကြည်ကြသည်။

(ဤဆင်ဝတ္ထုကို စတိတ်စ်မင်း သတင်းစာကြီး၌ (၁၉၅၁) ခု၊ ဇူလိုင် (၉) ရက်ထုတ်၊ ရာဇာအား သတ်ပစ်ရန်သတင်း၊ ဇူလိုင်လ(၁၈) ရက်နေ့ထုတ် ရန်နီသေဆုံးသော သတင်း၊ ဩဂုတ်လ(၁) ရက်နေ့ထုတ် ရန်နီအား စကော့တလန်ယာဒ်က စစ်ဆေးပုံ သတင်းများကို ဖတ်ရှုပြီးနောက် ဇာတ်ကွက် ဆင်လိုက်ခြင်း ဖြစ်ပါသည်။

ဤ စာရေးသူ၏စိတ်ထဲ အတွေးတစ်ခု ပေါ်လာသည်။ လွန်ခဲ့သည့် နှစ်ပေါင်း(၂၀) ကျော်လောက်က မြစ်ကြီးနားနယ်တွင်၊ တုတ်ကနောင်နှင့် ကိုးလောင်းကျော် အမည်ရှိ ဆင်ဆိုးများကို တွေ့ဖူးသည်။ ကိုးလောင်းကျော်ဆိုသည်မှာ လူ(၉) ယောက်ကျော်ကို သတ်ပစ်ပြီးသောကြောင့်၊ မှည့်ထားသောနာမည်ဖြစ်သည်။ စတီးလ်ဘရားသား သစ်ကုမ္ပဏီပိုင်ဆင်များဖြစ်၏။ စတီးလ် ကိုယ်စားလှယ် မျက်နှာဖြူအား၊ ဤစာရေးသူက "လူတွေ ဒီလောက်သတ်နေတာ၊ ဒီဆင်ကို ဘာလို့သတ်မပစ်သလဲ" ဟု မေးသောအခါ၊ "သစ်ဆွဲ အလွန်ကောင်းတဲ့ ဆင်တွေ" ဟု တိုင်းရင်းသား (၉) ယောက်ကျော် သေသည်ကို ဆင်တစ်ကောင်လောက် တန်ဖိုးမထားဘဲ ပြောကြားသည်ကို ပြန်လှန်သတိရမိသည်။ ရာဇာကလေးကျတော့ သူတို့ မျက်နှာဖြူတွေ ဒဏ်ရာရရုံနှင့် သတ်ပစ်လိုက်ကြသည်တကား။)

သွေးသောက်မဂ္ဂဇင်း

(၁၉၅၁) ခု၊ အောက်တိုဘာလ

## ၁၆။ ဝေဟင်ခရီး

"လေယာဉ်စီး ခရီးသည်တစ်ယောက် တစ်နေရာအတွက်(၁၁၅) ကျပ်နှုန်း ယူခြင်းသာ ဖြစ်ပါတယ်။ လူတိုင်းကို ချိန်နေရတာ လူပေါင်း ဘယ်နှယောက်။ အလေးချိန် ပေါင်ပေါင်း ဘယ်လောက်၊ ကုန်ပစ္စည်းက ပေါင်ချိန် ဘယ်လောက်၊ လေယာဉ်ပျံ သယ်ဆောင်နိုင်မယ့် အလေးချိန်နဲ့ တွက်ဆယူဖို့ ဖြစ်ပါတယ်"

မွန်မွန်ရည်ရည် အသားလတ်လတ် လူတစ်ယောက်သည် အထက်ပါအတိုင်း စိတ်ရှည်လက်ရှည်နှင့် ကျွန်တော့်အား လူကြီးလူကောင်းတစ်ယောက် ထင်မှတ်ကာ ရှင်းပြနေခြင်း ဖြစ်ပါသည်။

"ဟာ .. ကိုကျော်ဝင်း၊ ဒီကောင် အလကား နောက်နေတာ၊ အရေးလုပ် ရှင်းပြနေရင် လေကုန်မှာပဲဗျာ့"

သည်စကားတော့ ကျွန်တော့် သူငယ်ချင်းချစ်၊ လေယာဉ်စီး ခရီးသွားဘက် စိုးဝင်း၏ အသံဖြစ်ပါသည်။

"သိပ်လူပါးဝတာပဲ။ ဘယ်လိုလူစားလဲ မသိဘူး"

ခပ်လှမ်းလှမ်းမှ အသက်(၃၀) ဖက်တီးမကြီး တစ်ယောက်က ဟောက်လိုက်သောအသံ ဖြစ်ပါသည်။

ဤအသံများသည် ကျွန်တော်တစ်ယောက်ကို အမှီပြုပြီးလျှင် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ဖြစ်ရေးအစကတော့ ကျွန်တော့်သူငယ်ချင်း စိုးဝင်းအား သူ့ဖအားသားကြီးက ရန်ကုန်ဆင်းကာ သွင်းကုန်လိုင်စင်အတွက် အစုံစမ်းခိုင်းပါသည်။ စိုးဝင်းမှာ လူရိုးလူတည် နှုတ်နည်းသူ တစ်ယောက်ဖြစ်ရာ၊ သူ့ဖခင်၏ စကားကို မလွန်ဆန်ဝံ့သဖြင့် ကျွန်တော့်ကို အဖော်ခေါ်ပါသည်။ ကျွန်တော်ကလည်း လေယာဉ်ပျံစရိတ်နှင့်တကွ ရန်ကုန်တွင် စားသောက်ပျော်ပါး ကုန်ကျငွေကိုပါ တာဝန်ယူလျှင် လိုက်မည်ဟု ဈေးဆစ်၏။ မင့်သဘောရှိ သုံးရစေမယ် ဟု နှစ်ဦးသဘောတူညီကြပြီးနောက် လေယာဉ်ပျံခရီးသည်အဖြစ် ရောက်ရှိခဲ့ကြခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် လေယာဉ်ပျံစီးဖို့ မဆိုထားဘိ။ မန္တလေးနှင့် အလွန်နီးကပ်သည့် ချမ်းမြသာစည်အနီး လေယာဉ်ပျံကွင်းသို့ပင် တစ်ခါတစ်ခေါက်မျှ မရောက်ဖူးပါ။ ထို့အတူ သူငယ်ချင်း စိုးဝင်းကလည်း လေယာဉ်ပျံစီးဖူးသူ မဟုတ်ရာ ယူဘီအေချာတာနှင့် အခါခါ အခေါက်ခေါက် သွားရောက်ဖူးသူတို့ထံ နည်းနာခံယူကြရပါသည်။

ခရစ်နှစ် (၁၉၅၀) ခု ဇန်နဝါရီလ နောက်ပိုင်းလောက် အချိန်က ဖြစ်ပါသည်။ တစ်နေ့တွင် မန္တလေး ဝင်းလိုက်ရုံဘေး၊ ယူဘီအေချာတာပေးသော ရုံးခန်းသို့ နှစ်ယောက်သွားရောက်ကြကာ လက်မှတ်ယူကြရပါသည်။ ယနေ့ယူ ယနေ့လေယာဉ်ပျံ မစီးရသေးပါ။ ဘယ်နေ့တွင်ထွက်သော လေယာဉ်ပျံနှင့် လိုက်ရပါမည်ဟု ရက်ချိန်းလိုက်ပါသည်။ ရန်ကုန်တွင် မည်သည့်လမ်း၊ မည်သည့်အိမ်တွင် တည်းခိုမည့်အကြောင်းကိုလည်း အစီရင်ခံခဲ့ရပါသေးသည်။

လေယာဉ်ပျံမစီးရခင် တစ်ရက်တွင် လေယာဉ်ပျံနှင့် လိုက်ပါမည့် ခရီးသည်များ လေယာဉ်ပျံပေါ် ဝတ်မည့်အဝတ်နှင့် ချိန်တွယ်ရမည်။ မိမိတို့ အသုံးအဆောင် ပစ္စည်းပိုများကို လုံခြုံသောအရာနှင့် ထည့်၍ယူခဲ့ရမည်။ ချိန်တွယ်ရမည့်အကြောင်းနှင့်၊ လူတစ်ယောက်အတွက် အခမဲ့(၄၄) ပေါင် ယူနိုင်ကြောင်းကိုပါ သိပြီးဖြစ်ရာ၊ မှိုင်းလုံးကော်ဇော၊ နှစ်ယောက်အိပ်ခြင်ထောင်၊ တိုက်စောင်တစ်ထည်၊ ပိန်းတန်းဖိနပ်သစ် (၂)ရုံ၊ ၎င်းတို့က တစ်လိပ်၊ ကျွန်တော့်ပစ္စည်းအဖြစ် သားရေသေတ္တာ အလတ်စားသာသာတွင် စိုးဝင်းနှင့် ကျွန်တော့် ဝတ်လဲစရာ မျက်နှာသုတ်တဘက်၊ တိုလီမိုလီ စသည်တို့ ထည့်သွင်းကာ စိုးဝင်းပစ္စည်းအဖြစ် ယူဆောင်ခဲ့ကြရပါသည်။

ဤတွင် ဝတ္ထုအစအတိုင်း ဆူပွက်သံများ ကြားရခြင်း ဖြစ်သည်။ စိုးဝင်းမှာ နောက်တစ်နေ့ လေယာဉ်ပျံစီးရာတွင် ဝတ်မည့်မီးခိုးရောင် ဘောင်းဘီရှည်၊ ရှူးဖိနပ်အနက်၊ အတွင်းခံ စွပ်ကျယ်၊ ရှပ်အင်္ကျီ မီးခိုးရောင်၊ ကုတ်အင်္ကျီ၊ နက်ကတိုင်၊ သက္ကလပ်ဦးထုပ်နှင့် စတိုင်ကျကျ နိုင်ငံခြားသို့ သံအမတ်ကြီးနားက ခစားလိုက်ပါရမည့်အသွင် ဆောင်နေပါသည်။

ကျွန်တော့်တွင်ကား ဖေဖေ မဝတ်ရက်၍ ရှိနေသေးသော ရှေးဟောင်းသက္ကလပ်လုံချည်၊ ရှူးဖိနပ် အညို၊ စွပ်ကျယ်အတွင်းခံ၊ ရှပ်အင်္ကျီ၊ ဆလစ်အိုဗာ နက်ပြာရောင် သက္ကလပ်အင်္ကျီ၊ သက္ကလပ်နက် ဦးထုပ်ပင် ဖြစ်ပါသည်။

စိုးဝင်း၏ ဂျစ်ကားအဝါလေးကို စိုးဝင်းကိုယ်တိုင်မောင်းပြီးလျှင် ဝင်းလိုက်ရုံဘေး တစ်နေရာတွင် ထိုးရပ်လိုက်ကာ တစ်ယောက်က အိပ်ရာလိပ်၊ တစ်ယောက်က သားရေသေတ္တာ ကိုယ်စီယူငှဖို့ ဖြစ်ပါသည်။ သို့ရာတွင် ကျွန်တော် တစ်ခုမျှ ကောင်းစွာမနိုင်၊ ကုန်းကွကွဖြစ်နေရာ၊ စိုးဝင်းက ပေးကွာ... မိန်းမလောက်မှ အားမရှိဘူးဟု ဆိုပြီးလျှင် အိပ်ရာလိပ်နှင့် သားရေသေတ္တာကို ဘယ်ညာလက်တစ်ဖက်စီ အသာပင် ဆွဲယူသွားပါသည်။

ကျွန်တော့်မှာ စိုးဝင်းနောက်မှကပ်၍ လိုက်ပါလာရာ ယူဘီအေချာတာရုံးအနီးက လူအများပင် ဝိုင်း၍ရယ်နေကြပါသည်။ စိုးဝင်းက အရပ် (၅)ပေ (၇) လက်မ ထွားထွားကျိုင်းကျိုင်း၊ ထောင်ထောင်မောင်းမောင်း။ ကျွန်တော်က အရပ် (၅) ပေ (၂) လက်မခန့် သေးသေးသွယ်သွယ်၊ သယ်ယူ၍ အဖြစ်မရှိနှင့် ရယ်စရာမို့ ရယ်သည်ကို စိတ်မဆိုးသာပါ။

လေယာဉ်စီး ခရီးသည်တစ်ချို့ ချိန်တွယ်ပြီးနောက် ပထမ စိုးဝင်းကို ချိန်ပါသည်။ အဝတ်အထည်ပါ (၉၃) ပေါင် ရှိပါသည်။ သားရေသေတ္တာ (၄၁) ပေါင်ရှိပါသည်။ နောက် ကျွန်တော့်အလှည့် အဝတ်အထည်ပါ (၉၁) ပေါင်၊ အိပ်ရာလိပ် (၃၅) ပေါင်ရှိပါသည်။ သားရေသေတ္တာအတွက် (၄၁) ပေါင်ဟု လေဘယ်တစ်ခု၊ အိပ်ရာလိပ်အတွက် (၃၅)ပေါင် လေဘယ်တစ်ခု ထုတ်ပေးပါသည်။ ထိုပစ္စည်းများမှာ ချာတာရုံးတွင် ထားလိုကထားနိုင်၍၊ အိမ်သို့ယူသွားလိုကလည်း ယူသွားနိုင်ပါသည်။ (၄၄) ပေါင်ထက်ပိုလျှင် (၁) ပေါင်လျှင် (၉) ပဲနှုန်းနှင့် ပိုသလောက် တွက်ကျပေးရရာ အချို့မှာ ချာတာရုံးတွင် အပ်နှံထားခဲ့ကြပါသည်။

ကျွန်တော့်အလှည့်ပြီးလျှင် အသက် (၃၀)ခန့် တုတ်တုတ်ဝဝ ဖက်တီးမတစ်ယောက် တက်၍ချိန်ပါသည်။ အရပ်က ကျွန်တော့်အရပ်လောက် မြင့်၍ တင်ပါး၊ ရင်သားက မြင်မကောင်းအောင် ပြည့်ဖြိုးကာ ခါးတုတ်ကြီးနှင့် ဖြစ်နေပါသည်။ (၂၀၁) ပေါင်ဟု ဆိုလိုက်သောအခါ ကျွန်တော်က...

"ဟာဗျာ..(၉၁) ပေါင်ရှိတဲ့ ကျွန်တော့်အတွက် လေယာဉ်ပျံခ(၁၁၅) ကျပ်၊ (၂၀၁) ပေါင်အတွက် (၁၁၅) ကျပ်ဆိုတာကတော့ မတရားပါဘူးဗျာ" ဟု နောက်လိုက်ရာမှအစ မချောက နှုတ်ခမ်းစူ။ မန်နေဂျာလုပ်သူက ရှင်းပြသည့်ဘဝအထိ ဖြစ်သွားပါသည်။

"ဒီမယ် ကိုကျော်မောင်၊ ခင်ဗျားကိုယ်ကို သေတ္တာတစ်ခုနဲ့ ဖြစ်ဖြစ်၊ အိုး.. ဖာနဲ့ပဲတော်တယ်၊ ဖာနဲ့ထည့်သွားပါလား၊ တစ်ပေါင်(၉) ပဲနှုန်းနဲ့ (၆၀) ကျပ် (၁)ပဲ၊ မသကာ ဖာတွက်ပါ (၇၀) လောက်ပဲ ကျတော့မပေါ့"

အသိတစ်ယောက်က ကျွန်တော့်နာမည်ခေါ်ကာ ချာတာနှင့် ဘယ်လောက်အံ့ခွအောင် စားဖူးသည်မသိ၊ (၉၁) ပေါင်အတွက် ကျသင့်ငွေကို ချက်ခနဲတွက်ကာ လှောင်ပြောင်ပြောလိုက်ပါသည်။

ဖက်တီးမပြီးလျှင် အသက် (၂၀)ခန့် မိန်းမပျိုတစ်ယောက် ချိန်ပြန်ပါသည်။ ငေးကြည့်လောက်အောင် မချောသော်လည်း ရုပ်ရည်အတော်သန့်ပြန့်၍၊ အသားဝါဝင်းကာ၊ အဆက်အပေါက် ပြေပြစ်သဖြင့်၊ လူတိုင်း ငေးကြည့်ရပါသည်။ လူချိန်ပြီးနောက် သားရေသေတ္တာတစ်လုံး ချိန်ပါသည်။

ကျွန်တော်သည် နားမျက်စိလျှင်သူဖြစ်သဖြင့် သူတို့ချိန်မှတ်ကြစဉ်က ဖက်တီးမနာမည်မှာ မတင်တင်၊ နောက်ချိန်သည့်မိန်းမပျို၏အမည်မှာ ခင်စောဝင်းဆိုသည်ကို သိပြီးဖြစ်ပါသည်။ စိုးဝင်းကား ခင်စောဝင်းကို တစ်ချက်မျှ အသာအယာကြည့်ပြီးလျှင် ဣန္ဒြေကြီး တစ်ခွဲသားနှင့် လုပ်နေပါသည်။

နက်ဖြန် လေယာဉ်စီးကြလျှင်တော့ ကျွန်တော်နှင့် စိုးဝင်း သူငယ်ချင်းနှစ်ယောက်က တစ်တွဲ၊ မတင်တင် ဖက်တီးမနှင့် ခင်စောဝင်းက တစ်တွဲ၊ လေယာဉ်ပျံထဲ တွေ့ဆုံကြရဦးမည်။ စိုးဝင်းအား တတောင်နှင့်အသာတွက်ပြပေမယ့် မတုန်မလှုပ်။ ကျွန်တော် တိုက်တွန်းတာက ရန်ကုန်သွားကြမှာလား၊ ဟိုကျရင် ဘယ်မှာတည်းမလဲ မေးမြန်းနှုတ်ဆက်ဖို့ ဖြစ်ပါသည်။

သူတို့လည်း မိန်းမသားတွေဖြစ်ရာ ခရီးသွားလျှင် ယောကျ်ားဖော်လိုကြောင်း မသိပဲနေမည် မဟုတ်။ ခင်စောဝင်းအမူအရာကလည်း စိုးဝင်းအား မသိမသာ ကြည့်ရှုနေသည်ကို ရိပ်မိသဖြင့် ကျွန်တော်ကိုယ်တိုင်ပင်....

"မခင်စောဝင်းတို့ ရန်ကုန်ကျရင် ဘယ်မှာတည်းမှာလဲ"

သူ့နာမည်ကို သိပေါင်းကျွမ်းပေါင်းကဲ့သို့ ခေါ်မေးလိုက်သဖြင့် အံ့အားသင့်သလို ကြည့်နေစဉ် မျက်လုံးပြူးပြူး ဖက်တီးမက...

"ဆင်းဒဝစ်လမ်း နံပါတ် (၅၅) မယ်"

"သြော်...သိပြီ သိပြီ၊ အရင်က ဦးကျော်ငြိမ်းတို့နေဖူးတဲ့ တိုက်ကြီးပဲ"

"ဟော့..ကျော်မောင်ရေ၊ ပစ္စည်းတွေ ပြန်ယူသွားနိုင်ပြီတဲ့။ လာ သွားကြစို့ကွာ"

စိုးဝင်း၏အသံဖြစ်ပါသည်။ ဘယ်လောက် အလိုက်မသိသား ဆိုးဝါးလိုက်တဲ့အကောင်လဲ။ တကယ်ဆိုရင် သူ့အတွက် မိတ်ဆက်နေခြင်းဖြစ်ရာ အခြေအနေကို စောင့်စားကြည့်ဖို့ ကောင်းပါသည်။ ကျွန်တော် သူ့အား လှည့်ကြည့်သောအခါ အိပ်ရာလိပ်တစ်ဘက်၊ သားရေသေတ္တာတစ်ဘက် ဆွဲထားသော လေဘယ်စက္ကူကဒ်ပြားလေး လှုပ်လှုပ် လှုပ်လှုပ်နှင့် ဂျစ်ကားရှိရာသို့ သွားနေသည်ကို မြင်ရပါသည်။ ဖက်တီးမနှင့် စကားမဆက်သာတော့ဘဲ သူ့နောက်သို့ လိုက်ပါသွားရာ ကားပေါ်တက်၍ သူ့ညာဘက်ဘေး ထိုင်မိလျှင် စက်နှိုးထွက်ခွာသွားပါသည်။

***

"ယူမသွားပါရစေနဲ့ ဦးရယ်၊ မတော်ပါဘူး"

"မဟုတ်ပါဘူးကွဲ ၊ မင်း ဘိန်းချသွားတာမှ မဟုတ်ပဲ၊ ရွှေကွဲ ရွှေတွေ"

"ရွှေမကလို့ စိန်ထုပ်တွေပဲဖြစ်ဖြစ် ကျွန်တော် ယူမသွားနိုင်ဘူး"

ထိုစကားများမှာ စိုးဝင်းနှင့် သူ၏ယောက္ခမလောင်း စက်ပိုင် ဦးသာထွေးတို့ အချီအချ ပြောကြသော စကားများဖြစ်ပါသည်။

မန္တလေးမြို့ (၈၄) လမ်း၊ ကျောက်သွေးတန်း (ဝါ) ဗိုလ်ချုပ်လမ်း တစ်နေရာ၊ ဝင်းခြံနှင့် နှစ်ထပ်တိုက်ကြီး၏ အပေါ်ထပ်တိုက်ခန်းကျယ်၏တစ်နေရာတွင် အသက်(၅၀) ကျော်ခန့် မွန်မွန်ရည်ရည် လူကြီးတစ်ယောက်၊ ဖြူဖြူတုတ်တုတ် မိန်းမကြီးတစ်ယောက်၊ အသက်(၅၀) နီးပါး အသားမည့်ိုတည်ို လူကြီးတစ်ယောက်၊ အသားမလတ်တလတ် အသက် (၄၇) နှစ်ခန့် မိန်းမကြီးတစ်ယောက် အသက်(၂၅) နှစ်ခန့် လူထွားတစ်ယောက်၊ အသက်(၂၆) နှစ်ခန့် ခပ်သေးသေး ခပ်ညှက်ညှက် လူရွယ်တစ်ယောက်၊ ပေါင်း မင်းခြောက်ပါးတို့ စကားဝိုင်းဖွဲ့ပြောဆိုကြရာ၌ နောက်ဆုံးလူရွယ်မှာ ကျွန်တော်ပင်ဖြစ်ပါသည်။

ပထမလူကြီးမှာ စိုးဝင်း၏မိဘများ ဖြစ်၍၊ ဒုတိယလူကြီးစုံတွဲမှာ စိုးဝင်း၏ယောက္ခမများ ဖြစ်ကြပါသည်။ နက်ဖြန် စိုးဝင်းရန်ကုန်သို့ လေယာဉ်ပျံနှင့် သွားမည်ဖြစ်၍ နှုတ်လည်းဆက်ရင်း သမက်လောင်းထံ ရောင်းဖို့ ရွှေသုံးပိဿာလောက် ပါးလိုက်ရန် ပြောဆိုနေကြခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့နှင့် အပိုပါမည့် ကုန်ပစ္စည်းများမှာ သားရေသေတ္တာ (၄၁) ပေါင်၊ အိပ်ရာလိပ် (၃၅) ပေါင်မျှ ရှိသည်ကို ဦးသာထွေး သိပြီးဖြစ်ပါသည်။ နောက်တစ်နေ့ လေယာဉ်ပျံကွင်းသို့ ရောက်သောအခါ ထပ်မံချိန်တွယ်လေ့မရှိ။ သူသူ ငါငါပင် မူလချိန်ပြီးအပြင် နောက်ထပ် (၄-၅) ပိဿာစသည် ထည့်သွင်းယူသွားလေ့ ရှိကြသည်။ ဤအကြောင်းကို ဦးသာထွေး နားလည်ပြီးဖြစ်သဖြင့် သူ့ရွှေများကို ယူသွားရန် တိုက်တွန်းခြင်းဖြစ်၏။

စိုးဝင်းကလည်း ယုံမှတ်၍ ပြန်လည်အပ်နှံလိုက်သော ပစ္စည်းများကို နောက်ထပ် ချိန်တွယ်ခြင်း မပြုစေကာမူ မရိုးဖြောင့်သော အမှုအရာနှင့် ထပ်မံဖြည့်စွက်ခြင်းသည် နည်းလမ်းမဟုတ်၊ အကယ်၍ ပေးလိုက်လိုပါက မချိန်တွယ်ခင် အပ်နှံလိုက်လျှင် ရောနှောချိန်တွယ်ခဲ့ရ၏။ ယခုမှ ယူသွားရမည်ကို ငြင်းဆန်နေခြင်း ဖြစ်ပါသည်။

စိုးဝင်း၏ ဖခင်ကြီးကမူ "သားရယ်၊ ယူနိုင်ရင် ယူသွားပါလားကွယ်" ဟု ဝင်ရောက်ပြောဆိုသော်လည်း တင်းတင်းကြပ်ကြပ် မတိုက်တွန်းချေ။

ဤကိစ္စသည် သေးငယ်သောကိစ္စ မဟုတ်ချေ။ ဦးသာထွေးမှာ အလုံမုံရွာနယ်မှ ငွေကြေးကျစ်ကျစ်ပါအောင် စုဆောင်းကာ ကြီးပွားလာသူ ဖြစ်ရုံသာမက၊ မန္တလေးမြို့ပေါ်မှာပင် စက်ပိုင်ဦးသာထွေးဟု နာမည်တစ်လုံးနှင့် ထင်ပေါ်ကျော်ကြားသူ ဖြစ်၏။ ရောင်းရေးဝယ်တာတွင် ပါးရေနပ်ရေ ရှိ၏။ လာဘ်မြင်၏။ ဦးသာထွေး၏ဖခင်သည် တောနယ်တွင် မြေပိုင်ရှင်၊ ငွေချေးစားသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ ရွှေတစ်ကျပ်သားလျှင် ငွေ(၂၀) ထက်မပိုသော အရင်းငွေနှင့် အတိုးကြီးယူကာ ရွှေချိန်မြောက်မြားစွာ အပေါင်ခံခဲ့သည်ဟု ကြားဖူး၏။ ရွှေချိန်ခွက်တစ်ဆယ် ဆယ့်ငါးထက်မနည်း ချမ်းသာသည်ဟုလည်း စိုးဝင်း၏ ဖခင် တစ်ခါက ပြောပြ၍ မှတ်သားရဖူးပါသည်။

ရန်ကုန်တွင် ရွှေဈေးကောင်းသည်ဟု သိရသဖြင့် ဦးသာထွေးနှင့် အဆက်အသွယ်ရှိသော မဂိုလမ်းရှိ စိန်ဘာဘူတစ်ဦးထံ ရွှေသုံးပိဿာခန့် ပေးလိုက်မည်။ ပေါက်ဈေးမည်မျှနှင့် ရောင်းမည်ဟု ကြေးနန်းနှင့် အသွားအပြန် စကားပြောထားပြီး ဖြစ်သည်။ သမက်လောင်းအား ယူသွားပါ ပြောသောအခါ စိုးဝင်းက ငြင်းဆန်နေသဖြင့် အခက်ကြုံနေရတော့လေသည်။

ဦးသာထွေး၏သမီး မသန်းညွန့်ကား ရုပ်ရည် ရွက်ကြမ်းရေချိုဟု ဆိုရစေကာ၊ စိန်ရွှေ၊ အဝတ်အဆင်၊ ပြုပြုပြင်ပြင်နှင့် မြင်သူငေးကြည့်ကြရ၏။ အသက် (၂၀) ခန့်ရှိ၍ အရောင်းအဝယ်လည်၏။ အိမ်ထောင်ထိန်းသိမ်းမှု စေ့စပ်ပိပြား၏။ ခေတ်ပညာကား များစွာမတတ်ရာပေ။ အင်္ဂလိပ်မြန်မာ ဆယ်တန်းအောင်ရုံလောက်သာ သင်ဖူးရာ၏။

သို့ရာတွင် စာနယ်ဇင်း ဗဟုသုတများသူဖြစ်သဖြင့် နိုင်ငံရေး၊ စီးပွားရေး အဘက်ဘက်က ခေါက်မိသူဖြစ်၏။ ဦးသာထွေးနှင့် ဆက်ဆံဖူးသူတိုင်း ဦးသာထွေး၏ သမီးချော မသန်းညွန့်အကြောင်း မပြောဘဲ မနေနိုင်ကြချေ။

စိုးဝင်း၏ ဖခင် ဦးဘသိုက်ပင် ချွေးမတော်ကို သဘောကျနေသဖြင့် အကြောင်းတစ်ခုခု ရမယ်ရှာကာ စိုးဝင်းအား ဦးသာထွေးတိုက်သို့ လွှတ်ခဲ့၏။ ရည်ရွယ်ချက်မှာ လူငယ်ချင်း မေတ္တာရှိသောအခါ လူကြီးချင်း စေ့စပ်ကြောင်းလမ်းကာ တောင်းရမ်းဖို့ပင် ဖြစ်သည်။ စိုးဝင်းကိုယ်တိုင်ကလည်း မသန်းညွန့်အား သဘောကျခဲ့ရာ၊ ယခုအခြေအနေ၌ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်နေကြပြီ ဖြစ်ပါသည်။

ဤအကြောင်းများကို လူကြီးများသိထားကြ၏။ စေ့စပ်ကြောင်းလမ်းထားရန် ပြောသောအခါ ကိုယ်တော်ချော စိုးဝင်းက သူ့မှာ ဘီအေကလေးလောက် အောင်ပြီး ဘာအလုပ်မျှလည်း မရှိ၊ မိဘထမင်း ထိုင်စားတုန်း မကြောင်းလမ်းပါနှင့်ဦးဟု တောင်းပန်ထားရာ၊ သားဖြစ်သူ အလုပ်အကိုင်ရအောင် သွင်းကုန်လိုင်စင် သည်ဟာမဟုတ်လျှင် ရန်ကုန်က သင့်တော်သောကုန်များကို တစ်ဆင့်ကူးသန်းရောင်းဝယ်ဖို့ ရန်ကုန်သို့ လွှတ်ခြင်း ဖြစ်ပါသည်။

သေချာပေါက် ရွှေရောင်းဖို့ ချိန်းဆိုထားရာ ကိစ္စကို စိုးဝင်းက တကယ်ပဲ ငြင်းဆန်လိုက်ပါက စိုးဝင်းနှင့် မသန်းညွန့် ခွာပြဲနိုင်သဖြင့် ဤကိစ္စမသေးဟု တွေးလိုက်ခြင်း ဖြစ်ပါသည်။

"ခက်တာပါပဲ မောင်စိုးဝင်းရယ်၊ ရန်ကုန်ကို သေချာပေါက် ချိန်းထားပြီးပြီ၊ မင်းတို့ မနက်ဖြန် (၂) နာရီသာသာ ရန်ကုန်အရောက် သွားအပ်ရုံ၊ ငွေယူရုံပဲ"

"ဒီလိုဆိုရင် မနက်က သွားချိန်ကတည်းက ပေးလိုက်ပါလား"

"သြော် ခက်ပါဘိတော့တယ်၊ ရွှေကွဲ့ ရွှေတွေ၊ ငါးခြောက်မဟုတ်ဘူး။ ရွှေသုံးပိဿာဆိုတာ ခုကပေါက်ဈေးနဲ့ (၅) သောင်းကျော် (၆) သောင်း နီးနီးတန်တယ်။ လူသူလေးပါးမြင်ရင် မင်းတို့မှာလည်း အန္တရာယ်များမယ်၊ ဒါကြောင့် တိတ်တိတ်လာပို့တာ..."

"ကျွန်တော် ယူမသွားရင်တော့ အလွန်ဆိုးမှာပဲ၊ ဒါပေမဲ့ ယူလို့မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲကွဲ့၊ သူသူငါငါ ဒီလိုယူနေကြတာပဲ။ အခု မင့်အိပ်ရာလိပ်ထဲ စောင်တွေ ခေါင်းအုံးတွေထဲ ထိုးထည့်မလား၊ သားရေသေတ္တာထဲ လုံချည်တွေ၊ ဒီပြင့် တိုလီမိုလီတွေထဲ ထိုးထည့်မလား၊ ဘယ်သူမှ စစ်ဆေးချိန်တွယ်နေမှာ မဟုတ်ပါဘူး"

စိုးဝင်းကား ကုလားထိုင်နောက်မှီကို ဇက်တင်လိုက်ကာ တိုက်မိုးမျက်နှာကျက်မှ လင်းထိန်နေသော အပြာရောင် ဓာတ်မီးဖန်ချောင်းကြီးကို မော့ကြည့်နေသည်။ အချိန်ကား ည (၈) နာရီခွဲခန့် ဖြစ်ပါသည်။ စားပွဲဝိုင်းပေါ်၌ (၆) လက်မပတ်လည်ခန့် ယွန်းသေတ္တာကလေးက ခရီးထွက်ရမလား၊ နားရမလားဟု ဆုံးဖြတ်ချက်ကို စောင့်နေဟန် တူ၏။ အကြောင်းမူကား ထိုသေတ္တာငယ်အတွင်း သုံးပိဿာခန့် ရွှေထည်များ ထည့်သွင်းထားသောကြောင့် ဖြစ်ပါသည်။ ဦးသာထွေးကတော် ဒေါ်သိန်းပင် မနေနိုင်တော့ဘဲ ခေါင်းမာလှသည့် သားမက်လောင်းအား ကြည့်ကာ...

"ဟုတ်သားပဲ မောင်စိုးဝင်းရယ်၊ ဝန်လေးတာမှ မဟုတ်ဘဲ"

"မဖြစ်လို့ပါ ဒေါ်ဒေါ်ရယ်၊ လောကမှာ တစ်ကိုယ်ကောင်း ကြံတာတွေကြောင့် ခက်တာပဲ၊ လေယာဉ်ပျံဆိုတာက လူဘယ်နယောက်၊ လူတွေရဲ့ အချိန်ပေါင်ပေါင်း ဘယ်လောက်၊ ကုန်ပစ္စည်းက ဘယ်လောက်၊ လေယာဉ်ပျံတစ်စီးနိုင်ရုံ တွက်ချက်ပြီးတင်တာ၊ ကျွန်တော့်လိုပဲ တစ်ယောက်(၂) ပိဿာ၊ (၃) ပိဿာစီ ယူတင်သွားရင် လူ(၂၅) ယောက်အတွက် ကုန်တွေ ဘယ်လောက်ပိုသွားမလဲ၊ ကုန်ပိုရင် လေယာဉ်ပျံမနိုင်ပဲ စက်ချို့ယွင်းသွားမယ်။ လူ့အသက်တွေ ဒုက္ခများနိုင်တဲ့ ကိစ္စခင်ဗျာ့"

စိုးဝင်းသည် အမျှင်တတန်းကြီး ရှင်းလင်းပြောဆိုသော်လည်း ဦးသာထွေးနှင့်ဒေါ်သိန်းတို့ မကျေနပ်။ ဦးသာထွေးကပင်....

"သူသူငါငါ ဒီလိုပဲ နည်းနည်းပါးပါး ကုန်ပိုတင်သွားကြတာပဲ၊ နေ့စဉ်နဲ့အမျှ လေယာဉ်ပျံ ပျက်ကျတယ်လို့ မကြားဖူးပေါင်"

"ဇန်နဝါရီလ (၁၈) ရက်နေ့က ရန်ကုန်အသွား စက်ချို့ယွင်းလို့ ကုန်ပစ္စည်းတွေ ကန်ချပစ်ခဲ့ရတယ်ဆိုတာ သတင်းစာထဲ ဦးမတွေ့မိဘူးလား၊ အဲဒါ အခြားမဟုတ်ဘူး၊ သတ်မှတ်ပေးထားတဲ့ ကုန်ချိန်ထက် တိတ်တိတ်ခိုး နောက်ထပ်ဖြည့်လိုက်တဲ့ကုန်တွေ ယူလို့ဖြစ်မှာပေါ့"

"ဩော်...မောင်စိုးဝင်းက အစီရင်ခံစာတောင် သိပြီးနေပကိုး"

ဦးသာထွေးက ခပ်ငေါ့ငေါ့ပြောလိုက်ရာ စိုးဝင်းမျက်နှာ တစ်မျိုးဖြစ်သွားသည်။ အကင်းပါးသော ဦးဘသိုက်က သား၏ပေါင်ကို အသာကုတ်၍ သတိပေးလိုက်ဟန် တူပါသည်။

"တစ်ခါက ဦးရဲ့စက်ဝင်းထဲ လှည်းတစ်စီးကျိုးသွားတာ ဘာပြုလို့လဲ"

"လှည်းဘီးမခိုင်လို့"

"ဘယ်ဟုတ်မလဲ ဆန်အိတ်တွေက များလွန်းလို့၊ လေယာဉ်ပျံလည်း ဒီလိုပဲ၊ သူ သယ်နိုင်တာထက်ပိုရင် စက်ချို့ယွင်းမှာပဲ၊ ဟဲဟိုးကအပြန် အာလူးအိတ်တွေ ကန်ချရ၊ ဘယ်နေရာအရောက် လျှင်မြန်စွာထိုးဆင်းရဆိုတာ ဒီလို လူမသမာတွေကြောင့် ဖြစ်ရတာပဲ"

"ကဲ ကိုသာထွေး ပြောနေအပိုပဲ ပြန်ကြစို့"

ဦးသာထွေး နေရာမှ ထလိုက်၏။ ဖျောက်တိုထည့်ထားသော သားရေအိတ်ငယ်ကို စမ်းပြီးနောက် မသိန်းယူခဲ့ဟေ့ ဟု ပြောကာနှုတ်ဆက်ပြီး ဆင်းသွားကြပါသည်။

***

ကျွန်တော်၏အိမ်မှာ လက်ဆည်ကန်အရပ်တွင်ဖြစ်ရာ စိုးဝင်းတို့တိုက်နှင့် မဝေးလှပါ။ သို့ရာတွင် ကျွန်တော်၏လုံ့လဝီရိယကို သိပြီးဖြစ်သဖြင့် ညကတည်းက စိုးဝင်း၏တိုက်တွင် အတူအိပ်စေရာ ဖော်ပြခဲ့သော စိတ်မချမ်းသာစရာများ ကြားရခြင်း ဖြစ်ပါသည်။ ဦးသာထွေးတို့ ပြန်သွားပြီးနောက် ဦးဘသိုက်က သားမက်သည်

သားနှင့်အတူတူဟု ယူဆတတ်ကြောင်း၊ သားသည် မိဘစကား နားထောင်သကဲ့သို့ သားမက်သည် ယောက္ခမမိဘ၏စကားကို နားထောင်ရကြောင်း၊ အစရှိ ငြင်းပယ်လိုက်ခြင်းသည် အသေးအဖွဲဟု ထင်ရစေကာ.. ဦးသာထွေး၏စိတ်တွင် မိဘစကား နားမထောင်သည့်သားမျိုးဟု စွဲသွားပြီဖြစ်၍၊ လူငယ်ချင်း ချစ်ရေးတွင် အခက်အခဲတွေ့ဖွယ်ရှိကြောင်း၊ သား ဝန်မလေးက ရွှေတွေယူငင်သွားဖို့ပင် တိုက်တွန်းရပါသေးသည်။

သား စိုးဝင်းလူလိမ္မာကလည်း နေရာတကာ မိဘစကားကို နားမထောင်နိုင်ကြောင်း၊ သိဒ္ဓတ္ထမင်းသားဟာ အဘခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ စကားကိုသာ နားထောင်မိလျှင် ဘုရားတောင်ဖြစ်မည်မဟုတ်ဟု ဆင်ခြေဆင်လက်နှင့် ငြင်းချက်ထုတ်သဖြင့် ဦးဘသိုက် ပြုံးနေရရှာပါသည်။

**ကိုကိုစိုး..**

*ယခုအချိန်ထိ အချိန်မနှောင်းသေးပါ။ အဘကိုလည်း ညွှန့်ပြောလျှင် နားထောင်မှာပါဟု ဝန်ခံထားပါသည်။ သည်ကိစ္စဟာ ညွှန့်နှင့် ကိုကိုစိုး၏ ချစ်ရေးကိုပင် အနှောင့်အယှက်ပေးနိုင်ကြောင်း စဉ်းစားမိလိမ့်မည်ဟု ထင်ပါသည်။ သုံးသောင်းနှင့် ဝယ်မည်ပြောထားသည့် တိုက်နှင့် ဝင်းခြံကိုလည်း ဤရွှေရောင်းရငွေမှ ပေးဆပ်ရမည်ဖြစ်ပါသည်။ သို့အတွက် ညွှန့်ဆီ ဆက်ဆက်လာပြီးလျှင် ရွှေများ ယူလှည့်ပါ ကိုကိုစိုး။*

**စိတ်ချယုံကြည်စွာနှင့် အချစ်ဦး ညွှန့် ။**

လေယာဉ်ပျံနှင့်ခရီးထွက်မည့် နံနက်(၈) နာရီခန့်တွင် အထက်ပါစာကလေး ရောက်ရှိလာခြင်း ဖြစ်ပါသည်။ မည်သူ့ထံကဟု အထူးဖော်ပြဖွယ် လိုမည်မထင်ပါ။ စိုးဝင်းက ကျွန်တော့်အား ပြသဖြင့် ဖတ်ရှုနေခြင်းဖြစ်ရာ စိုးဝင်းကပင်...

"မသွားဘူး၊ မယူဘူးကွာ"

"အေး...မသွားနဲ့၊ မယူနဲ့"

သူ့အား တိုက်တွန်း၍ရမည် မဟုတ်သဖြင့်၊ သူ့အလိုက်ပြောလိုက်ရာ စိုးဝင်းသည် စာရွက်ကလေးကို လုံးချေပစ်လိုက်သည်။ မနေ့က နောက်တစ်နေ့ (၉) နာရီအရောက်လာပါဟု မှာကြားလိုက်သည့်အတိုင်း ကျွန်တော်တို့နှစ်ယောက် လွန်ခဲ့သည့်နေ့က အဝတ်အဆင် ချိန်တွယ်ထားသည့် ပစ္စည်းများအတိုင်း ဂျစ်ကားနှင့် ဒရိုင်ဘာအား မောင်းစေကာ ထွက်ခဲ့ကြပါသည်။

ပစ္စည်း၊ လေဘယ်နံပါတ်၊ ဤမျှလောက်သာ စစ်ဆေးပါသည်။ ထပ်မံချိန်တွယ်ခြင်း မပြုပါ။ ဦးသာထွေးရွှေတွေ ယူခဲ့ဖို့ ကောင်းပါသည်။ တချို့ဖာတွေမှာ မူလချိန်တွယ်စဉ်က ပမာဏထက် ပို၍ဖောင်းနေသည်ကို မြင်ရသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် အချိန်ပိုလျှင် စက်ချို့ယွင်းသည်။ စက်ချို့ယွင်းလျှင် လေယာဉ်ပျံ ပျက်ကျတတ်သည်ဟု စိုးဝင်းက တွက်ချက်ပြောထားသောကြောင့်၊ အလို ဘုရားရေ.. ကုန်တွေ တိတ်တခိုး တစ်ယောက်ဘယ်လောက်စီများ ပိုလာကြဦးမှာလဲဟု တွေးပူမိပါသည်။ တစ်ညလုံး လေယာဉ်ပျံစီးရသည်ဟု အိပ်မက်မက်ပါသည်။ စည်ပိုင်းထဲ ထိုင်ရသလို ကြုံ့ကြုံ့ကလေး ကျဉ်းကျဉ်းကျပ်ကျပ် ထိုင်လိုက်ရပြီး လေယာဉ်ပျံက အထက်တိုးတက်သွားလိုက်

အောက်နိမ့်ဆင်းလိုက်ဖြင့် ရင်ထဲမှာ အေးခနဲ စိမ့်ခနဲ ဖြစ်၍သွားပါသည်။ "အံမယ်လေး၊ သေပါပြီဗျ.." ဟု အသံထွက် အော်လိုက်မိသဖြင့် "ဟော့ကောင် ကျော်မောင်၊ အော်...ယောင်နေတာကိုး" ဟု စိုးဝင်း၏အထု ခံရပါသေးသည်။ ကျွန်တော်လည်း လေယာဉ်ပျံ ပျက်ကျတယ်လို့ အိပ်မက်မက်လို့ဟု ပြောရာ "မင်း စိတ်စွဲလို့ပါ" ဟု သူက ပြောပါသေးသည်။

ဝင်းလိုက်ရုံသေး စောင့်နေရာမှာလည်း လေယာဉ်ပျံ ပျက်ကျမှာကို တွေးပူမိပါသည်။ ရုပ်ရှင်ထဲမှာက လေယာဉ်ပျံ ပျက်ကျလျှင် အရေးမကြီး၊ လေထီးနှင့် ဆင်းကြသည်ကို မြင်ဖူးပါသည်။

"လူတစ်ကိုယ် လေထီးတစ်ခုပေးဦးမှာ မဟုတ်လား"

အနီးရှိ မိတ်ဆွေတစ်ယောက်အား မေးလိုက်သည်။ မိတ်ဆွေက ဟား...ဟား..ဟု ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကာ...

"ဂျပန့်လက်ထက် မှတ်နေသလား၊ ဂျပန်လက်ထက်ဆိုရင်တော့ ရေတွင်း၊ ရေကန်၊ မြစ်ဆိပ် ဘယ်နေရာမဆို ကိုရင်လိုချင်တဲ့ လေထီးရနိုင်ရတာပေါ့"

အနားကလူများ ဝါးကနဲ ရယ်မောလိုက်ကြရာ ကျွန်တော် ဆွဲထိုးချင်ပါသည်။ ကိုယ်ကာယချည့်နဲ့သော ဘဝကြောင့် သူ့ဗလကြီးကို မပြိုင်ဝံ့ဘဲ အောင့်သက်သက်နှင့် ခံလိုက်ရပါသည်။

နံနက်(၁၀) နာရီခွဲတွင် လေယာဉ်ခရီးသည်များအား ယူဘီချာတာကားကြီးနှင့် ချမ်းမြသာစည် လေယာဉ်ပျံကွင်းသို့ ပို့ပေးပါသည်။ လေယာဉ်ပျံအစအနမှ မမြင်တွေ့ရသေးပါ။ နောက်မှသိရသည်က ရန်ကုန်က လေယာဉ်ပျံ ဆိုက်ရပ်ပြီး ထိုလေယာဉ်နှင့် စီးနင်းလိုက်ပါရမည် ဟူ၍ဖြစ်ပါသည်။

ကျွန်တော့်မှာ လေယာဉ်ပျံကို နီးနီးကပင် တစ်ခါမျှ မမြင်ဖူးပါ။ စည်ပိုင်းထဲ ဝှတ်စိကလေး ထိုင်လိုက်ရမလားဟု အိပ်မက်ထဲအတိုင်း တွေးနေမိပါသည်။ (၁၂) နာရီနှင့် မိနစ်(၄၀) တွင် ရန်ကုန်ကလေယာဉ်ကြီး ချမ်းမြသာစည် လေဆိပ်သို့ ထိုးဆိုက်လာသည်။ လားလား..သည်တော့မှ ကောင်းကင်ပေါ်မှာတုန်းက စွန်သာသာကလေး မြေကြီးပေါ် ထိုးဆိုက်လိုက်မှ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး ဟု ပြောမိသည်။

ခရီးသည်တွေ၊ ကုန်တွေချ၊ လေယာဉ်ပျံတွင် ဆီဖြည့်၊ စက်တွေစမ်းနှင့် (၁)နာရီကျော်ကျော်တွင် ကုန်ပစ္စည်းတွေတင်ကာ ကျွန်တော်တို့ခရီးသည်တွေလည်း တက်ကြရပါသည်။

ဝတ္ထုအစက ဖော်ပြခဲ့သည့် ခင်စောဝင်းနှင့် မတင်တင်တို့ အစပျောက်နေရာ အမှန်ကတော့ မပျောက်ပေ။ တစ်ယောက်နှင့်တစ်ယောက် မြင်တွေ့နေရသော်လည်း ကိုယ့်ကိစ္စနှင့်ကိုယ်မို့ ဂရုမစိုက်နိုင်ကြပါ။ ပြီးတော့ မတင်တင် အမူအရာကလည်း ကျွန်တော့်အား နှစ်သက်ပုံမရသဖြင့် စိုးဝင်းက ဟော့ကောင် အေးအေးနေစမ်းဟု ကြိမ်းထားသောကြောင့်လည်း စကားမစဝံ့တော့ပါ။

လေယာဉ်ပျံကြီးပေါ်သို့ လှေကားနှစ်ဆင့်နှင့် တက်ရပါသည်။ အရေးထဲမှ မတင်တင်က ရှေ့က ကျွန်တော်က နောက်ကအတတက်တွင် ကြုံတွေ့နေရပါသည်။ ခါးကြီးကတုတ်သည့်အပြင် သူ့တင်ပါးကြီးကလည်း ကားကားပြည့်ပြည့် အိပဲ့အိပဲ့နှင့် အနီရောင်ကတ္တီပါလုံချည်နှင့် တစ်လှမ်းချင်းတက်ရာတွင် တစ်ဘက်နိမ့်မြင့် ဖြစ်နေပါသည်။

ပေါင်တံခြေသလုံး အကုန်လုံးကို နောက်က ကမ္ဗဌာန်းရှုသလို တက်လိုက်လာရပါသည်။ သည်ဘုတ်ပြဲမကြီးနောက်က လိုက်ပါလာရင်း လေယာဉ်ပျံထဲဝင်ကာနီး ကျွန်တော့်နှုတ်ဖျားမှ...

"ဟာ...သိပ်ကျယ်တာပဲ"

ဤသို့ပြောလိုက်လျှင်ပင် နောက်ကလူများက ဝါးကနဲ ဟားတိုက်ရယ်လိုက်ကြပါသည်။ မချော ဝတုတ်ပြဲမကလည်း ရှုသိုးနှင့် နောက်လှည့်ကြည့်ကာ "သေနာကျ" ဟု နွားမကန် ကန်ချမလို လုပ်ပါသေးသည်။ ကျွန်တော်ပင်လျှင် ဘာမျှနားမလည် ကြောင်စာစာနှင့် ဖြစ်နေသည်။

ကျွန်တော်ပြောလိုက်တာကတော့ ကျွန်တော့်အိပ်မက်ထဲမှာ လေယာဉ်ပျံစီးရတာ ခပ်ကျဉ်းကျဉ်းကလေး၊ ယခုမြင်ရတော့ အကျယ်ကြီးမို့ "ဟာ သိပ်ကျယ်တာပဲ" ဟု ပြောမိရိုးအမှန်ပါ။ သူတို့သာလျှင်ဘာအဓိပ္ပာယ်နှင့် ရယ်ကြသည်မသိပါ။ သူ့နောက်က ကပ်လိုက်ရသော ကျွန်တော်သည် လေယာဉ်ပျံပေါ်ရောက်မှ သူတို့ရယ်ကြသော အဓိပ္ပာယ်ကို နားလည်သွားကာ တစ်ယောက်တည်း တခစ်ခစ် ဖြစ်နေသဖြင့် စိုးဝင်းက ပခုံးကိုင်ဆောင့်လိုက်မှ ငြိမ်ကျသွားပါသည်။

လေယာဉ်ပျံကား အမှန်ပင် ကျယ်ပါသည်။ လူတစ်ယောက် မတ်တတ်ရပ်ကာ လမ်းလျှောက်နိုင်ပါသည်။ လှေကားပေါက်ဘက်မှ နောက်မီးနှင့် ထိုင်စရာ (၁၂ ) ခု၊ ၎င်းနှင့် မျက်နှာချင်းဆိုင်တွင် ထိုင်စရာ (၁၃) ခု၊ ပေါင်း (၂၅) ခု၊ ခရီးသည် (၂၅) ယောက် မျက်နှာချင်းဆိုင် ထိုင်ရပါသည်။ ထိုင်စရာများအကြားတွင် ကုန်ပစ္စည်းများ ချထားပါသည်။ ထိုင်စရာအကြား၊ ထိုင်စရာအောက်ရော ပြည့်ကြပ်နေပါသည်။

နောက်မြီးပိုင်းတွင် ရှူရှူပေါက်စရာရော၊ အီအီးပါစရာရော ပါပါသည်။ ဦးပုကလေးရေးသားသော ဗိုလ်ချုပ်အကြောင်းစာအုပ်တွင် အီအီးပါချင်၍ စက္ကူနှင့်ထုပ်ပါရကြောင်း တွေ့ဖူးရာ ထိုလေယာဉ်ပျံမှာ အသေးစားဖြစ်၏။ ယခု လေယာဉ်ပျံကြီးကား အကြီးစား-ခရီးသည်အတွက် လိုလေသေးမရှိ ပြည့်စုံသည်ဟု သိရှိရပါသည်။ ဖက်တီးမ တင်တင်ကား၊ ကြက်ဖင်လို ရှုံ့ချည်ပွချည်နှင့် နှုတ်ခမ်းဟူလှုပ်နေပါသေးသည်။ ထိုင်စရာတွင် ထိုင်မိလျှင် လက်တစ်ဝါးခန့် ခါးပတ်ကြီးနှင့် ကိုယ်စီကိုယ်ငှ ပတ်ထားကြရာ ထ၍နောင်ဂိုမ်း မဖြစ်ပါ။ မတော်တဆ လေယာဉ်ပျံ အတက်အဆင်း အသွားကြမ်းလျှင်ထိုင်ရာမှ ဂွမ်းပြန်ကျမသွားရန် ထိုးခါးပတ်များ ပတ်ထားရမည်ဟု ပြောကြပါသည်။

ခရီးသည်တွေထဲမှာ ရှမ်းအမျိုးသမီးကြီး သုံးယောက်၊ ပေါက်ဖော်နှစ်ယောက်၊ ကုလားသုံးယောက်၊ ကျန်လူများမှာ ကျွန်တော်တို့ နှစ်စုံတွဲနှင့် သွားလာနေကျ ခရီးသည် မိန်းမယောက်ျား မြန်မာများပင် ဖြစ်ပါသည်။

လေယာဉ်ပျံထွက်ခါနီး တဝီးဝီးနှင့် ရဟတ်လည်သံကား နားငြီးလှပါသည်။ လေယာဉ်ပျံ မြေပြင်တွင် လိမ့်ပြေးနေစဉ် ဣတိပိသော ရွတ်သူ၊ သံဗုဒ္ဓေရွတ်သူလည်း အများ၊ ကွမ်းရွက်ရှူသူ၊ ပရုပ်ဆီသုတ်သူများလည်း တွေ့ရပါသည်။ လေယာဉ်ပျံ မြေပြင်ကခွာ၍ တစ်ချီတစ်ချီ ထိုးအတက်သာ ခပ်ဆောင့်ဆောင့်နှင့် မူးသလိုလို ဖြစ်သွားပါသည်။ ထိုကဲ့သို့ ဖြစ်သည်မှာလည်း သုံးကြိမ်သာလျှင် အမှတ်တရ ကြုံတွေ့ရရာ ဝေဟင်သို့ ရောက်လျှင် မီးရထား၊ မော်တော်ကား စီးရသည်ထက်ပင် ငြိမ်သက်ပါတော့သည်။

ကျောဘက် လကြေးတပ် ပြတင်းပေါက်များရှိရာ လည်ပြန်ငုံ့ကြည့်သောအခါ သစ်ပင်လယ်ကွင်းတို့ကို ရေးရေးသာ မြင်ရပါသည်။ အတောင်ဘက်က ထိုင်ရသူများကား ဘာမျှမြင်ရမည် မဟုတ်ပါ။

ကျွန်တော့်မှာ အစပထမ တွေးကြောင်နေသော်လည်း နာရီဝက်ခန့်ကြာလျှင် မကြောက်တော့ပါ။ ရဟတ်သံဆူညံသည့်ကြားက (၃-၄) ယောက်ခြား စကားပြောနိုင်ပါသည်။ ခပ်လှမ်းလှမ်းကိုမူ ပြော၍မကြားနိုင်ပါ။ လူတစ်ယောက်မတ်တတ်ရပ်လမ်းလျှောက်နိုင်သဖြင့် လူလည်လုပ်ကာ ခါးပတ်ဖြုတ်ပြီးလျှင် မတ်တတ်ရပ်ကြည့်ပါသည်။

လမ်းပင်ကောင်းစွာလျှောက်နိုင်ပါသည်။ သို့ရာတွင်လေပေါ်တွင် ဖင်မငြိမ်က လေ့လူးတတ်သကဲ့သို့ လေယာဉ်ပျံလူးမည် စိုးရိမ်သူများက ထိုင်ပါ ထိုင်ပါဟု အော်ကြပါသည်။ လက်ဟန်ခြေဟန်နှင့်လည်း အထိုင်ခိုင်းကြသဖြင့် စိုးဝင်းက ကျွန်တော့်လက်ဆွဲဆောင့် ထိုင်ကျသွားအောင် လုပ်လိုက်ရပါသည်။

ဆေးလိပ်များလည်း ရှုဖွာရပါသည်။ သို့ရာတွင် လေယာဉ်ပျံစက်ဝိုင်းဘက်က မီးနီနှင့် No smoke ဆေးလိပ်မသောက်နဲ့ဟု စာတမ်းပေါ်လာလျှင် ထိုင်စရာဘေးရှိ ပြာခံခွက်တွင် ကဗျာကယာ ထိုးချေကြရပါသည်။ တစ်ဦးတလေက အင်္ဂလိပ်စာမတတ်၍ ဖွတ်ဖွာနေလျှင် နီးရာလူက ဆေးလိပ်မသောက်ရန်ပြော၊ ပြောမရလျှင် ဖွတ်လုကာ ပြာခွက်ထဲ ချေထည့်ပစ်တတ်ကြပါသည်။

ဦးပိုင်းက လူဝကြီးတစ်ယောက် နေရာက ထလိုက်သောအခါ ကန့်ကွက်ကြပါသေးသည်။ လူဝကြီးက ရှုံ့မဲ့လျက်နောက်မြီးအိမ်သာဆီ လက်ညှိုးထိုးပြသဖြင့် ဆက်လက်မတားကြတော့ပါ။ လူ(၁၀) ယောက်လောက်မျက်နှာချင်းဆိုင်ကို လွန်အောင်လျှောက်လာရခြင်းဖြစ်ရာ၊ အိမ်ကြမ်းပြင်ပေါ် လျှောက်သည်နှင့်မခြား ယိမ်းယိုင်ခြင်းမရှိပါ။ သူ့ကိစ္စပြီးတော့လည်း အေးအေးဆေးဆေးပင် ပြန်လာပါသည်။

လေယာဉ်ပျံပေါ်တွင် နီးရာနီးရာ နှစ်ကိုယ်ကြား စကားပြောသူပြော၊ စာကြည့်သူကြည့်၊ အိပ်ငိုက်သူငိုက်ဖြင့် ခရီးသည်များအား ခေါ်ဆောင်ခဲ့ရာ ကျွန်တော့်မှာ အောက်ဘက်သို့ မကြာမကြာငုံ့ကြည့်မိပါသည်။ ကျောရိုးတန်းကြီးလို ညိုညိုမှိုင်းမှိုင်း သဏ္ဍာန်မှအပ ဘာကိုမျှ မမြင်ရသဖြင့်၊ ပဲခူးရိုးမတောင်ပေါ်က ဖြတ်သန်းပျံလာသည်ဟု ထင်ပါသည်။

မန္တလေးမှ မွန်းလွဲတစ်နာရီခွဲတိတိတွင် ပျံ၍လာရာ ရန်ကုန်-မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ (၃) နာရီခွဲသာသာတွင် ဆင်းရန် တဖြည်းဖြည်း နီးလာပါသည်။ ဘေးကင်းစွာ ရောက်တော့မည်ကိုသိ၍…

"ဖေခင် ..ဝေဟင်ခရီးမှာ လေယာဉ်စီးကာ မြေပြင်နဲ့ နီးပေါ့ကွာ" ဟု လက်တန်းစပ်ဆိုလိုက်ရာ အနီးမှလူများရယ်မောကြပါသည်။

မန္တလေးနှင့် ရန်ကုန် (၂)နာရီနှင့် (၁၀)မိနစ်သာ ကြာပါသည်။ ရှေးအခါများကတော့ အမြန်အား အကောင်းဆုံးမီးရထားစက်ခေါင်းကြီးနှင့် တစ်နာရီ မိုင်(၄၀) နှုန်းပြေးရာ၊ (၁၈) နာရီမျှကြာသည်ကို မြန်လှသည်ဟု ချီးမွမ်းကြကျေနပ်ခဲ့ကြပါသည်။

ယူဘီအေအရာရှိ၊ အကောက်အရာရှိများက မိမိ အလုပ်ဝတ္တရားများကို လုပ်၍နေကြပါသည်။ လူနာမည်နှင့်အပိုပစ္စည်း၊ ကုန်ပစ္စည်း ပေါင်အချိန် အမှတ်အသားများကို တိုက်ဆိုင်ကြည့်ပါသည်။ အကောက်အခွန်များမှာလည်း လူတိုင်းစေ့မဟုတ်သော်လည်း မသင်္ကာသော သူများကိုမူ အိတ်သွန်ဖာမှောက် ရှာဖွေကြပါသည်။

"ဟာ သိပ်ကျယ်တာပဲ" ဟု အပြောခံရရှာသူ မတင်တင်မှာ ကျွန်တော်တို့နှင့် တစ်ယောက်ခြားလောက် လိုက်ပါလာရာ၊ ဆင်းသောအခါ၌လည်း ခင်စောဝင်း၏ သားရေသေတ္တာကို ဆွဲကာ ဆောင့်အောင့်နေပါသည်။ ခရီးသည်များအားယူဘီအေကားကြီးဖြင့် မြူနီစီပယ်ရုံးအရောက် လိုက်ပို့ပါသည်။

ကျွန်တော်တို့ တည်းခိုရန်မှာ ပန်းဆိုးတန်းရှိ နှစ်ထပ်တိုက်ကြီးဖြစ်ပါသည်။ စိန်ဘရားသားပိုင်ရှင် ဦးထွန်းစိန်၏ ဖခင်နှင့် စိုးဝင်း၏ဖခင်မှာ မိတ်ဆွေဟောင်းများဖြစ်၍၊ ထိုတိုက်ကြီးတွင် တည်းခိုရန် ပြောလိုက်ပါသည်။ လေယာဉ်ပျံ လက်မှတ်ယူစဉ်က သည်တိုက်ကြီးမှာ တည်းခိုကြမည်ဟု ပြောလိုက်ကြပါသည်။ သို့ရာတွင် သူဌေးတိုက်မှာ အဝင်အထွက် မလွတ်လပ်၊ ကျွန်တော်တို့ကား ရန်ကုန်နေစဉ် သွားလိုရာသွား၊ ပြန်ချင်သည့်အချိန်ပြန်၊ ဤကဲ့သို့နေချင်ရာ၊ မန္တလေးကပင် တိုင်ပင်လာကြသည့်အတိုင်း၊ လမ်း(၅၀) သူငယ်ချင်းတစ်ယောက် အိမ်သို့ အငှားကားတစ်စီးနှင့် လာခဲ့ကြပါသည်။

ထိုအိမ်ရှင်မှာ စိုးဝင်း၏သူငယ်ချင်းဖြစ်ရာ၊ အေအေမ်ဘီရုံးတွင် အထက်တန်းရုံးစာရေး လုပ်နေပါသည်။ အိမ်ထောင်ကျသည်မှာ တစ်နှစ်သာမျှ ရှိသေး၏။ လင်မယားနှစ်ယောက်စလုံး သဘောကောင်း၊ ဖော်ရွေသည်ဟု စိုးဝင်းက ပြောပြထားသည့်အတိုင်း မော်တော်ကား တိုက်ဘေးသို့ ရပ်သည်နှင့် တစ်ပြိုင်နက် အသက်(၂၇) နှစ်ခန့် မွန်မွန်ရည်ရည် လူတစ်ယောက် ပြေးဆင်းလာကာ ...

"ဟာ ကိုစိုးဝင်း၊ လာဖြစ်သကိုး၊ ကျွန်တော် မြူနီစီပါယ် လာရမလား၊ မင်္ဂလာဒုံ လာရမလား မသိတာနဲ့ အိမ်ကစောင့်နေတာ"

"လာဖို့မလိုပါဘူးဗျာ.. ဒီလိုတွေ့ရတာ ဝမ်းသာပါတယ်"

ထိုသို့ပြောဆိုကြရင်း ကားပေါ်က အိပ်ရာလိပ် သားရေသေတ္တာများကို တစ်ယောက်တစ်ခုစီ ဆွဲကြ၊ တိုက်အပေါ်ထပ်သို့ တက်ခဲ့ကြပါသည်။

တိုက်မှာ ပေအစိတ်၊ ပေငါးဆယ် အခန်းဖြစ်သဖြင့် အတော်ကျယ်ဝန်းပါသည်။ လင်မယားနှစ်ယောက် အခိုင်းအစေ မိန်းကလေးတစ်ယောက်သာ ရှိပါသည်။ ဧည့်ခန်း ကုလားထိုင်ပုများတွင် နေရာချထားစဉ် အသက် ၂၃ နှစ်ခန့်၊ ဆံပင်မဖောက်တဖောက်၊ ရုပ်ရည်သနားကမား မိန်းမတစ်ယောက် ထွက်လာကာ...

"ကိုစိုးဝင်းတို့များ ကျောင်းကထွက်သွားကတည်းက ခုမှ ပေါ်လာတော့တယ်" ဟု ဖော်ရွေစွာ နှုတ်ဆက်လိုက်ပါသည်။

"ကျွန်တော်ဖြင့် ကြေးနန်းမှ ရောက်ပါ့မလားလို့ ထင်နေတာ"

နှုတ်ဆက်သူကို ပြန်မပြောသေးဘဲ။ အိမ်ရှင်ယောက်ျား မျက်နှာကို ကြည့်ကာ ပြောနေပြန်ပါသည်။

"ရောက်တာပေါ့ဗျာ... ဝိုင်ယာလက်စ်နဲ့ ပို့နေတဲ့ဟာပဲ။ အနှင်းရေ..ကာဖီအဝယ်ခိုင်းကွယ်.. ဖျော်နေ ကြာရော့မယ်"

"ဟာဗျာ နေပေ့စေ၊ ကျွန်တော်တို့ မသောက်တော့ပါဘူး..."

အနင်းဆိုသူက အိုင်အေ ကျောင်းသူ၊ စိုးဝင်းက အိုင်အေ ကျောင်းသား၊ ကိုမောင်လွင် ယခု အနင်းယောက်ျားက ဘီအေအထက်တန်း ကျောင်းသား၊ တစ်ကြိမ်က အနင်းနှင့်စိုးဝင်းကို ကိုမောင်လွင်က သင်္ကာမကင်း ဖြစ်ခဲ့ဖူးရာမှ စိုးဝင်းက ဘာမျှမဖြစ်ကြောင်း ပြောရာကအစ ခင်မင်လာကြပုံ၊ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြသည်မှာ တစ်နာရီကျော်ပင် ကြာပါသည်။

ကျွန်တော်ကား ရန်ကုန်သို့ (၁၉၄၆) ခု၊ ဇန်နဝါရီလတုန်းက ဖ-ဆ-ပ-လ ကိုယ်စားလှယ် ယောင်ယောင်၊ စာရေးဆရာ ယောင်ယောင်၊ တစ်ကြိမ်ရောက်ပြီးသည့်နောက်၊ ယခုအခေါက် ပထမအကြိမ် ဖြစ်ပါသည်။ ထို့ကြောင့် ညစာချက်ရန် ပြင်ဆင်ရာ မချက်ပြုတ်စေပဲ စိုးဝင်းနှင့်အတူ တရုတ်တန်းသို့ ထွက်ခဲ့ကြပါသည်။

ကိုမောင်လွင်ကိုကား မခေါ်ခဲ့ပါ။ စိုးဝင်း၏ သားရေအိတ်ထဲတွင် ငွေတစ်သောင်းကျော် ပါသောကြောင့် ကိုမောင်လွင်အား ပြောဆိုအပ်နှံထားခဲ့ရပါသည်။ အချိန်မှာ ညနေ (၅) နာရီခွဲခန့်ရှိသေး၏။ စိုးဝင်းသည် အဖော်ကောင်းလျှင် အနည်းအကျဉ်း သောက်တတ်၏။ ကျွန်တော်ကား မူးအောင်သောက်တတ်ပါသည်။ လမ်းတစ်လမ်း အစားအသောက်ကောင်းသော နာမည်ကြီးတရုတ်ဟိုတယ်သို့ တက်ခဲ့ကြပါသည်။

ကျွန်တော်သောက်ချင်သော ဂျော်နီဝေါ့ကား အကြီးတစ်လုံး ဘယ်လောက်လဲ မေးရာ (၈၀) ဟုပြောသဖြင့် ရင်ကို မ မိပါသည်။

"အားနာမနေနဲ့ ငါ့ကတိအတိုင်း မှာကွာ…"

"ဟာကွာ..မတန်ဘူး နမျောတယ်"

ကျွန်တော် မသောက်ရက်ပါ။ ဆိုက်ပရပ်တစ်လုံး မေးကြည့်ရာ (၂၄) ကျပ်ဟု ပြောပြန်ပါသည်။ စိုးဝင်းဖွတ်မှာသဖြင့် ဆိုက်ပရပ်တစ်လုံး၊ ဘဲပေါင်းတစ်ဝက်၊ ပုဇွန်လုံးကြော် တစ်ခွက်၊ မှာ၍ စားသောက်ကြပါသည်။ ရှေးဦးစွာ ဂျော်နီဝေါ့ကား (ဝမ်းပက်) တစ်ခွက်စီ မှာသောက်ရာ၊ တစ်ခွက်ကို (၈) ကျပ်ဟု ပြောပါသည်။ စိုးဝင်းကား ချိန်ဆသောသူလည်းဖြစ်၊ ကာယဗလလည်း ပြည့်စုံသဖြင့် သိပ်မမူးပါ။ ကျွန်တော့်မှာသာလျှင် မူးရူးပြီး ဟိုတယ်မယ်များနှင့် အရောရော အထွေးထွေး ဖြစ်ချင်သလို ဖြစ်နေရာ၊ ဘာက ဘယ်လောက်ကုန်ကျသည်မသိ၊ ဘီလ်ကို (၇၆) ကျပ် ကျော်ကျော် ရှင်းပေးလိုက်ရပြီးနောက်၊ ကျွန်တော် သတိမရတော့ပါ။

"ဟေ့ကောင် ကျော်မောင် ထကွ…. မင်းမေဂလိန်း သိပ်အိပ်တာပဲ"

စိုးဝင်း၏အသံနှင့် ယဉ်ယဉ်ကျေးကျေး ပေါင်ကို ခြေထောက်နှင့် ကန်ပြီး နှိုးလိုက်ပါသည်။

သည်တော့မှ နှစ်ယောက်အိပ်ခြင်ထောင်အတွင်း မှိုင်းလုံးကော်ဇောပေါ် အိပ်ပျော်နေကြောင်း သိရပါသည်။ ထိုနေရာမှာ ကိုမောင်လွင်၏ ဧည့်ခန်းနေရာ ဖြစ်ပါသည်။ ဘယ်ပုံဘယ်နည်းနှင့် အိမ်ပြန်ရောက်သည်ကို ကျွန်တော် မမှတ်မိတော့ပါ။

"ဟေ့ကောင် …အံမာ… အဝတ်များတောင် လဲပြီးနေပြီကိုး…"

ကျွန်တော်က မနေ့က လေယာဉ်စီးခဲ့သော အဝတ်နှင့်ပင် မတ်တတ်ရပ်နေသော စိုးဝင်းအား မြင်သဖြင့် မေးလိုက်ပါသည်။

"မင့်အမေကြီးလား..၊ ဒီမှာ ရောက်ကျကုန်ပြီ၊ မြန်မြန် ထကွာ.."

ကျွန်တော် အိပ်ရာက လူးလဲထကာ၊ မျက်နှာသစ်ပြီးနောက် သိရှိရသည်မှာ ခင်စောဝင်း၏ သားရေအိတ်နှင့် စိုးဝင်း၏ သားရေအိတ် မှားလာခြင်း ဖြစ်ပါသည်။ စိုးဝင်း၏သော့နှင့် ဖွင့်ကြည့်တော့ သူ့အဝတ်တွေ မတွေ့ဘဲ ဘန်ကောက်ထဘီ၊ ဇာဘော်လီ၊ ပဒုမ္မာအင်္ကျီ စသော မိန်းမအဝတ်များ တွေ့နေပါသည်။ စိုးဝင်းက...

"ပြီးတော့ ဟောဒါ ပါလာသေးတယ်ကွ" ဟု အစိမ်းရောင် ကတ္တီပါအိတ်ရှုံ့ကလေးကို ထုတ်၍ အထဲမှပစ္စည်းများကို ဆွဲယူပြရာ စိန်လည်တုန်တစ်ခု၊ စိန်လက်ကောက်တစ်ရံကို တွေ့ရပြန်ပါသည်။

"ကာလပေါက်ဈေးနဲ့ဆိုရင် သောင်းငါးထောင်ထက် နည်းမှာမဟုတ်ဘူး"

"မင်းသေတ္တာထဲလည်း ငွေစက္ကူ တစ်သောင်းကျော်ဖိုး ပါသေးတာဘဲ။ တမင်ညစ်တယ်လို့တော့ ထင်မှာမဟုတ်ပါဘူး"

"ဒါကတော့ အရေးမဟုတ်ပါဘူး၊ သားရေအိတ်ကို ဟိုကောင်မကြီး ယောင်နနနဲ့ အရင်ဆွဲယူတဲ့ဟာပဲ"

"ဆင်းဒဝစ်လမ်း နံပါတ်(၅၅) တဲ့၊ သူတို့တည်းအိမ်သိသားပဲ၊ လိုက်လဲတာပေါ့ကွယ်"

နံနက်(၇) နာရီခန့်တွင် ခင်စောဝင်း၏ သားရေအိတ်နှင့် လန်ခြားတစ်စီးခေါ်ကာ ထွက်ခဲ့ကြပါသည်။ ရှေးဦးစွာ ပန်းဆိုးတန်းသို့ဝင်၍ ဝဇီရာတိုက်တွင် လိပ်စာပေးခဲ့ကြောင်း၊ ဆိုင်ရာက မေးမြန်းပါက လမ်း(၅၀) ကိုမောင်လွင်၏တိုက်ကို ညွှန်ပေးပါမည့်အကြောင်း စိုးဝင်း မှာကြားခဲ့ပါသေးသည်။

ဆင်းဒဝစ်လမ်း အမှတ်(၅၅) သို့ ရောက်သောအခါ ကျွန်တော်တို့ အမောကြီး မောရတော့သည်။ ခင်စောဝင်းတို့ မတင်တင်တို့ မတည်းခိုရုံသာမဟုတ်၊ ထိုနာမည်ကို မကြားဘူးကြောင်း ပြော၍လွှတ်လိုက်သောကြောင့် ဖြစ်ပါသည်။

"မင်းနောက်တာနဲ့ ဟိုဟာမကြီး ပြောလိုက်တာပဲ"

"အေးကွာ...သိပ်ရော်တဲ့ဟာမကြီး"

ကျွန်တော်တို့သည် အပြေးကောင်းသော ဘာဂီနှင့်ပင် လမ်း(၅၀) သို့ပြန်ခဲ့ရာ၊ (၈) နာရီခွဲ၊ (၉) နာရီနီးပါးတွင် ရောက်ရှိကြပါသည်။

ကိုမောင်လွင်၏ တိုက်ခန်းဝမှ ဝင်မိလျှင် ကျွန်တော်တို့ အံ့အားသင့်သွားကြပါသည်။ အကြောင်းမှာ ခင်စောဝင်းနှင့် မတင်တင် ဖက်တီးမတို့အား တွေ့သောကြောင့် ဖြစ်ပါသည်။

"ကျွန်မတို့ ယူဘီအေရုံးက လူကြီးတွေဆီက စုံစမ်းတော့ ပန်းဆိုးတန်းဝဇီရာတိုက်တဲ့၊ အဲဒီကတစ်ဆင့် ညွှန်လိုက်တာပဲ၊ အဖြစ်တော့ မပြောပါနဲ့တော့၊ ဟောဒီ မမတင် မှန်တာပါပဲ"

ခင်စောဝင်းက ပြုံးချိုကြည်လင်စွာ ပြောဆိုပါသည်။ စိုးဝင်းက...

"ကျုပ်တို့ ခုပဲ ဆင်းဒဝစ်လမ်းက ပြန်လာတာ"

"ဟုတ်ကဲ့ ဒီအိမ်က ဦးလေး ပြောပြီးပါပြီ၊ ရှင့်သေတ္တာကို ဖွင့်ကြည့်ပါဦး"

"ဟုတ်ကဲ့.. ခင်ဗျားသေတ္တာလည်း ဖွင့်ကြည့်ပါဦး၊ ကျုပ်အံ့ဩတာက သေတ္တာရွယ်တူ၊ သော့တူမို့"

"မန္တလေးစက်ပိုင် ဦးသာထွေးဆီက လက်ဆောင်ပေးတာပဲရှင့်"

"အင်း...ကျုပ်လည်း သူ့ဆီကပဲ"

သို့နှင့် ပစ္စည်းချင်း သေတ္တာချင်း လဲလှယ်ကာ ခင်စောဝင်းတို့ နှုတ်ဆက်ထွက်ခွာသွားကြသည်။

"ဟော့ကောင် မန္တလေး ဘယ်အရပ်ကလည်း မမေးလိုက်ဘူး"

"မလိုပါဘူးကွာ.. ဒီမှာကြည့်" ဟု စာရွက်ခေါက်တစ်ခုကို ပြပါသည်။ ကြည့်လိုက်သောအခါ ဒေါ်မေ- သမီး ခင်စောဝင်း၊ ပိုးကုန်သည်၊ အမရပူရမြို့ ဟု တွေ့ရပါသည်။

ကျွန်တော်တို့အလုပ်ကား သွင်းကုန်လိုင်စင်အတွက် စုံစမ်းရမည်ဖြစ်ရာ ရန်ကုန်တွင် ဘဏ်အပ်ငွေ သောင်းသိန်းရှိ၍ ကိုယ်တိုင် ကုန်သည်အလုပ်နှင့် (၃)လ၊ (၆) လတန်သည် လုပ်ဖူးသူဖြစ်မှ ရနိုင်မည်။ မန္တလေးက အခုလာ၊ အခုယူလို့မရဟု ကိုမောင်လွင် ပြောပြသည်နှင့်ပင် သိပြီးဖြစ်ပါတော့သည်။

အခြားအလုပ်ကား မည်သည့်တိုက်တွင် မည်သည့်ပစ္စည်းမျိုး ရနိုင်ကြောင်း ဈေးနှုန်းနှင့်တကွ စုံစမ်းရမည်ဖြစ်ရာ (၃-၄) ရက်နှင့် ပြီးစီးသွားပါသည်။

ကျွန်တော်သည် ရန်ကုန်တွင် စစ်မဖြစ်မီနေဖူးရာ အလွန်ပျော်ပါသည်။ ယခုအခေါက်တွင်မူ မပျော်ပါ။ တဲအိမ်တွေ ရှုပ်ရှက်ခပ်၊ လမ်းဘေးဈေးဆိုင်တွေက ခြေချစရာမရှိ၊ အစစည်စပ်တပ်၊ ဖြစ်ချင်သလို ဖြစ်နေပါသည်။

ထို့ကြောင့် သူငယ်ချင်းနှစ်ယောက် ကိစ္စပြီးလျှင် ဝေဟင်ခရီးနှင့် ပြန်ရန် စီစဉ်ကြပါသည်။ မန္တလေးက လာတုန်းကကဲ့သို့ပင် လူ၊ အပိုပစ္စည်း ချိန်တွယ်ရပြီးနောက် လေယာဉ်စီးမည့်နေ့တွင် ထပ်မံချိန်တွယ်ခြင်း မရှိတော့ပါ။

မြူနီစီပယ် အဆောက်အဦရှိ ယူဘီအေရုံးသို့ နံနက်(၇) နာရီခွဲ အရောက်သွားရပြီးနောက် ထိုနေရာမှ ဘတ်စ်ကားကြီးနှင့် မင်္ဂလာဒုံလေယာဉ်ကွင်းသို့ ပို့ပေးပါသည်။ လေယာဉ်ပျံသည် နံနက်(၁၀) နာရီခွဲတိတိတွင် မန္တလေးမြို့ ချမ်းမြသာစည် လေယာဉ်ကွင်းသို့ (၁၂) နာရီ မိနစ်(၄၀) တွင် ရောက်ပါသည်။ (၂) နာရီနှင့် မိနစ်(၁၀) မိနစ်ပင် ကြာပါသည်။ တင်ကူး ကြေးနန်းရိုက်ထားသဖြင့် ဂျစ်ကားဝါကလေးနှင့် လေယာဉ်ကွင်းသို့ လာ၍ကြိုဆိုပါသည်။

"ကိုကိုစိုး"

ဂျစ်ကားပေါ်က ခေါ်သံ။ စိုးဝင်း မျက်မှောင်ကုတ်ရာက ပြုံးလာကာ "အ ညွှန့်" ဟု ခေါ်လိုက်သည်။ သူ့ချစ်သူ မသန်းညွှန့်ကိုယ်တိုင် ထွက်ကြိုရှာသည်။ ကားပေါ်တွင် ကျွန်တော်နှင့် ဒရိုင်ဘာက ရှေ့မှ၊ သူတို့နှစ်ယောက်က နောက်မှ ယှဉ်တွဲထိုင်လိုက်ပါလာကြသည်။

"အဘက သူမှားပြီတဲ့၊ တောင်မြို့ ဒေါ်မေတို့ဆီမှာ ငွေတစ်သောင်း ချေးထားတာ လေယာဉ်ပျံပေါ်က ဒေါ်မေ့ပိုးထည်တွေ ကန်ချခံရလို့ ဆိုင်းပါဦးတဲ့"

"အင်..ဟုတ်လား"

"သူ့သမီး ခင်စောဝင်းကို လက်ဝတ်လက်စားတွေနဲ့ ရန်ကုန်ဆင်းပြီး ထုခွဲခိုင်းလိုက်ပါတယ်တဲ့၊ ကုန်တွေကို အဆမတန် လောဘကြီးပြီး ပိတင်တာ မှားတယ်တဲ့၊ မောင်စိုးဝင်းကို ဖွတ်ခိုင်းမိတာလည်း အဘ မှားတယ်တဲ့"

ကရားက ရေလွှတ်သလို တတွတ်တွတ်နှင့် ပြောလိုက်လာသော မသန်းညွှန့်၏ အသံကိုချည်း ကြားပါသည်။ စိုးဝင်း အသံကတော့ အင်းထဲက ပိုမထွက်။

"အလုပ်ရှိတာ မရှိတာ ဘေးချိတ်ထားပါ ကိုကိုစိုးရယ်၊ ကိစ္စမြန်မြန်ပြီးကြစို့လား"

"အင်း..."

"ဘာအင်းတာလဲ"

"အင်း... အင်း... အင်း...."

ဘုရားကြီး အနောက်မုခ်ကွေ့တွင် လှည်းတစ်စီးကို ရုတ်တရက် ရှောင်အတက်လိုက်၊ စိုးဝင်း၏အသံ ဇယ်ဆက်သွားခြင်း ဖြစ်ပါသတည်း။ ။

ရှုမဝမဂ္ဂဇင်း၊

(၁၉၅၀) ခု၊ ဧပြီလ။

## ၁၇။ ကိုသတိ

"ဟေး... ဟေး.. ဟေး.... ဟေး..... ဟေး........."

ကျွန်တော်သည် တစ်နံနက်ခင်းတွင် ဗဟန်းကြားတောရလမ်းအတိုင်း အရှေ့သို့ လမ်းလျှောက်သွားစဉ်၊ အထက်ပါအတိုင်း နောက်ကနေ၍ တဟေးဟေးနှင့် အော်သံကို ကြားရပါသည်။ မည်သူအော်သည်၊ မည်သူခေါ်သည် မသိသဖြင့် ကျွန်တော် လှည့်မကြည့်ပါ။ နောက်ထပ် ဟေး ဟေး..ဟု အနီးကပ်ဆုံး အသံကြားရပြီးနောက် တစ်စုံတစ်ဦးသည် ကျွန်တော့်အား တင်းကြပ်စွာ ခါးကို ဖက်ပါတော့သည်။ လှည့်ပြန်ကြည့်သောအခါ အလွန်ချစ်သော သူငယ်ချင်း ဘအောင် ဖြစ်နေပါသည်။ သူသည် ကျွန်တော့်အား ဖက်ထားရင်း ပြုံးလည်းပြုံး၊ မျက်ရည်လည်းကျ ဖြစ်နေပါသည်။

"သြော် .. ဘအောင်ပါလား၊ မမျှော်လင့်ပဲ တွေ့ရတာ ဝမ်းသာလိုက်တာကွာ၊ ဘာလို့ ဟေး ဟေး လုပ်နေတာလဲ၊ နာမည်ခေါ်လိုက် ပြီးရော"

"အေး ... ခေါ်မလို့ဟာ၊ မင့်နာမည် ငါမေ့နေလို့ သူငယ်ချင်းရ"

အလွန်ချစ်သော သူငယ်ချင်းဖြစ်လျက် နာမည်မေ့နေလို့ ဆိုသဖြင့် အချို့ အံ့သြကြမည် ဖြစ်သော်လည်း ကျွန်တော့်အဖို့မှာ မဆန်းပါ။ သူနှင့် ကျွန်တော်သည် သုံးတန်းမှ ကောလိပ်ရောက်သည်အထိ တစ်မြို့တည်း တစ်ရပ်တည်း နေလာသော သူငယ်ချင်းဖြစ်ပါသည်။ သို့ဖြစ်လျှင် သာ၍ပင် ကျွန်တော့်နာမည်ကို မမေ့ထိုက်ဟု ပြောစရာရှိသော်လည်း မေ့တတ်သူအဖို့ ဤဆင်ခြေမျိုးနှင့် မရပါ။ သူကပင်....

"မင်းနဲ့ ငါနဲ့ ကွဲလာလိုက်ကြတာ ဘယ်လောက်ကြာပြီလဲ၊ မေ့တာပေါ့"

"လေးနှစ်ကျော်ပြီ၊ မင်း အခု အသက်ဘယ်လောက် ရှိပြီလဲ"

"မင်းနဲ့ငါနဲ့ အသက်အတူတူပဲ၊ မင့်အသက်လောက် ရှိရောပေါ့"

"ငါ နှစ်ဆယ့်ငါးနှစ် ရှိပြီ"

"အေးလေ..မင်းလောက်ပေါ့"

"အခု ငါ့နာမည် မင်းမှတ်မိပြီလား"

"ဟင့်အင်း.. မင်းမှ မပြောသေးဘဲ၊ ဘယ်မှတ်မိမလဲ"

"ခင်ဖေလေ"

"အေး.. အေး.. ခင်ဖေ၊ ခင်ဖေ၊ ခင်ဖေ၊ ငါမှတ်မိပြီ....."

သူ ဆယ်နှစ်သားလောက်တုန်းက နံနက်ခင်းဈေးသို့ အရေးကိစ္စနှင့် ခိုင်းလိုက်ရာ လမ်းတွင် ဂုံညင်းဝိုင်းတွေ့၍ ဝင်ကြည့်ပြီး သတိမေ့နေရာ ညနေဂုံညင်းဝိုင်းပြီးမှ သတိရပြီး ဈေးသို့သွားသောအခါ ဈေးပိတ်နေသဖြင့် သူ့မိခင်အရိုက် ခံရပါသည်။ စာအုပ်၊ ကျောက်သင်ပုန်း မေ့ထားခဲ့၊ ဖိနပ်မေ့ထားခဲ့၊ ထီးမေ့ထားခဲ့ စသောကိစ္စမျိုးကား မရေမတွက်နိုင်ပါ။ သူ လူပျိုပေါက်စ ဘဝက လူငယ်ဘာဝ သူငယ်ချင်း သုံးလေးယောက်နှင့် ကိုယ်တုံးလုံး မြစ်ဆိပ်တွင် ရေချိုးနေရာက မုန့်ဟင်းခါးသည် လာသဖြင့်၊ ရေထဲမှ တာလမ်းဘက်သို့ ပြေးတက်လာကြပြီး မုန့်ဟင်းခါး ဝယ်စားကြပါသည်။ မုန့်ဟင်းခါးသည် မိန်းမပျိုက မျက်နှာပျက်၊ ဘေးက သူငယ်ချင်းတွေက ပြုံးစိစိ၊ ဒါပေမယ့် သူ ဘာမှုမသိ။ မုန့်ဟင်းခါး ဟင်းချိုရည် ပူပူတစ်စက်လောက် ပေါင်ပေါ်ကျမှ ငုံ့ကြည့်ပြီးကာ အဝတ်မပါ၊ ကမ်းနားတွင် မေ့ထားကြောင်း သတိရကာ အတင်းပြေးဆင်းခဲ့ရဖူးပါသည်။ သူ မေ့တတ်ပုံကို ရေးသားနေက ဆုံးနိုင်မည်မထင်ပါ။ ကျွန်တော်က သူ့အား...

"မင်း ရန်ကုန်ရောက်တာ ဘယ်လောက်ကြာပြီလဲ"

"ဘယ်လောက်ကြာတယ်လို့ မသိဘူး၊ ကြာတော့ ကြာပြီကွာ"

"အခု ဘယ်လမ်း ဘယ်အိမ်မှာ တည်းသလဲ"

"ဘယ်လမ်း၊ ဘယ်အိမ်လို့တော့ မပြောတတ်ဘူး၊ ဒါပေမယ့် ငါ ရောက်အောင်တော့ သွားတတ်တယ်၊ နုတ်ခမ်းမွေးထူထူ လူကြီးရယ်၊ အသားဖြူဖြူဝဝ မြည်တွန်တောက်တီးတတ်တဲ့ မိန်းမကြီးအိမ်မှာ တည်းတာပဲ၊ သူတို့ဟာ ငါနဲ့ အတော်ရင်းနှီးတဲ့ ဆွေမျိုးတွေပဲ"

"အေး... မင်းပြောမှ ရေရေလည်လည် ရှိတော့တာပဲ"

ကျွန်တော်တို့ စကားပြောနေသော နေရာမှာ လမ်းတောင်ဘက် အုတ်တံတိုင်းကြီးဘေးနားတွင် ဖြစ်ပါသည်။ ဈေးဆိုင်များနှင့် မနီးပါ။ သူက ခပ်ဝဝ၊ ကျွန်တော်က အရပ်ခပ်ရှည်ရှည်၊ ပြောတဲ့စကားတွေကလည်း ခပ်ဆန်းဆန်း၊ အတော်ရယ်ချင်ကြမည် ဖြစ်ပါသည်။

သူကပင်......

"ဟော့.... (အတန်ကြာ စဉ်းစားပြီးမှ) အဲ... ခင်ဖေ၊ မင်းဘယ်မှာ နေသလဲ"

"ငါ ငါးထပ်ကြီး ဇရပ်တစ်ဆောင်မှာ နေတယ်"

"မင်းတစ်ယောက်တည်းလား.."

"မဟုတ်ဘူးကွ၊ မယားရယ်၊ သုံးခါလည် သားကလေးရယ်၊ ဒီပြင့်မိတ်ဆွေ နှစ်စုံလောက်လည်း ရှိတယ်"

"ငါ မင်းနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်၊ ဆိုက်ကားတစ်စီး ခေါ်ကွာ"

"ဒီက ဆိုက်ကားစီးရင် အထက်သွားရမှာ၊ သိပ်မဝေးပါဘူး၊ ခြေလျင်လျှောက်တာပေါ့ကွာ" ဟု နှစ်ယောက်သား ထွက်လာကြရာ နေမင်းသည် တိမ်ထဲတပြုံထွက် အလင်းရောင်ဟပ်လိုက်ပါသည်။

"ဟော့ ခင်ဖေ၊ ငါ့ ဖဲထီး မေ့ထားခဲ့ပြန်ပြီ၊ ဒီလမ်းထဲက လက်ဖက်ရည်ဆိုင်ပဲ၊ ဘယ်ဆိုင်ရယ်လို့တော့ ကောင်းကောင်း မမှတ်မိဘူး၊ လာကွာ... သွားပြီး ရှာရအောင်"

သူ့ဟာက ဆိုင်လည်း မမှတ်မိ၊ ယခုခေတ်မှာ ဖဲထီးကလည်း အလွန်ရှားသဖြင့် တမင်တောင် ခိုးနေကြသေးတာ။ မေ့ထားခဲ့တဲ့ပစ္စည်း တစ်ယောက်ယောက် ဘုန်းသွားမှာပဲဟု မလိုက်လိုသော်လည်း သူ့ဆန္ဒအတိုင်း အနောက်သို့ပြန်လှည့်လျှောက်လာကြရပြန်သည်။ လက်ဖက်ရည်ဆိုင် တွေ့သောအခါ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက်နှင့် သုံးဆိုင်အထိ မသိ မရှိသာ ကြားနေရပါသည်။ နောက်ဆုံး ဆိုင်တစ်ဆိုင်သို့ ဝင်သောအခါ "ရှိတယ်ဗျို့၊ လူဝကြီးမို့ ခင်ဗျားမှန်း မှတ်မိတယ်။ ကျွန်တော်တို့ သိမ်းထားပါတယ်" ဟု ပြုံးချိုစွာ ပြန်ထုတ်ပေးပါသည်။ ကျွန်တော်ကပင် သူ့အစား ကျေးဇူးတင်ကြောင်း ပြောဆိုပြီး ထီးဖွင့်ဆောင်းလာကြရာ ထီးမှာ ဇာမဏီ ငှက်တံဆိပ်လက်ဟောင်း အသစ်စက်စက် ဖြစ်နေသည်ကို တွေ့ရသဖြင့် ရိုးဖြောင့်သော ဆိုင်ရှင်အား ပိုမိုကျေးဇူးလည်းတင်၊ စိတ်နေစိတ်ထားကိုလည်း ချီးမွမ်းမိပါတော့သည်။

သူနှင့်ကျွန်တော် ဆက်လက် လမ်းလျှောက်လာကြရာ နာရီဝက်အတွင်း ကျွန်တော် ခေတ္တနေသော ဇရပ်သို့ ရောက်ရှိလာကြပါသည်။ ကျွန်တော့်ဇနီးအား "ငါ ခဏခဏ ပြောတဲ့ ဘအောင်ဆိုတာ သူပဲကွ" ဟု မိတ်ဆက်ပေးရာ သားကလေး အတာကလည်း "ဖေဖေ ဒါ ဖေဖေ့ တပယ်ဂျင်းလား၊ အတိလား" နှင့် မေးမြန်းလာသည်ကို ကျေနပ်အောင် ပြောလွှတ်လိုက်ရပါသည်။ နောက်ဆုံး ဇရပ်တစ်နေရာတွင် သူနှင့်ကျွန်တော် ... နှစ်ယောက်တည်း စကားပြောနေကြပါသည်။

"မင်း ဘာလို့ အိမ်ထောင် မပြုတာလဲ ဘအောင်"

"အေး ဒီအကြောင်းတွေ ငါ့ဝမ်းထဲ မြုံထားရတာ ကြာလှပြီ၊ အလွန်ချစ်တဲ့ သူငယ်ချင်းကျမှ အိတ်သွန်ဖာမှောက် ပြောရတော့မှာပဲ"

သူ၏မျက်နှာမှာ ကွယ်ရာမှ ကြိတ်ခံလာပြီး၊ အားကိုးရာ မိဘရှေ့ရောက်မှ အစွမ်းကုန် ငိုကြွေးမည့် ကလေးကဲ့သို့ မျက်ရည်ဝိုင်းလာပါသည်။ တစ်ဖန် သူ့ကိုယ်သူ အားတင်းသော အမူအရာသို့ ပြောင်းလဲပြီး...

"ငါ ဆုံးခဲ့ပြီ.. ဆုံးခဲ့ပြီ ခင်ဖေ၊ ငါ့အသည်း ကျွဲခတ်တာထက် နာသေးတယ်"

"အေးလေ၊ မင်းလိုမေ့တတ်တဲ့ လူတစ်ယောက်ဟာ ဆုံးခဲ့တာ မဆန်းပါဘူး"

"မဟုတ်ဘူးကွ၊ ငါ့အချစ် ဆုံးခဲ့တာကို ပြောတာ"

"ဘာလို့ နာရေးကြော်ငြာထဲ မထည့်သလဲ၊ မင်း ဘယ်နေနေ ငါ ပြေးလာမှာပေါ့"

"ဒီလိုသေတာ ပြောတာမဟုတ်ဘူး၊ ငါနဲ့ လမ်းလွဲကွဲခဲ့တာ ပြောတာ"

"သြော်... မင်းနဲ့အတူတူ လမ်းလာရာက မင်းက သတိမေ့ပြီး လူချင်းကွဲလာတာလား"

"ကဲကွာ... ငါ အဆုံးပြောပ့ါမယ်၊ တစ်နေ့ ရွှေတိဂုံဘုရားကြီး ခြေတော်ရင်းမှာရှိတဲ့ လမ်းတစ်လမ်းဆိုပါတော့၊ လမ်း ငါမမှတ်မိဘူး၊ အဲဒီလမ်းထဲရှိတဲ့ ဆံပင်ညှပ်ဆိုင်တစ်ဆိုင်မှာ ဆံပင်ဝင်ညှပ်တာကိုး၊ ဆိုင်နာမည်က...."

"မေ့နေပြီ ဆိုပါတော့ကွာ"

"အေး သတိလည်း မရပါဘူး၊ လူထိုင်တဲ့ လက်လှည့်ကုလားထိုင်က မြေကြီးခပ်စောင်းစောင်းကလေးပေါ်မှာ တည်ထားတာကိုကွ၊ ငါ့ကိုယ် ခပ်ဝဝနဲ့ တက်ထိုင်လိုက်တော့ နည်းနည်းယိုင်သွားတယ်၊ ခင်ဗျား ကုလားထိုင် စိတ်ချရပ့ါမလား မေးတော့၊ လူပေါင်းအသချေ ညှပ်နေတာ... ဘာမှ မဖြစ်ခဲ့ပါဘူးတဲ့၊ ဒါနဲ့ သူလည်း ဆံပင်စညှပ်နေတာကိုး၊ ဒီအတွင်း သာယာတဲ့ မိန်းမအသံနဲ့ "အားပလား" ဆိုတာရယ်၊ "ခဏလေးစောင့်ပါ" ဆိုတာရယ် ကြားရလို့ အမှတ်မဲ့ ခေါင်းစောင်းကြည့်တဲ့အခါ အသက်နှစ်ဆယ်အရွယ်လောက် အတော်ချောတဲ့ မိန်းမတစ်ယောက် မြင်ရတယ်၊ ဒါပေမဲ့ ဆံပင်ညှပ်သမားက ခေါင်းဆွဲလှည့်လိုက်လို့ သေသေချာချာ မကြည့်ရဘူး၊ စက်ကပ်ကျေးနဲ့ ဟိုလှည့်ထိုး၊ ဒီလှည့်ထိုး လုပ်နေတာပေ့ါ၊ နောက်တစ်ချီ လှည့်အကြည့် ဆံပင်ညှပ်သမားကလည်း ကုလားထိုင်ကို ခပ်ဆောင့်ဆောင့်အဆွဲ၊ ကုလားထိုင်ရော ငါပါ ဂျွမ်းပျံကျတာပေ့ါ၊ ငါ့မှာ ခေါင်းမယ် ဘူးသီးကြွက်ကိုက် တစ်ပိုင်းတစ်စ၊ လူခပ်ဝဝ၊ လက်ကိုင်နဲ့ နံဘေးဆောင့်မိလို့ မျက်နှာက ခပ်ရှုံ့ရှုံ့၊ ရုပ်ပုံသာ ဖမ်းကြည့်ပေတော့၊ သူကလေးလည်း ပါးစပ် လက်ကိုင်ပုဝါဆို့ပြီး၊ ကျိတ်ရယ်နေတယ်၊ ဘယ်သူ မရယ်ပဲ နေနိုင်မလဲ၊ နောက် မြေညီတဲ့ ကုလားထိုင်မှာထိုင်ပြီး ဆံပင်ညှပ်တော့ ပြီးသွားရော ဆိုပါတော့၊ သူလည်း အသက် ဆယ့်နှစ်နှစ်ခန့် ညီမလား၊ တူမလား မသိဘူး၊ ဆံလေးတိုတော့ အညှပ်ခိုင်းနေတာပဲ။ ငါ ပိုက်ဆံပေးနေတုန်း ဆံပင်ညှပ်ဆိုင်ရှင်နဲ့ တူတဲ့သူ တစ်ခြားနေရာက ပေါ်ပေါက်လာပြီး ခုလိုဖြစ်ရတာ ဝမ်းနည်းကြောင်း၊ နောင် မဖြစ်အောင် မြေကြီးကို ညှိတော့မည်ဖြစ်ကြောင်းနှင့် တောင်းပန်ရှာတယ်၊ ငါလည်း သူကလေးကို အတော် စွဲလမ်းသွားတယ်။ ငါ ဒီပြင်နေရာ မေ့တတ်ပေမယ့် သူ့မျက်နှာပေါက်ကိုတော့ မမေ့ဘူးကွ၊ ဒါပေမဲ့ အကြာကြီး အခြောက်တိုက် ကြည့်နေရင် ရိုင်းရာကျမှာစိုးတာနဲ့ ငါ ထွက်ခဲ့တယ်"

"အနို့ သူ ဘယ်မှာနေတယ်၊ ဘယ်သူ့သမီးလဲ ဆိုတာ မစုံစမ်းဘူးလား"

"မစုံစမ်းဘူးကွာ.. နောက်မှ တစ်နေရာကနေပြီး နောက်ယောင်ခံလိုက်ရင် ဟန်ကျမှာပဲလို့ တွေးမိတယ်။ သူ့ကို ဆယ့်လေးငါးရက် မတွေ့ရဘူး၊ တစ်နေ့တော့ မောင့်ဂိုမာရီလမ်းနဲ့ စတော့ဂိတ်လမ်းထောင့်ကနေပြီး ဗဟန်းကို ခြေလျင်လျှောက်လာကိုးကွ"

"အိုး...ဆိုက်ကား လန်ခြား တစ်ခုခုစီးရောပေ့ါ၊ မင့်ကိုယ်ဝဝကြီးနဲ့ ပေါင်ပွန်းပြီး ဘယ်မှာ ရေရှည်လျှောက်နိုင်ပ့ါမလဲ"

"ဘာမှစီးဖို့မလိုဘူး၊ ငါ့မှာ စက်ဘီးပါတယ်၊ လက်ဘက်ရည်ဆိုင်ကအထွက် သတိမေ့ထောင်ထားခဲ့ပြီး ခြေလျင်လျှောက်လာတာ၊ ကုန်းအလွန် အဆင်းရောက်တော့ လန်ခြားကုလားက ဘေးဖယ်ပါပြောတာနဲ့ လက်ဝဲဘက်ဘေးလည်း ဖယ်လိုက်ရော၊ ငါ့ပေါင်ဂွကြားထဲ လုံးလုံးဝိုင်းဝိုင်းတစ်ခု လိမ့်ဝင်လာပြီး၊ ငါလည်း ကော့လန်ကော့လန် သုံးလေးလှမ်း ပါသွားတာပေ့ါ၊ နောက်က ဘရိတ်အုပ်ရပ်လိုက်မှ ငါလည်း မတ်တတ်ဖြစ်သွားပြီး ဒီကောင်တော့ နော့ကောက်နံ့လိုက်မယ်လို့ လှည့်ကြည့်တဲ့အခါ မချော ဖြစ်နေတာကိုး၊ သူလည်း စက်ဘီးပေါ်က ဆင်းပြီး ဘဲလ်မပေးမိတာ သူ့အပြစ်ပါပဲတဲ့ တောင်းပန်ရှာတယ်။ အဆုံးမတော့ ဒီလိုစက်ဘီးအတိုက်ခံရတာ သူနဲ့ငါချစ်ဖို့ ပထမလမ်းကြောင်းပဲ။ သူ့စက်ဘီးမြင်မှ ငါ့စက်ဘီး သတိရပြီး သူ့ကို စကားကောင်းကောင်း မပြောနိုင်ဘူး၊

လက်ဖက်ရည်ဆိုင် သုတ်ခြေတင်လာရတယ်။ သူ့ကိုလည်း စက်ဘီးမှေ့ထားခဲ့ပြီး ခြေလျင် လျှောက်လာမိကြောင်း ပြောတဲ့အခါ ပါးခွက်ကလေးများပေါ်အောင် ရယ်ရှာတယ်။ ငါဟာ သတိမေ့တတ်တယ်ဆိုပေမယ့် လုပ်နေကျအလုပ်ကျရင် အလိုလို လုပ်ကိုင်မိသွားတာပဲဆိုတာ မင်းအသိပေါ့၊ စက်ဘီးမှာ ရောမသော့ကြီး ခတ်ထားခဲ့တော့ ပြန်ပြီးရတာပါပဲ။ ငါလည်း စက်ဘီးတွန်းစီးပြီး စတော့ဂိတ်လမ်းအတိုင်း လာတဲ့အခါ မော်တော်အလုပ် မျက်စောင်းထိုး အရှေ့ဘက်က စက်ဘီးဆိုင်မှာ မချော ဘီးပေါက်လို့ ဖာနေတာ မြင်တာကိုး၊ ဒါနဲ့ သူ့နားရောက်အောင်သွားပြီး "ဘယ့်နဲ့ စက်ဘီးပေါက်နေလား" မေးတော့ တစ်လမ်းလုံး အကောင်းကြီး၊ ဒီနားကျမှ ပေါက်တာတဲ့၊ "ဒါဖြင့် ကျုပ်ဖင်နဲ့ ဆောင့်မိလို့ ပေါက်သွားတာလားဗျာ" ဆိုတော့၊ သူရယ်နေတယ်။ သူက ရယ်စရာပြောတယ် မှတ်မှာပဲ။ အမှန်ကတော့ ငါနဲ့ဆောင့်မိလို့ ပေါက်သွားရှာတာလားလို့ မေးမိတာပါပဲ။ သူ့စက်ဘီးလည်း တာရာထဲ ကျွတ်သွင်းနေတာမို့ ငါ ရှေ့က ဖြေးဖြေးစီးသွားရင် သူမှီလာမှာပဲလေလို့ ပြောဆို အရင်ထွက်ခဲ့တာ။ ငါလည်း ခြေနှစ်ဘက် နိမ့်ချည်မြင့်ချည်နဲ့ ဖြည်းဖြည်းစီးသွားလိုက်တာ စတော့ဂိတ် ဂေါ်ရင်ဂျီစုရောက်တော့ သူမှီလာတာပဲ။ စက်ဘီးနှစ်စင်း ယှဉ်စီးလာကြပြီး သူ့အလုပ်အကိုင် နေရပ် နာမည်မေးပေါ့လေ၊ အဲဒီက မိတ်ဆွေဖြစ်သွားရော ဆိုပါတော့၊ နောက် စကားတစ်လုံးသွင်း နှစ်လုံးသွင်းနဲ့ တစ်ယောက်တစ်ယောက် မေတ္တာမျှကြရော၊ ငါ ဘယ်လောက်များ သူ့ကိုချစ်သလဲဆိုရင် သူနဲ့ တစ်နေ့မတွေ့ရရင် မနေနိုင်ဘူး၊ သူကလေး နေတော့မြို့ထဲမှာ၊ အလုပ်လုပ်တော့ ကန်တော်ကြီးမြောက်ဘက်က ဘာလမ်းလဲ"

"ပတ်လမ်း၊ အခု အောင်သပြေလမ်းလို့ ခေါ်တယ်"

"အဲဒီလမ်းထဲက နိပွန်အလုပ်တိုက်တစ်ခုမှာ ချောက်ချက်ချောက်ချက် မြည်တဲ့...."

"လက်နှိပ်စက် စာရေးမလား"

"အေးအေး ဟုတ်တယ်၊ သူလာချိန်သွားချိန်ကြို့လို့၊ သူပြန်ချိန် လိုက်ပို့လို့ပေါ့ကွာ၊ တစ်နေ့တော့ ကန်တော်ကြီးစောင်း တစ်နေရာမှာ စက်ဘီးနှစ်စီး တော်ရာထောင်ထားပြီး ချစ်တင်းနှောလိုက်ကြတာ၊ နောက်တစ်နေ့ အိမ်ပြန်အရောက်နောက်ကျတယ်လို့၊ သူ့အိမ်က အကြိမ်းခံရကြောင်း ပြောသေးတယ်။ ငါမေ့တတ်တယ် ဆိုပေမယ့် အဲဒီချစ်တင်းနှောခဲ့တဲ့နေ့ကို မမေ့ဘူး"

"ဘယ်နေ့ ဘယ်လ ဘယ်ရက်တုန်းကလဲ"

"ဒီလိုမှတ်မိတာ မဟုတ်ဘူး၊ အော် တစ်ခါတုန်းက... ကန်တော်ကြီးစောင်းမှာ၊ ငါက ခပ်ဝဝ သူ့ကိုယ်ကလေးက ငါးရံ့ကိုယ်၊ ကြည်လင်တဲ့ မျက်လုံး၊ နှုတ်ခမ်းနီ၊ နာတံပေါ်လေးနဲ့၊ ငါ့ရင်ခွင်ထဲ ရောက်ဖူးပါလားလို့ အဲဒီလို မမေ့တာ ပြောတာကွ၊ ငါလည်း သူနဲ့မခွဲချင်လို့ လက်ထပ်ဖို့ပြောတော့ သူက ခဏဆိုင်းပါဦးတဲ့၊ သူ့မှာ အိမ်တွင်းရေးကိစ္စတွေ ရှိနေသေးလို့ပါတဲ့၊ ခုနေခါမှာ နေ့စဉ်တွေ့ရတာနဲ့ပဲ ကျေနပ်ပါဦးတဲ့"

"အံမာ ဒါတွေတော့ မင်းမှတ်မိသကိုး"

"ငါ့ အမေ့မျိုးက တစ်မျိုးပဲ၊ စာတွေသာမေ့၊ ဂဏန်းတွေသာမေ့ရင် ငါ စာမေးပွဲအောင်ပါ့မလား၊ မင်း ငါ့အကြောင်း သိသားပဲ၊ ငါ့အမေ့မျိုးက ငါ့ကို ဒုက္ခပေးတဲ့ အမေ့မျိုးပဲ၊ တစ်နေ့တော့ သူ့ကို ခါတိုင်းလိုပဲ ဂျူဗလီဒါစကယ် လမ်းထိပ်က စောင့်တယ်၊ ပေါ်မလာဘူး၊ ညနေ စောင့်နေတယ်၊ မတွေ့ရဘူး၊ လူ့ကို ရှုးချင်သလိုလို ဖြစ်သွားတာပဲ"

"အနို့ သူ့အလုပ်တိုက် လိုက်မမေးဘူးလား"

"သူက အလုပ်တိုက်နာမည်ကို ပြောတော့ပြောသားပဲ၊ ငါ မေ့နေတယ်၊ ဒါပေမယ့် အလုပ်တိုက်တွေ ရှိသမျှ လိုက်မေးတယ်၊ သူ့နာမည် မေ့နေတာနဲ့ အခက်ကြုံရပြန်ရော၊ ခင်ဆိုတာတော့ ငါတတွတ်တွတ် ခေါ်နေကျမို့ မှတ်မိပါရဲ့၊ ခင့်ဟိုဘက်က နှစ်လုံးလား သုံးလုံးလား၊ ရှိသေးတယ်ကွ၊ ကျုပ်ညီမလေးပါပဲ၊ ခင်ဆိုတာတော့ ပါတယ်၊ ဟိုဘက်နှစ်လုံးလုံး မေ့နေလို့ ပြောတဲ့အခါများ အမေးခံရတဲ့ အလုပ်တိုက်စာရေးတွေ ငါ့ကိုဝိုင်းရယ်ကြတယ်၊ မတတ်နိုင်ဘူးကွာ၊ မရတာရှူး ဖြစ်နေတော့ မရှက်မကြောက် စုံစမ်းတာပဲ"

"ကျုပ်ပါဘိ ဘအောင်လေး၊ သူနေတဲ့လမ်းကော မေ့နေတယ် ဆိုပါတော့"

"အေးလေ မမေ့ရင် သူနေတဲ့လမ်းကို လိုက်သွားမှာပေါ့"

"ဒီလိုဆိုရင် မင်းက သူ့ကိုလိုက်ရှာလို့ မဖြစ်တော့ဘူး၊ သူက မင်းကိုလိုက်ရှာဖို့သာလိုတယ်၊ မင်းနာမည်နဲ့ မင်းနေတဲ့နေရာ ပြောမထားဘူးလား"

"နာမည်တော့ ပြောထားတယ်၊ နေရပ်တော့ ငါမေ့နေလို့ မပြောဖြစ်ဘူး"

လောကဥ္စ ဤမျှသတိကောင်းသူကို တွေ့ဖူးကြပါစေ။ ကျွန်တော်ကား အလွန်ချစ်သော သူငယ်ချင်းဖြစ်သဖြင့် သူ၏ရည်းစားပျောက်အပူကို ကူညီချင်ပါ၏။ မည်သို့ ကူညီရမည်နည်း။ ကိုယ့်နေရပ် မမှတ်မိ၊ ချစ်သူရဲ့နာမည်၊ နေရပ်လည်း မေ့လို့နေတော့သည်။ သို့နှင့် ကျွန်တော်က...

"ဒါဖြင့် သတင်းစာထဲ ကြော်ငြာပါလား သူငယ်ချင်း"

"ငါ ဒီလောက်အပူတွေ့တဲ့အထဲ စိတ်ညစ်အောင် မလှောင်စမ်းပါနဲ့ သူငယ်ချင်းရာ၊ သူ့နာမည်နဲ့ နေရပ်မှ မသိဘဲ"

"ကဲ...ဒါဖြင့်ရင် ကြော်ငြာနည်း၊ ငါရေးပြမယ်၊ မင်း သဘောကျရင် လုပ်ပေါ့ဟုတ်လား" ဟု ခဲတံနှင့် စက္ကူတစ်ရွက်ယူကာ အောက်ပါ ကြော်ငြာကို သူ့အား ရေးပြမိပါသည်။

**ခင်**

*ယခု ဘယ်ရောက်နေပါသလဲ..၊ ခင်နဲ့ကွဲကွာလာကတည်းက မောင့်မှာ အရူးတစ်ပိုင်း ဖြစ်နေပါတယ်။ ခင် အလုပ်ဆင်းလာတဲ့အခါ စတော့ဂိတ်လမ်းထောင့်က စောင့်၊ အလုပ်ပြန်တဲ့အခါ တိရိစ္ဆာန်ရုံ အနားကစောင့်၊ အတူသွားကြဖူးတဲ့ ဝဝတုတ်တုတ် မျက်လုံးပြူးပြူးနဲ့ ခင့်ချစ်သူကို မေ့ပြီးလားခင်ရဲ့၊ အမြန်အကြောင်းပြန်။*

**ဘအောင်**

သူလည်း ကျွန်တော်ရေးပြသော ကြော်ငြာနမူနာကို ဖတ်ရှုပြီး...

"ဟာကွာ..ဒီလိုဆိုတော့ သူ့ဂုဏ်ကို ထိခိုက်မှာပေါ့ကွာ၊ မကောင်းဘူး ထင်ပါတယ်။ ပြီးတော့ သတင်းစာမရောက်တဲ့နေရာ သူနေလို့ရှိရင်လည်း ကြော်ငြာခ ပိုကုန်ရုံပဲ"

"ငါ့ ဉာဏ်မီသမျှတော့ ဒါဟာ အကောင်းဆုံးနည်းလမ်းပဲကွ"

"မင့်ကြော်ငြာက ငါ့အတွက် ကြောင်ရာမကျဘူးလား"

"ဒါတော့ ကြည့်ပြင်သေးတာပေါ့ကွာ၊ ကွဲတာ ဘယ်လထဲကလဲ"

"ကွဲတဲ့လ မမှတ်မိဘူးကွ"

"မင့်စိတ်ထင် ဘယ်လောက်ကြာမယ်လို့ သဘောရလဲ"

"အဲဒါကို မပြောတတ်ဘူး၊ နေဦး သင်္ကြန်ကျတာ ဘယ်လလဲ"

"ဧပြီလ (၁၃) ရက် နေ့ပေါ့ကွ"

"ဒီလိုဆိုရင် သင်္ကြန်တက်ပြီး သုံးလေးရက်အကြာမှာ မတွေ့တော့ဘူး"

"အခု စက်တင်ဘာလ ဆိုတော့ ငါးလတောင် ကြာသွားပါပကော"

ထို့နောက် နစ်ယောက်သား တိုင်ပင်ပြီး အောက်ပါအတိုင်း ရေးကြပါသည်။

**ခင်...**

*ဧပြီလထဲက ကွဲကွာသွားတာ ယနေ့တိုင် မတွေ့ရပါ။ ခင် ဘယ်မှာနေတယ်ဆိုတာ လူလွှတ်၍ဖြစ်စေ၊ စာနှင့်ဖြစ်စေ အကြောင်းကြားပါ။ ခင့်အတွက် တစ်နေ့မှ စိတ်မကောင်းပါ။*

**ဖက်တီးဘအောင်**

**(.....) လမ်း၊ နေပြည်တော်။**

ဘအောင်သည် ကျွန်တော်နှင့် အချိန်အတော်ကြာ စကားပြောဆိုပြီးနောက်၊ သူနေသောရပ်ကွက်သို့ နှုတ်ဆက်ပြန်သွားပါသည်။ သူ၏ကြော်ငြာမှာ သတင်းစာတွင် နေရာကျပ်၍ တစ်ပတ်ခန့်ကြာမှ ပါနိုင်ကြောင်း ကျွန်တော် သွားအပ်စဉ် ကြော်ငြာစာရေးက ပြောပြလိုက်ပါသည်။

နောက် သုံးရက်ခန့်ကြာသောအခါ ဘအောင်သည် ညနေလေးနာရီခန့်တွင် ကျွန်တော်ရှိရာသို့ အူးယားဖားယား ပေါ်ပေါက်လာပါသည်။ သူ့ရည်းစား ပြန်တွေ့ကြောင်း၊ အလွန်အရေးကြီးသည့်အတွက် သူ့ရည်းစားကို ညတွင်ခိုးယူ၍၊ ကျွန်တော်၏ဇရပ်တွင် ခေတ္တနေထိုင်မည့်အကြောင်းများပါ ပြောဆိုထွက်ခွာသွားပါသည်။ ထိုနေ့ကား ကျွန်တော် အလုပ်များ၍ သတင်းနှင့် ခေါင်းကြီးပိုင်းမှအပ ကြော်ငြာပိုင်းကို မဖတ်မိပါ။

ဘအောင်မှာ သူပြောသည့်အတိုင်း သူ၏ချစ်သူကို ညဘက်တွင်မဟုတ်ဘဲ ညနေငါးနာရီသာသာတွင် ကျွန်တော်တို့ဇရပ်သို့ ခေါ်ယူလာပါသည်။ ဇရပ်ရှိရာ ကုန်းမြင့်ကလေးသို့ လူဝဝတစ်ယောက်၊ ငါးရံ့ကိုယ် မိန်းမချောကလေးတစ်ယောက်၊ စက်ဘီးကိုယ်စီ လက်ကတွန်းလျက် တက်လာကြသည်ကို ဇရပ်နီးချင်းများမှ လှမ်း၍ ကြည့်နေကြပါသည်။

"ခင်ရေ၊ ဒါပဲ ကိုယ်ခဏခဏပြောတဲ့ သူငယ်ချင်း ခင်ဖေဆိုတာ"

သူတို့သည် စက်ဘီးများကို ဇရပ်ဘေးတွင် ထောင်ထားခဲ့ကြပြီး ဇရပ်ပေါ်သို့ တက်လာကြကာ၊ ဘအောင်မှ စတင်ပြောဆိုခြင်း ဖြစ်ပါသည်။ ကျွန်တော်လည်း နေရာထိုင်ခင်း ပေးပြီးနောက်၊ သုံးပွင့်ဆိုင်ထိုင်ကြ၍ အဖြစ်အပျက် ပြန်ပြောနေကြပါသည်။

"ပြောစမ်းပါဦး ခင်ရယ်၊ ဒါလောက် ရက်စက်ရသလား"

"ရက်စက်တာမဟုတ်ဘူး၊ အမေကြီး မမာဘူး၊ လိုက်လာကြလို့ လူလွှတ်ခေါ်တော့၊ ဟင်္သာတကို ကတိုက်ကရိုက် သွားရတာ၊ အလုပ်ထွက်စာတောင် လူလွှတ်ပြီး တင်ခဲ့ရတယ်။ ကိုကို့ဆီ လာပြောဖို့က ဘယ်နေရာမှန်းလည်း မသိ၊ ကိုယ့်အရပ် ကိုယ်မပြောတတ်တဲ့လူ၊ ပြီးတော့ ခဏနဲ့ ပြန်လာရမယ်မှတ်တာ၊ အမယ်ကြီးက လေးလေကျော်ခံနေတယ်။ နောက်တော့ ဆုံးတာနဲ့ပဲ ဖေဖေလည်း အမွေအတွက် လယ်မြေ၊ တိုက်တာ၊ အိမ်ရာ အကုန် ပြောင်းလွှဲလုပ်သားချ၊ တိုက်ငှားတင်နဲ့ (၁၅) ရက်လောက် ကြာပြန်တယ်။ တွေ့ချင်လိုက်တာ လွန်ရော၊ ဘယ်နေမှန်း မသိဘူး"

"စေ့စပ်တာကော ခင့်ကို အသိပေးသလား"

"ပေးပါတယ်။ စေ့စပ်တယ်သာဆိုပေမယ့် လူချင်းတွေ့ရတာ မဟုတ်၊ သတင်းစာထဲ ကြော်ငြာထားရင် ပြီးတာပဲတဲ့၊ ပြီးတော့ ခင်မောင်ရီနဲ့ မိဘများ ရန်ကုန်လိုက်လာပြီး လက်ထပ်ပေးကြမယ်တဲ့"

"ဟော့ ခင်ဖေ၊ ကနေ့ထုတ်သတင်းစာ မင်းဆီမှာရှိသလား၊ ငါ ရှင်းပြမယ် ၊ ဒါမှ မင်းနားလည်မယ်" ဟု ပြောသဖြင့် ကျွန်တော် သတင်းစာ ထုတ်ပေးလိုက်ရာ ကြော်ငြာတစ်နေရာကို ထောက်ပြပါသည်။

"ဟင်္သာတမြို့၊ စစ်ကဲတန်းလမ်း၊ ပွဲစားကြီးဦးလှ၊ ပွဲကတော် ဒေါ်သုန်တို့၏သား ခင်မောင်ရီနှင့် ရန်ကုန်မြို့ ရေကျော်ရပ် ယုဇနလမ်း၊ မြေပိုင်ရှင် ဦးနု၊ ဇနီး ဒေါ်စိန်တို့၏သမီး ခင်သန်းတင်နှင့် စေ့စပ်ကြောင်း " ဟူ၍ တွေ့ရပါသည်။ ဘအောင်က...

"ဒီကြော်ငြာတွေ့တော့မှ၊ ခင်ဆိုတာ ခင်သန်းတင်၊ ရေကျော်လို့ သူပြောဖူးတဲ့လမ်းပါ သတိရလာပြီး ချက်ချင်းလိုက်၊ သူနဲ့တွေ့၊ ကိုယ့်ချစ်သူချင်းသာ ပေါင်းမယ်၊ လူကြီးစကား နားမထောင်နိုင်ဘူး၊ နက်ဖြန် ရုံးမှာလက်ထပ်မယ်လို့ နှစ်ယောက်သား တိုင်ပင် လစ်လာကြတာပဲ သူငယ်ချင်းရဲ့"

ကျွန်တော်သည် ဟက်ဟက်ပက်ပက် ရယ်မောမိပါသည်။ ထိုမျှ ကျေနွေမဲ့အောင် တစ်ခါမျှ မရယ်ဖူးပါ။ သူတို့နှစ်ယောက်လည်း အံ့အားသင့်သွားကြပါသည်။

"ဟော့ ခင်ဖေရ၊ မင်းက ငါ့အစား ဝမ်းသာလွန်းလို့လား"

"ဘအောင် မင်းဟာ ဒါတော့ တရားလွန်ပြီကွာ၊ ဦးလုနဲ့ ဒေါ်သုန်ဆိုတာ မင်းကိုမွေးတဲ့ အဖေရင်းနဲ့ အမေရင်း၊ ခင်မောင်ရီဆိုတာက ..မင်းကို ဘအောင်အမည်က၊ မင်းဆယ်နှစ်လောက်က ခင်မောင်ရီလို့ ပြောင်းထားတဲ့ မင့်နာမည်ကွ"

"ငါ့ အဖေအမေနဲ့ကွဲတာ၊ မင်းနဲ့ကွဲတာလောက် ကြာပြီ၊ မင့်နာမည်တောင် မေ့နေသေးတာပဲ၊ ခင်မောင်ရီဆိုတာလည်း ငါ့ကိုခေါ်တဲ့လူ နည်းတယ်၊ ဘအောင်လို့ အခေါ်များတာကိုးကွ"

သူ ထိုသို့ပြောသော်လည်း၊ ခင်သန်းတင်မမြင်အောင် အသာလက်ကုတ်လိုက်ကာ၊ ဘယ့်နှယ့်လဲ ဟု ကျွန်တော့်အား မည်သို့စီမံမည်ကို အကြံဉာဏ်တောင်းကြောင်း၊ ကျွန်တော်ရိပ်မိပါသည်။ သူ့စကားအလိုက် ကျွန်တော်က...

"အေး ရှိပါစေတော့ကွာ၊ ဒါဖြင့် အကြောင်းမှန်သိပြီ၊ ခင်သန်းတင်ကို သူ့အိမ်ပြန်ပို့မလား"

"ဟာ ခေါ်လာမိမှတော့ မပို့သေးဘူး၊ ဒီတစ်ညတော့..."

ခင်သန်းတင်သည် ဘအောင် ပြောမည့်စကားကို တင်ကူးရိပ်မိဟန်နှင့် ဘအောင်၏ပါးစပ်ကို လှမ်း၍ ပိတ်လိုက်ပါသည်။ ။

သွေးသောက်မဂ္ဂဇင်း၊

(၁၉၅၆) ခု၊ ဇွန်လ ။

## ၁၈။ ဘယ်ဝယ်မြောက်တောင်

"ကိုသံချောင်းရေ၊ နေပူလာပြီ... ထမင်းလာစားလှည့်တော့"

"ပူပါဘူး လုံးတင်ရာ..ကွမ်းတစ်ယာညက်လောက် လုပ်လိုက်ဦးမယ်"

တပေါင်းလ ကုန်ခါနီး၏ နေမင်းအရောင်၊ အချိန်မှာ နံနက်(၉) နာရီအချိန်ခန့်၊ ရွှေမြို့သူ ရွှေမြို့သားတွေဆိုလျှင်၊ ထိုအချိန်၌ အလုပ်ကြမ်းလုပ်ဖို့ မဆိုထားဘိ၊ လမ်းသလားသည်ကိုပင် ထီး၊ ဦးထုပ် တစ်ခုခုဆောင်းရာက မကောင်းလိုက်တဲ့နေ။ ပူလိုက်လေ ဟု ညည်းတတ်ကြသေးသည်။

ရောင်တစောင်းကို တဘက်ညစ်တစ်ခုပေါင်းလျက်၊ ခါးတောင်းမျှောင်အောင်ကျိုက်ကာ အင်တိုက်အားတိုက် နွားချေးများကို လယ်ကွက်ထဲတွင် ပေါက်ပြားတစ်လက်နှင့် ဖြန့်ကျဲနေသည့် အသက်(၂၁) နှစ်ခန့် လူရွယ်တစ်ယောက်။ နံနက် (၅) နာရီခန့်က (၉) နာရီတိုင်တိုင်၊ မနားမနေ လုပ်နေရသည်။ မြန်မာပြည်ကြီး မည်မျှပြောင်းလဲလာခဲ့စေကာ၊ လောကဓာတ်ပညာ မည်မျှထွန်းကားခဲ့စေကာ၊ ကိုလယ်သမားတို့မှာ မြေသြဇာအတွက် နွားချေးနှင့် အမှိုက်ဆွေးက မတက်။

အသက်(၁၈) နှစ်ခန့် လုံမငယ်က၊ လယ်ကန်သင်း အရိပ်တွင်ထိုင်ကာ၊ မကြည့်ရက်နိုင်သောအသံနှင့် ပြောလိုက်ခြင်းဖြစ်ရာ ထိုအသံကြောင့်ပင်၊ အားတက်သွားပြီး ကွမ်းတစ်ယာညက်လောက် လုပ်လိုက်ဦးမည်ဟု ပြန်ပြော၏။

အင်္ကျီဗလာ၊ ခါးတောင်းမျှောင်စွာ ကျိုက်ထားသဖြင့် ကျစ်မာကျောသော လုလင်ခန္ဓာကိုယ်မှာ၊ နေရောင်လင်းကာ၊ ပြောင်ထင်း၍ တလက်လက်ဖြစ်နေသည်။ လုံမသည် သူ့ချစ်သူ၏ ကိုယ်လုံးကိုယ်ထည်ကို မမိုတ်မသုန်ကြည့်ကာ ပီတိလွှမ်းနေသည်။

ကိုသံချောင်း လုပ်နေသော လယ်မှာ၊ သူပိုင်လယ်မဟုတ်။ သူပိုင်လယ်များ မြေသြဇာကျွေးထားပြီး ဖြစ်၏။ လုံမ၏လယ်ကို အခကြေးငွေမယူပဲ၊ ကူညီလုပ်ကိုင်ပေးခြင်း ဖြစ်၏။ ကြေးငွေမယူသော်လည်း၊ သူမျှော်လင့်သော အရာကား ရှိသေး၏။ ၎င်းမှာ လုံမ၏ မေတ္တာတုန့်ပြန်ခြင်း ဖြစ်သည်။

တောင်သူလယ်သမား ဘဝအတိုင်း၊ လုံမကို ချစ်သဖြင့် လုံမ၏ အလုပ်ကို ကူညီလုပ်ကိုင်ပေးသော်လည်း ချစ်ရေး တော်တော်နှင့် မဆိုဝံ့။ လုံမက လောကွတ်ပျူငှာ ချိုသာစကား ပြောကြားသည်ကိုပင် ကျေနပ်နေသည်။

မြို့ကြီးသားများလို ယဉ်ယဉ်ကျေးကျေး စာနှင့်ရေး၍ ချစ်ခွင့်မေးဖို့ရာမှာလည်း မြန်မာပြည်တွင် စာမတတ်သူ(၁၃) သန်းအနက်၊ မလုံးတင်ကလေးတစ်ယောက် အပါအဝင် ဖြစ်၏။ ကိုသံချောင်းကတော့ ဘုန်းကြီးကျောင်းထွက်၊ မင်္ဂလသုတ်အထိ ကုန်းအော်ကျက်ခဲ့ရသဖြင့် "မလုံးတင်ကို ခြစ်လွန်းလို့၊ စားလည်း ဒီးစိတ်၊ အိပ်လည်း ဒီးစိတ်" လောက်တော့ ရေးတတ်သည်။ အမ တော်ကြေးထုတ်ယူ၍ နာမည်ကို လက်မှတ်အထိုး ခိုင်းသောအခါ သဝေထိုး မရေးချ သေတ် 'မောင်'၊ သရေးသေးသေးတင် 'သံ' ၊ သဝေထိုး ခချေးယပင့် ရေးချ သေတ် အောက်ကမြစ် 'ချောင့်' ရှေ့ကပေါက်'ချောင်း'၊ 'မောင်သံချောင်း' ။ ဤသို့ နှုတ်ထွက်မှ ရေးတတ်သည်။ လုံးတင်အဖို့ လင်ရွေးရာ၌ စီအေတီကတ် ကြောင် သမားမလို၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ ဝတ္ထုရေးဆရာ အဘိဓမ္မာဆရာတွေလည်း သူ့အဖို့ အချည်းအနှီးသာတည်း။ ကိုသံချောင်းကဲ့သို့ ခါးတောင်းမျှောင်အောင်ကျိုက်ပြီး လယ်လုပ်နိုင်သူသာ အရည်အချင်းနှင့်ပြည့်စုံသူ ဖြစ်သည်။

မွေးကတည်းက အမိချိုပိုးရာ လယ်ကွက်သို့ဆင်းရပြီး၊ မတ်တတ်ပြေးက မိဘနောက် တကောက်ကောက်လိုက်၊ လုပ်နိုင်ကိုင်နိုင်ရှိသောအခါ ကူညီလုပ်ကိုင်နှင့် တစ်သက်လုံး မနားမနေ အကြမ်းလုပ်ကိုင်လာရသော လယ်သမားတစ်ယောက်၏ လုပ်အားသည် ကာယဗလသမားမှအပ၊ ဘော်ကြော့မြို့သားလူရွယ် (၂၀) လောက်နှင့် ညီမျှသည်။

တိုင်းပြည် တစ်ပြည်နှင့် တစ်ပြည် ပြဿနာတစ်ရပ်ကို ရှင်းကြရာ၊ အငြင်းပွားကြရာ၌၊ မေတ္တာစာတ်နှင့် ဖြေရှင်းလေ့မရှိ၊ စစ်တပ်နှင့် ဖြေရှင်းလေ့ ရှိကြ၏။ လက်နက်နှင့် အနိုင်ကျင့်လေ့ရှိကြသည်မှာ ယနေ့အထိ၊ လိပ်၊ ကန်နှင့် ရုရှတို့အခြေအနေကို ကြည့်၍ သိသာနိုင်သည်။

ရှေးမြန်မာဘုရင်များ မိမိနိုင်ငံကို ပြည်ပရန်မှ ကာကွယ်ထိန်းသိမ်းနိုင်ခြင်း၊ အခြားနိုင်ငံများသို့ တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းမှာ၊ အဆိုပါ တောင်သူလယ်သမားများ၏ အင်အားကြောင့် ဖြစ်သည်။

လူငယ်လူရွယ်တို့၏ အကြွမ်းခံနိုင်ရည်သည် ယခုလည်းလို၏။ နောင်လည်းလိုမည်။ ဖက်ဆစ်ဟစ်တလာအား၊ ကမ္ဘာက မည်မျှရွံ့ချစေကာ၊ သူကြီးစိုးစဉ်က သူဌေးသားဖြစ်ဖြစ်၊ ခွေးသားဖြစ်ဖြစ်၊ အကြွမ်းလေ့ကျင့်ရေးစခန်းတွင် အနည်းဆုံး(၆) လ တက်ရောက်လေ့ကျင့်ရမည်ဟု ပညတ်ခြင်းကား နည်းယူဖွယ် ဖြစ်၏။

"ကိုသံချောင်းရေ.. လာပါတော့ကွယ်၊ ထမင်းစားလှည့်ပါတော့"

သည်တစ်ကြိမ်၌မူ ဖိုးသံချောင်း ခါးတောင်းကျိုက် ဖြုတ်တော့၏။ ပေါက်ပြားကိုထမ်းကာ လယ်ကန်သင်းဘေးသို့ လာခဲ့၏။

"အတော်ကလေး မောသွားလား"

လယ်ကန်သင်းဘေး သစ်ပင်ရိပ်အရောက်၊ ဆောင့်ကြောင့်ထိုင်နေသော မလုံးတင်က၊ မျက်လုံးကလေး လှန်မော့ကြည့်ကာ ပြုံးချိုစွာ မေးလိုက်ရာ၊

"မောပါဘူး လုံးတင်ရာ" တဲ့။

ကိုသံချောင်းသည် ခေါင်းကတဘက်ညစ်ကို ဖြုတ်ယူပြီးလျှင် ချွေးစိုသော ကိုယ်အထက်ပိုင်း မျက်နှာတို့ကို သုတ်လိုက်၏။ စိုထိုင်းသွားသော တဘက်ကို လက်တစ်လှမ်းမိ သစ်ကိုင်းတွင် ချိတ်လှမ်းထားလိုက်သည်။

လုံးတင်၏ရှေ့တွင် တောင်းအလတ်စားတစ်လုံး ရှိ၏။ ၎င်း တောင်းထဲ၌ ဆန်တစ်ခွက်ချက်ပြီး ထမင်းအိုးတစ်လုံး၊ ပဲဟင်းချက်အိုးတစ်လုံး၊ သံကြွေရေသုတ် ပန်းကန်ပြားတစ်ချပ်၊ သံပန်းကန်အလွတ်တစ်ခု၊ ငရုတ်သီးထောင်း တစ်ခွက်၊ လက်သန်းခန့် ငါးခြောက်ကြော်တစ်ခွက်၊ အနားပဲ့ ရေတကောင်းတစ်လုံး ပါလာသည်။

သူ့ချစ်သူစားရအောင် လုံးတင်သည် သံပန်းကန်ပြားထဲ ထမင်းမောက်ခူးထည့်ကာ ပဲဟင်းနှင့် စားစရာ အသင့်ပြင်ပေး၏။

"ညည်းကော စားလိုက်ပါဦးလား လုံးတင်"

"ကျုပ် အိမ်က စားခဲ့ပြီတော့၊ အဘက တော်စားဖို့ သွားပို့ဆိုလို့ လာရတာ ကဲစားစား"

လုံးတင်မှာ မျက်နှာမပိုင်းတပိုင်း၊ နှာတံမပေါ်တပေါ်၊ မျက်လုံးမျက်ဖန် အသင့်အတင့် ကြည့်ရှုကောင်း၏။ ဖျင်ကြမ်းရင်ဖုံးအင်္ကျီ၊ လုံချည်ဂေါ်ပိတ်၊ အတွင်းခံဘော်လီနှင့် ဖြစ်စေကာ၊ မို့မောက်သော ရင်သားများမှာ ကုန်းကွသလို ဖျင်အင်္ကျီအတွင်းက ခုံးထနေ၏။

ကိုသံချောင်းမှာလည်း ဆန်တစ်ခွက်ချက်ပြောင်လုနီး စားပစ်လိုက်သည်။ အုန်းမှုတ်ခြမ်းရေခွက်ဖြင့် ရေတကောင်းမှင့်ကာ လက်ဆေးလိုက်၏။ နောက်တစ်ခွက်ကို တဂွတ်ဂွတ် တဂျိုက်ဂျိုက်မြည်အောင် သောက်နေသည်။ လုံးတင်က ခေါင်းဖုလုပ်လာသော အဝတ်ကို ဖြေဆန့်ပေးသဖြင့် ကိုသံချောင်းက ဆွဲယူကာ ရေသောက်ပြီးမှ လက်သုတ်နေသည်။

အရိပ်ထဲပင် ဖြစ်သော်လည်း လေရူးသည် နွေဦး၏ အပူဓာတ်ကို တိုက်ခတ်ယူဆောင်လာသဖြင့် တစ်ချိတစ်ချိ နွေးခနဲ ဖြစ်နေ၏။ လုံးတင်သည် ကိုသံချောင်းစားပြီးသော ပန်းကန်ခွက်ယောက်များကို တောင်းထဲသို့ သိမ်းရုံးထည့်သွင်းနေ၏။

"ကဲ.. လုံးတင် ညည်းပြန်နှင့်တော့"

"တော် အလုပ်ဆက်လုပ်ဦးမလို့လား"

"မလုပ်ပါဘူးဟ၊ ညနေ နေထန်းတစ်ဖျားသာသာ လာလုပ်ရင် ပြီးတော့မှာပဲ၊ ကိုသာဒွတ်ကြီးက မင်းတို့ မင်္ဂလာ ဘယ်တော့ဆောင်မလဲလို့ မေးလွန်းလို့"

"ဒီတော့ တော်က ဘယ်လိုပြောလိုက်သလဲ"

"ကျုပ်တို့ မောင်နှမလို ခင်ကြတာ၊ ခင်ဗျားကြီး မတော်တရော် မပြောပါနဲ့လို့ တောင်းပန်ရတာပေ့ါဟ"

"ခင်ဗျားနှမ မနှင်းလှနဲ့ ဆောင်မယ်လို့ ပြောပါလား"

"ဟာ..ငါက နှင်းလှမှ မကြိုက်ဘဲ"

"အနို့.. တော်က ဘယ်သူ့ကြိုက်နေလို့လဲ ပြောစမ်းပါဦး"

"ညည်းသိပါတယ်ဟာ"

"အို မသိလို့မေးနေတဲ့ဟာပဲ၊ မှန်မှန်ပြော၊ တော် ဘယ်သူ့ကြိုက်နေတာလဲ"

ကိုသံချောင်း အဖြေမပေး။ သူလုပ်ခဲ့သော လယ်ကွက်ကို လှမ်းမျှော်ကြည့်နေ၏။ ကိုသံချောင်းက နှုတ်လေးသည်။ ရိုးအသည်။ လုံးတင်က နှုတ်သွက်သည်။

"တော်ကြိုက်တဲ့ဟာ ရှိရင်ပြော၊ ကျုပ် ကူပြောပေးမယ်"

"ကြိုက်တာတော့ ရှိတာပေ့ါဟ၊ ညည်းသိပါတယ်"

ထိုသို့ပြောပြီးလျှင် လယ်ကွက်ကို လှမ်းမျှော်ကြည့်နေပြန်သည်။ အမှန်အားဖြင့် လုံးတင်က ကိုသံချောင်း၏အပြောကို စောင့်နေသည်။ ကိုသံချောင်းက ဖွင့်၍မပြော၊ လယ်တော့ကို ကြည့်ခြင်းအားဖြင့် အဓိပ္ပာယ်ဖော်ပြနေ၏။

"ကဲ သွားမယ်၊ ပင့်ပေးစမ်းပါဦး"

လုံးတင်က သူ့ဘာသာသူ ပင့်နိုင်လျက်၊ အပင့်ခိုင်း၏။ ကိုသံချောင်းက သူတစ်ယောက်တည်း လက်နှစ်ဘက်နှင့် တောင်းနှုတ်ခမ်းကိုဆွဲကာ လုံးတင်၏ ဦးခေါင်းပေါ်သို့ တင်ပေး၏။ လုံးတင်က တောင်းကို လက်တစ်ဖက်နှင့်ထိန်းအကိုင်လိုက် ကိုသံချောင်း၏ လက်ကို အုပ်ကိုင်မိသည်။

"တော် နေပူခံမနေနဲ့ ပြန်ခဲ့တော့"

ကိုသံချောင်း ပြုံးပြုံးကြီး မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်လေသည်။

***

အချိန်ကား ခရစ်(၁၉၄၆) နှစ်ဖြစ်၏။ (၁၉၄၁-၄၂) လောက်က ဂျပန်၏အကူအညီဖြင့် အင်္ဂလိပ်တို့အား မောင်းထုတ်ခဲ့သည်။ တစ်ဖန် ဂျပန်မကောင်းမှန်း သိပြန်တော့ (၁၉၄၄-၄၅) လောက်တွင်၊ မဟာမိတ်တို့ အကူအညီဖြင့် ဂျပန်တို့အား မောင်းထုတ်ခဲ့ကြသည်။ မြန်မာ့ရာဇဝင်သမိုင်းကား အမည်းကြောင်းနှင့် မကင်းတော့။ သို့ရာတွင် ကာလံ အဂ္ဂခန် ဟူ၏သို့၊ ဤနည်းဖြင့်သာ လွတ်လပ်သော အချုပ်အချာအာဏာပိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြသည်။

ဂျပန်လက်ထက်က လူတွေချွေးတပ်ဆွဲ၊ လှည်းနွားတွေဆွဲနှင့် အနိုပ်စက်အညှင်းပန်းခံခဲ့ကြရမှ ထို(၁၉၄၆) နှစ်လောက်စ၍ လယ်ယာများကို ကောင်းစွာစိုက်ပျိုးနိုင်ကြလေပြီ။

ကိုသံချောင်းမှာ နွား(၂) ရှဉ်းနှင့် လယ်များကို ထယ်ချိန်ထယ်ကာ ထွန်ချိန်ထွန်နိုင်လေပြီ။ သူ့လယ်များသာမက၊ ချစ်သူမလုံးတင်၏ လယ်များကိုလည်း ကူညီထွန်ယက် လုပ်ကိုင်ပေးနေသည်။ ပျိုးကြဲချိန်တွင် ရေတစွတ်စွတ်နှင့် ပျိုးကြဲလျက် စပါးပင်များ စုပြုံကာ ပေါက်လာသောအခါ လုံမပျိုတစ်သင်းနှင့် ပျိုးနှုတ်ကြ၏။ နှုတ်ပြီးပျိုးပင်များကို အရိပ်တကြည့်ကြည့် ဖြစ်နေကြသည်။ မိုးသားတိမ်တိုက်တို့ အုံ့ဆိုင်းနေကြရာက တဖွဲဖွဲ ရွာချလိုက်၊ တသဲသဲသွန်လိုက်နှင့် ဖျိုင်းအောက်များကလည်း ငါးကောက်ရန် စန္ဒရီလမ်းလျှောက်သလို လယ်ကွက်ဘေး တစ်လျှောက်တွင် လှုပ်ရှားနေကြသည်။

စပါးပင်များသည် လေယူရာယိမ်းနွဲ့လျက် စိမ်းလဲ့လဲ့အရောင်များဖြင့် လှုပ်ရှားနေကြကာ သီးနှံစိမ်းလေးများ ဖူးထွက်နေကြ၏။ အချို့နိုင်ငံခြားသားများကက မြန်မာလူမျိုးတို့အား ပျင်းရိသောလူမျိုးဟု ပြောကြ၏။ ထိုစကားကို မြန်မာများကိုယ်တိုင်က ရှင်းဖို့မလို။ နိုင်ငံခြားသားတစ်ဦးက ရှင်းပြခြင်းဖြင့် ပျင်းရိသောလူမျိုး မဟုတ်ကြောင်း သိသာနိုင်သည်။

ခရစ်(၁၈၈၅) နှစ်က မြန်မာဘုရင် သီပေါမင်းအား အင်္ဂလိပ်တို့ သိမ်းပိုက်စဉ်က၊ အင်္ဂလိပ်စစ်တပ်များနှင့်အတူ ဘုံဘေဂေဇက် သတင်းထောက်၊ အမေရိကန်လူမျိုး ဂရက်တန်ဂီရီဆိုသူ လိုက်ပါခဲ့၏။ မြန်မာလူမျိုးအကြောင်း၊

နန်းတွင်းရေး စသည်တို့ကို အတော်လေ့လာပြီးနောက် (၁၈၈၆) ခုနစ်တွင် "သိမ်းပြီးစ မြန်မာပြည်" (Burma After The Conquest) ဟူသော စာတစ်အုပ် ရိုက်နှိပ်ထုတ်ဝေခဲ့၏။ ထိုစာအုပ်၌ ဂရက်တန်ဂီရိက "အချို့က မြန်မာလူမျိုးများအား ပျင်းရိသောလူမျိုးဟု ဆိုကြ၏။ သီးနှံတစ်ခုမှ နောက်ထပ်သီးနှံအသစ်ရသည်အထိ လုပ်ကိုင်လေ့ရှိသော လူမျိုးအား ပျင်းရိသောလူမျိုးဟု ဆိုနိုင်ပါမည်လား" ဟု ချေပရေးသားထား၏။

မြန်မာတို့၏ အသက်သွေးကြောဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို ဘိုးဘေးအစဉ်အဆက်ကပင် ရာသီ ဒေသအလိုက် မြေသြဇာချ၊ ထွန်ယက်ကာ အသီးအနှံ ထွက်သည်အထိ၊ လုပ်ကိုင်လာသော လူမျိုးများ ဖြစ်သည်။

စပါးနှံတွေ မှည့်၍ ကောက်ရိပ်သိမ်းပြီးချိန်၌ကား၊ စပါးဈေးကလည်း အတော်ကလေး ကောင်းလာသဖြင့် လယ်ယာစိုက်ပျိုးသူများ၊ ရွှေငွေဖွံ့ဖြိုးလာကြသည်။ မိန်းမပျိုတစ်ယောက်နှင့် ရည်ငံရင်းနှီးအောင် ပြောရေးဆိုစ အစွမ်းမရှိသော ကိုသံချောင်းအား လူကြီးမိဘများ စီစဉ်ပေးသဖြင့် အသက်(၂၁) နှစ်အရွယ် ကိုသံချောင်းနှင့် အသက် (၁၈) နှစ်အရွယ် မလုံးတင်တို့ မင်္ဂလာဆောင်ကြရသည်။

နှစ်ခန်းသုံးပင်၊ ပကာတိုင်၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း ဓနိမိုး အိမ်ကလေးတွင် ကိုသံချောင်းဖခင် ဦးတုတ်ဖြိုး၊ အသက်(၅၀) အရွယ်၊ ကိုသံချောင်း မလုံးတင်၊ ကိုသံချောင်းနှမအရင်း မလှကွန့်(၁၄) နှစ်အရွယ်တို့ ပျော်ပျော်ပါးပါး နေထိုင်ကြ၏။

လေးယောက်စလုံး လုပ်အားရှိကြသဖြင့် နောက်တစ်နှစ်မှာမူ စီးပွားပို၍ ဖြစ်ထွန်းကြသည်။ မလုံးတင်တွင်လည်း သမီးဦးကလေးတစ်ယောက် မွေးဖွား၏ ။

သူတို့ရွာတွင် ရေဒီယိုမရှိ၊ သတင်းစာ နတ္ထိ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ပြည်လုံးကျော်သပိတ်ကြီးနှင့် အရေးဆိုပုံ၊ ဘိလပ်သွားကြပုံ၊ လွတ်လပ်ရေး ရရှိကြပုံများကို သူတို့ ဘာမျှမသိကြ။ တစ်နှစ်လယ်တစ်သီး လုပ်ကြရခြင်းသာ သူတို့သိကြသည်မှာ လယ်လုပ်မှ ထမင်းဝသည်။ စားဝတ်နေရေး ချောင်ချိသည်။

"အို နေစမ်းပါ၊ ကျုပ်စကား နားထောင်ပါ၊ အားမတန် မာန်လျှော့ရသယ်တဲ့"

ကိုသံချောင်း ဓားမကြီးဆွဲပြီး ခုတ်ပါမည်တကဲကဲ လုပ်နေသဖြင့် သားငယ်ရင်ခွင်ပိုက်ထားရာမှ မလုံးတင်က အတင်းဆွဲထားခြင်း ဖြစ်၏။ ပျိုးပင်ကလေးတွေ စိမ်းစိမ်းစိုစို ဖြစ်နေခိုက်၊ လူ(၂၀) လောက်က ဓားနှင့် ခုတ်ဖျက်နေကြသောကြောင့် ဖြစ်သည်။

"ဟေ့ ဒီလယ်ရှင် ဘယ်မလဲ.. မအေပေးမျိုးတွေ လယ်မစိုက်ရဘူးလို့ အမိန့်ထုတ်ထားတာ နားမလည်ဘူးလား"

ခေါင်းဆောင်နှင့်တူသူက ဟိုသည်ကြည့်ရင်း ဆဲကြိမ်းနေပြန်သည်။ ကိုသံချောင်းမှာကား ပျိုးပင်ဓားနှင့်ခုတ်တိုင်း၊ သူ့အသည်တွေလှုပ်သလို နာကျည်းနေတော့သည်။

"အသက်သာ ချမ်းသာပေးတော်မူကြပါ မောင်ကြီးတို့ရယ်၊ မသိလို့ လုပ်ရိုးလုပ်စဉ် လုပ်မိကြပါတယ်တော်"

လူ(၃) ယောက် ကန်သင်းဘေးသို့ တက်လာကြကာ ကိုသံချောင်းအား လိုမ့်ကန်နေကြသဖြင့် မလုံးတင်က ကလေးငယ်နှင့် ရှိုးတောင်းပန်နေခြင်း ဖြစ်သည်။

"နောက်တစ်ခါ စိုက်ရင် သတ်ပစ်မယ် မှတ်ထား၊ ငနေအစိုးရအားပေးတဲ့ အလုပ်ဆိုတာ နင်တို့နားမလည်ဘူးလား"

သူတို့က ထိုသို့ပင် ကြိမ်းမောင်းသွားကြသေးသည်။ ကိုသံချောင်းမှာကား အညှိုးအမဲတွေနှင့် အတော်ခံလိုက်ရသည်။

မြန်မာပြည်တွင် သစ်တောတွေ ကောင်းစွာမထုတ်နိုင်သေး။ သတ္တုတွင်းများတူးဖို့ ဝေးလာဝေး၊ ရေနံအရေးကလည်း မျှော်လင့်ချက်မရှိခိုက်၊ ဆန်စပါးပဲပြောင်း အားသွန်စိုက်၍ နိုင်ငံခြားသို့ ထုတ်ရောင်းနိုင်မှ ကျောမွဲလယ်သမားတို့ ဝမ်းခါးလှကြမည်၊ ဆန်တစ်တင်းလျှင် ပေါင်(၄၀) နှုန်းနှင့် ရောင်းနေရဆဲ၊ ကွန်မြူနစ်တို့ တောခိုပြီးနောက် ထိုငွေရပေါက်ဖြစ်သော လယ်ယာစိုက်ပျိုးရေးကို အတင်းပိတ်ပင်လေတော့သည်။ ကျောမွဲတွေငတ်ရင် ဆူမယ်၊ ကျောမွဲလူထုဆူလျှင် လက်ရှိအစိုးရ အနေကျပ်မည်၊ အခက်အခဲတွေ့မည်။

မီးရထားလမ်းတွေဖျက်မှ တစ်မြို့နှင့်တစ်မြို့ တစ်ရွာနှင့်တစ်ရွာ စားသောက်ကုန်ဖလှယ်ခြင်း ပြုနိုင်ကြမည်မဟုတ်။ ထိုအခါ လူတွေ အကြပ်အတည်းတွေ့လျှင် ဆူကြမည်။ သူတို့ဖက်သို့ ဆွဲသွင်း၍ရမည်။

ကိုသံချောင်းတို့ အဘို့မှာကား ယခုနှစ် စပါးမစိုက်ရသဖြင့် မျိုးစပါးနှင့် စားစရာသိမ်းထားသော စပါးများကိုပင် ခြိုးခြံ၍ စားကြရသည်။ အချို့မှာ စားစရာမရှိသဖြင့် ထမင်းနပ်မှန်အောင် မမျိုကြရတော့ပေ။

(၁၉၄၉) ခုနှစ်ဆန်းလောက်မှာပင် ကေအင်ဒီအို ကိုရွှေကရင်တို့က သူပုန်ထကြပြန်သည်။ ထိုအခါ၌ ကိုသံချောင်းတို့ရွာမှာ ကွန်မြူနစ်နှင့် အစိုးရတပ်မတော်တိုက်ပွဲ၊ ကရင်နှင့် ကွန်မြူနစ်တိုက်ပွဲ၊ အစိုးရတပ်မတော်နှင့် ကရင်တိုက်ပွဲ မကြာခဏ ဖြစ်ပေတော့သည်။

ဂျပန်လေယာဉ်ပျံလာ၍ ကျင်းတူးအောင်းရ၊ မဟာမိတ်လေယာဉ်ပျံလာ၍ ပုန်းရနှင့် နေခဲ့ကြရသော ဘဝဆိုးမှ လယ်ယာစိုက်ပျိုးနိုင်သော အခြေသို့ ရောက်စဉ်၊ သောင်းကျန်းလိုက်ကြပြန်သဖြင့် ဖို့ထားသော မြေကျင်းများ တဖန်တူးကြရကာ အသက်ကို ဖက်နှင့် ထုပ်ထားသလို နေကြရသည်။

တစ်ချီတစ်ချီ အစိုးရတပ်မတော် အားပေးရမလားဟု ရွာသားလူစု(၄-၅) ယောက် အသတ်ခံကြရသည်။ အစိုးရတပ်မတော်ကလည်း ကွန်မြူနစ်ကရင်လူဆိုးတွေ လက်ခံရမလားဟု ဖမ်းလားဆီးလား လုပ်ကြပြန်၏။

ကျောမွဲလူထုကောင်းစားအောင် လူထုအစိုးရဖြစ်အောင် ဝါဒဖြန့်သော်လည်း အထိဆုံး အနာအခံရဆုံးမှာ ကျောမွဲလူထုပင်ဖြစ်၏။ အစိုးရဝန်ကြီးချုပ်နှင့်တကွ ဝန်ကြီးများကား၊ သွားစရာ မီးရထားမရှိလျှင် လေယာဉ်ပျံနှင့် သွားနေကြသည်။ သံကြိုးကာထားသော်လည်း အကောင်းဆုံး အစားအစာများ စားသောက်နေကြရသည်။ အငြိမ့်၊ စန္ဒယား၊ စောင်း၊ ဂီတာသံနာခံလျက် ညစာခံပွဲ၊ ဆွေးနွေးပွဲများ ပြုလုပ်နေကြသည်။

နယ်ချဲ့အောက် ကျွန်သဘောက်ဘဝဖြင့် နေလိုသော ကရင်မိုက်တို့ကလည်း လူမျိုးရေးအထိ၊ မြန်မာတွေ့သမျှ သတ်ဖြတ်ညှင်းဆဲနေကြသည်။ အသက်စည်းစိမ် အိုးအိမ်နှင့် တည်မြဲအောင် မနေကြရ။ ဆိုးလိုက်သည့် မြန်မာတို့ဘဝ..။

***

"ကျုပ်တို့တော့ ခက်တာပါပဲဗျာ၊ မနေ့က အစိုးရတပ် လာသွားပြန်ပြီ၊ ဒီကိုလာတုန်းကတော့ တွေ့တွေ့ဆိုင်ဆိုင် မတိုက်ရဲဘဲ၊ အစိုးရတပ် အားပေးရမလားလို့ ကျုပ်တို့ရွာကိုလာပြီး ချေပြန်တော့မယ် ကိုတုတ်ဖြိုးရဲ့"

"အရေးဆိုရင် ပြေးနိုင်မှလွတ်မယ့် ဘဝမျိုးပါပဲ ကိုဘိုးတိုင်းရယ်"

အသက်(၅၀)ခန့် လူကြီးနှစ်ယောက် အလွန် စိတ်မချမ်းမြေ့ဖွယ်ရာ အမူအရာနှင့် ပြောဆိုနေကြခြင်း ဖြစ်သည်။

ကိုသံချောင်းတို့ နှစ်ပင်သုံးခန်းအိမ်၏ အောက်ထပ်တွင် ဝါးကြမ်းကွပ်ပြစ်များ လုပ်ထား၏။ အိမ်အပေါ်ထပ်သို့ မည်သူမျှ တက်၍မနေကြ။ အောက်ထပ်တွင် အိပ်ကြရသည်။ အရေးဆိုလျှင် ကျင်းထဲဆင်းတန်ဆင်း၊ အပြင်ထွက်ပြေးတန် ပြေးကြရ၏။

ထိုအချိန်၌ ကိုသံချောင်းမှာ အသက်(၂၅) နှစ်ခန့် ရှိပြီဖြစ်၏။ မလုံးတင်မှာ အသက်(၂၂) နှစ်၊ သမီးအကြီးကလေး အေးမိုမှာ ဆံရစ်ဝိုင်း၊ ကွမ်းသီးခန့် ဆံထုံးကလေးနှင့် (၃) နှစ်ကျော်ရွယ် သားကလေးမောင်ခွေး အခါလည်သာသာ ရှိနေပြီ။ ကိုသံချောင်း၏နှမ မလှကွန့်ပင် အသက်(၁၈)နှစ်ခန့်၊ ရုပ်ရည်သနားကမားနှင့် တူကလေး ကိုခွေးအား ထိန်း၍နေသည်။ အေးမိုသည် အဘိုးကြီးနှစ်ယောက် စကားပြောနေသည်ကို လက်ကလေးနှစ်ဘက်ထောက်ကာ နားထောင်နေ၏။

"ကျုပ်တို့ ရေးကတော့ ဝတ်သေတဲ့မသာ မရှိဘူးလို့ ပြောကြတယ် မဟုတ်လား၊ ဖိုးသာရဲ့မယား မိမှုန် စားစရာမရှိလို့ တပိန်ပိန် တညှော်ညှော်နဲ့ ဆုံးသွားပါပကော"

"လယ်မလုပ်ရဘူးဆိုတော့ စားစရာစပါး ဘယ်ကရမလဲ၊ မိမှုန်နောက်လိုက်ကြမယ့်ဟာတွေ ကျုပ်တို့ရွာမှာ အများကြီးရှိသေးတယ်"

"ဆိုးလိုက်တဲ့ကရင်တွေကလည်းဗျာ၊ မယ်မိတို့သားအမိ လယ်တောထဲ နှစ်ယောက်စလုံးကို မုဒိန်းကျင့်ပြီး သတ်ပစ်ထားခဲ့တာများ ကိုတုတ်ဖြိုးရယ် အခံရခက်လှတယ်"

"ကျုပ်တို့နွားတွေ ဆွဲသွားတာကောဗျာ၊ ခရီးသွားရမယ်ဆိုရင် ကျုပ်တို့ ဘယ်လိုလုပ် သွားရမလဲ၊ ဒီလိုနေရတဲ့ဘဝထက် သေရတာက ကောင်းပါသေးတယ်"

အေးမိုကလေးသည် အဘိုးကြီးများအနီးမှထကာ သူ့မိခင်ရှိရာ မီးဖိုချောင်ဆီသို့ ကူးလာခဲ့လေသည်။

အမှန်ကတော့ လက်တစ်ဆုပ်စာမျှသော ကေအင်ဒီအို ကရင်ဆိုးတွေကြောင့်၊ ဤမျှဒုက္ခတွေ့ကြရခြင်း ဖြစ်သည်။ မြန်မာတို့မှာကား သစ္စာရှိ မြောက်များစွာသော ကရင်ကောင်းတို့၏ မျက်နှာကိုထောက်ထားကာ လူမျိုးရေးအဓိကရုဏ်း မဖြစ်အောင် သဘောထားကြီးကြီးနှင့် ဆောင်ရွက်နေကြရသည်။

နောက်လိုက် ကရင်ဆိုးများမှာလည်း ဘာကိုမျှ နားလည်ကြမည်မဟုတ်။ ကရင်ခေါင်းဆောင်များက သွေးထိုးမြှောက်ပေး၍သာ မိုက်ရူးရဲ လုပ်ကြရခြင်း ဖြစ်၏။ ကရင်ခေါင်းဆောင်များအားလည်း နယ်ချဲ့တစ်စုက မြှောက်ပေးသည်ကို အဟုတ်ထင်မှတ်ကာ၊ တဇွတ်ထိုး လုပ်နေကြခြင်းဖြစ်သည်။

တကယ်တန်း လုပ်ကြမည်ဆိုလျှင် မြန်မာတို့က မည်မျှအထိ လုပ်နိုင်သည်၊ လုပ်ခဲ့ဖူးသည်ကို ရာဇဝင်ကြောင်း ပြန်ကြည့်က သိနိုင်ပေသည်။ မြန်မာတို့သည် နယ်ချဲ့တို့အား အားကိုးသူ၊ အားပေးသူ၊ မြန်မာတစ်ပြည်လုံး ကျွန်သက်ရှည်အောင် ပြုမူသူတို့အား ကရင်လူမျိုးများသာမဟုတ်၊ မြန်မာအချင်းချင်းဖြစ်စေကာ သက်ညှာမည်မဟုတ်ကြောင်း အမျှော်အမြင်ရှိသူများ နားလည်သင့်ကြ၏။

ယခုရေးသားသော ဇာတ်လမ်းကလေးကား မြန်မာလူမျိုး မဆိုထားဘိ၊ သစ္စာရှိကရင်များပင် ကြေကွဲဝမ်းနည်းကြမည် ထင်သည်။

***

"အမေ တေတာ ကောင်းသလား"

အေးမှီသည် သူ့အဘိုးအနီးမှ ထ၍လာကာ၊ မိခင်ဖြစ်သူအား မေးမြန်းနေခြင်းဖြစ်သည်။ မလုံးတင်က မမေးစဖူး မေးနေသော သမီးကလေး၏ မျက်နှာကို အံ့အားသင့်သလို ကြည့်ရင်း...

"ဟဲ့ သမီးရဲ့၊ သေတာ ဘယ်ကောင်းမလဲ၊ ဘယ်သူက ကောင်းတယ်ပြောသလဲ"

"ဟိုဘက်မှာ ဘိုးဘိုးတိုင်းနဲ့ စကားပြောနေတယ်၊ တေတာကောင်းတယ်တဲ့"

လယ်မစိုက်ရတော့ပြီ ဖြစ်သဖြင့် အဝတ်ချွတာ ဂျီးလေးသစ်တက်နေသော လုံချည်၊ အင်္ကျီနွမ်းထိုနှင့် သမီးကလေးအား ကန်စွန်းရွက်သင်နေရင်းက မသက်မသာ ကြည့်ရှုနေရှာသည်။

"တေတယ်ဆိုတာ ဘာချစ်တာလဲ အမေ"

"အော် ခက်လိုက်တာ သမီးရယ်၊ ဒါတွေ ဘာလို့သိချင်တာလဲ၊ ကောင်းတာမဟုတ်ဘူး၊ မသိချင်နဲ့"

"အေးမှီ သိချင်တယ်၊ ဘိုးဘိုးက တေတာကောင်းတယ်တဲ့"

ကလေးတို့သဘာဝ မုန့်စားရလျှင် ကောင်းသည်။ ဘာစားရလျှင် ကောင်းသည်၊ အကောင်းဆိုသည့်အတွက် သိချင်နေသည်။ မလုံးတင်လည်း စိတ်မရှည်နိုင်တော့ဘဲ...

"သေတယ်ဆိုတာ မျက်စိမှိတ်သွားရော၊ အသက်လည်း မရှူနိုင်တော့ဘူး .. ဟောဒီလို"

မလုံးတင်သည် သူ့ကိုယ်သူ ပက်လက်လှန်လိုက်ကာ မျက်စိမှိတ်ပြီးလျှင် အသက်ရှူခဏရပ်၍ ပြလိုက်သည်။

"ပီးတော့ ဘာချစ်တွားလဲ အမှင်းစားသေးလား"

"သေတယ်ဆိုတာ အသက်မရှိတော့ဘူး၊ ထမင်းလည်း မစားဘူး၊ ရေလည်း မသောက်နိုင်ဘူး၊ မြေကြီးထဲ မြှုပ်လိုက်ရတယ်"

"နောက် ဘာချစ်လဲ"

"အရိုးတွေ အသားတွေ ဆွေးကုန်ရော"

"ပြန်ပြီး အလာတော့ဘူးလား"

"ဟဲ့ အေးမှီ .. အေးမှီ..၊ ကိုခွေးကို လာကြည့်လှည့်ဦး၊ လှကွန့်က ဘယ်ထွက်သွားပါလိမ့်"

အဘိုးကြီး ဦးတုတ်ဖြိုးက လှမ်း၍ခေါ်လိုက်မှ၊ မလုံးတင် သက်သာသွားသည်။ သို့မဟုတ်လျှင် အဘယ်မျှ ဆက်၍မေးနေမည်မသိ။

ဦးဘိုးတိုင်းဆိုသော အဘိုးကြီးလည်း ထွက်၍သွားပြီ။ အေးမှီလည်း အခါလည်သာသာ မတ်တတ်သွားစပြုနေသော ကလေးငယ်ကို ထိန်းရပြန်သည်။ ဦးတုတ်ဖြိုးလည်း စနည်းနာ ထွက်၍သွားသည်။

မလုံးတင်မှာ သင်ပြီး ကန်စွန်းရွက်များကို ပုဇွန်လုံး (၄-၅) ကောင်ခပ်ထားသော ဆူပွက်နေသည့် ဟင်းချိုအိုးထဲထည့်ကာ၊ အရိုးတိုယောင်းမနှင့် မွှေနေ၏။ အေးမှီက မောင်ကလေးအား ထိန်းလျက်။ မြို့ကြီးများမှာမူ အေးမှီ၏အရွယ်ပင် အထိန်းအယနှင့် နေကြရသည်။ သူတို့မှာတော့ ငယ်သူကို ကြီးသူက ထိန်းကြကာ ဆင့်ကဲဆင့်ကဲ၊ လူ့လောကဒုက္ခဘကို ကြုံတွေ့ကြီးပြင်းလာကြရသည်။

ကိုသံချောင်းမှာ အသက်(၂၅)နှစ်ရွယ် သန်တုန်းမြန်တုန်း၊ မလုံးတင်မှာလည်း အသက်(၂၂)နှစ်ရွယ်၊ လင်ရှေ့ကသွားလျှင် နောက်ပါးက ကူညီလုပ်နိုင်သည်။ (၃၀)ခါလည်သာ သမီးချစ်ကလေးနှင့် တစ်ခါလည်သာသာ သားချစ်ကလေးအတွက် ရွှေတွဲလဲ ငွေတွဲလဲဖြစ်အောင် ကြိုးစားလိုက်မည်ဟု အင်တိုက်အားတိုက် လယ်လုပ်ရာမှ လယ်လုပ်လျှင် သေဒဏ်တဲ့။

(၁၉၄၆-၄၇-၄၈)၊ သည်သုံးနှစ် လယ်လုပ်ခဲ့ရသဖြင့် တောဇာတိက ကလေးသဖွယ် ဖြစ်ခဲ့၏။ ယခုမူကား ခြစ်ခြစ်ချုပ်ချုပ် ချိုးချိုးခြံခြံနှင့် ဖြစ်သလို ဆင်းဆင်းရဲရဲ စားသောက်နေထိုင်ကြရသည့်အထဲက နေ့ပြေးရမလား၊ ညပြေးရမလားမသိ။

"လုံးတင်ရေ... အေ လုံးတင် မီးဖိုထဲကလားဟေ့"

ကိုသံချောင်း ချည်လုံချည်ကြမ်း၊ ခါးတွင် တိုတိုဝတ်ကာ၊ တဘက်ညစ်တစ်ခု ခေါင်းတွင်ပေါင်းလျက် အင်္ကျီမပါ၊ ဗလာနတ္ထိ၊ နေစားထားသော ကျောမွဲရင်ဘတ်ညိုနှင့် ချစ်သမီးချစ်သားကလေးများအား ကြည့်ရင်း လှမ်းခေါ်လိုက်သည်။

အေးမှီသည်ည အထုပ်ကလေးတစ်ခုကို ခေါင်းပေါ်တွင်ရွက်လျက်၊ မတ်တတ်ပြေးခါစ ကိုခွေးကို လက်ဆွဲကာ ခရီးသွားမည့်အသွင် လူးလာတုံ့ခေါက် လမ်းလျှောက်နေကြသည်ကို မြင်ရသောကြောင့် ဖြစ်၏။ မလုံးတင်သည် ကန်စွန်းရွက် ရေလုံပြုတ်အိုးကို အဖုံးဖွင့်ထားခဲ့ပြီးလျှင် ထမိန်ရင်ရှားနှင့် ကွပ်ပြစ်များရှိရာသို့ ထွက်လာခဲ့သည်။

"ကြည့်စမ်းပါဦး လုံးတင်ရာ၊ ညည်းသမီး ကစားနေပုံက စိတ်မကောင်းစရာကြီး"

"အို ကလေးပဲ စိတ်ကူးရရာ လုပ်နေတာပဲဟာ"

"ငါ စိတ်မကောင်းဘူးကွယ်၊ ဟဲ့ အေးမို သမီး၊ ဒီကိုလာစမ်း၊ ဒီလိုမလုပ်နဲ့ နမိတ်မကောင်းဘူး"

" ကောင်းဒယ်...ကောင်းဒယ် ... အမေတေသွားတော့ မောင်လေးနဲ့ အေးမိုနဲ့ ဒီလို တွားကြမှာပေ့ါ"

"ဟယ်... ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ..၊ ခက်ပါဘိ သမီးရယ်၊ မလုပ်ကောင်းဘူးကွဲ့"

ကိုသံချောင်း မျက်ရည်ဝဲကာငိုသံပါကြီးနှင့် ပြောဘိသည်။ မလုံးတင်လည်း မျက်စိပျက် မျက်နှာပျက်နေ၏။ ယမန်နေ့က အစိုးရတပ်စခန်း ချသွားသည်။ ယနေ့ ကိုရွှေကရင်တို့ ဘယ်လိုဒုက္ခပေးကြမည် မသိရသည့်အထဲ ကလေးကစားပုံက ထူးနေလေသည်။

အချိန်ကား ညနေ(၅) နာရီသာသာ ရှိသေး၏။ ရှေးအခါကမူ သူတို့ရွာမှာ စည်ပင်သာယာလျက် ရွာထဲ နွားအုပ်တွေ ပြန်သွင်းသူသွင်း၊ အချို့ အလုပ်ကပြန်ကြတာ၊ဆူညံအော်ဟစ်၍ မီးခိုးတလူလူ ဖြင့်နေခဲ့ကြသည်။ ယခုမူကား စကားမျှ ကျယ်ကျယ်မပြောဝံ့။ လူရိပ်မှ ထင်ထင်ကြီးမနေရဲ၊ ကျီးလန့်စာစားပမာ နေထိုင်ကြရ၏။

တစ်ကြိမ်က ကွန်မြူနစ်များအား လူထုကောင်းစားရေး ဆောင်ရွက်နေသူများဟု ယုတ်စွအဆုံး ထမင်းထုတ်အခွန် ဆက်ကြရ၏။ ထိုကွန်မြူနစ်ကပင် လယ်မစိုက်ရတဲ့။ ထိုမှုမက ကရင်နှင့်ပေါင်းကာ ရွာတွေ ထောင်းထောင်းကြေအောင် နှိပ်စက်ကြသည်။

လူလူချင်း ဘာကြောက်စရာရှိသလဲ၊ တို့ရွာသားတွေက အများကြီးပဲဟု ဆိုရငြားလည်း လက်နက်ဆို၍ တုတ်၊ ဓား၊ လှံ၊ မိန်းကလွဲ၍ ဘာမျှမရှိ။ တစ်ဘက်ရန်သူတွေမှာကား ရိုင်ဖယ်၊ စတင်းဂန်း၊ ဘရင်းဂန်း၊ မော်တာလက်နက်မျိုး စုံညီစွာနှင့် လူပေါင်းများစွာ အတုံးအရုံးသေ၊ အိမ်တွေမီးနှင့်ရှို့၊ ကျောင်းကန်ဘုရားလည်း ကုလားဇဖင်ကာထက် ဆိုးရွားစွာ အမျိုးမျိုး ဖျက်ဆီးပစ်ကြသည်။

"တော် ဘာများကြားခဲ့သလဲ ကိုသံချောင်း"

သမီးနှင့် သားကလေးတို့ ဖြစ်ထွေကိုကြည့်ရှုကာ၊ အတန်ကြာ ငိုင်နေမိကြရာမှ မလုံးတင်က မေးလိုက်ခြင်းဖြစ်၏။ ကိုသံချောင်းက သက်ပြင်းတစ်ချက် ရှူရှိုက်လိုက်ကာ..

"ဒီရွာကပြေးရင် ကောင်းမယ်တဲ့၊ ကိုသာတုတ်တို့၊ ကိုချမ်းမြတို့၊ ဦးကြီးတိုင်းတို့တော့ လှည်းကိုယ်စီနဲ့ နိုင်သမျှပစ္စည်းတွေ သည်ပြီး ပြေးကြပြီဟ၊ မမင်းသာနဲ့ အရီးပြေတို့လည်း အထုတ်အပိုး ပြင်နေကြတယ်။ နေဝင်ဖျိုးဖျမယ် ရွာကထွက်ကြမယ်တဲ့"

"ကျုပ်တို့မှာ လှည်းမရှိတာ ဒုက္ခပါပဲတော်"

"အေးပေ့ါဟာ၊ ဒါကြောင့် ငါ့နွားတွေ ဆွဲတုန်းက ဓားနဲ့လိုက်မယ် လုပ်မိသေးတာ၊ အင်အားချင်းမမျှလို့သာပေ့ါ"

ထိုသို့ ပြောဆိုနေကြခိုက် ကလေးမအေးမိုက "ဟော ဘိုးဘိုးလာပြီ" ဟု ပြောလိုက်၏။ နှစ်ယောက်သား ကြည့်လိုက်ကြသောအခါ အဘိုးကြီးမှာ မျက်စိမျက်နှာ မကောင်းတော့ဘဲ...

"တို့လည်း ပြေးကြမှ ဖြစ်မယ်ဟေ့"

"အို .. ဘယ်ဖြစ်မလဲ အဘရာ၊ အနီးအနားတစ်ဝိုက်လည်း ကရင်တွေ သိမ်းထားတာဘဲ"

"အေးဟ ဒါလည်း အခက်ပဲ"

အဘိုးကြီးသည် ညည်းညည်းညူညူနှင့် ပြောရင်း ကြမ်းပြင်ပေါ်သို့ တင်ပါးလွှဲထိုင်လိုက်၏။ ကိုသံချောင်းက..

"လှကွန့်တစ်ယောက်ကော အဘ၊ ဒီကောင်မလေးကလည်း အရေးထဲကျမှ"

"အေးရှင်တို့အိမ်မယ် ဟော.. လာနေပြီ"

ကိုသံချောင်းသည် ရုပ်ရည်ခရောင်းခရာနှင့် နမဖြစ်သူအား စိုးရိမ်ကြီးစွာနှင့် ကြည့်နေ၏။ လှကွန့်သည် ခပ်သုတ်သုတ် ရောက်၍လာရင်း...

"မောင်ကြီးရေ ကျုပ်တို့ပြေးကြမှ ဖြစ်မယ်၊ ကရင်တွေ ဒီည ဝင်စီးလိမ့်မယ်တဲ့တော့"

"ဟယ်... နင့် ဘယ်သူပြောလဲ၊ မဟုတ်သေးပါဘူး၊ ကဲ လုံးတင် ထမင်းပြင်ဟေ့"

(၆) နာရီသာသာတွင် ထမင်းဝိုင်းစားကြသည်။ မည်သူမျှ ဖြောင့်တန်းစွာ မစားနိုင်ကြပေ။ ဟင်းမကောင်းသည်ကား မှန်၏။ သို့ရာတွင် ထမင်းစားမကောင်း၍ မဟုတ်။ စိတ်သောက ပူပန်ခြင်းကြောင့် ဖြစ်သည်။ အထုတ်အပိုးများ အသင့်ပြင်ထားကြ၏။ သူငယ်တိတ်ဆိတ်ချိန်အထိ ဘာသံမျှ မကြားရသဖြင့် လာမှာမဟုတ်ပါဘူးဟု ထင်နေကြသည်။ အမှန်ကတော့ ပြေးဖို့လည်း မလွယ်၊ နေရလည်း အခက်ပင်။

"သံချောင်းရေ ပြေးဟ..၊ ဟဲ့ လုံးတင် ကလေးတွေနဲ့ မြန်မြန်လိုက်၊ တို့လည်း လိုက်ခဲ့မယ်"

အဘိုးကြီးက ကတိုက်ကရိုက် ပြောလိုက်ခြင်းဖြစ်၏။ အိပ်ပျက်လုပေါင်း များလှပြီဖြစ်သော ကိုသံချောင်းမှာ အိပ်မှုံစုံမွှားနှင့် ဆန်နှစ်ပြည်ချက် ထမင်းအိုးတစ်လုံး၊ ဟင်းအိုးတစ်လုံးနှင့် တိုလီမိုလီများ ထည့်ထားသော တောင်းကို ဆွဲမနေသည်။

ရွာစွန်ဆီမှ မီးခိုးလုံးများနှင့်တကွ မီးရောင်တွေ လင်းနေသည်။ သေနတ်သံတဒိုင်းဒိုင်းနှင့် ကရင်များ ဆူညံစွာ ဝင်လာကြကာ တစ်အိမ်တက် တစ်အိမ်ဆင်း လူတွေသတ်၊ မိန်းမပျိုတွေဆွဲ၊ အိမ်တွေမီးနှင့်ရှို့ဖြင့် အရမ်းကျင့်နေကြလေသည်။

"မောင်ကြီးရေ ပြေးပေတော့၊ လှကွန့်အတွက် စိတ်ချ"

မောင်ကြီးနှင့် ယောက်မ ကလေးများ ပြေးသာအောင် ခဏမျှနေမိရှာသော လှကွန့်..

"အား... ဒီကောင်မလေး လတယ်ဝေး"

မမျှော်လင့်ဘဲ ကရင်သုံးယောက် ရုတ်ခြည်းပင် ရောက်လာပြီးလျှင် တစ်ယောက်က လှကွန့်အား ကြည့်ကာပြောလိုက်ခြင်း ဖြစ်၏။ ဦးတုတ်ဖြိုး၏ ရှေ့မှာပင် ထမိန်ဆွဲချွတ်၍ ဖက်လှဲခိုက်၊ ဦးတုတ်ဖြိုးက ထိုကရင်အား ဓားမနှင့် ပိုင်းလိုက်၏။ ဦးတုတ်ဖြိုးလည်း အခြားကရင်တစ်ဦး၏ လက်ချက်ဖြင့် ဇက်ပြတ်ကာ ပုံကျသွား၏။ လှကွန့်လည်း ကရင်တစ်ဦး၏ခါးက ဓားမြှောင်ကို ဆွဲနှုတ်လိုက်ကာ သူ့ကိုယ်သူ အဆုံးစီရင်လိုက်သည်။

ထိုအဖြစ်အပျက်မှာ အလွန်လျှင်မြန်လှသဖြင့် ကိုသံချောင်းတို့ မသိတော့ပေ။ အကယ်၍ ကိုသံချောင်း မြင်ရပါကလည်း အလောင်းချင်းထပ်သွားမည် ဖြစ်၏။ ကိုသံချောင်းက သမီးကလေး အေးမှီအား ညာလက်ကပွေ့ချီလျက်၊ တောင်းကို ဘယ်ပခုံးတွင်ထမ်း၍ လာခဲ့၏။ မလုံးတင်က အထုတ်ငယ်တစ်ခုရွက်ကာ သားကလေးကိုခွေးနှင့် ကိုသံချောင်းနောက်က ထက်ကြပ်လိုက်ပါလာရှာသည်။

မီးရောင်နှင့် ကရင်များအသံကို နားစွင့်ကာ သတိကြီးစွာနှင့် ခပ်သုတ်သုတ် ထွက်ခဲ့ကြရသည်။ ရွာပြင်ရှိ လယ်ကွက်၊ လှည်းလမ်း၊ ခြုံပုတ် ဘယ်နေရာမဆို ကိုသံချောင်း မှောင်ထဲမှာပင် သွားလာတတ်အောင် အကျင့်ရှိခဲ့သဖြင့် အသက်ဘေးကိုလု၍ ပြေးခဲ့ရင်း မောရပန်းရမှန်းမသိ၊ ခရီး(၃-၄) မိုင်လောက်ပင် ပေါက်ခဲ့လေပြီ။ အရှေ့လောကဓာတ်မှ ရောင်နီပျို့ချိန်၌..

"လုံးတင်ရေ ကိုခွေးငါ့ကိုပေး၊ မင်းက တောင်းကိုယူ"

"ကိစ္စမရှိပါဘူး၊ တော်သာ အေးမှီနဲ့ မောနေပ့ါမယ်"

လုံးတင်၏ လယ်ကွက်တွင် နွားချေးများ ကူညီချပေးစဉ်က လုပျိုအပျိုဘဝလို ကရုဏာရသများ ပေါ်ထွက်နေကြသည်။

"ဟယ်.. ဟိုမယ် လုံးတင်ရေ"

ချိုးထားသော မီးရထားအလံတိုင်တစ်ခုကို မြင်ရသဖြင့် ကိုသံချောင်းက ဝမ်းသာအားရ ပြောလိုက်ခြင်း ဖြစ်၏။ ခြေလှမ်းပို၍သွက်လာကာ၊ အလံတိုင်ဆီသို့ သုတ်ခြေတင်ခဲ့ရာ၊ မလုံးတင်မှာ မိန်းမကြမ်းပီပီ အမှီလိုက်ခဲ့ရှာသည်။

"ဟင် သံလမ်းတွေတောင် မရှိတော့ပါလား"

အလံတိုင်အနီးသို့ ရောက်သောအခါ ကိုသံချောင်း မောမောနှင့် ပြောလိုက်သည်။

ရှေးအခါကောင်းစဉ်က သည်ဘူတာတွင် အကြော်သည် လက်ဖက်ရည်သည်၊ မုန့်သည်တွေ တောလှည်းများက ဆန်စပါးတွေတင်လျက် လှည်းချွတ်ကာ နားကြစားကြနှင့် ယခုမှာမူ မီးလောင်တိုင်ငုတ်နှင့် ဘူတာအဆောက်အဦ ပြာကျနေသည်။

သည်ဘူတာမှ မီးရထားစီးလျှင် ပဲခူးသို့ရောက်၏။ ပဲခူးရောက်လျှင် အေးတော့သည်ဟု စိတ်ကူးယဉ်သမျှ အချည်းအနှီး ဖြစ်ရလေတော့သည်။

"ဟော့ မပြေးနဲ့၊ ရပ်လိုက်စေး.."

တစ်ခေါ်သာသာမှ ခပ်ဝဲဝဲအော်၍ အမိန့်ပေးသံကိုကြားရရာ ခေါင်းများကြီးသွား၏။

"လုံးတင်ရေ မြန်မြန်ဟော့" ဟု ပြောရင်း ကြောက်အားလန့်အားနှင့် သုတ်ခြေတင်ကြပြန်သည်။ ထိုအခိုက် ဖန်းဟူသော ရိုင်ဖယ်သံနှင့်အတူ ကိုသံချောင်း ရှေ့သို့ ဟပ်ထိုးလဲကျသွား၏။ ဘယ်ဘက်ကျောပြင်၌ အပေါက်ကြီးသည် ရှေ့ရင်အုံသို့ပင် ဖောက်ထွက်သွားလေပြီ။ အေးမှီကလေးကား ခါးထစ်ခွင်ရာက လျှောကျသွားသဖြင့် အသက်လွတ်သွား၏။ "လုံး.. လုံးတင် ပြေး ပြေး...အီး" ကိုသံချောင်း ထိုမျှသာပြောနိုင်ပြီးလျှင် အသက်ပျောက်သွားရှာသည်။

"အမယ်လေး ကိုသံချောင်းရဲ့၊ ကျုပ် ဘယ့်နှယ့်လုပ်ရမလဲ.. အမေတို့ရဲ့"

ကလေးငယ်အားချကာ လင့်အလောင်းကို ပွေ့ဖက်ကာ ငိုကြွေးနေ၏။ တစ်ဖန် ဘေးရန်ရှိသေးသဖြင့် မတ်တတ်အရပ်လိုက်၊ ရိုင်ဖယ်သံတစ်ချက်နှင့် အတူ မလုံးတင် လင့်အလောင်းဘေးတွင် ပက်လက်လန်လဲကျကာ မျက်စိမှိတ်၍ အသက်ရှုရပ်သွားရှာတော့သည်။

ကိုခွေးကလေးကား ဘာမျှမသိ၊ တစ်လမ်းလုံး ဆာနေသဖြင့် အပေါ်အင်္ကျီတစ်ထပ်တည်းသာ ဝတ်ထားသော မိခင်၏ရင်နို့ကို အင်္ကျီမပြီး ကုန်းစို့နေရှာသည်။ ပူပူနွေးနွေး ဖြစ်သဖြင့် နို့ထွက်နေဆဲ၊ အားပါးတရစို့စဉ်၊ အေးမှီကား မနေ့ညက သူ့အမေလုပ်ပြလို့ သေတယ်ဆိုတာ နားလည်ပါပြီ။ သူ့မိခင်ခေါင်းက လွတ်ကျနေသော အထုပ်ကလေးကို သူ့ခေါင်းပေါ်သို့ တင်လိုက်၏။

"မောင်လေး..ချီချီ အစို့နဲ့တော့၊ မေမေတေပြီ၊ လာလာ တွားကြစို့"

ခလေးငယ်၏ လက်တစ်ဖက်ကို ကုန်းလှမ်းဆွဲယူလိုက်သည်။ ထို့နောက် အေးမှီက အထုပ်ကလေးရွက်လျက် မောင်ကလေးအား လက်တစ်ဘက်ကဆွဲပြီးလျှင် မနေ့ညနေက ကစားသလို ခရီးသွားနေရှာသည်။ ယှဉ်လျက်ရှိသော အလောင်းနှစ်လောင်းကား မနေ့ညနေကကဲ့သို့ "ဟဲ့ မကစားနဲ့" လို့ မပြောနိုင်။ အေးမှီကလေးမှာ ဘယ်ဝယ်မြောက်တောင်၊ တယောင်ယောင်နှင့် မောင်ကလေးလက်ဆွဲကာ သွား၍နေရှာသတည်း..။ ။

သွေးသောက်မဂ္ဂဇင်း၊

(၁၉၅၂) ခု၊ ဇူလိုင်လ ။

## ၁၉။ သေတွင်းထွက်

အမှာစာ

မဟာဆွေ၏ မဟာဆွေဝတ္ထုကို သွေးသောက်ဖိုးပြည့်စုံက တာဝန်ခံကာ စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေပေးမည်ဆို၍ မဟာဆွေမွေးသည်မှ ကျောင်းထွက်သည်တစ်ပိုင်း၊ ကျောင်းဆရာဘဝတစ်ပိုင်း၊ ကလောင်သမားဘဝတစ်ပိုင်း၊ သုံးပိုင်းခွဲ၍ ရေးသားခဲ့ရာ၊ ကလောင်သမားဘဝ နောက်ဆုံး လက်စသတ်ကော်ပီကို မြန်မာသက္ကရာဇ် (၁၃၁၄) ခု၊ သီတင်းကျွတ်လဆုတ် (၁၁) ရက်၊ (၁၄-၁၀-၅၂) ၊ အင်္ဂါနေ့တွင် ပေးအပ်ခဲ့ပါသည်။ ကိုယ်တိုင် အတ္ထုပ္ပတ္တိရေးသားရာ၌၊ တတ်နိုင်သမျှ လိုရင်းနှင့် ခပ်ကျဉ်းကျဉ်း ကလောင်သွားခဲ့သည့်တိုင်အောင်၊ (၂၂ ) ဖောင်၊ (၂၃) ဖောင်၊ (စာမျက်နှာ ၃၅၀ကျော်၊ ၃၇၀ နီးပါး) လောက် ဖြစ်၍သွား၏။

အခြားတစ်နည်းအားဖြင့် အတ္ထုပ္ပတ္တိနှင့် အကျုံးဝင်သော စာအုပ်ဝတ္ထုစသည်တို့ ရေးသားခဲ့ဖူးရာ ထိုအချက်အလက်များကို လုံးချင်း အတ္ထုပ္ပတ္တိကြီး၌ ချန်လှပ်ထားခဲ့ပေသည်။ ဥပမာ မဟာဆွေ၏ ဘဝလမ်းတာ အချစ်နှင့်ပတ်သက်လျှင်၊ မဟာဆွေ၏ "ချစ်ရေးကြိုက်ရေး" ဟု စာအုပ်တစ်အုပ် ရေးသားခဲ့၏။ ကျောင်းသား သတင်းစာတိုက် ဒေါ်မမခင် အင်အက်စီ (ချီကာဂို) က တစ်အုပ်(၂) ကျပ်နှင့် ထုတ်လုပ်ရောင်းချပေး၏။ စာမျက်နှာမှာ (၈၀) ကျော်မျှ ရှိသော်လည်း ဉာဏ်ပူဇော်ခ (၈၀၀) ကျပ် ချီးမြှင့်ပါသည်။ စစ်ပြေးဘဝဆိုလျှင် 'ငါ ဘယ်သူလဲ' ဟူသော စာအုပ်ငယ်တွင် ရေးသားခဲ့၏။ ချစ်ရေးကြိုက်ရေးတွင် ပါဝင်သော မိန်းမပျိုများ၏ အမည်များမှာ အချို့ကာယကံရှင်များ၊ အသက်နှင့် ရှိနေသေးသဖြင့် သူတို့၏ဂုဏ်ကို ငဲ့ကွက်ကာ ပြောင်းလွှဲရေးခဲ့ပါသည်။

ဂျပန်ခေတ်၊ ပုလိပ်ရောဂါကြောင့် ဗဟန်း ဦးအရိယတိုက်ထဲ၊ သွပ်ပြားကာအတွင်း၊ အတော်ကြာနေရသော ဒုက္ခကို ဂျိုကာနစ်ကောင်ဝတ္ထုတွင် ဖော်ပြခဲ့၏။ တစ်ဖန် ဂျပန်ပုံးကြဲစဉ်က ခွေးနစ်ကောင်နှင့် ဒုက္ခရောက်ပုံကို ရှုမဝမဂ္ဂဇင်း၌ သံယောဇဉ်ဆိုတာ ဟူသော ဝတ္ထုဖြင့် ဖော်ပြခဲ့၏။ အရက်သမားဘဝ ရောက်ရှိလာပုံကို ဖိုးမောင်မောင်ဝတ္ထုတွင် ဖော်ပြခဲ့လေပြီ။

ယခုဖော်ပြလတ္တံ့သော အတ္ထုပ္ပတ္တိအဆက်ကား အတ္ထုပ္ပတ္တိကြီးတွင် ထည့်သင့်မထည့်သင့် စဉ်းစားရင်း ဝေခွဲမရသည်နှင့် ချန်ထားခဲ့ပါသည်။ ထပ်မံစဉ်းစားသောအခါ လူတစ်ယောက်၏ ဇနပ္ပတ္တိ၌၊ ကောင်းတာဖြစ်ဖြစ်၊ ဆိုးတာဖြစ်ဖြစ် အဆိုးဆုံးဖြစ်ဖြစ် မထိန်မဝှက် ရေးသားသင့်သည်ဟုထင်ကာ သွေးသောက်မဂ္ဂဇင်းမှ ၊ အဖြည့်သဘော ရေးသားရခြင်း ဖြစ်ပါသည်။

***

စစ်ကိုင်းမြို့ မင်းစံရပ်ကွက်ကား၊ ရေဝင် မြေတစ်ပိုင်း၊ ကုန်းတစ်ပိုင်း ရပ်ကွက်ဖြစ်၏။ ဝါဆိုဝါခေါင် ဧရာဝတီမြစ်ရေး လျှံတက်သောအခါ မြေနိမ့်မြစ်ဆိပ်နှင့် နီးသောဘက်တွင် ရေဝင်၍၊ ကုန်းမြင့်ပိုင်း၌မူ ရေမဝင်ချေ။ သို့ရာတွင် အားလုံးပင် လေ၊ သမှာန် စသည်တို့ဖြင့် မြစ်ဘက် ရေသန့်ရာဘက်သို့ ရေချိုးကြ၊ အဝတ်လျှော်ကြ၊ သောက်ရေသုံးရေခပ်ကြနှင့် နှစ်စဉ်ဝတ္တရား ဖြစ်နေကြသည်။

ဘဆွေမှာ မွေးလျှင်မွေးခြင်း၊ မိဘစီးပွားတက်သည်။ ဖခင်ကိုအောင်ငြိမ်းနှင့် မိခင်မမြင်က ပိုမိုချစ်ခင်ကြသည်။ ဖြူဖြူဖွေးဖွေး ဝဝတုတ်တုတ်မို့ မိဘမချီပိုးရ။ ဆွေမျိုး၊ မောင်နမနှင့် အခြားသူများလက်တွင် ခါးထစ်ခွင်ချီခြင်းဖြင့် ကြီးပြင်းလာရသည်။ အဝတ်သန့်သန့်ပြန့်ပြန့်နှင့် သိပ်လျှင် ပက်လက်ကလေး အိပ်နေတတ်သဖြင့် ကြီးပြင်းလာသောအခါ ခေါင်းပြားတော့၏။

(၁၀) လအရွယ်တွင် ခြေမနိုင့်တနိုင်နှင့် မတ်တတ်သွားစပျိုး၍ စကားလည်း မပီကလာပီကလာ ပြောတတ်လာ၏။ 'ဘဆွေလေး' 'ဟင် ညာ' ဟု ထူးသည်ကိုပင် နားထောင်၍မငြီး ဖြစ်ကြသည်။ ငယ်ငယ်က မတ်တတ်သွား၊ ငယ်ငယ်က စကားပြောသဖြင့် အရပ်ပညာဆရာကြီး ဦးအယ်ပုက ဒီကောင်ကြီးရင် ထူးထူးခြားခြား ဉာဏ်ကောင်းမည်ဟု နိမိတ်ဘတ်၏။ ဘုရားလောင်းဆိုလျှင် မွေးမွေးချင်း လမ်းသွား၊ မွေးမွေးချင်း စကားပြောသည်ဟု အကြောင်းပြသည်။

ဘဆွေမှာ မဟာဘုတ်ဗေဒင်အလိုအရ မရဏဖွား သောကြာအဓိပတိ ရသူဖြစ်၏။ မရဏဖွားဖြစ်လျှင် ငယ်စဉ်က သေတတ်၏။ မသေကျန်က မင်းလောင်းဟု ဆိုးရိုး၏။ သည်ဟာကို ဘဆွေ၏မိဘများက ယုံကြည်ကြ၏။ သားငယ်ကလေးအား အစားအသောက် အနေအထိုင် အစခပ်သိမ်း ဂရုစိုက်ကြ၏။

ဧရာဝတီ မြစ်ရေကျသွားချိန်၊ နံနက်ခင်း မွန်းမလွဲခင်၌၊ အိမ်ဖနီးသည်များ၊ သမီးပျိုများသည် မြစ်ကမ်းတွင် အဝတ်ဖွတ်လျှော်လေ့ ရှိကြ၏။ ဒိုဘီခေတ်မစားသေး၊ စောင်စသော အထည်ကြီးများဆိုလျှင် တစ်ထည် (၂) ပြားတစ်ပဲနှင့် အငှားဖွတ်ပေးသူများသာ ရှိကြသည်။

အသက်(၂၅) နှစ်ခန့်၊ အသားဖြူဖြူ ရုပ်ရည်သန့်သန့် မိန်းမတစ်ယောက်သည် သားငယ်နှစ်ယောက်၊ သမီးငယ်တစ်ယောက်၏ အဝတ်များကို ဖွတ်လျှော်နေ၏။ (၁၀) လအရွယ် သားငယ်ကလေးမှာ မိခင်၏ကျောကိုကိုင်လျက် မတ်တတ်ရပ်နေ၏။

"ဘဆွေ၊ အမေ အဝတ်ဖွတ်နေတယ်၊ ဟိုနား သွားထိုင်နေစမ်း"

ကလေးသည် မိခင်ကျောမှခွာခဲ့ကာ၊ ကမ်းစပ်တစ်နေရာတွင် ဆော့၍နေသည်။ သူ့ခြေကို သူနိုင်ပြီဟု ထင်သော်လည်း မနိုင်သေးချေ။ တစ်ခါတစ်ရံ ဖင်ထိုင်လဲကျသွားတတ်၏။ ရေလှိုင်းကလေးများကလည်း ကမ်းစပ်သို့ တိုက်ခတ်ကာ ဧရာဝတီမြစ်ကြီး၏ နဖူးရေကို တိုးလိုက်လျှော့လိုက် တင်းလိုက်ဖြစ်အောင် လုပ်နေကြသည်။

"မမြင်.. မမြင် ကလေး ရေနစ်နေပြီ"

အခြား အဝတ်ဖွတ်နေသော မိန်းမအချို့က ကျယ်လောင်စွာ အထိတ်တလန့်အော်လိုက်မှ လက်ထဲကအဝတ်ကို ချထားကာ၊ သားချစ်ကလေးအား ကြည့်၏။ ဘယ်မှမမြင်။ မျက်လုံးပြာလောင်ခတ်သွားကာ၊ ဟိုသည်ရှာနေသည်။

"တော့်နောက် (၂) တောင်လောက် ရေထဲမှာ"

"အမလေး ကျုပ်သားလေး ရေတိမ်နစ်ပေ့ါ"

မမြင်သည် ငိုလည်းငို၊ သားကလေးကိုလည်း ခြေတစ်လှမ်းထဲနှင့် ငုံ့ထအကြည့်၊ ဧရုံ့ပြေးပက်လက် ဖြစ်နေသည်ကို မြင်ရ၏။ ချက်ချင်း ပွေ့ယူလိုက်သည်။ "သား..သား " နှင့် ငုံ့ကြည့်လိုက်သောအခါ...

"အမေ...အနော် ရေအတောက်ဖူး"

ဘဆွေက ရှိုတတ်သည်။ ကမ်းစပ်မှ ရေနောက်နေ၏။ သူ့အား ဆပ်ပြာခွက် (ကြေးဖလား) ပြောင်ပြောင်လက်လက်နှင့် ရေသန့်သန့် တိုက်ရသည်။ မသန့်လျှင် သောက်လေ့မရှိ။ ဝမ်းထဲရေဝင်လျှင် သေတတ်သည်ဟု နားလည်၍မဟုတ်။ ရွှံ့ဗွက်ရေကို ရွံသဖြင့် ပါးစပ်ပိတ်ထားသည်။ အချိန်ကလည်း မိနစ်ပိုင်းအတွင်း၊ ဆယ်ယူမိသဖြင့် လက်မတင်ကလေး အသက်ချမ်းသာခဲ့ခြင်း ဖြစ်သည်။

***

"ငိုမနေပါနဲ့ မမြင်ရယ်၊ ဒါကလေးတွေကုန်သွားရင် ရှင့်သား သက်သာလာမှာပါ"

အသက်(၂၉) နှစ်ခန့် မိန်းမတစ်ယောက်က တရှုံ့ရှုံ့ငိုနေသည်ကို အသက်(၂၁) နှစ်ခန့် မိန်းမ ဖြူဖြူချောချောက အားပေးစကား ပြော၍နေခြင်း ဖြစ်၏။ သူတို့၏အနီးတွင် အသက်(၃) နှစ်ကျော်၊ ယောက်ျားကလေးမှာ ပက်လက်ကလေး ဖြစ်နေ၏။ ပိန်ချုံးလျက် နံရိုးကဲ့ကဲ့နှင့် တစ်ချီတစ်ချီ နှုတ်မှ အသံသဲ့သဲ့ဖြင့်...

"အမေ လုပ်ပါဦး" ဟု အကူအညီတောင်းနေသည်။

ဒူးဆစ်အထက်မှ ပေါင်ချန်အထိ အနာများမှာ အပ်ချစရာမရှိ။ မဲညိုကာ တစိုစို ဖြစ်နေသည်။

"မမြစ် ညည်းလည်း ညောင်းလှပြီ၊ ငါ့သားကလေး ဒီတောင်ကမှ တက်ပါဦးမလား"

"ဆွေမျိုးတွေ တစ်လေ့ကြီးနဲ့၊ ဘာလို့လျှော့ရမှာလဲ"

ကလေး၏ရောဂါကား ယားနာအစိုဖြစ်၏။ ရေကြီးချိန် လေ့စီး၍ဆော့ခဲ့သော ဘဆွေ၊ နံနက်ထမင်းစားပြီးမှ ညနေထမင်းစားခါနီးအထိ အကြီးတွေနှင့် လှေကစားလိုက်၏။ တစ်နေ့တစ်ရက်မဟုတ်၊ ရေမကျသ၍၊ အိမ်ကြိုအိမ်ကြားပေါင်းစုံ၊ မီးဖိုချောင်က အညစ်အကြေးများအပြင်၊ ချီးသေးလည်း အိမ်ပေါ်က ယိုပေါက်ကြသဖြင့် ညစ်ပတ်သော ရေတစိုစိုက၊ ယားနာစိုဖြစ်သည့်ဘဝအထိ ခံစားနေရခြင်း ဖြစ်သည်။

အဝတ်နှင့် အထိမခံနိုင်သဖြင့် ငှက်ပျောဖက်ကို အဝတ်ပေါ်က ခင်းပေးရ၏။ ပေါင်နှစ်ဖက်စလုံး အပ်ချစရာမရှိသည့်အထဲ၊ အနာတိုင်း လောက်ကောင်ကတဖွားဖွား မြင်မကောင်း ဖြစ်နေသည်။ အဒေါ်မမြစ်က လောက်ကောင်များကို ဇာဂနာနှင့် တစ်ကောင်ပြီးတစ်ကောင် နှုတ်ယူကာ ထွေးခံထဲ ချနေ၏။

"အမေ ယားတယ် ယားတယ်"

"အေး ခြင်ကိုက်တာဟ ဘဆွေရ၊ အဒေါ် မောင်းနေပါတယ်"

ယပ်တောင်နှင့် ခပ်ပေးရင်း၊ ဇာဂနာနှင့် နှုတ်၊ မမြင်ကတော့ ငိုဖို့သာ တတ်သည်။ ဆရာတွေက လက်လျှော့ထားကြပါပကော။

မမြစ်ကား ဉာဏ်ရှိ၏။ လောက်ကောင်တွေ အကုန်သေက ကလေးသက်သာမည်။ လောက်ကောင်တွေ သေအောင် ဘယ်လိုလုပ်ရမည်ကိုလည်း နားလည်၏။ ကလေးခံနိုင်ရှာမည် မဟုတ်။ နောက်ဆုံး တူမတွေအားခေါ်ကာ လူနာကလေး၏ ဟိုဘက်သည်ဘက် လေးယောက်စီထိုင်ကြကာ ဇာဂနာကိုယ်စီနှင့် လောက်ကောင်တွေအား ထုတ်ယူကြသည်။ နံနက်မိုးလင်းမှ ထမင်းစားချိန်လောက်နားပြီး ညနေ နေဝင်ချိန်ကျတော့မှ လောက်ကောင်ကုန်၍ ဆေးထည့်နိုင်သည်။ ဘဆွေကလေး တစ်နေ့တစ်ခြား သက်သာလာတော့၏။ ဘယ့်လောက်ဆိုးသည့်ရောဂါဟူမူ၊ ပေါင်နှစ်ဘက် အကွက်အကွက် ညိုမဲနေရာ အသက်(၂၀) ကျော်မှ ထိုအကွက်များ ပျောက်သွားသည်။

"မင်း ငယ်ငယ်တုန်းက အဒေါ်ဖြင့် ဇက်နဲ့လက်များ အန်သေလို့ ... ယားနာလောက်တွေ ထုတ်လိုက်ရတာ"

ဘဆွေ ကြီးပြင်းလာသောအခါ အဒေါ် ဒေါ်မြစ်က စကားစပ်မိတိုင်း ပြောလေ့ရှိ၏။ ဘဆွေ ရန်ကုန်သို့ ပြောင်းရွှေ့လာ၍ အညာတွင် ဘယ်ဆွေမျိုးရင်းခြာ သေဆုံး၍မှ ၊ ကိုယ်တိုင်မသွား၊ ငွေကြေးပေးပို့ ကူညီခဲ့၏။ (၁၉၃၉) ခု ဘုန်းကြီးလမ်း၌ နေစဉ်၊ ညနေ(၄) နာရီသာသာ "ဒေါ်မြစ်ဆုံးပြီ" ဟူသော ကြေးနန်းရသောအခါ၊ ဘဆွေ အရက်မူးမူးနှင့် ကြုံကြုံပါအောင် ငိုတော့၏။ မီးရာရထားနှင့် စစ်ကိုင်းသို့ လိုက်ပြေးကာ၊ ကောင်းစွာ ကူညီသင်္ဂြိုဟ်၏။

အဒေါ်၌ ကျန်ရစ်သော သားသုံးယောက်၊ သမီးတစ်ယောက်၊ သင်းမောင်(ယခုကွယ်လွန်သွားပြီ)၊ စောမို၊ စိန်မောင်(ယခု ပုသိမ်ထောင်မှူးလေး) ထွေးမောင်(ယခု တပ်မတော်) တို့အား မင်းတို့မိဘ မရှိပကောလို့ အားမငယ်ကြနဲ့၊ စိန်မောင်နဲ့ ထွေးမောင်ကို အစ်ကိုကြီး ကောလိပ်ပညာအထိ သင်ပေးမည်ဟု အားပေးစကား ပြောကာ ရန်ကုန်သို့ပြန်ခဲ့၏။

***

"ကိုငြိမ်း.. ရှင့်သားသမီးတွေက ဆော့ပါဘိသနဲ့၊ ဒီ ဝရန်တာတစ်ချောင်း မြန်မြန် အစားလဲတပ်ထားဦး၊ ဝရန်တာပေါက်မှ ကျမှဖြင့် မသက်သာဘူး"

"အေးပါ မယ်မြင်ရာ၊ ငါလည်း တပ်မလို့ဟာ၊ ပျဉ်ဆိုင်နားရောက်မှ မေ့မေ့လာခဲ့တယ်"

ဦးကြာဖူး ဒေါ်အိုကြီး၏သား ကိုအောင်ငြိမ်း(၁၉) နှစ်သား၊ ပြည်လုံးအုံ့(သာစည်) ရပ်သူ မမြင်(၁၇) နှစ်တွင် အကြောင်းပါကြပြီးနောက် ကျွန်းတိုင်ကြီးများနှင့် လေးဆောင်ပြိုင်အိမ်ကြီးတွင် မိဘများနှင့် အတူ နေထိုင်ကြရာမှ သားဦးကလေး မောင်ဘစိန် မွေးဖွားပြီးနောက် အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေမည်ဟု လေးဆောင်ပြိုင်အိမ်ကြီး၏နောက်ဘက်တွင် သုံးခန်းပတ်လည် ပျဉ်ခင်း ဝါးထရံကာ ဝါးကပ်မိုး အိမ်တစ်ဆောင်ဆောက်၏။ ကိုအောင်ငြိမ်းက ရန်ကုန်သို့ ထွက်ပြေးဖူး၍ ဝရန်တာများကို မြင်ဖူးကာ စိတ်ကူးယဉ်ယဉ်နှင့် အခြားအိမ်များနှင့်မတူ၊ အိမ်ရှေ့ဘက် မျက်နှာစာဘက်တွင် ဝရန်တာထည့်ထား၏။ တစ်လက်မ လေးထောင့်တိုင်ကလေးများကို တစ်တိုင်နှင့်တစ်တိုင် (၆) လက်မလောက် စိုက်ကာထားရာမှ၊ တောင်ဘက်၌ တစ်တိုင်ကျိုးနေသဖြင့် ပြောခြင်း ဖြစ်သည်။

တစ်ညနေ(၄) နာရီသာသာအချိန်၌ အသက်(၆) နှစ်အရွယ် မစိန်းမေနှင့် (၄) နှစ်အရွယ် မောင်ကလေးဘဆွေတို့ စောင်ကြီးတစ်ထည်စီ ခေါင်းမြီးခြုံကာ လေးဘက်ထောက်လျက်၊ ဆင်ဝေ့တမ်း ဝရန်တာတွင် ကစားနေကြ၏။ မစိန်းမေက မြောက်ဘက်က၊ ဘဆွေက တောင်ဘက်က ဖြစ်၏။ မစိန်းမေက ဘဆွေထက် အားကောင်းသည့်အပြင်၊ ဒေါသလည်း ကြီးတတ်၏။ ဘဆွေက ခေါင်းနှင့်ဝှေ့လိုက်ရာ တစ်လှည့် သူဖင်ထိုင်ကျသွား၏။ နောက်တစ်လှည့် သူက တအားဝှေ့တိုးရာ ဘဆွေက နောက်ဆုတ်နောက်ဆုတ်နှင့် ဖြစ်နေရာက ဝရန်တာကျိုးသောအပေါက်မှ အောက်သို့ကျသွားသည်။

"ဟော .... ကလေးသေပါပြီ.."

အိမ်၏တောင်ဘက် ကုတင်ကြီးတစ်ခုပေါ်တွင် ယောင်းမများနှင့် ဝိုင်းဖွဲ့စကားပြောနေကြရာမှ မမြင်၏အော်သံဖြစ်၏။ အားလုံးထပြေးလာကြ၏။ မြေပြင်နှင့် (၇) ပေကျော်ကျော်မြင့်သဖြင့် ဦးခေါင်းနှင့် ဖောက်ထိုးကျက ဇက်ကျိုးသေမည် ဖြစ်၏။ လူကြီးများ ဘဆွေအနီးသို့ ရောက်သောအခါ မြေပြင်တွင်ထိုင်လျက် ဘာမှုမဖြစ်။ လူကြီးတွေကိုသာ "စိန်းမေတိုက်ချတာ" ဟု တိုင်နေ၏။ အလိုက်သင့်ကျပြီး စောင်ကလုံးထွေးကာ၊ အောက်ကခံနေသောကြောင့် အနည်းငယ်မျှ မနာကျင်။ အရမ်းလုပ်ရသလားဟု မစိန်းမေကိုသာ ကျောပြင် (၃-၄) ချက် အရိုက်ခံရသည်။

***

"နင်တို့ တယ်မိုက်တဲ့ကောင်တွေပါလား ဟင်"

အသက် (၈) နှစ်၊ (၉) နှစ်ခန့်၊ ဆံရစ်ဝိုင်း ရောင်ပေစုနှင့် ဘုန်းကြီးကျောင်းသားကလေး နှစ်ယောက်အား သက်တော်(၅၀)၊ ဝါတော်(၃၀) ခန့် ဘုန်းတော်ကြီးက ကြိမ်းဝါးနေခြင်း ဖြစ်၏။

"နဘမ်းလုံးသတ်နေကြတာ ဘယ်သူလဲဆိုရင် ဘဆွေနဲ့ ဘဦး၊ လက်ဝှေ့ထိုးနေကြတာ ဘယ်သူလဲဆိုရင် ဘဆွေနဲ့ ဘဦး၊ အခုကြည့်စမ်း၊ အိုးခြမ်းပွဲနဲ့ ပစ်ခတ်နေကြတယ်။ မျက်လုံးမျက်ဆန်များမှန်ရင် မကန်းပါလား"

ဘဆွေ၏ ဘယ်ဘက်ပခုံးစွန်းတွင် တစ်လက်မခန့်အစင်းနှင့် သွေးစို့နေသည်။ ဘဦး၏ရင်ဘတ်နှင့် ဘယ်ဘက်ပါးတွင်လည်း သွေးများစို့နေသည်။ ဘဆွေက ငယ်ငယ်ကတည်းက ပေတတ်သည်။ မင်းစံရပ် ကမ်းနားမြစ်ရေကျသွားသောအခါ ရွှံ့ဗွက်တွေထူ၏။ ရွှံ့နှင့် စစ်တိုက်တမ်း ကစားသဖြင့် မျက်နှာရင်ဘတ် ရွှံ့လုံးမှန်၍ ပေကျံနေသည်။ လက်တွက်တမ်း ကစား၏။ ၎င်းမှာ လက်မ လက်ခလယ်နှစ်ခု လက်သဲနှင့် တစ်လှည့်စီ လက်ခုံကိုတွက်ရခြင်း ဖြစ်ရာ၊ လက်ခုံတစ်ခုလုံး သွေးခြင်းခြင်းနီ၍ အရေခွံများ ပွဲနေတတ်သည်။ ကန်ချာကစားရာ၌လည်း ရှုံးသူက ကျောက်ပေသီးဒိုးနှင့် လက်ခေါက်အပစ်ခံရခြင်း ဖြစ်ရာ လက်ခလယ်အရင်းနှင့် လက်ခွံများ နီရဲအောင် ကစားဖူး၏။

ယခုလည်း သူနှင့်ပေဘက်၊ ဘုန်းတော်ကြီး အမိန့်ရှိသလို ကစားကြရာ ဘုန်းတော်ကြီး ကျောင်းပေါ်ကမြင်သဖြင့် ရိုက်နက်ဆုံးမရန် ခေါ်လိုက်ခြင်း ဖြစ်၏။ တစ်ယောက်လျှင် ကြိမ်လုံးနှင့် သုံးချက်စီ အရိုက်ခံရပြီး ဘဆွေနှင့် ဘဦးမှာ တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ကာ ကျောင်းမှဆင်း၍ လာကြသည်။ သူတို့ကား တစ်ဦးနှင့်တစ်ဦး မမုန်းကြ။

ဘဦးက ဘဆွေထက် တစ်နှစ်ကြီး၏။ အလွန်ခင်မင်သော သူငယ်ချင်းဖြစ်ရာ ဘဆွေ အောင်ပင်လယ်ရွာက ပြန်သည်ရှိသောအခါ လည်ပင်းဖက်၍ ငိုရှာသည်။

ကိုအောင်ငြိမ်းနှင့် မမြင့်မှာ သားသမီး(၄) ယောက်ရမှ အကြီးအကျယ် စကားများကြ၏။ မမြင့်က မိန်းမအေးဖြစ်သော်လည်း တစ်ခါတစ်ရံ အလွန်ဒေါသ ကြီးတတ်၏။ ကိုအောင်ငြိမ်းကလည်း လက်မြန်ခြေမြန်ရှိသဖြင့် ရိုက်နက်ရာကအစ စိတ်ဝမ်းကွဲပြီးလျှင် မမြင့်သည် ကိုအောင်ငြိမ်းမသိအောင် သားသမီး(၄) ယောက်နှင့် မန္တလေးအရှေ့ အောင်ပင်လယ်ရွာသို့ ထွက်ခွာလာခြင်းဖြစ်၏။

သားအကြီး မောင်ဘစိန် (၁၃) နှစ်၊ မစိန်းမေ(၁၀) နှစ်၊ ဘဆွေ(၈) နှစ်၊ စိန်းမြ အငယ်ဆုံး(၅) နှစ်တို့အား အောင်ပင်လယ်ရွာတွင် တစ်ပင်တိုင်မုန့်တီရောင်းပြီး ကျွေးသည်။ တစ်နှစ်ကျော်အကြာ သားအကြီး ကိုဘစိန် (၁၄) နှစ်သား ပလိပ်ဝမ်းရောဂါနှင့် ဆုံးရာ၊ ကိုအောင်ငြိမ်းသိရှိပြီး သားမယားများကို စစ်ကိုင်းသို့ ပြန်ခေါ်သွားခြင်း ဖြစ်သည်။

ဘဆွေမှာ သုံးတန်းပညာ သင်ကြားနေဆဲဖြစ်၍ အောင်ပင်လယ်ရွာ ဝါဆိုကျောင်းတွင် ဆက်လက်ပညာသင်ကြားစေ၏။ ထိုကျောင်းမှာ အစိုးရအသိအမှတ်ပြု လောကဓာတ် (၄) တန်းကျောင်းဖြစ်ရာ ဘဆွေက ပညာမဆည်းပူးရ၊ ပညာတော်သဖြင့် လက်ထောက်ဆရာအဖြစ်နှင့် တစ်တန်း နှစ်တန်း ကူညီပြသရ၏။ နှစ်စေ့၍ ဆုငွေထုတ်သောအခါ အဝတ်အထည်နှင့် ငွေများခွဲဝေပေး၏။

အောင်ပင်လယ်ကန် ရေကျလျှင်၊ လယ်ကေများစွာ စပါးစိုက်ကြ၏။ ကောက်စိုက်ကောက်ရိတ် လိုက်နေရသည်မှာ တပျော်တပါး၊ ကောက်ညှင်းပေါင်းပွဲဖြင့် လူကြီးတွေနှင့် စားရသည်။ ရေကြီး၍ ကြာပွင့်လျှင် ကြာဖူးကြာစေ့ စိမ်းစိမ်းလတ်လတ် စားရ၏။ ရေကျ၍ခြောက်လျှင် ကြာစေ့ကောက်ရသည်မှာ မမောနိုင်။ အခွံနက်မာအတွင်းက အရသာရှိသော ကြာဆံများ စားရသည်။

နွားကျောင်းလည်း လိုက်တတ်၏။ ဒေါ်မြင့်၏ ဝမ်းကွဲအစ်ကို ဘကြီးစိုးက ဘဆွေအား အလွန်ချစ်သည်။

"ဟဲ့ ဘဆွေ နင်စီးရင် စာဥကြီးစီးနော်၊ နင် နွားကောင်းကောင်း မစီးတတ်ဘူး၊ စာဥကြီးက လိမ္မာတယ်"

စာဥကြီးနှင့် ဘဆွေ ထိုနေ့ကစ၍ မိတ်ဆွေဖြစ်ကြ၏။ ဖြီးနေအောင်ဝ၍ အလွန်သန်မာတောင့်တင်းသော နွားကြီးဖြစ်၏။ ထူးဆန်းပုံမှာ ဘဆွေက နွားကြီး၏ကျောပေါ်သို့ ရောက်အောင် ခုန်လွှား၍ မတက်တတ်။ စာဥကြီးက ဆင်များလို ခြေလေးဘက် ညွှတ်မပေးတတ်သော်လည်း ရှေ့လက်နှစ်ဘက်ကို ညွှတ်၍ပေး၏။

တစ်ညနေတွင် ဘဆွေသည် အောင်ပင်လယ်ကန်မှ စာဥကြီးကိုစီးပြီးလျှင် စာဥကြီးနှင့် အပေါင်းပါ နွား(၉) ကောင်(၁၀) ကောင်နှင့် နွားကျောင်းသားစတိုင် ဟန်ပါပါ ပြန်၍လာခဲ့၏။ ရေအိုင်တစ်ခုသို့ ရောက်သောအခါ အခြားနွားတစ်အုပ်က အပြေးလာကြကာ၊ ရေသောက်ရာကအစ အချင်းချင်း နှောင်ရိုန်ကြတော့၏။ စာဥကြီးက သူ့ကျောပေါ်တွင် ဘဆွေပါသဖြင့် ခုန်ပေါက်ခြင်းမပြုဘဲ ခပ်ညှာညှာခံ၍ ဇော့နေသည်။ စာဥကြီး အပေါင်းအဖော်များကမူ ခပ်ကြမ်းကြမ်း အော်နေသဖြင့် တစ်ချိန်၌ စာဥကြီး နောက်ဆုတ်လာသော အကောင်ကြီးကို အရှောင်လိုက် ဘဆွေ စာဥကြီး၏ကျောပေါ်မှ လိမ့်ကျသွားသည်။ ဘကြီးစိုး သားသမီးများလည်း ပါလာကြရာ..

"ဟဲ့...ဟဲ့..ဘဆွေ လိမ့်ကျသွားပြီ" ဟု နွားများကို တံပြာနှင့် ရိုက်ကာ ခွဲနေသည်။ စာဥကြီးကား နေရာမှမရွေ့၊ လေးဘက် ခပ်ကားကားခွထားကာ အခြားနွားများ ဘဆွေအား မနင်းမိအောင် ကာကွယ်ထား၏။ စာဥကြီးကသာ

ထိုသို့လုပ်မထားပါက၊ နွားနင်း၍ သေမည်ကား မလွဲ၊ လူကြီးများက စာဥကြီးအောက်မှ ဘဆွေအားဆွဲထုတ်၍ ကျောပေါ်တင်ပေးလိုက်လျှင် ရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်၍လာနိုင်ခြင်းဖြစ်သည်။

***

"ဒို့ပြင် ဘယ်သူပါသေးသလဲ၊ ပြောစမ်း"

အရပ်ပုပု၊ ကိုယ်လုံးသေးသေး၊ မဏိတော် လုံးလုံးသေးသေး၊ ဘုန်းတော်ကြီး ဦးသီလက ကျောင်းသားတရားခံအချို့အား ကြိမ်စာကျွေးရန် အရပ်ခိုင်းထားပြီး လူလိုသေးသည်ထင်၍ ထပ်မံမေးမြန်းတော်မူခြင်း ဖြစ်သည်။

ပိုးသက်န်းနှင့် ရွှေတံဆိပ်ရ၊ ရွှေတောင်ဦးကျောင်းအုပ် ဦးသီလဆိုလျှင် အထက်မြန်မာပြည်မှ မသိသူမရှိချေ။ (၁၅) နှစ်သားအရွယ် ရေနစ်ဖူးရာ၊ သူများကယ်သဖြင့်၊ ရွှေတောင်ဦးမော်နားတွင် အသက်ချမ်းသာရာရ၏။ ထိုအရွယ်ကစ၍၊ ရွှေတောင်ဦးမော်တောင်ပေါ်၌ သင်္ကန်းဝတ်သည်မှာ(၆၃) နှစ်ရွယ် ပျံလွန်တော်မူသည်အထိ ရေလည်း တစ်ကြိမ်မျှ မချိုးတော့ချေ။ ရေချိုးဆော့သော တပည့်များတွေ့က၊ အတော်နာကျင်အောင် ရိုက်နက်ဆုံးမတတ်၏။

ရွှေတောင်ဦးမော်တွင် လှေကားကြီးရှိ၏။ ဗျက် (၂) ပေခန့်၊ တစ်ခုနှင့်တစ်ခု အမြင့်တစ်ပေခန့်၊ အနံပေ (၆၀) ခန့်ကျယ်သဖြင့် လှေကားကြီးခေါ်သည်။ ရေကြီးသောအခါ သာစည်၊ နတ်ပန်း၊ ရန်နိုင်၊ ပဲခူး၊ လေးကျွန်းမြေ စသောရပ်ကွက်မှ လှေကားကြီးပေါ်သို့ အဝတ်ဖွတ်ကြ၊ ရေချိုးကြနှင့် အလွန်စည်ကားသည်။

လှေကားကြီး တစ်ဘက်တစ်ချက်တွင် မန်ကျည်းပင်ကြီးများနှင့် ဆော့ကမြင်းသော ကျောင်းသားများသည် မန်ကျည်းပင်ထိပ်ဖျားအရောက် တက်ကြ၏။ ထိပ်ဖျားမှ မန်ကျည်းကိုင်းကိုဆွဲကာ အဖျားသို့ ဆင်းလာပြီးလျှင် ပေ(၂၀) (၃၀) အမြင့်က ရေထဲခုန်ချကြ၏။ ကျောက်ဆောင်၊ ကျောက်စွန်း တစ်ခုခုနှင့် ဆောင့်မိလျှင် သေကြမည်က မလွဲ။ ထိုကဲ့သို့ ဆော့သော ကျောင်းသားများတွေ့က ခါးကော့အောင် ကြိမ်လုံးနှင့် ဆုံးမတတ်သည်။

"ဘဇင်၊ အောင်မြင်၊ ရန်အောင်၊ ဘဆွေ"

တရားခံလေးယောက်၊ မန်ကျည်းပင်ပေါ်က ရေထဲခုန်ချနေသည်ကို လက်ပူးလက်ကြပ် မိ၍နေချေပြီ။ ရေငုပ်ကောင်း၍ တစ်ယောက်မည်သူမှန်းမသိ။

"အောင်ခ.. ဘုရာ့"

အလိုတော်ရိ ကျောင်းသားတစ်ယောက်က ဖော်ကောင်လုပ်လိုက်၏။

"ခွေးမသား အောင်ခ လာခဲ့၊ နင့်အမေမွေးတုန်းက ရှောက်မွေး ညီမသေခဲ့ဘဲကိုး"

အောင်ခအား ဘုန်းတော်ကြီးက ဤကဲ့သို့ မကြာခဏ ကြိမ်းတတ်သည်။ ရန်အောင်တစ်ယောက်သာ ကတုံးဖြစ်၍ ကျန်လေးယောက်မှာ ဆံရစ်ဝိုင်း၊ ရောင်ပေစူး နီကြင်ကြင်တွေနှင့် ဖြစ်ကြသည်။

"အမယ်လေး...ကြောက်ပါပြီဗျာ့၊ နောက် မဆော့တော့ပါဘူးဗျာ့"

ဘုန်းကြီးက ကြိမ်လုံးနှင့် တစ်ချက်အရိုက်လိုက်၊ ဘဇင်က ခြေနစ်ဘက်ဆွဆွခုန်ပြီးလျှင်၊ ထွန့်ထွန့်လူး နာလေဟန် အော်လိုက်ခြင်းဖြစ်၏။ ဘုန်းတော်ကြီးက သည်လိုအောင်လျှင် သနားတတ်သည်။ ဘဇင်ကား သတ္တိခဲ လူပေ ဖြစ်သော်လည်း သူ့ဆရာတော်အကြောင်း သိသဖြင့်၊ တမင်အော်ခြင်း ဖြစ်သည်။ ကျန်ကျောင်းသားများလည်း နာကျင်လို့အော်ခြင်းဖြင့် သက်သာရကြရာ၊ ဘုန်းတော်ကြီး လှည့်အသွား အောင်ခကာ ဘုန်းတော်ကြီးနောက်မှ မဏိတော်ကို လက်ဖောက်ပြန်ပြနေရာ အားလုံးဝိုင်းရယ်နေကြ၏။

ဘဆွေကား မိခင်က တားမြစ်သဖြင့် နောက်တွင် မန်းကျည်းပင်ပေါ်မှ ခုန်မချတော့ပေ။ ကြီးပြင်းလာသောအခါလည်း ၊အလွန် အသည်းယားစရာကောင်းကြောင်း တွေးမိသည်။ ဘဆွေ အသက်(၃၃)နှစ်၊ ခင်ဦးမြို့၌ ကျောင်းဆရာလုပ်နေစဉ်၊ အောင်ခမှာ ခင်ဦးအနီး မဒေါင်းလှဆန်စက်၌ အလုပ်လုပ်နေ၏။ မိုးတွင်း အလောင်းဘုရား၏ တူးမြောင်း ရေကြီးစဉ်၊ ငယ်မူမပျောက်သေးသော အောင်ခ၊ မြောင်းထဲ ဂွမ်းပစ်ကစားရာ၊ တစ်စုံတစ်ခုနှင့် ဆောင့်မိပြီး အလောင်း အတော်ရှာယူရကြောင်း ဝမ်းနည်းစွာ ကြားရသည်။

ဘဆွေကား မန်ကျည်းပင်ပေါ်က ခုန်မချသော်လည်း ရေ့ဂွမ်းပစ် အလွန်ဝါသနာပါ၏။ တစ်နေ့သ၌ ကျွန်းတုံးကြီးပေါ်က ရေ့ဂွမ်းရေထဲသို့ ပစ်ချလိုက်ရာ၊ ခြေချော်ပြီး ခေါင်းနှင့် ကျွန်းတုံး ဆောင့်မိလျက် မြုပ်သွား၏။ လက်မြန်သော ကျောင်းသားကြီးတစ်ယောက်က လျှင်မြန်စွာ ဦးစွန်းဖုတ်ကို ဆွဲမိသဖြင့်သာ မသေပြန်ခြင်း ဖြစ်သည်။

ဤအဖြစ်အပျက်မှာ အောင်ပင်လယ်ရွာက စစ်ကိုင်းသို့ပြန်အရောက်၊ ရွှေတောင်ဦးကျောင်းတွင် ပညာဆက်လက်သင်ကြားနေဆဲ၊ ရှင်မပြုခင် (၁၀)နှစ်သားအရွယ်က ဖြစ်သည်။

ဘဆွေငယ်ငယ်က၊ ဗေဒင်ဆရာတစ်ဦးသည် မရဏာအိမ်တွင် စန်းခေါ်တနင်္လာဂြိုဟ်ရှိသဖြင့်၊ ရေနှင့်သေမည်ဟု ဟောဖူး၍၊ မိဘများ အလွန်စိုးရိမ်ကြသည်။ ဘဆွေကိုယ်တိုင် ဗေဒင်ခေါက်မိသောအခါ၊ ရေနှင့်သေမည်ကား မှန်၏။ သို့ရာတွင် မူလဇာတာတွင် ဥပစ္ဆေဒကကံ မပါသဖြင့် ရေနစ်၍ကား မသေ၊ ရေချိုးမှား၍ အအေးမိ၍၊ ဒီလိုနည်းနဲ့ အသက်ညင်ညင်သာသာ ထွက်မည့် ဇာတာပါဟု ရှင်းလင်းပြောပြမှ မိဘများ အတော်စိတ်အေးသွားကြသည်။

***

"မင်းများ ဖြစ်လိုက်ပြီဆိုမှဖြင့် လူကြီးတွေ မျက်ရည်နဲ့မျက်ခွက်"

"အော်..ဘယ်သူက ဒီလိုဖြစ်စေချင်မှာလဲ အဒေါ်ရဲ့"

အဒေါ်..ဒေါ်မြစ်က အသက်(၁၄) နှစ်အရွယ်၊ လူနာဘဆွေအား အမေးလာရင်း အပြစ်တင်သံနှင့် ပြောလိုက်ခြင်းဖြစ်သည်။ ဘဆွေမှာ ဘောလုံးကစားရာမှ ကျောက်စရစ်ခဲ နင်းမိ၏။ အတော်ပြင်းထန်သဖြင့် အသားမာလိုက်လာရာ ဆေးရုံကွန်ပေါင်ဒါက မိုက်မိုက်ကန်းကန်း ဓားနှင့်ခွဲရာမှ အနာမြဲပြီးလျှင် အကြောလိုက်ကာ ပေါင်တွင်းစက်တန့် ဖြစ်၍နေချေပြီ။

(၃) လကျော်ကြာခဲ့ပြီဖြစ်၏။ ဘယ်ဘက်ပေါင်က မိမွေးတိုင်း၊ ညာဘက်ပေါင်က သေသိမ်၍ တန်းနေသည်။ အနည်းငယ်မျှ ကွေး၍မရ၊ လူကြီးတွေက ဆေးရုံဆိုတာ လောလောဆယ် ရှုနာကွဲပေါက်တာသာ ကောင်းသည်။

ပြည်တယ်သောအနာမျိုး မြန်မာဆရာနှင့် တော်သည်ဟု မြန်မာဆရာ အလဲလဲနှင့် ကုစေသည်။ နောက်ဆုံး စစ်ကိုင်းအချုပ်စုက အနာပေါက်ဆရာကြီး ဆရာဖြိုးအား ပင့်ဖိတ်ကုသစေသည်။

"ကျုပ်သားလေး အသက်မသေရင် တော်ပါပြီ။ ခြေတစ်ဘက်သိမ်နေလည်း ဘာဖြစ်ရမလဲ၊ ပြတ်သွားဦး ကိစ္စမရှိပါဘူး"

မိခင်ကြီးက သားကလေး အသက်မသေရင် တော်ပြီဟု ဆုတောင်းနေသည်။ အင်္ဂလိပ်စာတတ်များက ပေါင်လယ်အောက်တည့်တည့်က ပေါက်သော စက်တန့်မှာ ယခုအချိန်လောက်ဆိုလျှင် ဟစ်(ပ်) ဂျိုင့်ခေါ် တင်ပါးရိုးအဆက်သို့ ကူးစက်သွားပါက အသက်ပင် စိုးရိမ်ရကြောင်း၊ ဆေးရုံပို့၍ ခွဲစိတ်ကုသသင့်ကြောင်း အကြံပေးကြသောကြောင့်၊ ထိုမျှလောက် စိုးရိမ်နေခြင်း ဖြစ်၏။

မျက်မြင်မှာတော့လည်း ဆရာဖြိုးကုသရာ၌ တစ်ပေါင်လုံး ယောင်နေရာက အနာမရှိသည်ကို ဆေးအုံ၍ တစ်နေရာ၌ အနာဖော်ပေးသည်။ ပြည်များပင် ထွက်နေသည်။ လက်လေးသစ်ခန့်ဆေးတောင့် အနာဝက အသားထဲထိုးသွင်းထားကာ၊ တစ်ရက်ထက်တစ်ရက် အသားနုတက်နေပြီ။ နောက်ဆုံး(၄) လကျော်ကြာသောအခါ အနာမှာ လုံးဝပျောက်ကင်းသော်လည်း၊ ထော့နဲ့ထော့နဲ့ နှင့် တစ်နှစ်ကျော်နေရပြီးမှ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်လာတော့သည်။

***

"ဟော ဟော မြုပ်သွားပြီ၊ အလွယ်တကူ သေတော့မယ်"

အသက်(၄၃၀)နှစ်ခန့် လူကြီးတစ်ယောက်သည် ရေထဲသို့ ပေါင်လည်လောက်ရောက်အောင် ဆင်းလိုက်၊ ကုန်းပေါ်ပြန်တက်လိုက်နှင့် ဗျာများနေ၏။ အသက်(၄၁) နှစ်ခန့် မိန်းမကြီးကမူ မျက်ရေတွေဝိုင်းလျက်..

"ကိုထွန်းမောင်တို့၊ မောင်ထွန်းရတို့ လုပ်ကြပါဦး"

အနီးရှိ ငှက်သမားများအား အကူအညီတောင်းနေသည်။ (၁၆) နှစ်ရွယ် သားကလေးမှာ ရေလယ်တွင် မိုးသက်မုန်တိုင်းမိလျက်၊ ခေါင်းစုတ်ဖွားနှင့် တစ်ချီတစ်ချီမြုပ်သွားလိုက်၊ တစ်ချီတစ်ချီ ပေါ်လာလိုက်နှင့် အသဲယားစရာ ဖြစ်နေ၏။ ကမ်းနားရှိ မိန်းမများလည်း ဟင်.. ဟယ်.. နှင့် မျက်စိမျက်နှာ ပျက်နေကြသည်။

ဘဆွေကား၊ တဂေါင်းရပ်ကမ်းနားတွင် ကျောက်ဆောင်ပေါ်များသဖြင့်၊ ဧရာဝတီမြစ်ရေ အကျဆုံးအချိန်၌ မြစ်လယ်ရောက်အောင်၊ လက်ပစ်ကူးတတ်သည်။ ဖခင်ဦးအောင်ငြိမ်းက "ဟဲ့..ဘဆွေ ပြန်ခဲ့ပြန်ခဲ့၊ လက်ပန်းကျနေမယ်" ဟု အော်ခေါ်မှ သို့မဟုတ်လျှင် ရွှေကြက်ယက်ဘက် အရောက်ကူးလေမလားဟု အချို့က ပြောကြသည်။

ဤနေ့လည်း၊ သူငယ်ချင်းဖေတင်နှင့် ငှက်တစ်စင်းကို သူကခတ်လျက် ရေလယ်သို့ သွားကြကာ၊ သဘော်ရေကြောင်းပြ၊ ဘောဝါးလုံးတွင် ငှက်အိုးကြီးကို ဆောင်းကြိုးသတ်ချည်ထားလျက်၊ ငှက်ပေါ်က ဂွမ်းထိုးချလိုက်၊ ပြန်တက်လာလိုက်နှင့် ကမြင်းနေသည်။ ထိုအတွင်း မိုးသက်မုန်တိုင်း ကျလာမည်ကိုတော့၊ သူနားလည်သဖြင့် ငှက်ပေါ်သို့ ကဗျာကယာတက်ကာ၊ ကမ်းဘက်သို့ ပြန်ကြမည်အလုပ်၊ ရွက်တိုင်ဝါးတစ်လုံး ကျသွား၏။ ဖမ်း၍ဆယ်လိုက်ရာ လူပါ အားလွန်ကျသွားပြီးလျှင် ရေစုန်ဘက်၊ ငှက်နှင့် တစ်ပေခန့်အကွာသို့ ရောက်နေသည်။

ထိုအတွင်း လေပြင်းကျလာကာ၊ လှိုင်းကြက်ခွပ်များ၊ တဖွေးဖွေး ဝါးလုံးကလေး အားပြုလျက် ဖော့ထားရာက ဖေတင်မှာ ပြာလောင်ခတ်နေ၍ ကြိုးဖြည်မရ၊ ဘဆွေက "ဂွင်းလိုက်ချွတ်လိုက်" ဟု အော်ပြောမှ၊ ချွတ်၍ရကာ ငှက်မျောအလာ ငှက်ပေါ်သို့ဆွဲတက်ပြီးလျှင် သူကိုယ်တိုင်ခတ်၍ လာခဲ့စဉ် ကမ်းနားမှ ကယ်ဆယ်ရန် ငှက်တစ်စီးလည်း ထွက်လာခိုက်ဖြစ်၏။ ဆဲကြဆိုကြ ကြိမ်းမောင်းကြသည်ကို ခေါင်းငုံ့ခံနေရ၏။

***

"လုပ်ကြပော့ မြန်မြန်၊ နောက်ကျနေမယ်"

"ဟေး ဘရင်၊ ငါ့ပုဆိုး ဘယ်ဖွက်ထားသလဲကွ"

ရှေးပေါက်ပင်ကျောင်းမှ ကျောင်းသားကိုရင်များ၏ ဆူညံသံဖြစ်၏။ ဝါခေါင်လ မြင်းမူ ရွှေစောလူးဘုရားပွဲသို့ သွားကြရန် နံနက်(၇)နာရီခန့်တွင် ပြင်ဆင်နေကြသည်။ ရေဘောခေါ် လောင်းလှေကြီးကလည်း ရေကြီးနေသည့် ကျောင်းကြီးဘေးတွင် အသင့်စောင့်နေသည်။

ကျောင်းသားကိုရင် ဝဲယာ(၁၈) တက်၊ ပဲ့ကိုင်တစ်ဦး၊ ပေါင်း (၁၉) တက်၊ ဦးပဉ္စင်း (၂) ပါး၊ ဆရာကလေး ဘဆွေတို့ကက အခန့်သားထိုင်လျက် မကြာမီပင် ရွှေပေါက်ပင်ရွာမှ အထက်သို့ ဆန်တက်ခဲ့ကြ၏။ ဘဆွေက မြင်းမူမြို့သို့ မကြာခဏ ရောက်ဖူးသော်လည်း ဘုရားပွဲတော်သို့ တစ်ကြိမ်မျှ မရောက်ဖူးချေ။ သေသွားတောင် မသနားသည့်အပြင်၊ ဆဲချင်စရာက အတွင်းခံဘောင်းဘီ။ ယောလုံချည်၊ ပင်ဖြူရှပ်၊ ပင်ဖြူအပေါ်ဝတ်တို့ကို ရေကြောင်းသွားရလျက် အရေးရှိက အလွယ်တကူချွတ်မရအောင်၊ ဝတ်ဆင်ထားသောကြောင့် ဖြစ်၏။

ကိုရင် ကျောင်းသားများကတော့ ပျော်မြူးကာ တက်သွက်နေကြသည်။ ဘဆွေရေးစပ်ပေးသော လှေတော်သံများ၊ သံချပ်များ ဆိုကြ ထိုးကြလျက် ကျွဲရိုက်ရွာအနီးသို့ ရောက်သောအခါ ရေစီးသန်သော ရေစွယ်တစ်ခုရှိ၏။ လှေ အနည်းငယ် ရေလယ်ဘက်သို့ ကားထွက်သွားရာ၊ ပဲ့ကိုင်ကိုရင်ကြီးက ဝီရိယလွန်သဖြင့် လှေစောင်းသွားကာ ရေတွေဝင်လာ၏။

လောင်းလှေကြီးမှာ မူလကပင် လှေနံသည် ရေပြင်နှင့် တစ်မိုက်ခန့်သာမြင့်၏။ သို့ရာတွင် ဖင်ငြိမ်ကျင့်သားရသဖြင့် မစိုးရိမ်ရ၊ ယခုမှာမူ လှေနံများ လက်တစ်ဝါးလောက်သာ ပေါ်တော့၏။ ဘဆွေက "ရေပက်၊ ရေပက်" ဟု ပြောသဖြင့် ကျောင်းသားတစ်ယောက်က လျက်မြန်စွာပက်နေရာ (၂) ခါ (၃) ခါ ပက်မိလျှင် ရေပက်သော ကြေးသပိတ်ဖုံး ရေထဲလွတ်ကျသွား၏။ ရေပက်စရာခွက်မရှိတော့။ လှေကြီးကလည်း အပြင်သို့ တစ်စတစ်စ ကားထွက်လာ၏။ လှိုင်းလှေတွေကလည်း တစ်စတစ်စ လှုပ်ရှားလာတော့သည်။

သို့နှင့် လှေကြီးမှာ ရေလယ်သို့အရောက် ရေဝင်၍နစ်မည့်ဆဲဆဲ ဘဆွေက တစ်ယောက်တစ်ဘက် ဖြည်းဖြည်း ရေထဲ ခုန်ချရန်၊ အမိန့်ပေးသဖြင့် လှေကြီး ရေထဲမှောက်မသွားဘဲ အိုးတယ်နစ်သွား၏။ အိုးတယ်နစ်သဖြင့်လည်း လှေနံတစ်ဘက်တစ်ချက် တွယ်စရာရကြသည်။ မှောက်၍ သာသွားပါက၊ ကျောင်းသား၊ ကိုရင်၊ ဦးပဉ္စင်း (၂၂) ဦး ကိစ္စချောမည် ဖြစ်၏။

ရေကြီးချိန်ဖြစ်သဖြင့်၊ ရေဝတီမြစ်မှာ (၂) မိုင်ခန့် ကျယ်ဝန်းနေ၏။ လှေကြီးမှာ ရေစုန်သို့ပါလျက်ရှိရာ၊ ကျောင်းသားကိုရင်များ ဇနက္ကမင်းသား(၇) ရက်တောင် ကူးနိုင်သေးတာပဲ လှေမှခွာကာ ပြေးတမ်းလိုက်တမ်း

ရေကူးကစားကြသေး၏။ ဘဆွေက လက်ပန်းကျမည်ဟု သတိပေးရသည်။ လေတိုက်နေစဉ် တစ်မိုင်ခန့်ဝေးသော ကမ်းတစ်ဘက်ဘက်သို့ရောက်အောင် မည်သူမျှ မကူးနိုင်ကြောင်း နားလည်ကြသည်။

ထိုအတွင်း စာပို့သင်္ဘောကြီးတစ်စင်း မြစ်လယ်မှ ဆန်တက်လာရာ၊ ဘဆွေက လက်ကိုင်ပဝါဖြူတစ်ထည်နှင့် လှုပ်ရမ်းပြကာ၊ အကူအညီတောင်းလိုက်၏။ သင်္ဘောကြီး စက်ရှိန်သတ်လိုက်သည်။ အားလုံးဝမ်းသာသွားကြ၏။ သင်္ဘောခရီးသည်အချို့ အရှေ့ဘက်သို့ ရေနစ်နေသူများအား ဝိုင်းဝန်းကြည့်ကြသဖြင့် သင်္ဘောကြီးပင် အနည်းငယ် မသိမသာ စောင်းသွားသေးသည်။ သို့ရာတွင် ဘာမျှအရေးမကြီးသလို ဆက်လက်ခုတ်မောင်းသွားသောအခါ ကိုရင်ကျောင်းသားတို့၏ ဆဲဆိုသံများ ဆူညံသွားတော့၏။

ဘဆွေမှအပ ခါးတွင် မည်သူမျှ အဝတ်မကပ်ကြတော့ပေ။ သင်းပိုင် ကေသီ၊ လုံချည်များကို လှေကန်တွင် ချည်ထားကြ၏။ အချိန်တစ်နာရီခန့်ကြာသောအခါ၊ အားလုံးမျက်နှာပျက်လျက် စိုးရိမ်လာကြသည်။ နောက်ထပ်နာရီဝက်၊ လှေကိုတွယ်ထားရန် တတ်နိုင်ကြတော့မည် မဟုတ်။ လေကတိုက်၊ ရေထဲတွင် တစ်နာရီကျော်ကြာနေပြီ ဖြစ်သဖြင့် အချို့ မေးခိုက်ခိုက်တုန်နေကြသည်။

ဘဆွေကိုယ်တိုင် လှေနံကို လက်နှစ်ဘက်နှင့် တွယ်ထားရာမှ နှစ်ဘက်စလုံးညောင်း၍ လက်ပြုတ်ထွက်လျှင် အခက်ဟု၊ တစ်ဘက်စီ တွယ်ထားရ၏။ ဘယ်ညောင်းလျှင် ညာ၊ ညာညောင်းလျှင် ဘယ်၊ နှစ်ဘက်စလုံး ညောင်းသောအခါ အနာခံ၍ ဘေးနှင့် လှေနံကို ချိတ်ထားရ၏။ ဗေဒင်ဆရာဟောသည့်အတိုင်း သည်တစ်ချီတော့ ရေနှင့် ကိစ္စချောတော့မည်ဟု သံသယဖြစ်လာသည်။

"ဟော လာနေပြီ"

ကျောင်းသားတစ်ယောက်က ဝမ်းသာအားရ အော်လိုက်သဖြင့် လှမ်း၍ကြည့်ကြရာ၊ ကျွဲရိုက်ရွာဘက်မှ လူသုံးယောက် သမ္ဗာန်ငယ်တစ်စင်းနှင့် အပြင်းလှော်၍လာနေသည်ကို မြင်ကြရသည်။ အားလုံး ဝမ်းသာအားရဖြစ်၍ သွားကြ၏။ လေလှိုင်းထန်သည့်အထဲက အသက်စွန့်လာကြသဖြင့်လည်း ကျေးဇူးတင်မဆုံး ဖြစ်နေကြသည်။ သမ္ဗာန်အနီးသို့ ရောက်သောအခါ ရေမြုပ်နေသော ရေလယ်ကျွန်းတစ်နေရာသို့ ညွှန်ပြကြ၏။ တစ်ဘက်တစ်ချက်မှ လှေကြီးကို ခြေနှင့်ယက်ကန်ဆွဲယူက ကျွန်းဆီရောက်မည်ဟု ပြောကြသဖြင့် မောလှပန်းလှသည့်အထဲက လှေကြီးကို တညီတညွတ်တည်း ဆွဲကြ၏။

"ထောက်မိပြီဗျို့"

ကျောင်းသားတစ်ယောက် လည်ပင်းလောက်ပေါ်နေအောင် မြေနှင့် ခြေထောက်မိသဖြင့်၊ ဝမ်းသာအားရ အော်လိုက်၏။ ထို့နောက် ခါးလယ်လောက်အထိ၊ ထောက်မိကြကာ လှေကြီးအား လွန်းထိုး၍ ရေကုန်အောင် ပက်ကြသည်။ သမ္ဗာန်မှ ပတ်ခွာတစ်ခုငှားလျက် အားလုံးလှေပေါ်သို့ တက်ထိုင်ကြပြီးလျှင် မြင်းမူသို့မသွားဘဲ၊ ရွှေပေါက်ပင်ရွာသို့ ပြန်ခဲ့ကြရာ၊ ကျောင်းဘေးသို့ လှေကြီးကပ်မိမှ ဟင်းချကြတော့သည်။

***

"ဟိုက် ဒီကောင်နဲ့ တွေ့နေပြန်ပါပြီ"

ဘဆွေ၏နှုတ်မှ တိုးတိုးထွက်သွားခြင်း ဖြစ်၏။ တစ်ခေါ်သာသာလောက်တွင် သူ၏ရန်သူတစ်ယောက်၊ ဓားမကြီးထမ်းလျက် ရင်ဆိုင်လာနေသည်ကို တွေ့နေရချေပြီ။ ရေဘော လောင်းလေ့နှစ်သည်မှာ အသက်(၂၃) နှစ်က ဖြစ်၏။ ပညာအုပ်နှင့် စကားများ၍ ရွှေပေါက်ပင်ရွာမှ ၊ အလုပ်နှုတ်ထွက်ခဲ့၏။ အသက် (၂၄) နှစ်တွင် တပည့်များအား လွှမ်းဆွတ်၍ စစ်ကိုင်းမှ သဘော်နှင့် မြောင်းမြောင်မှ တစ်မိုင်သာသာဝေးသော ရွှေပေါက်ပင်ရွာသို့ ခြေလျင်လျှောက်လာရာ၊ ရွာနှင့် (၂) ဖာလုံခန့်အကွာတွင် တွေ့ဆုံနေခြင်း ဖြစ်၏။

ရန်သူကား ဘဆွေ ကျောင်းဆရာဘဝက (၃-၄) ကြိမ်ဆဲဆိုစော်ကားသဖြင့် ဓားနဲ့ထိုးဖူးသော ရွှေပေါက်ပင်ရွာသား "ဉာဏ်သာ" ဆိုသူဖြစ်သည်။ သူ့ဘက်က စဉ်းစားလျှင် ဘယ်နည်းနှင့်မျှ ကျေနပ်စရာမရှိပေ။ ဘဆွေက လုပ်ရဲလျှင် ခံရဲရမည့် ဝါဒရှိရာ၊ ရွာခေါင်းဆောင်များက ဆရာလေး အသာနေ၊ ကျုပ်တို့ဘာသာ ဆောင်ရွက်မယ်ဟု ဘဆွေအား ဘေးချိတ်ထားကာ၊ ဆောင်ရွက်ကြ၏။ ဉာဏ်သာအား ဓားထိုးခံရပြီး မြင်းမူဆေးရုံသို့ပို့ရာ၊ ကုလားဆရာဝန်က (၇) ရက်နှင့် အနာအပြင်က ကျက်အောင်ကုပြီးလျှင် နှင်ချလိုက်၏။ ဆရာဝန်အား လာဘ်(၂၀၀) ပေးရသည်ဟု နောက်မှ သိရ၏။ ဘဆွေက ရွာ၏အသဲဖြစ်သည်။ ရွာခံလူနှင့်ဖြစ်လျက် အိမ်ခြေ (၃၄၀) ခန့်အနက်၊ (၃၀၀) ကျော်က ဘဆွေဘက်မှ ဆောင်ရွက်ကြသည်။ ပုလိပ်ဘက်အတွက် ဘဆွေ၏အမေကြီး ဒေါ်အိုကြီးသည် မြင်းမူသို့လိုက်လာပြီးလျှင် ဦးစံခိုသမီးနှင့် တွေ့ဆုံပြီး အကျိုးအကြောင်းပြောပြ၏။ မင်းလောင်း မောင်သန့်အား ဖမ်းဆီးပေးသော ရာဇဝတ်ဝန်ကလေး ဦးစံခိုမှာ ဦးကြာဖူး ဒေါ်အိုကြီးတို့နှင့် သားချင်းတမျှ ခင်မင်ကြသည်။ ဦးစံခို ကွယ်လွန်ပြီးနှင့် သမီးချစ်ကလည်း ဆက်လက်ခင်တွယ်မြဲ ခင်တွယ်နေသည်။

"ဖြစ်ရလေ မောင်လေးရယ်၊ အေးလေ လူရိုးလူကောင်းဆိုတာ၊ မခံနိုင်ရင် ဒီလိုဖြစ်တတ်တာပဲ။ ဘာမှမပူနဲ့၊ မမကူညီမယ်"

မမချစ်က သူ့မောင်ကလေး ဘဆွေအား နှစ်သိမ့်စကားပြောကြား၏။ မြောင်မြို့ဌာနအုပ်မှာ သာမန်ပုလိပ်သား ဘဝမှ ဦးစံခိုကြည့်ရှုသဖြင့် ရာဇဝတ်အုပ်ဘဝအထိ တိုးတက်လာသူ ဖြစ်၏။ မမချစ်က စာတစ်စောင် ရေးပေးလိုက်ရာ၌ ဘဆွေအပေါ် အရေးမယူ၊ ဆေးရုံ၏ညွှန်ကြားချက်ကို စောင့်နေ၏။ ပုဒ်မ(၃၂၆) ထင်နေကြရာက၊ ပုဒ်မ(၃၂၃) ဖြစ်သွား၏။ ရွှေပေါက်ပင်ရွာ၊ မြေပိုင်ရှင် ဦးဘိုးထွန်းက ဘဆွေအတွက် ငွေ(၈၀) ကျပ် လျော်ကြေးပေး၍ အမှုငြိမ်းခဲ့ရသည်။

တရားခံမှာ အချုပ်မျှမခံရ။ ဆေးရုံက(၇) ရက်နှင့် နှင်ချရာ၊ ရွာထဲတွင် (၂)လလောက် ဆေးထပ်ကုရသည်။ သည်လောက်အနိုင်ကျင့်သော ငနဲနှင့် ပက်ပင်းပါတိုး၍နေရာ၊ ချမ်းသာပေးအံ့လော၊ ဉာဏ်သာ၏ မျက်နှာအမူအရာ ကလည်း လည်ပင်းကနေ၍ စလွယ်သိုင်း ခုတ်ချလိုက်မည်ဟူသော အသွင်ဆောင်နေ၏။

ဘဆွေမှာ ဉာဉ်တစ်ခုရှိ၏။ ကြောက်ပြေးဘဝကို ကလေးကတည်းက အလွန်စက်ဆုပ်ခဲ့၏။ ချက်ချင်းစိတ်ကူးရကာ ဓားနှင့်ခုတ်လျှင်၊ လက်ထဲက သားရေအိတ်နှင့် ဆီးခံမည်။ ပြီးတော့ ဘောသမားခြေထောက်နှင့် ဆီးပုံးကန်၊ ဒူးလက်သီး ပစ်သွင်းလိုက်လျှင် ဒင်းကိုနိုင်ရမည်။ စိတ်ကူးရသည်နှင့် တစ်ပြိုင်နက် ရင်ဆိုင်တိုးလိုက်၏။ ယှဉ်မိသောအခါ ဉာဏ်သာ ဘေးသို့တိမ်းကာ ရှောင်ထွက်သွားလေသည်။

***

"ဆရာ့နယ် က ကြီး ခ ခွေး ဆိုတာတောင်၊ မြခြေကျဉ်း ငွေမြိုင်တို့၊ ဘိုးစိန်ကြီးတို့အသံထက် ကောင်းသေးတယ်" (အသံ၏သာယာခြင်း)

"သူ့လက်ကို အကောင်းဆုံး ပုရပိုက်ခေါက် လက်ကောက်ဝတ်ပေးဦး၊ သူ့ရဲ့ဝါဝင်းတဲ့ အသားအရောင်ကို မမှီပါဘူး" (အသားအရေကောင်းခြင်း)

"ရုပ်ရည်ဆိုတာ ဥမ္မာဒန္တီတို့ မမြင်ဖူးဘူး၊ ကျွန်မတို့ မိန်းမချင်းတောင် ချစ်ကြိုက်ချင်လာတယ်"

ဝက်လက်နယ်၊ သခွတ်တောရွာက၊ ဆရာမ မစိုး အပြောကောင်းသဖြင့် ဝက်လက်မြို့ ကျောင်းဆရာဘဆွေသည် အဖော် ကိုသိန်းမောင်နှင့် အတူတူ မိန်းမချော (၁၆) နှစ်အရွယ် မအေးစိန်ရှိသော ထနောင်းသာရွာသို့ သွားကြ၏။ နွေအခါ ခြောက်သွေ့ပတ်ကြားအက်နေသော နေရာများမှာ မိုးတွင်းတွင် ရေအိုင်ကြီးဖြစ်ပြီးလျှင် (၂) ဖာလုံခန့်ကို မိတ်ဆွေနှစ်ယောက် ခါးလယ်လောက်ရေနက်မှ ခြေလျင်ဖြတ်ကူးကြ၏။ သို့ရာတွင် မိုးသည်းအားကြီးသဖြင့် ထနောင်းသာရွာသို့ မရောက်ခဲ့ကြပေ။ ဝက်လက်လူကြီးများကသာ ရင်ဘတ်စည်တီးနှင့် ဘဆွေတို့အား အပြစ်တင်ကြ၏။ အကြောင်းမူကား ဘဆွေတို့ဖြတ်ကူးသောနေရာမှာ မြွေပွေးအလွန်ပေါ၍ ရေထဲတွင် ခွေနေတတ်ကြကြောင်း၊ မြွေပွေးကိုက်မသေတာ ကံကောင်းသည်ဟု ပြောကြသည်။ နောင် မအေးစိန်နှင့် တွေ့သောအခါ ပြောသလောက် မဟုတ်သော်လည်း ရွှေမန်းတွင် အေးစိန်လောက်ချောသူ တစ်ဦးမျှ မမြင်တွေ့ဖူးခဲ့ပေ။

***

စက်ဘီးစီးလုလင် (၁၁) ယောက်ကား ဟိုပင်မြို့မှ အနောက်ဘက်သို့ ရှေ့ရှုထွက်လာကြသည်။ တပေါင်းလဆန်း(၁၄) ရက်၊ ဘဆွေအသက်(၃၁) နှစ်အရွယ်၊ အင်းတော်ကြီး ရွှေမဥ္ဇူဘုရားပွဲသို့ မိတ်ဆွေတစ်စု သွားကြခြင်း ဖြစ်၏။ ဝဘော်တောင်ကြီးကို ကျော်၍သွားကြရရာ၊ တောင်တက် မတ်စောက်စောက် (၂)မိုင်ခန့်တက်ရ၍ တောင်ဆင်းခပ်ပြေပြေ သုံးမိုင်ခန့် ဆင်းရသည်။ အတက်တွင် စက်ဘီးကိုယ်စီ တွန်းတက်ကြရပြီး၊ အဆင်း၌မူ စက်ဘီးစီး၍ ဆင်းနိုင်ကြသည်။ ဟိုပင်မှ အင်းတော်ကြီးအရောက် (၃၂) မိုင်ကို တောင်ကုန်းငယ် အနိမ့်အမြင့်များ ကျော်လွှားကာ မမောမပန်း စီးနင်းသွားကြ၏။

အင်းတော်ကြီးရေလယ်တွင် ရွှေမဥ္ဇူစေတီရှိရာ အနောက်ကမ်းမှ၊ မိုင်ဝက်လောက်အထိ တပေါင်းလပွဲတော်ခါ၌ သဲလမ်းပေါ်နေ၏။ (နတ်များက လုပ်သည်ဟု အဆိုရှိသည်။ ) ပွဲတော်ခါပြီးလျှင် သဲလမ်းလည်း ပျောက်၍သွားသည်။ ဤမျှထူးဆန်းသည့်အတွက် ဘဆွေ ဘုရားဖူးလိုက်ပါခဲ့ခြင်း ဖြစ်သည်။ ဓာတ်ပုံကင်မရာတစ်လုံးနှင့် လိုသောပုံများ ရိုက်ကူးပြီးလျှင် သူရိယ ရုပ်စုံမဂ္ဂဇင်းတွင် အင်းတော်ကြီးရွှေမဥ္ဇူဟူသော ခေါင်းစဉ်နှင့် ဓာတ်ပုံဆောင်းပါး (၁၉၃၁) ခုနှစ်က ရေးသားဖော်ပြဖူး၏။

ဘုရားပွဲကအပြန်၊ နမ့်မွန်းရွာတွင် အဖော်တစ်စု ချက်အရက်နှင့် ကြက်သားဟင်းများ စားသောက်ကြသည်။ တချို့ အတော်မူးကြသည့်အထဲတွင် ဘဆွေအပါအဝင်ဖြစ်၏။ ဝဘော်တောင်သို့ပြန်ရန် တက်ကြသောအခါ စက်ဘီးကို သက်သက်သာသာ တွန်းတင်နိုင်ကြ၏။ အဆင်း မတ်စောက်သောဘက်ကို ရောက်သောအခါ အရက်မူးနေကြပြီဖြစ်သဖြင့် စက်ဘီးစီးမဆင်းရန် တားမြစ်ကြသည်။ စက်ဘီးဘရိတ်ကောင်းလျှင် ဘကြောက်စရာ

ရှိသလဲဟု အချို့က ဖွတ်ဆင်းကြ၏။ သည်လိုစွန့်စားမှုမျိုးတွင် ဘယ်တုန်းကမှ သွေးကြောင်လေ့မရှိသော ဘဆွေလည်း စက်ဘီးစီး၍ ဆင်း၏။

အကယ်၍သာ ဘရိတ်မကောင်း၊ တောင်ဘေးချောက်ထဲသို့ ကျသွားပါက အရိုးတခြား အသားတခြား ဖြစ်ကြပေမည်။ ပေ(၃၀၀-၄၀၀) မြင့်သော ချောက်ကြားထဲမှ ကျွန်းပင်ထိပ်များပင် စက်ဘီးလမ်းပေါ်သို့ စွန်းမထွက်အောင် နက်လှသည်။ အနံ့(၆) လက်မခန့် ပျဉ်ပြားတစ်ခုထိုးထားသော ထောင့်ချိုးအဆင်းအကွေ့သို့ ရောက်ကြသောအခါ အချို့ကူးနိုင်ကြ၏။ ဘဆွေကား ရှေ့ဘီးလွတ်ပြီး နောက်ဘီးချော်ကျကာ စက်ဘီးရောလူပါ ချောက်ထဲထိုးကျ၍ သွားတော့သည်။

နောက်ကလိုက်လာသူများက "ဟော ဟော ဆရာ ကျသွားပြီ" ဟု အော်ဟစ်ကြကာ အပြေးလိုက်လာကြသည်။ တော်ပါသေး၏။ ချောက်(၅) ခု (၆) ခုအနက် အတိမ်ဆုံး (၇) ပေခန့်သာနက်သော ချောက်ဖြစ်သဖြင့် အပေါ်က ဆွဲတင်ကြသည်။ ဘဆွေမှာ ရှူးဖိနပ်အနက် ညာထိပ်တစ်ခြမ်းပဲ့ခြင်းနှင့် ဦးထုပ်စုတ်ပဲ့သွားခြင်းမှအပ လုံးဝဒဏ်ရာ မရချေ။

"အား ဆရာ ကံကောင်းတယ်။ အေး ဒီချောက်တစ်ခုပဲ အတိမ်ဆုံးပဲ။ ဒီတစ်ခါ မစီးပါနဲ့တော့လေ"

မိတ်ဆွေတစ်ယောက်က ခပ်ဝဲဝဲပြောရာ၊ ဘဆွေက ရက်ရက်နှင့် ဖွတ်ဆက်စီး၍ ဆင်း၏။ ကံကောင်းထောက်မသဖြင့် ဟိုပင်မြို့သို့ ချောချောမောမော ပြန်၍ရောက်ခဲ့လေသည်။

***

"အေးဖေနဲ့ အေးမောင် လိုက်သွားကြ၊ မင်းဦးလေးက လှည်းမောင်းတတ်တာ မဟုတ်ဘူး"

အစ်မ မစိန်းမေက သူ့သားနှစ်ယောက်အား ပြောလိုက်ခြင်းဖြစ်သည်။ (၁၉၄၂) ခု စစ်ပြီးဘဝ၊ စစ်ကိုင်းထုံးဘိုရပ်တွင် နေထိုင်စဉ် ချန်ကေရှိတ်၏ တရုတ်စစ်သားနှစ်ယောက်က အိမ်အပေါ်ရှိ ဘဆွေအား ရိုင်ဖယ်နှင့်ချိန်လိုက်၊ နွားနှင့် လှည်းကို လက်ညှိုးထိုးပြလိုက် လုပ်နေသဖြင့်၊ လှည်းနွား မိုက်ကြေးခွဲကြောင်း သိနားလည်ကြ၏။

တူငယ်နှစ်ယောက် လှည်းက၍ လိုက်အသွား၊ ထုံးဘိုရပ်က လူငယ်တစ်ယောက်က "ဆရာ့တူတွေ ငယ်ပါတယ်၊ ဆရာလိုက်ခဲ့ပါ၊ ကျွန်တော်တို့မြင်းလှည်း ဆွဲသွားလို့ ကူပြောပေးပါ" ဆိုသဖြင့် ဘဆွေကိုယ်တိုင် လှည်း မမောင်းတတ် မောင်းတတ်နှင့် လိုက်၍သွားရ၏။ သာစည်ရပ် ပွဲစားကြီးဦးသီ၏ ဂိုဒေါင်သို့ရောက်လျှင် လက်ပြခြေပြနှင့် ဘာပစ္စည်းသယ်မလဲမေးရာ၊ လက်ရှစ်ချောင်း ထောင်ပြမှ မြင်းနှင့်လှည်းနွား လိုချင်ရင် ငွေ(၈၀) ကျပ်ပေးဟူသော အဓိပ္ပာယ် နားလည်ရသည်။

ဘဆွေက ပေးပါမည်ဟု ဝန်ခံ၍၊ လှည်းနွားနှင့်မြင်းကို သူငယ်များအား ပြန်မောင်းယူသွားရန် အပ်လိုက်သည်။ တရုတ်စစ်သားနှစ်ယောက် ဘဆွေ ခြေလျင်ပြန်၍လာကြ၏။ သူတို့တွင် လုယူထားသော စက်ဘီးကိုယ်စီပါသဖြင့် ဘဆွေက တစ်ယောက်ရှေ့ကထိုင်၊ ငါနင်းမယ်ဟု ပြောရာ မရပေ။ ထုံးဘိုရပ်ရောက်၍ ငွေ(၈၀) ထုတ်ပေးသောအခါ ခေါင်းခါလျက် မြေကြီးတွင် အင်္ဂလိပ်ဂဏန်းနှင့် တစ်ရာဟု ရေးပြ၏။ ဘဆွေ အိမ်ပေါ်တက်သောအခါ တရုတ်နှစ်ယောက်

ထက်ကြပ်လိုက်လာပြီးလျှင် ဘဆွေအား ရိုင်ဖယ်၊ ခြောက်လုံးပြူးနှင့် အသားထိအောင် ကပ်ချိန်ထားလျက် ဘာတွေပြောသည်မသိ ပြောနေသည်။

ဘဆွေက ငွေ(၂၀) ထပ်ပေးသောအခါ ခေါင်းခါပြန်လျက်(၁၅၀) တောင်းပြန်၏။ တရုတ်များမှာ ဘိန်းစားအင်အားလောက်ရှိရာ၊ ဘဆွေသည် သေနတ်ကိုလု၍ ကန်ချလျှင် နိုင်မည်ဟု ယုံကြည်၏။ သို့ရာတွင် အိမ်ခန်းထဲတွင် ကလေးလူကြီး (၁၃)ယောက်နှင့် ခွေးလိမ္မာနစ်ကောင် ရှိရာ၊ အားလုံး မီးလောင်တိုက်အသွင်းခံရမည် ဖြစ်သဖြင့် ငွေအများကြီးပေးမည်ဟု အစ်မဖြစ်သူထံမှ တိုးတိုးတောင်းရပြန်သည်။

"ကုန်ချင်ကုန်ပါစေကွာ.. မြန်မြန်သွားအောင်လုပ်"

ဘဆွေက နောက်ထပ် (၅၀) ပေးရန် ငွေစက္ကူအထပ်ထဲမှ ရေတွက်နေစဉ် ဆတ်ခနဲ ဆွဲလုလိုက်၏။ တပည့်ရဲသမိန် အမြတ်တနိုး ကန်တော့ထားသော ဘဆွေအိတ်ထဲမှ ဖောင်တိန်ပါ နှုတ်ယူပြီးလျှင် ထွက်ခွာသွားကြသည်။

တစ်သက်တာ သည်တစ်ကြိမ်၊ ဘဆွေ အညံ့ခံလိုက်ခြင်း ဖြစ်၏။ အဘိုးကြီး ဦးအောင်ငြိမ်းမှာ အောက်မြေပြင် ကုတင်ဘေး၌ ဓားမကြီးတစ်စင်း ထောင်ထားပြီးလျှင် ငါ့သားသေရင် ဒင်းတို့အခုတ်၊ ငါ အသက်ကြီးပြီ၊ သေပျော်ပြီဟု ကြိမ်းသေး၏။ စိတ်ကိုလည်း အလွန်ထိခိုက်သွားရှာသည်။ ထို (၁၉၄၂) ခုနှစ်မှာပင် ဘခင်ဦးအောင်ငြိမ်းသည် အသက်(၆၉) နှစ်အရွယ် ရွှေကြက်ယက်ရွာ၌ ဘဆွေ၏လက်ထဲမှာပင် ကွယ်လွန်သွားသည်။ ခေတ္တအရေးပိုင် ဦးရွှေသားအား ငွေတစ်သောင်းကျော် လုယူသည်သာမက၊ လူပါသတ်သွားသော သတင်းကို ကြားပြီးဖြစ်သဖြင့် သားအတွက် အလွန်အမင်း စိတ်ကို ထိခိုက်သွားရှာသည်။

***

(၁၉၄၅) ခု၊ ဂျပန်ခေတ် တော်လှန်ရေးအချိန်၊ ဘဆွေနှင့် ခင်မင်ယုံကြည်သော ရဲဘော်အချို့၊ ဗိုလ်အချို့၊ (၄၇) လမ်း ဘဆွေ၏တိုက်သို့ လာရောက်ကြကာ၊ တော်လှန်ရေးကိစ္စများ တိုင်ပင်ကြသည်။ ထိုကိစ္စကို ဆပ်လက်ဖတင်နင်ရာထူးနှင့် တိုက်အောက်ထပ်နေ ညီအစ်ကိုလိုခင်သူက၊ သူ့ဝတ္တရားအတိုင်း ဂျပန်ကင်ပေတိုင်သို့ သတင်းပို့၏။ မပို့က သူ့တွင် တာဝန်ရှိ၏။ ရိုးရိုးသာဆိုလျှင် ဘဆွေအပေါ် ထိုမျှရက်စက်မည်မဟုတ်။ သူ့အား သူရိယသတင်းစာတိုက်တွင် အလုပ်သွင်းပေးဖူးသည်။ ထမင်းနှင့်အရက် အိပ်ရာနေရာပါ ဘဆွေက ကျွေးမွေးပြုစုခဲ့ဖူးသူ ဖြစ်၏။

ဓားရှည်ကိုင် ဂျပန်စစ်ဗိုလ်တစ်ယောက်၊ ရိုင်ဖယ်ကိုင် ဂျပန်စစ်သားတစ်ယောက်၊ ဘဆွေနေသော တိုက်နှင့် မျက်စောင်းထိုးတိုက်မှ၊ တစ်စေ့တစ်စောင်း လာရောက်ကြည့်နေကြသည်။ အကယ်၍ ရဲဘော်တစ်ယောက်ယောက်၊ ဘဆွေ၏အိမ်သို့ လာ၍ ပက်ပင်းပါတွေ့က ရဲဘော်ရော ဘဆွေကိုပါ နေရာတွင် ပွဲချင်းပြီး သတ်ဖို့ အမိန့်ပါလာသည်။ ဘဆွေ ကံကောင်းပုံက ဂျိုးဖြူရေ လုံးဝမရှိသဖြင့် တိုက်မြောက်ဘက်ခြံထဲတွင် ရေတွင်းတူးထားသည်။ (၆) ပေလောက်ဆိုလျှင် ရေလိုသလောက်ရ၏။

ထိုစဉ်ကတည်းက ရန်ကုန်မြေကြောသိ၍၊ ဂျိုးဖြူကက တစ်သက်လုံးရေမရတောင် မပူပင်တော့ဟု ပြောဖူးသည်။ (၃-၄) ရက် စောင့်ကြည့်၍ အကြာတွင် (၄၇) လမ်းတောင်ဘက် ဘီရင်ဒတ်လမ်းထိပ်၊ တိုက်အနီးရှိ

ဂျပန်ထောက်ပံ့ရေး အရာရှိသည် အကျီကိုယ်တုံးလုံးနှင့် အိုက်လွန်း၍ ဘဆွေတို့တိုက်ရှေ့သို့ ရောက်ရှိလာရာ ဘဆွေက ကိုယ်ချင်းစာပြီးလျှင် ရေတွင်းကိုပြ၏။

ထိုဂျပန်များ ရေမိုးဝအောင်ချိုးပြီးလျှင် ဝမ်းပန်းတသာ ကျေးဇူးတင်ကြောင်းပြောလျက်၊ သကြားအလွန်ရှားသောခေတ်ပင် သကြားငါးဆယ်သားလောက် ပို့လာ၏။ ထို့နောက် ညနေတိုင်း ဘဆွေအိမ်တွင် ထမင်းအတူစား၊ အရက်အတူသောက်ဖြင့် ခင်မင်ယုံကြည်သွားတော့သည်။

ပစ်သတ်ရန် ချောင်းနေသော စစ်ပိုလ်သည် ဆက်လက်မစောင့်ကြ၊ သူတို့အချင်းချင်း မေးမြန်းကာ လက်လျှော့ပြန်သွားဟန် တူ၏။ တစ်သက်တာတွင် (၁၃) ကြိမ်မျှ သေတွင်းက ထွက်လာရာ၊ အချို့က ပီမိုးနင်း အရက်သောက်သည်။ အသက်(၅၃) နှစ်တွင် ကွယ်လွန်သည်။ မဟာဆွေလည်း အရက်သောက်သည်။ အသက်(၅၃)နှစ်တွင် ကွယ်လွန်မည်ဟု ပါးစပ်ဖေဒင်ဟောကြ၏။ ယခု အသက်(၅၃) နှစ်ရှိပါပြီ။ ပီမိုးနင်းလို ခြေသလုံးသေးသေးကလေး မဟုတ်။ နှစ်(၂၀)ကျော်ကြာ ဘောလုံးမကစား၍ ခြေသလုံး(၃) လက်မလျော့သွားသည့်တိုင်အောင်၊ (၁၄) လက်မရှိသေး၏။ ညို့သကြီးရိုးနှင့် ခွဲမရအောင် ကြွက်သားမာတင်းတုန်း၊ ကာယဗလလည်း လိုက်စားဆဲမို့ သချိုင်းနှင့် အတော်ကြီး ဝေးပါသေးသည်။ သို့ရာတွင် သတိတမန်၊ ဉာဏ်မြေကတုတ်၊ ပညာစွန်းချွန်းကဲ့သို့အုပ် ဟူသော ရှေးပညာရှိတို့ စကားကိုလည်း လေးစားရမည် ဖြစ်ပါသတည်း။ ။

သွေးသောက်မဂ္ဂဇင်း၊

(၁၉၅၃) ခု၊ ဇန်နဝါရီလ ။

## ၂၀။ ကြင်နှမ်းပျော် အိုရှုလှည့်လေး

"ကိုဖေငယ်.... ကိုဖေငယ် ခင်အသဲတွေ ကျွမ်းရချည်ရဲ့"

"ဖြစ်ပြန် ပျက်ပြန် လောကဓံတဲ့၊ ကံနဲ့ကတ္တား သည်တရားကို စဉ်းစားဆင်ခြင်တော်မူပါ သခင်မဘုရား"

ကျွန်းတိုင်လုံးချောကြီးများ စိုက်ထူ၍ ကျွန်းပျဉ်ခင်း ကျွန်းပျဉ်နံရံ၊ ကျွန်းပျဉ်အုတ်ကြွပ်မိုး၊ ပန်းပု ပန်းပြောက်တို့ဖြင့် ချယ်လှယ်မွမ်းမံကာ များးစွာသပ်ရပ်ခံ့ညားသော အဆောက်အဦကြီးတစ်ခု၏ အခန်းဆောင်အတွင်း၌ အရွယ်အားဖြင့် (၂၀) ကျော်ကလေးမျှ ရှိသေးသော လုံမပျိုတစ်ဦးသည် ချစ်သူ၏နာမည်ကို ခေါ်တကာ ညည်းတွားငိုကြွေးနေရာစဉ်၊ အထိန်းတော်ကြီးခမျာလည်း မျက်ရည်စမ်းစမ်းနှင့် တရားလမ်းပြလျက် နေလေသည်။

တစ်တောင်ခန့်မြင့်သော ညောင်စောင်းပေါ်၌ ဖဲမွေ့ရာ သဏ္ဌာအုံးတို့ဖြင့် နန်းသုံးနီးနီး၊ ရှုမငြီးအောင် တင့်တယ်နေလင့်ကစား၊ ထိုအပေါ်ဝယ် မစောင်းတစောင်း မှီအုံးတွင် တတောင်နှင့် ဖေးနေသော လုံမပျိုကား အဆွေးပေါ် အပူဆင့်ကာ သူနှင့်သူသာ နိုင်းစရာ ရှိတော့သည်။

အစိမ်းနရောင် ဖဲထဘီ၊ နှံ့သာရောင် ထိုင်မသိမ်းအင်္ကျီ၊ အစိမ်းနရောင် ပိုးရင်စည်း ဖုံးလွှမ်းထားစေကာ၊ မို့မောက်နေသော ခဲ့ုံအစုံကား အစွမ်းကုန် ကုန်းထနေသကဲ့သို့ ထင်ရသည်။ ကြော့ရှင်းသော လည်တိုင်နှင့် လစ်နေသော ထိန်ဝင်းသည့်အသားမှာ ဆွဲထားသော ရွှေနော်ဇာကုံးနှင့် သူမရှုံး ငါမသာ ဖြစ်၍နေသည်။ ညီညာနက်မှောင်သော ပိတုန်းရောင် ဆံကေသာမှာ ဖျာပါးဆံများ အလယ်မှ ပြေကျနေပြီးလျှင် ကပိုကရိုနေ ကိုယ်အချောကို အမွှမ်းတင်သကဲ့သို့ထင်ရ၏။ ယမင်းရုပ်ပမာ ဝါဝင်းသော အသားနှင့် ညှို့ရုပ်ပါသော မျက်နှာထားတွင် အဖျားသွယ် သုံးရက်လရေးမျက်ခုံး၊ မျက်တောင်ကော့အတွင်းက ရွဲ့ပမာ မျက်လုံးအစုံဖြင့် မြင်သူတကာကို သိမ်းကြုံးဆွဲဆောင်နိုင်သော သူ့ရုပ်ပါသည် ယခုအခါ၌ ချစ်သူနှင့် ကင်းဝေးပြီးလျှင် မင်းဘေးနှင့် လွတ်မလွတ်ကိုပင် မတွေးတတ်အောင် ဖြစ်၍နေရှာသည်။

သူ၏ရင်ခွက်၌ကား သင်္ဘောစက္ကူတွင် တရုတ်မင်ဖြင့် စုတ်တံသေးသေးနှင့် ရေး၍ထားသော ဝိုင်းစက်ညီညာသည့် စာလုံးကလေးများသည် သူ့အား ရှိုက်၍ရှိုက်၍ ငိုချင်အောင် သက်ရှိပမာ များစွာလှုပ်ရှားစေလေသည်။

ပလ္လင်ရုစ်ခန်း၊ ရွှေနန်းကိုးဆောင်၊ ရွှေရောင်တဝင်းဝင်းနှင့် ဘုရင်မင်း၏ အဂ္ဂမဟေသီအစစ်၊ ဖြစ်ရတော့မလိုလို၊ နေကိုယ်ရှမဝသည့် သူ့အလှဘေးကို တွေးမိတိုင်း မချိတင်ကဲ ဖြစ်၍နေတော့သည်။

"ငယ်ချစ်၊ အသက်ဆုံးပြီးမှ ရှင်ပြုံးရမယ့် မိဖုရားခေါင်၊ နှောင်သံသရာ၊ ကျင်လည်ခါတွင်၊ ကြမ္မာဉ်နည်း၊ မဆုံဆည်းလို၊ ဆုမြွက်ဆိုတော့မယ်၊ မသူဇာရဲ့"

"မှန်လှပါ သည်အတိုင်းပဲ ကောင်းပါတော့သည် သခင်မ"

အထိန်းတော် မသူဇာသည် ပပဝင်း လမင်းလိုတင့်တယ်သည့် သူ့သခင်မမျက်နှာကို မျက်ရည်စမ်းစမ်းနှင့်ပင် ကြည့်ရှုကာ မချိတင်ကဲ ဝမ်းနည်းသည့်အမူအရာနှင့် ပြောရှာပြန်သည်။

"အော်... ဟိုအခါများတုန်းကတော့..."

လုံမပျို၏အသံသည် တိမ်၍သွားသည်။ သို့ရာတွင် သူ၏မျက်လုံးအစုံထဲတွင်ကား နောက်ကြောင်းပြန် ရုပ်လုံးပေါ်၍နေသည်။

အသက်(၃၀) နီးပါးခန့် အရပ်ပြတ်ပြတ် (လေးတောင်တစ်မိုက်လျော့ခန့်) အသားလတ်လတ်၊ မျက်နှာမသွယ့်တသွယ်၊ ပန်းနရောင်ဗလာပုဆိုး၊ ခါသာလက်ကျပ်အင်္ကျီ၊ သျှောင်ချောတစောင်းထုံးလျက် မျက်လုံးမျက်ဖန်ကောင်းကောင်း၊ လက်ချောင်းပျော့ပြောင်း၍ နွဲ့နှောင်းသော ကဗျာတွေရေးတတ်သည့်လုလင်၊ ထိုကဗျာအန ကျွမ်းကျင်မှုကြောင့်ပင် တောင်သမန်လယ်ကို အပိုင်စားခွင့် ရခဲ့သည်။ ချစ်သူဆီရေးလိုက်သည့် ကဗျာများကတော့...

နန်းကိန္နရီလို အလှထူးသူပင် ကြည်နူးနစ်သက်ကာ ချစ်ဘက်ဖြင့်ပါမည်ဟု ဝန်ခံရသည်။

"အော်... ကိုဖေငယ်... ကိုဖေငယ် ခင့်ရဲ့အသဲမှာ အစွဲကြီးစွဲအောင် လုပ်ပြီးမှ ကြမ္မာယုတ်ဆွဲဖျက်လို့ အသဲတွေအက်နေပြီ မောင်ရဲ့"

ခါးသေးချိုင်ရင်ချီကာ ပဒုမ္မဂါအစားဟု၊ အများက ချီးကျူးရသည့် ခင်ခင်၊ ဘဝင်မအေး၊ ရွှေရင်လေးလျက် ကိုယ်ကလေး လှုပ်ကာလှုပ်ကာ စမ်းရေပမာ ဖြာဖြာမျက်ရည်၊ စီးဆင်း၍နေတော့သည်။

***

"တောင်သမန်လယ်စားကို ဖမ်းပြီး ကျည်းတိုက်ချထားတယ်ဆို ဟုတ်ကဲ့လား၊ သွေးသောက်"

"ဟုတ်သယ်၊ မနက်ကပဲ မြို့ဝန်ကိုယ်တိုင် ဖမ်းခဲ့တာပဲ"

ကြက်သွေးရောင်ပုဆိုးကို အောက်ပိုးကျိုက်လျက်၊ အစိမ်းရင့်ရောင် လက်ကျပ်အင်္ကျီဝတ်ကာ မောက်တိုကိုယ်စီဆောင်းထားသော အစိုးသားနှစ်ဦး တီးတိုးပြောဆိုနေကြခြင်းဖြစ်သည်။

သူတို့ဆီမှ လှမ်းမျှော်ကြည့်လိုက်လျှင် မြေနန်းပြသာဒ်ကို နေမင်းအရောင်ဟပ်လျက် တလျှပ်လျှပ် ရွှေတွေဝင်းကာ ထင်းထင်းကြီး ကောင်းကင်သို့ ထိုးတက်နေသလို ထင်ရသည်။ ငွေအနားကွပ် တိမ်တောင်တိမ်လိပ်များသည် စုလစ်မွန်းချွန်၏ အထက်ဆီမှ လေမွှေ့သဖြင့် တရွေ့ရွေ့ လွင့်ပါးနေကြ၏။

"ဘဇာကိစ္စကြောင့် ဖမ်းရတာတဲ့လဲ၊ သွေးသောက်"

အစိုးသားတစ်ဦးသည် လွယ်ထားသော ဆေးအိတ်မှ ဓားရိုးကိုပွတ်ကိုင်နေရင်း မေးလိုက်ပြန်သည်။

"ဒိုင်းခင်ခင်ကိစ္စပေါ့၊ သွေးသောက်ကဲ့"

"ဟုတ်ကဲ့၊ ဒိုင်းဝန်မင်းသမီး ခင်ခင်နဲ့၊ တောင်သမန်လယ်စားနဲ့ ဘာလိုလိုတော့ ကြားမိပါရဲ့၊ အနို့.. ဘောက်မဲ့ ဖမ်းရတာတုန်း"

"အော်... သွေးသောက်ကလည်း နားဝေးပါဘိတော့တယ်၊ ခင်ခင့်ကို တော်ဘုရား ကောက်တော့မယ်ဆိုတာ မကြားမိဘူးလား"

"မသိတော့ကော"

"သည်ကိစ္စ အရှင်းသားပဲ။ မင်းဘဏ္ဍာကို ချစ်ပဏ္ဍာလက်ဦးမိတဲ့ တောင်သမန်လယ်စား၊ သွားမြဲလမ်း သွားရမှာပေါ့ သွေးသောက်ကဲ့"

"ဖြစ်ရလေ(တောက်-တောက်) အနို့ ခင်ခင်တော့ကော၊ ဟိုစုဖုရားက ဓားထက်ပါဘိသနဲ့၊ အသက်ဘေးလွတ်ပါ့မလား"

"သည်ဟာကိုပဲ နန်းတော်တွင်းမှာ ပွစိပွစိနဲ့ တိုးတိုးကြိတ်ကြိတ် ပြောနေကြတာပဲ"

" အော်.. လယ်စား လယ်စား၊ သူ့ပညာတွေ နမျောပါဘိ၊ သွေးသောက်ကယ်"

"ပညာရှိတွေ သည်လိုပဲ ညည်းညူနေကြတာပဲ၊ သတ္တိကလည်း မညံ့ဘူး"

"ဆိုစမ်းပါဦး"

"ဖမ်းရာပါသွားတဲ့ ရဲကျော်ခေါင်က ပြောပြတယ်၊ သူ့အိမ်ပေါ်ကို မြို့ဝန်နဲ့ လုလင်တွေ တက်သွားကြတော့...."

***

"အော် .. မြို့တော်ဝန်မင်းပါလား၊ ကြွပါ..ကြွပါ၊ ကျွန်တော့်ကို ဖမ်းဖို့ကိစ္စပဲ ထင်ပ့ါ"

ဖတ်ရှုနေဆဲ ပေရွက်ကို ညာလက်ဖြင့် ကိုင်ထားရင်း ဦးညွှတ်ဆီးကြိုမေးလိုက်တော့ မြို့ဝန်မင်းလည်း မျက်စိမျက်နှာမကောင်းရှာဘူးတဲ့။

"ဟုတ်ပါတယ် ကိုဖေငယ်၊ အမိန့်တော်ကြီးနဲ့ လာရခြင်းဖြစ်ပါတယ်၊ အမိန့်တော်ကြီးကတော့..."

"နေပြည်တော်မြို့ဝန်မင်း နာခံရမည်မှာ တောင်သမန်လယ်စား ငဖေငယ်ကို ခုချက်ချင်းဖမ်းပြီး ကျည်းတိုက်ထဲသွင်းထားစေ... ဘုရားအမိန့်တော်ပါတဲ့"

"မဆွကပဲ တွေးတောမိကြောင်းပါ၊ မင်းဘက္ကာကို ချစ်ရေးငင်မိတော့ တစ်နေ့တွင် ရာဇဝတ်သင့်မယ်လို့၊ သို့ပေမယ့် ရာဇဝတ်ကောင် ကျူးလွန်တဲ့အပြစ်ကို စာချွန်နဲ့မဖော်ပြနိုင်တော့ ရာဇဝင်သမိုင်းမှာ ခပ်ရိုင်းရိုင်းဖြစ်မှာမို့ စိတ်ဝမ်းငယ်မိပါတယ် မြို့ဝန်မင်း"

မြို့ဝန်မင်းကား ခွန်းတုံ့မပြန်တော့ပေ။ မင်းလုလင်များအား နှောင်ကြိုးတဲရန် မျက်ရိပ်ပြလိုက်သည်။ မင်းလုလင်များလည်း တောင်သမန်လယ်စားအနီးသို့ ကပ်သွားကာ နှောင်ကြိုးတဲမည်အလုပ်၊ လက်ပြကာ..

"ကျွန်တော် လူ့ပြည်ကိုပြန်လမ်းမရှိတော့ကြောင်း ကောင်းကောင်းကြီး နလုံးသွင်းမိပါပြီ။ သည်ဟာကြောင့် စာကလေးတစ်စောင်လောက် ရေးခွင့်ပြုပါ"

"ခဏ ဆိုင်းကြဦးဟေ့.. ကဲကဲ မြန်မြန်ရေး"

တောင်သမန်လယ်စားသည် ဘာမျှမဖြစ်သလို တည်ငြိမ်သော ဣန္ဒြေဖြင့် စာခုံရှိရာသို့ သွားပြီးလျှင် သဘော်စက္ကူတွင်င တရုတ်မင်စုတ်တံသေးသေးနှင့် ရေး၍နေရာ၊ ကွမ်းတစ်ယာညက် မကြာခင်ပင် ပြီးစီးသွားသတဲ့၊ အဲသည်လို ရေးတုန်းမှာတော့ သူ့မျက်နှာဟာ တော်တော်ကလေး အိုသွားရှာတယ်ဆိုပဲ။ စာရွက်ကို ခေါက်ထည့်ပြီး ရဲလုလင်တစ်ဦးလက်အပ်ကာ...

"ကဲ ..သွေးသောက်၊ ဒိုင်းဝန်မင်းအိမ်က အထိန်းတော်မသူဇာလက်ထဲ ဆက်ဆက်ရောက်အောင် ပို့ပေးပါနော်..."

ရဲလုလင်လည်း မြို့ဝန်မင်းမျက်နှာကို ကြည့်လိုက်ရာ မြို့ဝန်မင်းက "အိမ်း ပေးလိုက်ပါဘိ" လို့ဆိုမှ စာကိုခါးပုံကြား ထည့်ထားလိုက်သတဲ့။ တောင်သမန်လယ်စားကိုလည်း နှောင်ကြိုးတဲပြီး ခေါ်ဆောင်သွားတော့ ဣန္ဒြေမပျက် ခင်တည်တည် လိုက်သွားရှာသတဲ့။

***

အစ့ိသားသည် သူကြားသိသမျှ ကြားကြောင်းကုန်စင် ပြောပြနေရာ အခြားတစ်ယောက်မှာ တရှိုက်မက်မက် နားထောင်နေရာမှ

"သူ့စာက ဘာတွေရေးထားတာလဲ"

"အထိန်းတော် မသူဇာဆိုတာ ဒိုင်းဝန်မင်းသမီးရဲ့ အထိန်းတော်အတွင်းလူယုံ၊ ခင်ခင့်ဆီ ပေးခဲ့တာဖြစ်မှာပေါ့"

"ဘာအကြောင်းလို့ ရဲကျော်ခေါင် မသိဘူးလား"

"ချစ်ရသူခင်ခင်ရဲ့ ဆိုတဲ့.. အစလောက်ပဲ ဖတ်လိုက်ရသတဲ့"

"ချီးမွမ်းလောက်တဲ့ စာဆိုအာဇာနည်ပါပဲ သွေးသောက်ကယ်၊ သုံးဗဟိုရ်တောင် တီးသွားပြီ သွားကြစို့"

***

"လက်ရုံးရည်နေရာက အမှုတော်ထမ်းရပေမယ့် နလုံးရည်သမားကို လေးစားတဲ့ ဘဘုရား၊ အခုတော့ ဘဘုရား ကယ်နိုင်သေးရဲ့လား"

ခင်ခင်သည် မှီအုံးကို တတောင်နှင့် ထောက်ဆန့်ကာ ခေါင်းထောင်လာပြီးလျှင် ညည်းတွားပြန်သည်။

"ဘဘုရားကလည်း နှောင်ရေးအရှည်မြင်ပြီး ကန့်ကွက်တော်မူတာပါ သခင်မရဲ့... သည်လိုဖြစ်တော့မယ်ဆိုရင်လည်း ကန့်ကွက်မယ် မထင်ပါဘူး"

"သူ့ချစ်သူကို အတင်းချစ်ရေးမြှုပြီး သည်လူ့ကိုပဲ သတ်တော့မယ်ဆိုတာတော့ မသူဇာရယ် အခံရခက်လွန်းလှပါတယ်"

ခင်ခင်သည် ရှိုက်ကာရှိုက်ကာနှင့်ပင် ရန်တွေ့သလို ပြောပြန်သည်။ တစ်ဖန်...

"ကုလားဖြူသံတဲကို အားကိုးပြီး၊ ကုလားဖြူပိုင်တဲ့ အောက်နယ်ကို ထွက်ပြေးမယ်ဆိုတော့ ရာဇဝင်ရိုင်းလှတယ် သမီးရယ်တဲ့၊ ဘဘုရားကသာ မဟုတ်ဘူး၊ ကိုဖေယေ်ကလည်း လူမျိုးခြားအားကိုးပြီး ကိုယ့်အရှင်သခင်ရဲ့ အတွင်းရေးအပုပ်ကို ဖော်ထုတ်ဖို့ မကောင်းပါဘူးတဲ့၊ ခုတော့... ခုတော့ ဟင်း..."

ခင်ခင်သည် မချိတင်ကဲ ဝမ်းနည်းပက်လက်ဖြစ်၍ နေတော့သည်။ တော်ဘုရား၏ ရှုစားချစ်ကြည်ခြင်း ခံရကတည်းက သည်အရေး မအေးတော့ဟု ချစ်သူနှစ်ဦး ကုလားဖြူသံရုံး၊ အကူအညီဖြင့် အောက်ပြည်အောက်ရပ်သို့ ထွက်ပြေးကြရန် တိုင်ပင်ဖူးသည်။ အချစ်ဦးကပင် ကန့်ကွက်သဖြင့် အပျက်အပျက်နှင့် နာခေါင်းသွေးထွက်ရသည်။

ချစ်သူကား သူသေမည်ကို သိသည်။ သေခါနီးဆဲဆဲမှာပင် သူ့ချစ်သူထံ ချစ်သံယောဇဉ်မကင်း၊ ဝမ်းတွင်းရှိသမျှ မှာကြားခဲ့သေးသည်။

ခင်ခင်သည် သဘော်စက္ကူရွက်ကလေးကို ပြန်၍ဖတ်ရှုပြန်သည်။ ချစ်သူအား တကယ်ကွပ်မျက်တော့မည့် သတင်းကိုလည်း အခိုင်အမာကြားနေရသဖြင့် ချစ်သူရေးခဲ့သော စာကလေးသည် ချစ်သူကိုယ်တိုင် အနားကပ်ကာ တိုးတိုးကြိတ်ကြိတ်၊ စိတ်ထိခိုက်စွာ မှာကြားနေသည်ဟု ထင်ရ၏။

"မစိမ်းပါဘူး မောင်ရဲ့၊ ခင်လာခဲ့ပါ့မယ်၊ လာရုံသာမဟုတ်ဘူး၊ မကြာခင် မောင်နဲ့ထပ်တူ ခန္ဓာခြွေပြီး လိုက်ခဲ့မယ် မောင်ရေ့"

ခင်ခင်သည် စာတစ်ပိုဒ်ကို တိုးတိုးဖတ်ရင်း အသံထွက်လာခြင်း ဖြစ်သည်။

"ကြည့်စမ်းပါဦး မသူဇာရယ်၊ အဌကလာပ် သူ့ရုပ်ကြွင်းကို မီးဖုတ်သဂြိုဟ်တဲ့ အခါမလဲ၊ ပြာကျမှပြန်ပါတဲ့"

"မှန်လှပါ ချစ်သံယောဇဉ် ကြီးလှရှာကြောင်းပါ ဘုရား"

"အထက်အညာပို့လိုက်တော့ သူ့ရာဇဝတ်ဘေး သည်ဟာနဲ့ပဲ အေးတော့မယ်ထင်ခဲ့တယ်၊ ခုတော့ ... ခုတော့... ကိုင်ခဲ့ပါမယ် မောင်ရဲ့၊ မောင့်... တည်း(သံလျှင်း)နဲ့ သွားရာနောက်က တကောက်ကောက်ပါအောင် လိုက်ခဲ့မယ် မောင်ရေ့"

ခင်ခင်ရဲ့ချစ်သူကတော့ သူသေလျှင် မီးဖုတ်သဂြိုဟ်လို့ အရိုးပြာကျမှ ပြန်ပါ၊ သံလျှင်းနှင့် သူ့အလောင်း ယူသည့်အခါလည်း ရွှေပယင်းရောင် ပေါက်နေသော ငွေလက်နှင့် ကိုင်ခဲ့ပါ။ သူ့ရဲ့ အသုဘကမ္မဋ္ဌာန်းကို ရွှေထီးရွှေနန်း ရွှေကြငှန်းနဲ့ ပျော်နေတဲ့ချစ်သူကိုယ်တိုင် ရှုလှည့်ပါဦးဟု ဖွဲ့နွဲ့ရေးသားခဲ့သည်။

အမှန်စင်စစ်တော့ ခင်ခင် မလိုက်နိုင်တော့ပေ။ လိုက်၍လည်း မဖြစ်။ သေသူက သေပြီးသည့်နောက် မိမိအား ရာဇဝတ်သင့်ဦးမည့်အရေးကို ဘဘုရားခွင့်ပေးမည် မဟုတ်ရကား၊ တွေးလေတွေးလေ ဆွေးမပြေနိုင်ရှာဘဲ ရှိုက်ကြီးတငင်နှင့် ငိုပွဲဆင်ရုံမှအပ၊ ဘာကိုမျှ မတတ်နိုင်ရှာတော့ပေ။ သဘော်စက္ကူနှင့် ချစ်သူကိုဖေယယ်၏ စာကလေးကား အသက်ဝင်လျက်..။

ချစ်ရသူ ခင်ခင်ငဲ့၊ ဘဝင်မြင့်သက်ညှာ၊ ဆင်မသင့် ခက်ပါလျှင်၊ သက်သာရာမရ။ တကယ်လို့ တိမ်းခဲ့ချော်လျှင်၊ စိမ်းနဲ့နော် ဘုန်းခင့်လာပ၊ ကလာပ်စု ရုပ်ကြွင်းကိုယ်၊ ပြုတ်ယွင်းယိုကာယ၊ ဖုတ်သဂြိုဟ် ရှာပန၊ ပြာကျမှ ပြန်ပါ။ ဝဇီရာစိန်သံလျှင်းငယ်နှင့်၊ တစ်ရှိန်ချင်းလှမ်းချင်လို့မှာ။ ဝတီဆင်း၊ နန်းကိန္နရာလို၊ လျှမ်းထိန်ဝါဝေဝင်းနှင့်၊ ရွှေပယင်း ငွေလက်တော်၊ ဘုန်းကိုင်ခဲ့နော်။ ။ အသုဘကမ္မဋ္ဌာန်းတော်ကို၊ ကြငှန်းပျော် အို... ရှုလှဲ့လေး...။

စာရွက်ကလေးကား ခင်ခင်၏ ရင်နှင့်ကပ်လျက် ခင်ခင်၏ ထိန်ဝင်းသော လက်နှစ်ဘက်သည် စာရွက်ပေါ်တွင်ထပ်လျက်၊ ပင့်သက်ရှူနေသော အဆုတ်၏လှုပ်ရှားမှုသည် ထို ကပ်ထပ်နေသော စာရွက်နှင့် လက်များကို မြင့်ချည်နိမ့်ချည် ဖြစ်၍နေလေသတည်း။ ။

ရှမဝမဂ္ဂဇင်း၊

(၁၉၅၀ ခု၊ ဒီဇင်ဘာလ ။)

**ပြီးပါပြီ။**